ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

ဦးကုမ်ာအရှင်ဇောတိကာဘုရား

ပဋိန္ဓသမ္ပယုဂ်ါဒိတဲ့ဈာန်း၊ ဒုကမ်ိး၊ ထင်ရှားပေါ်လွင်-ခေတ်အစဉ်

အေးမှုဝင်း၊ မဂ်လာထိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
မဟိန္ဓမဟူ၌ မြတ်လမ်းကြည်ရွှေစရာ စက်ဝိုင်းစေသနား



အဝိဇ္ဇာနဲ့၊ ဆဋ္ဌာဝရင်းစံ၊ ဥပါဒါန်းကဲ့ကြောင့်-ရှပ်နှောမ်ဝပါ။ ဟုတ်ပေါ်မှုပျိုး။ ပျိုးမှုတာပင်း အမျှဝိမပြတ်၊ ထက်စပ်ဆည်ဟန်၊ ကံကြောင့် နှောမ်ရှပ်၊ နှောမ်ရှပ်ကြောင့်ထံ၊ တဘာန်ဘန် ဖြစ်ပြန်နည်းတလျော်။ ငြဟ္ဘာ-သိကြား၊ ဝသည်မျှားက၊ ထင်ရှား၊ ပြုပြင်၊ စီရင်ဘန်ဆင်း၊ ဘကြောင်းရင်းကြောင့်၊ လူနတ်မျှားစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ပြင့်ရှုရှု၍ဖြောင့်။

(ထက်ဘဆောင်ပုဒ်) မှုလန့်စပြာ၊ သစ္စာအစုံစုံ၊ စလေးခုတလွှာ၊ ဖာစီတဆယ့်နှစ်ပါး၊ တရားကိုယ်မျှားနှင့်၊ သုံးပါးတစပ်၊ နှစ်ရပ်မှုလဂဏ်သုံး၊ ဝနှင့်၊ ကာလသုံးပြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ တလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံလရာမှ လွတ်ကြောင်းတည်း၊

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့ မင်္ဂလာတိုက်တွင်

ဟောကြား ဆုံးမတော်မူသော

ဝိပဿနာ လုပ်ငန်းစဉ်

ဓမ္မာစရိယပေးတရားတော်

အမှတ်စဉ် (၃၀)

မိုးကုတ်ဆရာတော် ဘုရား၏

ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏

မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

ပဌမအကြိမ်။ အုပ်ရေ....၃၄၀၀။

၁၃၇၀-ခု ဒီဇင်ဘာလ။ အဘိုး ၄-ကျပ် ၅၀ပြား။

★

အဖွဲ့ကိုယ်စား ထုတ်ဝေဖြန့်ချီသူ

ဦးအောင်ချို.... မှတ်ပုံတင်အမှတ် (မြ-၀၀၃၁၁)

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

အမှတ် (၀၂)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ယောဂီပုံနှိပ်တိုက်၊ ဦးတင်-မှတ်ပုံတင်အမှတ် (၀၀၃၇)က

အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၄၄၀၀)

စိတ္တာနုပဿနာဂ္ဂဏန်း

အပြင်ဖြည့်သည့် ၅ ယောက်
- ၁။ မြင်စိတ်
- ၂။ ကြားစိတ်
- ၃။ နံစိတ်
- ၄။ စားစိတ်
- ၅။ ယားနာကောင်းစိတ်

အတွင်းဖြည့်သည့် ၆ ယောက်
- ၁။ လောဘစိတ်
- ၂။ ဒေါသစိတ်
- ၃။ မောဟစိတ်
- ၄။ အလောဘစိတ်
- ၅။ အဒေါသစိတ်
- ၆။ တွေးတောစိတ်

အိမ်သည်စိတ် ၂ ခု
- ၁။ လေ့ကိုထုတ်သောစိတ်
- ၂။ လေ့ကိုသွင်းသောစိတ်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

ဂဏန်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။
အပြင်ဖြည့်သည်ပေါ်လျှင် အပြင်ဖြည့်သည်ရှု၊ အတွင်း ဖြည့်သည် ပေါ်လျှင် အတွင်းဖြည့်သည်ကိုရှုပါ။ မည်သည့်စိတ်ပေါ်ပေါ်· ပေါ်တိုင်း ပေါ်တိုင်း မလွတ်အောင်ရှုပါ။

ဖြည့်သည်မပေါ်ပါက အိမ်သည်ကို အမြဲထား၍ရှုပါ။
သတိ။ ။လေ့ကိုထုတ်သောစိတ်နှင့် လေ့ကိုသွင်းသောစိတ် ဂဏန်းစိတ်နှစ်ခုကို အရင်းခံထား၍ရှုရမည်ဖြစ်ပါသည်။

မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁။ သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှု၊
ဝိပဿနာမမေ့ကြဘို့ ဘုရားရှင်၏
အမှာတော်စကား နှေ့အလုပ်ပေး
တရားတော် ၁

၂။ သေမင်းထံပို့သည့် ဇရာလက်ထဲမှာ
ပျော်ပိုက်လျက်ရှိကြပုံ၊ နွားသတ်ရုံပို့မည့်
နွားပမာ-နေ့အလုပ်ပေးတရားတော် ၄၆

၃။ ပုထုဇန်တပါးအမေးကို ရဟန္တာလေးပါး
ဖြေတော်မူကြပုံ၊ အမြင်မှန် မရှာဲ
အလောင်းထမ်းသမား ဘဝမှမလွတ်ပုံ
နေ့အလုပ်ပေးတရားတော် ၉၃

၄။ အနုတ္တာက အနုတ္တာကို အားကိုးနေကြပုံ
နေ့အလုပ်ပေးတရားတော် ၁၄၁

၅။ ရုပ်နာမ်ကို ပညာနဲ့အကဲခတ်ပါ၊
နေ့အလုပ်ပေးတရားတော် ၁၈၉

၆။ ဘုရားက အလေးပြုရသည့်အရာ
နေ့အလုပ်ပေးတရားတော် ၂၃၉

၇။ ဗာလပဏ္ဍိတသုတော်
နေ့အလုပ်ပေးတရားတော် ၂၈၁

၈။ သမ္မာဒိဋ္ဌိအကြောင်း(၁)
နေ့အလုပ်ပေးတရားတော် ၃၂၅

၉။ သမ္မာဒိဋ္ဌိအကြောင်း(၂)
နှစ်အလုပ်ပေးတရားတော် ၃၇၂

၁၀။ ခန္ဓာကြီးက သေရာသွားနေပုံ
နှစ်အလုပ်ပေးတရားတော် ၄၁၅

၁၁။ အိုသံကြားသည်နှင့် ထိတ်လန့်ပုံ၊ ခဒိရ
ဝနိယ ရေဝတထေရ်ဝတ္ထု
နှစ်အလုပ်ပေးတရားတော် ၄၆၀

၁၂။ ခင်ရာ မင်ရာမှ တက္ကာလာပုံ
(သမ္မဿန သုတ်)
နှစ်အလုပ်ပေးတရားတော် ၅၀၇

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

အချို့-အချို့သောပုဂ္ဂိုလ်များက အသိတလုံးပိုင်ဘို့ အရေးကြီးသည်။ အသိတလုံးပိုင်လျှင် နိဗ္ဗာန်ရောက်နိုင်သည်ဟု ရေးကြသားကြ, ဟောကြ, ပြောကြသည်။ အသိဆိုသည်မှာ အဘယ်ကို သိရမည်နည်း၊ အဘယ်မျှ သိရမည်နည်း၊ အဘယ်အထိ သိရမည်နည်း၊ အဘယ်ကဲ့သို့ သိရမည်နည်း-စသော ပုစ္ဆာတွေ ဝင်လာတတ်သည်။ အမှန်မှာ အသိတလုံးနှင့် နိဗ္ဗာန်မဆိုထားနှင့်ဦး.... သောတာပန်တောင် မဖြစ်နိုင်သေးဟု ဆိုရပေမည်။

ဥပမာအားဖြင့် ခန္ဓာငါးပါးဌ ရုပ်ကို သိသည်ဆိုကြပါစို့- ရုပ်ကိုသိရုံမျှနှင့် လမ်းမဆုံးသေး၊ နိဗ္ဗာန်ထား၍ သောတာပန်ထိအောင် မပို့နိုင်သေးခေျ၊ ရူပ ပရိစ္ဆေဒဉာဏ်မျှပင် ပြည့်ပြည့်စုံစုံ မရသေးခေျ။

သိသင့်, သိထိုက်, သိအပ်သော အသိအလိမ္မာဆိုသည်မှာ....

(က) ၁။ ရုပ်ကိုသိရမည်၊မဟာဘုတ်လေးပါးကိုမှီ၍ဖြစ်သော ရုပ်ဟူ၍ သိရမည်။

၂။ ရုပ်ဖြစ်ကြောင်းကိုသိရမည်၊ ကံ,စိတ်,ဥတု,အာဟာရ မှီ၍ ဖြစ်သည်။

၃။ ရုပ်ချုပ်ရာကိုသိရမည်၊ ကံ, စိတ်, ဥတု, အာဟာရ ချုပ်ခြင်းကြောင့် ရုပ်ချုပ်သည်ဟု သိရမည်။

၄။ ရုပ်ချုပ်ရာ အကျင့်လမ်းကြောင်းကို သိရမည်၊ မဂ္ဂင် ရှစ်ပါးသည် ရုပ်ချုပ်ရာအကျင့်ဟု သိရမည်။

၅။ ရုပ်၏ သာယာဘွယ်ကို သိရမည်၊ ရုပ်ကိုစွဲ၍ကိုယ်၏ ချမ်းသာ၊ စိတ်၏ချမ်းသာခြင်းဖြစ်သည်ဟုသိရမည်။

၆။ ရုပ်၏အာဒီနဝကို သိရမည်၊ ရုပ်၏ မမြဲ- ဆင်းရဲ ဖေါက်ပြန်သောသဘောကို သိရမည်။

၇။ ရုပ်မှ လွတ်မြောက်မှုကိုသိရမည်၊ ရုပ်၌ လိုချင်မှုဆန္ဒ ရာဂ၊ စွဲမက်မှု ရာဂတဏှာကို ပယ်ခြင်းဟူ၍ သိရမည်။

(ခ) ထိုနည်းအတူ ဝေဒနာကိုသိရမည်။

၁။ မျက်လုံးဌ်ပေါ်သော ဝေဒနာ .... (ဥပေက္ခာဝေဒနာပေါ်သည်ဟုသိရမည်)။

၂။ နားဌ်ပေါ်သောဝေဒနာ .... (ဥပေက္ခာဝေဒနာပေါ်သည်ဟုသိရမည်)။

၃။ နှာခေါင်းဌ်ပေါ်သောဝေဒနာ .... (ဥပေက္ခာဝေဒနာပေါ်သည်ဟု သိရမည်)။

၄။ လျှာဌ်ပေါ်သောဝေဒနာ .... (ဥပေက္ခာဝေဒနာပေါ်သည်ဟုသိရမည်)။

၅။ ကိုယ်ဌ်ပေါ်သောဝေဒနာ.... (သုခနှင့် ဒုက္ခ) ပေါ်သည်ဟုသိရမည်။

၆။ စိတ်ဌ်ပေါ်သောဝေဒနာ (သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ) ပေါ်သည်ဟုသိရမည်။

၇။ ဝေဒနာဖြစ်ကြောင်း = ဖဿကြောင့်ဖြစ်သည်ဟူ၍ သိရမည်။

၈။ ဝေဒနာချုပ်ကြောင်း = ဖဿချုပ်လျှင် ဝေဒနာ ချုပ်သည်ဟူ၍ သိရမည်။

၉။ ဝေဒနာချုပ်ရာအကျင့်လမ်းကြောင်း= မဂ္ဂင်ရှစ်ပါးသည်

ဝေဒနာ ချုပ် ရာ အကျင့်မှန် တရားဟူသိရမည်။

၁၀။ ဝေဒနာသာယာဘွယ် = ဝေဒနာကိုစွဲ၍ စိတ်၏ချမ်းသာ ကိုယ်၏ချမ်းသာ ဖြစ်ခြင်း ဟူ၍ သိရမည်။

၁၁။ ဝေဒနာအပြစ်အာဒီနဝ = ဝေဒနာ၏မမြဲ·ဆင်းရဲဖေါက် ပြန်သော သဘောဟူ၍ သိရမည်။

၁၂။ ဝေဒနာလွတ်မြောက်မှု = ဝေဒနာ၌ လိုချင်မှု တဏှာကို ပယ်ရမည်ဟုံ သိရမည်။

ဝေဒနာချုပ်ကြောင်း ချုပ်ရာ၊ ချုပ်ရာ အကျင့်လမ်းမှန်၊ အပြစ်အာဒီနဝ- သာယာဘွယ်စသည်တို့ကို အထက်ပါအတိုင်း နည်းမှီး၍သိကြပါကုန်။

(၈) သညာ-မှတ်သားမှု....

၁။ သညာဖြစ်ကြောင်း သိရမည် = ဖဿကြောင့်ဖြစ်သည် ဟူ၍သိရမည်၊အဆင်း၌ စွဲ၍ဖြစ်သည်၊ အသံ၌ စွဲ၍ဖြစ်သည်၊ အနံ့၌ စွဲ၍ဖြစ်သည်၊ လျာ၌ စွဲ၍ဖြစ်သည်၊ အတွေ့ အထိ၌ စွဲ၍ ဖြစ်သည်၊ စိတ်၌ ဖြစ်သည်ဟူ၍ သိရမည်။

ဃဲ့ နိဒါန်း

၂။ သညာချုပ်ကြောင်း = ဖဿချုပ်လျှင် သညာချုပ်သည်ဟု သိရမည်။

၃။ သညာချုပ်ရာအကျင့် = မဂ္ဂင်ရှစ်ပါးဟူ၍ သိရမည်။

၄။ သညာသာယာဘွယ် = အဆင်း၊ အသံ၊ အနံ့၊ အရသာ၊အတွေ့ အထိ သဘော တရား၌ ဖြစ်သောကိုယ် ချမ်းသာ၊ စိတ်ချမ်းသာခြင်း ဟူ၍ သိရမည်။

၅။ သညာ အပြစ်အာဒီနဝ = မမြဲသော သဘော ဆင်းရဲဖေါက်ပြန် ပျက်စီးသော သဘောဟူ၍ သိရမည်။

၆။ သညာလွတ်မြောက်မှု = သညာ၌ လိုချင်မှု တဏှာကို ပယ်ရမည်ဟူ၍ သိရမည်။

သညာချုပ်ကြောင်း ချုပ်ရာ၊ချုပ်ရာအကျင့်လမ်းမှန်၊အပြစ် အာဒီနဝ၊ သာယာဘွယ်စသည်တို့ကို အထက်ပါအတိုင်း နည်းမှီး၍သိကြပါကုန်။

(ဃ) သင်္ခါရစေ့ဆော်မှုပြုလုပ်မှုစေတနာ = သင်္ခါရစေ့ဆော် ပြုလုပ်မှုစေတနာကိုသိရမည်။

အဆင်း၌စေ့ဆော်မှုစေတနာ။
အသံ၌စေ့ဆော်မှုစေတနာ။
အနံ့၌စေ့ဆော်မှုစေတနာ။
အရသာ၌ စေ့ဆော်မှု စေတနာ။
ကိုယ်၌ စေ့ဆော်မှုစေတနာ။

စိတ်၌စေ့ဆော်မှု စေတနာ။
ဟူ၍ သင်္ခါရ၌ သိရမည်။

၁။ သင်္ခါရဖြစ်ကြောင်း = အဝိဇ္ဇာဖြစ်လျှင် သင်္ခါရ ဖြစ်
သည်ဟု သိရမည်။

၂။ သင်္ခါရချုပ်ကြောင်း = အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်
သည်ဟု သိရမည်။

၃။ သင်္ခါရ၏သာယာဘွယ်ကိုသိရမည်။

၄။ သင်္ခါရ၏ အပြစ်အာဒီနဝကိုသိရမည်။

၅။ သင်္ခါရ၌ လိုချင်မှုတဏှာကို ပယ်ရမည်ဟုသိရမည်။

၆။ သင်္ခါရချုပ်ရာ =အကျင့်သည်မဂ်ဉာဏ်ရှစ်ပါးဟူ၍သိရမည်။

၇။ သင်္ခါရမှ ထွက်မြောက်မှုကိုသိရမည်။

သင်္ခါရ၏ ချုပ်ကြောင်း ချုပ်ရာ၊ ချုပ်ရာအကျင့် လမ်းမှန်၊ အပြစ်အာဒီနဝ၊ သာယာဘွယ်စသည်တို့ကို အထက်ပါအတိုင်း နည်းမှီး၍သိကြပါကုန်။

(၄) ၁။ ဝိညာဏ်(သိမှု)ကို သိရမည်။စက္ခုဝိညာဏ်(မြင်စိတ်)
သောတဝိညာဏ် (ကြားစိတ်)
ဃာနဝိညာဏ် (နံစိတ်)
ဇိဝှါဝိညာဏ် (စားစိတ်)
ကာယဝိညာဏ် (ထိစိတ်)
မနောဝိညာဏ် (သိစိတ်)

၂။ ဝိညာဏ်ပေါ်ကြောင်းသိရမည်။ မျက်လုံးအကြည်ရုပ်နှင့်
ရူပါရုံအဆင်း တိုက်ဆိုင်သည့်
အခါမြင်စိတ်ပေါ်သည်။
နားသောတ အကြည် ရုပ်နှင့်

အသံ တိုက် ဆိုင် သည့် အ ခါ
ကြား:စိတ်ပေါ်သည်။
နှာခေါင်းအကြည်ရုပ်နှင့်အနံ့တိုက်ဆိုင်
သည့်အခါနံစိတ်ပေါ်သည်။
လျှာအကြည်ရုပ်နှင့် အရသာတိုက်ဆိုင်
သည့်အခါစား:စိတ်ပေါ်သည်။
မနောဘဝင် အကြည်ဓာတ်နှင့်
ဓမ္မာရုံ တိုက် ဆိုင် သည့် အ ခါ
တွေး:တောစိတ်ပေါ်သည်။
'ဒုယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ'ဆို
သည့်အတိုင်း ရုပ်နှစ်ခုတိုက်ဆိုင်
သည့်အခါဝိညာဏ် ပေါ်သည်။

ဝိညာဏ်ချုပ်ကြောင်း ချုပ်ရာ၊ ချုပ်ရာအကျင့် လမ်းမှန်၊ အပြစ်အာဒီနဝ၊ သာယာဘွယ်စသည်တို့ကို အထက်ပါအတိုင်း နည်းမှီး၍သိကြပါကုန်။

(စ) ခန္ဓာကိုသိရမ့ည်။

၁။ ခန္ဓာ။ ။ခန္ဓာဆိုသည်မှာ ပါဠိစကား ဖြစ်၍ အပေါင်း အစုဟု အဓိပ္ပါယ်ရသည်။ ခန္ဓာ=ဝေါဟာရအား ဖြင့် ပညတ် ခန္ဓာကို ကိုယ်ကောင်ကြီးဟုနား လည်ကြသည် ပရမတ်ခန္ဓာဆိုသည်မှာနာမ်ခန္ဓာ ၄-ပါး နှင့်ရုပ်ခန္ဓာတပါး၊ပေါင်း ခန္ဓာငါးပါး ဖြစ်သည်။ ၎င်းတို့

သည် အတူပေါ်၍ အတူပျက်
သည်၊ ရုပ်ပေါ်လျှင် ကျန် နာမ်
ခန္ဓာ ၄-ပါးစလုံး ပေါ်သည်။
ရုပ်ချုပ်လျှင် ကျန် နာမ်ခန္ဓာ ၄-
ပါးစလုံး ချုပ်သည်ဟု နားလည်
ထားကြစေလိုသည်။

၂။ ခန္ဓာငါးပါးသည်။ ။ရုပ် = ဖေါက်ပြန်ပျက်စီးသော
သဘော။
ဝေဒနာ=ခံစားခြင်းသဘော။
သညာ = မှတ်သားခြင်းသဘော။
သင်္ခါရ =စေ့ဆော်ခြင်းသဘော။
ဝိညာဏ်=သိမှုသဘော။

၃။ ခန္ဓာငါးပါးပေါ်ပုံနှင့် ချုပ်ပုံ = ရုပ်နှစ်ခုကိုစဲ့၍ ဝိညာဏ်
ပေါ်သည်ဟူ၍ ဗုဒ္ဓမြတ်စွာ
ဟောတော်မူသည်၊ဝိညာဏ်
ကိုခန္ဓာဖွဲ့လျှင် ဝိညာဏကွန္ဓာ
ဖြစ်သည်။မျက်လုံးအကြည်ရုပ်
ပေါ်၍ ရူပကွန္ဓာ ပေါ်
သည်ဟူ၍ နားလည်ရန် ဖြစ်
သည်။ သိမှု· ဝိညာဏကွန္ဓာ
ပေါ်လျှင် မှတ်သားမှုသည်
လည်းအဖြူ-အနီ· အကြောင်-
အကြား-အရှည်-အတိုကို မှတ်
သားသည့် သညကွန္ဓာလည်း

တပါတည်း ပေါ်သည်။ မျက်လုံးအကြည်ရုပ်နှင့်ရုပါရုံ အဆင်း တည့်အောင် စေ့ဆော်ပေးသည့် စေတနာလည်း ပေါ်သည်။ ဉာဏ်သင်္ခါရကွန္ဒာ ခေါ်သည်။ ကောင်း-မကောင်းခံစားသည့် ဝေဒနာလည်း ပေါ်သည်။ ခန္ဓာဖွဲ့လျှင် ဝေဒနာကွန္ဒာ ခေါ်သည်။ခန္ဓာငါးပါးစလုံး တကွနက် ပေါ်သည်။

ခန္ဓာချုပ်ကြောင်း ချုပ်ရာ၊ ချုပ်ရာအကျင့်လမ်းမှန် အပြစ် အာဒီနဝ၊ သာယာဘွယ် စသည်တို့ကို အထက်ပါအတိုင်း နည်းမှီးရှိသိကြပါကုန်။

ပဋ္ဌာန်စသမုပ္ပါဒ်ဒေသနာအရဆိုလျှင်=

ခန္ဓာငါးပါးသည် နာမ်ရုပ်ဖြစ်၍ နာမရုပ ပစ္စယာ သဠာယတနံ - ဆိုသော ကြောင့် ခန္ဓာငါးပါးပေါ်လျှင် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ဟူ၍ အာယတန ၆-ပါးတကွနက်ပေါ်သည်၊ သဠာယတန ပစ္စယာ ဖဿော-ဆိုသော ကြောင့် သဠာယတနပေါ်လျှင် ဖဿ ဆိုသော တွေ့ထိမှုပေါ်သည်။ (ဤနေရာ၌ တွေ့ထိမှုဆိုသည် လက်နှင့် ခြေ,

ကိုယ်နှင့် တွေ့-ထိမှု မဆိုလို) မျက်စိနှင့် အဆင်း တိုက်ဆိုင်မှု၊ နား-နှင့်အသံ တိုက်ဆိုင်မှု၊ နှာခေါင်း-နှင့် အနံ့ တိုက်ဆိုင်မှု၊ လျှာနှင့် အရသာ တိုက်ဆိုင်မှု စသည်ကို ဆိုလိုသည်။

ဌင်းတိုက်ဆိုင်မှုကိုစဲ့၍ ခံစား-မှုပေါ်သည်။ တိုက်ဆိုင်တိုင်း-တိုက်ဆိုင်တိုင်း ခံစားမှုပေါ်သည်။ ခံစားမှုကို ဝေဒနာခေါ်သည် (ရောဂါနှင့် ဝေဒနာ ခဲ့ခြား၍ သိရန်လိုသည်) မျက်စိနှင့် အဆင်း တိုက်ဆိုင်လျှင် ဝေဒနာပေါ်သည်၊ ဒုါရ ၆-ပေါက်၌ တိုက်ဆိုင်တိုင်း-တိုက်ဆိုင်တိုင်း ဝေဒနာပေါ်သည်၊ တိုက်ဆိုင်ခါ မတ္တ၌ ဥပေက္ခာဝေဒနာပေါ်သည်၊ မြင်ကာ မတ္တ၊ ကြားကာ မတ္တ၊ နံကာမတ္တ၌ ဥပေက္ခာသာဖြစ်သေးသည်။နောက်-ကောင်း မကောင်း ခံစား-ရသောအခါ၌သာ သုခ-ဟူ၍ဌင်း၊ ဒုက္ခ-ဟူ၍ ဌင်း ခဲ့ခြား ခံစားမှုပေါ်သည်။

ဤသို့ ခဲ့ခြား၍ ဝေဒနာခံနိုင်အောင်လည်း စာဘတ်သူ ယောဂီများ ခဲ့ခြားဝေဒနာလည်အောင် ကြိုးစားကြစေလိုသည်။ သို့မှ ဝေဒနာကိုနာသည့် ဒုက္ခဝေဒနာ ရောက်သည်အထိ စောင့်နေရန်မလိုဘဲ ပေါ်သည့်ဌာနဌ၌သာ စောင့်၍ သားကောင်ကို သစ်,ကျား,ခြင်္သေ့- စသည်တို့ စောင့်၍ဖမ်းသလို သမာဓိတည်း ဟူသော ခြုံထဲကနေပြီး ပေါ်လာသည့်ဝေဒနာကို သတိနှင့် စောင့်ဖမ်းရန် ကြိုးစားကြရာသည်။

ဝေဒနာရှုသည့်အခါ ဒုက္ခဝေဒနာတခုတည်းသာ စောင့်၍ လိုက်မည်ဆိုပါက ဒုက္ခပေါ်မှသာ လိုက်သည်နှင့်တူချေမည်။ ပေါ်ရာဌာန ၆-ခု၌ ဒုက္ခ, သုခ, ဥပေက္ခာ, သောမနဿ, ဒေါ

မနာသဟူ၍ပေါ်မည်။ကိုယ်ပေါ်၌ သုခန္ဒင်္ဒကွမျှသာပေါ်မည်။ စိတ်ပေါ်၌သောမနာသ, ဒေါမနာသဉပေက္ခာပေါ်သည်ဂင်းတို့ကို အာဂးလုံးရှုကောင်းသောတရားများဖြစ်သည်၊သုခ သောမနာသကို ချန်မထားကောင်းခေျ။ ပေါ်ရာကိုသာရှုရမည်ဖြစ်သည်။

နောက်ဆုံး၌ ဝေဒနာရှုသော်လည်း ဝေဒနာမတွေ့ဘဲ အနိစ္စတွေ့မှု၊ ဝေဒနာချုပ်ဆုံးမှုတွေ့မှု ဗလဝ ဝိပဿနာအဆင့်ရောက်မည်။ ဝေဒနာ၏ခံစားမှုသဘောတွေသာ တွေ့-ထိ-ခံစားနေပါလျှင် ဝေဒနာ၏နိစ္စသဘောကို ရှုရာရောက်နေသည်ပင်ဖြစ်မည်။ ဝေဒနာခွါပြီး အနိစ္စမြင်မှ ဗလဝ ဝိပဿနာအဆင့်ရောက်မည်။ "ဝေဒနာနံ ခယာ ဘိက္ခဝေ နိစ္ဆံတော နိတ္တဏှော...."ဟူ၍ ဗုဒ္ဓမြတ်စွာ ဟောတော်မူသည်၊ ဝေဒနာချုပ်လျှင် တဏှာချုပ်သည်၊ တဏှာချုပ်ရာသည် နိဗ္ဗာန်ပင်ဖြစ်သည်။

ဂင်းပြင်.... နာကျင်ခြင်းတည်းဟူသော ဒုက္ခဝေဒနာကို ရှုခဲ့ပါလျှင် ဒေါမနာသနှင့်ရှုခြင်းမဖြစ်စေရန် အထူး သတိချပ်သင့်ပေသည်။ အဘယ်ကြောင့်ဆိုသော်....ဒေါမနာသသည် သိမ်မွေ့စွာ ဝင်လာတတ်သောကြောင့်ပေတည်း။

ဒေါမနာသမဟုတ်မူ၍ သောမနာသသည်လည်း သိမ်မွေ့စွာ ဝင်လာတတ်သေးသည်၊ ဂင်းတရားနှစ်ပါး ဝင်လာပါက ပဋိဃာနုသယနှင့် ရာဂါနုသယ လွှမ်းမိုးလေပြီ၊ ပယ်ရမည့်တရားကို လက်ခံ သမီးပုကသည့်သဘော သကရောကလေတော့သည်။

ထို့ကြောင့် ဝေဒနာရှုမှတ်သည့်အခါများ၌ ဤတရားများကား....ပယ်အပ်သောတရားတည်း၊ ဤတရားများကား....သိမ်းပိုက်ရမည့်တရားများတည်း....ဟူ၍ သတိပညာနှင့် အားထုတ်သင့်ကြကြောင်း နှိုးဆော်ခြင်းဖြင့် နိဂုံးချုပ်ပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ) မိုးကုတ်ဝိပဿနာ တရားစဉ်အဖွဲ့ချုပ်
၈၂-နတ်မောက်လမ်း၊ ရန်ကုန်။

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှု၊ ဝိပဿနာမဂ်ကြွဘို့
ဘုရားရှင်၏ အမှာတော်စကား
နွေအလုပ်ပေးတရားတော်

(၄-၃-၅၉)

ဘုရားရှင် ကိုယ်တော်မြတ်ကြီး အတန်တန် မှာတော်မူတဲ့ စကားကို တကာတကာမတွေ့ကို ထပ်ပြီး သတိပေးရပြန်တယ်။

စျာယထ ဘိက္ခဝေ ပမာဒတ္ထ မာပမ္ဖဿ၊
ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ခေါ အမှာကံ အနုသာသနီ....

လို့ ဘုရားက ၄၅- ဝါသီတင်းသုံးသွား တော့ အကြိမ်ပေါင်းများစွာ မှာတော်မူတယ်ဆိုတော့ တကာ တကာ မတို့ ခဏခဏ သတိပေးတဲ့သဘောဘဲဆိုတာတော့ မှတ်မိကြရ မှာဘဲ....(မှန်ပါ့)။

ဒါ-ဘာကိုသတိပေးတာပါလဲဆိုတော့ ဘိက္ခဝေ=ရဟန်းတို့၊ စျာယထ=ဝိပဿနာရှုကြတဲ့၊ ဘာလုပ်ခိုင်းတာပါလိမ့်....(ဝိပဿ

နာ အရှုခိုင်းတာပါဘုရား) မာပမာဒတ္ထ=မေ့လျော့ပေါ့ဆပြီး မနေလိုက်ပါနဲ့၊ ဝိပဿနာရှုကြကွ၊ မေ့လျော့ ပေါ့ဆပြီး မနေနဲ့ကွ၊ အရေးကြီးလို့ မှာတာပေါ့ဗျာ....(မှန်ပါ့)။

မရှယင် ဘာဖြစ်မလဲလို့ ဦးဝတို့-ဦးခင်မောင်တို့က မေးလို့ ရှိယင်ဖြင့် ပစ္စာ=သေခါနီးအခါ နောက်ကာလမှာ၊ ဝိပဿီသာရိနော=နိမိတ်ထင်၍ ငါဖြင့် မှားခဲ့လေပြီဟု နှလုံးမသာယာခြင်း ရှိကြကုန်သည်၊ မာအဟုဝတ္ထ=မဖြစ်ကြကုန်လင့်။

သေကြရဦးမည့်ခန္ဓာကြီး ရ,ထားကြတယ်၊ ရိုးရိုးသေမယ် မဟုတ်ဘူး၊ ဝိပဿနာစသည် လုတ်ကင်းနေတဲ့ ပုဂ္ဂိုလ်မှာ ငရဲ နိမိတ်တွေ၊ ပြိတ္တာနိမိတ်တွေ၊ နတ်ပြည်နိမိတ်တွေ စသည် မထင်ဘဲနဲ့ သေကို မသေဘူး၊ စုတိစိတ်ကို မကျန်ခင်ဘူး....တဲ့ တကာ တကာမတွေ....(မှန်ပါ့) ဂတိနိမိတ် မထင်ခဲ့ပါလျှင် သူ့ဘာ လမ်းကို မမြင်ဘဲနဲ့ မသေဘူးတဲ့....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

ဘယ်လိုပါလိမ့် သေခါနီးမှာ ဂတိနိမိတ် မထင်ယင်-(သူ့ဘာ လမ်းကို မမြင်ဘဲနဲ့ သေကို မသေပါဘုရား) ဂတိနိမိတ်ဆိုယင် သူ့ဘာလမ်းကို မမြင်ဘဲနဲ့ မသေဘူးဆိုတော့ ဦးခင်မောင်-ဒါဟာ ကျုပ်တို့တွေ့ရမည့် ခရီးဆုံးဘဲ ... (မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါတွေ့ တကာတကာမတွေ့ ဘုရား အကြိမ်ကြိမ်မှာတာကို ဘုန်းကြီးက အထပ်ထပ် ဟောပြနေတော့ သြော်....ဝိပဿနာ အလုပ်ကို မေ့လျော့ပေါ့ဆနေလို့ မတော်ပါကလား၊ သေခါနီးကျလို့ရှိယင် နှလုံးမသာယာတာ လာဘတ်ဘယ်လို့အောက် မေ့နေရမယ်....(မှန်ပါ့)။

ဘာလာတတ်ပါလိမ့် .... (နှလုံးမသာယာတာ လာတတ်ပါတယ်ဘုရား) နှလုံးမသာယာတာဆိုတော့ စာသံ ပေသံ ပါနေတယ်တဲ့၊ စိတ်မချမ်းသာတာ လာလိမ့်မယ်....(မှန်ပါ့)။

အယံ=ဤငါမှာတော်မူတဲ့စကားသည်၊ ဝေါတုမှာကံ=သင်ချစ်သားတို့အား၊ အနုသာသနီ=အရေးကြီးလို့ ဆုံးမတဲ့ အချက်အလက်ပေတည်း၊ ဒါအရေးကြီးလို့ ဆုံးမတာ....(မှန်ပါ့ဘုရား) ဒါဖြင့် ဘုရားက အရေးကြီးတယ်ဆိုယင် ကျုပ်တို့က ပေါ့လို့မဖြစ်သေးဘူး....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ တကာမှတို့ လူတယောက် စုတိစိတ်ကျရတော့မယ်ဆိုတော့ သြော် .... အသေ မြန်လိုက်တာလို့အောက်မေ့မနေပါနဲ့၊ မသေခင် ဖျပ်ကနဲ ခေတ္တကလေးမှာဘဲ ဘာတွေမြင်ရမလဲလို့ မေးလို့ရှိယင် ဂတိနိမိတ်ထင်တဲ့ ပုဂ္ဂိုလ်ဆိုယင် ငရဲသွားမှာဖြင့် ငရဲအိုးတို့ ငရဲထိန်းတို့ ငရဲမီးလျှံတို့ကို မြင်လာတယ်....(မှန်ပါ့) ကြောက်စရာမကောင်းဘူးလား.... (ကောင်းပါတယ်ဘုရား)။

ပြိတ္တာဘုံသွားမှာဖြင့် တောတို့၊ တောင်တို့၊ ချောက်တို့၊ ချိုင့်တို့ ဒါတွေမြင်လာတယ်၊ လူ့ပြည်သွားမည့်ပုဂ္ဂိုလ်ဖြစ်ယင် အမိဝမ်းရေတွ့ ဘာတွေ့ မြင်လာတယ်....(မှန်ပါ့)။

နတ်ပြည်သွားမည့် ပုဂ္ဂိုလ် ဖြစ်ယင် နတ်သမီးပဒေသာပင် ဥယျာဉ် နေစရာ ထိုင်စရာ တိုက်တာအိမ်ခန်းတွေထင်လာတယ်.... (မှန်ပါ့ဘုရား) မထင်ဘဲနဲ့တော့ တကာတကာမတို့ မသေဘူး.... (မှန်ပါ့)။

ဒါဖြင့် ငရဲနိမိတ်တွေ ထင်လာတယ်၊ ခွေးနက်ကြီးတွေ ထင်လာတယ်၊ တောင်တွေ၊ ချောက်တွေ ထင်လာတယ်၊ ပင်လယ်ကြီးတွေ ထင်လာတယ်ဆိုလို့ရှိယင်ဖြင့် ဒါဟာ ငရဲ-ပြိတ္တာ-အသူရကာယ် သွားရတော့မယ်ဆိုတာဟာ သားလဲ မတတ်နိုင်ပါဘူး၊ အနားက ဆေးခွက်ကိုင်ပြီး စောင့်ရုံပါဘဲ၊ သမီးကလဲ မတတ်နိုင်ဘူး၊ မျက်နှာညိုးငယ်စွာနဲ့နေရစ်ရုံဘဲ၊ ခင်ပွန်းကလဲ အနားက ကြည့်ပြီးသကာလ ဒီတောင်က တက်မှာမဟုတ်ဘူးဆိုတာ ဒါဘဲ သူတွေးလုံးရှိတယ်....(မှန်ပါ့)။

ဘေးကပုဂ္ဂိုလ်တွေ ဘယ်သူမှမသိဘူး၊ သေမည့်ပုဂ္ဂိုလ်ကဖြင့် အင်း .... ငါဖြင့် မှားခြင်းကြီး မှားခဲ့ပြီလို့ နှလုံးမသာယာခြင်းဟာ လာတယ်ဗျ....(မှန်ပါ့) ဝိပဿနာမလုပ်ယင် လာနိုင်တယ်နော်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေ ဘုရား အကြိမ်ပေါင်းများစွာ မှာတော်မူတဲ့ ဝိပဿနာလုပ်ကြ၊ မလုပ်ယင် သေခါနီးမှာ မင်းတို့ နှလုံးမသာယာတဲ့ စိတ်မချမ်းသာမှုဟာ မုချတွေ့ရလိမ့်မယ်လို့ မှာဟော်မူတာ အထူးမလုပ်သင့်ဘူးလား....(လုပ်သင့်ပါ့တယ် ဘုရား)။

မုချတွေ့ရလိမ့်မယ်လို့ မှာတော်မူတာဘဲ၊ ပုထုဇဉ် အမိုက်တွေသဘောနဲ့ သေတနေ့ မေ့တနေ့ဘဲလို့ ဒီအသုံးမျိုးတွေ မသုံးလိုက်ပါနဲ့၊ တကယ်မြင်လာတော့ ကိုယ်ဘဲ မျက်ရည်ကြီးငယ် ကျတာဘဲ....(မှန်ပါ့)။

ဦးခင်မောင်ရေ- အရုပ်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) မောင်သစ်တို့ ဒါတွေ ကြပ်ကြပ်သတိထားကြပါ .... (မှန်ပါ့ ဘုရား)။

အားလုံး တကာ တကာမတွေ့ မသေခင် ဝိပဿနာရှုကြဘို့ ဆိုတာ ၁-နှံပါတ် မှတ်နော်....(မှန်ပါ့) ကုသိုလ်တရားတွေ့မှ မရှိခဲ့လို့ ရှိယင် အကုသိုလ်တွေ့ များနေတဲ့ ပုဂ္ဂိုလ်၊ အကုသိုလ် အကျိုးပေးမည့်ပုဂ္ဂိုလ်ဆိုယင် ငရဲ့တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ် နိမိတ်ဟာ မသေခင်က ကိုယ်သွားရမည့်နေရာ မြင်နေရတယ်....(မှန်ပါ့) ဘယ်မှာ ကောင်းနိုင်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲဒီမှာ ခင်ဗျားတို့ သြော်.... ဆရာသမားကလဲ တိုက်တွန်းရှာတယ်၊ သူတော်ကောင်းတွေဟူသမျှကလဲ လုပ်ကြပါ၊ လုပ်ကြပါလို့ တိုက်တွန်းကြတယ်၊ ကိုယ့်ကိုယ်က ဒါဖြေးဖြေးမှ လုပ်မယ်ဆိုတဲ့ လဲ့ရှောင်မှုကြောင့်ဂုင်း၊ ကိုယ်-ကိုယ်တိုင် သားရေး၊ သမီးရေး၊ စီးပွားရေးကို အရေးမကြီးရမှာ ကြီးပြီး နေချက်ကြောင့်ဂုင်း အဲဒီမှာ နှလုံးမသာယာဘဲနဲ့ ကိုယ်ကျိုး နည်းပေါ့ဆိုပြီး ဝိညာဏ်ချုပ်ရတတ်တယ်....(မှန်ပါ့) ဘယ်လောက်များ နာသတုံး....(နာပါတယ်ဘုရား)။

ဘယ်လို ဝိညာဏ်ချုပ်ရမှာပါလိမ့်.... (ကိုယ်ကျိုး နည်းပေါ့ဆိုပြီး ချုပ်ရမှာပါ) ကိုယ်ကျိုးနည်းပေါ့၊ ရှာထားတဲ့ပစ္စည်းကလဲ မကယ်နိုင်ဘူး၊ သား, လင်, ခင်ပွန်း, သားသမီးတွေက အနားမှာရှိပြီးသကာလ နေကြငြားသော်လဲ ဘယ်သူမှ မပြောနိုင်၊ မဆိုနိုင်ဘဲနဲ့ တခါတည်း ဖျပ်-ဆို ဒီကစုတိ၊ တကာတကာမတို့ ဒီက စုတိစိတ်ကလေးဖြစ်တယ်နော်....(မှန်ပါ့)။

●လူ့ပြည်မှာ တဘဝရဲ့ နောက်ဆုံးပိတ် စိတ်ကလေးကို ဘာစိတ်လို့ ခေါ်ကြမယ်.... (စုတိစိတ်ပါဘုရား) စုတိပြီးတော့

ဖျပ်-ဆို ငရဲသွားမည့်ပုဂ္ဂိုလ်ဖြင့် ငရဲမှာ အကောင်အထည် သွား ဖြစ်တယ်....(မှန်ပါ့) သူမြင်ထား‌တဲ့အတိုင်း ဒီအထဲရောက်တယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ကြားသလား....(မကြားပါဘုရား) ၁-မှာသေတယ်၊ ၂-မှာ ဒယ်အိုးရောက်တယ်....(မှန်ပါ့) ၁-မှာ သေတယ်၊ ၂-မှာ ခွေးဝမ်းထဲ ဝက်ဝမ်းထဲရောက်တယ်(မှန်ပါ့) ဘယ်လောက်မျှားဆိုးသတုံး .... (ဆိုးပါတယ်ဘုရား) မမြန်ဘူးလား....(မြန်ပါတယ်ဘုရား)။

ဒါချောက်လှန့်ဟောတဲ့တရား မဟုတ်ပါဘူး....တဲ့၊ တကာ တကာမတို့ ဖြစ်စဉ်ကိုက်တရားမှတ်ပါ....(မှန်ပါ့) သတိပေးနေတာပါ၊ တရားကို မဟောသေးပါဘူး....(မှန်ပါ့)။

တရားဟောသေးတာ မဟုတ်ပါဘူး တကာ တကာမတို့.... ဝိပဿနာစတဲ့ ကုသိုလ်တွေ့မရှိလို့ရှိယင်၊ မင်္ဂိုလ် မရသေးလို့ ရှိယင် ဤစခန်းနဲ့ ဤလမ်းဟာ မလဲ့တမ်း သွားရမယ်ဆိုတာ ခင်ဗျားတို့ကို သတိပေးတာပါ....(မှန်ပါ့ဘုရား) ဘုရားကလဲ အကြိမ်ပေါင်းများစွာ သတိပေးတယ် ဦးခင်မောင် .... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ ဩဇာ....၁-ဆိုယင် စုတိစိတ် ချုပ်သွားယင် ၂-ဆိုယင် ငရဲသွားမည့်ပုဂ္ဂိုလ်ဖြင့် ငရဲရောက်တယ်၊ ပြိတ္တာဘုံသွားမည့်ပုဂ္ဂိုလ်ဖြစ်ယင် ပြိတ္တာအထည်ကြီး သွားဖြစ်တယ်....(မှန်ပါ့) ပြိတ္တာခန္ဓာကိုယ်ကြီး ချက်ခြင်းသွားဖြစ်တယ်(မှန်ပါ့) ဝမ်းထဲ ပဋိသန္ဓေနေသလို....(ဂဗ္ဘသေယျက) မဟုတ်ဘူး၊ အဲဒါတွေ့ ဘာကနဲ သွားဖြစ်တယ်....(မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ကိုယ်သွားရမည့် လမ်းကလဲ မြင်ပြန်၊ ဖြစ်တာကလဲ ချက်ခြင်း ဖြစ်ရမှာဆိုတော့ ဒီပုဂ္ဂိုလ်မ့သေခင်ကလေး ဝမ်းနည်းမလား၊ မနည်းဘူးလား.... (နည်းပါတယ်ဘုရား)။

ဩော် .... ဘုရားစကား နားမထောင်ခဲ့တာ၊ ဆရာသမား စကား နားမထောင်ခဲ့တာကို ကိုယ်ကျိုးကြီး နည်းပြီဆိုပြီး မျက် ရည်ဟာ မျက်လုံးနှစ်ဖက်ကနေပြီး သူ့အိပ်နေတဲ့၊ မမာနေတဲ့ ခေါင်းအုံးပေါ်မှာ စီးကျတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့်စီးကျသတုံးဆိုတော့ ဒီသွားရမည့်လမ်းကို မြင်နေလို့....(မှန်ပါ့) ဘယ်သူကယ်နိုင်သေးသတုံး.... (မကယ် နိုင်ပါဘုရား)။

စိန်တွေ၊ ရွှေတွေ၊ မြတွေ၊ တိုက်တွေ၊ ကားတွေက ဘာမျှး အကူအညီပေးသေးသကုံး.... (ဘာမှ မပေးပါဘုရား) ဒါဖြင့် ဒီက စုတိပြီးတော့ ဒီက ပဋိသန္ဓေလာမယ်....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ပဋိသန္ဓေလာတယ်ဆိုတော့ ဦးခင်မောင်ရေ....ပေါ့လို့တော့ မတော်တော့ဘူး....(မတော်ပါဘုရား)။

အားလုံး တကာ တကာမတွေ့.... ဒီနေ့ လေးလေးနက်နက်နဲ့ ဩော်.... ဖြစ်စဉ်ကိုက် သတိပေးနေဆိုတဲ့ဥစ္စာ မှတ်ကြစမ်းပါ.... (မှန်ပါ့) ဖြစ်စဉ်ကိုက် သတိပေးနေတယ်ဆိုတာ မှတ်ကြစမ်းပါ၊ အခု နေကြ ထိုင်ကြတာ ပေါ့သလောက် သေခါနီးမှာ ဒုက္ခ ရောက်မယ်....(မှန်ပါ့)။

အခုပေါ့သလောက် ဘာဖြစ်မယ်.... (သခါနိုး ဒုက္ခရောက်ပါ့မယ်ဘုရား)။

အဲဒါကြောင့် ဘယ်သူပြောတာမှ နားမထောင်နဲ့၊ ဘုရားဟောတာကိုသာ နားထောင်ပါ၊ ဘုရားဟောကိုယူပြီး ပြောတဲ့ဆရာသမားတွေစကားကိုသာ နားထောင်ကြပါ၊ ဒါနှစ်ခုသာ ခင်ဗျားတို့ အဓိကထားကြပါ....(မှန်ပါ့) အရပ်ပြောစကားတွေကို နားထဲမှာ မသွင်းပါနဲ့....(မှန်ပါ့)။

မင်းတို့ ဒီအလုပ်-လုပ်တာကို ဒို့က မလုပ်နဲ့မဆိုဘူး၊ ကောင်းတော့ ကောင်းတာဘဲ၊ ကောင်းငြားသော်လဲ ကိုယ့်မှာ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ဆိုပြီး လှည့်လှည့်သွားတယ်....(မှန်ပါ့) မလှည့်ဘူးလား....(လှည့်ပါတယ်ဘုရား)အဲဒီလှည့်တာကို မလှည့်ပါနဲ့....(မှန်ပါ့)။

လှည့်တဲ့ပုဂ္ဂိုလ်ဟာလဲ ဒီတရားမျိုး နာဘူးလို့ သူ့စိတ်သည် အမျိုးမျိုး ဖေါက်ပြန်ပြောတာလို့ မှတ်ကြရမယ် .... (မှန်ပါ့) ဘာမှကိုးစားရာ၊ အားထားရာ မရှိဘူး၊ သူ့ပြောတာတွေဟာ ကိုယ့်နောက်ပါမှာလို့ သိရဲလား....(မသိပါဘုရား) မသေခင်က ကိုယ့်အမြင်ကကော တကာတကာမတို့ အင်မတန်မှ ဆိုးဝါးတဲ့အမြင်ကြီး မမြင်ရဘူးလား....(မြင်ရပါတယ်ဘုရား)။

အဲဒီမှာ တခါတည်း ခန္ဓာကိုယ်ကလဲ အကြောတွေ ဘာတွေဆဲ တွန့်လိမ်ပြီး မျက်ရည်တွေကလဲကျ၊ မျက်နှာတွေကလဲ ညှိုးမလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ညှိုးချင်လို့ ညှိုးရတယ်ထင်သလား၊ ဘေးကလူကိုလဲ မပြောနိုင်၊ သူ့အမြင်ကလဲ အဲဒီသွားရမှာမြင်နေလို့ ကိုယ်ကျိုး

တော့ လှလှကြီးနည်းပေါ့ဆိုပြီး မိုင်တွေ့ချပစ်လိုက်တာဘဲ .... (မှန်ပါ့)ဘယ်လောက်မျှား ကြောက် စရာ ကောင်းသတုံး.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ဘယ်လိုစဉ်းစားကြမလဲ.... (ဝိပဿနာ လုပ်ရပါ့မယ် ဘုရား) ဝိပဿနာအလုပ်ကိုတော့ လုပ်မှာဘဲ....(မှန်ပါ့) ဝိပဿနာအလုပ်ကို လုပ်မှာဘဲလို့ ဦးဘတင်တို့ သေသေချာချာ မှတ်ရမယ်....(မှန်ပါ့) မလုပ်ယင် မဖြစ်တဲ့အလုပ်ဟာ ဒါအပါအဝင်ဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မလုပ်ယင် မဖြစ်တဲ့အလုပ်ဟာ.... (ဒါအပါအဝင်ပါဘုရား) ဘယ်သူပါလိမ့်.... (ဝိပဿနာပါဘုရား) ဦးဘအုန်း- ပြော့လို့ တော်ပါ့မလား....(မတော်ပါဘုရား)။

ပြော့လို့ လျော့လို့ဖြင့် တတာတကာမတို့ လုံးဝ မတော်ဘူးဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့) သေစမ်းလိုက် ချင်သေးတယ်တော့ မလုပ်နဲ့နော်....(မှန်ပါ့) မကယ်နိုင်တဲ့နေရာ ရောက်သွားမယ်....(မှန်ပါ့)။

သေ စမ်း လိုက် ချင် သေး တယ် ဆိုဒါဖြင့် ကိုယ်-ကိုယ်တိုင် ကယ်မည့်သူ၊ယူမည့်သူ မရောက်ခင် သွားလိုက်ဦးမယ် ဆိုတဲ့ စကားနဲ့လဲ အတူတူဖြစ်ပါလိမ့်မယ်....(မှန်ပါ့) ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ဒါလူတိုင်း အလုပ်နဲ့နော်....(မှန်ပါ့) ဒါဖြင့် သခါနီးမှာ သွားရှာမြင်ဘဲနဲ့ နိဗ္ဗာန်မရသေးတဲ့ ပုဂ္ဂိုလ်မှာ ဘယ်တော့မှ မသေဘူးလို့ မှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အမေကကော အားကိုးရမလား (မကိုးရပါဘူးရှင်း) အဖေကကော....(အားမကိုးရပါဘူးရှင်း) ရှာထားတဲ့ပစ္စည်းတွေ.... (အားကိုးမရပါဘူးရှင်း) အဲဒါတွေ အားကိုးမရဘူးဆိုတော့ ဘာဘဲ အားကိုးစရာရှိသတုံး....(ဝိပဿနာဘဲ အားကိုးစရာရှိပါတယ်ဘုရား)။

အဲ....ဝိပဿနာရှုလိုက်တော့ ကိုယ့်သန္တာန်မှာ မဂ္ဂင်ကလေးက ရောက်လာတယ်....(ရောက်လာပါတယ်)အဲဒီမဂ္ဂင်ဟာကိုယ့်အားကိုးရာအစစ်ဘဲ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးခင်မောင်ရေ....ကြားခဲ့သ၍၊ မော်ခဲ့သ၍ အဲဒီမှာ ဗိုင်းဗိုင်းလဲတာဘဲ....(မှန်ပါ့) ဘယ်လောက်များး ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

အင်မတန် ကြောက်စရာကောင်းလွန်းလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် အကြိမ်ပေါင်းများစွာမှာ-တဲ့ စကားတော်သည်ကား....လို့ ဆိုယင် သာမညအရေးကြီးလို့ ဒီအမှာကို မှာသည်လို့ မအောက်မေ့ကြပါနဲ့၊ အလွန်အရေးကြီးလို့ မှာတယ်ဆိုတာ တကာ တကာမတွေက အောက်မေ့ရမယ်....(မှန်ပါ့)။

ကိုင်း....တကာ တကာမတွေ ဘုရားမှာတော်မူတာ မဲ့သခင်က ဘာလုပ်ကြတဲ့တုံး....(ဝိပဿနာ ရှုကြရပါ့မယ်ဘုရား) မလုပ်ခဲ့သော် သေခါနီးမှာ စိတ်ပျက်ရလိမ့်မယ်....(မှန်ပါ့) ကိုယ်ကျိုးနည်းပြီဆိုတဲ့စိတ် ပေါ်ရလိမ့်မယ်....(မှန်ပါ့) အဲဒီအချိန်ကျတော့ ကယ်လို့ယူလို့ ရသေးရဲ့လား....(မရပါဘူးရှင်း)။

အဲဒါကြောင့်တကာ တကာမတွေကတော့ပြောကြမှာဘဲတဲ့၊ အမြင်ကလေးကြည့်ပြီးသကာလ အခုမှတွေ့တဲ့ ညည်းသည်တွေကို အရေးတကြီးထားပြီး ပြောနေကြမှာဘဲ....(မှန်ပါ့)။

အခုမှတွေ့တဲ့ ညွှေ့သည်ဆိုတာ ဆွမျိုးညာတကာတွေဟာ အခုမှတွေ့တဲ့ ညွှေ့သည်တွေဘဲ....(မှန်ပါ့) သားတွေ သမီးတွေ ကကော....(အခုမှတွေ့တဲ့ ညွှေ့သည်တွေပါဘုရား)။

အဲဒီညွှေ့သည်တွေ အရေးတကြီးထားပြီး ညွှေ့သည်တွေ သေနေတာနဲ့ဘဲ ဝိပဿနာအလုပ် မလုပ်ဖြစ်ဘူး....(မှန်ပါ့) အဲဒီလို ဖြစ်ပြီးသကာလနေတော့ အရေးမကြီးရမှာကို အရေးကြီးပြီး အမိုက်ခံပြီး အရူးခံပြီးသကာလနေတဲ့ အနေမျိုးတွေဟာ တကာ တကာမတွေ့မှာ နာရီနဲ့တွက်ကြည့်ယင် သိပ်များနေတယ်....(မှန်ပါ့) မများကြဘူးလား....(များပါတယ်ဘုရား) အခု ပြုံး သလောက် မဲ့ရမယ်ဆိုတာလဲ သေချာတယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့်....(အခုပြုံးသလောက် မဲ့ရမှာပါဘုရား)။

အခုလဲ ပြုံးတယ်သာ ဆိုရတာပါ တကာတကာမတို့ စားဘို့ရှာ၊ ဝတ်ဘို့ရှာ၊ နေဘို့ရှာ၊ သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူနဲ့ ဆိုယင် ဦးခင်မောင်တို့ ပြုံးချိန်ကိုလဲ နည်းပါဘိမ့်မယ်....(နည်းပါတယ်ဘုရား) နည်းပြီးသကာလ ဘုန်းကြီးတို့ တကာတကာမတွေက မေ့လုံးများနေတယ်....(မှန်ပါ့) မများကြဘူးလား....(များပါတယ်ဘုရား) ဘာများနေကြသတုံး....(ဝိပဿနာမေ့လုံးများနေပါတယ်ဘုရား)။

ဝိပဿနာအလုပ်က မေ့နေတယ်ဆုတော့ ခန္ဓာကို စုံကြည့်ရမည့်ဥစ္စာ ခန္ဓာရှိလျက်နဲ့ ခန္ဓာမေ့နေတာ....(မှန်ပါ့) ဘယ်လို ဆိုကြပါ့မယ်....(ခန္ဓာရှိလျက်နဲ့ ခန္ဓာမေ့နေတာပါဘုရား)။

သြော်-ဖြစ်မှ ဖြစ်ရလေဗျာ၊ ခန္ဓာရှိလျက်နဲ့ ခန္ဓာမေ့နေတယ်ဆိုတဲ့အဓိပ္ပါယ်က အတော်ကြောက်စရာကောင်းပါကလား....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာမရှိလို့ မေ့လို့ရှိယင်လဲ တော်သေးရဲ့၊ ဒီခန္ဓာကြီးက အမျိုးမျိုးအဖုံဖုံ ဖေါက်ပြန် ပျက်စီးပြီး ပြနေပါလျက်သားနဲ့ ဒီဟာ အမေ့ကြီးမေ့နေတယ်ဆိုတဲ့ ဥစ္စာ တခြားအာရုံတွေပေါ်မှာ ဆေ့ပေါ်-မျိုးပေါ် စီးပွားရေးပေါ်မှာ အရေးကြီးနေလို့ ကိုယ့်ခန္ဓာကြီး သွားရာ လမ်းခရီးအဖြောင့်ကို မလုပ်ဖြစ်တာပေါ့....(မှန်ပါ့) သိပ်ကြောက်စရာကောင်းပါကလား....(ကောင်းပါတယ်ဘုရား)။

ဦးခင်မောင်ရေ....ဒါဟာ အမိုက်ပိုနေတာ သေချာတယ်....(မှန်လှပါဘုရား)နောက်ကတကာတကာမတွေ ဘာဖြစ်ကြမယ်ထင်သတုံး....(အမိုက်ပိုတာပါဘုရား)။

အမိုက်ပိုပြီးသကာလနေတာ သေချာတယ်ဆိုတော့ အခု တကာတကာမတွေ နေကြထိုင်ကြတာ ကြည့်လိုက်လို့ရှိယင်ဖြင့် တနေ့သေသလဲ မအာဘူး၊ နောက်တနေ့သေသလဲ မအာဘူးတဲ့ (မှန်ပါ့)။

အိပ်ပြန်တော့လဲ နက်ဖြန်လုပ်စရာ ကုံစည်ပြီး အိပ်ကြရတယ်....(မှန်ပါ့) နောက်-ပြန်လုပ်စရာပြီးလို့ အိပ်ကြတာ ဟုတ်ကြရဲ့လား....(မဟုတ်ပါဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့်လဲ မဟုတ်ဘူးတဲ့....(မှန်ပါ့) အနေကောင်းတဲ့ အလုပ်လားဆိုတော့လဲ မအာဘူးတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အသေကောင်းတဲ့ အလုပ်လားဆိုတော့ ဝိပဿနာမဟုတ်တဲ့ အတွက် အသေကောင်းတဲ့အလုပ်လဲမဟုတ်ဘူး....(မှန်ပါ့) အနေ

ကောင်းတဲ့ အလုပ်လား လို့ မေးပြန်တော့လဲ မအားမလပ် နေရတယ်....(မှန်ပါ့)။

ဒါဖြင့် ဘယ်နှယ်ဆိုကြမလဲ.... (အနေမကောင်း၊ အသေလဲမကောင်းပါဘုရား) အသေကောင်းတဲ့အလုပ်၊ အနေကောင်းတဲ့အလုပ်ကို မဟုတ်ဘူး....(မှန်ပါ့)။

အခုနေတာဟာ အသေကောင်းတဲ့ အလုပ်လား ဆိုတော့ ဝိပဿနာမလုပ်ဖြစ်တော့ အသေကောင်းတဲ့အလုပ် မဟုတ်ပြန်ဘူး....(မှန်ပါ့)။

အနေကောင်းတဲ့ အလုပ်လား လို့ မေးပြန်တော့လဲ တကာတကာမတွေ့ အမောဆိုက်ပြီးသကာလ.... ဟိုအလုပ်လဲ ပြီးတော့ တယ်မဟုတ်ဘူး၊ ဒီအလုပ်လဲ လုပ်ဆဲ....(မှန်ပါ့) သားရေး၊ သမီးရေး၊ စီးပွားရေးတွေက မရှုပ်ကြဘူးလား....(ရှုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ဘာများ ဖြစ်နေကြသတုံး.... မေးလို့ ရှိယင်ဖြင့် အသေကောင်းတဲ့အလုပ်လဲ တပည့်တော်တို့ မလုပ်မိပါဘုရား၊ အနေကောင်းတဲ့ အလုပ်လဲ တပည့်တော်တို့ လုပ်မနေမိပါဘူး(မှန်ပါ့)ဘယ်မှာတုံး ဝတ်ရေးစားရေးနဲ့ ရှုပ်နေတာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

တနေ့သော်လဲ ဘာလုပ်သလဲ၊ လဘက်ခြောက်ကုန်သည်က လဘက်ခြောက်ရောင်းမှာဘဲ....(မှန်ပါ့) လဘက်စိုကုန်သည်က ကော....(လဘက်စိုရောင်းမှာပါဘုရား) ရွှေဆိုင် ငွေဆိုင်ကလဲ.... (ရွှေငွေရောင်းမှာပါဘုရား) အားရဲ့လား....(မအားပါဘုရား)။

မအားတာသည် တကာတကာမတို့ အနေကောင်းတဲ့အလုပ်ကလဲ အနေကောင်းဆိုတာ အားပါရဲ့လား....(မအားပါဘုရား) အသေကောင်းအလုပ်ကော လုပ်ဖြစ်ပါရဲ့လား....(မလုပ်ဖြစ်ပါဘုရား)။

ဩော်.... ဒါဖြင့် တကာတကာမတွေ့ လူ့ပြည်လာတာသည် အနေကောင်းနေမလို့ လာတာလဲမဟုတ်ဘူး၊ အသေကောင်းသေမလို့ လာတာကော....(မဟုတ်ပါဘုရား) ရှုံးလိုက်တဲ့ဖြစ်တွေ့ တကာ တကာမတို့ သေသေချာချာ စာရင်းကိုက်ကြည့်တော့မှ ဦးခင်မောင်....(ရှုံးပါတယ်ဘုရား) တကာတကာမတွေ့ ကိုယ့်အရှုံး ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အသေကောင်းအလုပ်လဲ မလုပ်ဖြစ်ဘူး....တဲ့၊ အနေကောင်းတော့လဲ နေရပါရဲ့လား....(မနေရပါဘုရား) နံနက် မိုးလင်းလာလို့ ရှိယင်ဖြင့် ဆိုင်ရာ ဆိုင်ရာ ပြောရ ဆိုရ သွားရ လာရ စိတ်မော ကိုယ်မော မရှိကြဘူးလား....(ရှိပါတယ်ဘုရား)။

ဟို-ကြည့်ရ ဒီကြည့်ရ၊ ဟိုဟာစီမံရ၊ ဒီဟာစီမံရ ဒါတွေ့ကလဲ အားလပ်ခွင့်မျှား ရသေးရဲ့လား....(မရပါဘုရား) မတော်လဘက်ရေလေးတခွက် ဖြောင့်ဖြောင့်သောက်ဘို့ မရပါဘူး.... (မရပါဘုရား) ထမင်းကလေးတောင်မှ နှစ်ထပ်ကို တထပ် ပေါင်းစားရတဲ့အခါ ပါသေးတယ်.... (မှန်ပါ့) မပါကြဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ဒီဥစ္စာသည်ကား....လို့ဆိုယင် အနေကော သူတို့သည် ကောင်းပါရဲ့လား.... (မကောင်းပါဘုရား) အသေကောင်းတဲ့အလုပ်ကော လုပ်ဖြစ်ပါရဲ့လား .... (မလုပ်ဖြစ်ပါဘုရား)။

သြော်.... ဒါဖြင့် တကာ တကာမတို့ လူ့ပြည်တက်လာတာ အရှုံးခံမလို့ တက်လာတဲ့ အခြေအနေကို ကိုယ့်ရည်ရွယ်ချက်ကဖြင့် ဒီအတိုင်း ဆိုက်နေတာဘဲဆိုယင်ဖြင့် ငြင်းဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် ဒီကရှေ့ပြောင်းကြပါဦး၊ ပြင်ကြပါဦးဆိုတာ ဦးဘတင်တို့ကို သတိပေးရတယ်....(မှန်ပါ့) အနေကောင်းကလေးနေပြီးသကာလ အသေကောင်းကလေး သေတဲ့အလုပ်ကို လုပ်စမ်းပါဦး၊ အနေကောင်း နေစရာအလုပ်၊ အသေကောင်းတဲ့အလုပ်ဆိုတာကို လုပ်စမ်းပါဦး၊ အနေကောင်းနေစရာ အလုပ်ကလေးတွေ အားလပ်ခွင့်ယူပါဦး....(မှန်ပါ့)။

အသေကောင်းတဲ့ အလုပ်ဆိုတာက အလုပ်အားလပ်ခွင့်ရှိမှ အသေကောင်းတဲ့အဖြစ်....တဲ့၊ ဝိပဿနာအလုပ်ကို လုပ်ဖြစ်မှာ....(မှန်ပါ့) အနေကောင်းမှ မနေရတဲ့ပုဂ္ဂိုလ်က အသေကောင်းကိုဖြင့် ဘယ့်နှယ်လုပ်ပြီး လုပ်ဖြစ်ပါ့မတုံး .... (မလုပ်ဖြစ်ပါဘုရား)။

ဦးဘအုန်းရေ.... ဒီဥစ္စာတွေဖြင့် အနေကောင်းကလေး နေရအောင်လဲ လုပ်ကြစမ်းပါဦး၊ သွားလာပြီးသကာလ ပြောဆိုနေရတဲ့အလုပ်ကလဲ ပတ်ဝန်းကျင်အခြေအနေနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ရှုပ်ပွေနေကြတာဘဲ....(မှန်ပါ့)။

အဲဒီတော့ အနေကောင်းကော ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား) အနေကောင်းမှ မနေရတဲ့ပုဂ္ဂိုလ်ဟာ အသေကောင်းအလုပ်-လုပ်ဖြစ်ဘို့ရာ အတော်ခဲယဉ်းတယ် .... (ခဲယဉ်းပါတယ်

ဘုရား) မခဲယဉ်းကြဘူးလား....(ခဲယဉ်းပါတယ်ဘုရား) ရှိတဲ့ပုဂ္ဂိုလ်လဲ ရှိလို့ မအားဘူး....(မှန်ပါ့) မရှိတဲ့ပုဂ္ဂိုလ်လဲ မရှိလို့ မအားဘူး....(မှန်ပါ့)။

ဩဿော်.... ဒါဖြင့် တကာတကာမတို့ လူ့ပြည်လာတာသည် ဘာလုပ်ကြတာတုံး မေးလို့ ရှိယင်ဖြင့် အနေကောင်းမနေရဘဲနဲ့ အသေကောင်းမသေရအောင် တပည့်တော်တို့ဘုရား- မိဘရပ်ထံနဲ့တူတဲ့ အပါယ်လေးပါး ပြန်ရအောင် ရိကွာစုလာတာဘဲ....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ .... (ရိကွာ စုလာတာပါဘုရား)။

ဒါနစ်နာအောင်လို့ ပြောတယ်လို့ အောက်မေ့မနေပါနဲ့....(မထင်ပါဘုရား) နစ်နာအောင်လို့ ပြောနေတယ်လို့ အောက်မေ့မနေပါနဲ့၊ ခင်ဗျားတို့ဖြစ်တဲ့စိတ်ကို ပြောရလို့ ရှိယင် တနေ့တည်းမြင်တဲ့စိတ်ဘဲ မရေတွက်နိုင်ဘူး၊ အပါယ်သွားမည့်စိတ်တော့....(မှန်ပါ့) ရေတွက်နိုင်ပါ့မလား....(မရေတွက်နိုင်ပါဘုရား)။

မျက်စိတမှိတ်မှာ ကုဋေတသိန်းတောင်ဖြစ်တာဘဲ....(မှန်ပါ့) ကုဋေတသိန်းထဲက အကုသိုလ်ဇောကတော့ ကုဋေငါးထောင်လောက်တော့ မပါပေဘူးလား....(ပါ-ပါတယ်ဘုရား)။

အဲ....ကုဋေငါးထောင်လောက်ဖြစ်တဲ့အကုသိုလ်စိတ်တွေဟာ တစိတ် တခါ အပါယ်ငရဲမှာ ခံရမယ်ဆိုယင် ဒီစိတ်ပေါင်းဘယ်လောက် ချို့ယွင်းချက် ရှိနေသတုံး၊ ငါးထောင် လျော့လျော့လောက် ကျန်နေတယ်....(မှန်ပါ့)။

နှစ်စိတ်လောက် အကုသိုလ်ဖြစ်လိုက်မယ်ဆိုတော့ ခုနင်က ကုဋ္ဌေဂါးထောင် ထပ်လာဦးမယ် .. (မှန်ပါ့) ဒါကြောင့် လွတ်ရက် ရှိနိုင်သေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ လွတ်ရက်မရှိတဲ့နေရာဌာနရောက်ဘို့ တပည့်တော်တို့ ရိက္ခာစုလာတယ်ဆိုတာ နာအောင်ပြောတာ မဟုတ်ပါဘူး (မှန်ပါ့) ဦးဇင်ရင့် နာအောင်ပြောတာလား- ဖြစ်စဉ်ကိုက် ပြောတာလား....(ဖြစ်စဉ်ကိုက်ပြောတာပါဘုရား)။

အဲဒီတော့ အခု ပြုံးသလောက် ဟိုမှာ မဲ့ရမည်ဆိုတဲ့ဥစ္စာ သဘောကျပလား....(ကျပါပြီဘုရား)။

ပြီးတော့ ကံကလဲ ဒီက ပြုလိုက်တဲ့ကံကြောင့် ဒီက စုတိပြီး ဟိုမှာ ပဋိသန္ဓေဆိုတော့ ဟိုမှာ အရှင်သွားဖြစ်တယ်....(မှန်ပါ့) ဓါးတွလှံတွနဲ့ ငရဲထိန်းတွက ခုတ်လိုက်ထစ်လိုက်ပေမဲ့လဲ သေသွားသလားဆိုတော့လဲ အပြီး သေသွားတာမဟုတ်ဘူး.... (မှန်ပါ့) သေသွားလို့ ငါးကြော်တဲ့အခါ အသေကောင်ကြီး အကြော်ခံနေရသော်လဲ အသေကောင်ကြီး ကြော်နေတာသူ့မှာ နာတော့တာမှမဟုတ်ဘဲ ကိစ္စမရှိဘူး....(မှန်ပါ့) သူက ဒီလိုမသေဘူး တကာတကာမတို့ အရှင်ခံနေရတာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အရှင်ခံရမည့်အလုပ်က နှစ်အရေအတွက်ရှိရဲ့လား လို့မေးတော့ နှစ်အရေအတွက်တော့ ဘုရားမဟောဘူး၊ မိမိ လုပ်ထားတဲ့ ကံအပေါ်မှာ တည်တယ်... (မှန်ပါ့) ဒီကံကုန်ယင် ကုန်မယ်၊ ဒီကံ မကုန်ယင်....(မကုန်ပါဘုရား) ဘယ့်နှယ်လုပ်မလဲ

ဦးဇံရင်တို့၊ ကံကလဲ ကုန်စရာမျှားရှိသေးရဲ့လား-(မရှိပါဘုရား) မျက်စိတမှိတ် ငါးထောင်လောက်၊ မျက်စိ နှစ်မှိတ် သုံးမှိတ် လောက်ဆိုတော့ မျက်စိမှိတ်ပေါင်းက ဘယ်လောက်ပါလိမ့်.... (မဇရတ္တက်နိုင်ပါဘုရား)။

အဲ....မျက်စိတမှိတ်တောင် အကုသိုလ်စိတ်တွေက ဒါလောက်တောင် များများ ဖြစ်တယ်ဆိုတော့ တကာ တကာမတွေမှာကြွေး လည်ပင်းမကပါဘူး၊ လူကို မြုပ်နေပြီ....(မှန်ပါ့)အကြွေးလည်ပင်း ကသေးရဲ့လား.....(မကပါဘုရား) ဘယ့်နှယ်ဆိုကြမလဲ (လူကို မြုပ်နေပါတယ်ဘုရား)။

လူကို မြုပ်နေတော့ တကာတကာမတို့ ဒီအတိုင်းသာဆိုလို့ ရှိယင် ဒီပုဂ္ဂိုလ်သေကာနီးမှာ ကိုယ်ကျိုးနည်းပြီဆိုတဲ့ ဟိုဘက် ဒီဘက် ခေါင်းအုံးပေါ် မျက်ရည်စီးကျတဲ့အလုပ်ဟာဖြစ်ရမယ်.... (မှန်ပါ့) ဒီ နိမိတ်က ဒီသွားရာ လမ်းခရီးကို မြင်ရမယ်.... (မှန်ပါ့) အမေလဲ မပြောနိုင်ဘူး၊ အဖေလဲ မပြောနိုင်ဘူး၊ သူ့ဟာသူမြင်ပြီး 'ဖျပ်'ဆို ဒီစုတိစိတ်ဖြစ်တယ်၊ 'ဖျပ်'ဆို ဟိုမှာ သွားရောက်တယ်....(မှန်ပါ့ဘုရား) ကြာရဲ့လား.... (မကြာပါဘုရား)။

ကိုင်း....တကာတကာမတို့ ဘုရားမှာတော်မှတာမလုပ်သင့်ဘူးလား.... (လုပ်သင့်ပါတယ်ဘုရား) သေကာနီးမှ စိတ်နှလုံးမသာယာတဲ့ဖြစ်ထွေကြီးနဲ့ ညှိုးငယ်တဲ့မျက်နှာတွေနဲ့ မသေလိုက်ပါနဲ့၊ ဒီအချိန်မှာ ကိုယ်တိုင် တွေ့ရလိမ့်မယ်ဆိုတဲ့ဥစ္စာ တကာတကာမတွေ လေးလေးနက်နက် စဉ်းစားဘို့အချိန် ရောက်လာပါပြီ....(မှန်ပါ့ဘုရား) မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား)။

အားလုံးဘဲ....အားလုံးဘဲ၊ အမေမိဘ ညီအကို မောင်နှမ မတော်ဘူးတာ ဘယ်သူမှ မရှိသလောက်ပါဘဲ....(မှန်ပါ့ဘုရား) ဒါဟာ သက်သက် လေးလေးနက်နက် သတိပေးနေတာဘဲ.... (မှန်ပါ့)။

ဘုရားဟောတော်မူလို့ သတိပေးတာဘာ တကာတကာမတို့ (မှန်ပါ့) ဖြစ်စဉ်လဲကြည့်ကြပါ သေသေချာချာကိုက်ပါဘယ်၊ ဘာမှ သံသယမရှိပါနဲ့၊ စုတိပြီး ပဋိသန္ဓေလာတာဘဲ... (မှန်ပါ့) သူက အနန္တရပစ္စည်း၊ သူက အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်ကိုး.... (မှန်ပါ့ဘုရား) ဘာမှ သံသယရှိဘို့ လိုသေးသလား.... (မလိုပါဘုရား)။

အနန္တရပစ္စယော= အခြား မရှိမူ၍ ကျေးဇူးပြုတတ်သောတရားလည်းကောင်းဆိုတော့ သူလဲ စုတိစိတ်လဲ ချုပ်ပါရော ဒီပဋိသန္ဓေက ချက်ခြင်းလာတယ်....(မှန်ပါ့) ချက်ခြင်းဖြစ်တယ်ဆိုတော့ ကြားထဲမှာ အခြားများ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဘာမှ တွေးမနေနဲ့တော့ ဒီကပြန်လို့ ရှိယင်ဖြင့် ဒီမှာ လာတဲ့အခါမှာဖြစ်စေ၊ ဒီက ပြန်တဲ့အခါမှာ ဖြစ်စေ ကိုင်း....ဒို့ကို ဆရာသမားက လေးလေးနက်နက်နဲ့ ပြောတာတဲ့ အကြောင်းဖြစ်စဉ်ကလဲ မှတ်တာတကြောင်း၊ ဘုရားကိုယ်တိုင်ကလဲ အရေးတကြီး မှာခဲ့တာတကြောင်းဖြစ်လို့ မင်အလုပ်ဘဲ လုပ်မယ်လို့ ဆုံးဖြတ်ချက်ချကြပါ.... (မှန်ပါ့ဘုရား) မင်အလုပ်ဆိုတာ ဖြစ်ပျက်ရှုတာ....(မှန်ပါ့)။

မင်အလုပ် လုပ်လိုက်လို့ ရှိယင် ခုနင်က မျက်စိတမှိတ် ကုဋေငါးထောင်ကျော် ဇောစိတ်တွေက ဖြစ်ပျက်နေတော့ ဇောစိတ်

တွေ့ကို ရေတွက်နိုင်ရဲ့လား....(မရေတွက်နိုင်ပါဘုရား) အဲဒီအထဲမှာ မင်္ဂစ်တခါပေါ်ယင် အပါယ်သွားမည့် အကုသိုလ်ကံတွေ့ အကုန်လုံး အဟောသိကံဖြစ်တယ်....(မှန်ပါ့) ဘာမှ ကြောက်စရာ မရှိဘူး....(မှန်လှပါဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်၊ မင်္ဂအလုပ်သာ ကယ်တင်နိုင်တာပေါ့။ ဒီ့ပြင်ဟာကတော့ ယာယီဘဲ ကယ်နိုင်တယ်နော်....(မှန်လှပါဘုရား)မင်္ဂကတော့ဖြင့် အမြဲကယ်နိုင်တယ်၊ အကုသိုလ်ကံတွေ့ အဟောသိကံဖြစ်အောင် ကယ်နိုင်တယ်.... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သိန်းပေါင်းများစွာ ကြွေးတင်နေတာကို ဆားတလျက်နဲ့ ကျေပါ့မယ်လို့ ကြွေးရှင်တွေက ပြောနေပါလျက် သားနဲ့ ဆားကလေး တလျက်မှ သွားပြီး မပေးချင်တာလဲ ခင်ဗျားတို့ ဖျင်းလွန်းတယ်....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

သိန်းပေါင်းများစွာ ကြွေးတင်နေတာကို ဆားတလျက်နဲ့ ကျေပါ့မယ်လို့ ကြွေးရှင်က ပြောနေတာတောင် မာန်ခံနေယင်တော့ ခက်တယ်....(မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ အကုသိုလ်ကြွေးပေါင်း ဘယ်လောက်ရှိသတုံး.... (မရေတွက်နိုင်ပါဘုရား) မင်္ဂတကြိမ်တည်း ပေါ်ပါတဲ့ ပျောက်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီမင်္ဂတကြိမ်တည်းပေါ်ဘို့အလုပ်ကလေးကို ခင်ဗျားတို့ ဈေးကိုင်ပြီးသကာလ ဘာဖြစ်လို့နေတာတုံး....လို့ မေးလို့

ရှိယင်ဖြင့် ကြွေးနည်းလို့ နေတာလား၊ ခင်ဗျားတို့ကိုက မသိ မလိမ်မာမှုကြောင့် ဒါလောက်ကလေးမှ အောက်ကျနောက်ကျ ခံပြီး ဆားတလျက်မှ မပေးချင်လို့လားတောင် မေးဘိုလိုလာ တယ်....(မှန်ပါ့) မလိုဘူးလား....(လိုပါတယ်ဘုရား)။

အဲဒီတော့ ဒီမင်ကလေးကလဲဘဲ ကယ်မည့် ယူမည့်သူ ရှိတဲ့ ဥစ္စာကို ကြိုးစား အားထားမှုကလေးဖြင့် တစ-တစ ရအောင် တော့ လုပ်ရမှာဘဲဆိုတာမျိုး ဒီတစတစကို မသုံးပါနဲ့၊ ကြွေး ပိလာလိမ့်မယ်....(မှန်ပါ့) တစတစ မသုံးပါနဲ့ ဦးဝတို့....(မှန်ပါ့ ဘုရား)။

တစတစဆိုတာ ခင်ဗျားတို့ လုပ်ထားတဲ့ ဒီကတစတစပေါ် မှာ ဟိုက အစပေါင်းများစွာက လာလာဖုံးတယ်....(မှန်ပါ့) မဖုံးပေဘူးလား....(ဖုံးပါတယ်ဘုရား)။

အဲဒါတွေထောက်ကြည့်တော့မှ ဦးခင်မောင်ရေ .... မလုပ် မဖြစ်တဲ့အလုပ်ဟာ ကိုယ့်ကိုယ် ကယ်တင်မည့်အလုပ်ကိုပြောတာ· (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မလုပ်မဖြစ်တဲ့အလုပ်က ဘာပါလိမ့်.... (ကိုယ့်ကိုယ်ကို ကယ် တင်မည့်အလုပ်ပါဘုရား) အဲ .. ကိုယ့်-ကယ်တင်မည့် အလုပ်မို့ မလုပ်မဖြစ်တဲ့အလုပ်ထဲ သွင်းပါလို့ ဘုန်းကြီးတို့ တကာ တကာ မတွေ့ သတိပေးလိုက်ပါတယ် .. (မှန်ပါ့) မပေးသင့်ဘူးလား.... (ပေးသင့်ပါတယ်ဘုရား)။

နို့မဟုတ်လို့ ရှိယင်တော့ဗျာ .... သားကြား၊ သမီးကြား၊ ဆွေကြား၊ မျိုးကြားထဲကနေပြီးတော့ အပါယ်လေးပါး သွားရမှာ....(မှန်ပါ့) ဘယ်သူက ကယ်တင်နိုင်သေးသတုံး....(မကယ် နိုင်ပါဘုရား)။

ဘယ်သူမှ မကယ်နိုင်ဘူးဆိုတာ မကယ်နိုင်ခြင်း၏အကြောင်းကို ခုနင်က သိန်းပေါင်းများစွာ အကုသိုလ်တွေက ဆက်ဆက်-ဆက်ပြီးလာမှာဘဲ....(မှန်ပါ့) တခါကျယင် ပေါ်စရာများ ရှိသေးရဲ့လား....(မရှိနိုင်ပါဘုရား)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ ဒါဟာ ခင်ဗျားတို့ နောက်ဆုံးပိတ် ဒီဥစ္စာဖြင့် အရေးကြီးတဲ့အချက်မို့ ဩဿ.... ဒါမှတပါး ကိုးစား၊ အားထားရာ ဒို့မှာ မရှိတော့ဘူး....(မှန်ပါ့) ဒါကလေးတခုဘဲ ကယ်မည့်သူ-ယူမည့်သူ ရှိတယ် ဆိုသဖြင့် ဦးဘတင်- ဒီ.ပြင်ဟာ အားကိုးမရှာနဲ့တော့....(မှန်ပါ့)။

ဦးခင်မောင် - ဘာဘဲအားကိုးရှာရမတုံး .... (ဝိပဿနာဘဲ အားကိုးရှာရပါမယ်) ဝိပဿနာမဂ်ဘဲ....(မှန်ပါ့) ဝိပဿနာမဂ်ကနေပြီး လောကုတ္တရာမဂ်ကို တက်ဖြစ်အောင်သာ အားလုံးတကာတကာမတွေ့ ကြိုးစားပါ၊ ဒီ.ပြင်ဟာတွေက မလုပ်မဖြစ်ကာ မဟုတ်ဘူးနော်....(မှန်ပါ့)။

ဒီဟာကတော့ မလုပ်ယင် ဖြစ်ကို မဖြစ်တာလို့ မှတ်ပါ....(မှန်ပါ့) မလုပ်မဖြစ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြောရယင် ကြွေးများလွန်းလို့ ကြွေးဆပ်တဲ့အလုပ်ကို မလုပ် မဖြစ်ဘာ....(မှန်ပါ့)။

ကြွေးက ဘယ်လောက်များသတုံး.... (မရေတွက်နိုင်အောင် များပါတယ်) အဲဒါ ဘာနဲ့ဆပ်ရမတုံး....(ဝိပဿနာမဂ်, လောကုတ္တရာမဂ်နဲ့ ဆပ်ရပါ့မယ်) လောကုတ္တရာမဂ်, လောကုတ္တရာမဂ် ပေါ့ဗျာ၊ မဂ်နဲ့ဆပ်ရမယ်ဆိုကြပါစို့....(မှန်ပါ့) သောတာပန်လား....(ကျပါပြီဘုရား)။

ကြွေးပေါင်းကလဲ ရေတွက်နိုင်ကြရဲလား....(မရေတွက်နိုင်ပါဘုရား) ဆားတလျက်နဲ့ ကြွေမည့်အလုပ်ကို မလုပ်ဖြစ်ဘူးဆိုယင်ဖြင့် သူ့ထက်မိုက် သူ့ထက်ညံ့ကတော့....(မရှိပါဘုရား)။

မရှိတော့ဘူးဆိုတာ မသတုန်းကတော့ မသသလုနေခဲ့တာက ဒီလိုသစ္စာတရားကို မနာရလို့ ရှိပါစေတော့၊ အခုတော့ဖြင့် ဒီအလုပ်ဟာ ဩော်.... အဟုတ် ကယ်တင်နိုင်တဲ့ အလုပ်ဘဲဆိုတဲ့ ဥစ္စာ တကာ တကာမတွေ ကောင်းကောင်း ရှင်းပြပါတယ်.... (မှန်ပါ့)။

ဘယ်လောက်ဘဲ မိုက်ခဲ့ မိုက်ခဲ့၊ ဘယ်လောက်ဘဲ တခဲ့တခဲ့ ဒီမင်္ဂလာရယင် အကုန် အဟောသိကံဖြစ်တာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝိပဿနာအလုပ်သာ ခင်ဗျားဘို့ လုပ်လို့ရှိယင်ဖြင့် ပဥ္စင်္ဂိက မင်္ဂဆိုတဲ့ ဝိပဿနာမင်္ဂငါးပါးရတယ်၊ နောက်- ကြိုးစားလိုက်တော့ ဒုက္ခအဆုံးမြင်တော့ ရှစ်ပါးရတယ်....(မှန်ပါ့) အဲဒီ ရှစ်ပါးလဲရပါရော သွားရော ဟိုဟာတွေ အကုန် အဟောသိကံဖြစ်တာဘဲ....(မှန်ပါ့) ဒီဘဝလုပ်ထားတာတွေသာ အဟောသိကံဖြစ်တယ်လို့ မထင်ပါနဲ့၊ နောက်က စောင့်နေတာတွေတောင် အဟောသိကံဖြစ်တယ်....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(နောက်က စောင့်နေတာတွေတောင် အကုန် အဟောသိကံဖြစ်ပါတယ်ဘုရား) ဒီဘဝ မိုက်ထားတာတွေလဲ.... (အကုန် အဟောသိကံဖြစ်ပါတယ်ဘုရား) ဒါဖြင့် ဆားတလျက်နဲ့ကြွေတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ကိုင်း.... အားလုံး တကာတကာမတို့ ဩဿ.... ဘုရားသည် အကြိမ်ပေါင်းများစွာ မှာတော်မူတယ်ဆိုတာ ကျုပ်တို့ခင်ဗျား တို့အပေါ်မှာဖြင့် ရာဟုလာသားကဲ့သို့ သနားတယ်၊ ရာဟုလာ ကျွတ်တမ်းဝင်လိမ့်မယ်ဆိုတာ မြင်တော်မူပြီးသားဘဲ....(မှန်ပါ့) ဘုရား)။

ကျုပ်တို့ ကျွတ်တမ်းမဝင်မည့်လူတွေ သူနဲ့မတွေ့နိုင်တဲ့ သတ္တဝါတွေအတွက် ထားပစ်ခဲ့တဲ့ အမွေ၊ ထားပစ်ခဲ့တဲ့ မှာတမ်း.... (မှန်ပါ့)။

အဲဒါတွေ သေသေချာချာ ထောက်ကြည့်တော့မှ ဩဿ.... ဒို့အတွက်ပြောတဲ့စကားကို ဒို့ကနားမှာမထားတော့ဘူး ဆိုယင် ဖြင့် ဒို့ထက်မိုက်တာ၊ ဒို့ထက် ပေတာတော့ဖြင့် မရှိတော့ဘူးဆိုတဲ့ ဥစ္စာ စဉ်းစားကြပါ....(မှန်ပါ့)။

ကဲ....ကယ်မည့်တရားကလေး တွေ့ပလား .... (တွေ့ပါပြီ) ဆားတလျက်နဲ့ ပြေတယ်နော်....(မှန်ပါ့) ဆားတလျက်ဆိုတာ မဂ်တချက်ပေါ်ယင် ကျေတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်လောက်ကြီး အကုသိုလ်ကံတွေဖြစ်ဖြစ် ဘာဖြစ်ရမတုံး (အဟောသိကံဖြစ်ရပါမယ်) အဟောသိကံဖြစ်ရပါမယ်ဆိုတာ တကာတကာမတွေကို ဝတ္ထုသာဓကထုတ်၍ သတိတခုပေးလိုက် ပါဦးမယ်....(မှန်ပါ့)။

မိလက္ခတိဿရဟန်းဆိုတာ ရှိတယ်၊ ဒါ-ဝတ္ထုသက်သေ လုံ လောက်အောင် ထုတ်ပြပါ့မယ်၊ ပေါ့နေမှာကို ဘုန်းကြီးက အာင်မတန် စိုးရိမ်လို့ပါ....(မှန်ပါ့)။

မိလက္ခတိဿရဟန်းဆိုတာက ဦးခင်မောင်တို့ ဦးဝတို့ မှတ်စရာက သူ·လူ့ ဘဝတွန်းက မုဆိုးကိုးဗျ....(မှန်ပါ့) တောထဲမှာ သွားတယ်ဆိုယင် ကြွက်ကင်းတွေ ဘာတွေကို မျှားစွာ ယူသွားပြီး သားတွေ ဘာတွေ သမင်တွေကို ထောင်ဖမ်း၊ လက်နက်တွေနဲ့သတ်၊ အမျိုးမျိုးအဖုံဖုံ သူ့အလုပ်ဟာ ဒါနဲ့ အသက်မွေးနေတယ်....(မှန်ပါ့) တသက်လုံးတော့ မုဆိုးအလုပ်နဲ့ အသက်မွေးတယ် တကာတကာမတို့....(မှန်ပါ့) အဲဒီတော့ ကုသိုလ်လို့များ ပါသေးရဲ့လား....(မပါ-ပါဘုရား)။

တနေ့သဋ္ဌကျတော့ သူ-တောမုဆိုးအလုပ်လာရတာ အသက်ရှည်လာတော့ တကာတကာမတွေ စောစောစီးစီး သိစေချင်တာက အကုသိုလ်အလုပ်လဲ အကုသိုလ်စိတ်ဟာ ခုနစ်ခါ ခုနစ်ခါ ဇော ခုနစ်ကြိမ်ဖြစ်တယ်နော်...(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဇောခုနစ်ကြိမ်ပေါင်းဟာ ရေတွက်နိုင်ပါ့မလား (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်တော့ ၁-၂-၃-၄-၅-၆-၇ ဟုတ်လား၊ အကုသိုလ် တခါလုပ်တယ်ဆိုယင် ဇောဟာ ခုနစ်ကြိမ်ဖြစ်တယ်....(မှန်ပါ့)။

ဟောဒီမှာကြည့် ဒီပဌမ ဇောနံပါတ် ၁-မနေဘူးလား.... (နေပါတယ်) ဒီ၁-နံပါတ်မှာရှိတဲ့ ပဌမဇောက ဒီဘဝ အကျိုးပေးမယ်....တဲ့၊ ဒီအထဲမှာပါတဲ့စေတနာက ဒီဘဝမှာ အကျိုးပေးရမယ်....(မှန်ပါ့)။

ဟောဒီ တတိယဇောမှ ဆဋ္ဌဇောတိုင်အောင် အလည် ငါးဇောက တတိယဘဝမှ နိဗ္ဗာန်မရမခြင်း လိုက်ပြီး အကျိုးပေးမယ်....(မှန်ပါ့)။

၁-နံပါတ်က ဘယ်ဘဝမှာ အကျိုးပေးမယ်....(ဒီဘဝမှာဘဲ အကျိုးပေးပါမယ်) ၇-နံပါတ်မြောက်ကကော....(ဒုတိယဘဝမှာ အကျိုးပေးပါမယ်) အလည်ငါးခုကကော....(နီဗွာန်ရသည့် တိုင်အောင် အကျိုးပေးပါ့မယ်) နီဗွာန်မရမခြင်း အကျိုးပေးတယ်၊ တတိယဘဝက စ,လိုက်တာ....(မှန်ပါ့ဘုရား) ဩော်.... ဒီအလည်ဇောတွေက လိုက်နေကြတာကိုး....(မှန်ပါ့)။

တကာ တကာမတို့ ဒါဖြင့် ခင်ဗျားတို့မှာ နှုတ်ခမ်းကလေး စူယင်လဲ ဒီခုနစ်ကြိမ်လာတာဘဲ.... (မှန်ပါ့) ဘိုနပ်ကလေး ဆောင့်နင်းယင်ကော....(ခုနစ်ကြိမ် လာပါတယ်ဘုရား) ကျုပ် စိတ်ထဲမှာ မကောင်းဘူးဆိုယင်ကော....(ခုနစ်ကြိမ် လာပါတယ် ဘုရား)။

ဟော.... ဒါဖြင့် ခုနစ်ကြိမ်လာတော့ ဒီပဋ္ဌမအကြိမ်ဖြစ်တဲ့ ဇောက ဘယ်အချိန် အကျိုးပေးတာတုံး.... (ယခုဘဝတွင် ပေးပါတယ်) ဒီသတ္တမအကြိမ်ကကော....(ဒုတိယဘဝ အကျိုးပေးပါတယ်) အလည်ငါးခုကကော.... (တတိယဘုဝမှစ၍ နီဗွာန်မရမခြင်း အကျိုးပေးပါတယ်ဘုရား)။

အဲ...တတိယဘဝမှ စ,တယ်ဟုတ်လား၊ နီဗွာန်မရမီ စပ်ကြား မှာ သူ အဟောသိကံမဖြစ်ဘဲနဲ့ အကျိုးပေးလိုက်နေမှာဘဲတဲ့.... (မှန်ပါ့) ကဲ....မောင်သစ်-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခုနင်ကပြောခဲ့တဲ့ မိလက္ခမုဆိုးမှာ ဒီပဋ္ဌမဇောပေါင်း ဘယ်လောက်ရှိမယ်ထင်သတုံး....(မရေတွက်နိုင်ပါဘုရား) ဒါဖြင့် ဒီပဋ္ဌမဇောတွေက ဒီဘဝ အကျိုးပေးနိုင်တယ်....(မှန်ပါ့) ဒီဘဝတွင်ကို သူ့မှာ ပေးလိမ့်မယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီဘဝ အကျိုးပေးပုံကို ဦးခင်မောင်တို့ဦးဝံတို့ ထုတ်ကြရမှာပေါ့....(မှန်ပါ့) သူဟာ တခါတည်း တောမုဆိုး လုပ်ပြီးသကာလ သားကောင်တွေကို သတ်ဖြတ် စားသောက် ရောင်းချ၊ ဒါနဲ့ သားတွေ မယားတွေကိုကျေး၊ ဒီလိုနဲ့ချည့်ဘဲ အချိန်ကုန်ပြီးသကာလ လာတာ တနေ့သဋ္ဌကျတော့ သူ-ကြွေကွင်းတွေနဲ့ တောထဲသွား၊ ရတဲ့သားကောင်ကို နေရာမှာဘဲ သတ်ဖြတ် ကင်ပြုစားတော့ ရေဆာလောင်မွတ်သိပ်ပါတယ်.... (မှန်ပါ့)။

ရေဆာလာတာနဲ့ ကျောင်းတကျောင်းသွားတယ်၊ ကျောင်းတကျောင်းသွားတော့ ရဟန်းတော်တပါးက သက်ဒ်းချုပ်နေတယ်၊ ရေအိုးမြင်တာနဲ့ သူကလဲ ရေအိုးစင်ရှိတဲ့ဆီကို ဦးခင်မောင်-ဝင်တာပေါ့ဗျာ....(မှန်ပါ့)။

ရေအိုးစင်ဆိုတော့ ရေကို ရဟန်းဆီမှာ မတောင်းတော့ဘူး၊ ရေအိုးစင်ဆိုတာ လူတိုင်း သောက်နိုင်တယ်ဆိုတာ သူ-သိတာနဲ့ ရေခပ်လိုက်တော့တာဘဲ၊ ရေအပြည့်ထည့်ထားကဲ့ ရေအိုးဟာ တကာတကာမတို့ ရေမရှိတော့ဘဲ ချောက်ချောက်- ချောက်ချောက် မြည်နေတယ်....(မှန်ပါ့) ရေအပြည့် ထည့်ထားကာကို ချောက်ချောက်မြည်နေတယ်....(မှန်ပါ့) ဘာဖြစ်လို့တုံး၊ ရေပျောက်သွားတယ်....(မှန်ပါ့)။

ဒါဘယ်သူခပ်လို့ပျောက်သွားတာတုံး....(မုဆိုးခပ်လို့ပျောက်တာပါ) ရေရှိလျက်နဲ့ ရေပျောက်နေတာနော်....(မှန်ပါ့)။

ဦးခင်မောင်-ဒါဟာ ဘယ်ဇောသတ္တိ ထင်သတုံး .... (ပဌမဇောသတ္တိပါဘုရား) ဟောဒီဘဝတင်ပင် အကျိုးပေးတာနော်-(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် .... ဒီပဌမဇောအကြောင်းကို ဦးခင်မောင်တို့အား ရှေ့ပိုင်းက ရှင်းလင်းပြခဲ့တယ်....(မှန်ပါ့) ကဲ....ပဌမဇောက ယခုဘဝနော်....(မှန်ပါ့) ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း အကျိုးပေးတာ ဒီဇောက....(မှန်ပါ့) တခါလုပ်လို့ ရှိယင် ခုနစ်ရက်၊ ခုနစ်လ၊ ခုနစ်နှစ်အတွင်း သူက အကျိုးပေးနိုင်တာဘဲ....(မှန်ပါ့)။

ဦးခင်မောင်- ဒီဟာ ဗဟုသုတလဲဖြစ်ကရော လိုရင်းလဲ ခင်ဗျားတို့ ပေါ့နေတာကိုလဲ မပေါ့အောင်လို့ ဒီအဓိပ္ပါယ် ပြောနေတာ....(မှန်လှပါ) ပေါ့နေတာ ဒီအဓိပ္ပါယ်သိတော့ မပေါ့နိုင်တော့ဘူး။

ကိုင်း .... ဒါဖြင့် တကာ တကာမတို့ ရေအိုးဟာ ချောက် ချောက်-ချောက်ချောက်မြည်ပါတယ်ဆိုကတည်းက ရေပျောက်လို့ဘဲ....(မှန်ပါ့) ရေရှိယင် မြည်ပါ့မလား....(မမြည်ပါဘုရား) ရေခပ်တယ်ဆိုယင် ရေတင်ပါလာမှာပေါ့၊ ရေအိုးဟာ ဘာ မြည်စရာရှိသေးသလဲ....(မရှိပါဘုရား)။

အဲဒီတုင် သူ့စိတ်ထဲမှာ ဦးဝတို့ဖြစ်လာတယ်၊ ဩော်.... ငါ သွားခပ်တဲ့ရေအိုးမှာ ရေလဲမရှိဘူး၊ ရဟန်းကလဲ ဒီအနားမှာ သက်န်းချုပ်နေတယ်၊ ဒီမုဆိုးကဘဲ အပြစ်တင်လိုက်သေးတယ် တကာ တကာမတို့....၊ ရဟန်းတွေဟာ သူတပါးတွေ လှူတာ၊ ပေးတာ၊ ကမ်းတာတွေစားပြီး ကိုယ့်ကျောင်းမှာ သေနာသနဝတ်-ဆိုတဲ့ ရေကလေးတောင်မှ ပြည့်အောင် မခပ်ဘူး....တဲ့၊ သူကဘဲ မြည်ကာ တုန်ကာနဲ့ နေလိုက်သေးတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ရေပျောက်တာက သူ့ကြောင့် ပျောက်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါနဲ့ ရဟန်းက ကြားရော....ရဟန်းကလဲ ရဟန္တာ-တကာတကာမတို့ ညံ့တာမဟုတ်ဘူး....(မှန်ပါ့) ရဟန်းကကြားတော့ ဘယ်နှယ်တကာပါလိမ့်မတုံး၊ ငါ-မနက်ကဲ့ ရေအိုးတွေ ရေအပြည့် အကုန်ထည့်ထားပါလျက်သားနဲ့ သူခပ်တော့ ရေအိုးကမြည်နေတယ်၊ ရေလဲ သူ့မှာ သောက်ရှာရတာ မဟုတ်ဘူး....(မှန်ပါ့) ငါ့ကိုတောင် အပြစ်တင်ပြီးသကာလ နေသေးတယ်၊ ငါ- သွားကြည့်ဦးမယ် ဆိုပြီး သွားပြီးကြည့်လိုက်တော့ ရေအပြည့်ဘဲရှိတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်ဇောအကျိုးပေးတာတုံး .... (ပဌမဇော အကျိုးပေးတာပါ) ဟာ .... မောင်သစ်တို့ သိပ်ကြောက်စရာကောင်းပါလားဟေ့-(မှန်ပါ့) ပဌမဇော အကျိုးပေးတယ်ဆိုတော့ ဒီဘဝတွင်ပင် တကာတကာမတို့ အကျိုးပေးတာ ငြင်းစရာများ လိုသေးသလား....(မလိုပါဘုရား)။

ကောင်းပြီ....ဒါနဲ့ရဟန်းက ထ,ကြည့်ပြီးတော့ ရေအပြည့်ဘဲရှိတယ်....(မှန်ပါ့) ဒါနဲ့ သူ့ကိုမေးတယ်၊ တကာ့လာပါဦး.... ဘာကိစ္စတုံး၊ ရေသောက်ချင်တာဘဲမဟုတ်လား ဖမ်းတော့ ရေသောက်ချင်ပါတယ်ဆိုတော့ ရဟန်းက ခပ်ပေးတော့လဲ သူ-ဝ,အောင်ဘဲ သောက်ရတယ်....(မှန်ပါ့) သူသာခပ်ယင်တော့ မရတော့ဘူး....(မှန်ပါ့)။

ခင်ဗျားတို့လဲ စကားစပ်မိလို့ ထည့်ပြီး ဆုံးမရမှာဘဲ၊ ငွေတွင်းနက်တယ်ဘုရာ့- ငွေတွင်းနက်တယ် စသည်နဲ့ သုံးစွဲလာကြတယ်....(မှန်ပါ့) ငွေပျောက်လာပြီ၊ ဘယ်သူက အကျိုးပေးတယ်ဆိုတာ ရိပ်မိကြပလား .... (ရိပ်မိပါပြီ- ပဌမဇောကပါဘုရား)။

အစာ ရေစာတွေ ရှားပါးခေါင်းပါးလာကြတယ်၊ ဘယ် ဇောသတ္တိပါလိမ့်....(ပဌမဇောပါဘုရား) ပြီးတော့ ခင်ဗျားတို့ ပါးစပ်ဟာ ဘယ့်နှယ်မျှား ညည်းသတုံး....(ငွေတွင်းနက်တယ်လို့ ညည်းပါတယ်ဘုရား)။

ရွှေတွင်းနက်တယ်၊ ရွှေတွင်းနက်တယ် ဖြစ်လာကြတယ်.... (မှန်ပါ့) အခုကမ္ဘာလောကကြီးမှာ မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်) ဖြစ်တန်သလောက် ဖြစ်နေပြီဆိုတာ သဘောကျ ကြပလား.... (ကျပါပြီဘုရား) ဒါ-ဘယ်ဇောသတ္တိပါလိမ့်.... (ပဌမဇောသတ္တိပါဘုရား)။

အဲဒါ ကိုယ်တိုင် စဉ်းစားကြည့်ပါ၊ ဒီဟာ ဘယ်လိုမျှား နေကြရ ထိုင်ကြရသတုံး၊ ဟို-ကမ္ဘာစစ်ကြီးမဖြစ်မီက နေခဲ့ကြရ ထိုင်ခဲ့ကြရတာနဲ့၊ အခုကမ္ဘာစစ်ကြီးပြီးမှ နေကြရ ထိုင်ကြရ တာနဲ့၊ ရှေ့အနာဂတ် စစ်မက်အချိန်တွေ နေရ ထိုင်ရမှာနဲ့ အမျိုးမျိုး ချိန်ကြည့်ကြတာပေါ့ဗျာ... (မှန်ပါ့) ချိန်တဲ့အခါ ကျလို့ ရှိယင်ဖြင့် ရှာ်းပါးလာတာဟာ ပိုပိုလာပါလိမ့်မယ် တကမ္ဘာလုံးမှာ....(မှန်ပါ့) မပိုဘူးလား....(ပိုပါတယ်ဘုရား)။

အဲဒါ ဘာတွေတုံးလို့ဆိုတော့ ပစ္စည်းကတော့ သူ့ရာသီနဲ့၊ သူ့ဝတ္ထုနဲ့ ပေါက်လျက် ဖြစ်လျက်ဘဲ၊ သို့သော်....ကိုယ့်လက်ထဲ မရောက်တာက သေချာနေဘယ်....(မှန်ပါ့) မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဘယ်သူ့သတ္တိပါလိမ့်....(ပဌမဇောပါဘုရား) ဘာပဌမဇော ပါလိမ့်....(အကုသိုလ်ပဌမဇောပါဘုရား) ရှင်းပလား.....(ရှင်း ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီပဋ္ဌမဇော်တွေကလဲ အကျိုးပေးနေတာ အထင်အရှားဖြစ်နေတော့ ကမ္ဘာလောကကြီးမှာလဲ မိုးကလဲ ခေါင်လိုက်တာဟုတ်လား၊ မရွာသင့်တဲ့အချိန်ရွာ၊ ရွာသင့်တဲ့အချိန်မှာ မရွာဘဲနဲ့ တိုတိုပြောမယ်ဆိုလို့ရှိယင် တကာတကာမတို့ အခုလိုအခါမျိုးမှာ မြေကြီးဟာ အောက်မှာ မြေသြဇာရောက်သွားတယ်....(မှန်ပါ့)။

စိုက်တဲ့သစ်ပင် အသီးအနှံ- စသည်တို့ ဖွင့်ဖွင့်ပြိုးပြိုး မလာနိုင်ဘူး....(မှန်ပါ့) မြေသြဇာ အောက်ရောက်သွားတော့ ဘယ်လိုပင် အပေါ်က ဖြူးငြူးသော်လဲ သူ့ပင်ကိုယ်လောက်တော့ ကောင်းပါ့မလား....(မကောင်းပါဘုရား)။

အဲဒါ ခုနင်ကပြောခဲ့တဲ့ ပဋ္ဌမဇော်တွေကနေပြီး အကျိုးပေးချလိုက်တာ၊ မကောင်းကျိုးပေါ့ဗျာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ သြော် .... မြန်မြန်လုပ်မှတော်တော့မယ်ဆိုတာ မပေါ်လာသေးဘူးလား .... (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ခုနင်ကမုဆိုးဟာ ရဟန်းခပ်ပေးတော့ ရသောက်ရတယ်၊ သူကိုယ်တိုင်ခပ်တော့ ရအိုးချောက်ချောက်မြည်ပါတယ်ဆိုတာ ထောက်သဖြင့်လဲ ဘုန်းကြီးတို့ တကာ တကာမမတွေဟာ ဒီဖြစ်စဉ်နဲ့လဲ ခပ်ဆင်ဆင်ပါကလား လို့ တွေးကြပါတော့....(မှန်ပါ့)။

နောက်ကျတော့ လုံးလုံးတူချင်တူပါလိမ့်မယ်၊ အခုတော့ ဆင်ရုံဘဲ ရှိသေးတယ်....(မှန်ပါ့) လုံးလုံးတူယင်တော့ဖြင့် ခင်ဗျားတို့ ဒုက္ခရောက်တော့မယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အခုတော့ ဘယ်နှယ်နေသတုံး.....(ဆင်ရုံဘဲ ရှိပါသေးတယ်) နောက် ချွတ်ဆွတ်တူက ....(တူနိုင်ပါသေးတယ်ဘုရား) လာနိုင်တယ်၊ မိုးသာ သုံးနှစ်လောက်ခေါင်လိုက်မယ်ဆို ဒါဟာ အကုန်သွားတော့မှာဘဲ....(မှန်ပါ့)မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

ကောင်းပြီ .... ဒါဖြင့် တကာ တကာမတို့ ပဋ္ဌမဇော်သတို့ သိကြပလား....(သိပါပြီဘုရား) ကောင်းပြီ.... ပဋ္ဌမဇော်သတို့ သိကြပြီ။

ခုနင်ကဝတ္ထု ပြန်ဆက်ကြစို့၊ ဒါနဲ့ရဟန်းက လူပြီတ္တာဖြစ်နေပါပေါ့လား။ ပြောလိုက်တော့ သတိရပြီး ဩော် .... ငါ့အကုသိုလ်တွေဟာ အင်မတန် ကြီးနေပါပေါ့လားလို့ ချက်ချင်း သံဝေဂရတယ်....(မှန်ပါ့)။

သူ့အကုသိုလ် အင်မတန် ကြီးနေပြီဆိုတာ ကြည့်ပါလား၊ လက်တွေ့ဘဲမဟုတ်လား....(မှန်ပါ့) ရဟန်းခပ်တိုက်တဲ့အခါ သူဝမ့်အောင် သောက်ရတယ်၊ သူကိုယ်တိုင် ခပ်လို့ရှိယင် ဘယ်အိုးခပ်လို့မှ ရတော့မှာမဟုတ်တော့ဘူး....(မှန်ပါ့)။

တကာတကာမတို့ ဒါဟာ အသက်သေပလား၊ မသေခင်က ပြနေတာလား....(မသေခင်က ပြနေတာပါဘုရား) အဲ....မသေခင်ကပြတော့ သေခါနီးကျတော့ ဒီနိမိတ်တွေ လာမှာလား၊ မလာဘူးလား....(လာမှာပါဘုရား)။

အဲဒါကြောင့် ခုနင်က ဘုရားဟောတဲ့ပါဠိတော်ကို ကိုသစ်တို့ကို သတိပေးရတာ.....(မှန်ပါ့) အခုမသေခင်ဘဲ ဦးခင်မောင်သေသေချာချာ ပေါ်မနေပေဘူးလား .... (ပေါ်နေပါတယ် ဘုရား)။

ကိုင်း....ဒါနဲ့ဘဲ သူ့စိတ်ထဲမှာ သံဝေဂရတယ်၊ မသေခင်ကပင် ငါဟာ လူပြိတ္တာဖြစ်နေပါပေါ့လား....(မှန်ပါ့) လူပြိတ္တာဖြစ်နေပြီ၊ စားရမဲ့ သောက်ရမဲ့တောင် ဖြစ်နေပါပေါ့လား၊ ရေအိုးထဲကရေဘောင် ပျောက်ပါပေါ့လားဆိုပြီး တပည့်တော်ဘုရား- သက်နိုးဝတ်ပါရစေ ဆိုပြီး သူက တောင်းပန်တယ်....(မှန်ပါ့)။

အေး....တကာ- ဝတ်တာပေါ့ကွာ....တဲ့၊ သနားတာကိုး....(မှန်ပါ့) ဝတ်တာပေါ့ကွာ-ဆိုပြီး ကျောင်းမှာရှိတဲ့ သက်နိုးကလေး ဘာကလေးထုတ်ပြီး သူ့ကို အဝတ်ခိုင်းတယ်၊ အဝတ်ခိုင်းပြီးတော့ တရားဓမ္မကို ထိုက်တန်သလောက် ပေးထားငြားသော်လဲ သူ-မရှုနိုင်ဘူး၊ သူ့စိတ်ထဲမှာ ခုနင်က ကြွက်ကွင်းတွေ၊ ခုတ်တဲ့ဓါးတွေ၊ ဒါတွေချည့်လာထင်နေတယ်....(မှန်ပါ့ ဘုရား)။

ဝိပဿနာရှုတဲ့အခါမှာလဲ ရှုလို့မရဘဲ မဟုတ်တာတွေ လာထင်နေတယ်၊ ကောင်းသေးရဲ့လား တကာ တကာမတို့.... (ကောင်းပါဘုရား)။

ခင်ဗျားတို့ ဝိပဿနာရှုတဲ့အခါလဲ သတိထားရသေးတယ်၊ သားကလေးများ လာပြီထင်၊ သမီးကလေးများ လာပြီထင်နဲ့ ပြီတွာဖြစ်နေမလို့ဆိုတာ သေချာနေကြပါဦးမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာများလာထင်တတ်သတုံးဗျာ.... (သားသမီးလာပြီး ထင်တတ်ပါတယ်ဘုရား) အင်း....သူတို့အတွက် ခက်သေးတယ်ဆိုတဲ့ အဓိပ္ပါယ် ပါနေကြမယ်နော်....(မှန်ပါ့)။

ဦးခင်မောင် - အရုပ်ဆိုးတဲ့ဥစ္စာတော့ မပေါ်မှနော်.... (မှန်ပါ့) သူ့မှာတော့ ဘာတွေလာထင်သတုံးဆိုတော့ ကြွက်ကင်းတွေ၊ ဓါးတွေစတဲ့ သူလုပ်ခဲ့တဲ့နမူနာတွေ လာထင်တယ်.... (မှန်ပါ့)။

သူလုပ်ခဲ့တဲ့ ဖြစ်စဉ်တွေ လာထင်နေတော့ ဆရာရဟန်းကို သွားပြီးလျှောက်တယ်၊ ဘယ့်နှယ်ဖြစ်တာတုံးမေးတော့ သူ့ဖြစ်တွေ လျှောက်တယ်....(မှန်ပါ့)။

ငရဲအကြောင်းကိုလဲလျှောက်တော့ ရဟန်းက သဖန်းသားအစိုတွေ အရှာခိုင်းတယ်၊ သဖန်းသားဆိုတာကတော့ ဦးခင်မောင်တို့ မြင်ဘူးမှာပေါ့ဗျာ.... ခုတ်လိုက်တယ်ဆိုယင် အစေးထွက်တာဘဲ....(မှန်ပါ့)။

အဲဒီ သဖန်းသား လှည်းအစီးတိုက်များစွာကို အပုံခိုင်းတယ်၊ အဲဒါကို မီးခတ်ကျောက်နဲ့ မီးရှို့တော့ ဘယ့်နှယ်လုပ် လောင်မလဲ တကာတကာမတို့....(မလောင်ပါဘုရား) လောင်ပေါ့ရာကော အကြောင်းရှိသေးရဲ့လား....(မရှိပါဘုရား) သဖန်းသား

ဆိုတာ နဂိုရိကကိုက အစေးထွက်နေတာ.... (မှန်ပါ့) မီးခြစ်မီးခတ်ကလေးနဲ့ရှို့လို့ လောင်ပါ့မလား....(မလောင်ပါဘုရား)။ မလောင်တော့ ရဟန္တာအရှင်မြတ်က အဘိညာဏ်တန်ခိုးနဲ့ငရဲမီးကို ပိုးစိန်းဖြူလောက် မီးပွားကလေးယူလာတယ်၊ အဲဒီမီးကလေးကို ခုနင်က သဖန်းသားပုံထဲကို ရဟန္တာက ထည့်လိုက်တဲ့ယ်၊ မီးပွားကျသည်နဲ့ တပြိုင်နက်တည်း အကုန်ပြာကျတယ်.... (မှန်ပါ့)။

ငရဲမီးဟာ ဒါလောက်ပြင်းတယ်၊ သဖန်းသားပုံထဲ ရောက်သည်နဲ့ တပြိုင်နက်တည်း သဖန်းသားတွေ ပြာကျတာဘဲ.... (မှန်ပါ့) ဘယ်လောက်ပြင်းထန်သတုံး....(ပြင်းထန်ပါတယ်ဘုရား)။

အဲဒီတော့ခုနင်ကရဟန်းဟာ လန့်သွားတယ်၊ ငရဲမီးပြင်းထန်ပုံကို ကိုယ်တိုင်တွေ့ရပြီ၊ ရိုးရိုးမီးနဲ့ တနေ့လုံး ရှို့နေတဲ့ သဖန်းသားပုံကြီးမလောင်တာကို ငရဲမီးပွားကလေး ကျသည်နဲ့ တပြိုင်နက်တည်း အကုန်ပြာကျသွားတယ်....(မှန်ပါ့)။

ဒီတော့ ငရဲမီးဆိုတာ ပူပြင်းပုံကို သူမြင်ရပြီး ဒီအတိုင်းသာတရားအားမထုတ်ဘဲနေပါက သူသည်လည်း ထိုငရဲမျိုးဌ ကျရောက်ခွင့်ရှိပုံကို သဘောပေါက်သွားတော့ အင်မတန် ထိတ်လန့်တုန်လှုပ်သွားတယ်....(မှန်ပါ့)။

ဒါနဲ့ ငါသည် အရိုးကျေကျေ အရေခန်းခန်း တရားအားထုတ်ပါတော့မယ်လို့ စိတ်ပြောင်းလိုက်တယ် တကာတကာမတို့ (မှန်ပါ့) ခင်ဗျားတို့လဲ ပြောင်းသင့် မပြောင်းသင့်.... (ပြောင်းသင့်ပါတယ်ဘုရား)။

ဘာဖြစ်လို့ပြောင်းသင့်သလဲလို့ဆိုယင် ဟိုမှာ ရေခန်းတာသာကြည့်တော့....(မှန်ပါ့) ဘယ့်နှယ်တုံး ခင်ဗျားတို့လဲ ချောက်ချောက် မမြည်သေးဘူးလား သေတ္တာဖွင့်လိုက်ယင်....(မြည်ကုန်ပါပြီဘုရား) အေး....သေချာပြီ မဟုတ်လား.... (သေချာပါပြီဘုရား)။

ရှေကိုဖြင့် ဒီအတိုင်းနေယင် ငရဲခန်းတွေနဲ့ လွတ်နိုင်ပါဦးမလား.... (မလွတ်နိုင်ပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဦးဘအုန်း.... ရှေ့ ဘာအခန်းရှိတော့သလဲ.... (ငရဲအခန်းဘဲရှိပါတော့တယ်ဘုရား)ငရဲအခန်းဘဲရှိတော့တယ်ဆိုတာ အားလုံးတကာတကာမတွေ့ ဒါဟာ သေသေချာချာ ရှင်းပြနေတာနော် (မှန်ပါ့)။

ဒါနဲ့ သူ့စိတ်ထဲမှာ ကိုင်း....ဒီခန္ဓာကြီးတော့ ငဲ့နေလို့မဖြစ်တော့ဘူးဆိုပြီးသကာလ တရားအားထုတ်မှု ဖြစ်ပျက်ဘဲကြိုးစားပါတော့မယ်လို့ သူဟာ ရဟန္တာဆီမှာ တာဝန်ခံလိုက်တယ်....(မှန်ပါ့) ရဟန္တာကလဲ ဂါထာကလေးတခု ရွတ်လိုက်တယ်....

ဥဋ္ဌာန ဝတောသတိမတော၊
သုစိကမ္မဿနိကာမကာရိနော။
သညတာသဉ္ဇဟ္မစာရိနော၊
အပ္ပမတ္တာဿယသောအဘိဝဍ္ဎတိ။

ဒီဂါထာရဲ့အဓိပ္ပါယ်က လုံ့လဝီရိယရှိလို့ရှိယင် သတိထားဂိရိယာစုံက်၊ ပညာနဲ့ရှယင် ရနိုင်တယ်ဆိုတဲ့ဂါထာဘဲ....(မှန်ပါ့)

သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှုရမယ်၊ ဖြစ်ပျက်ကို တွေ့ရမယ် (မှန်ပါ့) ဆိုကြစမ်းပါ တကာတကာမတို့....

သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှု....။

အဲဒါဆိုယင် ဖြစ်ပျက်တွေ့မယ်....(မှန်ပါ့) ဖြစ်ပျက်တွေ့ယင် မပူနဲ့တော့၊ ဖြစ်ပျက်တွေ့ယင်ဘဲ နေရာကျပြီ၊ မင်္ဂလာဦးတည် နေပြီ၊ဖြစ်ပျက်တွေ့တယ်ဆိုကတည်းကမင်္ဂဝင်ငါးပါးပေါ်လို့ တွေ့တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက် တွေ့တယ်ဆိုကတည်းက.... (မင်္ဂဝင်ငါးပါးပေါ်လို့ တွေ့တာပါဘုရား) ဒါဖြင့် မင်္ဂဝင်ငါးပါးပေါ်အောင် ခင်ဗျားတို့ ဘယ့်နှယ်လုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ဖြစ်ပျက်ပေါ်အောင် သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှု.... (မှန်ပါ့) သတိထားဆိုကတည်းက သတိမဂ္ဂင်ပါမနေဘူးလား.... (ပါ-ပါတယ်ဘုရား) မပါ့သေးဘူးလား....(ပါ-ပါတယ်ဘုရား)။

သတိထားတော့ သတိနဲ့-သမာဓိနဲ့က ခဲလို့ မရတော့ သမာဓိမဂ္ဂင်ကလဲ့ ပါနေတယ်....(ပါ-ပါတယ်ဘုရား)ဝိရိယစိုက်ဆိုတော့ သမာဓိမဂ္ဂင်ထဲက သူ ခေါင်းဆောင်မနေဘူးလား.... (နေပါတယ်ဘုရား) ပညာနဲ့ရှုဆိုတော့ ပညာမဂ္ဂင်နှစ်ပါးမပါဘူးလား (ပါ-ပါတယ်ဘုရား)။

ပညာဟာ သမ္မာဒိဋ္ဌိဆိုတော့ သမ္မာသင်္ကပ္ပတဲ့လျက်ဝင်လာတယ်....(မှန်ပါ့) ဒါကြောင့် သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှုဆိုယင် မဂ္ဂင်ငါးပါး ပါတယ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲ....ဖြစ်ပေါ်လာတဲ့တရားကလေး ခန္ဓာကြည့်ပြီးသတိထား လိုက်လို့ ရှိယင်ဖြင့် ဝိရိယစိုက်ပြီး ကြည့်လို့ ရှိယင် ပညာ တခါ တည်း ဖြစ်ပျက်မြင်လာတာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီ ဂါထာကလေးကို သူကြားရတော့ သြော်.... ငါလို ပုဂ္ဂိုလ်ကို ဒီသုံးချက်အလုပ်ခိုင်းတာကိုးလို့ သူသိတယ်....(မှန်ပါ့ ဘုရား)။

ကိုင်း.... ဒီသုံးချက်တော့ဖြင့် လက်လှတ်မခံဘူး၊ သတိလဲ ထားမယ်၊ ဝိရိယလဲစိုက်မယ်၊ ပညာနဲ့လဲရှုမယ် ခန္ဓာကိုဆိုပြီး သူပေါ်လာတယ်....(မှန်ပါ့)။

ပေါ်လာတော့ ငရဲလဲသွားရမှာလဲ ကိုယ်-ကိုယ်တိုင် နား လည်ပြီးသား၊ ငရဲမီးပူပုံကိုလဲ အကုန်သိပြီ....(မှန်ပါ့) ငရဲမီး ပူ တာဟာ တကာတကာမတို့ မြင်ပြီးပြီမဟုတ်လား....(မြင်ပြီးပါပြီ ဘုရား)။

အဲဒါတွေမြင်တော့ ထိနမိဒ္ဓဆိုတာ အိပ်ချင်တယ်-ငိုက်မျည်း တယ်၊ မအိပ်မနေ လုပ်နေတော့မယ်ဆိုပြီး ခေါင်းပေါ်မှာ တခါတည်း ကောက်ရိုး ကရုတ်ခွေကြီးတွေကို ရေဆွတ်ပြီး ခေါင်းပေါ်မှာ စွပ်တယ်၊ ခြေထောက်ကလဲ အဝတ်ရေဆွတ်ပြီး စီးထားတယ်၊ အေးတော့ မအိပ်ဘူး၊ ခေါင်းပေါ်ကလဲ ရေ တစက်စက်ကျနေတော့ မျက်တောင် စဉ်းနိုင်သေးရဲ့လား.... (မစဉ်းနိုင်ပါဘုရား)။

မစင်းနိုင်တော့ဘူး၊ မျက်လုံးက တခါတည်း ကျယ်နေတော့ တာဘဲ....(မှန်ပါ့) ကရုတ်ခွေကိုလဲ ရေစိမ်ပြီးမှလဲ ခေါင်းပေါ် တင်ထားတာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အောက်ကလဲ ခြေထောက်ကို အဝတ်စိုတွေနဲ့ပတ်ထားတယ် စီးထားတယ်၊ အဲဒီလို လုပ်ပြီးတော့မှ ဦးခင်မောင် ခုနင်က ပြောတဲ့ သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ ရှုတယ်၊ ဒီတော့ အိပ်ဖြစ်သေးရဲလား....(မအိပ်ဖြစ်တော့ပါဘုရား) သူဘာဖြစ်လို့ မအိပ်ဖြစ်တာတုံး....ဆိုတော့ သူကိုယ်တိုင် ငရဲလဲသိပြီ၊ ငရဲမီးထက် ပုံကော....(မြင်ရပါပြီဘုရား)။

သူကိုယ်တိုင် မြင်ရတော့ တကာ တကာမတို့ ဒီအလုပ်ကို ကရုတ်ခွေကြီးခေါင်းပေါ်မှာ စွပ်ထားတာလဲ မအိပ်ချင်အောင်ဘဲ....(မှန်ပါ့)။

ခြေထောက်ကို အဝတ်ရေဆွတ်ပြီး ပတ်ထားတာကော.... (မအိပ်ချင်အောင်လို့ပါဘဲဘုရား) ပြီးတော့ သူက စကြံသွား တယ်၊ စကြံသွားရင်း တရားကို ကြိုးစားတယ်။

စကြံနဲ့ကြိုးစားနေတော့ တကာ တကာမတွေ ထင်ရှားသားဘဲ၊ လမ်းမှာ ခြေဖဝါးချတယ်ဆိုယင် ဒုက္ခဝေဒနာပေါ်တာဘဲ (မှန်ပါ့) ဒီဘက်ချတော့ကော....(ဒုက္ခဝေဒနာပေါ်တာပါဘဲ) ပေါ်တာကလေးကို သူ့ပျက်တယ်, ပျက်တယ် ကြည့်မှာဘဲ.... (မှန်ပါ့)။

ခြေထောက်နဲ့ မြေနဲ့ ထိတယ်ဆိုယင် ထိရာမှာ မပေါ်ပေဘူးလား....(ပေါ်မှာပါဘုရား) ဝေဒနာတော့ ပေါ်ရမယ်.... (မှန်ပါ့) ပေါ်တာ ဘာလုပ်သတုံး....(ဖြစ်ပျက်ရှုပါတယ်ဘုရား) သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ကြည့်နေတာ....(မှန်ပါ့)။

သတိထားတော့ ပေါ်တာသိတာပေါ့....(မှန်ပါ့) ဝီရိယ စိုက်ကြည့်တဲ့အခါကျတော့ ဩော် .... ဒါဟာ ဒုက္ခဝေဒနာ

ကလေးဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား) ပညာနဲ့ကြည့်လိုက်တဲ့အခါ ပျက်သွားပြီ၊ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့သည် ဒီအတိုင်း စကြံသွားပြီးလုပ်လဲရတာဘဲ၊ ခန္ဓာကိုယ် ထိုင်နေရင်းလုပ်ယင်ကော....(ရပါတယ်ဘုရား)။

ဒါနဲ့ အဲဒီမိလက္ခရဟန်းဟာ ဒီအတိုင်းလုပ်လိုက်တာ မိုးလင်းတော့ ဦးခင်မောင်- သောတာပန်တင်မကဘူး၊ အနာဂါမ်ထိအောင်တည်တယ်....(မှန်ပါ့) အနာဂါမ်တည်တော့ တသက်လုံး မုဆိုးလုပ်လာတဲ့ဟာတွေဟာ အကုန်အဟောသိကံဖြစ်တယ် (မှန်ပါ့) ဆားတလျက်နဲ့ ကျေတာဘဲဗျာ....(မှန်ပါ့) တသက်လုံး လုပ်လာတာတွေဟာ အခုမင်္ဂလာတည်းနဲ့ဘဲ နေရာကျသွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဦးခင်မောင် - ငရဲသေချာပြီးသားပဲဂို့လ်တောင်ကယ်တင်တာဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ငရဲမီးပူပုံကို သဖန်းသားအစိုတွေ မီးရှို့ပြတယ် .... (မှန်ပါ့) တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ .... ဒီလမ်းနဲ့ ဒီစခန်းကို သေချာသလောက်ရှိတဲ့ပဂို့လ်ကိုတောင်မှ ဦးဘတင်-ကယ်တင်နိုင်တယ်....(မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးဟောနေတဲ့ တရားဟာ ကယ်ယူမည့်တရား ဖြစ်လေသောကြောင့် ခင်ဗျားတို့က ကယ်ယူမှုကို ကိုယ်ပိုင်ရှိအောင်လုပ်ပါ....(မှန်ပါ့) မလုပ်ထိုက်ဘူးလား....(လုပ်ထိုက်ပါတယ်ဘုရား)။

ဘာကိုယ်ပိုင်ရှိဘို့ အရေးကြီးသလဲ .... (ကယ်ယူမှုတရားပါဘုရား) ကယ်ယူမှုတရားဆိုတာလဲ ရိပ်မိပြီမဟုတ်လား....(မှန်ပါ့) သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှု၊ အဲဒီ ပဋ္ဌမင့်းပါး ဖြစ်မယ်၊ နောက်တော့ ရင့်ကျက်လာယင် ရှစ်ပါး လာပြီး ဖြစ်မယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သတိမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ဝိရိယမဂ္ဂင်၊ ပညာမဂ္ဂင်တို့နဲ့ ရှုတာဗျ....(မှန်ပါ့) ဦးဇင်္ဂရင်တို့ ဒါဟာ ခဲယဉ်းစရာရှိရဲ့လား.... (မရှိပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ဒီပဋိပဒါလ်သည်ကား....ဇဲ့ဆိုယင်ဖြင့် အနာဂါမ်တည်တယ်ဆိုတာ သာမာန်အနေနဲ့ ကြည့်ယင် ဒီပဋိပဒါလ်မျိုး တည်နိုင်စရာတောင်မရှိဘူး၊ သို့သော်-သူ့မှာလုံလ ဝိရိယပိုလာတယ်၊ မပိုဘူးလား....(ပိုပါဟယ်ဘုရား)။

မအိပ်ဖြစ်အောင်လဲ ခေါင်းပေါ်မှာ အအေးကြီး စုပ်ထားတယ်၊ ခြေထောက်နှစ်ဖက်မှာလဲ ဂုံအိတ်တွေ ရေဆတ်ပြီး ပတ်ထားတယ်ဆိုတော့ ဒီဒုက္ခဟာ ငရဲထက်တော့ မဆိုးတော့ဘူး၊ ဒါဟာ အင်မတန်သက်သာသေးတာဗျ....(မှန်ပါ့) ငရဲကျသွားမယ်ဆိုတော့ သက်သာခွင့် ပါသေးရဲ့လား .... (မပါ-ပါဘုရား) အဲဒါကိုထောက်ဆပြီး ဒီဥစ္စာကို ရဲရဲတင်းတင်း လုပ်ရဲတာ.... (မှန်ပါ့) မလုပ်ရဲပေဘူးလား....(လုပ်ရဲပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ ဒါလောက်တောင် မရှိသေးပါဘူး၊ ဒါလုပ်မယ်ဆိုလို့ရှိယင် အခု ကယ်ချိန် ယူချိန်ကလေး ရသေးတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ကျန်တာကတော့ အချိန်ကလေးဘဲ ကျန်တော့တယ်....(မှန်ပါ့ဘုရား)။

ဦးခင်မောင်-ဘာကျန်သေးသတုံး....(အချိန်ပိုင်းဘဲ ကျန်ပါသေးတယ်) အဲဒီဒုခချိန်လွန်သွားလို့ ကယ်မည့်ယူမည့်မက်ကလေးသတိထား, ဝိရိယစိုက်, ပညာနဲ့ရှုဆိုတာကလေး မပေါ်လာတော့ပါဘူးဆိုယင်ဖြင့် အဲဒါခေါင်းအုံးပေါ်မှာ မျက်ရည်ကျပြီးသေမယ်လို့ စိတ်ကူးပေတော့....(မှန်ပါ့)။

ခေါင်းအုံးပေါ် မျက်ရည်ကျပြီးသေတဲ့ပုဂ္ဂိုလ် မှန်လို့ရှိယင် အများအားဖြင့် မြင်လို့ဝမ်းနည်းဖြစ်တာ....(မှန်ပါ့) စိတ်မချမ်းသာလို့ဖြစ်တာ....(မှန်လှပါ)။

အကြောတွေ တောင်ဆဲ့မြောက်ဆဲ့လို့ရှိယင် တကာ တကာမတွေ့ ဒါဟာ ရှုန်းကန်နေတာ များပါလိမ့်မယ်၊ မသွားချင်လို့၊ သို့သော်လဲ နေရမ့်ယ်မဟုတ်ဘူး....(မှန်ပါ့) နေရပါ့မလွှား.... (မနေရပါဘုရား)။

အဲဒါမျိုးတွေကလဲ ခင်ဗျားတို့ လူမမာသေခါနီးများ သွားကြည့်ယင် အမျိုးမျိုးအဖုံဖုံ တွေ့ရပါလိမ့်မယ်....(မှန်ပါ့)။

အဲဒါ ဘာတုံး....ဆိုတော့ ဒီလို သစ္စာဆိုက်တဲ့ တရားမျိုးကို မကြားဘူး-ဘူး....(မှန်ပါ့) မသေခင် ဝိပဿနာရှုမှ သေခါနီးမှ နှုလုံးမသာယာမှ မပေါ်စေနဲ့ဆိုတာ မြတ်စွာဘုရားသည် စကားနှစ်လုံး မဟောဘူးလား....(ဟောပါတယ်ဘုရား)။

မသေခင် ဘာတဲ့....(ဝိပဿနာရှု) သေကာနီးမှ.... (နှုလုံးမသာမယာမဖြစ်ပါနဲ့) နှုလုံးမသာယာခြင်းမဖြစ်ကြပါနဲ့လို့မမှာဘူးလား....(မှာပါတယ်ဘုရား) အဲဒါငါဘုရား၏ အဆုံးအမဘဲတဲ့....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

အဲဒီ ဘုရားအဆုံးအမကို မှတ်ထားလိုက်လို့ရှိယင်ဖြင့် ဒါဟာ ဘုရားက ၄၅-ဝါ သီတင်းသုံးတော်မူတယ်၊ ၄၅-ကြိမ် မကပါဘူး၊ အကြိမ်များစွာ မှာသွားတော်မူတာ.... (မှန်ပါ့) ကဲ.... ဘယ်လောက်အရေးကြီးလို့ မှာတာတုံး....(အလွန်အရေးကြီးလို့ ပါဘုရား)။

အဲဒါ....ခင်ဗျားတို့ ယုံယုံကြည်ကြည်နဲ့ လေးလေးစားစား ဆိုတာလဲ ခုနင်က ဝတ္ထုထောက်လိုက်သဖြင့်လဲ ဒီပဋ္ဌမဇော တွေက ဒီဘဝတွင်ပင် အကျိုးပေးပုံလဲ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ပေါ်တော့ ခင်ဗျားတို့သည် သြော်....ဒို့ကို ဆရာသမားက ဒါလောက် လေးလေးနက်နက် သတိပေးပါလျက်သားနဲ့ မိုက် တွင်းနက်နေဘို့တော့ အချိန်မဟုတ်တော့ဘူး.... (မှန်ပါ့ဘုရား) ဆုံးဖြတ်ချက်ချထိုက်မချထိုက်....(ချထိုက်ပါတယ်ဘုရား)။

ဒီပုဂ္ဂိုလ် ရဟန္တာဖြစ်လာတော့မှ အလွန်ဝမ်းသာတယ်.... (မှန်ပါ့)။

အလွ ပလာလပုဋ္ဌဟံ၊
သီသေနာဒါယစက်မိ။
ပတ္တောသ္မိတတိယံဌာနံ၊
တ္ထေသနတ္ထသသယော။

ဂါထာကို ရွတ်ဆိုဦးဒါန်းကျူးတယ်၊ သြော်....မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးတရားတော်ဟာ အဟုတ်ကယ်နိုင်တာကို ဆိုတာ သူ့စိတ်ထဲမှာ သံသယမရှိ ယုံကြည်တယ်.... (မှန်ပါ့ဘုရား)။

ကောက်ရိုး ကရွတ်ခွေ စုပ်ပြီးသကာလ ခြေထောက်မှာလဲ အဝတ်ရေစုပ်ပြီး ပက်ပြီးသကာလ ငါ- အားထုတ် လိုက်တာ အနာဂါမ်အဖြစ်သို့ ရောက်လာတဲ့အတွက် ဟိုဟာတွေ အကုန် အဟောသိကံဖြစ်ပါပေါ့လားဆိုပြီး ဝမ်းသာလာတယ်-(မှန်ပါ့) သူ့ဟာသူ ရွတ်တဲ့ဂါထာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒီပုဂ္ဂိုလ်လောက်တော့ ခင်ဗျားတို့ ဆိုးတဲ့လူ ဒီအထဲမှာ ပါကိုမပါဘူး....(မပါ-ပါဘုရား) သူ့မှာ ငရဲမီးပုပုံလဲ ကိုယ်တိုင်မြင်ရပြီ....(မှန်ပါ့)။

ကိုယ်တိုင် လုပ်ထားတဲ့အလုပ်က တခုမှ မကောင်းခဲ့ဘူး ဆိုတာကော....(သိပါပြီဘုရား) မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဘာဘဲအားကိုးစရာရှိသတုံး.... ဆိုတော့ သတိထား, ဝီရိယစိုက်, ပညာနဲ့ရှု၊ ဒါကလေးကို လက် မလွှတ်စေနဲ့....(မှန်ပါ့)။

ခန္ဓာအပေါ်၌ ဘယ်လိုထားရမယ်....(သတိထား, ဝီရိယစိုက်, ပညာနဲ့ရှုရပါ့မယ်) သဘောကျပလား....(ကျပါပြီဘုရား) အဲ.... ရှုလိုက်ပြီဆိုမှဖြင့် ရုပ်က ဖြစ်ပျက်ပြလဲ အဲဒါ သတိထား၊ ဝီရိယ စိုက်၊ ပညာနဲ့ရှု....တဲ့၊ မဂ္ဂင်ဟာ ရုပ်က ဖြစ်ပျက်ပြယင် ဒီသုံးခု တပြိုင်နက် ဉာဏ်ထဲရောက်လာတာဘဲ....(မှန်ပါ့)။

နာမ်က ဖြစ်ပျက်ပြလဲ ဒီသုံးခု....(တပြိုင်နက်ဉာဏ်ထဲ ရောက် လာပါတယ်) သုံးခုသာဆိုတယ် ငါးခုရောက်တယ်....(မှန်ပါ့) သူ့အတွဲနဲ့သူရောက်လာတော့ တကာတကာမတွေ ပူစရာရှိသေး ရဲ့လား....(မရှိပါဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်တွေ့မြင်ပြီးသကာလ ထုံးစံအတိုင်း ဖြစ်ပျက် မုန်းအောင်ရှုပြီး ဒီဖြစ်ပျက်ဆုံးလို့ရှိယင် သောတာပန်တည်တာဘဲ၊ နောက်တခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက် ဆုံးပြန်ယင်လဲ ဦးခင်မောင် သကဒါဂါမ်ဘဲ.... (မှန်ပါ့) နောက်တခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးပြန်ယင်ကော....(အနာဂါမ်ပါဘုရား) ဒါ-ကြာတာမျိုးလား....(မကြာပါဘုရား)။

အဲဒီတော့ မကြာနိုင်တဲ့အလုပ်မျိုးကို ခင်ဗျားတို့ အမြန်လုပ်ထားလိုက်လို့ရှိယင် ခုနင်ကပြောတဲ့ အဟောသိကံဖြစ်စရာတွေဟာ ဖြစ်သွားမှာဘဲ....(မှန်ပါ့) တားလို့ဆည်းလို့ရသေးရဲ့လား (မရပါဘုရား)။

ဒါဖြင့် ဘယ့်နှယ် လုပ်ကြမတုံး.... (ဝိပဿနာ ရှုရပါမယ်ဘုရား)ဝိပဿနာရှု၊ ကြိုက်တာရှု၊ ရုပ်ကြိုက်တဲ့ပုဂ္ဂိုလ်က ရုပ်သာရှု၊ စိတ်ကြိုက်ယင်....(စိတ်ရှုရပါမယ်ဘုရား) ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က....(ဝေဒနာရှုရပါမယ်ဘုရား) ရှုချင်တာရှုပါ ဦးခင်မောင် တခုမြင်လို့ရှိယင် အကုန်မြင်တာဘဲ....(မှန်ပါ့) သို့သော်ကိုယ့်ဝါသနာအလိုက် ကိုယ်ကြိုက်တာရှု....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
သေမင်းထံပို့သည့် ဇာတ်လမ်းတော်ရှိကြပုံ
နွားသတ်ရုံပို့မည့် နွားပမာ
နေ့အလုပ်ပေးတရားတော်

(၅-၁-၅၉)

ခန္ဓာချုပ်နိဗ္ဗာန်ဆိုတာ တကာ တကာမတွေ့က မှတ်လိုက်တော့ ဒါကြောင့် ခဏခဏ ဒီသေနည်းကိုလဲ ဦးခင်မောင်တို့ သင်ရတယ်နော်....(မှန်ပါ့) လက်ရှိခန္ဓာကို ဖြစ်ပျက်မြင်ပြီးမခင်ဘဲနဲ့နေပါ၊ လက်မဲ့ခန္ဓာကလဲ ဒီဖြစ်ပျက်ဒုက္ခသစ္စာဘဲ လာမှာဘဲဆိုတာကလဲ ဒီခန္ဓာနဲ့ တတန်းတည်း တစားတည်း ဖြစ်နေသောကြောင့် တောင့်တစရာမျှား ရှိသေးသလား....(မရှိပါဘုရား)။

အဲဒီတော့ လက်ရှိခန္ဓာ ဖြစ်ပျက်မြင်ပြီး ဖြစ်ပျက်ကြည့်ရင်းမတွန့်နဲ့ ပစ္စဝေက္ခဏာကျပြီးသကာလ သေလိုက်လို့ရှိယင် သေခါနီးမှာ သမသီသီရဟန္တာတောင် ဖြစ်နိုင်ပါတယ်....(မှန်ပါ့) သေတာနဲ့ တချက်တည်း ရဟန္တာဖြစ်တယ်....(မှန်ပါ့)။

အဲဒါကြောင့် သေတတ်ကြပလားလို့ မေးတယ်....(မှန်ပါ့) ဘယ်လိုရှုပြီးသေမယ်....(ဝိပဿနာရှုသေရပါမယ်ဘုရား) ဝိပဿနာ ရှုသေမယ်၊ ဒီအချိန်မှာ နိဗ္ဗာန်ကို မြင်ချင်လဲ မြင်လာမယ်၊ မမြင်ချင်လဲ ခန္ဓာဖြစ်ပျက်မြင်လာမယ်....(မှန်ပါ့)။

မြင်ချင်တာမြင်၊ ခန္ဓာဖြစ်ပျက်နဲ့ သေလဲ အထွဋ်အထိပ်မင်းမျှား ရခဲ့ပါလျှင် နောက်ထပ် ဂတိမရှိဘူး၊ နောက်ခန္ဓာ မလာမှာဘဲ၊ ခန္ဓာဖြစ်ပျက်မြင်ပြီး နိဗ္ဗာန မျက်မှောက်ပြုပြီးမှ သေပြန်တယ်ဆိုလို့ ရှိယင်လဲ နောက်ခန္ဓာ မလာတာဘဲ....(မှန်ပါ့) အဲဒါကြောင့် ခန္ဓာဖြစ်ပျက်ကိုရှုပြီးသေတဲ့နည်းသည် အကောင်းဆုံးဘဲလို့ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုမခင်နဲ့၊ နောက်ခန္ဓာ မကောင်းတာနဲ့ ဘာသေနည်းဟာ အကောင်းဆုံး.... (မှန်ပါ့) ဒါသေနည်းသင်လိုက်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ငါ-ဘယ်လိုမျှား သေရပါလိမ့်မတုံး....ဆိုတဲ့ ဝိစိကိစ္ဆာမလာစေနဲ့၊ လက်ရှိခန္ဓာဖြစ်ပျက် ရှုပြီးသကာလ.... မခင်အောင် ဖြစ်ပျက်ရှုနေမယ်၊ လက်မဲ့ခန္ဓာကြီးကိုလဲ မတောင့်တတော့ဘူးဆိုလို့ရှိယင် ဘုရားက ဆန္ဒသုတ်မှာ ဟောတော်မူသောကြောင့် လေးလေးနက်နက် မှတ်ထားကြပါလို့ သတိပေးလိုက်တယ်နော်...(မှန်ပါ့)။

ကောင်းပြီ....တကာတကာမတို့ ခန္ဓာဆိုတာ စဲလမ်းလို့ရတာလို့ မှတ်ထားစမ်းပါ....(မှန်ပါ့)။

ခန္ဓာငါးပါးဆိုတာ ဘာတုံး.... (စဲလမ်းလို့ရတာပါဘုရား) ဪ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ယခု ခန္ဓာ

ငါးပါးကြီး ရ,ထားတာဟာ အခု ဆရာဘုန်းကြီး ဟောလိုက်တော့လဲ ဒီခန္ဓာငါးပါးကြီး ဒုက္ခသစ္စာတွေဆိုတာ သိလျက်နဲ့လဲ ခဲ့မရ-ခဲ့မြဲရဖြစ်ပြီးသကာလ နေလိုက်တာ ဘယ့်နှယ်ကြောင့် ပါလိမ်မလဲလို့ မေးဘို့လိုတော့ စဲ့လမ်းပြီး တပည့်တော်တို့ ယူထားလို့ ပါဘုရား....လို့ အဖြေထွက်ရမယ်....(မှန်ပါ့)စဲ့လမ်းတဲ့ ဥပါဒါန်ကြောင့် ရ,ထားတယ်....(မှန်ပါ့)။

အဲဒါကြောင့် စဲ့လမ်းတဲ့ ဥပါဒါန်ကြောင့် ရ,ထားခြင်းကြောင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာဇာတိဆိုတဲ့ ခန္ဓာငါးငါးကြီး ခင်ဗျားတို့ ရ,ထားတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အခုခန္ဓာငါးပါးကြီး ရ,ထားတာဟာ လက်သည် ရှာယင် အရင်ဘဝက စဲ့လမ်းတဲ့ ဥပါဒါကြောင့် ရ,ထားတယ် (မှန်ပါ့) သဘော့ကျပလား....(ကျပါပြီဘုရား)။

ယခု ခန္ဓာငါးပါးကြီးရထားတာ တကာတကာမတို့ ဘယ် အတွက်ကြောင့် ရ,ထားတာပါလိမ့်.... (အရင်ဘဝ စဲ့လမ်းတဲ့ ဥပါဒါန်ကြောင့်ပါဘုရား)။

အေး.... နောက်ဘဝက စဲ့လမ်းခဲ့တယ်၊ မိမိခန္ဓာကြီး မိမိ စဲ့လမ်းတဲ့ဥပါဒါန်ကြောင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ကမ္မဘဝပစ္စယာလို့ အခုတော့ ဖြင့် ဇာတိတို့ ဇရာတို့နဲ့ အတူတူမနေရဘူးလား....(နေရပါတယ်ဘုရား) ဇာတိပဋိသန္ဓေကပြီးခဲ့တော့ အခု ဇရာနဲ့ အဖော်လုပ်မှနေရဘူးလား.... (နေရပါတယ်ဘုရား) ဇရာ ရုပ်နာမ်ကြီးနဲ့ ဘာလုပ်နေကြရသတုံး.... (အဖော်လုပ်ဒုနကြရပါတယ်ဘုရား)။

ဘာဖြစ်လို့ အဖေ၀ါလုပ်ပြီးနေကြရပါလိမ့်မတုံး....ဆိုတော့ နောက်တုန်းက ဘုရားတပည့်တော်တို့ လက်ရှိခန္ဓာငါးပါးစွဲခဲ့လို့ ယခု ဇရာခန္ဓာကိုယ်ကြီးနဲ့ အဖေ၀ါလုပ်နေရတယ်ဘုရာ့၊ မရဏခန္ဓာကိုယ်ကြီးကလဲ အခု တပည့်တော်တို့မှာ ရောက်မည့်ဆဲဆဲဘုရာ့ဆိုယင်ကော....(မလွဲပါဘုရား)။

အခု ဘာနဲ့အဖေ၀ါလုပ်နေရသတုံး .... (ဇရာနဲ့ အဖေ၀ါလုပ်နေရပါတယ်) ဇရာနဲ့ အဖေ၀ါလုပ်နေတုန်းဘဲ၊ စိတ်ချလက်ချဘဲ သူနဲ့ရိုးမြေကျ ပေါင်းလို့ရပါ့မလား....တဲ့၊ မရဏခန္ဓာကြီးနဲ့ ကြုံရဦးမှာ....(ကြုံရဦးမှာပါဘုရား)။

အခု အဖေ၀ါလုပ်နေရတာက ဘယ်သူပါလိမ့် .... (ဇရာပါဘုရား) ဇရာခန္ဓာငါးပါး သူနဲ့ချည့်နေရလို့ ရှိယင်လဲ မဟုတ်ဘူးဆိုယင် တော်သေးရဲ့ပါ့ဗျာ....(မှန်ပါ့) နောက်ကျတော့ ဇရာက တော်ပြီ-မင်-နဲ့ ငါနဲ့ပေါင်းရတာ ကြာပြီ၊ မရဏလက်တွင်းကို အပ်ပါတော့မယ်ဆိုပြီးသကာလ အပ်လိုက်တော့ ခင်ဗျားတို့ ဘယ်သူနဲ့ အဖေ၀ါလုပ်ရမှာတုံး....(မရဏနဲ့အဖေ၀ါလုပ်ရမှာပါ) သူသတ်ယောကျ်ားနဲ့ အဖေ၀ါလုပ်ရမှာ ဖေးကြသေးရဲ့လား.... (မဖေးပါဘုရား)။

အဲ... ဒါဖြင့် တကာတကာမတို့ န္ဒားသတ်ရုံဆဲသူးတဲ့န္ဒားက တွန်နိုင်စရာ မြူးနိုင်စရာ မရှိလောက်အောင်ဘဲ သူ့မှာဖြင့် န္ဒားသတ်ရုံကိုန္ဒားသတ်ကုလားဆဲသူးတာတောင် တွန်လိုက်၊မြူးလိုက် ခုံကလေးတွယက်လိုက်၊ ချိုကလေးတွ သွေးလိုက်တယ် ဆိုယင်ဖြင့် တိရစ္ဆာန်၏စိတ် ပေါ်တာဘဲလို့ တွေးကြရလိမ့်မယ်နော် (မှန်ပါ့) တိရစ္ဆာန်စိတ်ပေါ်တာ....(မှန်ပါ့)။

ဘယ်လိုတွေးမိကြပါလိမ့် .... (တိရစ္ဆာန်စိတ် ပေါ်တာပါဘုရား) ဘာဖြစ်လို့တုံး....၊ နှားသတ်ရုံကို ဆဲမှန်းမသိဘူး.... (မှန်ပါ့) မရဏဆိုတဲ့သေမင်းနဲ့ ပေါင်းရမှာ သူ- သိရဲလား.... (မသိပါဘုရား) မသိတော့ သူဟာ ဇရာလက်တွင်းမှာ သူပျော်နိုင်တယ်....(မှန်ပါ့)။

ဘယ်နေရာပျော်နေသလဲ....(ဇရာလက်တွင်းမှာ ပျော်နေပါတယ်ဘုရား) ဇရာလက်တွင်းမှာ ပျော်နေတယ်ဆိုတော့ မသေခင်ပျော်၊ သေခါနီး ပျော်ပေါ့ဗျာ....(မှန်ပါ့) အဲ....သေချင် ပျော်ကြပါတော့ တကာ တကာမတို့ရဲ့၊ သေခါနီး ပျော်ဘဲ.... (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မယ်....(သေခါနီးပျော်ပါဘုရား) ခုနင်က နှားဟာ နှားသတ်ရုံ ဆဲသွားတုန်းဘဲ ဦးဘတင်၊ လမ်းမှာ တုန်လိုက်တာနဲ့ ခွါကလေးနဲ့ မြေကိုယက်လိုက်တာနဲ့ ဟင်....(မှန်ပါ့) ဒါဟာ ဘာပျော်ဆိုကြမလဲ....(သေခါနီးပျော်ပါဘုရား) သေခါနီးပျော်ဆိုတော့ ရှေ့နှားရောက်သည်နဲ့၊ နှားသတ်ရုံမှာရောက်သည်နဲ့ တပြိုင်နက်တည်း လည်လှီး-ဒါးနဲ့ အလှီးခံရတော့မယ်ဆိုတာကတော့ဖြင့် ကေန်ဘဲမဟုတ်လား.... (ကေန်ပါဘုရား) အဲဒီကျလို့ ရှိယင် မရဏနဲ့ သူ-အဖေါ်လုပ်ရလိမ့်မယ်၊ သေမင်းနဲ့ အဖေါ်လုပ်ရမယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီနှားကိုမြင်သဖြင့် သြော်....တိရစ္ဆာန်များ မသိလိုက်တဲ့ဖြစ်ခြင်း- မပြောပါနဲ့တော့တဲ့၊ ခင်ဗျားတို့က ဘေးကနေကြည့်တယ်....(မှန်ပါ့)။

နှားသတ်ရုံ ဆဲသွားတဲ့နှား ဦးဘတင်- ခွါယက်ပြီး မြှူးလိုက်တာနဲ့ တွန်လိုက်တာနဲ့ဆိုတော့ တိရစ္ဆာန်၏ မသိမှုဟာ တယ်ဆိုးဝါးပါလား-ဆိုတဲ့ အခြေအနေကို ခင်ဗျားတို့ ဝေဘန်နိုင်ပါတယ်....(မှန်ပါ့) မဝေဘန်နိုင်ဘူးလား....(ဝေဘန်နိုင်ပါတယ်ဘုရား)။

နောက်များမကြာမီဘဲ တနာရီ၊ နှစ်နာရီ၊ သုံးနာရီ၊ လေးနာရီအတွင်းမှာ နှားသတ်ကုလား၏ လက်ထဲမှာဘဲ သူသည် ဆုံးရှုံးခြင်းသို့ မရောက်ရဘူးလား....(ရောက်ပါတယ်) ဒါဖြင့် တကာတကာမတို့ သေမင်းနဲ့ အဖေါ်လုပ်သွားပြီ.... (မှန်ပါ့) နဂိုရိတ်ုန်းကတော့ သေမင်းဆီပို့တဲ့လူနဲ့ အဖေါ်လုပ်တယ်.... (မှန်ပါ့)။

လမ်းတုန်းက ဘယ်သူနဲ့ အဖေါ်လုပ်သတုံး.... (သေမင်းဆီပို့တဲ့လူနဲ့အဖေါ်လုပ်ပါတယ်) အေး....ဇရာဆိုတာ သေမင်းဆီပို့တဲ့လူဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေမင်းဆီပို့တဲ့လူနဲ့အဖေါ်လုပ်နေတယ်၊ နောက်ကျတော့ သေမင်းဆီပို့တဲ့လူက နှားသတ်ရုံထဲလဲပို့လိုက်ပါရော သေမင်းနဲ့ အဖေါ်လုပ်ရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် နှားမိုက်သည်ကား....လို့ဆိုယင် တွန်တယ်, မြူးတယ် ဆိုတာ တိရစ္ဆာန်စိတ် ပေါ်လို့သာလျှင် တွန်နိုင်တယ်- မြူးနိုင်တယ်လို့ ဦးဘတင်-ဆိုဗျာ....(မှန်ပါ့) အားလုံး တကာ တကာမတွေ့ ဆိုထိုက်ပလား....(ဆိုထိုက်ပါပြီဘုရား)။

တွန်နိုင်တယ်၊မြူးနိုင်တယ်ဆိုတာ ဘယ်စိတ်ကြောင့်ပါလိမ့်.... (တိရစ္ဆာန်စိတ်ပေါက်နေလို့ပါဘုရား) တိရစ္ဆာန်စိတ် ပေါက်

နေတဲ့အတွက် ဩော်....ငါသည်ကား- နွားသတ်ရုံပို့တဲ့လူနဲ့ဖြင့် နည်းနည်းမှ စိတ်ချမ်းသာစရာမရှိဘူး၊ သူ့ဆီကနေပြီး ရုန်းကန် ထွက်ဘို့သာ သူ့မှာ စိတ်ကူးရှိဘို့ကောင်းတယ်....(မှန်ပါ့)။

ဒီနွားဟာ ဘယ်လိုကောင်းပါလိမ့်.... (ရုန်းကန်ထွက်ဘို့သာ ကောင်းပါတယ်ဘုရား) အခုတော့ ရုန်းကန်ထွက်ချင်တဲ့ စိတ်လား၊ သွားရင်း ပျော်နေတဲ့စိတ်လားလို့ အကဲခပ်စမ်းပါဦး.... (သွားရင်း ပျော်နေတဲ့စိတ်ပါဘုရား)။

သွားရင်း ပျော်နေတဲ့စိတ် ဖြစ်လေသောကြောင့် ဩော်.... မသိတတ်လိုက်တာ တိရစ္ဆာန်မျှားမှာ ဟိုနားကျတော့ နွားသတ် ကုလား၏လက်တွင်းမှာ ခေါင်းစင်းသေရတော့မယ်ဆိုတာ မသိ ရှာလို့၊ အခုလဲ နွားသတ်ကုလားဆပို့တဲ့လူနဲ့ အတူနေရတယ် ဆိုတာသည် သူသည် မသိရှာဘူး....(မှန်ပါ့) ရိပ်မိသေးရဲ့လား- (မရိပ်မိပါ) တယ်လဲဆိုးဝါးနေပါလား... (ဆိုးဝါးပါတယ် ဘုရား) လမ်းမှာလဲမသိ၊ ရောက်တော့လဲမသိဖြစ်နေပါလား.... (မှန်ပါ့)။

ဦးခင်မောင်- လမ်းတုန်းက အဖေ၊ဟာလဲ ငါ့အဖေ၊လို့ ရန်သူလို့ သိရဲ့လား....(မသိပါဘုရား) ဟိုရောက်ယင်လဲ ငါ့မှာ ရန်သူအစစ်နဲ့ တွေ့ရလိမ့်မယ်လို့ ဆိုတာကော .... (မရိပ်မိပါ ဘုရား)။

ဩော်....သူ-မသိချက်သည် တိရစ္ဆာန်စိတ်ရှိနေလို့ မသိချက် ပြင်းထန်နေတာဘဲလို့ ဆိုလိုက်ပါတော့....(မှန်ပါ့) ဘာစိတ် ရှိနေသဘုံး....(တိရစ္ဆာန်စိတ်ရှိနေပါတယ်) မသိချက်ဟာ ဘယ့် နှယ်တုံး....(ပြင်းထန်ပါတယ်ဘုရား)။

အဲ....တိရစ္ဆာန်စိတ်ရှိယင် မသိချက် ပြင်းထန်တယ်လို့ ဘုန်းကြီးတို့ တကာတကာမတွေ့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) ခုနင်က တိရစ္ဆာန်ကို ကြည့်လို့ရှိယင်ဘဲ ခင်ဗျားတို့ ရမ်းပြောတဲ့စကားလို့ ဆိုရမှာလား၊ အမြင်အထင်ပြောတဲ့စကားလို့ ဆိုရမှာလား.... (အမြင်အထင်ပြောတာပါဘုရား)။

ဒီတိရစ္ဆာန်စိတ် ရှိလို့ပေါ့ဗျာ....မသိချက် ပြင်းထန်နေတာ၊ သေမင်းဆိုပို့တဲ့လူ လွှတ်တဲ့လူကိုကော သူသည် သိသေးရဲ့လား (မသိပါဘုရား)ရောက်တော့ သေရမယ်ဆိုတာကော....(မသိပါဘုရား)။

သေမင်းဆိုပို့တဲ့လူကိုလဲ သူ့မသိဘူး၊ ရှေက ကြိုးဆွဲသွားတဲ့လူဟာ သေမင်းဆိုပို့တာဘဲ....(မှန်ပါ့) ဟိုရောက်တော့ သေမင်းနဲ့ တွေ့ရလိမ့်မယ်ဆိုတာကော သူ့-သိသေးရဲ့လား....(မသိပါဘုရား)။

ဒါဖြင့် ပို့တဲ့လူကိုလဲမသိ၊ သေမင်းနဲ့ တွေ့မှာလဲမသိဆိုတော့ တိရစ္ဆာန်စိတ်ဘဲ၊ တိရစ္ဆာန်များ၏ ဖြစ်ထွဟာ ကျောက်စရာကောင်းလိုက်တာလို့ ဦးခင်မောင်တို့ မြင်ယင် ညည်းမှာဘဲ....(မှန်လှပါ) ဘာကြောင့် ညည်းသတုံး၊ နှစ်ဖက်မသိလို့ဗျာ....(မှန်ပါ့)။

ဆွဲသွားတဲ့လူကိုကော သိရဲ့လား....(မသိပါဘုရား)ရောက်တဲ့နေရာဌာနမှာ အသက်ဆုံးရှုံးရမှာကော .... (မသိပါဘုရား) တယ်လဲ နှစ်နာပါလား တကာ တကာမတို့၊ ဘာစိတ်မို့တုံး....(တိရစ္ဆာန်စိတ်မို့ပါဘုရား)။

ကိုင်း.... ဒီစိတ်မျိုးဟာ ကျုပ်တို့ မပေါ်ကောင်းဘူးဆိုတာ တော့ဖြင့် လူစင်စစ်မှာဖြင့် မပေါ်ကောင်းတာ အမှန်ဘဲလို့ ဘုန်းကြီးများက သတိပေးလိုက်တယ်....(မှန်လှပါ)။

လူစင်စစ်မှာတော့....(မပေါ်ကောင်းပါဘုရား) ဦးဝတို့က လန့်နေပြီထင်တယ်၊ ဒီစိတ်ရှိရမှာ လန့်ပြီထင်တယ် .... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ကျုပ်တို့ခင်ဗျားတို့လဲ ချိန်ကြည့်တဲ့အခါ ကျလို့ရှိယင် ယခု ဇရာထဲမှာ လူတိုင်း ရောက်နေပြီ....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(ဇရာထဲ လူတိုင်းရောက်နေပါပြီဘုရား) ဇရာထဲမှာ ခွင်းချက်မရှိ လူတိုင်း ရောက်နေပါပြီဆိုယင်ကောင်းဘို့လိုသေးသလား....(မလိုပါဘုရား) ဇရာထဲမှာ မုချရောက်ပြီ....(မှန်ပါ့)။

ဒါဖြင့် နှားသတ်သမားဆီဆွဲပို့တဲ့ ဇရာလက်တွင်းမှာဖြင့် ကျုပ်တို့ ရောက်ပြီဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒီဇရာထဲ ရောက်နေလျက်နဲ့ ကျုပ်တို့သည်ကားလို့ ဆိုယင် သားနဲ့ပျော်၊ သမီးနဲ့ပျော်၊ ဟိုလူနဲ့ ဣဿာဖြစ်၊ ဒီလူနဲ့ မစ္ဆိုရိယဖြစ်၊ ဟိုလူနဲ့မတည့်၊ ဒီလူနဲ့မတည့်၊ ဟိုလူ့အပေါ် မောက်ချင်၊ ဒီလူ့အပေါ် ကြွားချင်နဲ့ဆိုတာက လမ်းမှာ တွန်ချင်တဲ့သဘောတွေ၊ ခွါယက်တဲ့သဘောတွေ သိပ်ပါတယ်....(မှန်ပါ့) မပါကြဘူးလား....(ပါ-ပါတယ်ဘုရား)။

ဘာပါတာတုံး.... တွန်ဘာတွေ၊ ခွါယက်တာတွေ ပါတယ်ဆိုတော့ ကျုပ်တို့ဟာ ခုနင်ကနှားတော့ မသိရှာဘူးလို့ ဆိုငြာ

သော်လဲ ကိုယ်၏ဖြစ်စဉ်တွေလဲ ကိုယ်မသိတဲ့အဓိပ္ပါယ် ရောက်နေတယ်... (မှန်ပါ့) ဒါဖြင့် ပုံသဏ္ဌာန်သာပြောင်းတယ်၊ စိတ်ထားတော့ အတူတူဘဲ....(မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ....(ပုံသဏ္ဌာန်သာပြောင်းတယ်၊ စိတ်ထားအတူတူပါဘုရား) ပုံသဏ္ဌာန်ကတော့ လူကနွစ်ချောင်း၊ နွားကလေးချောင်း... (မှန်ပါ့ဘုရား) စိတ်ကတော့....(အတူတူပါဘဲဘုရား)။

ဦးခင်မောင်- စိတ်မဆိုးနဲ့နော်....(မဆိုးပါဘုရား) သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ပျော်ပြီးသကာလ သူတော်ကောင်းဖက်လစ်ဟင်းနေတဲ့အဖြစ်ကို ကြည့်လိုက်လို့ ရှိယင်ဖြင့် ဒါ-ပျော်လို့ လစ်ဟင်းနေတာဘဲ....(မှန်ပါ့) စိတ်ကြောင့်ကျလို့ သားအတွက် စိုးရိမ်၊ သမီးအတွက် စိုးရိမ်နေလို့ လစ်ဟင်းနေတာပေါ့ဗျာ.... (မှန်ပါ့) တနည်းအားဖြင့်လဲ သူတို့နဲ့ပြုံးရွှင်ပြီး ပျော်နေရလို့ကော....(လစ်ဟင်းပါတယ်ဘုရား)။

ဒါဖြင့် လစ်ဟင်းတဲ့အဖြစ်သည်ကား....လို့ ဆိုယင် တကာတကာမတို့ မသိလို့ လစ်ဟင်းတာ....(မှန်ပါ့) ကိုယ့်မှာတော့ဖြင့် နွားသတ်ရုံပို့တဲ့ နွားဆွဲသမားနဲ့ အတူတူနေရပြီဆိုတာ ဇရာနဲ့ဘဲ အဖော်လုပ်နေရတာ သေချာတယ်....(သေချာပါတယ်ဘုရား) ဇရာ ဘယ်ရောက်အောင်ပို့မှာပါလိမ့်....(သေမင်းဆီ ပို့မှာပါ) သေမင်းဆိုတော့ မရဏဆီ အရောက်ပို့မှာဆိုတာက အထူး သေချာတယ်(သေချာပါတယ်) ရှောင်လို့ ကွင်းလို့ကိုဘဲ အထူး လွတ်ရေး ကျွတ်ရေး မြင်သေးသလား....(မမြင်ပါဘုရား)။

ရှောင်လို့ ကွင်းလို့ လွတ်ရေး-ကျွတ်ရေး မမြင်တာလဲ အထင်အရှားပါဘဲ....(မှန်ပါ့) အဲဒီအထဲမှာ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့-မျိုးနဲ့ ပြုံးကြ၊ ရှင်ကြ၊ ရောင်းကြ၊ ဝယ်ကြ နေတာသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တခါတလေ မာန်ကလေးတက်လိုက်၊ တခါတလေပြုံးလိုက်၊ တခါတလေ အရောင်းအဝယ်ကလေး ဖြောင့်လာလို့ ရှိယင် စီးပွားဂုဏ်နဲ့ မာန်ကလေး ဘာကလေးတက်လိုက်ပေါ့ဗျာ....(မှန်ပါ့)။

တခါတလေကျတော့ အရောင်းအဝယ်ရှုံးတဲ့အခါကျတော့ ဒေါမနဿတွေဖြစ်လိုက်နဲ့ ဒီလိုနဲ့ဘဲ အချိန်တွေ့ကုန်ပြီးသကာလ လာခဲ့ကျတော့ ဩဇော်....ငါသည်ကားလို့ ဆိုယင်ဖြင့် အခု သေမင်းဆီပို့နေတဲ့ ဇရာနဲ့ နေရတာပါကလားလို့ ပြန်ပြီး မတွေးမိဘူး....(မတွေးမိပါဘုရား)။

ဒီနေရာက ရုန်းမည့် ကန်မည့်ဆိုတဲ့ စေတနာကကော လာရဲ့လား....(မလာပါဘုရား) မဂ္ဂင်အလုပ်တွေ့ လုပ်ပြီး ရုန်းကန်ထွက်ပါတော့မယ်လို့ကော....(မလာပါဘုရား)။

မလာတော့ကို ခုနင်က နွားသတ်ယောကျ်ားဆီဆွဲတဲ့ နွားသည်ကား....လို့ ဆိုယင်ဖြင့် ရုန်းချင် ကန်ချင်တဲ့စိတ်ဘဲ လာသလား၊ အဆင့်ဆင့်ဘဲ ပျော်ရင်း ရွှင်ရင်းနဲ့ဘဲ ပါသွားသလား ဆိုတာ သတိထားကြပေတော့....(ပျော်ပျော်ရွှင်ရွှင်နဲ့ ပါသွားပါတယ်) ပျော်ရွှင်ရင်းနဲ့ ပါသွားတယ်ဆိုတာ တကာတကာမတွေ့ ငြင်းဆန်ဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဩဇော်....ဒို့အနေသည်ကားလို့ ဆိုယင် သေမင်းဆီပို့တဲ့ ဇရာတည်းဟူသော နွားဆွဲသမားနဲ့တူတဲ့ ဇရာနဲ့ နေရတာတောင်မှ

ဒီသည် တိရစ္ဆာန်စိတ် မပျောက်သေးပါကလား၊ ဆရာဘုန်းကြီးသာ သတိမပေးလို့ရှိယင် ဒီစိတ်ဟာ တိရစ္ဆာန်စိတ် အစစ်ဘဲ....(မှန်ပါ့) ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား) ဘာစိတ်ပါလိမ့်....(တိရစ္ဆာန်စိတ်ပါဘုရား) ဒါ-ပြင်လိုက်ပါဦးလို့ ပြောလိုက်တယ်....(မှန်ပါ့)။

ပြင်လိုက်ပါဦး .... အချိန်ကလေးရတဲ့အခါ၊ အိမ်မှာနေတဲ့အခါဖြစ်လို့ရှိယင် ဒီခန္ဓာကြီးနဲ့ဖြင့် လုတ်အောင်ရုန်းပါ့မယ်၊ နို့မဟုတ်ယင် တဏှာနဲ့ အဖေါ်လုပ်နေဦးမှာဘဲ....(မှန်ပါ့) သူနဲ့မခဲ့လို့ရှိယင် သေမင်းနဲ့ အဖေါ်လုပ်နေဦးမှာဘဲ....(မှန်ပါ့) ဒီခန္ဓာနဲ့မခဲ့ယင် ဇရာနဲ့ကော....(အဖေါ်လုပ်နေရဦးမှာပါဘုရား) သေမင်းဆိုတဲ့ မရဏနဲ့ကော.... (အဖေါ် လုပ်ရဦးမှာပါဘုရား)။

သြော်.... မင်းအတွက်နဲ့ မင်းနဲ့ အတူတူနေရတဲ့ အဖြစ်ကဖြင့် နှားသတ်ရုံပို့တဲ့လူနဲ့ အတူတူနေရသလိုဘဲ ဇရာနဲ့ အတူတူ နေရတယ်ဆိုတာကော တကာတကာမတွေ့ မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား) ဒီကရှေ့ သေမင်းနဲ့ အဖေါ် လုပ်ရမယ် ဆိုတာကော....(မှန်ပါတယ်ဘုရား)။

ဒါ-ခန္ဓာရှိလို့လုပ်ရတာ....(မှန်ပါ့ဘုရား) နဂိုရိုက ခန္ဓာကို စွဲလမ်းခဲ့တဲ့သတ္တိဟာ အခုတော့ဖြင့် ကိုယ်ကျိုးလှလှ နည်းပါ့ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

နဂိုရိုက်တော့ ခင်ဗျားတို့ ခန္ဓာစွဲလမ်းလို့ ခန္ဓာရခဲ့ကြတယ်-(မှန်ပါ့) နောက်ဘဝ ခန္ဓာစွဲလမ်းလို့ ဒီဘဝ ခန္ဓာရခဲ့ကြတယ် (မှန်ပါ့)။

ဒီဘဝ ခန္ဓာဘာဖြစ်လို့ရခဲ့ကြသလဲ... (နောက်ဘဝက ခန္ဓာစဲလမ်းလို့ပါ) နောက်ဘဝက ကိုယ့်ခန္ဓာမစ္ဆန့်နိုင်တဲ့ စဲလမ်းမျှကြောင့် ဒီဘဝမှာ ဘာရပြန်သတုံး.... (ခန္ဓာရပါတယ်ဘုရား)။

ခန္ဓာငါးပါးဘဲ ပြန်ရတယ်၊ ရချင်လို့ရတာလား၊ နောက်ဘဝက ခန္ဓာမစ္ဆန့်နိုင်လို့ ရခဲ့တာလား.... (နောက်ဘဝက ခန္ဓာမစ္ဆန့်နိုင်လို့ ရခဲ့တာပါဘုရား)။

ဒါ-သေသေချာချာ မှတ်ပါဦး ဦးခင်မောင် .... (မှန်ပါ့) နောက်ဘဝက ခန္ဓာစ္ဆန့်နိုင်တဲ့ပုဂ္ဂိုလ် ဒီဘဝ ခန္ဓာ မရဘူး.... (မှန်ပါ့)။

နောက်ဘဝ ခန္ဓာမစ္ဆန့်နိုင်ဘဲနဲ့ သေမင်းလက်တွင်း အပ်လိုက်ရလို့သာ စ္ဆန့်ခဲ့ရတယ်၊ စဲလမ်းမှကတော့ မပြေသေးဘူးဆိုယင် ဒီဘဝ ခန္ဓာပြန်ရတာဘဲ....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာရခြင်း၏အကြောင်းကို တကာတကဲ့ာမတို့ဘဲ စဉ်းစားပါတော့၊ ဘယ်နယ်ကြောင့် ဒီခန္ဓာရပါလိမ့်မလဲဆိုတဲ့ လက်သည် ဖေါ်စမ်းပါဦး....(ခန္ဓာကို စဲလမ်းလို့ပါဘုရား)။

အတိတ်ဘဝ ခန္ဓာကို စဲလမ်းခဲ့တယ်၊ ခင်ခဲ့တယ်....(မှန်ပါ့) စဲလမ်းခဲ့-ခင်ခဲ့တော့ ဥပါဒါန် မဖြစ်ခဲ့ဘူးလား....(ဖြစ်ခဲ့ပါတယ်ဘုရား) ဒါ့ကြောင့် ယခုဘဝမှာ ဘာနဲ့အတူတူ နေရသတုံး.... (ခန္ဓာငါးပါးနဲ့အတူတူနေရပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဟိုဘဝကစဲလမ်းခဲ့တဲ့တဏှာကြောင့် ဒီဘဝမှာ ခန္ဓာအသစ်နဲ့ အဖေါ်လုပ်နေရတာပေါ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရား မမျှားသေးပါဘူး၊ နှစ်လုံးတည်းရှိသေးတယ် တကာ တကာမတို့၊ နှစ်လုံးတည်း ရှိပါသေးတယ်.... (မှန်ပါ့) ယခု အိုဘေး, နာဘေး, သေဘေးတွေနဲ့ ရောထွေးနေတဲ့ ခန္ဓာကိုယ်ကြီး ရ-ရတာဟာ ရချင်လို့ ရ-ရတာလား၊ အလကား ရတာလား၊ သိကြား- ဗြဟ္မာ- ဘုရား ဖန်ဆင်းပြီး သူတို့က ဂွတိုက်ပြီး ပေးလို့ ယူထားရတာလားလို့ မေးဘို့လိုပါတယ်....(မှန်ပါ့) ဘယ်လို ရ-ရတာပါလိမ့်....(အတိတ်ဘဝက ခန္ဓာကို စွဲလမ်းလို့ပါ ဘုရား) အတိတ်ဘဝက ခန္ဓာကို စွဲလမ်းသောကြောင့် ယခုဘဝ ခန္ဓာကြီးနဲ့ လှလှရ-ရပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အတိတ်ဘဝက ခန္ဓာမှာ သူ-ဥပါဒါန် ရှိတာပေါ့.... (မှန်ပါ့) ရှိတော့ ဒီဘက်ပစ္စုပ္ပန်ခန္ဓာကြီးဟာ မရပေဘူးလား- (ရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဟိုဘက်ဘဝက ဥပါဒါန်ကြောင့် ဒီဘက်ဘဝ ခန္ဓာပေါ်တာဘဲ..(မှန်ပါ့) အတိတ်ဘဝက ဥပါဒါန်ကြောင့်....(ဒီဘဝခန္ဓာပေါ်ပါတယ်ဘုရား) ဒီခန္ဓာ ပေါ်တယ်ဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ပျော်ရွှင်နေတာသည် နှားပျော်- တိရစ္ဆာန်ပျော်ဆိုတာကော ဟုတ်ကြရဲ့လား....(ဟုတ်ပါတယ်ဘုရား) အခု ဘယ်သူနဲ့ အဖေါ်လုပ်နေရသတုံး....(ဇရာ မရဏနဲ့ အဖေါ်လုပ်နေရပါတယ်ဘုရား)။

ဇရာဆိုတာ နှားသတ်ရုံကိုဆဲပို့နေတဲ့ နှားဆွဲကုလားနဲ့ ပျော်နေတယ်....(မှန်ပါ့) နှားသတ်ရုံကို ဆဲပို့နေတဲ့ နှားဆွဲကုလား

သည်ကား....လို့ ဆိုယင်ဖြင့် နှားသတ်ရုံမှုတပါး လမ်း-ဘယ်မှ မကွေ့မကောက်တော့ပါဘူး၊ အဲဒီကိုဘဲ အဖြောင့်ပို့မယ်ဆိုတာကတော့ သေချာပါတယ်....(မှန်ပါ့) ရှောင်လို့ လွဲလို့ သူ-ပို့ဦးမှာလား....(မပို့ပါဘုရား)။

ခင်ဗျားတို့လဲ အခု ဇရာနဲ့အဖေါ်လုပ်ပြီးသကာလ နေတာ ရှုန်းချိန်ကန်ချိန်ဟာ အခုအချိန်ဘဲနော်....(မှန်ပါ့)။

အားလုံး တကာတကာမတွေ့ ဒီအချိန်ဟာ ဘာအချိန်ပါလိမ့်....(ရှုန်းချိန်ကန်ချိန်ပါဘုရား) အဲ... ရှုန်းချိန်ကန်ချိန်ဆိုတာ ဘုန်းကြီးတခြားဟောတာ မဟုတ်ပါဘူး၊ တကာ တကာမတို့ သေသေချာချာမှတ်ပါ အလုပ် လုပ်ချိန်ကိုဆိုပါသည်....(မှန်ပါ့ဘုရား)။

ရှုန်းချိန်ကန်ချိန်ဆိုတာ ဘာပါလိမ့်.... (အလုပ်-လုပ်ချိန်ပါဘုရား) သူ့ကို မုန်းချိန်ကိုဆိုတာ....(မှန်ပါ့)။

သူ့ကို မုန်းချိန်၊ စွန့်ချိန်၊ ဒါဟာ ရှုန်းချိန် ကန်ချိန်ဘဲ....(မှန်ပါ့) သူ့ကို မုန်းအောင် ရှဲ့အောင် လုပ်ရမယ်.... (မှန်ပါ့) ဟိုဘက် သတ်ကာနီးမှဆိုတော့ ဘယ့်နှယ် တတ်နိုင်ဦးမှာလဲ....(မတတ်နိုင်ပါဘုရား) မတတ်နိုင်ဘူးဆိုတော့ ယခုအချိန်ဟာ ရှုန်းချိန်ကန်ချိန်လဲရောက်ပြီ၊ တွန်ချိန် မြူးချိန်တော့ မဟုတ်တော့ ဘူး....(မှန်ပါ့)။

ဦးခင်မောင် အရေးမကြီးဘူးလားဗျာ-(ကြီးပါတယ်ဘုရား)

ကိုင်း....ဒါဖြင့် စီးပွားရေးကို တိုးတက်ပြီး ရှာမည်ကြံလိုက်ဦးမယ်....မင်းနှယ် ဖျင်းလိုက်တာကွာ၊ နှားသတ်ရုံနဲ့ နီးနီးကလေးကွ၊ အခုဆဲနေတဲ့ ဇရာကလဲ အဲဒီအရောက်ပို့မည့်အထဲ မင်းက

စီးပွားလိုချင်သေးသလား၊ စီးပွားရလို့ မင်းက ပြုံးချင်သေးသလား၊ မင့်သားတွေ,သမီးတွေအတွက်လဲ မစိုးရိမ်ဘူးလား၊လို့ ကိုယ်ကိုယ်လဲ မေးပါဦး....(မှန်ပါ့) မမေးသင့်ဘူးလား.... (မေးသင့်ပါတယ်ဘုရား)။

သားတွေ သမီးတွေအတွက် မင်း-ထိုက်တန်သလောက် ထားခဲ့ပေါ့ကွာ၊ ကိုယ့်အတွက်ကတော့ ကိုယ်ရှုန်းချိန်ကန်ချိန်ရောက်တဲ့ ဥစ္စာဘဲ ရှုန်းပါတော့လားလို့ မဆိုသင့်ဘူးလား(ဆိုသင့်ပါတယ်ဘုရား)။

အဲ.... ရှုန်းချိန်ကန်ချိန်ရောက်လို့ ရှုန်းရမည့်အချိန်ကာလကို တကာတကာမတွေ ရှုန်းဖြစ်အောင် ရှုန်းပါဆိုတာကို သတိပေးရတယ်....(မှန်ပါ့) ရှေ့.ကို ရှုန်းနိုင်လိမ့်မယ်လို့ အခြေမရှိတော့ဘူး....(မှန်လှပါဘုရား) သေပဲ့ဝင်မှတော့ ဘယ့်နှယ်လုပ်ကြမတုံး(မရှုန်းနိုင်ပါဘုရား) ဒါဖြင့် အခုအချိန်ဟာ ရှုန်းချိန်ကန်ချိန်ဘဲ(မှန်ပါ့)။

ဘာချိန်ပါလိမ့်....(ရှုန်းချိန်ကန်ချိန်ပါဘုရား) ရှုန်းချိန် ကန်ချိန်မှာ ကန်ပြီးသကာလ ရှုန်းပါဆိုတဲ့အဓိပ္ပါယ် ပြောတာပါဘဲ(မှန်ပါ့)။

အဲဒါလောက်ပြောနေတာသည် တခြားမဟုတ်ဘူး၊ အခုအချိန်မှာ ဉာဏ်ကလေးကောင်းတုန်း....(မှန်ပါ့)စားသောက်လို့နေလို့ထိုင်လို့လဲ ကောင်းတုန်းမို့ ခန္ဓာကိုယ်ကြီးက ခိုင်းလို့စေလို့ကောင်းတုန်း၊ ဉာဏ်ကလေးက ရှင်ရှင်ပျပျနဲ့ အလုပ်ဝတ္တရားမြင်နိုင်တဲ့အခြေအနေရှိတုန်းမို့ ဘုန်းကြီးတို့ တကာတကာမတွေသည်ကားလို့ ဆိုယင် လုပ်လိုက်ကြပါလို့ ပြောတာဘဲ....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမှာပါလိမ့်....(ဝိပဿနာလုပ်ရမှာပါဘုရား) အဲ့.... ဝိပဿနာလုပ်တာသည် ရှုန်းကန်တဲ့အလုပ်ဘဲလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ရှုန်းကန်ချိန်ဟာ ဘယ်အချိန်မှာပါလိမ့်ဗျာ.... (ယခုအချိန်ပါဘုရား) ယခုအချိန်ဆိုတာ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ-အခုအချိန်ဘဲဆိုတာ သဘောပါတော့မှ ဩဝ်-ဒီဖြင့် အချိန်တိုင်းအချိန်တိုင်း ခန္ဓာကိုယ်ကြီးကို ရှု့ပြီး မှုန်းပြီး ငြီးငွေ့တဲ့ဉာဏ်မပေါ်-ပေါ်အောင် လုပ်ပါတော့မယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ရှု့မှုန်း ငြီးငွေ့တဲ့ဉာဏ် ဘာလုပ်ရမတုံး.... (မပေါ်-ပေါ်အောင် လုပ်ရပါမယ်ဘုရား) ဒါဟာ ရှုန်းကန်တာဘဲ....(မှန်ပါ့ဘုရား)။

မင်းသည်ကားလို့ဆိုယင် မင်းရှိတဲ့အတွက် ဇရာနဲ့ အဖေါ်လုပ်ရတယ်....(မှန်ပါ့) မင်းရှိတဲ့အတွက် မရဏနဲ့....(အဖေါ်လုပ်ရပါတယ်ဘုရား) ဘယ်မှာ ကောင်းသတုံး၊ ခန္ဓာငါးပါးရှိတာ ဘယ်သူနဲ့ အဖေါ်လုပ်ခဲသတုံး.... (ဇရာနဲ့ အဖေါ်လုပ်ရတယ်၊ မရဏနဲ့အဖေါ်လုပ်ရပါတယ်ဘုရား)။

ဒါဖြင့် မင်းရှိလို့ ဇရာနဲ့အဖေါ်လုပ်ရ၊ မရဏနဲ့ အဖေါ်လုပ်ရတယ်၊ မင်းကိုဘဲ ရှု့အောင်မုန်းအောင်လုပ်တဲ့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် မရ-အရ လုပ်ပါတော့မယ် ဆိုလို့ရှိယင်ဖြင့် ခုနက ဇရာနဲ့ အဖေါ်လုပ်ရတဲ့ ခန္ဓာနဲ့လဲ အိုးစားကွဲမှာဘဲ.... (မှန်ပါ့) မရဏနဲ့အဖေါ်လုပ်တဲ့ ခန္ဓာနဲ့ကော .... (အိုးစားကွဲမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ဟောနေတာကို အအိုလွတ်၊အသေလွတ် ဟောနေတာ....(မှန်ပါ့) သဘောပါကြပလား-(ပါ-ပါပြီဘုရား။။။

အဲဒီတော့ ခင်ဗျားတို့က ဘုန်းကြီးက အအိုလွတ်, အသေလွတ်ဟောပြီးတော့နေတယ်၊ ခင်ဗျားတို့က သား၊တွေ့,သမီး၊တွေ့, ဆွေ၊တွေ့,မျိုး၊တွေနဲ့ ပြောချင်ရာပြော-ဆိုချင်ရာဆို၊ ဝတ်ချင်ရာဝတ်၊ စားချင်ရာစားပြီးသကာလနေမယ်၊ ရုန်းကန်တဲ့အလုပ်ကို မလုပ်ဘူးဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ မုနင်က နွားသတ်ရုံဆဲတဲ့ နွား တွန်ယက်ပြီးသကာလနေသလို တိရစ္ဆာန်စိတ်ပေါက်နေတဲ့ အခြေအနေဟာ ကိုယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)ဒါဖြင့် လူတိရစ္ဆာန်တွေလို့ ပြောယင်ကော လဲပါ့မလား (မလဲပါဘုရား)။

ဒါ့ကြောင့် ဆရာသမား၊တွေနေတဲ့အချိန်မှာ တကာတကာမတွေက ရုန်းကန်ပြီးသကာလ လူတိရစ္ဆာန်အလုပ်ကို တော်ပြီကွာ....သိမ်း၊တော့မယ်ကွာ....ဟုတ်လား.....(မှန်ပါ့) ဇာတ်သိမ်း၊တော့မယ်ကွာ-ဆိုပြီး ပြင်ဖြစ်အောင် သတိပေးလိုက်ပါတယ်....(မှန်ပါ့) ပြင်ချိန်က နည်းနည်းဘဲကျန်တော့လို့ အခုပြောတာ (မှန်ပါ့)။

ပြင်ချိန်က ဘယ်လောက်များ ကျန်သေးသလဲ....(နည်းနည်းဘဲကျန်ပါ၊တော့တယ်ဘုရား) နည်းနည်းဘဲ ကျန်တော့တယ်၊ ရှေ-နေခဲ့တာကတော့ နေပြီးပြီလို့ သြော်.... နေလို့ရတယ်လို့ ဆိုရပါဘယ်၊ နှစ်ပေါင်း ဘယ်လောက်ဆိုတာ....(မှန်ပါ့) ရှေ-နေရမှာကတော့ ဘယ်လောက်တုံးဆိုတော့ မသိဘူးဆိုပါ၊တော့ ဒီဘက်က နည်းမနေဘူးလား....(နည်းနေပါတယ်ဘုရား)။

ဒါဖြင့် နည်းတာကို နည်းတဲ့ အထဲမှာဖြင့် မနှုပ်ပါနဲ့ ဆို တာကို ခဏခဏ သတိပေးတယ်....(မှန်ပါ့) နည်းတဲ့ အထဲက နေပြီး သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ မနှုပ်ကြပါနဲ့တော့၊ ရှုန်းကန်တဲ့အလုပ်နဲ့သာ နေကြပါတော့ဆိုတာ သတိပေးရတယ် (မှန်ပါ့) မပေးသင့်ဘူးလား....(ပေးသင့်ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဟာ သံဝေဂလောက် ပြောနေတာလား၊ ဖြစ်စဉ်ကိုက်လားဆိုတာလဲ စဉ်းစားပါဦး .... (ဖြစ်စဉ်ကိုက်ပါ ဘုရား) ဖြစ်စဉ်ကိုက်....တဲ့၊ တကယ် တွေ့နေလို့ တကယ်ပြော နေတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ယနေ့ အရိယာမျက်လုံး တပ်ပေးလိမ့် မယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ခင်ဗျားတို့ ပြုံးတယ်၊ ရှင်တယ်ဆိုတာ အရိယာမျက်လုံး မရှိလို့ ပြုံးတာ.... (မှန်ပါ့) ပြုံးနိုင်တယ်၊ ရှင်နိုင်တယ်၊ သားနဲ့ သမီးနဲ့ ပျော်နိုင်တယ်၊ စီးပွားဥစ္စာ ရတနာတွေကို မရောင့်ရဲအောင် ရှာနိုင်တယ်ဆိုတာ ဘယ်မျက်လုံးမရှိလို့ပါလိမ့်....(အရိယာမျက်လုံးမရှိလို့ပါ)။

ဘယ်မှာ အရိယာမျက်လုံး ရှိမလဲ....တဲ့၊ ဘာ့ကြောင့်တုံး ဆို တော့ မိမိခန္ဓာအတွက်လဲ ရှာတာဘဲ.... (မှန်ပါ့) သားသမီး ခန္ဓာအတွက်ကော....(ရှာပါတယ်) ဒါတွေဟာ မိမိဖြစ်နေ ကတည်းက အရိယာမျက်လုံးမဟုတ်ဘူး....(မှန်ပါ့)

သားသမီးဖြစ်နေကတည်းက....(အရိယာမျက်လုံး မဟုတ်ပါ ဘုရား) ဆွေမျိုးညာတကာ ဖြစ်နေကတည်းက....(အရိယာမျက် လုံးမဟုတ်ပါဘုရား) ဒါဖြင့် တကာ တကာမတို့ ရှာဖွေတာ သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ဦးခင်မောင်-မျက်လုံးအမှား နဲ့ ရှာတာ....(မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မလဲ....(မျက်လုံးအမှားနဲ့ရှာတာပါဘုရား) ပုထုဇဉ်မျက်လုံးရှိနေတဲ့အတွက် တကာတကာမတွေ့ အမှားတွေ့ချည့် လုပ်နေတယ်နော်....(မှန်ပါ့) အရိယာမျက်လုံးကလေး တပ်ပေးလိုက်မယ်ဆိုလို့ရှိယင် ဒီလုပ်သမျှဟာ အမှားချည့်ပါလားဆိုဘာ လာတော့မယ်....(မှန်ပါ့) မလာပါနဲ့လို့ ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

ကိုင်း....ဒါဖြင့် အရိယာမျက်လုံးတပ်ကြပါစို့.... (မှန်ပါ့) ဒါဟာ မာဂဏ္ဍပရဗိုဇ်ကြီး အရိယာမျက်လုံးတပ်တဲ့နေ့ဘဲလို့ ဦးခင်မောင် မှတ်ရလိမ့်မယ်နော်....(မှန်ပါ့)။

တကာတကာမတို့ ဒီဘက်က ၁-နံပါတ်က ရူပက္ခန္ဓာထားပါ၊ ၂-နံပါတ်က ဝေနက္ခန္ဓာ၊ ၃-နံပါတ်က သညာက္ခန္ဓာ၊ ၄-နံပါတ်က သင်္ခါရက္ခန္ဓာ၊ ၅-နံပါတ်က စိတ်ဆိုတဲ့ဝိညာဏက္ခန္ဓာ ဆိုတော့ ဒါဟာ ခန္ဓာငါးပါး....(မှန်ပါ့) ဒါဟာ တရားနာနေတဲ့ပုဂ္ဂိုလ်တွေဘဲ....(မှန်ပါ့)။

ဒီ-ငါးခုဟာ ဘယ်သူပါလိမ့် ... (တရားနာတဲ့ပုဂ္ဂိုလ်တွေပါဘုရား)။

ယောကျ်ားလို့ဆိုတာလဲ ဒီငါးပါးဘဲ....(မှန်ပါ့) မိန်းမလို့ဆိုတာလဲ....(ဒီငါးပါးပါဘဲဘုရား) ဒီငါးပါးဘဲရှိတယ် တကာဘကာမတို့၊ ဒီအထဲမှာ လေးပါးရှိတဲ့ပုဂ္ဂိုလ်လဲမပါဘူး၊ သုံးပါးရှိတဲ့ပုဂ္ဂိုလ်လဲ မပါဘူး၊ ဘယ်နှစ်ပါးသာရှိသလဲ....(ငါးပါးသာရှိကြပါတယ်ဘုရား)။

ငါးပါးရှိတဲ့အထဲကလဲ တကာတကာမတွေ့ ရုပ်က ဘရားတပါး၊ နာမ်က တရားလေးပါးပေါ့ဗျာ....(မှန်ပါ့) ဒါဘဲရှိ

ပါတယ်၊တခြား ဘာရှိသေးသတုံး .... (ဘာမှ မရှိပါဘုရား) ကောင်းပြီ... ရုပ်တရားကတပါး၊ နာမ်တရားက လေးပါဆိုတော့ ဒါကို ခန္ဓာငါးပါးလို့ခေါ်တယ်....(မှန်ပါ့)။

အဲဒီတော့သေသေချာချာစဉ်းစားကြည့်တော့ ရုပ်တကရားက ဆေးရုံကြီးဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဝိညာဏကခန္ဓာဆိုတဲ့စိတ်တရားက လူနာသည်ဘဲ....(မှန်ပါ့)။

စိတ်တရားက ဘာတဲ့....(လူနာသည်ပါဘုရား) ရုပ်တရားက (ဆေးရုံကြီးပါဘုရား)။

ဒီငါးပါးထဲမှာ တကာတကာမတို့ ဝေဒနာဆိုတာ မရှိဘူးလား....(ရှိပါတယ်ဘုရား)ဝေဒနာဆိုတာရှိတော့ကို ဒီစိတ်ပေါ်မှာ စိတ်နာတယ်လို့ ပြောတာ....(မှန်ပါ့) ဒါက ဝေဒနကခန္ဓာလာပြီး ကပ်တယ်၊ ခန္ဓာ ဘယ်နှစ်ပါးရှိသွားပလဲ.... (သုံးပါး ရှိသွားပါပြီဘုရား)။

ကောင်းပြီ....ရုပ်တရားက ဆေးရုံ၊ စိတ်တရားက လူနာသည် ပေါ့ဗျာ....(မှန်ပါ့) ဝေဒနာကတော့ အနာ သက်သက်ဘဲ၊ လူအပေါ်မှာ အနာပေါက်တာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)စိတ်တရားက လူနာသည်နော်....(မှန်ပါ့ဘုရား) ဝေဒနာက အနာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာ ရုပ်တရားကြီးက ဆေးရုံ၊ စိတ်တရားက လူနာ၊ ဝေဒနကခန္ဓာ အနာသက်သက်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

သည်ဘဝခန္ဓာကတော့ တကာတကာမတို့ မှတ်တာပေါ့....တဲ့၊ ဒါက မသင့်တဲ့အစာ အနာ ကြီးပွားအောင် လုပ်ပေးတယ်.... (မှန်ပါ့)။

သည်ဘဝခန္ဓာက ဘာတုံး.... (အနာကြီးပွားအောင် လုပ်ပေးတယ်) မသင့်တဲ့အစာဘဲ... (မှန်ပါ့)။

မသင့်တဲ့အစာဆိုတာ တကာတကာမတို့ သည်ဘဝက သားလို့ မွားလိုက်လို့ ရှိယင်ဖြင့် သားဆိုလို့ ရှိယင် သိပ်ခင်တဲ့ဝေဒနာကြီး သုခဝေဒနာကြီးရောက်လာတယ်၊ သားကလေး တခုခုဒုက္ခ ဖြစ်တယ်ဆိုယင် သိပ်စိတ်ဆိုးတဲ့ ဝေဒနာကြီး ရောက်လာတယ်.... (မှန်ပါ့ဘုရာ.) ဒါဖြင့် သည်ကြောင့် ဝေဒနာကြီးရတယ်.... (မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သည်ဘဝက ဘာပါလိမ့်.... (မသင့်တဲ့အစာပါဘုရား) မသင့်တဲ့အစာ ဟုတ်တယ်- မဟုတ်တယ် ဘုန်းကြီး ပြောပြမယ်၊ သည်ဘဝက မသင့်တဲ့အစာအမှန်ပါဘဲ....တဲ့ တကာတကာမတို့နော် (မှန်ပါ့ဘုရား)။

သည်ဆိုတာကသား ရယ်လို့ မှတ်ထားတာလဲသည်၊သမီးရယ်လို့ မှတ်ထားတာလဲ သည်ဘဲ မဟုတ်လား.....(မှန်ပါ့) မိမိကိုယ်ရုပ်လို့ မှတ်ထားတာလဲ သည်ဘဲမဟုတ်လား.... (မှန်ပါ့ဘုရား)။

အဲဒီတော့ မိမိကိုယ်မှာ ကြည့်လိုက်တဲ့အခါမှာ အင်ပြင်တွေ ဘာတွေထ၊ ထိပ်ကနဲသွားတယ်ဆိုယင် ဒေါမနဿဝေဒနာက ကြီးလာတယ်....(မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ ပြေပြေပြပ်ပြစ်ပြစ်နဲ့ ကြည့်လိုက်ပြန်လဲ သောမနဿဝေဒနာက ကြီးလာတယ်....(မှန်ပါ့)ဒါဖြင့် အဲဒါဟာ အမှတ်ကြောင့် ကြီး,ကြီးလာတာ....(မှန်ပါ့) အမှတ်မပါယင်....(မကြီးပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် သညာက ဘာနဲ့တူသတုံး....(မသင့်တဲ့အစာနဲ့ တူပါတယ်ဘုရား)အဲ....သူ့ကြောင့် ဝေဒနာအမျိုးမျိုးမကြီးဘူးလား (ကြီးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ရူပက္ခန္ဓာဆေးရုံ၊ စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာက အနာလက်ခံသမား၊ ဝေဒနာက အနာ၊ သညာကြောင့် ဝေဒနာသည်ဖြစ်ရတော့ တကာတကာမတို့ သညာဟာ မသင့်တဲ့အစာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား) ခန္ဓာ ဘယ်နှစ်ပါးကုန်သွားပလဲ....(လေးပါးပါဘုရား)။

ကောင်းပြီ....ဒါဖြင့် သညာက မသင့်တဲ့အစာ စားမိတယ်၊ မသင့်တဲ့ဥစ္စာကို အားပေးတဲ့ဥစ္စာ သဘာဝဘဲ....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်ထဲမှာ သညာလဲ ခင်ဗျားတို့၏ ဝေဒနာ ကြီးရာ ကြီးကြောင်းကို အားပေးတာဘဲလို့ ဆိုယင်ကော လဲသလား....(မလဲပါဘုရား)။

သခ်ါရက္ခန္ဓာဆိုတဲ့ စေတနာ စသည်ကလဲ တကာ တကာမတို့ကို ဘယ်လိုလုပ်လေ ရှိပါလိမ့်မတုံး.... ဆိုလို့ရှိယင်ဖြင့် အနာမရ ရုံးအောင် အနာရှိတဲ့ဆီချည့် တိုက်တွန်းတယ်....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြပါ့မလဲ.... (အနာရှိတဲ့ဆီချည့် တိုက်တွန်းပါတယ်ဘုရား) အနာရအောင်ချည့် တိုက်တွန်းတယ်....(မှန်ပါ့) စေတနာဆိုတော့ သားဆီကို သွားလိုက်ဦးဆိုတော့ သားနာရပြန်တယ်၊ သမီးဆို သွားလိုက်ဦးဆိုတော့ စေတနာက မတိုက်တွန်းဘူးလား....(တိုက်တွန်းပါတယ်ဘုရား)။

ဘာနာရပြန်သတုံး....(သမီးနာရပြန်တယ်) ပစ္စည်းဆို သွားပြန်ဦးဆိုတော့လဲ . စေတနာက တိုက်တွန်းတော့လဲ မသွားရဘူးလား....(သွားရပါတယ်ဘုရား)။

ဘာနာရပြန်သတုံး....(ပစ္စည်းနာရပါတယ်ဘုရား) ပစ္စည်းနာရခဲ့ပြန်တယ်ဆိုတော့ တောင်းရမ်းလို. ရခဲ့ပြန်လဲ သောမနဿဝေဒနာကြီးတယ်၊ တောင်းရမ်းလို. မရခဲ့ပြန်တော့ကော.... (ဒေါမနဿဝေဒနာ ကြီးပါတယ်ဘုရား) အဲဒီတော့ တကာတကာမတို့ အဲဒါ အနာဖြစ်ကြောင်း....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သခ်ၤါရက္ခန္ဓာက ဘာတဲ့....(အနာဖြစ်ကြောင်းပါဘုရား)။

ကဲ....ကဲ....ပြန်ကြဦးစို့-ပြန်ကြဦးစို့၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးထဲမှာ ဘယ်ဟာများ ကောင်းသလဲဆိုတာ ဝေဘန်ကြဦးစို့ နော်....(မှန်ပါ့)။

ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားကြီးဟာ ဘာနဲ့တူသတဲ့....(ဆေးရုံကြီးနဲ့ တူပါတယ်) ဝေဒနက္ခန္ဓာက ဘာနဲ့တူသတဲ့....(အနာရောဂါနဲ့တူပါတယ်)သညာက္ခန္ဓာက ဘာတဲ့....(မသင့်တဲ့အစာနဲ့ တူပါတယ်) မသင့်တဲ့အစာနဲ့တူတယ်၊ သူ့ကို သေသေချာချာစားမိလို့ရှိယင် ဝေဒနာ ကြီးတာဘဲ....(မှန်ပါ့)။

သခ်ၤါရကၡန္ဓာဆိုတဲ့ စေတနာတွေက ဘာတဲ့ .... (အနာဖြစ်ကြောင်းနဲ့တူပါတယ်) အနာဖြစ်ကြောင်းနဲ့ တူတယ်၊ သူက အနာ မဖြစ်·ဖြစ်အောင်ကို အားပေးတယ်....(မှန်ပါ့) မပေးဘူးလား....(ပေးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးထဲမှာ ရုပ်လှလှဖြစ်ရပါလို့ ဆိုယင်လဲ ဆေးရုံလှလှ ဖြစ်ရပါလို့.... (မှန်ပါ့) နောက်ဘဝ စိတ်ကောင်းကြီးနဲ့ ဖြစ်ရပါလို့ဆိုယင်လဲ လူနာကြီး ဖြစ်ရပါလို့၊ လက်ခံနိုင်တဲ့လူမမာ ဖြစ်ရပါလို့....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

နောက်ဘဝ ကောင်းကောင်းမွန်မွန် ဖြစ်ရပါလို့၊ ခံစားရပါလို့ဆိုယင် ဝေဒနာမျိုးစုံ တွေ့ရပါလို့ ဟုတ်လား.... (မှန်ပါ့) နောက်ဘဝ အမှတ်သညာကောင်းရပါလို့ဆိုယင် မသင့်တဲ့အစာကြီး စားမိပရစေ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ.... နောက်ဘဝလဲ ဒီလိုဘဲ စေတနာကောင်းကြပြီဆိုလို့ရှိယင်ဖြင့် အနာရအောင် တွန်းတဲ့လူကိုပင်လျှင် ကျုပ်တို့သည် မခဲမခဲဘဲနဲ့ နေရပါလို့၊ ဒါဘဲရှိတယ် ခင်ဗျားတို့.... (မှန်ပါ့) ဒီ.ပြင် ဘာရှိသေးသတုံး....(ဘာမှမရှိပါ) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

အင်း....ဒါဖြင့် ခန္ဓာငါးပါးမှာ စံလမ်းစရာမျှား ပါရဲ့လား (မပါ-ပါဘုရား) ဘယ်ဟာကြိုက်ကြသတုံး .... (ဘယ်ဟာမှမကြိုက်ပါဘုရား)။

ဆေးရုံဖြစ်ချင်သလား... (မဖြစ်ချင်ပါဘုရား) လူနာလက်ခံ ဖြစ်ချင်သလား....(မဖြစ်ချင်ပါဘုရား) အနာကြီးကြီး ပေါက် ချင်သလား....(မပေါက်ချင်ပါဘုရား)မသင့်တဲ့အစာများ စားမိ ချင်သလား....(မစားမိချင်ပါဘုရား) ဒါဖြင့် အနာဖြစ်ကြောင်း တွေကို ကြိုးစားချင်သလား....(မကြိုးစားချင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာဖြင့် တကာ တကာမတို့ သာယာနှစ်သက်စရာ တခုမှ မပါဘူး....(မပါ-ပါဘုရား) ပါ သေးရဲလား....(မပါ-ပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးသည် နောက်ဘဝ ဒီလို လူ့ခန္ဓာ ဖြစ်ရ ပါလို၏....ဆိုတဲ့ စဲလမ်းတဲ့ ဥပါဒါန် လာလို့ရှိယင်ဖြင့် ဥပါဒါန ပစ္စယာ ကမ္မဘဝေါ လာမှာဘဲ....(မှန်ပါ့) ကမ္မဘဝ ပစ္စယာ ဇာတိဆိုလို့ရှိယင် ဒီခန္ဓာငါးပါး ပြန်လာမယ်....(မှန်ပါ့)။

ဇာတိဆိုယင် ခန္ဓာဘယ်နှစ်ပါးလာကြမလဲ .... (ငါးပါးပါ ဘုရား) ဇာတိဆိုတာ ပြောတော့ဇာတိ ဖြစ်တော့ ခန္ဓာ ငါး ပါးဘဲ....(မှန်ပါ့)။

ဩော်.... ဒီခန္ဓာငါးပါး ဘယ်နှယ်ကြောင့် ရပါလိမ့်မတုံးလို့ မေးတော့ ဒီကံကြောင့်ရတာ၊ ဒီကမ္မဘဝကြောင့်ရတာ မဆိုနိုင် ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီကမ္မဘဝက ဘယ်နှယ်ကြောင့် ဒီကံဖြစ်ရပါလိမ့်မတုံး.... ဆိုတော့....(ဥပါဒါန်ကြောင့်ပါ) စဲလမ်းလို့၊ သူက ဘယ်သူ့ စဲလမ်းသတုံးလို့ မေးတော့ .... (ခန္ဓာငါးပါး စဲလမ်းပါတယ် ဘုရား)။

အတိတ်ဘဝက ခန္ဓာငါးပါး စုံလမ်းတယ်၊ စုံလမ်းလို့ ကံပေါ်လာလို့ အနာဂတ်ဘဝမှာ ခန္ဓာငါးပါး ပြန်ရတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....ခင်ဗျားတို့ ခန္ဓာငါးပါးဟာ သိကြား,ဗြဟ္မာ,ဘုရားက လာပြီးပေးတာ မဟုတ်ဘူး....(မှန်ပါ့) ပေးတာဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) ခင်ဗျားတို့ စုံလမ်းလို့ ဥပါဒါန်ကြောင့်ရတဲ့ ခန္ဓာငါးပါး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာကြောင့် ရပါလိမ့်ဗျာ.... (စုံလမ်းလို့ ရတဲ့ ခန္ဓာငါးပါး ပါဘုရား) ဒီလိုဆိုတော့ သိကြား,ဗြဟ္မာ,ဘုရား လာပြီးဖန်ဆင်းတယ်ဆိုတာ မပြုတ်သေးဘူးလား....(ပြုတ်ပါပြီဘုရား) သိကြား, ဗြဟ္မာ,ဘုရား ဖန်ဆင်းနိုင်ရဲ့လား....(မဖန်ဆင်းနိုင်ပါဘုရား)။

တကာ တကာမတို့ ဒါကို ယခုဘဝ ထားစမ်းပါနော်.... (မှန်ပါ့) ယခုဘဝမထားချင်လို့ရှိယင် ဒါကိုလာလတံ့ဘဝထားပါ၊ ကဲ....ယခုဘဝ ခန္ဓာငါးပါးကြီးထားပါ၊ဒီခန္ဓာငါးပါးကြီး ထားပါ၊ ဒီခန္ဓာငါးပါးကြီးကို တကာတကာမတွေက သြော်.... ကိုယ့်အသားအရေကလေးကြည့်လိုက်ပြန်လဲ အင်း....နေရာကျပါသေးရဲ့၊ ဒါ....ဥပါဒါန်ဗျ....(မှန်ပါ့) စိတ်ကူး စိတ်တန်းကလေးကြည့်လိုက်ပြန်တော့.... (နေရာကျပါသေးတယ်ဘုရား) သြော်....လောကီခန္ဓာငါးပါးကြီးကို ခင်ဗျားတို့က နေရာကျပါသေးရဲ့ဆိုတော့ စုံလမ်းနေသေးတယ်....(မှန်ပါ့)။

မိမိခန္ဓာကိုယ်ပေါ်မှာလဲ သားသမီးခန္ဓာ ဖြစ်ခဲ့ယင်ကော.... (စုံလမ်းပါတယ်ဘုရား) ခင်ပွန်းခန္ဓာဖြစ်ခဲ့ယင်ကော.... (စုံလမ်းပါတယ်ဘုရား) ခင်ပွန်းမခန္ဓာဖြစ်ခဲ့သော်.... (စုံလမ်းပါတယ်ဘုရား)။

ဩော်.... ဒီဥစ္စာသည် ခုနင်က ပြောခဲ့တဲ့ခန္ဓာငါးချက်ရဲ့ သဘောကိုမသိဘူး....(မှန်ပါ့) ဩော်....ရောဂါတုံး၊ ရောဂါဆိုးကြီးပါလား၊ ရောဂါနဲ့ ပတ်သက်တာကြီး ရှိနေပါကလားလို့ သိရဲ့လား....(မသိပါဘုရား) မသိလို့ စွဲလမ်းတယ်၊ စွဲလမ်းလို့ အားထုတ်တယ်၊ အားထုတ်လို့ အနာဂတ်ဘဝခန္ဓာငါးပါးကြီး ဖြစ်ရတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမဘို့ အနာဂတ်ဘဝရမည့်ခန္ဓာငါးပါး ဘယ်သူမှ လုပ်ပေးတာမဟုတ်ဘူး၊ ကိုယ့်စွဲလမ်းမှုကြောင့် ကိုယ် ရတာ....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက် ချကြမလဲ.... (ကိုယ့်စွဲလမ်းကြောင့် ကိုယ်ရတာပါဘုရား) ကြောက်စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

နောက်ဘဝရမည့်ခန္ဓာငါးပါးကို တကာတကာ့မတို့ ဘယ့်နှယ်ကြောင့် နောက်ဘဝ ခန္ဓာငါးပါးရပါသလဲလို့ မေးတော့ လက်ရှိခန္ဓာငါးပါးကို ဘုရားဟောသလို ဆရာသမားပြောတဲ့ အတိုင်း ဆေးရုံအဖြစ်လဲမသိဘူး.... (မသိပါဘုရား) မသင့်တဲ့ အစာအဖြစ်ကော .... (မသိပါဘုရား)ချောက်တွန်းတဲ့စေတနာ အဖြစ်ကော....(မသိပါဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါး၏ အပြစ် အနာအဆာကို မသိတဲ့အတွက် စွဲလမ်းတာ၊ စွဲလမ်းတော့.... (အားထုတ်ပါတယ်ဘုရား) အားထုတ်တော့ အနာဂတ်မှာ....(ခန္ဓာငါးပါးရပါတယ်ဘုရား) ရပြန်တော့ ရတဲ့နေရာမှာ ခင်ဗျား

တို့က စဲ့လမ်းဦးမယ်....(မှန်ပါ့) မစဲ့လမ်းပေဘူးလား....(စဲ့လမ်း ပါတယ်ဘုရား) စဲ့လမ်းယင် အားထုတ်ဦးမှာဘဲ.... (မှန်ပါ့) အားထုတ်ယင် ဘာတုံး....(ရဦးမှာပါဘုရား)။

ဒါဖြင့် လှည့်နေဦးမှာဘဲ....(မှန်ပါ့) မလှည့်ပေဘူးလား.... (လှည့်ပါတယ်ဘုရား)။

ဒါ.... အခု ဆရာကောင်း, သမားကောင်းနဲ့ တွေ့တုန်းမှ ခင်ဗျားတို့သည် ဒီအလှည့်အပတ်ကြီးကို မဖြုတ်တော့ပါဘူး ဆိုယင်ဖြင့် ဖြုတ်ချိန်မရှိတော့ဘူး....(မှန်ပါ့) ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဖြုတ်ချိန် ဘယ်တော့မှ မရှိတော့ပါဘူး၊ ဒီအတိုင်းဘဲ ဒီလူ မမာကြီးနဲ့ဘဲ သံသရာ့ခရီးသည်အဖြစ်နဲ့ နွားသတ်ရုံဆဲ့တဲ့လူနဲ့ ပေါင်းလိုက်၊ နွားသတ်သမားဆိုတာနဲ့ ဒီခန္ဓာနဲ့ ပေါင်းလိုက် ဟုတ်လား....(မှန်ပါ့)။

ဦးခင်မောင် ဒါနဲ့ဘဲ လှည့်လို့ အချိန်ကုန်မှာဘဲ....(မှန်ပါ့) ဘုယ်လောက်များ နစ်နာတယ်ဆိုတာ ပေါ်ကြပလား....(ပေါ် ပါပြီဘုရား)အရတော်လေစ့....လို့ ခင်ဗျားတို့ မထင်လိုက်ပါနဲ့၊ နဂိုရိုက ရတာလေ....(မှန်ပါ့) ဘာ့ကြောင့် ရတာတုံး ဆိုတော့ (စဲ့လမ်းလို့ပါဘုရား)။

လက်ရှိခန္ဓာကြီးစဲ့လမ်းတာက ဥပါဒါန်မဟုတ်လား-(မှန်ပါ့ ဘုရား) ဥပါဒါန်ကြောင့် ဘာဖြစ်သတုံး.... (ကမ္မဘဝ ဖြစ်ပါ တယ်ဘုရား) ကံဖြစ်လို့ ဘာဖြစ်သတုံး.... (ရပါတယ်ဘုရား) နောက်ခန္ဓာငါးပါး ပြန်ပေါ်တယ်.... (မှန်ပါ့) နောက်ခန္ဓာ ငါးပါးဆိုတဲ့ဇာတိ ဖြန်မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)

ပေါ်ယင် ဇရာဆိုတဲ့ ခုနင်က နွားဆွဲတဲ့လူနဲ့ အဖေါ်လုပ်ရတော့ မယ်....(မှန်ပါ့) မရဏဆိုတဲ့ နွားသတ်သမားနဲ့ကော.... (တွဲရမှာပါဘုရား)။

သြော်....ခင်ဗျားတို့မသိတဲ့ပုဂ္ဂိုလ်တွေအတွက်မှာဖြင့် အသေခံဘဝချည့် ဆုတောင်းသကိုး... (မှန်ပါ့) ဘယ်လို ဆိုကြမလဲ.... (အသေခံဘဝချည့်ဆုတောင်းပါတယ်ဘုရား)။

ဦးခင်မောင် ဒါဟာ အရမ်းပြောတဲ့စကားမဟုတ်ဘူးနော် (မှန်ပါ့)ဖြစ်စဉ်ကိုက်ပြောတာ....(မှန်လှပါဘုရား) ဦးဘအုန်းတို့ ကောင်းကောင်းကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

လူ့ဘဝ-နတ်ဘဝ ရ,ရပါလို့၏....လို့ တကာ တကာမတွေ ဆုတောင်းကြပြီဆိုမှဖြင့် အသေခံဘဝဖြစ်ရပါလို့၏ အဓိပ္ပါယ် သေသေချာချာ မရော့က်ဘူးလား.... (ရော့က်ပါတယ်ဘုရား) ဒီလောက်ထိအောင်တော့ဖြင့် တကာတကာမတို့ မိုက်လုံးသန်ဘို့ တော့ မကောင်းဘူးလို့ ဆိုဆိုက်တယ်.... (ဆိုထိုက်ပါတယ် ဘုရား)။

ဒါ....ဒီအဖြစ်ကို မှန်မှန်ကြီးပြောစမ်းပါဆိုလို့ရှိယင် ဒီထက် နည်းပြောလို့တော့ မရတော့ဘူး ဦးခင်မောင်ရေ.... (မှန်ပါ့) ဒါ....ဒီအတိုင်းဘဲ သွားရမှာဘဲ....(မှန်ပါ့)။

သာမည ခင်ဗျားတို့ကို လှည့်တော့မယ်ဆိုလို့ရှိယင်တော့ ဒါဟာ ဒီဘဝ ဒီခန္ဓာနဲ့နေယင် နောက်ဘဝ နတ်ခန္ဓာနဲ့ နေရမယ် ဟောမှာဘဲ....(မှန်ပါ့) မဟော့ရပေဘူးလား.... (မှန်ပါ့-ဟောရမှာပါဘုရား)။

ဒီဘဝက စုတေပြီး နောက်ဖြဟ္မာခန္ဓာကြီးနဲ့နေရမယ်ဆိုလို့ ရှိယင်ဖြင့် ခုနင်္ကပြောခဲ့တဲ့ နွားဆွဲကုလားနဲ့လဲ ကင်းမှာမဟုတ်ဘူး.... (မှန်ပါဘုရား) နွားသတ်ကုလားနဲ့ကော.... (မကင်းပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နောက်ဘဝ အအိုလွတ် အနာလွတ်ဖြစ်ချင်ကြပါမူကား အလွယ်ကလေးပါ .... (မှန်ပါ့) ဒါ....နောက်ဘဝ ထားမဲ့တော့....(မှန်ပါ့) အအိုလွတ် အနာလွတ် ဖြစ်ချင်ယင် အလွယ်ကလေးပါ။ လက်ရှိခန္ဓာကို ခုနင်္ကအကြောင်းသိပြီးမစဲ့ယင် ဘာတဲ့....(မှန်ပါ့)။

ဘယ့်နှယ်လုပ်ကြမလဲ.... (လက်ရှိခန္ဓာအကြောင်းသိပြီး မစဲ့လမ်းယင် ပြီးတာပါဘဲဘုရား) လက်ရှိခန္ဓာ သိဘို့ကလဲ တော်တော့ဆရာသမားနဲ့ မရဘူး....(မှန်ပါ့) ရပါ့မလား.... (မရပါဘုရား)။

လက်ရှိခန္ဓာအကြောင်း သိမှဆိုတဲ့ဥစ္စာ.... လွယ်လွယ်စကားမှ မဟုတ်ဘဲ ဦးဘတင်ရာ....(မှန်ပါ့) လက်ရှိခန္ဓာကို သေသေချာချာ ရေရေလည်လည် အရုပ်ဆိုး အကျည်းတန်တာ သိမှသာလျှင် တကာတကာမတို့ ကိုယ့်ကိုယ်ကိုယ် မစဲ့ကြမှာပေါ့....(မှန်ပါ့) နို့-မရှိလို့ရှိယင် ကိုယ်မသိနိုင်ဘူး လာကြဦးမှာဘဲ.... (မှန်ပါ့) ကိုယ့် ထိမခံနိုင်ကြဘူး၊ မလာကြဘူးလား....(လာမှာပါဘုရား) ကိုယ့်သားသမီးထိယင်ကော....(မခံနိုင်ပါဘုရား) ဒါ- စဲ့လမ်းတာကို မခံနိုင်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီခန္ဓာကြီးအကြောင်း ခင်ဗျားတို့မသိတော့ ရန်သူမှန်း မသိသေးတော့ကို မိတ်ဆွေထင်ပြီး စဲ့လမ်းတယ်....

(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား) ဘယ်လို စဲလမ်းကြသတုံး .... (မိတ်ဆွေထင်ပြီးတော့ စဲလ့မ်းပါတယ် ဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ နောက်ခန္ဓာရဲခြင်း၏ အကြောင်း ယနေ့ လက်သည်ဖမ်းပေးတယ်....(မှန်ပါ့) လက်သည် ဖမ်းပေးလိုက်တော့ ဘယ်သူပါလိမ့်....(ဥပါဒါန်ပါဘုရား) ဟောဒီဥပါဒါန်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဥပါဒါန်က ဘယ်နှစ်မျိုးရှိသတုံး....မေးတော့မှ တကာ တကာမတွေ ရှင်းသည်ထက် ရှင်းအောင် ပြောပေးပါ့မယ်၊ လက်ရှိဘဝမှာ ခင်ဗျားတို့ ဥပါဒါန်က ဘယ်နှစ်မျိုး စဲနေတယ် ဆိုတာ ရှင်းပြမယ်နော်....(မှန်ပါ့)။

ဒီခန္ဓဝါးပါးကြီးဟာ ဥပမာ-ဘုန်းကြီးတို့ တကာတကာမ တွေ၏ ခန္ဓာကိုယ်ပေါ့ဗျာ....(မှန်ပါ့) ကိုယ့်ခန္ဓာ၊ ကိုယ့်ဥပါ ဒါန်က ဒါမှ ချောတယ်၊ လှတယ်၊ ယဉ်တယ်၊ ခန့်တယ်လို့ ယူလိုက်လို့ ရှိယင် ကာမုပါဒါန်....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(ကိုယ့်ခန္ဓာ ချောတယ်၊ လှတယ်၊ ယဉ် ဟယ်ဆိုယင် ကာမုပါဒါန်ပါ) ဒါတွေဟာ တော်တော်နဲ့ မပျက်နိုင်သေးဘူး၊ ပျက်တာမမြင်သ၍ကာလပတ်လုံး ဘယ်နှယ် ဆိုကြမလဲ....(ဒိဋ္ဌုပါဒါန်ပါဘုရား) ဒါဟာ ငါ့ဟာ ထင်နေ သေးသ၍ အတ္တဝါဒုပါဒါန်....(မှန်ပါ့)။

၁-နံပါတ်က ကာမုပါဒါန်၊ ၂-နံပါတ်က ဒိဋ္ဌုပါဒါန်၊ ၃-နံပါတ်က အတ္တဝါဒုပါဒါန်....(မှန်ပါ့) ရှင်းပလား..(ရှင်းပါ ပြီဘုရား)။

ဥပါဒါန် ဘယ်နှစ်မျိုးရှိသတုံး.... (သုံးမျိုးရှိပါတယ်ဘုရား) သုံးမျိုးရှိတယ်ဆိုတာ သေသေချာချာမှတ်ပါတကာတကာမတို့ ဒါ့ကြောင့် ဥပါဒါန ပစ္စယာ ကမ္မဘဝေါလာတာ....(မှန်ပါ့)။

ဒါဖြင့် လက်ရှိခန္ဓာကြီးဟာ ချောတယ်၊ လှတယ်၊ ယဉ်တယ် ဆိုလို့ရှိယင် ဘာပါလိမ့်....(ကာမုပါဒါန်ပါဘုရား) ဒီကာမုပါဒါန်က စဲ့လမ်းတယ်....(မှန်ပါ့) ဒါက ကာမကိုး၊ ဒါက မစဲ့လမ်းဘူးလား....(စဲ့လမ်းပါတယ်) ကာမနဲ့ဥပါဒါန် ပေါင်းလိုက်ယင် ဘယ့်နှယ်ဆိုကြမလဲ....(ကာမုပါဒါန်ပါဘုရား)။

လွယ်ပါတယ်- ခင်ဗျားတို့ အလွယ်ကလေးပါ....(မှန်ပါ့) ကာမနဲ့ ဥပါဒါန်ပေါင်းယင်....(ကာမုပါဒါန်ပါ) အပျက်တွေ့ မမြင်တော့ဘူး ဆိုလို့ရှိယင် ခိုင်တယ်လို့ မထင်ပေဘူးလား.... (ထင်ပါတယ်ဘုရား)။

အဲဒါက ဒီဋ္ဌိ, ဥပါဒါန်ဘဲ၊ မှားတဲ့ဒိဋ္ဌိ ဒီအပေါ်မှာ မရှိဘူးလား....(ရှိပါတယ်ဘုရား) ဒီကျတော့ ဒိဋ္ဌုပါဒါန် ဖြစ်သွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဟာ ငါ့ကိုယ်, ငါ့ဟာဘဲလို့ ဆိုယင် အတ္တဝါဒုပါဒါန်၊ သဘောကျပလား.... (ကျပါပြီဘုရား) ဒါဖြင့် ဥပါဒါန်က ဘယ်နှစ်ချက်စဲ့သတုံး....(သုံးချက်ပါဘုရား)။

သြော်....ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါးအကြောင်းကို ခင်ဗျားတို့ ကောင်းကောင်းမသိလို့ စဲ့တာ....(မှန်ပါ့ဘုရား) ကောင်းကောင်းမသိလို့ ဥပါဒါန် ဘယ်နှစ်မျိုးစဲ့သတုံး....(သုံးမျိုးစဲ့ပါတယ်ဘုရား)။

ကဲ....စဲ့လိုက်တော့ ဥပါဒါန ပစ္စယာ.... (ဘဝေါ) ဘဝ ပစ္စယာ....(ဇာတိပါ) ဟော....သေတော့ ဇာတိဖြစ်လာတယ်.... (မှန်ပါ့) ဇာတိဟာ ဘယ်နှစ်ပါးပါလိမ့် .... (ခန္ဓာငါးပါးပါ ဘုရား)။

ဩော်....ဒီခန္ဓာငါးပါးဟာ တကာ တကာမတို့ ဘယ်နှယ် ကြောင့် အသစ်ပေါ်ပြန်ပါလိမ့်မတုံး၊ ဇရာ မရဏနဲ့ အဖေါ် လုပ်တတ်တဲ့ ခန္ဓာငါးပါး၊ သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒီခန္ဓာငါးပါးဟာ ဘာနဲ့အဖေါ်လုပ်သလဲ....(ဇရာ မရဏနဲ့ အဖေါ်လုပ်ပါတယ်) ဒီမှာ အရုပ်ဆိုးတာနဲ့ချည့် အဖေါ်လုပ် တယ်....(မှန်ပါ့) ဇရာဆိုတာ သူ့ကို ရိုက်နှက်တာ....(မှန်ပါ့) မရဏဆိုတာ သတ်တာ....(မှန်ပါ့) အဲဒါနဲ့ သူက အဖေါ်လုပ် တယ်....(မှန်ပါ့) ခန္ဓာငါးပါးကလေ....(မှန်ပါ့)။

ဦးဘတင်ရေ....ဘာနဲ့အဖေါ်လုပ်သတုံး .... (ဇရာ မရဏနဲ့ အဖေါ်လုပ်ပါတယ်) ဇရာဆိုတာက သူ့ကို ရိုက်နှက်နေတာ၊ အဲဒါ ရိုက်နှက်တတ်တဲ့ တရားနဲ့မှ သူက ဘာလုပ်ပါလိမ့်.... (အဖေါ်လုပ်ပါတယ်ဘုရား) အင်း....တယ်ဆိုးဝါးပါကလား- (ဆိုးဝါးပါတယ်ဘုရား) သတ်တဲ့တရားနဲ့မှ....(အဖေါ် လုပ်နေ ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့ ရှုထားတဲ့ခန္ဓာကိုယ် ဟာဖြင့် ကျုပ်တို့ပစ္စည်းမဟုတ်ဘူး၊ ကျုပ်တို့ကို ဘာမှ ငဲ့လုံး မရှိဘူး....(မှန်ပါ့) ရှိရဲလား....(မရှိပါဘုရား) ကျွဲ၊ ရှင်မွေးရှင် ထောကို ငဲ့ပါရဲလား....(မငဲ့ပါဘုရား)။

ခင်ဗျားတို့ကဖြင့် ဖီးလိုက်ကြရတာ လိမ်းလိုက်ကြရတာ သူ့အတွက် ရွှေဆင်ရ၊ မြဆင်ရ၊ စိန်ဆင်ရ၊ အမျိုးမျိုးအဖုံဖုံ ခြယ်ရ, လှယ်ရ, အမွှေးအကြိုင်တွေပေးရနဲ့ သူကဖြင့် အဖေါ်လုပ်နေတာက ဇရာနဲ့အဖေါ်လုပ်နေတယ်....(မှန်ပါ့) သတ်မည့်မရဏနဲ့....(အဖေါ်လုပ်ပါတယ်ဘုရား)။

ခင်ဗျားတို့ ပြုပြင်ထားတဲ့ပုဂ္ဂိုလ်များ အလိုလိုက် အကြိုက်ကလေးနဲ့များနေမယ်လို့ တခါတလေများ ပြောဘူးရဲ့လား.... (မပြောပါဘုရား)။

မပြောဘူးတာတောင် ခင်ဗျားတို့ကလဲ ဒီခန္ဓာငါးပါးကို ဥပါဒါန်သုံးမျိုးနဲ့များ စွဲနေလိုက်သေးတယ်.... (မှန်ပါ့ဘုရား) ပြောများပြောယင် ခင်ဗျားတို့ မျက်ရည်ကျနေမှာဘဲခင်လွန်းလို့ (မှန်ပါ့)မပြောဘဲနဲ့တောင် ခက်နေသေးတယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မပြောဘဲနဲ့တောင် စွဲလမ်းလိုက်တဲ့ဖြစ်ခြင်း.....(မှန်ပါ့ဘုရား) ပြောများပြောမယ်ဆိုယင် ထွေထွေရာရာ ခွဲခွဲပြပြပြစ်ပြောမည် ဆိုလို့ ရှိယင် ခင်ဗျားတို့ ဥပါဒါန်တောင် တိုးရမလိုကျနေဦးမယ် (မှန်ပါ့)ဘယ်လောက်များ ဆိုးနေသတုံး....(ဆိုးပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အံမာလေး....တကာတကာမတို့ အရုပ်ဆိုး အကျည်းတန်ပုံတော့ ကမ်းကုန်ဖနပါပေါ့လား....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အနာဂတ်ခန္ဓာငါးပါး ဘယ်နှယ်ကြောင့် ရသတုံး

(စဲ့လမ်းလို့ပါဘုရား) ဘယ်ဟာကို စဲ့လမ်းတာပါလိမ့်.... (ခန္ဓာငါးပါးကို စဲ့လမ်းပါတယ်ဘုရား)ပစ္စုပ္ပန်ခန္ဓာငါးပါးကို စဲ့လမ်းတယ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနာဂတ် ခန္ဓာငါးပါး ဘယ့်နှယ်ကြောင့် ရပါလိမ့်.... (ပစ္စုပ္ပန်ခန္ဓာငါးပါး စဲ့လမ်းလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ပစ္စုပ္ပန်ခန္ဓာငါးပါးဟာ တကယ် အရုပ်ဆိုး အကျိုးတန်၊ ခန္ဓာငါးပါး မသိမှုကြောင့် ဥပါဒါန်သုံးပါးနဲ့စဲ့တာဘဲ... (မှန်ပါဘုရား) ဥပါဒါန်သုံးပါးနဲ့ စဲ့လမ်းလိုက်တော့ ဒီကံတွေက ဆိုတော့ ဥပါဒါန်၏ နောက်လိုက်ဆိုတော့ အားထုတ်ရရှာတာဘဲ....(မှန်ပါ) အားထုတ်တော့ ဒီခန္ဓာငါးပါး ဘယ့်နှယ်နေသတုံး....(ရပါတယ်ဘုရား) ရလာတော့ သူက ဘယ်သူနဲ့ အဖော်လုပ်နေသတုံး.... (ဇရာ,မရဏနဲ့ အဖော်လုပ်နေပါတယ်ဘုရား) သူကလဲ ဇရာ,မရဏနဲ့ အဖော်လုပ်နေရတော့ တကာတကာမတို့ကို ငဲ့သေးရဲ့လား.... (မငဲ့ပါဘုရား) ရိုက်မည့်လူနဲ့ သတ်မည့်လူနဲ့မှ ခန္ဓာငါးပါးက အဖော်လုပ်တာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူနဲ့ အဖော်လုပ်ပါလိမ့်....(ရိုက်မည့်လူ သတ်မည့်လူနဲ့မှ အဖော်လုပ်ပါတယ်) ခင်ဗျားတို့များ ငဲ့သေးရဲ့လား....(မငဲ့ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အရိယာမျက်လုံးတပ်ပေးပါတော့မယ်....တဲ့၊ ဒါဟာ အမှားတော့ချည့် ပြနေတာ.... (မှန်ပါ) ဒီခန္ဓာငါးပါး ခင်တာလဲ မသိလို့ ခင်တာ....(မှန်ပါဘုရား)။

ဒီဥပဒါန်တွေ စဲလမ်းတာလေ- မသိလို့ မဟုတ်လား.... (မှန်ပါ့) မသိတော့ တကာတကာမတွေ့ ဒီခန္ဓာငါးပါးက မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)ပေါ်တာလဲ မသိလို့ ပေါ်တာ....(မှန်ပါ့) ခင်မိတာလဲ....(မသိလို့ပါဘုရား)။

မသိလို့ခင်မိတော့ တကာတကာမတွေ့ မသိတာက တမျိုး ပေါ်လာတာဘဲ၊ မပေါ်လာဘူးလား.... (ပေါ်လာပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ အာရောဂျံ ပရမံ လာဘံ-လို့ ဘုရားက ဟော တော်မူတယ်၊ အနာကင်းခြင်းသည် လွန်ကဲသော လာဘ်ကြီး ဘဲလို့ မာဂဏ္ဍိကို ဟောတယ်....(မှန်ပါ့)။

နိဗ္ဗာနံ ပရမံ သုခံ=နိဗ္ဗာန်သာလျှင် ချမ်းသာအစစ်ဘဲ....တဲ့၊ အဋ္ဌကထာကော မဂ္ဂါနံ-ဆိုတော့ မဂ္ဂင်ရှစ်ပါးသည်သာလျှင်၊ ခေမံ အမတဂါမိနံ= မသေရာ နိဗ္ဗာန်ရောက်တဲ့တရားဘဲလို့ အဲဒါကို ဟောလိုက်တော့ မာဂဏ္ဍိက သူ့ခန္ဓာကြီးကိုသူပုတ်ပြပြီးဒါဘဲ ဘုရာ့-တဲ့၊အနာကင်းဘယ်ဆိုတာဒီခန္ဓာငါးပါးဘဲတဲ့(မှန်ပါ့)။

နိဗ္ဗာန်ဆိုတာလဲ ဒီခန္ဓာငါးပါးဘဲ....တဲ့၊ တကာတကာမှတို့ မာဂဏ္ဍိက မြင်ပြောဘူးလား.... (ပြောပါတယ်ဘုရား) အနာကင်းတယ်ဆိုတာလဲ .... (ခန္ဓာငါးပါးပါဘဲဘုရား) သူ့ခန္ဓာငါးပါးပါဘဲ....တဲ့၊ သူ-ခန္ဓာငါးပါးကို ပုတ်ပြတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနာကင်းတယ်ဆိုတာလဲ.... (သူ့ခန္ဓာငါးပါးပါဘဲဘုရား) နိဗ္ဗာန်ဆိုတာကော....(သူ့ခန္ဓာငါးပါးပါဘဲဘုရား) သူ့ခန္ဓာကိုယ်ကြီး ပုတ်ပြတယ်....(မှန်ပါ့)။

သြော်....ဒါဖြင့် ခုနင်တုန်းက စ,ချီတဲ့တရားနဲ့ ဦးခင်မောင်ရေ....အမျှားကြီးလဲသွားပြီ....(လဲသွားပါပြီ) မလဲသေးဘူးလား (လဲသွားပါတယ်ဘုရား)။

ဘုရားက အာရောဂျ• ပရမံလာဘံ ဂါထာကို ရွတ်တော့ မာဂဇ္ဈိက တပည့်တော်တို့ စာပေကျန်းဂန်အဆိုနဲ့ သိပ်ညီညွတ်တယ်လို့• လျှောက်တော့ ဒီဂါထာကို ရှေးဘုရားတွေလက်ထက်ကတည်းက ဟောကြားခဲ့တဲ့ တရားတော်ဘဲ၊ သို့ဆသော်.... တစတစနဲ့ ဒီတရားတော်ဟာ ဗြဟ္မဏစာပေထဲ ရောက်သွားတယ်၊ အစဉ်အဆက် သူတို့ဆောင်လာကြတယ်၊ ဆောင်ပေမဲ့ ဂါထာမှာ ၄-ပိုဒ်၌ ဂ×၄-လီ ၃၂-လုံးရှိရာမှာ ဂ×၂-လီ ၁၆-လုံး (၂-ပိုဒ်)ကိုသာ သူတို့က ယူထားတယ်၊ ကျန်တဲ့(၂-ပိုဒ်) ချက်ကောင်းကိုတော့ မယူကြဘူး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အာရောဂျ• ပရမံ လာဘံ၊ နိဗ္ဗာနံ ပရမံ သုခံ-လာပါတယ်၊ အဋ္ဌင်္ဂိကော မဂ္ဂါနံ၊ ခေမာ အမတ ဂါမိနံ-ဆိုတဲ့ မဂ္ဂင်လမ်းကျတော့ သူတို့စာပေမှာ မပါတော့ဘူး....(မှန်ပါ့) သူတို့ ယူချင်တာလောက် ယူထားတယ်....(မှန်ပါ့)။

ခင်ဗျားတို့ ဥုံ-တွေ့ ခံပြီး ရွတ်နေကြတဲ့ လောကီအစီအမံတွေမှာတောင် ပါနေကြတတ်တယ်၊ ဥုံခံယင်ဘုရားဖျက်တာ.... (မှန်ပါ့ဘုရား) တချို့မှာ ဘုရားဘွဲ့အမည်တော်တွေ တစိတ်တဒေသတောင်ပါတယ်၊ ကက္ကုသန်၊ ဂေါဏာဂုံ စသည်ဖြင့် ပါတော့ ပါတယ်.... (ပါ-ပါတယ်ဘုရား) နာမည်သာပါတာနော်....၊ ဘုရားဟောလုပ်စဉ်တွေ ပါတာမဟုတ်ဘူး....(မှန်ပါ့)။

အဲဒီလိုဘဲ ဂါထာက တပိုင်းပျောက်ပြီးတော့ တပိုင်းသာ ဖြဟ္မဏစာပေတွေမှာ ရှိနေတော့ သူတို့မှာ၊ ဒီပုဏ္ဏားတွေမှာ ဘယ်လိုအခါမျှား ရှုတ်လေ့ရှိသတုံး.... မေးတော့ စီးပွားဥစ္စာ ရတနာရလို့တိုးတက်လိုတဲ့အခါ စသည်မှာ ရှုတ်လေ့ရှိကြတယ်၊ သားသမီး-မြေး-မြစ်-ရတနာ-ရလိုယင် ဒါကို ရှုတ်တယ်....(မှန်ပါ့ဘုရား)။

အာရောဂျ. ပရမံ လာဘ၊ နိဗ္ဗာနံ ပရမံ သုခံ၊ ဒီ ၂-ပိုဒ် လောက်သာ ရှုတ်နိုင်ကြတာဘဲ....(မှန်ပါ့) မျှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ စိန္တာမဏိ ဂါထာရှုတ်သလိုကျနေပြီ၊ စိတ်အလို အတိုင်း ပြီးတယ်ကိုး....(မှန်ပါ့) သူတို့ရှုတ်တာနဲ့ ပြီးရမှာလား တကာတကာမတို့၊ ပုဏ္ဏားတွေက စိန္တာမဏိဂါထာကို လာပြီး ရှုတ်တယ်၊ ခင်ဗျားတို့က သူပြောတဲ့အတိုင်း ပြည့်ပါလို့၏တော့ စိတ်၏ အလိုဆန္ဒ ကြံစည်တိုင်း ပြည့်ရမှာကိုးဗျ....(မှန်ပါ့)။

ပုဂ္ဂိုလ်တဦးက ရှုတ်ပေးရုံနဲ့ ဒီပုဂ္ဂိုလ်၏ စိတ်အလိုကို ပြည့်ရမှာလား....(မပြည့်နိုင်ပါဘုရား) ကိုယ့်ဟာကိုယ် ပြည့်အောင် လုပ်ပါလား....(မှန်ပါ့) သူများက ရှုတ်ပေးတာနဲ့ ကိုယ့်မှာ ပြည့်ရမယ်ဆိုတော့ ဟုတ်နိုင်ပါ့မလား.....(မဟုတ်နိုင်ပါဘုရား) ဒါဖြင့် ဘယ့်နယ်လုပ်ရမှာတုံး .... (ကိုယ့်ဟာကိုယ် ပြည့်အောင် လုပ်ယူရမှာပါဘုရား) ကိုယ့်ဟာကိုယ် လုပ်ယူယင် ပြည့်နိုင်မယ် မဟုတ်လား....(မှန်ပါ့)။

အခုတော့ အငှားရှုတ်တာနဲ့ ပြည့်လိမ့်မယ်ထင်တော့ ဘုရား ကိုးဆူ ပူဇော်တာနဲ့ တူနေတယ်၊ ဟို-ရှုတ်တဲ့လူကချည့် အော်နေ

တာဘဲ၊ အိမ်ရှင်ကတော့ ဘာမှမလုပ်ဘူး....(မှန်ပါ့) ဒီလိုကျ မနေဘူးလား....(ကျပါတယ်ဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဗြဟ္မဏပုဏ္ဏားတော့ စာပေထဲမှာ ရောက်နေ တာက အဋ္ဌကထာမဂ္ဂါနုံ·ဆိုတဲ့ စာပိုဒ်တော့ မပါဘူးနော်.... (မှန်ပါ့) ခေမံ အမတာ ဂါမိနုံ-ဆိုတဲ့ အပိုဒ်ကော....(မပါ-ပါဘုရား)။

ဒါဖြင့် ဂါထာ ၄-ပိုဒ်ရှိတဲ့အနက်က တကာ တကာမတို့ တဝက်သာပါတော့တယ်၊ ၁၆-လုံးရေသာပါတယ်၊ ကျန်တဲ့ ၁၆·လုံးကတော့ ကွယ်သွားတယ်....(မှန်ပါ့) ကာလရှည်လျား တာကိုးဗျ....(မှန်ပါ့)။

တမျိုးဆိုသော် မိစ္ဆာဒိဋ္ဌိတွေလက်ထဲရောက်သွားတော့ သူတို့ လိုတာဘဲ သုံးနိုင်တော့တာပေါ့ဗျာ....(မှန်ပါ့)ကျင့်စရာပါသေး ရဲ့လား....(မပါ-ပါဘုရား) ကျင့်စရာမပါတော့ဘူး၊ ဒါ....ရွတ် ယင် အကျိုးပေးတယ်၊ ဒါလောက်သာ ယူထားကြတော့တာ ကိုး....(မှန်ပါ့)။

အဲဒါကြောင့် မာဂဏ္ဍိက ရှင်ကြီးဂေါတမ.... ကျုပ်တို့ စာပေမှာလဲ ဒီအတိုင်းလာတဲ့အတွက် ရှင်ဂေါတမ ရွတ်လိုက် တာနဲ့တော့ ကျုပ်တို့ သိပ်သဘောကျတယ်.... (မှန်ပါ့ဘုရား) အာရောဂျံ ပရမံ သုခံဆိုတာ သူ့ခန္ဓာကိုယ်ကြီးဘဲဆိုပြီး ပုတ်ပြ တယ်.... (မှန်ပါ့) နိဗ္ဗာနံ သုခံဆိုတာလဲ ဒီခန္ဓာကြီးဘဲဆိုပြီး ပုတ်ပြတာဘဲ....(မှန်ပါ့)။

အာရောဂျံ ပရမံ လာဘံဆိုတာ မင်းခန္ဓာ မဟုတ်ဘူးကွ၊ နိဗ္ဗာနံ ပရမံ သုခံဆိုတာလဲ မင်း ခန္ဓာငါးပါး မဟုတ်ဘူးကွ ဆိုတော့ သူဟာ ကျန်းမာနေတယ်- ချမ်းသာနေတယ် ဒီလို ယူထားတာ.... (မှန်ပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်လိုယူထားပါလိမ့်.... (ကျန်းမာနေတယ်၊ ချမ်းသာနေတယ် ဒီလိုယူထားပါတယ်ဘုရား)။

တကာတကာမတွေလဲ ဒီအတိုင်းလိုလို ယူထားကြတာဘဲ၊ ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် အိပ်ရာထဲမလဲသေးယင် ကျန်းမာတယ်ပြောနေတာဘဲ.... (မှန်ပါဘုရား) ခင်ဗျားတို့က အိပ်ယာထဲ လဲမှဘဲ မကျန်းမာတယ်လို့ သိနေကြတယ်....(မှန်ပါ) ဒီအတိုင်း ပကတိရှိလျက်နဲ့ မကျန်းမမာဖြစ်နေတာတော့....(မသိပါဘုရား)ဝိပဿနာမျက်လုံးကလေးတပ်ကြည့်စမ်းပါ- ဒီအတိုင်းမမာတာတွေ့ပါလိမ့်မယ်....(မှန်ပါ)။

ဝိပဿနာမျက်လုံးတပ်ကြည့်စမ်းပါ တကာတကာမတို့၊ ရုပ်ကလေးမမာတာကိုလဲ ခဏခဏဖျားပြီး ခဏခဏသေတာတွေ့ပါမယ်....(မှန်ပါ) နာမ်ကလေးတွေ့မမာတာကော.... (တွေ့မှာပေါ့၊ ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ ဝိပဿနာမျက်လုံးကလေးတပ်ကြည့်လိုက်....တဲ့၊ တပ်ကြည့်လိုက်ပြီဆိုမှဖြင့် ခဏခဏဖျား၍ ခဏခဏသေတာကလေးတွေဟာ တွေ့ပါလိမ့်မယ်....(မှန်ပါ) ခဏခဏအိုပြီး ခဏခဏသေတာကလေးတွေဟာ မတွေ့ပေဘူးလား.... (တွေ့ပါတယ်ဘုရား)။

နို့....မာဂဇ္ဈ ကာရောဂျ ပရမံ လာဘ ဆိုတော့ ခန္ဓာကိုယ်ကို ပုတ်ပြတော့ မှန်သေးရဲ့လား....(မမှန်ပါဘုရား)။

အဲဒီတော့ ဝိပဿနာနဲ့လဲ သူကြည့်ပြောတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) ဒါဖြင့် စုံလုံးကန်းပြောတာပေါ့....(မှန်ပါဘုရား)။

ဘုန်းကြီးတို့ တကာတကာမတွေ့ကိုလဲ ဘုန်းကြီးက သင်ထားတယ်၊ တချို့လဲ လက်တွေ့နားလည်အောင် အားထုတ်ထားကြတော့ ဒီခန္ဓာငါးပါး ချုပ်ဆုံးသွားသော်လဲ ဒုက္ခဆုံးတော့ နိဗ္ဗာန်လို့မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

အဲဒါကြတော့ မဂ္ဂင်ရှစ်ပါးက မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား) မဂ္ဂင်ငါးပါးနဲ့တော့ အနာရှိတာမြင်တယ်-(မှန်ပါဘုရား) မဂ္ဂင်ရှစ်ပါးနဲ့ကြတော့ အနာဆုံးတာမြင်တယ်-(မှန်ပါဘုရား)။

ဂဂ္ဂင်ငါးပါးနဲ့ကြတော့.... (အနာရှိတာမြင်ပါတယ်ဘုရား) မဂ္ဂင်ရှစ်ပါးနဲ့ကြတော့.... (အနာဆုံးတာ မြင်ပါတယ်ဘုရား) အနာမရှိတာကိုမြင်တယ်ဆိုကြပါစို့၊ စကားအလိုက်တိုင်းနော် (မှန်ပါ့)။

ကိုင်း....ဒါဖြင့် အနာမရှိတာနိဗ္ဗာန်၊ အနာရှိတာက ခန္ဓာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မာဂဇ္ဈ ကတခါတည်း အာရောဂျ ပရမံ လာဘ ဆိုတော့ ခန္ဓာကြီးပုတ်ပြတော့ အနာရှိတာကော သိသေးရဲ့လား....(မသိပါဘုရား) နိဗ္ဗာနံ ပရံ သုခံဆိုတော့ ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးကို သူက နိဗ္ဗာန် လုပ်နေပြန်တော့ သာပြီး မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

အခု ဘုန်းကြီး ရှင်းပြလိုက်တော့ ဝိပဿနာမဂ်နဲ့ကြည့်လိုက်တော့ အနာရှိတာက ခန္ဓာ၊ အနာမရှိတာက.... (နိဗ္ဗာန်ပါဘုရား) ဟောဒီလို ကြည့်ရမှာ....(မှန်ပါ့)။

အဲဒီတော့ ဦးခင်မောင် - မျက်လုံးတပ်ပြီး ဒီနေ့....(မှန်ပါ့) ကိုယ့်ခန္ဓာကြည့်လိုက်စမ်း အနာရှိတာမြင်လို့ရှိယင်ဖြင့်....(အမှန်မြင်ပါတယ်ဘုရား)။

ခန္ဓာကြည့်လိုက်လို့ရှိယင်ဖြင့် အနာသက်သက်ဘဲ ခဏခဏဖြစ်ပျက်နေတာ မဟုတ်လား....(မှန်ပါ့) ဒီတော့ ခန္ဓာကြီးဟာ ဘယ်အခါမှ အနာမကင်းဘူးလို့ မသိဘူးလား.... (သိပါတယ်ဘုရား) ကောင်းပြီ....ဒါဟာ မဂ္ဂင်ငါးပါးနဲ့ မြင်တာ....(မှန်ပါ့ဘုရား)။

နောက်ကျတော့ တကာတကာမတွေ့က ဉာဏ်စဉ်ရင့်တက်ပြီးဆုံးသွားတဲ့အခါကျတော့ မဂ္ဂင်ရှစ်ပါးလဲစုံပါရော၊ ခန္ဓာမပျောက်ဘူးလား.... (ပျောက်ပါတယ်ဘုရား) ခန္ဓာ ပျောက်သွားတော့ အနာမရှိတာကော မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား)။

ဒါဖြင့် အနာရှိတာက.... (ခန္ဓာပါဘုရား) ရှင်းပြီနော်.... (မှန်ပါ့) ဒါဟာ ခင်ဗျားတို့ ကြိုးစားဘို့မျက်လုံး၊ အနာရှိအောင်ကို ကြည့်ရမယ်....(မှန်ပါ့) အနာရှိနေလို့ အနာရှိတာအကြည့်ခိုင်းတာ....(မှန်ပါ့) ရုပ်နာမ်တွေ့ မပြတ်မလပ်ရအောင် ဖြစ်ပျက်နေတယ်ဆိုတာ ခဏခဏမှေး၊ ခဏခဏသေ၊ ခဏခဏနာနေတာဘဲ မဟုတ်လား....(မှန်ပါ့) ဒါကို အနာကင်းတယ်လို့ ဆိုနိုင်ပါ့မလား....(မဆိုနိုင်ပါဘုရား)။

အဲဒီလို ဖြစ်ပျက်မြင်ယင်ဘဲ တကာတကာမတို့ မဂ်မျက်လုံး တခုရပြီ....(မှန်ပါ့) ဖြစ်ပျက်ဆုံးသွားလို့ ရှိယင် ဒီခန္ဓာငါးပါးတော့ မမြင်တော့ပါဘုရား၊ ဆုံးသွားပြီဘုရှ့၊ သူ့ကိုမလိုချင်ဘဲနဲ့ ဆုံးသွားတယ်ဘုရှ့ဆိုယင် အနာဂင်းတာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အနာရှိတာသိမှု ဝိပဿနာမဂ်၊ အနာပျောက်တာသိမှုလောကုတ္တရာမဂ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား) ဒီမဂ်နှစ်ခုခဲ့ပြီး ဖွင့်ရမယ်....(မှန်ပါ့)။

အဲဒီတော့ ဒီမျက်လုံးနှစ်လုံးစလုံးဟာ တကာ တကာမတို့ ဆေးကုလို့ ပျောက်တဲ့မျက်လုံးချည့်ဘဲ....(မှန်ပါ့)။

အဲဒါ ရှာထဲရပ်ထဲမှာ ဝိပဿနာ ဘာမှ ဝါသနာမပါတဲ့ ပုဂ္ဂိုလ်သွားမေးလို့ ရှိယင်ဖြင့် ကျန်းမာရဲလား မေးယင်ဖြင့် အိပ်ယာထဲမနေဘဲနဲ့ ကျုပ်လာတာကို ကျန်းမာရဲလားမေးတာ ခင်ဗျားတို့ ရှုးနေသလားလို့ ဆိုချင်တောင် ဆိုဦးမှာ သူက.... (မှန်ပါ့) မဆိုပေဘူးလား....(ဆိုပါတယ်ဘုရား)။

အဲဒီတော့ အာရောဂျ ပရမံ လာဘ ဆိုတာ တကာတကာမတို့ ယနေ့ ရိပ်မိသွားတယ်....(မှန်ပါ့ဘုရား) ဒီခန္ဓာကြီးမရှိယင် အာရောဂျ ပရမံ လာဘ အစစ်ဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါမှ နိဗ္ဗာနံ ပရမံ သုခံလဲဖြစ်ပါတယ်....(မှန်ပါ့) ခန္ဓာရှိနေယင်တော့ ဘယ်တော့မှ အနာမကင်းဘူး....(မှန်ပါ့ဘုရား) ဘယ်အချိန်ကြည့်လိုက်,ကြည့်လိုက် ဖေါက်ပြန်နေတာဘဲ၊ မတ္တရပေဘူးလား.... (တ္တရပါတယ်ဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်ငါးပါးနဲ့မြင်တဲ့ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်မြင်ပါလိမ့်မယ်....(မှန်ပါ့)မဂ္ဂင်ရှစ်ပါးနဲ့မြင်တဲ့ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်ဆုံးတာမြင်ပါလိမ့်မယ်၊ ခန္ဓာငါးပါး ဖြစ်ပျက်ဆုံးတာကို.... (မှန်ပါ့ဘုရား)။

ဒီလိုမြင်တဲ့ပုဂ္ဂိုလ်ဟာ အနာရှိတာသိတယ်.... (မှန်ပါ့ဘုရား) ဖြစ်ပျက်အဆုံးမြင်တဲ့ပုဂ္ဂိုလ်ဟာ....(အနာကင်းတာကိုသိပါတယ်ဘုရား) အနာမရှိတာကို သိတယ်....(မှန်ပါ့)။

ဒါဖြင့် အနာရှိတာကိုသိတာလဲ ခင်ဗျားတို့ ဥပါဒါန်ချုပ်တာဘဲ....(မှန်ပါ့) အနာမရှိတာသိတာလဲ....(ဥပါဒါန်ချုပ်တာသိပါတယ်ဘုရား) အနာမရှိတော့ ဥပါဒါန်က ခန္ဓာငါးပါးကို စဲလမ်းသွေးရဲ့လား....(မစဲလမ်းပါဘုရား)။

အဲ....ဝိပဿနာမင်္ဂလာ တကာတကာမတို့ အနာမရှိတာကို သိတဲ့အတွက် ဥပါဒါန်ချုပ်၊ ကံချုပ် ဟုတ်လား၊ နောက်-ခန္ဓာငါးပါး လာသွေးရဲ့လား....(မလာပါဘုရား) မလာတော့ဘူး၊ သူလဲ ပျက်တော့တာဘဲ တကာတကာမတို့ မျိုးစေ့အောင်ပြီ.... (မှန်ပါ့)။

ကဲ....တခါဒီထက်အောင်ဘဲ အခုချက်ခြင်းဘဲ ဒီခန္ဓာငါးပါးကြီးကို မလိုချင်ပါဘူးဆိုပြီး ချုပ်အောင်ရှုလိုက်၊ မရပေဘူးလား....(ရပါတယ်ဘုရား)။

အဲဒီကဲ့သို့ ချုပ်အောင်ရှုလိုက်ပြီဆိုတော့လဲ ဒီက ဥပါဒါန်က မချုပ်သေးဘူးလား....(ချုပ်ပါပြီဘုရား) မလိုချင်တော့ ချုပ်တယ်၊ ဥပါဒါန်ချုပ်တော့ ကံကကော....(ချုပ်ပါတယ်ဘုရား) ဒီဘက်ကကော....(ခန္ဓာငါးပါး ချုပ်ပါတယ်ဘုရား)။

ခန္ဓာငါးပါး ချုပ်သွားတဲ့အခါကျလို့ ရှိယင်ဖြင့် ဩော်.... ဒီအထဲမှာ ဥပါဒါန် နှိပ်စက်နေတာကိုး....ဆိုတာ ပေါ်လာတယ် (မှန်ပါ့)။

ပစ္စုပ္ပန် ခန္ဓာငါးပါးကို ခင်ခြင်းကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ဖြစ်လို့ အနာဂတ် ခန္ဓာငါးပါးဆိုတဲ့တရား ရပြန်တယ် (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနေ့ မျက်လုံး ဘယ်နှစ်လုံး တပ်ပေးလိုက်သလဲ....(နှစ်လုံး တပ်ပေးပါတယ်ဘုရား) ဝိပဿနာ မျက်လုံးတလုံး၊ လောကုတ္တရာမျက်လုံး တလုံး....(မှန်ပါ့) ဘယ် နှစ်လုံး တပ်ပေးသလဲ....(နှစ်လုံးတပ်ပေးပါတယ်)။

ဝိပဿနာမျက်လုံးက ဘာကို မြင်သလဲ .... (အနာရှိတာကို မြင်ပါတယ်ဘုရား) ခန္ဓာငါးပါး ဖြစ်ပျက်အနာတွေကိုမြင်တယ် (မှန်ပါ့)လောကုတ္တရာမျက်လုံးက....(အနာမရှိတာကို မြင်ပါတယ် ဘုရား) အနာပျောက်တာ၊ အနာမရှိတာကိုမြင်တယ်၊ အနာမရှိတာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနာရှိတာက ခန္ဓာ....(မှန်ပါ့) အနာမရှိတာက....(နိဗ္ဗာန်ပါဘုရား) ဒါဖြင့် မျက်လုံးဘယ်နှစ်လုံး ဒီနေ့ တပ်ပေးသလဲ.... (နှစ်လုံးပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ အားထုတ်ကြည့်

အနာသိတဲ့မျက်လုံးကို အရင်ရလိမ့်မယ် .... (မှုန်ပါ့)နောက်မှ
အနာပျောက်တဲ့မျက်လုံးကို ဒုတိယအဆင့် ရဖယ်.... (မှုန်ပါ့)
သဘောကျပလား.....(ကျေပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
ပုထုဇန်တပါးအမေးကို ရဟန္တာလေးပါး ဖြေတော်မူကြပုံ
အမြင်မှန်မရဘဲ အလောင်းထမ်းသမားဘဝမှ မလွှတ်ပုံ

နွေအလုပ်ပေးတရားတော်

(၆-၃-၅၉)

ဝိပဿနာကို ဘယ်လို မြင်ကြပါလိမ့်မလဲ၊ အဲဒါ ရဟန်းတပါးက သံသယရှိလို့ ရဟန္တာတွေကို သွားပြီးမေးလို့ ရဟန္တာ ၄-ပါးက အဖြေထွက်တာကို တကာတကာမတွေ နားလည်ရလိမ့်မယ်လို့ မှတ်ထားရလိမ့်မယ်....(မှန်ပါ့)။

ဒါသံယုတ်ပါဠိတော်မှာ လာပါတယ်....(မှန်ပါ့) သံယုတ်ပါဠိတော်ဆိုတဲ့ဥစ္စာ ကိုယ်တော်တိုင် ဟောထားတာလို့ ဦးဝတို့မှတ်ကြပါ....(မှန်ပါ့) မေးတဲ့ရဟန်းက ပုထုဇန်၊ ဖြေတဲ့ ကိုယ်တော်တွေက ရဟန္တာလို့ မှတ်ထားကြပါ....(မှန်ပါ့)။

အဲဒီရဟန္တာ၄လေးပါးကို ပုထုဇန်တပါးက လှည့်ပတ်ပြီး သကာလ မေးတယ်၊ ရဟန္တာလေးပါးက အသီးသီး သီတင်းသုံး

နေတော်မူကြတယ်၊ ပုထုဇန် ရဟန်းတပါးက နိဗ္ဗာန်ရောက်ကြောင်းကို ကျင့်ချင်တယ်၊ ကျင့်ပေမဲ့လဲ သူက လက်တွေ့နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ သူတို့သည် ဘယ်ကနေ စ,ပြီးတက်လို့ နိဗ္ဗာန်မြင်တယ်ဆိုတာကို သိချင်လို့ ပုထုဇန်က သူလဲ အလွယ်တကူနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကြီးကို ရယူချင်တဲ့ပုဂ္ဂိုလ် ဖြစ်နေတာနဲ့ ရဟန္တာ လေးပါးထဲ သွားပြီး သကာလ မေးမြန်းပါတယ်.... (မှန်ပါ!)။

ကိတ္တာဝတာ နုခေါ၊ အာဝုသော ဘိက္ခုနော
ဒဿနံ သုဝိသုဒ္ဓံ ဟောတိ....

မြန်မာလိုကျတော့ အရှင်ဘုရား....နိဗ္ဗာန်ရောက်တဲ့အမြင်ဟာ ဘယ်လို စ,မြင်ပြီးသကာလ နိဗ္ဗာန်ရောက်တယ်ဆိုတာ တပည့်တော်-သိချင်ပါတယ်လို့ ပဌမရဟန္တာကို ဦးဘအုန်း-မေးလိုက်တယ်နော်....(မှန်ပါ!) ဘယ်သူကမေးပါလိမ့်....(ပုထုဇန်ရဟန်းကမေးပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ဒီတကာတကာမတွေ ပုထုဇန်ကမေးလို့ ရဟန္တာကဖြေတာဆိုတော့ ရဟန္တာဆိုတာက တကာတကာမတို့-ကျင့်စဉ်နဲ့တက်ပြီးသကာလ ရဟန္တာဖြစ်လာတယ်ဆိုတာ ဦးဝတို့ သံသယရှိဘို့မလိုဘူး....(မလိုပါဘုရား)။

အဲဒီတော့ ပုထုဇန်ရဟန်းက အရှင်ဘုရား၏ အမြင်၊ သောတာပတ္တိမဂ်ရတဲ့အမြင်၊ ဘယ်လိုမြင်ပြီးသကာလ နိဗ္ဗာန်ရောက်ကြပါသလဲလို့ ဦးဝတို့ ဦးဘအုန်းတို့ မေးသပေါ့ဗျာ....(မှန်ပါ! ဘုရား)။

တကာတကာမတွေက ဒီနေ့ ဒို့သိရမည့်အသိဟာ ဒို့လဲ ဒီလို မြင်မှဘဲ ရဟန္တာအမြင် ဖြစ်မှာဘဲဆိုတာ မှတ်ရလိမ့်မယ်.... (မှန်ပါ့)။

တကာတကာမတွေ့ မှတ်ရမှာက အခု ရဟန္တာက ဖြလိမ့်မယ်....(မှန်ပါ့) ဖြတဲ့အခါကျလို့ ရှိယင်ဖြင့် သူဟာ ဒီကစပြီး မြင်ပါတယ်လို့ ဖြတာဘဲ.... (မှန်ပါ့) ဒီတော့ ဦးဘအုန်း ဒါဟာ လက်တွေ့တရားဖြစ်တော့မှာဘဲ....(မှန်ပါ့)။

တကာတကာမတွေ့ အားငယ်စရာမလိုပါဘူး၊ လက်တွေ့ ဖြစ်မယ်ဆိုတာ မှတ်ရလိမ့်မယ်....(မှန်လှပါဘုရား) ရဟန္တာက သူ့-ဒီလမ်းကတက်လာပြီး ရဟန္တာဖြစ်တယ်၊ ဒါဖြင့် သူစမြင်တဲ့ ဥစ္စာ သူ့ဖြရတော့မယ်....(မှန်ပါ့) ဒါနဲ့ ပဋ္ဌမရဟန္တာက ဖြ လုံကတယ်....

ဆန္နံ အာယတနာနံ သမုဒယဉ္စအတ္ထင်္ဂမဉ္စ၊
တ္ထာဝတာခေါ အာဝုသော ဘိက္ခုနော ဒဿနံ သုဝိ
သုဒ္ဓံ ဟောတိ။

ဒါက ပါဠိလိုဖြေတာ၊ မြန်မာလိုကတော့ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယမနလို့၊ အာယတနခြောက်ခုမှရှိဘူးလား.... (ရှိပါတယ်ဘုရား)။

စက္ခုဆိုတာက မျက်လုံးရုပ်ဘဲ၊ သောတဆိုတာက ကြားတဲ့ နားရုပ်ဘဲ၊ ဃာနဆိုတာက နံတဲ့နှာခေါင်းရုပ်ကလေး....(မှန်ပါ့ ဘုရား) ဇိဝှါဆိုတာက လျှာရုပ်ကလေး၊ ကာယ ဆိုတာက ကိုယ်ရုပ်ကလေး၊ မနဆိုတာက စိတ်....(မှန်ပါ့)ဘယ်နှစ်ခုရှိသတုံး (ခြောက်ခုပါဘုရား)။

အဲဒီမှာ စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊မန ကျအောင် အဲဒါက ရုပ်လို့ မှတ်ထားပါ.... (မှန်ပါဘုရား) အားလုံးဟာ ရုပ်ကလာပ်ကလေးတွေလို့မှတ်ပါ.... (မှန်ပါ) ဒီတခုကတော့ စိတ်လို့ဘဲ မှတ်ထားပါ....(မှန်ပါ)။

ဒို့သည်ကား....လို့ဆိုယင် ဟောဒီတရား ကြည့်လိုက်ပြန်လဲ စက္ခုကြည့်လိုက်ပြန်လဲ ဖြစ်ပျက်မြင်တာဘဲ....(မှန်ပါ) ဒါဖြင့် တကာတကာမတွေ့ ရုပ်ကြည့်ပြန်လဲ ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်....(မှန်ပါ) ဒီဟာ ရုပ်ငါးခုမနေဘူးလား.... (နေပါတယ်ဘုရား) အဲဒီ ရုပ်ငါးကြည့်လိုက်တဲ့အခါ ရုပ်တခုခုကို ကြည့်လိုက်တဲ့အခါ ဘာမြင်ရမတုံး....(ဖြစ်ပျက် မြင်ရပါမယ်ဘုရား)။

နာမ်ဘက်က စိတ်ကြည့်လိုက်ပြန်လဲ တကာတကာမတို့ စိတ်တွေရမှာလား- ဖြစ်ပျက်တွေ့ရမှာလား.... (ဖြစ်ပျက်တွေ့ရမှာပါဘုရား)။

ဒါကို ကြပ်ကြပ်သတိထားကြပါ တကာတကာမတို့၊ သြဋ္ဌဒို့ဆရာဘုန်းကြီးက ဖြစ်ပျက်တွေ့အောင်ရှာကြ၊ ဖြစ်ပျက်တွေ့အောင် ရှာကြဆိုတဲ့ဥစ္စာသည် ဘာပါလိမ့်မလဲလို့ သံသယရှိပြီးသကာလ မနေကြပါနဲ့ ရဟန္တာဟာ ဒီဖြစ်ပျက်က စပြီးမြင်တာလို့ မှတ်လိုက်....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (ရဟန္တာက ဖြစ်ပျက်ကစပြီး မြင်တာပါဘုရား)ရဟန္တာဟာ ဖြစ်ပျက်စ,ပြီး မြင်တာဘဲ၊ တကာတကာမတို့ ရုပ်ကြည့်လိုက်ပြန်လဲ သူ ဘာတွေ့သလဲ....(ဖြစ်ပျက်တွေ့ပါဘယ်ဘုရား) စိတ်ကြည့်လိုက်ပြန်လဲ.... (ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီက ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ဆန္ဒ အာယတနာနံဆိုတာဘဲ၊ ဒီခြောက်ခုကို ပြောတာ....(မှန်ပါ့) သမုဒယဉ္စ ဆိုတာ ဖြစ်တာ၊ အတ္ထင်္ဂမဉ္စဆိုတာ ချုပ်တာ၊ မြန်မာလိုပြန်လိုက်တော့ ဒီခြောက်ခု တခုခုမှာ ဖြစ်ပျက်ချည့် တွေ့တာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီခြောက်ခုထဲက တခုခု ဖြစ်ပျက်ချည့်ဘဲ တွေ့တယ်၊ အဲဒီလို မြင်လို့ ရှိယင် ဒီဥစ္စာ နိဗ္ဗာန်ရောက်ဘို့ရန် အမြင်မှန်လို့ မှတ်လိုက် စမ်းပါတဲ့....(မှန်ပါ့)။

နိဗ္ဗာန်ရောက်ဘို့ အမြင်မှန်သည် တကာတကာမတို့ ဒီဘက်ကရုပ်၏ဖြစ်ပျက်ကို မြင်လို့ ရှိယင်လဲ အမြင်မှန်ပေါ့ဗျာ....(မှန်ပါ့) ဒီဘက်က စိတ်က ဖြစ်ပျက်ကို မြင်လို့ ရှိယင်လဲ....(အမြင်မှန်ပါဘုရား) ဒါ-ဘယ်သူကဖြတာတုံး .... (ပဌမရဟန္တာက ဖြတာပါဘုရား)။

ပဌမရဟန္တာက သူ့အမြင်ကို ဖြလိုက်တယ်၊ ဦးဇင်္ဂရင်-သဘောကျပလား....(ကျပါပြီဘုရား) ပဌမရဟန္တာကဘာတွေ့သတဲ့လဲ....(ဖြစ်ပျက်တွေ့ပါတယ်) ရုပ်ကြည့်ပြန်တော့လဲ ဘာတွေ့သလဲ....(ဖြစ်ပျက် တွေ့ပါတယ်) စိတ်ကြည့်ပြန်တော့လဲ....(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

အဲဒါကြောင့် "ဆန္ဒံ အာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ တွောဝတာ ခေါ အာဝုသော ဘိက္ခု နော ဒဿနံသု ဝိသုဒ္ဓံ ဟောတိ...." ဒါ့ အမြင်မှန်ဘဲ....တဲ့၊ နိဗ္ဗာန်ရောက်ဘို့ စ,မြင်တဲ့အမြင်ဟာ အမြင်မှန်ဘဲတဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ရောက်ဘို့အမြင်မှန်ဟာ ရုပ်ဖြစ်ပျက်၊ နာမ်ဖြစ်ပျက်ကို မြင်မှ အမြင်မှန်လို့ ဆိုးဖြတ်ချက်ချပါ....(မှန်ပါ့) ဒါ- ဘယ်သူက ဖြတာပါလိမ့်.... (ပဌမရဟန္တာက ဖြတ်တာပါဘုရား) တကာတကာမတို့ ရဟန္တာက ဖြတယ်ဆိုတော့ ဘုန်းကြီးက ရှင်းလင်းပြီး ဦးဘအုန်းတို့ ဦးဝတို့ ပြောရမှာပေါ့ဗျာ....၊ ဒီက တက်လာလို့ ဒီက မြင်ပြီးသကာလ နောက်ဆုံးပိတ် နိဗ္ဗာန်မြင်တာဘဲတဲ့....(မှန်ပါ့) ဒီဟာမှ မမြင်လို့ ရှိယင် နိဗ္ဗာန်ကို မမြင်နိုင်ဘူးတဲ့....(မှန်ပါ့) ရဟန္တာက ဖြေနေတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ကို ဘုန်းကြီး သင်ထားတာက ရှေးဦးစွာ ဘာမြင်ဘို့ ဒါရေးကြီးသတုံး.... (ဖြစ်ပျက်မြင်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဩော် .... ဒါတွေဟာ ရဟန္တာကြီးတွေဖြတာနဲ့ ဒို့ဆရာသမား သင်ထားတာနဲ့ တထပ်တည်းဘဲလို့ ဆိုပြီး ရဲရဲတင်းတင်း ကြိုးစားပါလို့ တိုက်တွန်းလိုက်တယ်....(မှန်ပါ့) ရဟန္တာတွေ အမြင်က ဒါဘဲ....တဲ့၊ ပဌမရဟန္တာအမြင်က တကာတကာမတို့ ဘာတဲ့.... (ရုပ်အာယတနဖြစ်ပျက်မှု၊ နာမ်အာယတန ဖြစ်ပျက်မှုကို မြင်ပါတယ်ဘုရား)။

ဒါဘဲရှိတယ်၊ ခန္ဓာကိုယ်ထဲ နာမ်ရုပ်ရှိတာကိုးဗျ....(မှန်ပါ့) ရှိတဲ့အနက်ကလဲ နာမ်ရုပ်တွေဘို့ အရေးမကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

နာမ်ရုပ်တော့ ခွဲပြလိုက်ယင် တွေ့ပါတယ်၊ သို့သော်....ရုပ်၏ဖြစ်ပျက်သဘော၊ နာမ်၏ဖြစ်ပျက်သဘော၊ ဒါ-တွေဘို့ရာက အရေးကြီးတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ရုပ်-နာမ်-သိရုံနဲ့ နိဗ္ဗာန်ရောက်ဘို့ လိုရင်း မရောက်သေးဘူးဆိုတာကော ပေါ်ကြပလား .... (ပေါပါပြီဘုရား) ဘယ်ဟာသိမှပါလိမ့်.... (ဖြစ်ပျက်ကို မြင်မှပါဘုရား) ရုပ်နာမ်၏ဖြစ်ပျက်ကိုမြင်မှ အမြင်မှန်တဲ့....(မှန်ပါ့)။

တကာတကာမတွေ့ ရုပ်၏ဖြစ်ပျက်ကို မြင်လို့ရှိယင်လဲ ခင်ဗျားတို့ဉာဏ်ဟာ အမြင်မှန်ဘဲနော်....(မှန်ပါ့) စိတ်၏ဖြစ်ပျက်ကို မြင်လို့ရှိယင်လဲ....(အမြင်မှန်ပါဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့ ဒါတွေ့တဲ့ပဋိဂိုလ်ဟာဖြင့် ဒီဘဝရဟန္တာမျိုးစေ့ဘဲ၊ ဒီဘဝတွင် ရဟန္တာအဆုံးတောင် ရောက်နိုင်တယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

သောတာပန်ပဋိဂိုလ်ဖြစ်မှာဖြင့်လဲ ရုပ်ဖြစ်ပျက် တွေ့ပါဘယ်ဘုရား၊ နာမ်ဖြစ်ပျက် တွေ့ပါတယ်ဆိုယင် သြော် .... ဒါဟာ သောတာပန် တည်နိုင်တာဘဲဆိုတာ သူ့မှာ စောဒနာနေစရာမလိုတော့ဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံး....သောတာပန်အမြင်လဲ ဒီကစတယ်၊ ရဟန္တာအမြင်ကော....(ဒီက စ,ပါတယ်ဘုရား) အခုဖြတာ ဘယ်သူဖြတာတုံး....(ရဟန္တာဖြတာပါ) ရဟန္တာဆိုတာလဲ ဒီကတက်တာကိုးဗျ....(မှန်ပါ့) ဒီကမတက်လို့ရှိယင် အမြင်မှန်လို့ဆိုနိုင်ပါ့မလား....(မဆိုနိုင်ပါဘုရား) ဦးဘတင်တို့ ကျေနပ်ကြပလား.... (ကျေနပ်ပါပြီဘုရား) ကိုသစ်တို့ကော....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒါကလေးမှ မမြင်သေးတဲ့ ပဋိဂိုလ်ဖြင့် ကြိုးစားလုပ်ဘို့ရာ ဆရာဘုန်းကြီးက တိုက်တွန်းတယ်....(မှန်ပါ့)

ဒါကလေးမှ မမြင်တော့ဘူး၊ တခုခု၏ဖြစ်ပျက်ကို မမြင်တော့ပါဘူးဆိုလို့ ရှိယင်ဖြင့် သူဟာ သောတာပန်မျိုးစေ့ကို မရသေးဘူး....(မှန်ပါ့) ဆိုနိုင်ပါ့မလား....(ဆိုနိုင်ပါတယ်ဘုရား)။

သောတာပန်မျိုးစေ့ မရသေးတော့ကို အပါယ်လေးပါးတံခါး မပိတ်သေးဘူး....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့သည် ယခုလို ဆရာကောင်း သမားကောင်း- ကြုံတဲ့အခိုက်၊ သာသနာတွင်းနဲ့ ကြုံတဲ့အခိုက်မှာဖြင့် ဒီတရားစစ်မှ ဒီဟာ ရှိတာကိုမှ တွေ့အောင် မရှာနိုင်ကြပါဘူး ဆိုယင်ဖြင့် ခင်ဗျားတို့ သာသနာကျောပေးနေတဲ့ ပုဂ္ဂိုလ်အထဲမှာ အပါအဝင်ဖြစ်ဘယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ဒါက သာသနာတွင်းတရားကိုးဗျ.... (မှန်ပါ့ဘုရား)။

ဘာတရားပါလိမ့်....(သာသနာတွင်းတရားပါဘုရား) အဲဒါကျောပေးမနေလိုက်ပါနဲ့၊ အချိန်ရှိတုန်းကို မသေမီကလေးမြန်မြန်လေးပဲလိုက်ကြပါလို့ တိုက်တွန်းပါတယ်....(မှန်လှပါ)။

ဦးဇင်းရင်- တိုက်တွန်းသင့်, မတိုက်တွန်းသင့်....(တိုက်တွန်းသင့်ပါတယ်ဘုရား) ဘာဖြစ်လို့လဲလို့ အမေးထုတ်ရမယ် တကာတကာမတို့၊ ဒီခြောက်ပါးသော အာယတနတို့၏ ဖြစ်ပျက်ကို မြင်လိုက်လို့ရှိယင်ဖြင့် ဆန္ဒ အာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ တွေ့ဝတာ ခေါ အာဝုဩသာဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓံ ဟောတိ = ဒါဟာ အမြင်မှန်ဘဲ၊ ဒါတွေ့ ဖြစ်ပျက်မြင်လို့ရှိယင် တကာတကာမတွေ့ အမြင်မှန်ရပါပြီတဲ့....(မှန်ပါ့)။

ဒါဖြင့် တပည့်တော်တို့ဘုရား.... ဖြစ်ပျက်ကိုဘဲ မတွေ့သေးပါဘူး၊ ဖြစ်ပြီး ပျက်ပျက်သွားတဲ့ ရုပ်ဓမ္မကလေးကိုလဲ မတွေ့သေးဘူး၊ စိတ်ဓမ္မကလေးကိုလဲ မတွေ့သေးပါဘူး ဆိုလို့ရှိယင် တကာ တကာမတွေ့ အမြင်မှန်ကို မရသေးဘူးလို့ ဆိုပါ့.... (မှန်ပါ့)။

တွောဝတာ ခေါ (ပ) သုဝိသုဒ္ဓ ဟောတိ ဆိုရာဌ် သု-က ကောင်းတာ၊ ဝိသုဒ္ဓက စင်ကြယ်တာ၊ အမြင်စင်ကြယ်တယ် ဆိုတာ ဖြစ်ပျက်မြင်မှ အမြင်စင်ကြယ်တာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါ့ဘုရား)။

ကဲ... တကာတကာမတို့ ဒါဟာ အရေးကြီးလို့ပြောနေတယ် (မှန်ပါ့) ဒါဖြင့် ခန္ဓာကိုယ်ကို တနေ့ကပြောတဲ့အတိုင်း တကာ တကာမတို့ ထိုင်ပြီးသကာလ ခန္ဓာကိုယ်က ဘာပြတယ်ဆိုတာ ကြည့်ကြတာပေါ့ဗျာ....(မှန်ပါ့)။

သူ့ပြစရာ အထူးတော့ ဦးဘအုန်း- ဘာမှမရှိဘူး၊ ဖြစ်ပြီး ပျက်တာမှတပါး ဘာမှပြစရာ သူ့မှာ ရှိရဲ့လား .... (မရှိပါဘုရား) မရှိတော့ ဒီဖြစ်ပျက်ကိုပြလို့ ခင်ဗျားတို့က မြင်ပြီဆိုလို့ ရှိယင်ဖြင့် သြော်....ဒါဟာ ရဟန္တာဖြစ်နိုင်တဲ့ အမြင်ပါလားလို့ မှတ်လိုက်....(မှန်ပါ့)။

ဒီအမြင်ဟာ သေးသေးသိမ်သိမ် မဟုတ်ဘူးဆိုတာ တကာ တကာမတွေ့ ယနေ့ မှတ်ရတော့မယ်....(မှန်ပါ့) ဖြစ်ပျက်မြင်တဲ့ အမြင်သည် သေးသေးသိမ်သိမ်အမြင်လား၊ အရိယာအမြင်လား (အရိယာအမြင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အရိယာဖြစ်နိုင်ဘို့ကို အရိယာမြင်တဲ့အမြင်ကို ကိုယ်ပိုင်ရတယ်၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကဲ .... ဒီဟာကလေးတော့ အခုပြောနေတဲ့ တရားကိုဖြင့် ရဟန္တာက သူ့အမြင်သူပြောတာ....(မှန်ပါ့) အရှင်ဘုရား.... နိဗ္ဗာန်ရောက်တဲ့အမြင်ဟာ ဘယ်က စ,မြင်ရသလဲ အမြင်မှန်ပြောစမ်းပါ....တဲ့၊ ပုထုဇန်ရဟန်းက မေးတယ်၊ ဆန္ဒ အာယတနာနံ သမုဒယဉ္စ အတ္ထင် မဉ္ဉ၊ ဒီအာယတန ခြောက်ပါးရှိတယ်၊ ရုပ်ကိုလဲ ဖြစ်ပျက်မြင်ဘို့ဘဲ....တဲ့၊ ဒီစိတ်ကိုကော(ဖြစ်ပျက်မြင်ဘို့ပါဘုရား) အဲဒီလို အာယတနခြောက်ပါးကို မြင်ခဲ့လို့ ရှိယင်ဖြင့် ဘိက္ခုနော ဒဿနံ သုဝိသုဒ္ဓ ဟောတိ- ဒီအမြင်ဟာဖြင့် အမြင်မှန်လို့သာ မှတ်တော့....တဲ့၊ သောတာပန်ဖြစ်မည့် အမြင်မှန်....(မှန်ပါ့) ရဟန္တာဖြစ်မည့် အမြင်မှန်....(မှန်ပါ့) ရဟန္တာဖြစ်မည့်....(အမြင်မှန်ပါဘုရား)။

ဦးဘအုန်း- ဒီစကားဟာ တော်တော် အရေးကြီးတယ်....(ကြီးပါတယ်ဘုရား) အားလုံး တကာတကာမတွေ ဘယ့်နှယ်နေကြသတုံး....(အရေးကြီးပါတယ်ဘုရား) ကဲ့လေ- အခုသူက ဘယ်လိုဖြေတာတုံး....(ရဟန္တာက ဖြေတာပါ)မေးတာက ပုထုဇန်ရဟန်းက မေးတာပါဘုရား)။

အရှင်ဘုရား .... နိဗ္ဗာန်ရောက်ဘို့ အမြင်မှန် ရတယ်ဆိုတာ တပည့်တော်ကို တဆိတ်အမိန့်ရှိပါ....တဲ့၊ ခင်ဗျားတို့ လောက အပြောနဲ့ဆိုယင်....(မှန်ပါ့)ခြောက်ပါးသော အာယတနတို့တွင် မျက်လုံးရုပ်ကလေးကိုလဲ ဖြစ်ပျက်မြင်ဘို့၊ နား,နှာခေါင်း,လျှာ,

ကိုယ်-ဆိုတဲ့ အာယတန ငါးခုပေါ့ဗျာ....၊ ဒီဘက်က မနာယတနဆိုတဲ့ စိတ်တမျိုး၊ အဲဒါတွေရဲ့ဖြစ်ပျက်ကို မြင်လို့ရှိယင်ဖြင့် အရိယာဖြစ်မည့် အမြင်မှန်လို့သာ မှတ်လိုက်ပါတော့....တဲ့.... (မှန်ပါ့) နီဗ္ဗာန်မြင်မည့်....(အမြင်မှန်ပါဘုရား)။

ဒါဖြင့် ဦးဘတင်ရေ.... အမြင်မှန်ဟာ ဒါဟောပါလား.... (မှန်ပါ့) ဒဿနံ=အမြင်သည်၊ သုဝိသုဒ္ဓံ = အလွန်စင်ကြယ်သည်၊ ဟောတိ=ဖြစ်၏တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အာယတန ခြောက်ပါး၏ ဖြစ်ပျက်ကို မြင်ယင် ဘာတဲ့.... (အမြင်မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မျက်လုံး, နား, နှာခေါင်း, လျှာ, ကိုယ်-ဆိုတာက ရုပ်ငါးပါး မနေဘူးလား....(မှန်ပါ့) စိတ်ဆိုတာက တပါးမနေဘူးလား.... (မှန်ပါ့) အဲဒီခြောက်ပါးကို ဖြစ်ပျက် အလှည့်အပတ်နဲ့ မြင်နေလို့ရှိယင်ဖြင့် ဘာအမြင်တဲ့ဗျာ....(အမြင်မှန်ပါဘုရား) ဘယ်သူတို့၏အမြင်မှန်ပါလိမ့်....(အရိယာတို့၏ အမြင်မှန်ပါဘုရား)။

အရိယာတို့၏ အမြင်မှန်အစစ်ကို ရတော့တာဘဲလို့ သဋ္ဌာယတန သံယုတ်ပါဠိတော်မှာလာတယ်၊ နောက်ဆုံးပိတ်ကျတော့ ဘုရားကိုယ်တော်တိုင် ဒီဥစ္စာကို ထောက်ခံချက်ပေးလိမ့်ဦးမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဦးဝတ္ထိဦးဘအုန်းတို့အလှန်လေးနက်မည့်တရားပါကလားဆိုတာ ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာဘူးလား.... (ပေါ်လာပါတယ်) အခုဖြေနေတာက ဘယ်သူတုံး....(ရဟန္တာပါဘုရား)။

ရဟန္တာကဖြေနေတော့ တကာ တကာမတို့ ရဟန္တာဖြေနေကတည်းက ကျုပ်တို့ သံသယရှိဘို့မလိုဘူး....(မှန်ပါ့) ဒီအထဲမှာ ဘုရားက ထောက်ခံချက်ပေးဦးမယ်ဆိုတော့ သာလို့ပင် လေးနက်တော့မယ်....(မှန်ပါ့)။

ဒါ့ကြောင့် အခုလို ဆရာသမားနဲ့ကြုံ၊ အခုလို ခေတ်ကောင်းကြုံ၊ အခုလို ထောင်နိုင်တဲ့နား- ကြုံတုန်းဖြင့် ဒီဖြစ်ပျက်ကိုဖြင့် ဦးဘတင်တို့ ဦးဝတို့ မတွေ့-တွေ့အောင် ကြိုးစားလိုက်ကြပါ.... (မှန်ပါ့) မကြိုးစားသင့်ဘူးလား.... (ကြိုးစားသင့်ပါတယ် ဘုရား)။

ဒါမှ မရသေးလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေဟာ အသက်တရာ ရှည်ငြားသော်လဲ အမြင်မှန်ရပြီး သေသွားတယ်လို့ မဆိုလိုက်နဲ့တော့....(မဆိုရပါဘုရား) အမြင်မှားနဲ့ဘဲ သေလေရဲ့....(မှန်ပါ့) ကြောက်စရာသိပ်ကောင်းတယ်....(မှန်ပါ့ ဘုရား)။

တကာတကာမတို့ အခုလို အေးအေးဆေးဆေးနဲ့ နှေးနှေးပြောနေတာ ခင်ဗျားတို့ လှိုက်လှိုက်လဲလဲ ဒီဥစ္စာကို လုပ်ချင်တဲ့စိတ် ပေါ်ပါစေဆိုတာလဲ တကြောင်း.... (မှန်ပါ့) ဒီလိုမှ အမြင်မှန် မရလို့ ရှိယင်ဖြင့် ခင်ဗျားတို့ အမြင်အမှားနဲ့ သေသွားလေရဲ့....ဆိုတဲ့မသာ ဖြစ်မယ်....(မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ....(အမြင်မှားနဲ့ သေသွားလေရဲ့) အမြင်မှန် ရမသွားဘူး....(မှန်ပါ့) ဘယ်လောက်ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

တကာတကာမတွေ့ မြိုလိုက်သေးသပေါ့ဗျာ .... (မှန်ပါ့) အမြင်မှန်ရဘို့ မြိုသေးသပေါ့....(မြိုပါသေးတယ်ဘုရား) ကိုင်း.... ဒါဖြင့် ကိုယ့်စိတ်ကလေး ကိုယ်ရှုလို့ရှိယင်လဲ စားချင်တဲ့စိတ်ကလေးဟာ ပြန်တွေးကြည့်ယင် ဘယ်နှယ်တုံး....(မရှိတော့ပါဘုရား) မရှိဘူးလို့သိယင် အဲဒါအမြင်မှန်ဘဲ....(မှန်ပါ့)။

သား က လေး ခင်တဲ့ စိတ် က လေး ဟာ ဖျပ် - ဆို ဒီသားကလေး မြင်လိုက် တော့ ခင်လိုက်တယ် .... (မှန်ပါ့) ဟာ....ဒီဥစ္စာကလေး ဘယ်ရောက်သွားပါလိမ့်မတုံး....လို့ ဘုန်းကြီးက တွေးပါလို့ ၊ ‘သရဂစိတ္တ သရဂစိတ္တန္တိ ပဇာနာတိ” လို့ နောက်ကနေပြီး တွေးလိုက်စမ်းပါ၊ ဒီစိတ် ရှိ-မရှိ....(မရှိပါဘုရား) ဖြစ်ပြီး ပျက်သွားတာဘဲမဟုတ်လား....(မှန်ပါ့)။

သားကလေး ခင်တဲ့စိတ်ဟာ ဘာတဲ့ .... (ဖြစ်ပြီး ပျက်သွားပါတယ်) မမြင်ရဘူးလားဗျာ....(မြင်ရပါတယ်ဘုရား) မြင်ရပါတယ်....တဲ့၊ ဒီနေရာမှာ ဖြစ်တုန်းကလဲ မှန်းကြည့်လိုက် ဖြစ်သွားတာဘဲ၊ ကြည့်လိုက်တော့လဲ မရှိတော့ ပျက်သွားလို့ဘဲ.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီအမြင်ကို ဘာအမြင်ဆိုကြမလဲ....(အမြင်မှန်ပါဘုရား) ဘယ်သူတို့၏ အမြင်မှန်ပါလိမ့် .... (အရိယာတို့၏ အမြင်မှန်ပါဘုရား) အရိယာတို့၏အမြင်မှန်ဆိုတာ တကာတကာမတို့ ဖြစ်ပျက်ကိုမြင်လို့ရှိယင် အမြင်မှန်အစစ်ဘဲ....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်မမြင်ဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်ဖြင့် အမြင်အမှားနဲ့ သေသွားလေရဲ့....(မှန်ပါ့) ကြောက်စရာကောင်းတယ် (ကောင်းပါတယ်ဘုရား)"

မိစ္ဆာဒိဋ္ဌိနဲ့ဘဲ သေသွားတယ်လို့ မဆိုထိုက်ဘူးလား .... (ဆိုထိုက်ပါတယ်ဘုရား) တကာတကာမတို့ ဒါဟာ လိုက်လိုက်လဲလဲပြောပြီးသကာလနေတော့ ခင်ဗျားတို့ကလဲ မှတ်မှတ်သားသား အားလဲထုတ်ပါ့မယ်ဆိုတဲ့စိတ်ထား‌နဲ့ တရားနာမှ ရမယ်-(မှန်ပါ့) ဘုရား) အားလဲထုတ်ပါ့မယ်ဆိုတဲ့စိတ်ထား‌နဲ့ နာကြစမ်းပါလို့ သတိပေးရတယ်....(မှန်ပါ့)။

ဘယ်ဘဝ ဘယ်အခါကာလမှ ဒီအမြင်မှန်ကို မရခဲ့လို့ ခင်ဗျားတို့သည် သားဒုက္ခ၊ သမီးဒုက္ခ၊ ဆွေဒုက္ခ၊ ခန္ဓာကိုယ်ကြီးကို အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုး‌နဲ့ပြည့်စုံတဲ့ ခန္ဓာကိုယ်ကြီး ထမ်းပြီး သုံးဆဲ့တဘုံလည်ရ၊ ဒီလို မနေရဘူးလား....(နေရပါတယ်ဘုရား) အဲဒါ ဘာမရခဲ့တာပါလိမ့် .... (အမြင်မှန် မရခဲ့တာပါဘုရား)။

တယ်နာပါလား တကာတကာမတို့-အမြင်မှန်မရတာ အနာဆုံးဘဲနော်....(မှန်ပါ့) အမြင်မှန် မရဘူးဆိုတော့ ဒီက ပဋိစ္စသမုပ္ပါဒ်ကို တကာတကာမတွေက ကြည့်လိုက်ယင် သိမှာတယ်၊ အမြင်မှန်မရဘူးဆိုတော့ တကာတကာမတို့ အမြင်မှားမနေဘူးလား....(မှားပါတယ်ဘုရား)။

အမြင်မှားဆိုတော့ မိစ္ဆာဒိဋ္ဌိ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) လောဘ သဟဂတံ ဒိဋ္ဌိကတ သမ္မယုတ္တံ - မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား) လောဘနဲ့ဒိဋ္ဌိဟာ တွဲလျက်နော်....(မှန်ပါ့)။

ဒါဖြင့် လောဘဖြင့် တဏှာ၊ တဏှာဖြင့် ဥပါဒါန်၊ ဥပါဒါန်ဖြင့်....(ကံပါဘုရား) ကံလာယင် ဇာတိ,ဇရာ, မရဏ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဩော်.... အမြင်မှားနဲ့သေတဲ့ပုဂ္ဂိုလ်ဟာ ဒီလမ်းဘဲ၊ အသေလမ်းဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) အမြင်မှားနဲ့သေသွားတဲ့ပုဂ္ဂိုလ်ကဖြင့် အိုလမ်း, နာလမ်း, သေလမ်း, အပါယ်လေးပါးလမ်းဘဲ....(မှန်ပါ့) ဆိုထိုက်ပလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အခုအချိန်ပိုင်းကလေး ကျန်ကြပါသေးတယ်၊ မသေသေးလို့ တရားနာကြတာကိုး.... (မှန်ပါ့) ဒီလမ်းကို လဲ့ချိန်ကလေး အိုလမ်း၊ နာလမ်း၊ သေလမ်းကို ရှောင်ချိန်-ရှားချိန်ကလေး ခင်ဗျားတို့ ကျန်ပါသေးတယ်....(မှန်ပါ့) မကျန်ဘူးလား ...(ကျန်ပါတယ်ဘုရား)။

အဲဒါကလေး ကျန်နေတဲ့အတွက် အမြင်မှန်ကိုဖြင့် အရိယာတို့၏အမြင်မှန်ကို မရ-ရအောင် ကြိုးစားလိုက်ပါ၊ ဒါ-မရလို့ ရှိယင်လဲ သေပေစေကွ၊ အပါယ်လေးပါးတော့ မသွားဘူးကွ၊ ဒါလောက်ထိအောင် တင်းပစ်လိုက်ပါ....(မှန်ပါ့) ဦးဘတင်-တင်းထိုက်-မတင်းထိုက်....(တင်းထိုက်ပါတယ်ဘုရား)။

ဒီအမြင်မှန်ကိုလဲ ဒီသာသနာကြီးနဲ့ ဒီဆရာသမားတော်နဲ့ ကြုံတုန်းသာ ဦးဝတို့ ဦးဘအုန်းတို့ ရမှာကိုးဗျ....(မှန်ပါ့) နောက်-ရစရာမြင်သေးရဲ့လား....(မမြင်ပါဘုရား)။

နောက်ကျတော့ဖြင့် တကာတကာမတို့ ဘာဖြစ်ဖြစ် အမြင်အမှားနဲ့ဖြစ်ပြီး အမြင်မှားနဲ့ သေချည့်နေရမှာဘဲ....(မှန်ပါ့) သေယင် အပါယ်လေးပါးမှတပါး သွားစရာ၊ လာစရာရှိသေးရဲ့လား.....(မရှိပါဘုရား) ဒါဖြင့် ဘယ်လိုဆုံးဖြတ်ချက်ချကြပါ့မလဲ....(အမြင်အမှားနဲ့ သေသွားပါတယ်ဘုရား)။

ကိုင်း.... အရိုးကျေကျေ အရေချောက်ချောက် အမြင်အမှန်ကိုဖြင့် ရအောင်လုပ်ပါတော့မယ်လို့ဆိုတာ ယနေ့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အမြင်မှန် မရလို့ ရှိယင်ဖြင့် မသေပရစေနဲ့လို့ ဆုတောင်းရုံ လုပ်မနေနဲ့၊ အမြင်မှန်ရအောင်ကို ကိုယ်တိုင် ကြည့်နေပါ၊ ခန္ဓာကြီးကို....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဥပမာ....ဒီဘက်ထိုင်နေတော့ နာတယ်၊ တဖက်တည်း ထိုင်နေတော့ မနာကြဘူးလား....(နာပါတယ်) နာတော့ ဟိုဘက်ရွှေ့လိုက်တာပေါ့၊ တကာတကာမတို့ ဘုန်းကြီးက မရွှေ့ရဘူးဆိုတာမှမဟုတ်ဘဲ၊ ရွှေ့လိုက်ပါ....(မှန်ပါ့)။

အင်း....ဒီနာတဲ့ဟာကလေးဟာလဲဖြစ်ပြီးပျက်သွားတာဘဲလို့ အမြင်မှန် ရ-ရပြီးတော့ ရွှေ့လိုက်တာပေါ့....(မှန်ပါ့) ဘယ်လို ဆိုကြမယ်....(အမြင်မှန် ရ-ရပြီးတော့ ရွှေ့ရပါမယ်ဘုရား)။

အမြင်မှန် ရပြီးသကာလရွှေ့တော့ ဒါဟာ အမြင်မှန်ဟာသူ့ခန္ဓာကိုယ်က ပြောနေလျက်သားနဲ့ ခင်ဗျားတို့က မကြည့်လို့ အမြင်မှန်မရတာ....(မှန်ပါ့) ဘယ်လိုဆိုကြမလဲ....(ခန္ဓာကိုယ်က ပြပါတယ်၊ တပည့်တော်တို့က မကြည့်လို့ အမြင်မှန်မရတာပါဘုရား)။

သူကတော့ ပြနေတယ်၊ ကိုယ်က မကြည့်လို့ အမြင်မှန် မရတာ....(မှန်ပါ့)ကဲ....အခုလိုကြည့်မယ်ဆိုတော့ သြော်....နာတာကလေးဟာလဲ ဟိုဘက် ပြောင်းလိုက်၊ ဒီဘက်ပြောင်းလိုက်၊ တပြိုင်နက်တည်း ရှိသေးရဲ့လား....(မရှိပါဘုရား)။

တခါ ဟိုဘက်ပြောင်းလိုက်သည်နဲ့ တပြိုင်နက်တည်း နာတာကလေးတခု ပေါ်လာပြန်တယ်၊ ဒုက္ခ သဟဂုတ် ကာယဝိညာဏ် စိတ်ကလေးပေါ်လာမယ်၊ ဒီစိတ်ကလေးပေါ့ဗျာ.... (မှန်ပါ့) ပေါ်လာပြန်တော့ မနေနိုင်ယင် ပြောင်းလိုက်တာပေါ့၊ တကာတကာမတွေက မပြောင်းရဘူးဆိုတာမှ မဟုတ်ဘဲ....(မှန်ပါ့) ပြောင်းတဲ့အခါကျတော့ သူ ရှိ မရှိ ကြည့်ဦး၊ ပြောင်းလိုက်သည်နဲ့ တပြိုင်နက်တည်း ဘယ်နှယ်တုံး....(မရှိပါဘုရား) ဒုက္ခ စိတ်ကလေး ဖြစ်ပြီး ပျက်သွားတယ်....(မှန်ပါ့)။

အဲဒီလို ဖြစ်ပြီး ပျက်သွားပြီလို့ဆိုပြီး ပြောင်းလိုက်ကြလို့ ဆိုလို့ ရှိယင် ဒါဟာ အမြင်မှန်မရဘူးလား....(ရပါတယ်ဘုရား) သြော်....ဒီခန္ဓာကိုယ်ထဲမှာ ဘယ်ဘက်လှည့်လှည့် တကာ တကာမတွေ့ ဖြစ်ပျက်နဲ့နေရမှာဘဲ....(မှန်ပါ့)။

ဘယ်ဘက် ကုန်းလိုက် ကုန်းလိုက်၊ ဘယ်ဘက်ကို ကွလိုက်-ကွလိုက်၊ ဘယ်ဘက် စောင်းလိုက် စောင်းလိုက်၊ ဘယ်လိုဘဲ တည့်လိုက် တည့်လိုက် ဘာတွေ့ရမလဲ... (ဖြစ်ပျက်တွေ့ ရပါမယ် ဘုရား)။

အဲ... ဖြစ်ပျက်တွေ့သိပြီးသကာလ ပြောင်းလိုက်၊ ရှေ့လိုက်၊ သွားလိုက်၊ လာလိုက်ပြီဆိုမှဖြင့် သြော်.... ဒီပုဂ္ဂိုလ် အမြင်မှန်ရပြီးသကာလ သေသွားတယ်လို့ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်) သဘောပါကြပလား....(ပါ.ပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်မှန်ကလေးကို ပြောတတ်တဲ့ ဆရာနဲ့လဲတွေ့၊ ခင်ဗျားတို့ ထောင်တတ်တဲ့ နားနဲ့လဲ ကြုံခြင်းကြောင့် အမြင်မှန်နဲ့သေလို့ရှိယင်ဖြင့် တကာတကာမတို့ မဂ်နဲ့သေတာ....

(မှန်ပါ့) *အမြင်မှန်တာက ဘာပါလိမ့်....(မင်္ဂလာသေတာပါ) အမြင်မှန်တာသည် သမ္မာဒိဋ္ဌိမဂ္ဂင်မဟုတ်လား....(မှန်ပါ့)။

သမ္မာဒိဋ္ဌိမဂ္ဂင်လာကတည်းက တကာ တကာမတို့ အမြင်မှန် ရပါတယ်ဆိုကတည်းက ဒါတွေက မြင်စရာတွေဖြစ်နေလို့ ဒီက မဂ္ဂင်တွေက ငါးပါးဘဲထာ·ပါဦးတော့ ဒီမဂ္ဂင်တွေနဲ့ သူတို့ အမြင်မှန်မရဘူးလား....(ရပါတယ်ဘုရား)။

ရတယ်ဆိုကတည်းက သူက အမြင်မှန်မဂ္ဂင် ဖြစ်ပြီးသကာလ နေတော့ မင်္ဂလာသည် ဘာလုပ်တတ်သတုံး....ဆိုတော့ ဒီဋ္ဌိတဏှာတွေ သတ်တတ်တယ်ဆိုတာကလဲ မထင်ရှားဘူးလား(ထင်ရှားပါတယ်ဘုရား)။

ဒါဖြင့် ဒီမင်္ဂလာသလဲ၊ တဏှာဒိဋ္ဌိ သတ်တယ်....(မှန်ပါ့) မသေနိုင်ဘူးလား....(သေနိုင်ပါတယ်ဘုရား) တဏှာသေတော့ ဥပါဒါန်လဲသေတာဘဲ၊ ကံတွေကော (သေပါတယ်ဘုရား) ဇရာ မရဏတွေကော...(သေပါတယ်ဘုရား)။

သြော်....ဒါဟာ အမြင်မှန်ရတဲ့အခါကျတော့ သံသရာစခန်း သတ်ပြီး သေပါကလား....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အမြင်မှန် ရတဲ့ပုဂ္ဂိုလ်ဟာ....(သံသရာစခန်းသတ်ပြီး သေနိုင်ပါတယ်ဘုရား) အမြင်မှန်မရတဲ့ပုဂ္ဂိုလ်က သံသရာဆက်ပြီး သေလေရဲ့....(မှန်ပါ့) ဒီအလောင်းပြီး ဟိုအလောင်းကို သူ-ကိုယ်ပိုင်ရတာဘဲ....(မှန်ပါ့) ဟိုအလောင်း စွန့်ပြီးတော့ကော....(နောက်အလောင်းကို ရပါတယ်ဘုရား)။

---

* ပုဗ္ဗဘာဂဂမဂ်ခေါ် ဝိပဿနာမဂ်ကတော့ အဖျင်းဆုံးဖြစ်ပေါ်နေပြီ။

ဩော်....သူသည် အလောင်းထမ်းသမားအဖြစ်မှ လွတ်သေးခဲ့လား....(မလွတ်ပါဘုရား) အခုတော့ စွန့်ပစ်မည့် အလောင်းကြီး ထမ်းထားရတယ်....(မှန်ပါ့) မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)

ကဲ....သေတဲ့အခါကျတော့ ဘာပြန်ရသတုံး-(အလောင်းဘဲပြန်ရပါတယ်ဘုရား) ဒီအလောင်းကလဲ ဘာလုပ်ရမှာတုံး....(စွန့်ပစ်ရဦးမှာပါဘုရား) ဒါဖြင့် အလောင်းထမ်းသမားဘဝမှ မလွတ်ပါဘူး....(မလွတ်ပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘာဘဝပါလိမ့်.... (အလောင်းထမ်းသမားဘဝါပါဘုရား) ကြောက်စရာကောင်းလွန်းလို့ပါ။ ခင်ဗျားတို့က ဂုဏ်ယူမနေကြပါနဲ့ ပြောလိုက်ပါတယ်....(မှန်ပါ့) ဂုဏ်ယူစရာလား....(မဟုတ်ပါဘုရား)။

ယခု ဒီမှာတရားနာလာကြတယ်ဆိုလို့ရှိယင် ကိုယ့်ခန္ဓာကြီးကို စိတ္တဇဝါယောက ထမ်းလာတယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

စိတ်ကြောင့်ဖြစ်တဲ့ ဝါယော၊ ဝါယောကနေ ဦးဘတင်-ထမ်းတာမဟုတ်လား....(မှန်ပါ့) အဲဒီတော့ ဘယ်သူ့အလောင်းကို ဘယ်သူထမ်းလာကြသတုံး....(ကိုယ့်အလောင်းကို ကိုယ်ထမ်းလာပါတယ်ဘုရား)။

ဒီကနေ ပြန်ကြပြန်ဘော့ကော....(ကိုယ့်အလောင်းကို ကိုယ်ပြန်ထမ်းလာပါတယ်ဘုရား) နောက်-မထမ်းနိုင်တဲ့တနေ့ ကိုယ့်အလောင်း စွန့်ရပြန်တော့ အလောင်း ဘယ်သူ ချပါလိမ့်....

(ကိုယ်ဘဲချပါတယ်) ကိုယ်ဘဲချတယ်၊ မထမ်းနိုင်တဲ့အဆုံးကျ တော့ ကိုယ့်အလောင်းကိုယ် ချရတယ် အိပ်ရာပေါ်မှာ-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အိပ်ရာပေါ်မှာ သူများကြည့်လို့မကောင်းတော့မှ အရပ်က နေပြီး ဝိုင်းပြီး ချရတယ်....(မှန်ပါ့) ပဋ္ဌမရှေးဦးစွာ ကိုယ့် အလောင်း ကိုယ်ချရတော့ ကိုယ်ကအရင်ဗျ့်....(မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်နှယ်လုပ်ကြမတုံး....၊ ဒီလိုဘဲ အလောင်းထမ်း ဘဝနဲ့အချိန်ကုန်ကြတော့မှာလားလို့ မေးလိုက်တယ်....(မှန်ပါ့- အလောင်းထမ်းသမားဘဝနဲ့ဘဲ အချိန်ကုန်မှာပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အမြင်မှန်ရယင် အလောင်းထမ်း ဘဝမှလွတ်မယ်....(မှန်ပါ့)အမြင်မှန်မရယင်....(အလောင်းထမ်း ဘဝမှ မလွတ်ပါဘုရား) ဒီအလောင်းပြီးယင်....(ဟိုအလောင်း ထမ်းရမှာပါ) ဟိုအလောင်းပြီးယင်....(နောက်အလောင်းထမ်း ရမှာပါဘုရား)။

ဩော်.... ကျုပ်တို့ တကယ့်ဝဋ္ဋပါကလား....(မှန်ပါ့) ဝဋ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) ဘာဝဋ်တုံးဗျ.... (အလောင်းထမ်းတဲ့ဝဋ်ပါဘုရား)။

အလောင်းထမ်းတဲ့ဝဋ်ဟာ သေးသလားဗျ .... (မသေးပါ ဘုရား) ဘယ်နေရာ ချပစ်ခဲ့လို့ ရသတုံး....(မရပါဘုရား)ဟောဒီ အလောင်းလဲ အခုချရော ဟိုအလောင်းကိုလဲ ချက်ခြင်း ထမ်း

တာဘဲ....(မှန်ပါ့)စုတိပြီး ပဋိသန္ဓေလာတာကိုး၊ စုတိ အလောင်း ချလိုက်ပြီး ဟိုဘက် ပဋိသန္ဓေကျတော့ ထမ်းတာဘဲ....(မှန်ပါ့ ဘုရား)။

တကာတကာမတို့ နောက်တုန်းက ဘယ်အလုပ်နဲ့ အချိန်ကုန်ခဲ့သလဲလို့ အမေးထုတ်စမ်း ကိုယ့်·ကိုယ်ကိုယ် .... (အလောင်း ထမ်းနေရတာနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

ရှေကိုလဲ အမြင်မှန်မရသေးယင် ဘာလုပ်ကြဦးမှာပါလိမ့်.... (အလောင်းထမ်းသမားဘဝနဲ့ နေရမှာပါဘုရား) ရှက်ကြပါတော့ဗျာ.... (မှန်ပါ့) မရှက်ကြသေးဘူးလား....(ရှက်ပါပြီဘုရား) နောက်က တကာ တကာမတွေကော မရှက်သေးဘူးလား....(ရှက်ပါပြီဘုရား)။

တကာတကာမတို့ နည်းမသိတုန်းက ထမ်းနေရတာကတော့ ဖြင့် သြော်....မသိလို့ မှားတဲ့အမှားလို့ ဆုံးဖြတ်ချက် ချတာပေါ့ဗျာ....(မှန်ပါ့) အခုသိတဲ့အခါကျလို့ရှိယင် တော်ပြီ-တန်ပြီကွ၊ ဒီတခါ ထမ်းပြီး ချပြီး နောက်တော့ဖြင့် ဆက်မထမ်းချင်ပါဘူး၊ ဒီဘဝဖြင့် လုတ်အောင် ကျတ်အောင်ဘဲ ရုန်းပါတော့မယ်လို့ ခင်ဗျားတို့ ကြိုးစားဘို့သိပ်ကောင်းတယ်.... (မှန်ပါ့) ဆုံးဖြတ်ချက်ကော ချရဲ့လား....(ချပါတယ်ဘုရား)။

ကဲ .... ဒါဖြင့် အဲဒါ ဆုံးဖြတ်ချက်ချနေရုံနဲ့ မပြီးသေးဘူး၊ အမြင်မှန်ရအောင် ကြိုးစားပြီးမှ ပြီးမယ်....(မှန်ပါ့) ဘယ်လို ပါလိမ့်....(အမြင်မှန်ရမှ ပြီးမှာပါဘုရား) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

နောက်ကိုဖြင့် ဒီဘဝ စုတေမနေ သေလွန်လို့ရှိယင် ဘယ် အလောင်းမှ မထမ်းပရစေနဲ့ ဆိုနေရုံလောက်နဲ့တော့ ဦးဝတို့-ဦးဘအုန်းတို့ ရကို့မရနိုင်ဘူး....(မှန်ပါ့-မရနိုင်ပါဘုရား) မရ သေးဘူး၊ တလောင်းလောင်းတော့ ထမ်းရမှာဘဲ....(မှန်ပါ့) မထမ်းရပေဘူးလား....(ထမ်းရပါတယ်ဘုရား)။

ဒါဖြင့် အမြင်မှန်ရတဲ့ပုဂ္ဂိုလ်ကျတော့ နောက်အလောင်းကို ဖြစ်နိုင်သေးရဲ့လား....(မဖြစ်နိုင်ပါဘုရား) ဉာဏ်လာတော့ တဏှာ ပြတ်ပြီ၊ ဥပါဒါန်ကော....(ပြတ်ပါတယ်ဘုရား)။

အလောင်းပေးသမားတွေကိုက မပေးတော့ဘူး၊ တဏှာတို့ ဥပါဒါန်,ကံတို့က အလောင်းပေးတာ.... (မှန်ပါ့) သူတို့က ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် အလောင်းပေးသမား မရှိတော့ကို ကျုပ်တို့မှာ ထမ်းစရာအထည်ကော ရှိသေးရဲ့လား...(မရှိပါဘုရား) ဒါဖြင့် ဒီပုဂ္ဂိုလ်အတွက် ဘယ်လို စဉ်းစားရမလဲ၊ အထမ်းလွတ် ဝန်ကျ သွားပြီ... (မှန်ပါ့ဘုရား) ဆိုနိုင်ပလား.... (ဆိုနိုင်ပါတယ်ဘုရား) ဘယ်လိုဆိုကြမလဲ....(အထမ်းလွတ် ဝန်ကျသွားပါပြီဘုရား) အခုတော့ဖြင့် တကာတကာမတွေ့ ဘယ်သူ့ကိုဘယ်သူကြည့်ပြီး ကြက်သရေလဲ မရှိဘူး၊ ရှိကြရဲ့လား....(မရှိပါဘုရား)။

ခင်ဗျားတို့ချင်း မြောက် တာ တော့ ကျုပ်မပြောတတ် ဘူးပေါ့ဗျာ....(မှန်ပါ့) သူကြည့်ရတာ သူ့ဝန်နဲ့သူ ကြက်သရေ ရှိလိုက်တာ... တဲ့၊ ဒါ.... ခင်ဗျားတို့ချင်း မြောက်တာတော့ ကျုပ်နားမလည်ဘူး- ဒီဥစ္စာတော့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ချင်း မြောက်တာကတော့ အရူးဗုံတီးမြောက်တာကိုး....(မှန်ပါ့) အရူးဗုံတီးမြောက်တော့ မြောက်တဲ့လူလဲ အရူးကိုးဗျ....(မှန်ပါ့) ဟိုကလဲ အရူးဖြစ်နေတော့ သူက ပြုံးတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု သေသေချာချာ ဥာဏ်မျက်လုံးကလေးတပ်ကြည့်တော့ တကာ တကာမတွေ့ ဘာတွေ့များ ထမ်းနေကြပါလိမ့်....(အလောင်းတွေ့ ထမ်းနေပါတယ်ဘုရား) ဘယ်တော့ ချကြမှာတုံးလို့ မေးတဲ့အခါကျတော့ စုံတေကျတော့ ကိုယ့်အလောင်းချပစ်ခဲ့တာဘဲ.... (မှန်ပါ့) ပြီးရဲ့လား၊ ဒါဖြင့် သူ့ကိစ္စဟာ အလောင်းထမ်းဘဝဝင်ခဲ့ကျတဲ့ပေါ့လို့ ဆိုရမှာလား....(မဆိုရပါဘုရား)။

ဟိုဘဝမှာ တခုခုအထည်ဖြစ်ဦးမှာဘဲ၊ ဖြစ်ယင် ဘာလုပ်ရဦးမလဲ....(ထမ်းရဦးမှာပါဘုရား) ဒါ.... ဘယ်နဲ့ကြောင့် ထမ်းရသတုံး.... (အမြင်မှန်မရလို့ပါဘုရား) ဒီအဖြေကို ကြပ်ကြပ်မှတ်ပါ.... (မှန်ပါ့) ရဟန္တာအမြင်ကို မရသ၍ကာလပတ်လုံး ဒီအလောင်းထမ်းဘဝက မလွတ်သေးပါဘူး.... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် အမြင်မှန်ဟာ ဦးဝတို့-ဦးဘအုန်းတို့ မည်မျှလောက် အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)အမြင်မှန်ရလို့ရှိယင် ဘာလွတ်သွားပါလိမ့်-(အလောင်းထမ်းသမားဘဝမှ လွတ်သွားပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် တကာတကာမတွေ့ တယောက်ကြည့်ရတာလဲ ကြက်သရေမရှိဘူး၊ ဟိုဘက်တယောက်ကြည့်ပြန်တော့ကော

(ကြက်သရေမရှိပါဘုရား) ဘာဖြစ်လို့တုံး.... (အလောင်းထမ်း ရလို့ပါဘုရား) ဒီအပုတ်ကောင်ကြီး ထမ်းနေရတယ်.... (မှန်ပါ့) မထမ်းရဘူးလား....(ထမ်းရပါတယ်ဘုရား)။

အဲဒီကဲ့သို့ထမ်းတော့ကို သူဖြင့် ဘယ်တော့မှ ချပစ်ခဲ့လို့ ရရဲ့လား....(မရပါဘုရား) အခု တရားနာတဲ့နေရာမှာလဲ သူပါလာတာဘဲ....(မှန်ပါ့)ဒီကနေ ပြန်ပြန်တော့ကော....(သူပါ-ပါတယ်ဘုရား) သူ့ကိုထမ်းပြီး ပြန်ကြရမှာဘဲ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ သူနဲ့ ခင်ဗျားတို့နဲ့ ခဲ့လို့ရရဲ့လား... (မရပါဘုရား) သူကလဲ သေမယ်သေမယ် ခဏခဏ ပြောနေတာ၊ မပြောဘူးလား... (ပြောပါတယ်ဘုရား)။

ခေါင်းကိုက်ပြလိုက်, လေထိုးပြလိုက်နဲ့ သေတော့မယ် သေလိုက်မယ်နဲ့ပြောနေတာ....(မှန်ပါ့) ခင်ဗျားတို့ ခဏခဏ ချော့ထားလို့ သူ-နည်းနည်းကလေးရပ်နေတာ... (မှန်ပါ့)။

ခင်ဗျားတို့က နှာကလေးနဲ့ချော့လိုက်၊ လေဆေးကလေးနဲ့ ချော့လိုက်၊ သွေးဆေးကလေးနဲ့ ချော့လိုက်၊ ဒါကလေးနဲ့ ခင်ဗျားတို့က ဆောင်းပန်ထားတာနဲ့ နေရသေးတာ....(မှန်ပါ့) သူက ထိုးလဲမယ် ခဏခဏပြောတာ....(မှန်ပါ့)။

အလောင်းလုပ်လိုက်တော့မယ်၊ အလောင်းလုပ်လိုက်တော့မယ်လို့ မပြောဘူးလား....(ပြောပါတယ်ဘုရား) ခင်ဗျားတို့က ဘယ်နှယ်လုပ်နေရသတဲ့.... (ဆေးဝါးနဲ့ ဆောင်းပန်နေရပါတယ်ဘုရား) အမွေးအကြိုင်ကလေးနဲ့....(ဆောင်းပန်ရပါတယ်ဘုရား)အထည်အလိပ်ကလေးခြုံရုံအုပ်ပြီးတော့ကော....(ဆောင်းပန်ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို သူက ထိုးလဲမယ်ဆိုတာ ဘယ်နှစ်ကြိမ် ပြောသလဲ... (အကြိမ်များစွာပြောပါတယ်ဘုရား) တောင်းပန်ရတာလဲ ပြောသလောက် ဘယ့်နယ်တုံး.... (တောင်းပန်ရပါတယ်ဘုရား) အံမာလေး.... ကျွန်ပိလိုက်တဲ့ဖြစ်ခြင်း.... (မှန်ပါ့ဘုရား)။

ဘယ့်နယ်ဆိုကြပါ့မလဲ.... (ကျွန်ပိလိုက်တဲ့ဖြစ်ခြင်းပါဘုရား) ကျွန်ပိလိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ ဘုန်းကြီးတို့ တကာတကာမတွေ့၊ ဒီအထဲမှာလဲ နောက်ဆုံးပိတ်တနေ့ကျတော့ မင်းတို့ တောင်းပန်တာကြာပြီကွာ.... ငါ-ထိုးလဲမယ်လို့ ပြောလိုက်တော့လဲ ခင်ဗျားတို့သည်ကားလို့ ဆိုယင်ဖြင့် ဒီခန္ဓာကြီးကို ချလိုက်ရတော့တာဘဲ....တဲ့၊ အလောင်း ကျမသွားဘူးလား.... (ကျသွားပါတယ်ဘုရား) ကျသွားသည်နဲ့ တပြိုင်နက်တည်း နောက် အလောင်းက ဂျိုးထူထူအလောင်း လာပြန်တာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဂျိုးထူထူ အလောင်းဆိုတာ တခြားမဟုတ်ပါဘူး၊ သူကသာပြီး နဲ့ဆိုး-ဆိုးဦးမှာ....(မှန်ပါ့) မဆိုးပေဘူးလား....(ဆိုးပါတယ်ဘုရား)။

ခလေးဖြစ်နေပြန်တာကိုးဗျ၊ အားလုံးထူမှ ကြွမယ်ဆိုတာမျိုး သူက မူလိုက်သေးတယ်....(မှန်ပါ့) ခလေးဆိုတော့ အားလုံးထူမှ ကြွမယ်လို့ သူက ပြောနေလိုက်သေးတယ်.... (မှန်ပါ့) နောက်အလောင်းက သာမဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒါမျှား ဖြစ်ချင်သေးသလား.... (မဖြစ်ချင်ပါဘုရား) ရှင်းပလား တကာတကာမတို့....(ရှင်းပါပြီဘုရား)အံမာလေး.... ခင်ဗျားတို့ ကံကောင်းလို့ ထမ်းနေကြရတာလား- ဘယ့်နှယ်ပါလိမ့်....(ကံဆိုးလို့ပါဘုရား) ကံဆိုးလို့ ထမ်းနေကြရတာ.... (မှန်ပါ့)။

ကံချုပ်တဲ့ပုဂ္ဂိုလ်တွေမျှားကျတော့ဗျာဘုရားသခင်ကိုယ်တော် မြတ်ကြီး၏အလောင်းတော်တွေသေးသလား၊ကက္ကုသန် ကောဏဂုံ မြတ်စွာဘုရားသခင်တို့၏ အလောင်းတော်တွေသေးသလား မေးတော့(မတွေ့ပါဘုရား)အလောင်းချသွားကြပြီ သူတို့က.... (မှန်ပါ့)တော်ပြီ....ကျတ်ပြီ....ဝိပါကဝဋ်ကျတ်ပြီဆိုပြီးသကာလ ကြသွားတော်မူကြတာဘဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ခင်ဗျားတို့က ကျတ်ပလား .... (မကျတ်သေးပါဘုရား) မကျတ်သေးတဲ့အထဲမှာ အမြင်မှန်မရတဲ့ပုဂ္ဂိုလ်က သြော်.... စုတေမနေသေလွန်ယင်နတ်အလောင်းထမ်းရပါလို့၏မျှားတောင် တောင်းလိုက်သေးတယ်....(မှန်ပါ့)။

ဖြစ်မှဖြစ်ရပလေ၊ နတ်အလောင်းဆိုတာ တကာတကာမတို့ ခန္ဓာကိုယ်ဟာ သုံးဂါဝုတ်လောက်ရှိတယ်၊ တဂါဝုတ်မှာ ၃-မိုင်လောက်ရှိတယ်ဆိုတော့ တွက်ကြည့်ပေါ့၊ ၉-မိုင် ပတ်ဝန်းကျင်မှာ မနေဘူးလား....(နေပါတယ်ဘုရား) အဲဒါလောက် ကြီးတဲ့သင်္ဘာန် ရှိတယ်၊ တကယ့် နတ်အစစ်တဉီးမှာပေါ့ဗျာ.... (မှန်ပါ့)။

အဲဒါလောက် အလောင်းထမ်းဘို့ရာ တကာ တကာမတွေကော တခို့ ဆုမတောင်းကြဘူးလား .... (တောင်းပါတယ်ဘုရား)။

ဒီဘဝ စုတေမနေ သေလွန်လို့ ရှိယင် ဟိုအလောင်းကြီး ထမ်းရပါလို့၏၊ မပါဘူးလား-ပါသလား....(ပါ-ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်ဟာ ထမ်းချင်ကြသလဲ၊ အခုကို လေးလှပါပြီ ခင်ဗျားတို့၊ မလေးကြဘူးလား....(လေးပါတယ်ဘုရား) လေးပါတယ်....တဲ့၊ ခင်ဗျားတို့ ထမင်းစားပြီးသွားရတာနဲ့ ထမင်းမစားခင် သွားရတာနဲ့ ဘယ်နှယ်နေသတုံး .... (ထမင်းစားပြီးမှ သွားရတာက ပိုလေးပါတယ်ဘုရား)။

တခါတည်း ရောဂါတွေ ပြင်းထန်လာတဲ့အချိန် သွားရတာနဲ့ ရောဂါကလေးတွေ ခေတ္တငြိမ်းတဲ့အချိန်သွားရတာနဲ့ ဘယ်ဟာက လေးသတုံး .... (ရောဂါနဲ့သွားရတာက ပိုလေးပါတယ်ဘုရား) အတော်ထမ်းရတယ်မဟုတ်လား....(ထမ်းရပါတယ်)တောင်ဝှေးကူရတာနဲ့ ဝိုင်းမပေးတဲ့လူ ပါရသေးတယ်....(မှန်ပါ့) မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

အဝတ် ခါးစည်းပေးတဲ့လူ ပါရသေးတယ်....(မှန်ပါ့ဘုရား) ဒါမျှား နောက်ထပ် ဒီဥစ္စာကို လိုချင်သေးသလား.... (မလိုချင်ပါဘုရား) ဒါဖြင့် အမြင်မှန်ရအောင် ကြိုးစားကြပါ....(မှန်ပါ့ဘုရား)။

ဘာရအောင်ကြိုးစားရမလဲ....(အမြင်မှန်ရအောင် ကြိုးစားရပါ့မယ်) ဒါခင်ဗျားတို့ကို ဖြေခိုင်းနေတာဘဲ တကာတကာမတို့

ခင်ဗျားတို့ ဝဋ်ကျွတ်ဘို့ကို ခင်ဗျားတို့ဉာဏ်ထဲမှာဘဲ ကျန်ရစ်ပါ စေတော့ ဆိုပြီး အဖြေပေးနိုင်အောင်ကို ပြောနေတာဘဲ.... (မှန်လှပါ) ပြောနိုင်ကြပလား....(ပြောနိုင်ပါပြီဘုရား)။

ဒါဖြင့် ဘာရမှုဒီအလောင်းထမ်းဘဝကလွတ်မလဲ....(အမြင် မှန်ရမှ လွတ်မှာပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါက ဘုန်းကြီးပြောတာက အရိယာမျက်လုံးတပ်ပြီးတော့ ကြည့်ပါလို့ ပြောတာ....(မှန်ပါ့) ခင်ဗျားတို့ အရပ်မျက်လုံးနဲ့ ကြည့်မယ်ဆိုလို့ရှိယင် သူ့ကြည့်ရတာ တနေ့တခြား ဝဖြိုးလာ တယ်၊ ကြက်သရေတွေ တိုးလာတယ်လို့ ခင်ဗျားတို့ချင်းတော့ ပြောနေတာဘဲ၊ အဲဒီအပြောတွေကတော့ လုံးဝမယုံနဲ့....(မှန်ပါ့ ဘုရား)။

သူ့မှာ အိုခြင်းဆိုး နေ့တိုင်း တိုးနေတာကို နောက်က လူက မြော်က်တုန်းရှိသေးတယ်၊ အခုမှ ကြည့်ကောင်းတယ်လို့ ပြော ချင် ပြောနေတာ....(မှန်ပါ့) မပြောဘူးလား... (ပြောပါတယ် ဘုရား)။

တိုးတာက ဘာတိုးနေတာတုံး....(အိုခြင်းဆိုး တိုးနေတာပါ ဘုရား) တနေ့တခြား အိုခြင်းဆိုး မတိုးဘူးလား....(တိုးပါတယ် ဘုရား) ဒါတောင် အင်း....ကြီးမှ ကြည့်ကောင်းတယ်လို့ များ ဘေးကနေပြီး မြော်က်နေသေးတယ်....(မှန်ပါ့)။

ငယ်ငယ်တုန်းက ဒါလောက်မဟုတ်ဘူး၊ အခုကြီးမှ ကြည့် ကောင်းသလိုလို ဖြစ်နေလိုက်တဲ့ ဖြစ်စဉ်ကကြည့်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါခင်ဗျားတို့ချင်းဖြစ်နေတဲ့ ဖြစ်စဉ်ကတော့ နဂိုရိုက ဝမ်းတွင်းကန်းတွေက ပြောနေတဲ့စကားကို အမှန်ယူလို့....(မဖြစ်ပါဘူးရှာ) တော်ပါ့မလား....(မတော်ပါဘူးရှာ)။

ကဲ .... ဒါဖြင့် ခုနင်က ရဟန္တာပုဂ္ဂိုလ်က သူ့အမြင်မှန်ကို ပြောလိုက်တယ်၊ သူ့အမြင်ကဖြင့် ရုပ်အာယတနငါးပါးလဲ ဖြစ်ပျက်မြင်တာဘဲ၊ နာမ်ဆိုတဲ့ စိတ်ကိုလဲ ဘာတဲ့ .... (ဖြစ်ပျက်မြင်ပါတယ်) အဲဒါ အမြင်မှန်ဘဲတဲ့....(မှန်ပါ့) ဒါ-ရဟန္တာတို့၏ အမြင်မှန်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကဲာမတို့ အမြင်မှန်ဆိုတာ ဘာပါလိမ့်.... (ဖြစ်ပျက်မြင်ယင် အမြင်မှန်ပါဘုရား) ရုပ်ဖြစ်ပျက်မြင်ယင်လဲ.... (အမြင်မှန်ပါ) စိတ်ဖြစ်ပျက်မြင်ယင်လဲ....(အမြင်မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ ဘယ်သူတို့၏ အမြင်တဲ့ဗျာ....(ရဟန္တာတို့၏ အမြင်ပါဘုရား) ပုထုဇန်ကမေးလို့ ရဟန္တာက ဖြေတာကော ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အမြင်မှန်ရမှ တကာ တကဲာမတို့နေရာကျတယ်၊ ဒါလောက်တောင် ဖြစ်ပျက်နေတဲ့- မပိုင်မဆိုင်တဲ့ အနတ္တ ခန္ဓာကိုယ်ကြီး သူ့ဟာသူ ဖြစ်ပြီး ပျက်နေတဲ့ဥစ္စာ တားလို့ ဆီးလို့ မရတာကြီး ပါလားဆိုတော့ ဉာဏ်က အမြင်မှန်မရသေးဘူးလား.... (ရပါတယ်ဘုရား)။

အမြင်မှန်ရတဲ့ပုဂ္ဂိုလ်ဟူသ၍ဖြင့် ဒီဖြစ်ပျက် ခန္ဓာကိုယ်ကြီး မပိုင်မဆိုင်တဲ့ ခန္ဓာကိုယ်ကြီးဖြင့် နောက်ကို ဘယ်တော့မှ မရ

ပရစေနဲ့ဆိုတဲ့ဉာဏ်ဟာ ထက်မလား- မထက်ဘူးလား .... (ထက်ပါတယ်ဘုရား) မြင်ပြီးမှထက်တယ်....(မှန်ပါ့)မမြင်သေးယင်.... (မထက်ပါဘုရား)။

ဒါဖြင့် မြင်ပြီးမှ မုန်းတယ်ဆိုတာ တကာတကာမတို့ စင်စစ်တော့ မုန်းတာမဟုတ်ဘူး၊ ထက်မြက်လာတာဘဲ....(မှန်ပါ့) မြင်တာက ထက်စ၊ မုန်းတာထက်လာတာ ဇောတ်တော် ခရီးပေါက်လာတာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နောက်ကျတော့ လိုကိုမလိုချင်ဘူးက္ခ- ဒီဖြစ်ပျက်တွေကို.... (မှန်ပါ့) လိုချင်သေးရဲ့လား....(မလိုချင်ပါဘုရား) မလိုချင်တော့ တကာတကာမတွေ ရသေးရဲ့လဲ့ား....(မရပါဘုရား) မလိုချင်တာသည် အမြင်မှား၊လား၊ အမြင်မှန်လား .... (အမြင်မှန်ပါဘုရား)။

ဘာကိုမလိုချင်တာတုံး.... (ခန္ဓာငါးပါးကို မလိုချင်တာပါ) ဒီလိုမဆိုနဲ့၊ ဖြစ်ပျက်ကို မလိုချင်တာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးဆိုယင် သူ-မပျက်တဲ့အဓိပ္ပါယ်ပြောနေလိမ့်မယ် (မှန်ပါ့) ဘာကိုမလိုချင်တာပါလိမ့်.... (ဖြစ်ပျက်ကို မလိုချင်တာပါဘုရား)။

အဲဒီတော့ ဖြစ်ပျက်ဟူသ၍သည် တကာတကာမတို့ အာယတနလဲဖြစ်ပျက်၊ ဓာတ်ကော....(ဖြစ်ပျက်ပါဘုရား) သစ္စာကော (ဖြစ်ပျက်ပါဘဲဘုရား) ဒုက္ခသမုဒယတွေက ဖြစ်ပျက်ဘဲ.... (မှန်ပါ့) ခန္ဓာငါးပါးဆိုယင်ကော.... (ဖြစ်ပျက်ပါဘဲဘုရား) အဲ... ဖြစ်ပျက်ကတော့ အကုန်လုံးမိတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘာမလိုချင်တာတုံး.... (ဖြစ်ပျက် မလိုချင်တာပါ ဘုရား) အဲ....ဖြစ်ပျက်မလိုချင်တော့ ခန္ဓာဟူသ၍ ဦးဝ-ဖြစ်ပျက် ချည့်ဘဲ....(မှန်ပါ့)။

ဖြစ်ပျက်လိုချင်တဲ့ပုဂ္ဂိုလ်ဟာ ခန္ဓာရမယ် .... (မှန်ပါ့ဘုရား) အလောင်းထမ်းသမားဘဝကို ပြန်ပြီးရမယ်....(မှန်ပါ့) မရပေ ဘူးလား.... (ရပါမယ်) ကျေနပ်ကြပလား....(ကျေနပ်ပါပြီ ဘုရား)။

ဒါဖြင့် အမှန်မြင်ဆိုတာ ဘာပါလိမ့်....(ဖြစ်ပျက်မြင်တာပါ ဘုရား) အဲဒီအမှန်လဲမြင်ပါရော တကာတကာမတို့ ဘာမှ ဝဋ်ဥ ကျတ်သွားသတုံး ဆိုတော့ အလောင်းထမ်းဝဋ်မှ ကျတ်သွား ခဲ့ရဲ့....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(အလောင်းထမ်းဝဋ်မှ ကျတ်ပါတယ် ဘုရား) ဘာမြင်လို့ပါလိမ့်....(ဖြစ်ပျက်မြင်လို့ပါဘုရား)။

ဩော်....ဖြစ်ပျက်ကို အမှန်မြင်တဲ့ အချက်ဟာ ဝဋ်ကျတ်ပါ ကလား၊ အလောင်းထမ်းရတဲ့ဝဋ် ကျတ်သွားပါလား၊ ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရဟန္တာအမြင်ဟာ တယ်ကောင်းပါကလားလို့ ဆုံး ဖြတ်ချက်ချကြ....(မှန်ပါ့)။

ဒါ·ပဋ္ဌမရဟန္တာက ဖြေလိုက်ပုံကလေးဟာ တကာ တကာ မတို့ အမြင်မှန်ဆို.... ရုပ်ဘက်က ငါးခု၊ နာမ်ဘက် စိတ်တခု ပေါင်းတော့ အာယတနခြောက်ခုကို ဖြစ်ပျက်သာ မြင်လို့ရှိယင် အမြင်မှန်ပါဘဲတဲ့....(မှန်ပါ့) ဦးဘအုန်း-အလွန် အဖြေကောင်း တယ်နော်....(မှန်ပါ့) ဟုတ်ကဲ့ဟုတ်ကဲ့လား....(ဟုတ်ပါတယ် ဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ့ ဘုန်းကြီးက အမြင်မှန်ရအောင်လုပ်ပြီးမှ သေကြပါလို့ ပြောလိုက်တယ်....(မှန်ပါ့) ဘယ်လိုမျှားတောင်းပန်ပါလိမ့်....(အမြင်မှန်ရပြီးမှ သေကြပါဘုရား)။

ဘယ့်နှယ်ကြောင့် ဘုန်းကြီး ဒါလောက် စိုးရိမ်နေပါလိမ့် မတုံးဆိုတော့ ဒီလို့ကို အမြင်မှန်မရဘဲနဲ့ သေသွားယင် အမြင်မှားနဲ့ သွားရှာလေရဲ့ဆိုတော့ ဘယ်ကောင်းပါ့မတုံး၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

ဒီဌိနဲ့ သေသွားတယ် ဆိုတော့ အပါယ်လေးပါး သွားမှာစိုးလို့ ဆိုတဲ့ အဓိပ္ပါယ်ကော ခင်ဗျားတို့အပေါ်မှာ ဘုန်းကြီးစေတနာသက်ရောက်တယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုသေမယ် စိတ်ကူးကြဲသလဲ .... (အမြင်မှန်နဲ့ သေမယ် စိတ်ကူးပါတယ်) ဒါဟာ ဆုတောင်းနဲ့ ရမလား.... (မရပါဘုရား) ဘယ်လိုလုပ်ကြရမှာပါလိမ့်....(ကိုယ်တိုင် အားထုတ်ကြရမှာပါဘုရား)။

ကိုယ်တိုင် ခန္ဓာကိုယ်ကြည့်ပါ၊ စိတ်ကြည့်ချင်တဲ့ ပုဂ္ဂိုလ်က စိတ်ကြည့်ပါ၊ ရုပ်ကြည့်ချင်တဲ့ပုဂ္ဂိုလ်က ရုပ်ကြည့်ပါ....(မှန်ပါ့) ရုပ်ကြည့်ယင် ရုပ်က ဘာပြောမလဲ .... (ဖြစ်ပျက် ပြောမှာပါ) ပြောတဲ့အတိုင်း ခင်ဗျားတို့ မြင်လို့ရှိယင် ဘယ့်နှယ်ဆိုကြမလဲ.... (အမြင်မှန်ပါဘုရား)။

ဟာ....အမြင်မှန်ရလို့ရှိယင် အလောင်း အထမ်းလွှတ်ပြီ.... (မှန်ပါ့) အလောင်းထမ်းဝဋ် ကျွတ်ပြီ....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါ-ဘယ်သူ့အမြင်တဲ့.... (အရိယာပုဂ္ဂိုလ်တို့၏ အမြင်ပါ) အေး....ဒီလိုအဖြစ်မျိုးကိုဖြင့် ဒို့-ရမှ အေးကြမှာဘဲ ဆိုတာကိုဖြင့် လေးလေးနက်နက် မှတ်ရလိမ့်မယ်....(မှန်ပါ့)။

အခု ရဟန္တာကတော့ အဖြေပေးလိုက်တာရှုပ်ဘက်က ဘယ် နှစ်ခုပါလိမ့်....(ငါးခုပါဘုရား) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-ဆိုတဲ့ ရှုပ်ဘက်က ငါးခု၊ နာမ်ဘက်ကတော့ .... (စိတ် တခုပါဘုရား) ပေါင်းလိုက်တော့ ရှုပ်-နာမ်- မရဘူးလား.... (ရပါတယ်) တူတာပါဘဲ ရှုပ်နာမ်ဘဲနော်.... (မှန်ပါ့)။

သို့သော်လဲ ရှုပ်နာမ် သိရုံလောက်နဲ့ မပြီးသေးဘူး၊ ရှုပ်ကို ကြည့်လိုက်ပြန်လဲ ဘာတွေ့ရမလဲ .... (ဖြစ်ပျက် တွေ့ရပါ့မယ်) နာမ်ဘက် ကြည့်လိုက်ပြန်လဲ....(ဖြစ်ပျက် တွေ့ရပါ့မယ်) အဲ.... ဖြစ်ပျက်မြင်ယင် ဘာတဲ့.... (အမြင်မှန်ပါ့ဘုရား) အမြင်မှန် ဆိုတာ ဘယ်သူတို့၏အမြင်ပါလိမ့် .... (ရဟန္တာတို့၏ အမြင်ပါ ဘုရား)။

ဒါဖြင့် အမြင်မှန်ရလို့ သေတဲ့ပုဂ္ဂိုလ်ဟာ ဘာကျွတ်လွှတ်ပြီး သေပါလိမ့်.... (အလောင်းထမ်း ကျွတ်လွှတ်သေပါတယ်ဘုရား) ကိုင်း.... တကာတကာမတို့ အားထုတ်ထိုက်-မထုတ်ထိုက်....(ထုတ် ထိုက်ပါတယ်ဘုရား)။

ပုံရိုင်းရိုင်း ပြောကြပါစို့ .... ဆိုတော့ သုသာန်မှာ... တဲ့ အလောင်းထမ်းတွေ မရှိကြဘူးလား-(ရှိပါတယ်ဘုရား) တကာ

တကာမတွေ့က မြို့ထဲကနေပြီး ကြည့်ပါ၊ ဒီဘဝမျိုး ဖြစ်ချင်သလား၊ မဖြစ်ချင်ဘူးလား....(မဖြစ်ချင်ပါဘုရား) အလောင်းထမ်းရတော့ သြော်....စက္ကာလဆိုတာ အတော်ဘဲကုသိုလ်ဆိုးလို့ဖြစ်ရတာဘဲ၊ မတွေ့ကြပေဘူးလား....(တွေ့ပါတယ်ဘုရား)။

ကောင်းပြီ .... တခါ မသာတို့ ဘာတို့ ရောက်ပြန်တဲ့အခါကျလို့ရှိယင်လဲ ဆေးလိပ်တို့ ဘာတို့ဟာလဲ သူတို့မှာ အမြတ်ဘဲ၊ ကွမ်းကလေး လဘက်ကလေး အကြွင်းအကျန်ကလေးတွေကော-အမြတ်ပါဘုရား) မုန့်ကမ်းလို့ မုန့်ကျန်နေပြန်တော့ကော....(အမြတ်ပါဘုရား) သစ်သီးဝလံကမ်းလို့ ကျန်နေယင်ကော....(အမြတ်ပါဘုရား)။

စားတော့ သူတို့က ဘယ်လိုဟာ စားရပါသတုံးဆိုလို့ရှိယင် ဖြင့် မသာပစ္စည်းဘဲ စားကြရတယ်၊ မဟုတ်ဘူးလား .... (ဟုတ်ပါတယ်ဘုရား) ဒီလူ ရည်မှန်းလုပ်တာကိုး... (မှန်ပါ့)အဲဒီတော့ စားတော့ ဘာပစ္စည်းစားရသတုံး....(မသာပစ္စည်းစားရပါတယ်ဘုရား) ထမ်းတော့ ဘာထမ်းရသတုံး....(အလောင်းထမ်းရပါတယ်ဘုရား)။

ထမ်းတော့ မသာကိုထမ်း၊ စားတော့ မသာပစ္စည်းစား၊ အတော်ဆိုးတဲ့ကံပါကလား....(မှန်ပါ့) ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီ ထက်ကံဆိုးများ....(မရှိပါဘုရား) ဘယ်ကနေ ကြည့်တာတုံး ခင်ဗျားတို့ အမြင်က.... (မြို့ထဲကနေပြီး ကြည့်တဲ့အမြင်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ရဟန္တာဝပုဂ္ဂိုလ်ကလဲ သူက နိဗ္ဗာန်မြို့ထဲကနေကြည့်တော့ ခင်ဗျားတို့ကျုပ်တို့ကို ဘာထင်မယ်ထင်ကြသတုံး....(အလောင်းထမ်းတဲ့လူပါဘုရား) စားတော့ ဘာစားနေသတုံး .... (မသာပစ္စည်း စားနေပါတယ်) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရဟန္တာဝပုဂ္ဂိုလ်ကကြည့်တော့ ဒီလို မြင်မယ်မဟုတ်လား.... သူက နိဗ္ဗာန်မြို့ထဲကကြည့်တာကိုး....(မှန်ပါ့) ခင်ဗျားတို့ စားသောက်ပြီး ဝတ်ခြုံ ရုံနေတာတွေ့ ဘယ်က များပါလိမ့်မတုံး.... (မသာကရတဲ့ပစ္စည်းပါဘုရား)။

အံမာလေး .... ဒါဖြင့် ကျွတ်အောင် လုပ်ပါတော့ဗျာ.... (မှန်ပါ့) မတော်လောက်သေးဘူးလား....(တော်လောက်ပါပြီဘုရား)။

ဒါလောက်ဆိုလို့ရှိယင် တကာ တကာမတို့ သိပ်လဲ ကြားမနေကြနဲ့တော့ဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား) ကြားစရာများ ပါသေးသလား....(မပါ-ပါဘုရား)။

တယောက်နဲ့တယောက် ကျုပ်- ဒီအဝတ်နဲ့ လိုက်ကဲ့လားလို့ မေးမနေကြနဲ့နော်....(မှန်ပါ့) မလိုက်ဘူးသာဖြေပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

လိုက်များ လိုက်သေးသလား....(မလိုက်ပါဘုရား) မလိုက်ပါဘူး၊ မလိုက်ပါဘူး၊ သေသေချာချာ မှတ်ပါ...တဲ့၊ ကိုယ့်ဘဝကလဲ ဘာဘဝတုံး (စက္ကာလဘဝမျိုးပါ) ခင်ဗျားတို့မြို့ထဲကနေပြီး မျက်စိနဲ့ကြည့်လေဗျာ....(မှန်ပါ့)။

မြို့ထဲကနေပြီး ကြည့်တော့ ရဟိုင်း သင်းချိုင်းမှာ ရှိတာ၊ သင်းချိုင်းတော်မှာရှိတာ၊ ဆင်ဖြူကန်မှာ ရှိတာတွေ့ သွားကြည့်

လိုက်တော့ သြော်....အဖြစ်ဆိုးလိုက်တာ....တဲ့၊ ဘာဖြစ်လို့တုံး၊ မြို့ထဲက မျက်စိနဲ့ကြည့်တာကိုး....(မှန်ပါ့) ဒီမှာလဲ ရဟန္တာက နေပြီး နိဗ္ဗာန်မြို့ထဲကနေကြည့်တော့ ခင်ဗျားတို့ ဘယ်နှယ်ထင်သလဲ....(ဒီအတိုင်းဘဲထင်မှာပါဘဲဘုရား)။

အဲဒီတော့ တကာဘကာမတွေ သိပ်ဘဝင်မြင့်ချိန် ရောက်ပလား....(မရောက်သေးပါဘုရား) မရောက်သေးလို့ရှိယင် ဒီအလောင်းထမ်းဘဝကို ကျွတ်အောင်လုပ်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျွတ်အောင်လုပ်တော့ ဘယ်လို့မှ ကျွတ်မှာပါလိမ့်.... (ဖြစ်ပျက်မြင်မှ ကျွတ်မှာပါ) အမြင်မှန်မရသေးယင်....(မကျွတ်သေးပါဘုရား) အမြင်မှန်ဆိုတာ ဘာပါလိမ့်....(ဖြစ်ပျက်မြင်တာပါဘုရား) ဖြစ်ပျက်ကိုမြင်ရမယ်၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပြီး ပျက်တာဘဲရှိတယ်၊ တခြားဘာရှိသေးသတုံး....(ဘာမှမရှိပါဘုရား) အဲ....ဖြစ်ပျက်မြင်လို့ရှိယင် သူ့ကို ဘာဆိုမယ်....(အမြင်မှန်ပါဘုရား)။

အမြင်မှန်ရလို့ရှိယင် ဘာကျွတ်သွားသတုံး.... (အလောင်းထမ်းသမားဘဝမှ ကျွတ်သွားပါတယ်) အလောင်းထမ်းသမားဘဝမှလဲလွတ်၊ မသာစားမှမှလဲ မလွတ်သေးဘူးလား....(လွတ်ပါတယ်) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် သြော်....ဒုိဆရာဘုန်းကြီးသည် ဒုိကို မည်ကဲ့သို့ ကယ်တင်နေတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ကို မြို့သူမြို့သားနဲ့ ဒွန်းစက္ကားကိုလဲ နှိုင်းစာပြီး ပြောပြီးပြီ....(မှန်ပါ့) ဒါက ခင်ဗျားတို့ လက်တွေ့ပေါ့လေ....(မှန်ပါ့)။

ရဟန္တာကနေပြီး ခင်ဗျားတို့ ကျုပ်တို့ပုထုဇန်တွေကို ကြည့်လိုက်ပြန်တော့လဲ ဒီလူတွေ အလောင်းထမ်းသမားဘဝနဲ့ မသာစာတွေ စားနေတာဘဲဆိုတာ သူက သိတယ်....(မှန်ပါ့) ကျတ်ရှာပါစေ၊ လွတ်ရှာပါစေလို့ ရည်ရွယ်ချက် မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဘုရားကလဲ ဒါ့ကြောင့် သနားတယ်ဆိုတာကော .... (ထင်ရှားပါတယ်ဘုရား) စားနေရတာလဲ အသုံးမကျ၊ ထမ်းနေရတာကလဲ....(အလောင်းထမ်းနေရပါတယ်) ဒါဖြင့် သူတို့မှာ အဘိုးတန်တာကို လုပ်နေရတဲ့အချိန်ကို ပါသေးရဲလား....(မပါပါဘုရား) ကျတ်ဘို့ လွတ်ဘို့ကို မြင်သေးရဲလား....(မမြင်ပါဘုရား)။

အဲဒါကြောင့် အမြင်မှန်ရအောင်လို့ တကာတကာမတွေ တရားဟောနေတာဆိုတာကော ပေါ်ပလား....(ပေါ်ပါပြီ) အဲဒီအထဲကနေပြီး ခင်ဗျားတို့ တရားကလေး နာမယ်ကျံယင် သမီးကြောင့်, သားကြောင့်, ဆွေကြောင့်, မျိုးကြောင့်လုပ်မနေနဲ့ မြန်မြန်လုပ်၊ အမြင်မှန်ရဘို့ ကိုယ့်အရေးကိုယ်ကြီးတယ် (မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ဒါဖြင့် ပဌမရဟန္တာဖြပုံ ကျေနပ်ပလား....(ကျေနပ်ပါပြီ) သို့သော် ဒီပုထုဇန်ရဟန်းက ဒီရဟန္တာကိုယ်တော်ကြီး ဖြတာဖြင့် ခြောက်ခုကို ဖြစ်ပျက်မြင်လို့ ရှိယင် ရဟန္တာအမြင်လို့ သူဆိုတာဘဲ သူကမကျေနပ်ဘူး....(မှန်ပါ့ဘုရား)။

ဘယ်ကျေနပ်မလဲ ဦးဘတင်ရဲ့ သူက ဖြစ်ပျက်မြင်တာမဟုတ်တော့ကျေနပ်စရာကောရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတော့

အဲဒီ ပဌမ ရဟန္တာဆီက ပြန်လာခဲ့ပြီး ဒုတိယ ရဟန္တာဆီကို ပုထုဇဉ်ရဟန်းကသွားပြန်တယ်....(မှန်ပါ့ဘုရား)။

အရှင်ဘုရား၊ အရှင်ဘုရားတို့၏ အမြင်ဟာ ဘယ်လိုမြင်မှ အမြင်မှန်တုံး၊ ရဟန္တာဖြစ်တဲ့ အမြင်မှန်တုံးလို့ မေးပြန်တယ်၊ ဒီတော့ ဒုတိယရဟန္တာက....

ပဉ္စန္နံ ခန္ဓာနံ သမုဒယဉ္စ အထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ၊ တ္တောဝတာခေါ အာစုသောဘိက္ခုနော ဒဿနံသုဝိ သုဒ္ဓံဟောတိ။

ခန္ဓာငါးပါး၏ဖြစ်ပျက်ကိုမြင်လို့ ရှိယင်အမြင်မှန်ဘဲလို့ ပြောလိုက်တယ်....(မှန်ပါ့)ပဌမရဟန္တာကဖြေတာက ၆-ပါး၊ဒုတိယရဟန္တာဖြေတာက ၅-ပါးဖြစ်နေပြီ၊ ဒီတော့ပုထုဇန်ရဟန်းမှာနားရှုပ်နေပြီ....(မှန်ပါ့)။

ပဌမရဟန္တာက ဘယ်လောက်ဖြေသလဲ .... (၆-ပါး-ပါ) ဒုတိယရဟန္တာက.... (၅-ပါးပါဘုရား) ဒီတော့ သူ့မှာနားရှုပ်နေပြီ၊ သူတို့ ရဟန္တာဖြစ်ပုံခြင်း မတူဘဲတယ်ထူးတယ်ထင်နေပြီ (မှန်ပါ့) သူက သဘောမှမပါဘဲ ၆-နဲ့ ၅- ကဲ့လွဲနေတာကိုသာ သူသိနေတာ၊ ဖြစ်ပျက်မှာသွားပြီးတူနေတာတော့ သူမရိပ်မိဘူး (မှန်ပါ့ဘုရား)။

တူတာက ဘာတူနေသတုံး.... (ဖြစ်ပျက်ခြင်းတူနေပါတယ်) ၅-ဆိုတာလဲ ခန္ဓာငါးပါးတင်လား- ဖြစ်ပျက်လား.... (ဖြစ်ပျက်ပါဘုရား)ဖြစ်ပြီး ပျက်တာချည့်ဆိုတော့ ၅-ဂဏန်းပဓာနဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား) ဖြစ်ပြီးပျက်တာချည့်ဆိုတော့ ၆-ဂဏန်းကော ပဓာနဟုတ်သေးရဲ့လား .... (မဟုတ်တော့ပါဘုရား)။

ပဓာန ဘာထွက်နေသတုံး.... (ဖြစ်ပျက်မှုပဓာနထွက်နေပါ ဘုရား)အဖြစ်နဲ့ အပျက်ဆိုတဲ့ ပ-နဲ့ ၂- ချည့်ထွက်နေတယ် .... (မှန်ပါ့) ၆-လဲမထွက်ဘူး ၅- လဲမထွက်ဘူး နိဗ္ဗာန်ရောက်မည့် တရားက ၅-လဲမထွက်ဘူး၊နိဗ္ဗာန်ရောက်မည့်တရားကစင်စစ်တော့ အဖြစ်နဲ့အပျက်ဆိုဟဲ့ ၂-ဂဏန်းဘဲထွက်တယ် .... (မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား) ၂-ဆိုတာဘာတုံး၊ ဖြစ်တာ(၁) ပျက် တာက(၂)ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

သူက အဲဒီရောက်ကဲ့လား....(မရောက်ပါ) သူက ၅-၆-မှာ စောဒနာတယ်.... (မှန်ပါ့ဘုရား) သဘောတူတာကတော့ ပဌမ ရဟန္တာလဲ ဖြစ်ပျက်ဘဲ၊ ဒုတိယရဟန္တာကကော .... (ဖြစ်ပျက် ပါဘဲဘုရား)။

ဒုတိယရဟန္တာက 'ပဥ္စန္ဒ သမုဒယဥ္စ အတ္ထင်္ဂမဥ္စ'တဲ့၊ ခန္ဓာ ငါးပါးတို့၏ ဖြစ်တာနဲ့ ပျက်တာကိုသိဘို့အရေးကြီးတယ်၊ အဲဒီ အမြင်ဟာ အမြင်မှန်ဘဲ၊ ဒါဟာ နိဗ္ဗာန်ရမည့် အမြင်ဘဲတဲ့ .... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာတကာမတို့ကလဲ ခန္ဓာငါးပါး- တပါးပါးဖြစ်ပျက် မြင်ယင် ဘာမြင်ပါလိမ့်....(အမြင်မှန်ပါ့ဘုရား) ဘယ်ကိုရောက် မည့်အမြင်လဲ.... (နိဗ္ဗာန်ရောက်မည့် အမြင်ပါဘုရား) ဘာဝင့် ကျတ်မည့်အမြင်လဲ .... (အလောင်းထမ်းသမားဝင့် ကျာက်မည့် အမြင်ပါဘုရား) မှတ်ထားပါ-မှတ်ထားပါ၊ နိဗ္ဗာန်ရောက်မည့် အမြင်မှ အလောင်းထမ်းဝတ်ကျင့်တယ်ဆိုတာ သဘောကျပ လား....(ကျပါပြီဘုရား) ကျေနပ်ပလား....(ကျေနပ်ပါပြီ)။

သို့သော် ပုထုဇန်ဆိုတာမျိုးက လျှာရှည်တတ်တယ်ဆိုတာ

တကာတကာမတွေ့ သဘောကျပလား....(ကျပါပြီဘုရား) ပဌမ ရဟန္တာက ဘယ်နှစ်ပါးတဲ့တုံး.....(ခြောက်ပါးပါဘုရား) ဒုတိယ ရဟန္တာက.... (ငါးပါးပါဘုရား) ငါးပါးထဲက တပါးပါးဖြစ် ပျက်မြင်လို့ရှိယင်ဖြင့် ဒါဟာရဟန္တာအမြင်ပါဘဲတဲ့.... (မှန်ပါ့) ဒီတော့ ပဌမရဟန္တာအဖြန့် ဒုတိယရဟန္တာ အဖြအား‌လုံးဘဲ စဉ်းစားကြည့်ပါတထပ်တည်း မနေဘူးလား .... (နေပါတယ် ဘုရား)ဘာကိုဆုံးဖြတ်ချက်ချသလဲ....(ဖြစ်ပျက်ပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ကို နေ့တိုင်း နေ့တိုင်း ဟောနေ တာဗျ၊ ဘာရှုရှုဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ် .... (မှန်ပါ့) ဘာရှုရှု ရုပ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ ရုပ်ချည့်မြင်နေဘို့မလိုဘူး (မှန်ပါ့) ဘာလိုသတုံး.... (ဖြစ်ပျက်ကိုမြင်ဘို့လိုပါတယ်) စိတ်ရှုတဲ့ပုဂ္ဂိုလ် ကလဲ စိတ်ချည့်မြင်နေဘို့မလိုပါဘူး၊ စိတ်ကလေး၏ ဖြစ်ပျက် သွားတာကလေးကို မြင်ဘို့ဘဲလိုပါတယ်.... (မှန်ပါ့) တခြား ဘာလိုသေးသတုံး.....(ဘာမှမလိုပါဘုရား) ရှင်းပလား.... (ရှင်း ပါပြီဘုရား)။

သို့သော် ပုထုဇန်ရဟန်းကတော့ ကျေနပ်ကဲ့လား....(မကျေ နပ်ပါဘုရား) ပဌမရဟန္တာက ဘယ်နှစ်ပါး ဖြစ်ပျက်တဲ့တုံး .... (ခြောက်ပါးဖြစ်ပျက်ပါ) ဒုတိယရဟန္တာက....(ငါးပါးဖြစ်ပျက် ပါဘုရား) ပုထုဇန်ရဟန်းကတော့ ဦးဝရေ ဗျာများနေတယ် ... (မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ပုထုဇန်ရဟန်းက ၆-၅-ကိုလိုက်နေတယ်၊ သဘောတူနှစ်ခုကို မတွေးမိဘူး.... (မှန်ပါ့) အရင်ရဟန္တာက ပြောတာဘာတုံး... (၆-ပါဘုရား) ၆-ပေမဲ့ နိဂုံးချုပ်လိုက်တော့

(ဖြစ်ပျက်ပါဘုရား) နောက်ပုဂ္ဂိုလ်ကလဲ ၅- သာပြောတာ စင်စစ်တော့.... (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ဘဲ၊ ဖြစ်ပြီးပျက်တာကိုမြင်ဘို့အရေးကြီးပါတယ်၊ဒါကရဟန္တာအမြင်ဘဲ၊ရဟန္တာဖြစ်မည့်အမြင်ဘဲတဲ့... (မှန်ပါ့)။

ဒီတော့ တကာတကာမတွေက ရဟန္တာအရှင်မြတ်တွေ ဖြေတာကတော့ တကြောင်းတည်း မဂ္ဂင် ရှစ် ပါး နဲ့ သွား တော့ တလမ်းတည်း နိဗ္ဗာန်ရောက်ကြတာဘဲ၊ ပုထုဇန်ရဟန်းမှာတော့ ၆-၅-ရှုပ်နေတယ် .... (မှန်ပါ့) မရှုပ်ဘူးလား .... (ရှုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဩဝ်- ဘယ်နေရာကဖြင့် ဘယ်ကမ္မဋ္ဌာန်းပေးနေတယ် မတူကြဘူးနော်လို့ ခင်ဗျားတို့လဲ ခုနင်က ရဟန်းလိုမထင်ကြနဲ့....(မှန်ပါ့) နောက်ဆုံးပိတ်ကျတော့ ဖြစ်ပျက်တွေလို့ ရှိယင် ဘယ်ဟာဖြစ်ဖြစ် အတူတူဘဲ .... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက်ဆုံးပိတ် ဘာတွေ့ရမှာတုံး.... (ဖြစ်ပျက်တွေ့ရမှာပါဘုရား) ဖြစ်ပျက်တွေ့ရမှာဖြင့် ဖြစ်ပျက်ကိုတွေ့အောင်ရှာနိုင်တဲ့ ကမ္မဋ္ဌာန်းတိုက်မှန်လို့ ရှိယင် ဒါဟာ တသောဘဝဉာဉ်းသာမှတ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်ကို တွေ့အောင်ရှာနိုင်၊ ပြောနိုင်တဲ့ဆရာ၊ခင်ဗျားတို့ကလဲ ဖြစ်ပျက်ကို တွေ့အောင်ရှာနိုင်တဲ့ တပည့်ဖြစ်ကြပါမူကား ဒါဟာ တရားတမျိုးတည်းဘဲမှတ်....(မှန်ပါ့)သဘောပါပလား (ပါ၊ပါပြီဘုရား)။

သို့သော် ဒီကတမျိုး၊ ဒီကတမျိုးလို့ ခင် ဗျား တို့ ထင် ပြီး သကာလနေယင် ဒီပုထုဇန်ရဟန်းလို့ဖြစ်နေမယ်....(မှန်ပါ့) ရိပ် မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးဇ ရင် ပုထုဇန်ရဟန်းက ဘာကိုမရိပ်မိတာတုံး .... (ဖြစ် ပျက်ကိုမရိပ်မိတာပါ) ဒါနဲ့ သူ့ စိတ်ထဲမှာမှကျေနပ်ဘူး တကာ တကာမတို့၊ တတိယ ရဟန္တာပုဂ္ဂိုလ်ထံသွားပြန်တယ်၊ တတိယ ရဟန္တာဆီရောက်တော့ 'အရှင်ဘုရား- အရှင်ဘုရားတို့ အမြင်မှန် ရပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုတယ်ဆိုတာ ဘယ်လိုမြင်မှတုံးလို့ မေးပြန်တယ်၊ တတိယရဟန္တာက....

စတုန္နံ မဟာဘူတာနံ သမုဒယဉ္စ
အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ။

မဟာဘူတ် လေး ပါး ဆို တဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့၏ ဖြစ်ပျက်ကိုမြင်ယင် ပြီးတာပါဘဲလို့ ဖြေတယ်.... (မှန်ပါ့) ဒီပုဂ္ဂိုလ်ဖြေတာက ပိုပြီးသဒ္ဓါနည်းတယ်၊လေးပါးကို မြင်ရမှာကိုး....(မှန်ပါ့) ပုတုဇန်ရဟန်းမှာတော့ မျက်စိလည် ဂွကျကုန်ပြီပေါ့ တကာတကာမတို့ သူဂဏန်းအရေအတွက်ချည့် တွက်ကြည့်နေတာ....(မှန်ပါ့) နိဗ္ဗာန်ရောက်ဘို့က ဂဏန်းပဓာန ထားပြီး တွက်နေရတာမဟုတ်ဘူး၊ ဘယ့်နှယ်သဒ္ဓါဆရာ နိဗ္ဗာန် ရှာနေတယ်လို့ ပြောဘဲမပြောတတ်တော့ဘူး....(မှန်ပါ့)။

တကာတကာမတို့ နိဗ္ဗာန်ရောက်နေတဲ့ ဥစ္စာက ဒီပုဂ္ဂိုလ်က ဖြေလိုက်ပုံကြည့်စမ်းပါ ဓာတ်လေးပါးရှိတယ်၊ အဲဒါ ဖြစ်ပျက် မြင်ဘို့အရေးကြီးတယ်....(မှန်ပါ့) ဘာဟောပြန်သတုံး.... (ဖြစ်

ပျက်မြင်ဘို့ဟောပါတယ်) ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ် ဆိုတော့ ခုနင်ကရဟန္တာနှစ်ပါးနဲ့ မစပ်မိဘူးလား .... (စပ်မိပါတယ်ဘုရား)။

သို့သော် ပုထုဇန်က ဖြစ်ပျက်ပခနမထားမိဘဲနဲ့ ၄-ဂဏန်းကို ပခနထားပြီးကြည့်နေတော့ ဂွကျသွားတယ် .... (မှန်ပါ့) သခ်ၤါကိုအဓိကထားနေလို့ သူ့မှာဖြင့် အတော်ခက်သွားပြီး.... (ခက်သွားပါတယ်ဘုရား)။

ကိုင်း .... တကာတကာမတို့ ခင်ဗျားတို့လဲ ဆရာသမားကိုးကွယ်ဆည်းကပ် နေရတာလဲကြာပြီတရားနာနေရတာကြာတော့ တန္ခေသော်လဲ ဘာဟောဟော ဖြစ်ပျက်မြင်ဘို့သာ အရေးကြီးတယ်ဆိုတာ ကြားနေရတော့ ဖြစ်ပျက်ဘဲအဓိကထားကြပါ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ပုထုဇန်ရဟန်းကဒီတတိယကိုယ်တော်ဖြေတာကသာပြီးနည်းသေးတယ်လို့ တွေးပြီ....(မှန်ပါ့) ဒါနဲ့ ကျေနပ်မှုမရှိဘဲနဲ့ စတုတ္ထရဟန္တာတပါးဆီကို သွားပြန်တယ်။

သူဟာ ကျေကျေနပ်နပ်နဲ့ သွားတာလား- မကျေနပ်ဘဲနဲ့ သွားတာလား.... (မကျေနပ်ဘဲနဲ့သွားတာပါ) သူသဘောကို မပါဘူး....(မှန်ပါ့ဘုရား)။

ဘယ်လိုမပါတာပါလိမ့်....(သဘောမပါတာပါ)ဖြစ်ပျက်ကို သူ့စိတ်ထဲမှာ နားထဲကိုမရောက်လာဘူး .... (မှန်ပါ့) နားထဲရောက်တာက ၆-ပါးရယ်၊ ၅-ပါးရယ်၊ ၄-ပါးရယ်ဒါဘဲရောက်တယ်၊ ဖြစ်ပျက်တသဘောတည်းဆိုတာတော့ ရောက်ကဲ့လား.... (မရောက်ပါဘုရား) အဲဒီမှာ ရှုပ်နေတာ....(မှန်ပါ့)။

တကာတကာမတွေ ရှုပ်နေကြတာကော .... (ဒီမှာဘဲရှုပ်နေကြတာပါဘဲ) ဟိုကမ္မဋ္ဌာန်းတိုက် ကတော့ မကောင်းပါဘူး၊ သူတို့ရှုတာတွေ၊ ဒီကမ္မဋ္ဌာန်းတိုက်ကတော့ တမျိုးအစရှိသည်နဲ့ တကာတကာမတို့ ဝေဘန်ပြောဆိုလေ.ရှိကြပါတယ်.... (မှန်ပါ့ဘုရား)။

နောက်ဆုံးပိတ်ကျတော့ တကာတကာမတို့ ဖြစ်ပျက်ကိုတွေ့အောင်ရှာနိုင်တဲ့ ကမ္မဋ္ဌာန်းတိုက် ဖြစ်ခဲ့လို့.ရှိယင် အဲဒါအမှန်ချည့်ဘဲ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ဖြစ်ပျက်မပါခဲသးယင်တော့ လိုရင်းမဲ့ရောက်သေးဘူး၊ ပဓာနစခန်းဆီမရောက်ဘဲ မှားနေသေးတယ်လို့ ဆိုရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မပါသေးယင်တော့.... (မှားနေသေးတယ်လို့ ဆုံးဖြတ်ရပါ့မယ်) သမထနဲ့ စခန်းကုန်နေတတ်တယ်၊ ဝိပဿနာဆီကို မရောက်ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ပုထုဇဉ်ရဟန်းက စတုတ္ထရဟန္တာမထေရ်ထံသွားပြီးမေးတာဘဲ၊ တကာတကာမတို့ ဒီတခါမေးယင် ဘယ်နှစ်ပါးရှိသွားပလဲ....(လေးပါးရှိသွားပါပြီဘုရား)။

အရှင်ဘုရား....ရဟန္တာတို့၏အမြင်ကို ပြောစမ်းပါ၊ ဘယ်က စ, ရဟန္တာတို့၏အမြင် ဖြစ်ရမှာတုံး၊ သူ-အမေးက ဒီလို ဆိုလို ရင်းဘဲ....(မှန်ပါ့)။

ယံကိဉ္စိ သမုဒယ ဓမ္မ သဗ္ဗန္တံ နိရောဓ ဓမ္မ။

ဖြစ်တာနဲ့ ပျက်တာမြင်ယင် ပြီးတာပါဘဲလို့ ဖြေတယ်၊ အမည်သခ်ၤာတွေတပ်ပြီးတော့ မဟောလိုက်တော့ဘူး၊ ဒီတော့

ပုထုဇဉ်ရဟန်းအဘို့ ပိုပြီးဆိုးသွားတယ်.... (မှန်ပါ့) မဆိုးဘူးလား....(ဆိုးသွားပါတယ်ဘုရား)။

ဘာမြင်မှတဲ့တုံး .... (ဖြစ်တာနဲ့ပျက်တာကို မြင်မှပါဘုရား) အဲ....ဖြစ်တာနဲ့ ပျက်တာကိုမြင်ယင် ပြီးတာဘဲ....တဲ့၊ ယံကိုဋ္ဌိသမုဒယ ဓမ္မ၊ သဗ္ဗန္တံ နိရောဓ ဓမ္မ၊ ဒါဘဲ စတုတ္ထမထေရ်ကဟောတယ်၊ ဖြစ်တာနဲ့ပျက်တာမြင်ယင် ရဟန္တာအမြင်ပါဘဲတဲ့-(မှန်ပါ့) ဘာမြင်မှတဲ့တုံး....(ဖြစ်တာနဲ့ ပျက်တာကို မြင်မှပါဘုရား)။

သာပြီး သဘောမကျဘဲ ဖြစ်သွားမှာပေါ့၊ ပုထုဇဉ် ရဟန်းအဘို့တော့ ခုနင်္ကမှ ၄-တို့ ၅-တို့ ၆-တို့ဆိုတော့ တော်သေးရဲ့အခု ၂-ဆိုတော့ သာပြီး ဂွကျသွားတာပေါ့....(မှန်ပါ့)။

တကာတကာမတို့ သဘောကတော့ အတူတူဘာ မနေဘူးလား....(အတူတူပါဘဲဘုရား) နောက်ဆုံးပိတ်ကိုယ်တော်နဲ့ အစအဆုံးဖြတဲ့ကိုယ်တော်လဲ ဘယ့်နှယ်နေကြသတုံး .... (အတူတူပါဘဲဘုရား)။

ဘာကိုချည့် ပဓာနထားပြီးလာကြသတုံး .... (ဖြစ်ပျက်ချည့်ဟောပါတယ်) ဖြစ်ပျက်ချည့်ပဓာနထားပြီး ဟောငြားသော်လဲ ပုထုဇဉ်ရဟန်းက သခ်ၤခါအရေအတွက်ကိုသာ လိုက်နေတော့ ၆-ရယ်၊ ၅-ရယ်၊ ၄-ရယ်၊ ၂-ရယ်ဆိုလို့ရှိယင် ရဟန္တာဖြစ်ပုံအမျိုးမျိုးကိုးလို့ အောက်မေ့နေမယ်၊ ဂွကျကုန်တာပေါ့ဗျ.... (မှန်ပါ့)။

ရဟန္တာဖြစ်ပုံက အမျိုးမျိုးလား....(မဟုတ်ပါဘုရား)တကာတကာမတွေ့ အခုနားလည်ကျတော့ အမျိုးမျိုးဟုတ်ကဲ့လား....

(မဟုတ်ပါဘုရား) သို့သော်-ပုထုဇန်ရဟန်းမှာတော့ ဘယ်နှယ် ဖြစ်နေသလဲ....(အမျိုးမျိုးဖြစ်နေပါတယ်) ဘယ်သူလဲနေတာ တုံး....(ပုထုဇန်ရဟန်း လဲနေတာပါဘုရား)။

အဲ....ခင်ဗျားတို့လဲ အဲဒီပုထုဇန်ရဟန်းလို ဖြစ်မနေကြစေနဲ့.... (မှန်ပါ့) ဘာရှု-ရှု ဘာကို တွေ့အောင်ရှုရမလဲ....(ဖြစ်ပျက်တွေ့ အောင် ရှုရပါ့မယ်ဘုရား)။

ရုပ်ရှုလဲ ဖြစ်ပျက်တွေ့ယင် ဘုန်းကြီးတို့ တကာ တကာမတွေ့ အမြင်မှန်ရတာဘဲ....(မှန်ပါ့) နာမ်ရှုယင်လဲ....(ဖြစ်ပျက်တွေ့ယင် အမြင်မှန်ရပါတယ်) ဖြစ်ပျက်တွေ့ယင် အမြင်မှန်ရတာဘဲဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်မှန်ရပါမှ မဂ္ဂင်ဖြစ်မယ်....(မှန်ပါ့) မဂ္ဂင် ဖြစ်မှ မင်္ဂသည် ကိလေသာကို ဖြတ်တယ်ဆိုတော့ တဏှာ, ဥပါ ဒါန်, ကံတွေ့ မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ဒီဘက် ဇာတိ, ဇရာ, မရဏတွေ့ လာနိုင်သေးရဲ့လား.... (မလာနိုင်ပါ ဘုရား)။

ဒါဖြင့် တကာတကာမတို့ အမြင်မှန်ရယင် သံသရာပြတ်၏.... (မှန်ပါ့) အမြင်မှန်မရသေးယင် .... (သံသရာမပြတ်ပါဘုရား) အလောင်းထမ်းသမားဘဝဆိုပါဗျာ၊ သံသရာဆိုတော့ ခင်ဗျား တို့က ရိုးနေလို့ တယ်ပြီး နာမှာ မဟုတ်ဘူး....(မှန်ပါ့) ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)။

အမြင်မှန်မရယင် ဘာတုံး....(အလောင်းထမ်းသမားဘဝက မလွတ်ပါဘုရား) အမြင်မှန်ရယင်တော့ဖြင့် .... (လွတ်ပါတယ် ဘုရား) အဲ....အလောင်းထမ်းသမားဘဝမှ ကျွတ်လွတ်သွားပြီ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ ဒီကိုယ်တော်က သူ့မှာတော့ ဘာမှမဖြစ်သေးဘူး၊ ရဟန္တာမြတ်တွေက အဖြေတွေပေးနေတာတော့ ဦးဝတို့ ဦးဘအုန်းတို့ အမှန်တွေချည့်ပေးနေတယ်....(မှန်ပါ့) သူက ဘာဖြစ်သွားသတုံး....(ဘာမှမဖြစ်သေးပါဘုရား)။

ဒါနဲ့ သူက တွေးတယ်၊ ရဟန္တာလေးပါးကို ဆက်လက်ပြီး သကာလ မေးငြားသော်လဲ တပါးနဲ့တပါးဟာ အမြင်မှန် မတူကြဘူး....(မှန်ပါ့)။

အင်း....ခက်လိုက်တာ သူ့မှာ ဘာကွာနေသတုံး....၊ ၅-တို့ ၆-တို့ ၄-တို့ ကွာနေတာပေါ့....(မှန်ပါ့) ဒီနည်း ဘယ်က ရသတုံးလို့ ဆိုယင် ဘုရားဆီကရတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်သူ့ဆီက ရသတုံး .... (ဘုရားဆီက ရပါတယ်) ဘာရသတုံး ဘုရားဆီက....(ဖြစ်ပျက်ကြည့်တဲ့နည်း ပါဘုရား)။

အဲ .... ဘုရားပဋ္ဌေတော်မှုလာမှ ခင်ဗျားတို့ ကျုပ်တို့က ဖြစ်ပျက်ကို တွေ့ရတာ....(မှန်ပါ့) ဘုရားမပဋ္ဌေလို့ရှိယင် .... (မတွေ့ရပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အခုဖြစ်ပျက်တွေ့ရတယ်ဆိုတာ ဘုရားသာသနာနဲ့ကုံ၊ ဆရာကောင်း သမားကောင်းနဲ့ကုံလို့ တွေ့ရတာ....(မှန်ပါ့)။

ဒါနဲ့ ပုထုဇဉ်ရဟန်းကလဲ ဘုရားဆီကို သွားပြန်တာကိုး....(မှန်ပါ့) ကျေနပ်လို့ သွားတာလား၊ မကျေနပ်လို့ သွားတာလား....(မကျေနပ်လို့သွားတာပါဘုရား) မကျေနပ်လို့ ပြေးတော့ ဘုရားက သူ့ဖြစ်အင်ကို မြင်ပြီးသားလို့ မှတ်ကြပါ....(မှန်ပါ့)။

အဲဒီတော့ ဘုရားက ဥပမာ-ဥပမေယျနဲ့ ရှင်းပြပါလိမ့်မယ်-(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့လဲ ပုထုဇန်အရှုးဘဝမှ လွတ်ကြပလား.... (မလွတ်သေးပါဘုရား) လွတ်အောင် လုပ်ကြရမယ်....(မှန်ပါ့) ဖြစ်ပျက်တွေ့နေလို့ ရှိယင်ဖြင့် လွတ်ပါလိမ့်မယ်....(မှန်ပါ့) ဖြစ်ပျက် မတွေ့သေးယင်တော့.... (မလွတ်သေးပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော

အနတ္တက အနတ္တကို အားကိုးနေကြပုံ

နွေအလုပ်ပေးတရားတော်

(၇-၃-၅၉)

ကိုယ့်ကိုယ်ကြီးကို အားကိုးရမလားလို့မေးလို့ရှိယင် သူကလဲ ရုပ်နာမ်အနတ္တဖြစ်နေလို့ အားကိုးဘို့ရာ အချိန် မရပါဘူး.... (မှန်ပါ့)။

အားကိုးရအောင်လို့ ရှာထားတဲ့ပစ္စည်းတွေကလဲ ရန်သူမျိုး ငါးပါးနဲ့ တွဲနိုင်တာတကြောင်း၊ အနတ္တပစ္စည်းတွေ ဖြစ်တာ တကြောင်းဖြစ်လာသောကြောင့် အားကိုးရာဟာ တကယ်တွက် လဲလေ မရှိလေလေဘဲဆိုတာ သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ခဲလေသမျှ သဲရေကျဖြစ်ရမှာဘဲ (မှန်ပါ့) တချို့ကြည့်ပါလား၊ လူက အနတ္တအဖြစ်သို့ ရောက် သွားတယ် ပစ္စည်းက ကျန်ရစ်နေတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီပုဂ္ဂိုလ်နဂိုရင်တုန်းက ဘယ်လိုပါလိမ့်မလဲလို့ ဦးဝတို့ အမေးထုတ်လို့ ရှိယင်ဖြင့် သူက အားကိုးမလို့ ပစ္စည်းတွေ ရှာနေတာ၊ ရုပ်နာမ်က ပစ္စည်းအပေါ်မှာ အားကိုးမလို့ ရှာနေတာ....(မှန်ပါ့) မရှာကြဘူးလား....(ရှာပါတယ်ဘုရား)။

ရှာကြတဲ့အခါကျတော့ ရုပ်နာမ်က ပြုတ်ထွက်သွားတယ် အနတ္တာမို့....(မှန်ပါ့) အားကိုးလိုက်ရသေးရဲ့လား.... (မှန်ပါ့) အားကိုးလိုက်ရသေးရဲ့လား....(မကိုးရပါဘုရား) လူက စွန့်သွားတယ်ဆိုရတာပေါ့ဗျာ....(မှန်ပါ့)။

တခါတလေကျတော့လဲ ရုပ်နာမ်ကတော့ဖြင့် ဆက်လက်ပြီးသကာလ ရုပ်ခါတ်,နာမ်ခါတ်တွေက နေရစ်ခဲ့ပါသေးရဲ့လား၊ အားကိုးရာတရားတွေက ရန်သူမျိုးနဲ့ ဆက်ဆံပြီးသကာလ ပျက်စီးသွားတဲ့အခါကော တချို့သော ပုဂ္ဂိုလ်မှာ မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် သူနဂိုရင်တုန်းက ရည်ရွယ်ချက် ကိုက်ကဲ့လား.... (မကိုက်ပါဘုရား) အားကိုးရာ ရှာထားတာလဲ အားကိုရာအဖြစ်သို့ရောက်ပါသလား၊ အနတ္တာအဖြစ်သို့ ကျရောက်သွားသလားလို့ မေးကြည့်ပါလား.... (အနတ္တာအဖြစ်သို့ ကျရောက်သွားတယ်ဆိုတာ တကာတကာမတွေ သိကြပါတယ်....(မှန်ပါ့ဘုရား)။

သြော်....ဒါဖြင့် ဒို့သည်ကား....လို့ဆိုယင် ဒို့လုပ်နေတဲ့ ဒို့ရည်ရွယ်ချက်သည်ကားလို့ ဆိုယင်ဖြင့် အားကိုးရာ ရှာနေတယ်ဆိုပြီး နေ့တိုင်း ရောင်းကြ, ဝယ်ကြ, ပြောကြ, ဆိုကြ, သွားကြ,လာကြ ကိုယ့်အလုပ်တွေ လုပ်ကြပေါ့ဗျာ....(မှန်ပါ့)

လောကီအလုပ်တွေ့ မလုပ်ကြဘူးလား.... (လုပ်ပါတယ်ဘုရား) အဲဒီတော့ အာဒီနဝကို ရှုပါလား.... (ရှုပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ရည်ရွယ်ချက်ပန်းတိုင်တော့ဖြင့် ရောက်ကြမယ်မဟုတ်ပါဘူး.... (မရောက်ပါဘုရား) ရောက်ပါ့မလား....(မရောက်ပါဘုရား)။

ရည်ရွယ်ချက်ပန်းတိုင်တော့ဖြင့် တကာတကာမတွေ့ ဘယ်နည်းနဲ့မှ မရောက်ဘူး၊ ဥပမာ ပြောကြပါစို့ ဆိုတော့ ဒါကယခု တကာဘကာမတွေ့ ထိုင်နေတဲ့ခန္ဓာကိုယ်ပေါ့ဗျာ၊ ဒီဘက်ကတော့ ရှေ့ဆွဲကျောက်သံပတ္တမြား အိမ်ယာတိုက်တာပေါ့ဗျာ (မှန်ပါ့)။

ဒီကလဲ့ အနတ္တတရား ဖြစ်သောကြောင့် ကိုယ့်ကိုယ်ကိုယ် မပိုင်လို့ သူကလဲ့ ဖေါက်ပြန်ပျက်စီးနေတာဘဲ့....(မှန်ပါ့ဘုရား) သူက အာဒီနဝတရား၊ ဒါက အာဒီနဝရာအဖြစ်နဲ့ ရှာထားတဲ့ပစ္စည်းတွေ့....(မှန်ပါ့) သူကလဲ့ ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်သောသူဆိုတဲ့ ရန်သူမျိုး ငါးပါးတွေ့နဲ့ ဆက်ဆံသောကြောင့် သူကလဲ့ ပျက်စီးဆုံးပါးနိုင်တဲ့ အနတ္တတရားဘဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီအနတ္တက ဒီအနတ္တကို အာဒီနဝတယ်.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီတော့ အနတ္တဆိုကတည်းက သူ့ဟာသူမှ မပိုင်တဲ့တရားက သူက ဟိုကို အာဒီနဝချင်တယ်ဆိုလို့ရှိယင် ဖြစ်ပါ့မလား.... (မဖြစ်ပါဘုရား)။

ဒီတရားတွေကလဲ ရန်သူငါးတန်ဆက်ဆံပြီးသကာလနေသော ကြောင့် ဒီအာနတ္တတရားတွေကလဲ ဒီကို ကယ်ပါ့မယ်-ယူပါ့မယ် လို့ တာဝန်ခံရဲလား....(မခံပါဘုရား)။

ဒါဖြင့် တကာတကာမတွေ နေ့တိုင်းလုပ်နေတဲ့ အလုပ်ဟာ ခန္ဓာဘက်က မေးကြည့်တော့လဲ အနတ္တာ၊ နေရာမကျဘူး.... (မှန်ပါ့)။

ရတဲ့ပစ္စည်းဘက် ကြည့်လိုက်ပြန်တော့လဲ ရေ,မီး,မင်း,ခိုးသူ, မချစ်မနှစ်သက်သောသူနဲ့ ဆက်ဆံနေသောကြောင့် သူကလဲ အာဃာတရမရပါဘူး၊ ရကြရဲလား....(မရပါဘုရား)။

ဒါဖြင့် အနတ္တက အနတ္တကို အာဃာတနေတယ်လို့ ဦးဘအုန်း တို့ ဆိုယင်ကော....(မလဲပါဘုရား) ဦးဇင်္ဂရင်တို့ ဘယ်လိုဆိုကြ ပါ့မလဲ.... (အနတ္တက အနတ္တကို အာဃာတနေပါတယ်ဘုရား)။

အနတ္တက အနတ္တကို အာဃာတနေတယ်ဆိုတော့ သစ်ပင် နှစ် ပွင်ဟာ တပင်က လဲလှဲနေတယ်၊ တပင်ကလဲ သွားပြီး မှီတယ် ဆိုယင်ဖြင့် မြန်မြန်လဲဘို့ပါဘဲ....(မှန်ပါ့)။

ယိုင်နေတဲ့အပင်ကို တပင်က သွားပြီးမှီယင် ဘယ်နှယ်ပါလဲ (မြန်မြန်လဲဘို့ပါဘုရား) ဘာဖြစ်လို့တုံး၊ ဟိုကလဲ မခိုင်၊ ဒီကလဲ မခိုင်၊ မခိုင်တာချင်းသည်းကား....လို့ ဆိုယင် ဆက်သွယ်လို့ ရရဲ့ လား....(မရပါဘုရား) နှစ်ခုစလုံး ပြိုဘို့ ပျက်ဘို့ဆိုတာကော ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ်ဟာလဲ လဲလိုက်၊ ပြိုလိုက်၊ ယိုင်လိုက်၊ နဲ့လိုက်ဆိုတဲ့ အနတ္တတရား....(မှန်ပါ့) ရှာ

ထား‌တဲ့ပစ္စည်းကကော .... (လဲတတ် ပြုတတ်တဲ့ အနတ္တတရားပါဘုရား) သူက သူ့ကိုမြဲယင် ပြုမှာဘဲ....(မှန်ပါ့) သူက သူ့ကိုမြဲယင်ကော....(ပြုမှာပါဘုရား)။

ဒါဖြင့် နေ့တိုင်း တကာတကာမတွေ့ လုပ်ကိုင်ပြီးသကာလ ခန္ဓာ က အား ကိုး ခံ လိမ့် မယ် ထင် ပြီး ရှာ လိုက်၊ ပစ္စည်း က အား‌ကိုး‌ခံလိမ့်မယ်ဆိုပြီး ရှာလိုက်နဲ့ နေခဲ့ရတာ ဘဝပေါင်း များစွာ ကြာခဲ့ကြပါပြီ....တဲ့၊ ဒီလို အပြုံ- အလဲ- အပျက်နဲ့ဘဲ အချိန်ကုန်လာခဲ့ကြတယ်....(မှန်ပါ့)။

ဘဝပေါင်းများစွာက ဘာနဲ့ အချိန်ကုန်ခဲ့ကြသလဲ....(အပြုံ အလဲနဲ့ အချိန်ကုန်ခဲ့ကြပါတယ်ဘုရား) ပြုံတယ်၊ လဲတယ်၊ ပျက်တယ်၊ ဒါနဲ့ဘဲ အချိန်ကုန်လာတာဘဲ....(မှန်ပါ့)။

အခုလဲ ဒီအလုပ်ကို ထပ်လုပ်ပြန်တယ်၊ ဘယ့်နှယ်- ဝါသနာ အထုံကြီးလှခေျကလားလို့ မေးဘို့မလိုဘူးလား....(လိုပါတယ် ဘုရား)။

နောက်တုန်းကလဲ ဒီအတိုင်းဘဲ တခုအား‌ကိုးယင် တခုပျက်၊ တဖက်က အား‌ကိုး‌ခံမလား‌လို့ ရှာလိုက် ဖေ့လိုက်တယ်၊ တဖက်က ပျက်တာဘဲ၊ နောက်ဆုံးပိတ်တနေ့ကျတော့ ဘယ်သူ့ကို ဘယ်သူမှ အား‌ကိုး‌လို့ မရတော့ဘူးဆိုတာကတော့ အထင်အရှား ပေါ့ဗျာ....(မှန်ပါ့) မထင်ရှားဘူးလား .... (ထင်ရှားပါတယ် ဘုရား)။

အခုဘာလုပ်နေကြသတုံးဆိုတော့ အရင်ဟာ အား‌ကိုးပျက်လို့၊ အဲဒီအပျက်မျိုးကို အား‌ကိုးရှာနေတယ်လို့ အဖြေထွက်

ရုံဘဲရှိတယ်....(မှန်လှပါ) ဒီ.ပြင် ဘာထွက်စရာရှိသေးသတုံး.... (မှရှိပါဘုရား) ဦးဇံရင်တို့ သဘောပါရဲ့လား....(ပါ-ပါတယ် ဘုရား)။

ဦးဘတင်- သဘောပါရဲ့မဟုတ်လား....(ပါ-ပါတယ်ဘုရား) ခန္ဓာကလဲ အနတ္တမဟုတ်လား....(မှန်ပါ့) ရှာထားတဲ့ပစ္စည်းက ကော....(အနတ္တပါဘုရား) ဩော်....ဒါဖြင့် အနတ္တ အားကိုး မခံနိုင်တာချင်း အတူတူအားကိုးနေတယ်ဆိုယင် လဲသလား.... (မလဲပါဘုရား)။

အဲဒါကို ခင်ဗျားတို့က အားကိုးရတယ်လို့ ထင်ပြီးသကာလ မပျောက်စေနဲ့၊ မပျက်စေနဲ့၊ ဒါဘဲ ဒုိမှာ အထုပ်အထည်ကလေး ရှိသဟ....ဘာများ သူအားကိုးနိုင်သတုံး၊ ယိုင်တဲ့အပင်ကို လဲမည့် အပင်က သူ့းပြီးမှပြန်ပြီ....(မှန်ပါ့)။

ယိုင်နေတဲ့အပင်ကို လဲမည့်အပင်က သူ့းမှတော့ ဘယ့်နှယ် နေပါ့မလဲ....(ပြိုလဲမှာပါ) အကုန်ပြိုပျက်သူ့းလိမ့်မယ်ဆိုတာ အမှန်ဘဲလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ ယောကျ်ားက မိန်းမအားကိုး၊ မိန်းမက ယောကျ်ား အားကိုး၊ သားတွေ သမီးတွေ ဆက်လက်ပြီးသကာလအားကိုး၊ ယိုင်တဲ့အပင်ကို လဲပြိုတဲ့အပင်က သူ့းမှတာဘဲ....(မှန်ပါ့) ဒီလို ချည့် မနေဘူးလား....(ဂနပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်အလုပ်ဟာဖြင့် ဒီလမ်းနဲ့ ဒီစခန်းသည်ကား.... လို့ ဆိုယင်ဖြင့် လုံးဝမမှန်သေးတဲ့လမ်းဘဲလို့ ဆုံးဖြတ်ချက် ချ ပါ....(မှန်ပါ့)။

ဒါက ခင်ဗျားတို့ခန္ဓာကိုယ်လေ....(မှန်ပါ့)ဒါက ခင်ဗျားတို့ နေ့တိုင်း အားကိုးရမလားလို့ ရှာထားတဲ့ တိုက်တာ အိမ်ရာ ရွှေ-ငွေ-ကျောက်သံပတ္တမြားတွေပေါ့ဗျာ(မှန်ပါ့) မြို့မည့်တရား ကကော....(အနတ္တတရားပါ) ခက်နေပြီပေါ့ တကာတကာမတို့ ယိုင်တဲ့အပင်ကို လဲတဲ့အပင်က သွားပြီးမှတာကိုး....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ....(ယိုင်တဲ့အပင်ကို လဲတဲ့အပင်က သွားပြီး မှိပါတယ်ဘုရား) နှစ်ပင်စလုံး ဂျမ်းထိုးမှောက်ခုံ ဖြစ်မယ်....(မှန်ပါ့) ဟုတ်ကြရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

သေတဲ့ပုဂ္ဂိုလ်တွေ သွားကြည့်စမ်း တကာ တကာမတို့....ဒီအတိုင်းတွေ့မှာဘဲ....(မှန်ပါ့) သေမည့်ပုဂ္ဂိုလ် သွားမေးကြည့်စမ်းပါ၊ သေခါနီးကို သူရှာထားတဲ့ပစ္စည်း သူအားကိုးရမလားလို့၊ ရှာတော့ ရှာတာဘဲ ဟုတ်လား....၊ သို့သော်- အားကိုးမည့်ပုဂ္ဂိုလ်က အရင်ပြုတ်ထွက်သွားတယ်....(မှန်ပါ့)။

တချို့ကျတော့ ဘယ်သူကအရင်ပြုတ်သတုံး .... (အားကိုးရမည့်ပုဂ္ဂိုလ်က အယင်ပြုတ်ပါတယ်ဘုရား) တချို့ကျတော့လဲ အားကိုးခံမည့်တရားက အယင်ပြုတ်တယ် .... (မှန်ပါ့) ဒီနှစ်ပြုတ်မှုတပါး တခြားတော့မရှိပါဘူး....(မရှိပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား) ဒါကိုဘဲ တကာတကာမတွေ့နေ့တိုင်း ကြုံးစားနေကြတာကိုး....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

နေ့တိုင်း ကြုံးစားနေကြတာက အနတ္တနှစ်ခုကို ကြုံးစားနေကြတာယ်၊ အနတ္တနှစ်ခုကိုဘဲ ခင်ဗျားတို့ ပြုစုတယ်လို့ အားကိုးကြတာဘဲ....(မှန်ပါ့) ရှာကြ ဖွေကြတာဘဲ၊ အနတ္တနှစ်ခုကို ပြုစုမယ်လို့ ရှာကြ ဖွေကြတယ်....(မှန်ပါ့)။

ပြောပါဦး-ဘာတဲ့တုံး....(အနတ္တနှစ်ခုကို ပြုစုမယ်လို့ ရှာကြဖွေကြပါတယ်) သူတို့က အနတ္တလို့ ပြောနေပါလျက်သံးနဲ့ ခင်ဗျားတို့ ပြုစုလဲ အပိုဘဲ....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အနတ္တနှစ်ခုပြုစုဘို့ ခင်ဗျားတို့ ရှာနေကြားသော်လဲ အနတ္တနှစ်ခု ခိုင်မြဲဘို့ ခင်ဗျားတို့ လုပ်ကြားသော်လဲ သူတို့က အနတ္တနှစ်ခုလို့ ပြောနေတယ်....(မှန်ပါ့) သူကလဲ ဘာပြောသလဲ.... (အနတ္တဘဲပြောပါတယ်) သူရှာထားတဲ့ ပစ္စည်းကကော....(အနတ္တပါဘုရား)။

အဲဒီတော့ အနတ္တနှစ်ခုကို ခင်ဗျားတို့သည်ကား....လို့ ဆိုယင်ဖြင့် ကိုးစားရာ အားထားရာအဖြစ်နဲ့ နေကြဦးမယ် ဆိုလို့ ရှိယင် နှစ်ပင်လဲဘဲ၊ နှစ်ပင်ပြိုဘဲ၊ နှစ်ပင်ပျက်ဘဲ ဆိုတာဖြင့် ဘာမှ ငြင်းဘို့မလိုတော့ဘူး....(မလိုပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခဲလေသမျှ သဲရေကျ-ဆိုတာ ဒါမျိုးကို ဆိုတာ....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား) ခန္ဓာငါးပါးကလဲ ဘာတရားတဲ့....(အနတ္တပါဘုရား) သူ-အားကိုးနေတဲ့ တိုက်တာ- ရွေ့-ဥ-ကျောက်သံ-ပတ္တမြားတွေကကော (အနတ္တပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သူတို့နှစ်ခုကလဲ အနတ္တချည့်ဘဲ ဆိုပြီးသကာလ နေသဖြင့်လဲ ဘုန်းကြီးတို့ တကာတကာမတွေက ဘယ်နည်းနဲ့မှ ရှာထားတဲ့ပစ္စည်းကလဲ ရှာကျိုးနပ်မှာမဟုတ်ဘူး (မှန်ပါ့) အားကိုးချင်တဲ့ တရားကလဲ ကိုးရမှာ မဟုတ်ဘူး.... (မှန်ပါ့)။

ရှာထားတဲ့ပစ္စည်းကလဲ....(အနတ္တပါဘုရား) ရှာကျိုးနပ်မယ် မဟုတ်ဘူး၊ သဘောကျပလား....(မှန်ပါ့)အားကိုးရမည့် ပစ္စည်း ကကော....(အားကိုးရမယ်မဟုတ်ပါဘုရား)။

သူဟာ အားကိုးစရာရယ်လို့ ဒီကိုသွားပြီး အားကိုးမယ်၊ ကိုးပင် ကိုးငြားသော်လဲ သူက အရင်ပြုတ်ချင်ပြုတ်သွားမယ်....(မှန်ပါ့) မပြုတ်နိုင်ပေဘူးလား....(ပြုတ်နိုင်ပါတယ်ဘုရား)။

ဒါဖြင့် ရှာထားတဲ့ပစ္စည်းကလဲ အနတ္တ၊ အားကိုးရမည့် ပစ္စည်းကကော....(အနတ္တပါဘုရား) အနတ္တ-အနတ္တချင်းဆိုတဲ့ ညစ္စာ တကာတကာမတို့ ဘယ်သူ့ကို ဘယ်သူမှ မကယ်နိုင်ဘူး မှတ်ပါ....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချမတုံး.... (အနတ္တ-အနတ္တချင်း ဘယ် သူမှ ဘယ်သူ မကယ်နိုင်ပါဘုရား)။

ကောင်းပြီ....ဒါဖြင့် ပင်လယ်ထဲ ရေနစ်နေတဲ့လူနှစ်ယောက် သည်ကားလို့ဆိုယင် ဘယ်သူမှ ကိုင်တွယ်စရာ မရှိလို့ ရှိယင်ဖြင့် နှစ်ယောက်အားကိုး နှစ်ယောက် မြုပ်မှာဘဲ.... (မှန်ပါ့ဘုရား) တယောက်စီနေလဲ မြုပ်မှာဘဲ... (မှန်ပါ့) နှစ်ယောက် ဖက်လိုက် ပြန်လို့ ရှိယင်လဲ....(မြုပ်မှာပါဘဲဘုရား)ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ဩော်... ခင်ဗျားတို့ကလဲ သံသရာခရီး ပင်လယ်ကြီးထဲမှာ မျောနေတော့ ဒါကပစ္စည်း၊ ဒါက ခန္ဓာ....(မှန်ပါ့) ဒါနဲ့ ဒါ-အားကိုးလဲ နှစ်ယောက်စလုံး အားမကိုးရမှာ အားကိုးတဲ့ အတွက် အပါယ်လေးပါး မြုပ်ကြတာဘဲ....(မှန်ပါ့) မမြုပ်ဘူးလား....(မြုပ်ပါတယ်ဘုရား) သဘောကျပလား... (ကျပ်ပြီ ဘုရား) ဒါ....အားကိုးလဲ့လို့ ပေါ့ဗျာ....(မှန်ပါ့)။

တကာတကာမတွေ ဥာဏ်နဲ့ ဂရုစိုက်ပြီး နားထောင်စမ်းပါ။ ခင်ဗျားတို့ကဖြင့် အားကိုးရမယ်လို့ထင်ပြီးသကာလ ဘောင်ဝှေးထောက်ရှာ၊ မျက်မှန်စွပ်ရှာဘဲ့ ဦးဘုအုန်း,ရ....(မှန်ပါ့)မရှာကြဘူးလား....(ရှာပါတယ်ဘုရား) ဦးဘတင်တို့ မရှာကြဘူးလား(ရှာပါတယ်ဘုရား)။ တကယ်တော့ ဘယ့်နှယ်တုံး....(အားကိုးမရပါဘုရား)အားကိုးချင်တဲ့တရားကလဲ ဘာပါလိမ့်(အနတ္တပါဘုရား) အကိုးခံချင်တဲ့တရားကလဲ ဘာပါလိမ့်.... (အနတ္တပါဘုရား) ဟာ....ဒါဖြင့် ပဓ်လယ်ထဲ နှစ်ယောက် ရေနစ်နေတာပါကလား....(မှန်ပါ့)။

ဘာဖြစ်နေသတုံး....(ပင်လယ်ထဲမှာ နှစ်ယောက် ရေနစ်နေပါတယ်ဘုရား) ဒီအတိုင်း ခဲ့ထားလဲ တနေ့ကျတော့ မြုပ်ကြမှာဘဲ့....(မှန်ပါ့)။

ဟာ....သူ့ကို ငါ-အားကိုးမယ်လို့၊ ငါ့ကို သူ့-အားကိုးမယ်ဆိုလဲ နှစ်ယောက်စလုံးမြုပ်မှာဘဲ့....(မြုပ်မှာပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီအဖြစ်ကြုံရတာနှစ်ခုဟာ တခုမှ အားကိုးမခံနိုင်တာလဲ သေချာတယ်.... (မှန်ပါ့) နှစ်ခုပေါင်းဖြိုးသကာလ လုံးကြဦးမယ်-ဆက်ကြဦးမယ်-ပူးကြဦးမယ် ကပ်ပြီး အားကိုးကြဦးမယ်ဆိုလဲ နှစ်ခုစလုံးမြုပ်မှာဘဲ့....(မှန်ပါ့) မမြုပ်ပေဘူးလား....(မြုပ်ပါတယ်ဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နေ့တိုင်း ဘာလုပ်ကြသတုံးမေးယင်ဖြင့် အားကိုးရှာတယ်ဖြကြမှာဘဲ့၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)

ညစာရှာတဲ့ဥစ္စာ ညအားကိုး၊နေ့စာရှာတဲ့ပုဂ္ဂိုလ်က(နေ့စာအားကိုးပါတယ်ဘုရား) လစာရှာပုဂ္ဂိုလ်က(လ,စာအားကိုးပါတယ်ဘုရား)နှစ်,စာရှာတဲ့ပုဂ္ဂိုလ်က-(နှစ်,စာ အားကိုးပါတယ်ဘုရား) အိုစာ မင်းစာရှာတဲ့ပုဂ္ဂိုလ်က.... (အိုစာ မင်းစာ အားကိုးဘို့ပါဘုရား)။

အရှာမလွတ်တဲ့ပုဂ္ဂိုလ်မျှား ဒီအထဲမှာ ပါသေးသလား.... (မပါ-ပါဘုရား) မပါတော့ ဘယ်သူက ဘယ်သူ့အားကိုးနေပါလိမ့်....(အနတ္တက အနတ္တကို အားကိုးနေပါတယ်ဘုရား)။

ဒါဖြင့် ကျွဲပ်တို့လုပ်တဲ့အလုပ်ဟာ အနတ္တဆိုတာ ဘယ်သူမှ မပိုင်မဆိုင်တဲ့တရား၊ အားကိုးမခံနိုင်တဲ့တရား....(မှန်ပါ့) ဒီဘက်ကလ အနတ္တဆုတော့ ဘယ်သူမှ မပိုင်မဆိုင်တဲ့တရား၊ အားကိုးမခံနိုင်တဲ့တရား.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါ့ဘို့ဘုရား)။

အဲဒါကို အရမ်းအားကိုးနေတာ....(မှန်ပါ့) အရမ်းအားကိုးတော့ အရမ်းပင်ပန်းနေတာပေါ့....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ....(အရမ်းအားကိုးနေလို့ အရမ်းပင်ပန်းနေတာပါဘုရား) အရမ်းပင်ပန်းပြီးသကာလ အရမ်းမြုပ်တာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) မမြုပ်ဘူးလား....(မြုပ်ပါတယ်ဘုရား)။

ပင်လယ်ထဲ ရေနစ်နေတာလေ နှစ်ယောက်စလုံး.... (မှန်ပါ့) ဒါကလဲ တယောက်....(မှန်ပါ့) ဒါကလဲ တယောက်....(မှန်ပါ့) ဒါကလဲ အနတ္တအဖြစ်နဲ့ မြုပ်ရ-မျောရမှာဘဲ....(မှန်ပါ့) ဒီဟာကော....(မြုပ်ရ မျောရမှာပါဘဲဘုရား)။

ဟာ....ဒါဖြင့် သူ့ကို ငါ-အားကိုးပါ့မယ်၊ ငါ့ကို သူ-အားကိုးပါ့မယ်လို့ ပေါင်းလိုက်လို့ရှိယင် ရေနစ်နေတဲ့ပုဂ္ဂိုလ် ကယ်မည့်သူမှမရှိဘဲ နှစ်ယောက်ပေါင်းပြီး မြုပ်ရုံဘဲ....(မှန်ပါ့ဘုရား) ဒီအတိုင်း မနေဘူးလား....(နေပါတယ်ဘုရား) ဒါဖြင့် အားကိုးပြင်ကြဦးမှ ကောင်းမယ်ထင်တယ်....(မှန်ပါ့)။

ဘာဖြစ်လို့ပါလိမ့်.... (အားကိုးပြင်ဘို့ရုပါဘုရား) အခုံအားကိုးလာတာကဖြင့်....(အားကိုးလဲ့ပါတယ်) ကြည့်လေ.... တကာတကာမတွေ အိမ်ထောင်ကျကြတယ်ဆိုကတည်းက အားကိုးကြပြီ၊မိန်းမလုပ်တဲ့ပုဂ္ဂိုလ်ကလဲ ယောကျ်ားကိုအားကိုးတယ်၊ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်ကလဲ မိန်းမကို အားကိုးတယ်....(မှန်ပါ့ဘုရား) နောက်-သားသမီးတွေ ထွန်းကားလာပြန်တော့ ဆိုင်ရာဆိုင်ရာ အားမကိုးကြဘူးလား....(အားကိုးပါတယ်ဘုရား)။

ဖအေက သားကို၊ မအေက သမီးအားကိုးနဲ့ ရှုပ်မလာကြဘူးလား....(ရှုပ်လာပါတယ်ဘုရား) ဒီဥစ္စာ ခင်ဗျားတို့အားကိုးအစဉ်အဆက်ကြီးကဖြင့် အလဲ့ချည့်ပါဗျာ....(မှန်ပါ့)။

ဦးဇံရင်-ဘယ်နှယ်ဆိုမလဲ.... (အားကိုး အစဉ်အဆက်က လဲ့ပါတယ်) အလဲ့ပြပြန်တော့လဲ ခင်ဗျားတို့ကလဲ ဟိုကလဲ့ပြောင်းသက်သေခံ လုံလောက်အောင် ပြလိုက်ပြန်တော့လဲ မျက်ရည်ကျဲတယ်....(မှန်ပါ့)။

လဲ့ကြောင်းကို သက်သေခံ လုံလောက်အောင် ပြပြန်တော့လဲ ဘာဖြစ်သတုံး....(မျက်ရည်ကျပါတယ်ဘုရား) ခက်လိုက်တာနဲ့ရဲ့ကလဲ အလဲ့လုပ်သေးတယ်၊ လဲ့တဲ့အကြောင်းကို သက်သေခံလုံလောက်အောင် တယောက်ယောက်က ပျက်စီးပြီး ပြလိုက်ပြန်တော့လဲ မျက်ရည်ကျတယ်....(မှန်ပါ့)။

နဂိုရှိကတော့လဲ ဘာလုပ်ထားသတုံး.... (အလွဲလုပ်ထားပါတယ်ဘုရား) အလွဲဟာ အလွဲအတိုင်း အမှန်ပေါ်လာတော့လဲ ဘယ်နှယ်ဖြစ်နေသလဲ....(မျက်ရည်ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က အမှန်ပြယင် မျက်ရည်ကျတယ်.... (မှန်ပါ့) အလွဲပြပြန်တော့လဲ ခင်ဗျားတို့က အလုပ်·လုပ်တယ်၊ လုပ်တာကလဲ အလွဲ၊ အမှန်ပြတော့ မျက်ရည်ကျဆိုတော့ တော်တော်ခက်နေပြီ....(ခက်ပါတယ်ဘုရား)။

ဦးဘအုန်းရေ....ဘယ်နှယ်ဆိုကြမလဲ....(တော်တော်ခက်ပါပြီဘုရား) အားကိုးတာကလဲ အလွဲ၊ ဟို-အားမကိုးကောင်း အမှန်ပြလိုက်တော့လဲ ဘယ်နှယ်ဖြစ်နေသလဲ....(မျက်ရည်ကျပါတယ်ဘုရား)။

ဒီမျက်ရည်ဟာ ခင်ဗျားတို့ အမှန်မျက်ရည်လား၊ အမှားမျက်ရည်လား.... (အမှားမျက်ရည်ပါဘုရား) ဘာဖြစ်လို့ ကျရတာတုံး....(အမှန်ပြလို့ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မင်း- အားမကိုးကောင်းတဲ့တရားကို အမှန်ပြလိုက်ပါရော.... နဂိုရှိက အားကိုးထားတော့ အမှားလုပ်ထားတော့ အမှန်ပြယင် မျက်ရည်ကျတယ်....(မှန်ပါ့)။

ဒါဖြင့် ဘုရားပွင့်လာယင် ရှိနေသလိုနေမှာဘဲ ခင်ဗျားတို့ (မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ....(ဘုရားပွင့်လာယင် ရှိနေသလိုနေမှာပါဘုရား) မဖြစ်ပေဘူးလား၊ ဖြစ်မလား....(ဖြစ်သလိုနေမှာပါဘုရား)။

တကာတကာမတွေ့ ဒီဥစ္စာ ရမ်းပြောတဲ့စကားလား၊ ဖြစ်စဉ်ကိုက်လား၊ သေသေချာချာစဉ်းစားပါ .... (ဖြစ်စဉ်ကိုက်ပါဘုရား)။

နဂိုရိုးတုန်းက ဒီဥစ္စာနဲ့ ဒီဥစ္စာအားကိုးတုန်းက မှန်သလား၊ မှားသလား....(မှားပါတယ်ဘုရား) ဘာဖြစ်လို့ မှားသတုံး.... (အနတ္တတရားမို့ မှားပါတယ်ဘုရား) အနတ္တ-အနတ္တချင်း ဖြစ်နေတော့ အားကိုးခံနိုင်တဲ့တရားလား၊ မခံနိုင်တဲ့တရားလား.... (မခံနိုင်တဲ့တရားပါဘုရား)။

အနတ္တဆိုတာ ကိုးစားစရာအားထားစရာမရှိဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) အဲဒါ ကိုးစားစရာ၊ အားထားစရာမရှိလို့ အနတ္တလဲ ဟောပါရော တခုခုကပေါ့လေ.... ခန္ဓာကယင်လဲဟော၊ ပစ္စည်းယင်လဲဟော၊ ဟောလိုက်ယင် ခင်ဗျားတို့ ဘာဖြစ်သတုံး....(မျက်ရည်ကျပါတယ်ဘုရား)။

ခက်တယ် ဒီဥစ္စာနော်....(မှန်ပါ့)တကာတကာမတို့ သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား) အနတ္တပြလိုက်တော့ ဘာဖြစ်သတုံး....(မျက်ရည်ကျပါတယ်) နဂိုရိုက ဘာကို အားကိုးထားသတုံး....(အနတ္တကို အားကိုးထားပါတယ်ဘုရား)။

အနတ္တကို အားထားတာက အတ္တလို့ထင်ပြီး အားကိုးထားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အားကိုးတုန်းက ဘယ့်နှယ်ထင်သတုံး.... (အတ္တလို့ ထင်ပြီး အားကိုးပါတယ်) အတ္တလို့ထင်ပြီး အရူးအားကိုးထားတယ်၊ အရူးသဘောနဲ့ အားကိုးထားတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် နဂိုရှိတုန်းက အာဒီးကိုးတာက အရှုးသဘော.... (မှန်ပါ့) အမှန်ပြလိုက်လို့ ရှိယင်လဲ ဘယ့်နှယ်တုံး .... (မျက်ရည်ကျပါတယ်) မျက်ရည်ကျလာတယ်ဆိုသဖြင့် ဦးဘအုန်းရေ.... အမှန်ဟောလို့ ဒီတကာတကာမတွေ ရမှာမဟုတ်ပါဘူး၊ ရပါ့မလား....(ရနိုင်စရာမရှိပါဘုရား) အမှန်ဟောယင် ဘယ့်နှယ်တုံး....(မျက်ရည်ကျပါတယ်) မျက်ရည်ကျတယ် ခင်ဗျားတို့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ကိုယ့်မျက်လုံးဟာ ပင်ကိုယ်မျက်လုံးဟာက တိမ်သလာဖုံးတော့ တယ်ဆိုတဲ့ဥစ္စာကတော့ဖြင့် ရှင်းနေပြီ (မှန်ပါ့) မရှင်းသေးဘူးလား.... (ရှင်းပါပြီဘုရား) တိမ်သလာဖုံးတယ်ဆိုတာ ငြင်းစရာလိုသေးသလား....(မလိုပါဘုရား)။

အဲဒါကြောင့် ယနေ့ညတရားမှာ တကာတကာမတွေ ခင်ဗျားတို့လုပ်သ၍ အာဒီးကိုးသ၍ဟာဖြင့် ခင်ဗျားတို့ကို နှိပ်စက်ဘို့ အာဒီးကိုးတာဘဲ....(မှန်ပါ့) သတ္ထုချလိုက်ပြီ....(မှန်ပါ့)။

ခင်ဗျားတို့ အာဒီးလေသ၍ဟာ ခင်ဗျားတို့ကို နှိပ်စက်ဘို့ ခင်ဗျားတို့ ဒုက္ခရောက်ဘို့ ခင်ဗျားတို့ အာဒီးကြတာဘဲ.... (မှန်ပါ့) ဆိုထိုက်-မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့အာဒီးကိုးတာသည် ခန္ဓာအာဒီးလဲ ခင်ဗျားတို့ ဒုက္ခရောက်ဘို့ဘဲ....(မှန်ပါ့) ပစ္စည်းအာဒီးလဲ....(ဒုက္ခရောက်ဘို့ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့ ဒုက္ခရောက်ဘို့လို့ နှစ်ခုပြောရတာတုံး၊ ခန္ဓာကလဲ အနတ္တ ဖေါက်ပြန် ပျက်စီးမှာဘဲ....(မှန်ပါ့) အာဒီးထားတဲ့

ပစ္စည်းကလဲ....(အနတ္တပါ) ဘယ်မှာလမ်းဆုံးမှာတုံး....(ပျက်စီးမှုမှာ လမ်းဆုံးမှာပါ) ဖေါက်ပြန် ပျက်စီးမှုမှာ လမ်းမဆုံးပေဘူးလား....(ဆုံးပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့သည် စောစောစီးစီးကိုက အားကိုးထားလို့ရှိယင် မျက်ရည်ကျစရာ ရှာထားတာနဲ့ အတူတူဘဲ....(မှန်ပါ့) အခု နေ့တိုင်းရှာနေကြတာ ဘာတွေ့ ရှာနေကြတာတုံး....(မျက်ရည်ကျစရာ ရှာပါတယ်ဘုရား)။

ဟာ.... တကာ တကာမတွေ့ ဆရာ့သမားကောင်း ကိုးကွယ်နေတယ်၊ တပည့်တော်· နေ့တိုင်းမျက်ရည်ကျစရာ ရှာနေတယ်ဆိုတာတော့ မကောင်းဘူးထင်တယ်....(မှန်ပါ့) စဉ်းစားပါဦး· စဉ်းစားပါဦး၊ ပြန်ပြောကြစမ်းပါဦး၊ ပြန်ပြောကြစမ်းပါဦး.... ဦးဘတင် ဒါ့-ပြင်ပြောဦးမှ ကောင်းမယ်ဗျ....(မှန်ပါ့)။

နေ့တိုင်း အားကိုးရှာထားကြတော့ကို အားကိုးခံမည့် တရားလား၊ မခံမည့်တရားလား....(အားကိုးမခံမည့်တရားပါဘုရား) မခံမည့်တရားဆိုလို့ ရှိယင်ဖြင့် အားကိုးလဲမခံဘူး၊ ခင်ဗျားတို့လဲ မျက်ရည်ကျမှာဘဲ....(မှန်ပါ့)။

ဒါဖြင့် နေ့တိုင်းရှာနေတဲ့တရားဟာ ဘာရှာတာတုံး....လို့ မေးယင်ဖြင့်....(မျက်ရည်ကျစရာရှာတာပါ) ဒါခု အမှန် သိလာကြပြီ....(မှန်ပါ့) ဒါဟာ အမှန်သိလာတာ....(မှန်ပါ့) သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

နေ့တိုင်း ရှာပေ့နေကြတာ....(မျက်ရည်ကျဘို့ပါ) နေ့တိုင်းခင်မင်နေကြတာ....(မျက်ရည်ကျဘို့ပါ) ဦးဝရေ....တော်တော်

ခက်နေပါကလား၊ သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား) ကိုယ့်အမြင်နဲ့တော့မကြည့်နဲ့၊ ဒီက နဂိုရှိဟောထားတဲ့အမြင်ကို မှတ်ပြီးကြည့်မှနော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နေ့တိုင်း ရှာဖွေနေကြတဲ့ အလုပ်သည် ဘာလုပ်ဘို့တုံး....လို့ မေးလို့ရှိယင် အမှန် စင်စစ်ကေန် ပြောပရစေ-ဆိုလို့ရှိယင် မျက်ရည်ကျဘို့ ရှာတာဘဲ....(မှန်ပါ့)။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဖြစ်ဘို့ ရှာကြတာဘဲ-(မှန်ပါ့) ဒီဟာတွေ ပျောက်မည့်ပစ္စည်းမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား) စွန့်ပစ်ရမည့်ပစ္စည်းမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ စွန့်ရတဲ့အချိန်ကျတော့ ဘယ်နှယ်နေသတုံး....(မျက်ရည်ကျပါတယ်)ဆောင်....ဒါဖြင့်တပည့်တော်တို့ များများ ရှာမှ မျက်ရည်များများကျရမှာဘုရဲ့၊ဒါကြောင့်ကြိုးစားနေရတယ်....(မှန်ပါ့) သဘောပါလား....(ပါ-ပါပြီဘုရား)။

ဟာ .... ဘုန်းကြီးကလဲ တကယ်ရက်ရက်စက်စက် ပြောနေတာလို့ အောက်မေ့မနေနဲ့၊ ခင်ဗျားတို့ မျက်ရည်တားချင်လို့ ဒီဇာတ်ခင်းတာ....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

တော်တော်ကြာ ခင်ဗျားတို့ လူပုံအလည်မှာ အရှက်တကဲ့အကျိုးနည်း ဖြစ်နေမှာစိုးလို့ ဒီစကားကို ဒီနေ့စပြီးသင်တာဦးဘအုန်းရ....(မှန်ပါ့)မသင်ထိုက်ဘူးလား....(သင်ထိုက်ပါတယ်ဘရား)။

ဒါဖြင့် နေ့တိုင်းရှာဖွေနေကြတာ ဘာအတွက်ရှာဖွေကြပါလိမ့် .... (မျက်ရည်ကျချင်လို့ပါဘုရား) ယုံကောယုံပလား.... (ယုံပါပြီ) ဟိုအနတ္တကိုမြင်မှ နားလည်မှ မျက်ရည်ကျဘို့ဆိုတာ သေချာတယ်....(မှန်ပါ့)။

အနတ္တမမြင်တဲ့ပုဂ္ဂိုလ်ကတော့ ဝမ်းသာဘို့ ရှာတယ်ထင်နေတာ.....(မှန်ပါ့) အနတ္တမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘယ်နှယ်ဆိုမလဲ (မျက်ရည်ကျဘို့ရှာတာပါ) မျက်ရည်ကျဘို့ဟာတယ်ဆိုတဲ့ဥစ္စာက ဒီကယင် အနတ္တဖြစ်မယ် .... (မှန်ပါ့) ခန္ဓာလာယင်လဲ အနတ္တဖြစ်မယ်၊ ပစ္စည်းလာယင်ကော....(အနတ္တပါဘုရား)ဘယ်နှယ်တုံးတကာတကာမတို့ ဘယ်နှယ်ဆိုကြမလဲ....(မျက်ရည်ကျဘို့ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပစ္စည်းတွေထားပစ်ခဲ့ပြန်လဲ သူကခန္ဓာက စွန့်သွားရတော့ မယ်ဆိုတော့ ဒီပစ္စည်းတွေကို နှမြောတာနဲ့မျက်ရည်ကျတယ် .... (မှန်ပါ့) သဘောကျပလား.... (မှန်ပါ့) ဒီစွဲလမ်းတွေရန်သူငါးတန်နဲ့ဆက်ဆံပြီး ပျောက်ပျက်သွားပြန်တော့ကော....(မျက်ရည်ကျပါတယ်) မသုံးမဖြုံးလိုက်ရလို့ မျက်ရည်ကျတယ် .... (မှန်ပါ့) ရှာကျိုးမနပ်လို့မျက်ရည်ကျတယ်....(မှန်ပါ့)။

ဒါဖြင့် နေ့တိုင်းရှာဖွေနေကြတာ ဘာပါလိမ့်.... (မျက်ရည်ကျဘို့ပါ) တချို့မြစ်ကူးရှာကြ၊ မြို့တွေတခြားမှာသွားရှာကြ၊ ရန်ကုန်ကနေ မန္တလေးလာပြီးရှာ၊ မန္တလေးက ရန်ကုန်သွားရှာနဲ့ အမျိုးမျိုးအဖုံဖုံရှာကြ ဖွေကြတာများ ဘာလို့ရှာကြတာပါလိမ့်.... (မျက်ရည်ကျဘို့ရှာတာပါ) သဘောပုံပါပလား.... (ပါပါပြီဘုရား) သေသေချာချာ စဉ်းစားပြီးနာနော်(မှန်ပါ့)

သာမညနားနဲ့ဆိုလို့ရှိယင် ဒီဥစ္စာကို ဘုန်းကြီးကန့်လန့်ပြောနေတာနဲ့တူလိုက်တာလို့ တကာတကာမတွေ့ စဲချက်တင်ချင်လဲတင်မယ်....(မှန်ပါ့) ကန့်လန့်ပြောတာလဲ့း မှန်လွန်းနေသလား .... (မှန်လွန်းနေပါတယ်ဘုရား)။

ဦးဇံရင် ဘယ့်နှယ်တုံး၊ ဘုန်းကြီးက ကန့်လန့်ပြောတာလား (မဟုတ်ပါဘုရား မှန်လွန်းနေပါတယ်) မှန်လွန်းနေတာကလဲ ဘုန်းကြီးများက ဘုရားဟောတရားတော်ကို ယူပြောရတာဖြစ်နေသောကြောင့် ဦးဘတင် ဒီထက်လွဲပြီးမဟောနိုင်ဘူး .... (မှန်ပါ့ဘုရား)မဟောနိုင်ပါဘူး၊ခင်ဗျားတို့သားသမီးနဲ့ပစ္စည်းရှာကြဘာသည်ကားလို့ဆိုယင် ပုဘိုဆွေးဘို့ မျက်ရည်ကျဘို့ရှာတာပါ (မှန်ပါ့ဘုရား)။

သားသမီးနဲ့ ပစ္စည်းရှာတာဘာတဲ့....(ပုဘို ဆွေးဘို့မျက်ရည်ကျဘို့ရှာတာပါ) နဂိုရိုက တယောက်ထည်းနေတော့ ပစ္စည်းမရှိလို့ ပစ္စည်းအတွက်လဲ မျက်ရည်ကျဘို့မရှိဘူး .... (မှန်ပါ့) သားသမီးအတွက်ကော (မျက်ရည်ကျဘို့မရှိပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သားရှာတာဘာလဲ သားကလေးမွေးချင်တယ်၊သားကိုယ်ပိုင်မွေးစားချင်တယ် ဆိုတာကလဲ မျက်ရည်ကျချင်လို့ .... (မှန်ပါ့)ပစ္စည်းကလေးတွေ့ နေ့တိုင်းရှောက်ရှာနေကြတာကော (မျက်ရည်ကျချင်လို့ပါဘုရား)။

မဟုတ်ဘူးဗျ၊ မျက်ရည်ကျခဲ့ရဘာ ဘုရားကဘယ်လောက်များပြီတဲ့တုံး....(မရေတွက်နိုင်ပါဘုရား) ထည့်ပါဦး၊ထည့်ပါဦး သမုဒ္ဒရာရေလေးစင်းလောက် နောက်က မျက်ရည်ကျပြီးခဲ့ပြီတဲ့·

(မှန်ပါ့) အခု ဘာတွေ့ရှာပြန်သတုံး.... (မျက်ရည်ကျစရာရှာပါ တယ်) ဩော်....လေးစင်းလျှံအောင်လုပ်ဘို့ ကျန်သေးထင်ပါရဲ့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့တဲ့ အဲဒီမျက်ရည်ကျလေ သမျှ ဦးဘတင် သေသေချာချာမှတ်လိုက် အား ကိုး လဲ့လို့ ကျတာ....(မှန်ပါ့ဘုရား) အားလုံး သဘောပါကြပလား .... (ပါပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မျက်ရည်ဇာတ် သိမ်းချင်ယင်လဲ အားကိုးမှန်မှပေါ့....(မှန်ပါ့) အားကိုးမှန်ယင်တော့ ဘာဖြစ် မတုံး....(မျက်ရည်ဇာတ်သိမ်းပါတယ်ဘုရား)ဒါဖြင့် မျက်ရည် များနှမြောနေကြသလားလို့ မေးပါတယ် .... (မနှမြောပါ ဘုရား)။

နှမြောလို့ များ လက်ကိုင်ပုဝါကလေးများနဲ့ ဆုတ်ဆုတ်ပြီး သိမ်းထားထင်ပါရဲ့ ခင်ဗျားတို့၊ မျက်ရည်သုတ်တော့ လက်ကိုင် ပုဝါကလေးနဲ့ မသုတ်ဘူးလား.... (သုတ်ပါတယ်) အပြင်ဘက် ထွက်သွားမှာစိုးလို့ ဒီအထဲတွင် သိမ်းထားသလား၊ သဘောပါ ပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်အလုပ်လဲမှန်း ကောင်း ကောင်းပေါ်ပလားယနေ့.... (ပေါ်ပါပြီဘုရား) ဘယ်လိုပေါ် ပါလိမ့် .... (အနတ္တတွေ့ချည့် ရှာနေကြပါတယ်)အနတ္တတွေ့ ရှောက်ပြီးရှာနေတာ မျက်ရည်ကျဘို့ချည့်မှတ်ပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနတ္တတွေ ရှောက်ရှာနေတာ .... (မျက်ရည်ကျဘို့ချည့်ပါ) နေ့တိုင်း ဘာတွေကြိုးစားကြသတုံး .... (မျက်ရည်ကျဘို့တွေကြိုးစားနေပ ါတယ်ဘုရား)။

ဦးဝရေ အသံကတော့ ကောင်းလာပြီဗျနော်....(မှန်ပ ါ့) ဥာဏ်ကော ရောက်ပလား.... (ရောက်ပ ါပြီဘုရား) ကဲ....ဒ ါဖြင့် ဒီလိုလုပ်ပ ါတော့ တကာဘကာမတို့၊ အားကိုးလဲ့လို့ မျက်ရည်ကျလို့ ရှိယင်ဖြင့် အားကိုးမှန်ယင် မျက်ရည်ကျစရာမလိုတော့ဘူး (မလိုပ ါဘုရား) ရှင်းပလား....(ရှင်းပ ါပြီဘုရား)။

ဒ ါဖြင့် သားသမီးနဲ့ ပစ္စည်း ရှာ တာသည် အားကိုးစရာအစစ်မဟုတ်လို့ မျက်ရည်ကျဘို့ ရှာတယ်လို့ မှတ်ကြပ ါ .... (မှန်ပ ါဘုရား)။

ဒ ါဖြင့် ပြင်ကြဦးတော့ ဦးဘအုန်း-ဘယ်နှယ်လုပ်ကြသတုံး-(ပြင်ဘို့ကောင်းပ ါပြီဘုရား) ဦးဇံရင်တို့ ပြင်ရမနော်၊ မပြင်ယင် တော်ပ ါ့မလား....(မတော်ပ ါဘုရား)။

မပြင်ယင် ခင်ဗျားတို့ သမုဒ္ဒရာ ရေလျှ ံလို့ သေတဲ့အထဲ ခင်ဗျားတို့ ပ ါဝင်သွားလိမ့်မယ်.... (မှန်ပ ါ့) မပ ါပေဘူးလား.... (ပ ါ-ပ ါတယ်ဘုရား)။

နဂိုရိုက ငိုခဲ့ရတာက ဘယ်လောက်တဲ့.... (သမုဒ္ဒရာရေ လေးစင်းပ ါဘုရား) အခု နောက်ထပ်ရှာတော့ ဘာလုပ်ချင်သေးသတုံး....(လျှ ောအောင်လုပ်မှာပ ါ) လျှ ောဘို့ကျန်သေးတယ်ဆိုတော့ သမုဒ္ဒရာကလဲ ဘယ်ဘာ့မှ မလျှ ောဘူးတဲ့ဗျ....(မှန်ပ ါ့)။

ခင်ဗျားတို့ မျက်ရည် ထည့်ချင်သလောက်ထည့်၊ အဲဒီတော့

ပါဘူး၊ နိမိတ်မကောင်းယင် မဂ္ဂင်လုပ်ပါ၊ ရှုပ်မနေနဲ့ ခင်ဗျားတို့ ဘာတွေ့ ညာတွေ့ကို.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

စောစောစီးစီး မျက်ရည်သံများ ဟိုဘက်အိမ်ကငိုလဲ မကြား ချင်ဘူး၊ ဒီအိမ်က ခလေးငိုလဲ မကြားချင်ဘူး၊ ဟိုအိမ်ကနေပြီး ရန်ဖြင့်ပြီး တယောက်နဲ့တယောက်ငိုနေကြယင်ကော....(မကြား ချင်ပါဘုရား)။

ဘာဖြစ်လို့ မကြားချင်တာ....လဲ နိမိတ်မကောင်းလို့တဲ့.... (မှန်ပါ့) နိမိတ်သာမကောင်းတယ်၊ ကိုယ်တိုင် မျက်ရည်ကျဘို့ လုပ်နေဘာကတော့ သာပြီးအရုပ်ဆိုးတယဲ့....(မှန်ပါ့) မဆိုးဘူး လား....(ဆိုးပါတယ်ဘုရား)။

ကိုယ်တိုင် မျက်ရည်ကျဘို့ အလုပ်ကို မလုပ်ကြဘူးလား.... (လုပ်ပါတယ်) သားကိုခင်တယ်ဆိုယင်ဖြင့် သားကြောင့် ငို ချင်လို့....(မှန်ပါ့) သမီးခင်ယင်....(သမီးကြောင့် ငိုချင်လို့ပါ ဘုရား)။

ပစ္စည်းရှာယင်.... (ပစ္စည်းကြောင့် ငိုချင်လို့ပါ) ပစ္စည်း ဆုံးရှုံးသွားယင် ငိုမှာဘဲ....(မှန်ပါ့) ပစ္စည်း ပျောက်သွားယင် ကော....(ငိုမှာပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူများမျက်ရည်ကျတာတော့မကြိုက်ဘူး၊ ကိုယ်တိုင် ကျချင်သလား မေးဘို့လိုလာတယ်.... (မှန်ပါ့) မလိုဘူးလား.... (လိုပါတယ်ဘုရား) ကဲ....ဒါလောက် စကားတွေ လှည့်လှည့် ပတ်ပတ် ပြော-ပြောပြီးသကာလ နေရတာ ဦးဘတင်- တကာ တကာမတွေ့ ထူလွန်းလို့....(မှန်ပါ့) မထူဘူးလား....(ထူပါတယ် ဘုရား)။

ထူတာက နက်ဖြန်မိုးလင်းယင် စပြီးထူပြီဗျ၊ မထူပေဘူးလား (ထူပါတယ်ဘုရား) စီးပွားရာထွက်ကြတော့မယ် ဟုတ်လား.... မထွက်ပေဘူးလား၊ ထွက်မလား....(ထွက်မှာပါဘုရား)။

ဘာရှာပြန်တာတုံး ဒါဟာ....(မျက်ရည်ကျဘိုးပါ) မျက်ရည်ကျသို့ ရှာပြန်ပြီ....(မှန်ပါ့) ဒီနေ့ ရေရေလည်လည် ပြောလို့တော် လိုက် နက်ဖြန် ထူမှာဘဲ၊ အတော်ဆိုးမနေဘူးလား... (ဆိုးပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတွေ့ မပါးဘူး၊ မပါးဘူး၊ ခင်ဗျားတို့ဟာ တခါပြောယင် မှတ်တာမဟုတ်ဘူး၊ မှတ်ကြရဲလား....(မမှတ်မိကြပါဘုရား)။

ဦးဇံရင်- ခလေးများကျတော့ တခါပြော မမှတ်တဲ့အခါကျတော့ အမေမိဘက စိတ်တိုတဲ့ပြီး ခေါင်းခေါက်တယ်၊ ထိပ်ရိုက်တယ်တွေ့ မလာဘူးလား....(လာပါတယ်ဘုရား)။

ခင်ဗျားတို့ကလဲ အရွယ်က ကြီးကုန်တော့ တော်တော် ခက်နေတယ်၊ ခေါင်းခေါက် ထိပ်ရိုက်ရမှာကလဲ အရွယ်မဟုတ်တော့ဘူး....(မှန်ပါ့) သို့သော် ကန့်လန့်ကတော့လုပ်တယ်....(မှန်ပါ့) မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

နက်ဖြန်မနက်ထွက်မှာ စီးပွားရှာတာလား၊ မျက်ရည် ရှာတာလား....(မျက်ရည်ရှာတာပါဘုရား) အဲဒါ လုပ်ကောင်း-မလုပ်ကောင်း....(မလုပ်ကောင်းပါဘုရား)။

နက်ဖြန် ဘယ်သူမှ မခင်ပါနဲ့တော့ဆိုယင် ဘယ်သူ့အတွက်မှ မျက်ရည်ကျစရာ လိုသေးသလား....(မလိုပါဘုရား) ဒီလိုမဟုတ်ဘဲ နက်ဖြန်ကျလို့ရှိယင် ဘယ်သူကျန်းမာသလား၊ ဘယ်သူ ချမ်း

သာသလား-ဟုတ်လား၊ ဘယ်သူနဲ့မတွေ့ရလို့ခက်တယ်၊ ဘယ်သူ့မမြင်ရလို့ ခက်တယ်နဲ့ ခင်ဗျားတို့က ရှောက်ပြီး ရှုပ်နေပြန်တာတဲ့....(မှန်ပါ့) မရှုပ်ဘူးလား....(ရှုပ်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်ဟာက အားကိုးလဲ့တာကတော့ သေချာတယ်....(သေချာပါတယ်) ဘာကိုချည့် အားကိုးနေသတုံး....(အနတ္တချည့် အားကိုးနေကြပါတယ်) အနတ္တချည့် အားကိုးနေတယ်ဆိုတော့ ဦးဘတင်ရဲ့ စာသံပါနေတယ်၊ မျက်ရည်ကျဘို့ချည့် အားကိုးနေတယ်လို့ ပြောလိုက်ပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးဘအုန်းရေ.... လောကကြီးထဲဖြစ်နေတာ ပြောပါတယ်....(မှန်ပါ့) ဦးဇံရင်ဟုတ်ကဲ့လား....(ဟုတ်ပါတယ်ဘုရား) လောကကြီးထဲဖြစ်နေတာ ဒီအတိုင်းကို တန်းနေတာဘဲ....(မှန်ပါ့)။

ဒါ့ဘယ့်နှယ်ကြောင့်တုံး....ဆိုလို့ရှိယင် တကာတကာမတွေ့ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) အားကိုးရှာတာ လဲ့နေတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ခုနင်က ဘုန်းကြီးပြောခဲ့တယ်၊ မဂ္ဂင်ဘဲ အားကိုးကြပါလို့၊ ဘုရားက ဒါကို အားကိုးရမယ်တဲ့၊ ဓမ္မဒီပါ ဓမ္မသရဏာကိုး....(မှန်ပါ့) ဓမ္မဒီပါ=ကျွန်းကြီးသဖွယ် ဖြစ်တဲ့ မဂ္ဂင်ကိုသာ အားကိုးကြပါ၊ ဓမ္မသရဏာ= မဂ္ဂင်ကိုသာ အားကိုးပါ၊ ဓမ္မသရဏာ=မဂ္ဂင်ကိုသာ ကိုးကွယ်ပုန်းအောင်းရာ ရှိကြကုန်သည်၊ ဟောထ=ဖြစ်ကြပါကုန်လော၊ မဟောဘူ-လား (ဟောပါတယ်ဘုရား)။

ဒါဖြင့် ဘာကိုအားကိုးကြမယ်(မဂ္ဂင်ကိုအားကိုးကြရပါမယ်ဘုရား) မဂ္ဂင်အားကိုးတော့ မဂ္ဂင်က ဘယ်ကိုပို့သတုံး....(နိဗ္ဗာန်ပို့ပါတယ်ဘုရား) နိဗ္ဗာန်ပို့တော့ငိုစရာရှိသေးရဲ့လား....(မရှိပါဘုရား) သေစရာကော....(မရှိပါဘုရား)။

ဒါဖြင့် စောစောကများသူကို ပြောင်းပြီးအားကိုးလိုက်မယ်ဆိုယင် သမုဒ္ဒရာလေးစင်းရေလောက်ဆိုတဲ့ မျက်ရည်တွေ့ မငိုရပါဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်လို ဆုံးဖြတ်ချက်ချကြမတုံး၊ ဒီလိုလုပ်ကြပါ။ အငိုတိတ်ချင်ယင် မဂ္ဂင်အားကိုး၊ ဆက်ပြီးငိုချင်သေးယင် သားရေး၊ သမီးရေး၊ စီးပွားရေးလိုက်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးဇင်- ဒါဘယ်သူဟောနေတဲ့တရားတုံး .... (လူကြီးတွေဟောနေတာပါဘုရား)လူကြီးတွေမှာ ငိုကျောရှည်နေတဲ့အလုပ်လုပ်နေတာ၊ အခု သူကိုယ်တိုင်မသိဘူး....(မှန်ပါ့) သိရဲ့လား....(မသိပါဘုရား)။

အငိုတိတ်ဘို့ရာအလုပ် လုပ်ဘို့ရာအကြောင်းကိုလဲ သူ-မစဉ်းစားဘူး....(မှန်ပါ့) နှစ်ဖက်မသိဖြစ်နေတာ....(မှန်လှပါ)ငိုကျော

ရှည်တဲ့အလုပ်ကို လုပ်နေတယ်လို့ကော....(မသိပါဘုရား) အငို တိတ်တဲ့အလုပ်ကို လုပ်ကောင်းတယ်လို့ကော....(မသိပါဘုရား) သားရေး၊ သမီးရေး၊ စီးပွားရေးအလုပ်ကဖြင့်....(ငိုကျောရှည်တဲ့ အလုပ်ပါဘုရား) ငိုကျောရှည်တဲ့အလုပ်၊ ကိုယ့်ခန္ဓာကိုယ်ခင်နေ တာလဲ ငိုကျောရှည်ဘို့ဘဲ....(မှန်ပါ့)။

နောက်ဘဝလဲ ဒီခန္ဓာရ၊ ကိုယ့်အပူနဲ့ကိုယ် ငိုဦး....(မှန်ပါ့) ဒီလိုဘဲ မနေဘူးလား....(နေပါတယ်ဘုရား) ကိုင်း .... ဒါဖြင့် ခင်ဗျားတို့ ငိုကျောရှည်ချင်လို့ရှိယင် ကိုယ့်-ကိုယ်ကိုယ်ခင်၊ စီး ပွားရေးခင်၊ ဒါ-ငိုကျောရှည်တဲ့အလုပ်ဘဲ .... (မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

အငိုတိတ်ချင်ယင် ဘာလုပ်ကြမယ် .... (မဂ္ဂင်အလုပ်- လုပ်ရ ပါ့မယ်) ဒီဆေးဟာ အတော်ကောင်းတဲ့ဆေးဗျ....(ကောင်းပါ တယ်ဘုရား)။

ဦးဇံရင်- ဒီဆေး ဘယ့်နှယ်နေသတုံး .... (ကောင်းပါတယ် ဘုရား) မသောက်ချင်ဘူးဆိုယင် ငိုကျောရှည်ချင်လို့လား.... (မှန်ပါ့) သောက်ပါ့မယ်ဆိုယင် အငိုတိတ်ချင်လို့....(မှန်ပါ့) ဒါ-ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဆုံးဖြတ်ချက် ချတတ်ပလား....(ချတတ်ပါပြီဘုရား)။

ဒီအလုပ် မလုပ်ချင်ဘူး၊ မဂ္ဂင်အလုပ် မလုပ်ချင်ဘူးဆိုယင်.... (ငိုကျောရှည်ချင်လို့ပါဘုရား) သတောပါပလား....(ပါ-ပါပြီ ဘုရား)။

ဒါဖြင့် တပည့်တော်တို့ဘုရား.... အငိုဇာတ်တော့ဖြင့် စခန်း သတ်ပါတော့မယ်ဆိုယင် ဘာလုပ်ရမလဲ (မဂ္ဂင်အလုပ်-လုပ်ရပါ မယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ငိုကျောရှည်တာနဲ့ အငိုတိတ်ဘို့ကို မနည်းဟောရပါကလား၊ နာရီသုံးမတ်တောင် ကြာသွားတယ်....(မှန်ပါ့) တကာ တကာ မတို့ မသိလို့ ဖေါ်နေရတာခနဲ့ .. (မှန်ပါ့) မသိလို့ ဖေါ်နေရတာ၊ ဦးဝကြီးဟာ နည်းတဲ့အသက်မဟုတ်ဘူးဗျ....(မှန်ပါ့) အခုထက်ထိ ငိုကျောရှည်တဲ့လမ်းကို လိုက်တုန်းရှိသေးတယ်.... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

သားခင်၊ သမီးခင်၊ ဆွေခင်၊ မျိုးခင်ဆိုတာ ဘာတုံး.... (ငိုကျောရှည်လမ်း လိုက်ဘာပါ) မဂ္ဂင်လမ်းကို သူ- ကောင်း ကောင်းမှန်မှန် မလိုက်သေးဘူးဗျ... (မှန်ပါ့)။

ဘာဖြစ်လို့ တုံးဆိုတော့ အငိုမတိတ်ချင်သေးလို့....(မှန်ပါ့) ဒီအရွယ်ကြီးဟာ မကောင်းတော့ဘူးဗျ....(မကောင်းပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက်က တကာ တကာမတွေဟာ ကိုယ့်အရွယ်နဲ့ ကိုယ် ကောင်းကြသေးရဲ့လား....(မကောင်းပါဘုရား) ဒါဖြင့် ငိုကျော ရှည်တဲ့လမ်းနဲ့ အငိုတိတ်တဲ့လမ်းကို ဘယ်လမ်း လိုက်မလဲ....(အငို တိတ်တဲ့လမ်း လိုက်ပါ့မယ်) အပြောတော့ ဟုတ်နေတာဘဲ.... (မှန်ပါ့)။

ဦးဘတင်ရေ....အပြောတော့ ဟုတ်နေတာဘဲ၊ လုပ်ပုံ ကိုင်ပုံတွေ ကြည့်ရတာဖြင့် တကာတကာမတို့ နေ့စဉ်ငိုဘို့ရှာနေကြ တာဘဲ....(မှန်ပါ့) မရှာကြဘူးလား....(ရှာပါတယ်ဘုရား)။

ကိုင်း.... ဒါဖြင့် သိမ်းတတ်ပလား....(သိမ်းတတ်ပါပြီဘုရား) ကိုယ့်မျက်ရည်ကိုယ် သိမ်းမှရမယ်....(မှန်ပါ့) ဘာဖြစ်လို့ တုံး.... ဆိုတော့ ကိုယ်-ငိုချင်လို့ ရှာထားတာကို ဒါတွေ လွှင့်ပစ်လိုက် လို့ရှိယင် ငိုစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

လှုံ့ပစ်လိုက်ဆိုတာက ဒီအပေါ်မှာ ခင်တွယ်တဲ့ သမုဒယသစ္စာကို သတ်ရဦးမှာ ဦးဘတင်ရ....(မှန်ပါ့) သတ်လိုက်လို့ရှိယင် အဝိုမတိတ်ဘူးလား....(တိတ်ပါတယ်ဘုရား)။

ဒါဖြင့် စကားနှစ်လုံးတည်းဘဲ တကာ တကာမတွေ ဟောနေပါတယ်၊ ဝိုကျောရှည်ချင်လို့ရှိယင်ဖြင့် ခန္ဓာခင်တဲ့၊ ပစ္စည်းခင်တဲ့အလုပ်ကို လုပ်ပါ....(မှန်ပါ့) ဝိုကျောရှည်ချင်ယင် ခန္ဓာပစ္စည်း ခင်တွယ်တဲ့အလုပ်-လုပ်ပါ....(မှန်ပါ့) အဲဒါ ဝိုကြောရှည်တဲ့လမ်းဘဲ....(မှန်ပါ့) ခန္ဓာနဲ့ ပစ္စည်းမခင်တဲ့ မဂ္ဂင်အလုပ်ကို လုပ်လို့ရှိယင်....(အဝိုတိတ်တတ်တဲ့အလုပ်ပါဘုရား) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဝိုကျောရှည်တဲ့အလုပ်က ခန္ဓာနဲ့ ပစ္စည်းကိုရှာဖွေပြီးသကာလ မခဲနိုင်,မခွါရက်ဖြစ်နေတဲ့ အလုပ်တွေဟူသ၍ ဝိုကျောရှည်ချင်လို့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့အမြင်နဲ့ ပြောရမယ်ဆိုယင်တော့ဖြင့် ဒီတရားဟာ ကန်သန်ဘဲ....(မှန်ပါ့) ခင်ဗျားတို့က သားနဲ့သမီးနဲ့ ဝေးတော့မယ်ဆိုလို့ရှိယင် အဝေးမှာဘဲ ခဲခွါပြီး နေရတော့မဲ့ယ်ဆိုလို့ရှိယင် ခင်ဗျားတို့မကြိုက်ဘူး....(မှန်ပါ့ဘုရား) ကြိုက်ကဲ့လား....(မကြိုက်ပါဘုရား) ဘာဖြစ်လို့မကြိုက်သတုံးလို့ မေးလို့ရှိယင် ဝိုစရာဝေးနေလို့....(မှန်ပါ့) နီးနေတဲ့အခါကျတော့....(အနီး ဝိုရပါတယ်ဘုရား)။

ဒါဖြင့် အနီးဝိုနဲ့ အဝေးဝို ဘယ်ဟာ ကြိုက်ကြပါလိမ့်၊ အတော်ခက်ပါပေ့လား တကာတကာမတို့ အဝေးဝို့ အနီး ဝို့ ဘယ်ဟာကောင်းသတုံး.... (ဘယ်ဟာမှ မကောင်းပါဘုရား) တော်တော် ရိပ်မိလာကြပြီ....(မှန်ပါ့)။

တော်လာပြီ....တော်လာပြီ.... တကာတကာမတို့၊ နဂိုရိုက ခင်ဗျားတို့အထင်ကတော့ သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ အိမ်ထောင်ဖြစ်လို့ ခွဲခွါရတော့မယ်ဆိုတာတောင်မှ ကျေနပ်ကဲ့လှ်း (မကျေနပ်ပါဘုရား)။

အဝေးကို လှမ်းငိုရမှာက မကောင်းဘူး၊ နီးနီးနားနားတွင် လက်သိပ်ထိုးငိုရတာ.... (ကောင်းပါတယ်ဘုရား) အတော်ဆိုးနေတာ....(မှန်ပါ့) မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပြင်ကြဦးလေဗျာ၊ အငိုတိတ်တဲ့လမ်း ဘယ်လမ်းပါလိမ့်....(မဂ္ဂင်လမ်းပါဘုရား) အငိုမျှားတဲ့လမ်းက.... (ပစ္စည်းနဲ့ခန္ဓာ စွဲတဲ့လမ်းပါဘုရား) သားသမီးနဲ့ ပစ္စည်းလမ်းပေါ့ဗျာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်အလုပ်-လုပ်တာသည် တကာတကာမတို့ ပျင်းနေလို့ရှိယင် ကိုယ့်ကိုယ်ကိုယ် ဆုံးမပါ၊ မင်း-ငိုကျောရှည်ချင်သေးလို့ မင်း-ပျင်းတာလား၊ မရှက်သေးဘူးလား၊ လူပုံအလည်မှာ အရှက်တကဲ့ အကျိုးနည်းဖြစ်ခဲ့တဲ့ဘဝပေါင်း မရေမတွက်နိုင်တော့ဘူး၊ မင်းငိုခဲ့ရတာတွေ့ ဘယ်လောက်များ များမယ် ထင်ကြသတုံး....(မရေတွက်နိုင်ပါဘုရား)။

အဲဒီတော့ အရှက်တကဲ့ အကျိုးနည်း ဘယ်လောက်ဖြစ်ခဲ့သတုံး....(မရေတွက်နိုင်ပါဘုရား) အဲဒါဟာ ကိုယ့်ကိုယ်ကိုယ် ဆုံးမကြနော်....(မှန်ပါ့)။

ဝိပဿနာအလုပ်ကို မလုပ်ချင်တဲ့စိတ် ပေါ်လာလို့ရှိယင်

မင်းဟာ အရှက်တကဲ့အကျိုးနည်းငိုပဲ့ဆင်ချင်လို့ လားလို့မေးပါ-(မှန်ပါ့) ဒါဟာ ဝိပဿနာအလုပ် မလုပ်တိုင်း, မလုပ်တိုင်း ကိုယ့်ကိုယ်ကိုယ် မေးပါ....(မှန်ပါ့)။

မင်းသည်ကားလို့ ဆိုယင် အရှက်တကဲ့အကျိုးနည်း ငိုပဲ့ဆင်ချင်လို့လား၊ မလုပ်တိုင်း, မလုပ်တိုင်း မေးရမယ်....(မှန်ပါ့ဘုရား)။

လုပ်လာပြီဆိုမှဖြင့် မင်း-လိမ်မာလာပြီ၊ အငိုတိတ်ချင်တဲ့လမ်းကို မင်း-လိုက်လာပြီ၊ ဒါ....ကိုယ့်ကိုယ်ကိုယ် ပြောရမှာ....(မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အလုပ်-လုပ်ဘို့ ပျင်းတဲ့အခါကျတော့ ဘယ်လိုဆုံးမရမလဲ....(မင်း-ငိုပဲ့ဆင်ချင်လို့လားလို့ ဆုံးမရပါမယ်ဘုရား)အဲ... အရှက်တကဲ့ အကျိုးနည်း ငိုပဲ့ဆင်တဲ့လမ်းကို မင်း-ကြုံချင်သေးလို့လား (မှန်လှပါဘုရား) ဘယ်သူ့မေးရမှာတုံး.... (ကိုယ့်ကိုယ်ကိုယ် မေးရမှာပါဘုရား) လုပ်တဲ့အချိန်ကျလို့ရှိယင်ဖြင့် မင်း-လိမ်မာလာပြီ- ကိုယ့်ကိုယ်ကိုယ် ဝမ်းသာပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ....ခင်ဗျားကိုသည်ကားလို့ဆိုယင်အလွန်ကို ရှင်းအောင်ပြောနေတာဘဲ ဒီဥစ္စာ....(မှန်လှပါဘုရား)။

အဲဒါ.... ဝိပဿနာမလုပ်တိုင်း, မလုပ်တိုင်း ကိုယ့်ကိုယ်ကိုယ် မေးပါ၊ တောင် စကား- မြောက် စကား တွေ့ကို အားတဲ့အချိန်ကလေးမှာ ပြောမည်ကြံယင် မပြောချင်နဲ့၊ ဒါဟာ ငိုပဲ့အကြောင်းပြောနေတာ၊ သားအကြောင်း သမီးအကြောင်းဘဲ ပြောမှာကိုး....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီ.ပြင် ဘာမျာ:ပြောစရာရှိသေး:သတုံ:....(မပြောပါဘုရား) ငုံပွဲအကြောင်:တော့ ဇာတ်သိမ်:ပါတော့မယ် မပြောပါနဲ့တော့ ရိပ်မိပလော:....(ရိပ်မိပါပြီဘုရား:)။

တကာတကာမတွေ့ အခု ဒီဥစ္စာကို သေသေချာချာမှတ်ပါ (မှန်ပါ့) စကာ:မို့.ပြောယင် ခင်ဗျာ:တို့က ငုံပွဲအကြောင်: ပြောတာဘဲ.... (မှန်လှပါဘုရား) ဒီ.ပြင် ဘာမျာ:ပြောသေး: သတုံ:....(မပြောပါဘုရား:)။

သာ:အကြောင်:ပါမယ်၊ သမီ:အကြောင်:ပါမယ်၊ ဆွမျိုး: အကြောင်: ပါမယ်၊ စီ:ပွါ:ရေး: အကြောင်: ပါမယ်၊မိတ်ဆွေ အကြောင်:ပါမယ်....(မှန်ပါ့) ဒီ.ပြင် ဘာပါစရာလို့သေး:သတုံ: (မပါ-ပါဘုရား:) အဲဒါတွေဟာ ဘာတုံ:ဆိုတော့ ငုံစရာချည့်ဘဲ၊ မဟုတ်ဘူ:လော:.... (မှန်လှပါဘုရား:) သဘောကျပလော:.... (ကျပါပြီဘုရား:)။

အဲဒီတော့ ဝိပဿနာ အ လုပ်, မလုပ်တိုင်: ဘယ်လိုဆုံ:မ မတုံ:(အရှက်တကဲ့အကျိုး:နည်:ငုံပွဲဆင်ချင်လို့.လော:) ရှင်:ပလော: (ရှင်:ပါပြီဘုရား:)။

ဒါကို မပြောတော့ဘူ:၊ ခန္ဓာကိုယ်လှည့်ပြီး: ရှုနေပြီဆိုမှဖြင့် သြော်....မင်: ပါ:လာပြီ၊ မင်:-အငိုတိတ်တဲ့လမ်:ကိုလိုက်လာပြီ၊ မင်:ကိုယ်မင်: သနား:ပြီ၊ ရှင်:ပလော: .... (ရှင်:ပါပြီဘုရား:) လိုက်တတ်ပလော:....(လိုက်တတ်ပါပြီဘုရား:)။

ပြင်ဦ:နော် တကာတကာမတွေ့.... အရှယ်တွေ့ ကြီ:ကုန်ပြီ၊ ပြင်စရာရှိတာကလေ:ပြင်ပါဦ:၊ မပြင်ဘဲ သေသွား:ယင် အရိုင်:

သေဖြစ်သွားဦးမယ်၊ အယဉ်သေ ဖြစ်ပါဦးမလား.... (မဖြစ်ပါဘုရား) အင်မတန် ဆိုးဝါးမသွားပေဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် အခု ပြင်ချိန် ပြင်ပါလို့ သတိပေးပါတယ်.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါဘုရား)။

ကိုင်း....ဒါဖြင့် ဦးဘအုန်းတို့-ဦးဇံရင်တို့ မဂ္ဂင်ကို အားကိုးမှသာလျှင် အဝိုတိတ်တယ်ဆိုတာသိနေတော့ မဂ္ဂင်ကလဲ တကာတကာမတို့ ဝိပဿနာမဂ္ဂင်တမျိုး၊ လောကုတ္တရာမဂ္ဂင်တမျိုး.... (မှန်လှပါဘုရား)။

ဝိပဿနာမဂ္ဂင်ပိုင်ယင်တောင် ခင်ဗျားတို့ ဒီဘဝ အဝိုတိတ်တယ်(မှန်ပါ့) တဘက်လောကုတ္တရာမဂ္ဂင်ပိုင်မယ်ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ အကုန်အဝိုတိတ်တယ်.... (မှန်ပါ့) တဘဝ အဝိုတိတ်-တောက်လျှောက်အဝိုတိတ်ကွာတယ်....(မှန်ပါ့ဘုရား) မကွာဘူးလား....(ကွာပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ မဂ္ဂင်ဘဲ အဝိုတိတ်လမ်း ရှိပါတော့လား....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဝိုတိတ်လမ်းဟာ ဘာပါလိမ့်.... (မဂ္ဂင်လမ်းပါဘုရား) အပူသိမ်းလမ်းဟာကော....(မဂ္ဂင်ပါဘုရား)အဆိုးသိမ်းလမ်းဟာကော....(မဂ္ဂင်ပါဘဲဘုရား) သိပ် အဘိုးတန်ပါကလား မဂ္ဂင် တရားဟာ.... (မှန်ပါ့ဘုရား) ဦးဘတင် သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီလမ်းကိုဖြင့် ဖြောင့်ဖြောင့်ကြီး လိုက်ဘို့ ကောင်းပြီ.... (ကောင်းပါပြီဘုရား) တိုက်တွန်းတာ သဘောတူကြပလား....(တူပါတယ်ဘုရား)။

ဘယ်လို သဘောတူတာတုံး....(မဂ္ဂင်လမ်းလိုက်ဘို့သဘောတူပါတယ်ဘုရား) မဂ္ဂင်လမ်းကို အရှင်ဘုရား ပြသာပြပါတော့ အဖြောင့် လိုက်ပါတော့မယ်ဘုရား....၊ အငိုလဲ တိတ်တဲ့လမ်း အသေလဲရပ်တဲ့လမ်း ဆိုလို့ရှိယင်ဖြင့်ဒီ လမ်းတဲ့ကောင်းတာဖြင့် ဘယ်ကိုရှာရှာ ရှိပါဦးမလား....(မရှိပါဘုရား) လမ်းကောင်း လမ်းမှန်ဘဲဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားက သောကပရိဒေဝါနံ သမတိက္ကမာယ သောကပရိဒေဝလဲ သေသေချာချာ ငြိမ်းပါတယ်လို့ သတိ ပဋ္ဌာန်မှာ ဦးဘတင် ဟောတော်မူတယ်....(မှန်ပါ့)မူပါဘူးလား (ပါ-ပါတယ်ဘုရား) သောကဆိုတာ စိုးရိမ်တာ....(မှန်ပါ့) ပရိဒေဝဆိုတာ ငိုတာမဟုတ်လား၊ သမတိက္ကမာယက လွန်ပါတယ်....တဲ့....(မှန်ပါ့) စိုးရိမ်ခြင်း- ငိုခြင်းဆိုတော့ မဂ္ဂင်ကိုသာ အားထုတ်ပါ၊ သေသေချာချာ အငိုတိတ်ပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ-ဘုန်းကြီးက အရမ်းပြောနေတယ်မျာ်းထင်ကြသလား၊ တရားတော်က ဒီလိုဟောလို့ ပြောရတာလား....(တရားတော်က ဟောလို့ ပြောရတာပါဘုရား)။

ဩော်... ဒါဖြင့် အငိုတိတ်ပြီ ခင်ဗျားတို့....(မှန်ပါ့) မတွေ့သေးဘူးလား....(တွေ့ပါတယ်ဘုရား) ဘာတွေ့ပါလိမ့်.... (မဂ္ဂင်တွေ့ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အဲဒီကစ,ပြီးသကာလ အဝိုတိတ်လမ်းကိုဖြင့် လိုက်ဖြစ်အောင်လိုက်ပါတော့....(မှန်ပါ!) တိုက်တွန်းစရာကိုယ်ကိုယ်တိုင်ပြေးသွားစရာ (ကိုယ်ကိုယ်တိုင်ပြေးသွားစရာပါဘုရား)။

ပြေးတော့ ပြေးချင်တယ်ဘုရာ့၊ သားရေး,သမီးရေး,စီးပွါးရေး သူတို့ကို နည်းနည်း ငဲ့နေလို့များ လုပ်မှုနေကြပါနဲ့.... (မှန်ပါ!) ငဲ့ယင် ငိုချင်သေးလို့....(မှန်ပါ!)။

ငဲ့ယင် ဘယ်နှယ်ဆိုကြမလဲ.... (ငိုချင်သေးလို့ပါဘုရား) အဲဒီတော့ ကိုယ့်ဟာကိုယ်များ ငဲ့တဲ့စိတ်ကလေး ပေါ်လာလို့ ရှိယင် မင်းလောက်မိုက်တာကတော့ မရှိပါဘူးလို့ ကိုယ့်ကိုယ် ကိုယ် မြည်ကြစမ်းပါဦး....(မှန်ပါ!) ဘယ်သူ မြည်ရမှာတုံး.... (ကိုယ့်ကိုယ်ကိုယ် မြည်ရမှာပါဘုရား) မြည်တာကိုလဲ ချော့ပြီး မြည်မနေနဲ့၊ အမိုက်က လွှန်နေတယ်... (မှန်ပါ!) သဘောကျပလား....(ကျပါပြီဘုရား)။

ချော့မြည်ရမှာလား၊ ဇွတ်တိုးမြည်ရမှား (ဇွတ်တိုးမြည်ရမှာပါဘုရား) ရဲပါ့မလား.... (ရဲပါတယ်ဘုရား) ရဲအောင်လုပ်ခင်ဗျားတို့ ဒါမှ နေရာကျမယ်....(မှန်ပါ!) မရဲသေးသရွေ့ကာလပတ်လုံး လိုသေးတယ်ဆိုရမှာဘဲ....(မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မျက်လုံး သေသေချာချာမြင်လာလို့ရှိယင်ဖြင့် ဒါ... အငိုလမ်း၊ ဒါက အငိုတိတ်လမ်းဆိုတာ ပေါ်လာတယ်....(မှန်ပါ!)။

မျက်လုံးလာယင် ဘယ်နှယ်ပါလိမ့်....(အငိုလမ်းနဲ့ အငိုတိတ်လမ်း ပေါ်လာပါတယ်ဘုရား)။

အဝိုလမ်းနဲ့ အဝိုတိတ်လမ်းသည် တကာတကာမတို့ ဟောဒါ ခန္ဓာငါးပါးဘဲ၊ ခန္ဓာငါးပါးကို မနေ့က ပြောခဲ့ပြီ၊ ရူပက္ခန္ဓာက ဆေးရုံကြီးဆိုတာ မနေ့က ပြောခဲ့လို့ နားလည်ပါပြီ....(မှန်ပါ့ဘုရား)။

ဝေဒနက္ခန္ဓာက အနာ၊ စိတ်ဆိုတဲ့တရားက အနာပေါက်ရာဌာန၊ သညာက မသင့်တဲ့အစာ၊ သင်္ခါရက မသင့်တဲ့ဆီသို့ အမြဲ တွန်းထုတ်နေတဲ့ တရား၊ ဒီတော့.... ခန္ဓာငါးပါးသည် ခင်ဗျားတို့-ကျုပ်တို့ သာယာစရာတက္ကဆိပါရဲ့လား.... (မပါ-ပါဘုရား)။

ဒါဖြင့် ရောဂတောဆိုသဖြင့် ဘယ်အချိန်မဆိုရောဂါမရှိဘူးလား.... (ရှိပါတယ်ဘုရား) ဒီတရားနာနေတဲ့ တကာတကာမတွေ ခန္ဓာငါးပါးမှာ ဘယ်အချိန် ရောဂါကင်းသလဲ.... (ဘယ်အချိန်မှ မကင်းပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘယ်အချိန်မှ ရောဂါမကင်းဘူး....တဲ့၊ တကာ့တကာမတွေ ယခုတိုင်နေရတာ ဟိုဘက်စောင်းရ, ဒီဘက်စောင်းရ, ဒီဘက်ရှဲ့ရ မရှိဘူးလား.... (ရှိပါတယ်ဘုရား) ဟာ....ရောဂါထသွေ့ဒီဥစ္စာ....(မှန်ပါ့)။

ဟိုစောင်း, ဒီရှဲ့ဟာ ဘာပါလိမ့်.... (ရောဂါထလို့ပါဘုရား) ဟိုဟာကလေး, ဒီဟာကလေး ခြုံထားရတာဟာ.... (ရောဂါထလို့ပါဘုရား) ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ရောဂါသည်ကြီးပါကလား....(မှန်ပါ့)။

ဦးဘတင်ဘယ့်နှယ်ဆိုကြမလဲ(ခန္ဓာသည်ကြီးဟာရောဂါသည်ကြီးပါဘုရား) ဟိုဘက်စောင်းရ, ဒီဘက်စောင်းရ နေရပြန်ပြီတကာတကာမတို့၊ ဘာဖြစ်လို့တုံး.... (ရောဂါထနေလို့ပါဘုရား) ဟိုဘက်စောင်းလိုက်, ဒီဘက်စောင်းလိုက်....(ရောဂါထတာပါဘုရား) ဟိုဘက်အနာပေါက်တာ ဟိုဘက် သက်သာအောင်လို့ ဒီဘက် စောင်းလိုက်တယ်.... (မှန်ပါ့) ဒီဘက်ကထပ်ပြီးပေါက်လာတာနဲ့ ဟိုဘက် ရွှေ့ရပြန်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ မြည်နေကြတာဘဲ၊ ခွေးတွေမျှားလာယင် ခွေးနေရာမရသလိုပါဘဲ၊ ဒီခွေး ခက်လိုက်တာ ခွေးနေရာမရဘူးဆိုတာဟုတ်တယ် နင်ဘဲ စသည်နဲ့ မဆိုဘူးလား- ဆိုသလား....(ဆိုပါတယ်ဘုရား) ခင်ဗျားတို့ကလဲ တနေရာတည်း ထိုင်လို့ပြုလို့ ရရဲ့လား.... (မရပါဘုရား) ရွှေ့ရပြောင်းရတယ်ဆိုတာသဘောကျပလား....(ကျပါပြီဘုရား) အင်း....ဘာဖြစ်ကြတာတုံး....(ခွေးနေရာမရသလိုပါဘုရား) ရောဂါထ,လို့၊ ရိပ်မိပလား....(မှန်ပါ့-ရိပ်မိပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် ဟိုဘက်ဒီဘက်စောင်းရတာလဲ ရောဂါကတကာတကာမတို့၏ ခန္ဓာကိုယ်ကြီးထဲမှာ ရောဂတော ရှိတယ်ဆိုတဲ့အတိုင်း ရောဂါအမြဲရှိနေတယ်....(မှန်ပါ့) မရှိဘူးလား.... (ရှိပါတယ်ဘုရား့)။

ကောင်းပြီ....ဟိုစောင်း,ဒီစောင်းနဲ့ စောင်းတုန်းရှိသေးတယ်၊ အတွင်းကနေပြီးသကာလ ကုဋ္ဌီကျင်ငယ်သွားချင်တဲ့ရောဂါတွေထ,လာတယ်... (မှန်ပါ့)။

ဟိုစောင်း၊ဒီစောင်းနဲ့ ဒီအနာကုတုန်းရှိသေးတယ်ဟိုအနာက ကြွလာပြီ....(မှန်ပါ့) ဘယ့်နှယ်ဖြစ်တာတုံး....(ရောဂါထ,တာပါဘုရား) ဒီအနာပျောက်လို့လား.... (မပျောက်သေးပါဘုရား) ဩ.... ဆက်မိနေတယ်ဆိုလိုက်ပါတော့....(မှန်ပါ့) ဒီအနာနည်းနည်းကလေးပြုပြင်ရော ဟိုအနာထ,လာတာဘဲ... (မှန်ပါ့) ရိပ်မိကြရဲ့လား....(ရိပ်မိပါတယ်ဘုရား)။

ဘယ်အချိန်အဆွေရာယ်ကင်း ဘေးရှင်းသတုံး....(ဘယ်အချိန်မှမကင်းပါဘုရား) ဒါဖြင့် ဒီရောဂါကြီး သေသေချာချာရှိတယ်ဆိုတာ တကာတကာမတွေ့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ....အရိယာမျက်လုံးတပ်ကြည့်မှ မြင်တယ်ဗျာ (မှန်ပါ့) အရိယာမျက်လုံး တပ်မကြည့်လို့ရှိယင်ဖြင့် ဖီးလိမ်းကာခြုံကာရုံကာနဲ့နေကြလို့ ရှိယင် ကျန်းမာပါရဲ့လား မေးတာတောင် စိတ်ဆိုးချင်ဆိုးဦးမှာ(မှန်ပါ့)မမြင်ဘူးလား-အခုနေတာထိုင်တာလဲ့ အော်ချင်အော်ပစ်ဦးမှာ....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

တယ်လဲ့ ခင်ဗျားတို့ဥစ္စာက ခက်ပါလား၊ မျက်လုံးကလဲ့ တိမ်သလာမစင်တော့ အတွင်းရောဂါ သူမြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

ဒါဖြင့် တကာဘကာမတွေ့ဒီရောဂါဆိုးကြီးမြင်ဘို့ရာဆိုတာကဖြင့် ဝိပဿနာမျက်လုံးနဲ့ ရှုးဦးစွာကြည့်ကြ....(မှန်ပါ့ဘုရား) ကြည့်လိုက်တဲ့အခါကျတော့ ဟိုဘက်က အနှာတလုံး ပေါက်လာတဲ့အခါ 'ဖူပ်'ဆို ကြွလိုက်တဲ့အခါ ဒီအနာက ပျောက်

မသွားဘူးလား....(ပျောက်သွားပါတယ်ဘုရား) ပေါက်တဲ့အနာ ပျောက်သွားပြီ၊ ဟိုဘက်က အနာထပ်ပေါ်တယ်.... (မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဟိုဘက်က အနာထပ်ပေါ်တော့ တကာတကာမတွေ့တနေ့ လုံး ဘာလုပ်နေတာနဲ့ အချိန်ကုန်သဘုံးဆိုယင် အနာ လှည့်ကုနေရတာနဲ့ အချိန်ကုန်ပါတယ်ဘုရား)။

ဘာနဲ့အချိန်ကုန်သလဲ(အနာလှည့်ကုနေရတာနဲ့ အချိန်ကုန် တာပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ လှုပ်တိုင်းရှားတိုင်းဟာ ဖြစ်ပျက်ချည့်ဘဲ၊ အဲဒါ....အနာပေါက်နေတာချည့်မှတ်ပါ့.... (မှန်ပါ့) ဒီဘက် အငြိမ်မနေလို့ လှုပ်လိုက်ပြန်လို့ ရှိယင်လဲ အနာတလုံးက ဖြစ်ပြီး ပျက်သွားပြန်ပြီ....(မှန်ပါ့)။

ဟိုဘက် အနာတလုံးက ဖြစ်ပြီး ပျက်ဘို့ရာပေါက်လာပြီ.... (မှန်ပါ့) မပေါက်ဘူးလား....(ပေါက်ပါတယ်ဘုရား) ဒါဖြင့် ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် ဖြစ်ပျက်တွေ့ဟာ အနှံတွေ့မှာ ဘဲ့....(မှန်ပါ့)။

ဖွေ့တိုင်း,ဖွေ့တိုင်း တကာတကာမတွေ့ကဝေဒနာ ဖြစ်ပျက်တွေ့လဲ ဒါဟာ ရောဂါတွေ့ဘဲ့၊ စိတ်ဖြစ်ပျက်တွေ့လဲ....(ရောဂါတွေ့ပါဘုရား)။

ရောဂါတွေ့ဘဲ့ တကာတကာမတို့၊ ဒီရောဂါကမှ အင်မတန် ကြီးတဲ့ ရောဂါပါဘဲ့....(မှန်ပါ့) မြေကိုက်တာက မြေနှိုင်တဲ့ ဆရာနဲ့ ကုလိုက်ယင် ပျောက်သေးတယ်၊ သူက ဘယ်တော့မှ ပျောက်တဲ့ရောဂါတုံး....(မပျောက်ပါဘုရား) ဆေးကုလို့ကောအားတဲ့အချိန်ရှိသေးသလား....(မရှိပါဘုရား)။

အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးဟာ ရောဂတော ဆိုတဲ့ဥစ္စာ လေးလေးနက်နက် ပါတာ သဘောကျပလား .... (ကျပါပြီဘုရား)။

ဩော်....ဒါဖြင့် ဒါဟာ ဘယ်မျက်လုံးတပ်လို့ မြင်တာပါလိမ့်.... (အရိယာမျက်လုံးတပ်လို့ မြင်တာပါဘုရား) အရိယာမျက်လုံးတပ်လို့ မြင်တဲ့အခါကျတော့ အရိယာမဂ္ဂင် ခင်ဗျားတို့ဝမ်းထဲ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါက ခန္ဓာငါးပါးထားပါ။ ဒီဘက်ကနေ မဂ္ဂင်ငါးပါးနဲ့ ကြည့်လိုက်တော့ ရောဂါတွေ့ မမြင်ဘူးလား.... (မြင်ပါတယ်ဘုရား) ဖြစ်ပျက်ရောဂါတွေ့ပေါ့ဗျာ....(မှန်ပါ့) မြင်တဲ့အခါကျတော့ ဒီမြင်တဲ့တရားကို ဘာဓာတ်ကြမတုံး....(မဂ္ဂင်ပါဘုရား) မဂ္ဂင်ငါးပါးလို့ မခေါ်နိုင်ဘူးလား.... (ခေါ်နိုင်ပါတယ်ဘုရား)။

အဲ... မဂ္ဂင်ငါးပါးနဲ့ကြည့်လိုက်တဲ့အခါကျတော့မှ ခုနင်က တိမ်သလာမျက်လုံးတွေ့ တိမ်သလာဖုံးနေတာတွေ့ ပျောက်ပြီး သကာလ ဆေးကောင်းဝါးကောင်းနဲ့တွေ့တဲ့ အရိယာမျိုးစေ့မျက်လုံး ခင်ဗျားတို့ရတော့မှ ရောဂတော သဘောကျတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ရောဂါ ဘယ်အခါကင်းပါလိမ့် (ဘယ်အခါမှ မကင်းပါဘုရား) ရောဂါကင်းနေတယ်လို့ ဝန်ခံလို့ ရှိယင် မိုက်တာမှတပါး ဘာမှ အဓိပ္ပါယ် မရှိဘူး....တဲ့.... (မှန်ပါ့) ရောဂါကင်းနေတယ်လို့ ယူယင် လူမိုက်တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရောဂါကင်းနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်လို့ ရှိယင်.... (လူမိုက်ပါဘုရား) အဲ .... နကုလမာတာ- နကုလမိတာတို့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေသေချာချာ ဟောတယ်၊ မိုက်မဲတဲ့ပုဂ္ဂိုလ်မှတပါး အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘယ် အချိန်မှ ရောဂါမကင်းဘူးဆိုတာ သေသေချာချာသိကြပါလို့ ခင်ဗျားတို့ကို အရင်တုန်းကလဲ ဟောခဲ့ပါတယ်.... (ဟောခဲ့ပါတယ်ဘုရား) ရှင်းပလား တကာ တကာမတို့.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာကိုယ် ကြီးဟာ ဖြစ်ပျက် ဖြစ်ပျက်နဲ့ စိတ် ကလေးကြည့်လိုက်ပြန်လဲ ဖြစ်ပျက်၊ ရုပ်ကလေးကြည့်လိုက်ပြန်လဲ (ဖြစ်ပျက်ပါ)အဲဒါတွေ ဘာတွေတုံး.... (ရောဂါတွေပါဘုရား) သဘောကျပလား.... (ကျပါပြီ) မြင်ပလား ဒီရောဂါကို.... (မြင်ပါပြီဘုရား)။

မြင်အောင်ကြည့်ပါတဲ့၊ ရောဂါမြင်တဲ့အခါကျတော့ ရောဂါကို မြင်လာပြီဆိုလို့ ရှိယင်ဖြင့် နဂိုရိတုန်းက ဒီခန္ဓာကြီးကိုဖြင့် ခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုပြီး သူ့ကိုစဲလမ်းနေတဲ့ ဥပါဒါန် တွေမလာဘူးလား.... (လာပါတယ်ဘုရား)လာတော့ ကံလာ တယ်....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

ဘာဖြစ်လို့ လာပါလိမ့်ဆိုတော့ ရောဂါမမြင်လို့ ခင်နေ တာ..(မှန်ပါ့) ခင်လို့ ကာယကံ, ဝစီကံတွေနဲ့ နောက်ထပ် ဒီခန္ဓာကြီးမျိုးရအောင် အားထုတ်တယ်....(မှန်ပါ့)အားထုတ်လို့ ဒီဘက်မှာ ရောဂါသည်တခုပေါ်တာဘဲ....(မှန်ပါ့) မပေါ်ဘူး လား....(ပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍိပရဖိုဇ်ကိုဟောတယ်၊ မင်းသည်ကားလို့ဆိုယင် သူတော်ဆည်းကပ်၊ မြတ်တရားနာ လျော်စွာကျင့်ဆိုတာမျှား မပါလို့ရှိယင် ဖြင့် မင်းသည်ကားလို့ဆိုယင် မျက်လုံးကန်းဘဲ၊ အာရောဂျ ပရမံလာဘ လို့ဆိုတာမင်းသိမှာမဟုတ်ပါဘူးတဲ့ (မှန်ပါ့)နိဗ္ဗာနံ ပရမံသုခံလဲ မင်းသိမှာမဟုတ်ဘူးတဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အခုတော့ တကာတကာမတို့သိပြီ၊ အာရောဂျ ပရမံလာဘ ဆို ခန္ဓာရှိမှ....(မှန်ပါ့) နိဗ္ဗာနံပရမံသုခံဆိုတာကော.... (ခန္ဓာရှိမှ ပါဘုရား)။

အဲဒါကို အားကိုးရာအဖြစ်နဲ့ 'အဌင်္ဂိကောစ မဂ္ဂါနံ' မဂ္ဂင်ရှစ်ပါးပြည့်အောင် မင်းတို့လုပ်မှသာလျှင် ခုနှင်ကအငိုတိတ်ပါလိမ့်မယ်တဲ့၊ အနာလဲ ပျောက်ပါလိမ့်မယ်တဲ့....(မှန်ပါ့)သဘောကျပလား ..(ကျပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးမှတပါး ခင်ဗျားတို့ဘာမှ အားမကိုးနဲ့၊ သဘောကျပလား.... (ကျပါပြီ) ကဲ....ဒါဖြင့် ရောဂါမြင်ကြပလား....(မြင်ပါပြီဘုရား) ဘယ်သူကိုကြည့်ရမှာပါလိမ့် .... (ခန္ဓာကိုကြည့်ရပါမယ်) ဘယ်အချိန် ရောဂါကင်းသတုံး .... (ဘယ်အခါချိန်မှ မကင်းပါဘုရား)။

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်ဆိုတဲ့အနာတွေဟာ မပေါက်ဘူးလား....(ပေါက်ပါတယ်) ရောဂါမြင်တဲ့ပုဂ္ဂိုလ်ကျတော့ ဒါမျက်လုံးမြင်လာလို့ ရောဂါမြင်တာနော်.... (မှန်ပါ့) မျက်လုံးမမြင်တုန်းကဖြင့်....(မမြင်ပါဘုရား)ကျန်းမာပါတယ်လို့ ပြောနေကြတယ်၊ မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ရောဂါကို မင်းကောင်းကောင်း သိလို့ရှိယင် ဥပဒါန်ချုပ်ပါလိမ့်မယ်တဲ့....(မှန်ပါ့) မချုပ်ဘူးလား.....(ချုပ်ပါတယ်) ဥပဒါန်ချုပ်ယင် ကံကကော....(ချုပ်ပ၊ါတယ်)ကံကချုပ်တဲ့အခါ လာလတံ့ ဇာတိခန္ဓာကော .... (မလာပါဘုရား) ဒါဖြင့် ဒုက္ခကွန္ဓသာ နိရောဓောဟောတိဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

ဒုက္ခအစုကြီး ဘာတဲ့တုံး .... (ချုပ်ပါတယ်ဘုရား)ဘယ်လို မြင်မှုချုပ်ပါလိမ့်....(ခန္ဓာငါးပါးကိုရောဂါလို့မြင်မှုပါ)ရောဂါတွေမြင်မှ....(မှန်ပါ့)။

တကာတကာမတို့ ခန္ဓာငါးပါးတည်းဟူသော တရားကား ဖြစ်ပျက်တွေမရှိဘူးလား....(ရှိပါတယ်) အဲဒီဖြစ်ပျက်ရောဂါတွေမြင်မှ ကိုယ့်ခန္ဓာ ကိုယ်မခင်တာ .... (မှန်ပါ့) မခင်တော့ ဥပဒါန်မပြုတ်ဘူးလား....(ပြုတ်ပါတယ်) ဥပဒါန်ပြုတ်ယင် ကံပြုတ်၊ ဥပဒါန်ပစ္စယာ ကမ္မဘဝေါလဲပြုတ်တယ်.... (မှန်ပါ့) ကမ္မဘဝပြုတ်လို့ရှိယင်....(ဇာတိပြုတ်ပါတယ်ဘုရား)။

ဇာတိပြုတ်, ဇရာပြုတ်၊ မရဏပြုတ်ဆိုတော့ တကာတကာမတွေ ငိုစရာရှိသေးရဲ့လား.....(မရှိပါဘုရား) ဘယ်သူက အငိုတိတ်အောင်လုပ်ပါလိမ့်.... (မဂ္ဂင်ကလုပ်ပါတယ်) ရောဂါကို မြင်တဲ့မဂ္ဂင်ကလုပ်တယ်.... (မှန်ပါ့) ရောဂါရှိတာကို မြင်တဲ့မဂ္ဂင်ကလုပ်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒီခန္ဓာကိုယ်ကြီးကို ရောဂါတွေအဖြစ်နဲ့ အပျက်မမြင်သေးသရွဲ့ကာလပါတ်လုံး ခင်ဗျားတို့ သည်ကားလို့ ဆိုယင် ဖြင့် ဒီခန္ဓာကြီး တောင့်တမှာဘဲ....(မှန်ပါ့) မတောင့်တဘူးလား.... (တောင့်တပါတဲ့ယ်ဘုရား)။

တောင့်တလို့ရှိယင် ဒီခန္ဓာအတွက်နဲ့ပဲ၊ ဒီခန္ဓာအတွက်နဲ့ဆေး၊ ဒီခန္ဓာကပဲ့ားထုတ်လိုက်တာတွေ့ အတွက်လဲပူဆွေးမဟုတ်ဘူးလား....(မှန်ပါ့) သူနဲ့ပါတ်သက်ပြီး ခွဲ့ားမတွေ့, သမက်တွေ့ဒါတွေနဲ့လဲ ဘာဖြစ်ရမလဲ .... (ပူဆွေးရပါမယ်) ပူဆွေးရဉီးမှာဘဲ၊ ကိုယ့်ခန္ဓာက ပဲ့ားလိုက်တာတွေ့ဟူသ၍ ကိုယ့်ခန္ဓာကိုကမျက်ရည်ကျစရာ ရထားတဲ့ခန္ဓာ .... (မှန်ပါ့) သူကပဲ့ားတာတွေ့ကကော.... (မျက်ရည်ကျစရာတွေ့ပါဘုရား) တခြားပဲ့ားစရာတွေ့လိုသေးသလား....(မလိုပါဘုရား)။

အဲဒီအဓိပ္ပါယ်တွေ့ မာဂဏ္ဍိကိုဟောတာ.... (မှန်ပါ့ဘုရား) မင်းသည်ကားလို့ဆိုယင် မျက်လုံး မြင်အောင် လုပ်ပါ။ ခန္ဓာကြီးကို သိအောင်လုပ်စမ်းပါ။ နို့မဟုတ်လို့ရှိယင်ဖြင့် ငိုကျောရှည်သာ မင်းလိုက်ပြီးသကာလ နေမှာဘဲ....(မှန်ပါ့)အငိုတိတ်တဲ့လမ်းကို သွားမှာမဟုတ်ဘူးလို့ဆိုလိုတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်လမ်းကို လိုက်သင့်သလဲ.... (အငိုတိတ်တဲ့လမ်းကို လိုက်သင့်ပါတယ်) ဒါဖြင့် ဘာလုပ်ကြမယ်....(မဂ္ဂင်အားထုတ်ပါမယ်) မဂ္ဂင်ဆိုတာ ဘာကြည့်မှုမဂ္ဂင်ပေါ်မယ်....(ခန္ဓာငါးပါးကြည့်မှု မဂ္ဂင်ပေါ်ပါမယ်ဘုရား)။

ခန္ဓာငါးပါး၏ တပါးပါးဖြစ်ပျက်ကို မြင်လို့ရှိယင် ဖြစ်ပျက်တည်းဟူသောဇောဂါတွေ့မြင်လို့ရှိယင် တကာတကာမတို့မဂ္ဂင်လာမယ်....(မှန်ပါ့) မဂ္ဂင်လာသည်နဲ့ တပြိုင်နက်တည်း ဒါက ခန္ဓာငါးပါး၊ ဒီကမဂ္ဂင်ငါးပါး ရှစ်ပါးလာပြီဆိုပါတော့(မှန်ပါ့)ဒါက ဖြစ်ပျက် ဒါက မဂ်မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

သူလာကတည်းက ဒီဘက်ကကိုယ့်ခန္ဓာကြီးကို အနာမမြင်တဲ့ ဥပါဒါန်ကော မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား) ဥပါဒါန် ဆိုတာ အနာမမြင်လို့ စွဲလမ်းတာ.... (မှန်ပါ့) အနာမြင်ယင် ဒီခန္ဓာကြီးကို စွဲလမ်းသေးရဲလား....(မစွဲလမ်းပါဘုရား)။

ဒါဖြင့် အနာမြင်တဲ့နေရာကျတော့ ဥပါဒါန်ချုပ်တယ် .... (မှန်ပါ့) ဥပါဒါန်ချုပ်ယင်ကံကကော....(ချုပ်ပါတယ်ဘုရား) ကံချုပ်တော့ ဇာတိ, ဇရာ, မရဏ ကကော .... (ချုပ်ပါတယ် ဘုရား) မြင်တဲ့မဂ္ဂင်ပေါ်လာလို့ သူတို့ချုပ်ရတာ .... (မှန်ပါ့) မဂ္ဂင်သာမပေါ်သေးယင်....(မချုပ်ပါဘုရား) မချုပ်တော့ဘူး ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မာဂဏ္ဍပရိဗိုဇ်က ဘယ်လိုများ ပြောလိုက်သတုံးဆိုတော့ အရှင်ဘုရား တပည့်တော်မျက်လုံးမြင် ပါပြီတဲ့၊ အရှင်ဘုရားတပ်ပေးတဲ့ မျက်လုံးကြောင့် မြင်ပါပြီ၊ တပည့်တော် နဂိုရိုက ပြောတာက အာရောဂျ ပရမံလာဘာ ဆိုတာ ခန္ဓာကိုယ်ကြီးယူထားတယ်၊ နိဗ္ဗာနံပရမံသုခံ ဆိုတာလဲ ဒီခန္ဓာကိုယ်ကြီးဘဲ ယူထားတယ်၊ အခုတော့ အရှင်ဘုရားဟာ တော်မူတဲ့ တရားကြောင့် ခန္ဓာကိုယ်ကြီးဟာ ရောဂတောဆိုတဲ့ အတိုင်း ရောဂါအပြည့်ရှိနေပါကလားလို့ တပည့်တော်ကြားရ ပါပြီတဲ့၊ ကြားပင် ကြားငြားသော်လဲ တပည့်တော်ဟာ မသိ သေးဘူးတဲ့....(မှန်ပါဘုရား)။

မင်း ဘာမသိတုံးက၊ မင်းသိချင်လို့ ရှိယင် ဖြင့် ဆိုတဲ့ အဓိပ္ပါယ်နဲ့ တနေ့ကဟာကို ဟောပြန်တာဘဲ "သူတော်ဆည်း ကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့် မဂ်ဖိုလ်ခွင့်ရလင့် ဧကန် သာ' ဆိုတာ ဒီသုံးချက်ညီအောင် လုပ်ပါတဲ့....(မှန်ပါ့)။

မာဂဏ္ဍိပရိဗိုဇ်ကလဲလုပ်ပါ့မယ်ဆိုပြီး ရဟန်းခံပရစေဆိုပြီး တောင်းပန်တယ်....(မှန်ပါ့)အဲဒီတော့ သူ့ကိုရဟန်းခံပေးတော့ ကြိုးစားလိုက်ပါတယ်၊ ကြိုးစားလိုက်တော့ ဒီရောဂါတွေဟာ အကုန်မြင်ဘာဘဲ တကာတကာမတို့....(မှန်ပါ့)။

ရောဂါမြင်သည်နဲ့တပြိုင်နက်တည်း ဘာကစပြီးချုပ်သတုံး (ဥပါဒါန်ကစ ချုပ်ပါတယ်) ဥပါဒါန်ချုပ်ပြီး ဘာချုပ်သတုံး (ကံချုပ်ပါတယ်) ကံချုပ်ပြီး ဒီဘက်ကဘာတွေ ချုပ်သတုံး.... (ဇာတိ,ဇရာ, မရဏတွေချုပ်ပါတယ်ဘုရား)။

ရောဂါကို ဘာနဲ့မြင်သတုံးလို့ကြည့်.... (မဂ္ဂင်ငါးပါးနဲ့မြင်ပါတယ်)ဒါဖြင့် မဂ္ဂင်ငါးပါးသည် တကာတကာမတို့ရောဂါကို မြင်နိုင်တယ်....(မှန်ပါ့) ရောဂါကိုမြင်နိုင်တာ မဂ္ဂင်မှမြင်နိုင်တာ သဘောကျပလား .... (ကျပါပြီ)ရောဂါမြင်တဲ့ အတွက်လဲ ခန္ဓာတည်းဟူသော ရောဂါသည်ကြီးကို ဥပါဒါန်ကလဲ မစဲဘူး၊ ကံကကော....(အားမထုတ်ပါဘုရား)။

နောက်ရဘို့ အားထုတ်သေးရဲ့လား....(မထုတ်ပါ)ကံမှ အားမထုတ်ဘဲနဲ့ နောက်ခန္ဓာတွေ လာပါဦးမလား....(မလာပါ) နောက်ခန္ဓာမလာဘဲနဲ့ တကာတကာမတို့ ဘယ်ခန္ဓာ အတွက် ပူစရာ ဆွေးစရာ သောက, ပရိဒေဝလာဦးမလဲ....(မလာပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အငိုတိတ်ချင်ယင် ဘယ်လမ်းလိုက်မလဲ....(မဂ္ဂင်လမ်းလိုက်ပါ့မယ်ဘုရား) ငိုကျောရှည်ချင်ယင်တော့ စီးပွားရေးလမ်းစသည်လိုက်....(မှန်ပါ့) မှတ်မိပလား....(မှတ်မိပါပြီ) မဂ္ဂင်လမ်းဆိုတော့ ရောဂါမြင်အောင်ကြည့်၊ ခန္ဓာကို ဖြစ်ပျက်မြင်အောင်ကြည့်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီနေ့ည တရားမမျှားဘူး၊ နှစ်လုံးထည်းရယ်....(မှုန်၈၂) အောင့်တိတ်ချင်ယင်....(မဂ္ဂင်လမ်းလိုက်) ငိုကျော်ရှည်ချင်ယင်....(သားသမီးနဲ့ စီးပွားရေးလမ်း လိုက်ရပါမယ်) ဒါဖြင့် ဘယ်ဟာကို လိုက်ကြမတုံး....(မဂ္ဂင်လမ်းကို လိုက်ကြပါမယ်) ဟုတ်ကြရဲ့လား (ဟုတ်ပါတယ်ဘုရား)။

နက်ဖြန် အကဲခတ်မယ်ခင်ဗျားတို့၊ ရောက်ရောက်ခြင်းတရားအာဒါနထုတ်၊ မဂ္ဂင်လမ်းလိုက်- မလိုက် အကဲခတ်မယ်....(မှုန်ပါ့ဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
"ရုပ်နာမ်ကို ပညာနှင့်အကဲခတ်ပါ"

နွေအလုပ်ပေးတရားတော်

(၂၀-၅-၅၉)

ဒီခန္ဓာကြီးကလဲ နိဗ္ဗာန်ရောက်အောင် ပို့နိုင်တယ်လို့ တကာတကာမတွေ့ ဆုံးဖြတ်ချက်ချထားပါ....(မှန်ပါ့)ဥပမာ-မြစ်ကြီးတခုရှိတယ်ဆိုတော့ ခန္ဓာကြီးက လှေကြီး၊ လှေထိုးသမားက ဉာဏ်ထားမယ်ဆိုလို့ရှိယင်ဖြင့် ခန္ဓာကိုယ် လှေကြီးနဲ့ လှေထိုးသမားသည် ဟိုဘက်မရောက်ပေဘူးလား.... (ရောက်ရပါတယ်) ဒါဟာ ခန္ဓာကိုယ်လှေကြောင့်လဲ ဟိုဘက်ရောက်တယ်၊ လှေထိုးသမား လှေလှော် လှေခတ်သမားကြောင့်လဲ ရောက်တယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါတွေ့ စဉ်းစားလိုက်တော့မှ သြော် .... နိဗ္ဗာန်ရောက်ကြောင်းဟာ ဘယ်မှာနေပါလိမ့်မဝံ့းဆိုတော့ ရောက်ကြောင်းလို့ဆိုသဖြင့် သြော်....ခန္ဓာရောက်အောင် ပို့နိုင်တဲ့စွမ်းရည်သတ္တိ

တော့ရှိတယ်၊ ဟိုဘက်ကတော့ ကုန်းပေါ်ရောက်အောင်တော့ သူမပါဘူးပေါ့ဗျာ.... (မှန်ပါ့) နိဗ္ဗာန်တည်းဟူသော ဟိုမှာ ဘက်ကမ်း ရောက် အောင်တော့ သူမပါဘူး၊ ရောက်အောင်တော့ သူ့ကိုခိုင်းစေပြီး သွားကြမယ်ဆိုလို့ရှိယင် မရ-မရှိနိုင်ပါလို့ ဆိုးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ကို ရုပ်ကို လေ့သဖွယ်၊ ဉာဏ်ကို လေ့ထိုးသမားသဖွယ်ထားပြီးတော့သကာလ ကူးကြမယ်ဆိုလို့ရှိယင် မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးသည်ကား... လို့ ဆိုယင် နိဗ္ဗာန်ရောက်ကြောင်းတမျိုးဘဲလို့ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်မှာ ရှင်သာရိပုတ္တရာကဟောတယ်၊ နိဗ္ဗာန်ရောက်ချင်တဲ့ တကာတကာမတွေ ဘယ်လိုမျှား နှလုံးသွင်းပြီးတော့ ဘယ်လိုရောက်ရမှာတုံး....လို့ မေးလို့ရှိယင် ဒီခန္ဓာကိုယ်ကြီးမှာ ခုနင်က ပြောခဲ့တဲ့အတိုင်း လေ့ရယ်၊ လေ့ထိုးသမားရယ် နှစ်မျိုးရှိသလို ခန္ဓာကိုယ်ကြီးထဲမှာ တကာတကာမတို့ ရုပ်နဲ့နာမ်ဘဲရှိတယ်ဆိုတာတော့ မှတ်မိကြမှာပေါ့.... (မှတ်မိပါတယ်ဘုရား)။

ရုပ်နာမ်ဘဲ ရှိတယ်ဆိုတာ တကာတကာမတွေမှာ စား၍ သွား၍,လာ၍ပြော၍ဆို၍တာတွေနာမ်ပေါ့ဗျာ(မှန်ပါ့) သွား၍လို့အသွားခိုင်းလို့ သွားရတဲ့အထည်ကြီးကရုပ်ပေါ့ဗျာ (မှန်ပါ့) စား၍တဲ့ သဘောကလေးက နာမ်ဘုရား၊ ဟိုက

ဒီက ဝါးရတဲ့အထည်ကြီးက ရုပ်တရားပေါ့ဗျာ....(မှန်ပါဘုရား) ပြောချင်တာကလေးက နာမ်၊ အသံက ရုပ် ဒါတွေက ထင်ရှားရှိပြီးသကာလနေတော့ ဩဇာ....ဒီနာမ်ရုပ်နှစ်ပါးသာလျှင် ရှိပါကလားဆိုတာ တကာတကာ့မတွေက သတိထားကြရမယ်.... (မှန်ပါ) သိလဲ သိပြီးသားတွေပါနော်....(မှန်ပါ) ဘာရှိကြသလဲ....(ရုပ်နာမ်နှစ်ပါးသာရှိပါတယ်ဘုရား)။

အဲဒီ ရုပ်နာမ်နှစ်ပါးထဲမှာ ဘုန်းကြီးက တကာတကာမတွေ သန္ဓာန်မှာ ထည့်ပေးလိုတာက ဘာပါလိမ့်မတုံးဆိုတော့ အဲဒီ ရုပ်နာမ်နှစ်ပါးထဲမှာ ပညာရှိတယောက်သာ သွင်းပါတော့လို့ သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

နာမ်ရုပ် နှစ်ပါးထဲမှာ ပညာရှိတယောက် သွင်းလိုက်ပါဆိုတော့ ပညာရှိဆိုတာက နာမ်သဘောကို အကဲခတ်တဲ့သူ၊ ရုပ်သဘောကို အကဲခတ်တဲ့သူ အဲဒါပညာရှိတယောက် သွင်းလိုက်ပါ....(မှန်ပါ့)။

ရုပ်နာမ် နှစ်ပါးထဲမှာ ဘာသွင်းပေးရမတုံး.... (ပညာရှိတယောက် သွင်းပေးရပါမယ်ဘုရား) ပညာစတဲသိက်ဆိုတဲ့ ပညာနာမ်ကို တကာတကာမတွေက သွင်းပေးလိုက်စမ်းပါ.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ်မှာ ရှိရင်းစွဲက ရုပ်နဲ့ နာမ်ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီမှာ ဘုရားပွင့်လာလို့ ဒီလူတယောက်တော့ထည့်ပါဦး၊ ဆရာဘုန်းကြီးကလဲ ဆုံးဖြတ်ချက်ချမည့် လူတယောက်တော့

ထည့်ပေးပါဦးဆိုလို့ တကာတကာမတွေ့ကလဲ ပညာစေတသိက်ကလေး ထည့်ပေးလိုက်တယ်၊ ပညာဉာဏ်ကလေး ထည့်ပေးလိုက်တယ်နော်....(မှန်ပါ့)။

အဲဒီတော့ သုံးယောက် ပြည့်မသွားဘူးလား.... (ပြည့်သွားပါတယ်ဘုရား) သုံးယောက်ပြည့်တော့ နှစ်ယောက်ကိုတော့ တယောက်က အကဲခတ်ပါ.... (မှန်ပါ့) နှစ်ယောက်ဆိုတာက ရုပ်နဲ့ နာမ်၊တယောက်ဆိုတာက ဉာဏ် .... (မှန်ပါ့) အဲဒီ နှစ်ယောက်ကို တယောက်က အကဲခတ်ပါ....(မှန်ပါ့) ဒါဟာ ဝိပဿနာအလုပ်လို့ မှတ်ပါ....(မှန်ပါ့)။

ရုပ်နာမ်နှစ်ခုကို ပညာတခုက အကဲခတ်တာ ဘာခေါ်ကြမယ်....(ဝိပဿနာအလုပ်ပါဘုရား)။

သြော်.... ဝိပဿနာအလုပ်ဆိုတဲ့ဥစ္စာ ဒို့သိနေထာက ရှည်လိုက်တာ၊ အခု ဆရာဘုန်းကြီးက ရှင်သာရိပုတ္တရာဟောတဲ့နည်းကို ယူပြီးပြောတော့လဲ ဝိပဿနာအလုပ်ဆိုတာ ရုပ်နာမ် နှစ်ခုကို ပညာတခုက အကဲခတ်လိုက်ယင် ပြီးတဲ့ဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်လို အကဲခတ်ကြမယ်....(ရုပ်နာမ်နှစ်ခုကို ပညာတခုက အကဲခတ်လိုက်ယင် ပြီးပါတယ်ဘုရား) အဲဒါ.... သေသည့်တိုင် အောင် မမေ့ကြနဲ့ တကာတကာမတို့.... (မှန်ပါ့) ရှိတာက ဘာတုံး ခင်ဗျားတို့မှာ... (ရုပ်နာမ်နှစ်ခုပါဘုရား)။

ရုပ်နာမ်နှစ်ခုရှိတော့ ဘုရားပွင့်လာတဲ့အခါ သူပေးတဲ့ ဒါကလေးတခု ထည့်ပါဆိုတာက ဘာပါလိမ့်.... (ပညာပါဘုရား)။

အဲ....ရုပ်နာမ်နှစ်ခုကလဲ ကျုပ်တို့ ကံက ပေးထားလို့ ရထား ပါပြီ၊ ပညာကတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသော်ငင်း ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းကသော်ငင်း ပေးမှ ရမယ် (မှန်ပါ့)။

ဒါဖြင့် ရုပ်နာမ်နှစ်ခုကို ပညာတခုနဲ့ အကဲခတ်ပါ... (မှန်ပါ့ ဘုရား) ဘယ်လို ဆိုကြပါ့မယ် ....(ရုပ်နာမ်နှစ်ခုကို ပညာတခုနဲ့ အကဲခတ်ပါဘုရား) ဒါကို ဘာအလုပ်ခေါ်ကြမယ်.... (ဝိပဿနာအလုပ်ပါဘုရား)။

ဩော်....ဝိပဿနာအလုပ်ဆိုတာ ရှည်ရှည်ပြောနေယင် ရှည်တာဘဲ တကာတကာမတို့ တိုတိုနဲ့ပြောလိုက်တော့လဲ ဒါဘဲ ရှိပါတယ်....(မှန်ပါ့) ရုပ်နာမ်နှစ်ခုကို ပညာတခုနဲ့အကဲခတ်ရပါမယ်ဘုရား)။

ပညာတခုနဲ့အကဲခတ်ပါဆိုတော့ ခင်ဗျားတို့ ဘယ်မှာနေနေ ရုပ်နာမ်ခွဲပြီးနေလို့ ရရဲ့လား....(မရပါဘုရား)။

အဲဒီအထဲမှာ ဘုရားပွင့်လာမှ အထူးတလည် ကျေးဇူးပြုတဲ့ ပညာတခုသာ ခင်ဗျားတို့က သွင်းလိုက်ပါတော့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ပညာတခုသွင်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ ဝိပဿနာအလုပ်ဖြစ်ပြီလို့ မှတ်ပါ....(မှန်ပါ့)။

ပညာတခုသွင်းနိုင်တဲ့ပုဂ္ဂိုလ်.... (ဝိပဿနာအလုပ် ဖြစ်ပါပြီ ဘုရား) ဩော်....ဝိပဿနာ အလုပ်ဆိုတာ တကာတကာမတို့ တော်တော် ခဲယဉ်းတဲ့အလုပ်လား....ဆိုတော့ ဝိပဿနာဆိုဘာ ဟိုစာကြည့်, ဒီစာကြည့်ရမှာလား လို့ ဆိုတော့ စာကြည့်ရုံကြည့် နေယင်တော့ ဝိပဿနာတော့မှာမဟုတ်ဘူး.... (မှန်လှပါဘုရား) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဟိုစာကြည့်, ဒီစာကြည့်....(ဝိပဿနာမတွေ့ပါဘူးရား) စာကနည်းကိုသာ ပြတာပါ....(မှန်ပါ!) ကိုယ်ရှိတဲ့ ရုပ်နာမ်နှစ်ခုကို ပညာနဲ့ကြည့်လိုက်ယင်....(ဝိပဿနာတွေ့ပါတယ်ဘုရား) အဲ.... ဝိပဿနာရှုစရာတွေ့ တွေ့လာတာဘဲ....(မှန်ပါ!)။

ဩော်.... ဒါဖြင့် ကိုသစ်တို့ လူစုတွေ့, ကိုမြရှေတို့ လူစုတွေ့ ရှေးက လိုက်နေကြတာ မှားနေကြတာပေါ့ဗျာ....(မှန်ပါ!)။

ဟိုစာကြည့်တော့ အလုပ်-လုပ်ဖြစ်မလားလို့ဆိုပြီး စာအုပ် ရှာနေတာနဲ့ဘဲ အချိန်ကုန်နေတာပေါ့ဗျာ....(မှန်ပါ!) အချိန်ပင် ကုန်ငြားသော်လည်း တွေ့ရဲ့လား... (မတွေ့ပါဘူးရား) မတွေ့ဘူးတဲ့၊ ဝိပဿနာအစစ် မတွေ့ဘူး ဝိပဿနာမှတ်တမ်းတွေတော့ တွေ့ပါရဲ့....(မှန်ပါ!) ဝိပဿနာအစစ်တော့.... (မတွေ့ပါဘူးရား) ဘာတွေ့မလဲ....(မှတ်တမ်းတွေ့ တွေ့ပါတယ်ဘုရား)။

ဩော် .... ဒါဖြင့် တပည့်တော်တို့ဘုရား ဝိပဿနာအစစ် မတွေ့ဘာ ကြာပါပေါ့၊ မှတ်တမ်းနဲ့ အချိန်ကုန်နေကြတယ်လို့ ဘို့လို့ရှိယင်လဲ မလဲဘူး ခင်ဗျားတို့ပြောကြရမှာဘဲ....(မှန်ပါ!)။

ယနေ့က စပြီးသကာလ ဘုန်းကြီးတို့ ဟောတဲ့ နေ့ကစပြီး တကာတကာမတွေ့က ပြင်လိုက်ကြတော့ ဝိပဿနာ အလုပ် ဆိုတာဟာ.... နိဗ္ဗာန်ပို့နိုင်တာဘဲ၊ ရုပ်ကလဲနိဗ္ဗာန်ပို့နိုင်တာဘဲ နာမ်ကလဲ နိဗ္ဗာန်ပို့နိုင်တာဘဲဆိုတော့ ခုနင်က လေ့ပေါ်မှာ လေ့ထိုးသမားနဲ့လေ့ နှစ်မျိုးရှိပြီဆိုမှဖြင့် လေ့ပေါ်မှာ ပစ္စည်းတွေ့ ဘယ်ပုဂ္ဂိုလ်တင်တင် ဟိုဘက်သို့ရောက်မှာဘဲ .... (မှန်ပါ!) ဓရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

သူတို့နှစ်ခု ပို့တာဘဲဆိုယင်ကော လွှတ်လဲပို့တယ်၊ လွှ
ထိုးသမားကလဲပို့တော့ လွှပေါ်မှာ စီးလိုက်တဲ့ ပုဂ္ဂိုလ်တွေ
ဘယ်နှယ်တုံး....(ရောက်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒီအတိုင်းဘဲ ရုပ်နာမ်နှစ်ခုကို ကျုပ်တို့စီးပြီး
လိုက်လို့ရှိယင်ဖြင့် ဉာဏ်သမားဟာ နိဗ္ဗာန်ရောက်မယ် (မှန်ပါ့)
ဒါဖြင့် အလွယ်ကလေးပါလား တကာတကာမတို့ .... (မှန်ပါ့)
ခက်သလား- လွယ်နိုင်သလား.... (လွယ်နိုင်ပါတယ်) လွယ်ပင်
လွယ်ငြားသော်လဲ နည်းမရှိလို့မဖြစ်ဘဲ ဖြစ်နေတယ် .... (မှန်ပါ့
ဘုရား)။

ဘယ်နှယ်ဖြစ်သွားသတုံး....(နည်းမရှိလို့ မမြင်ဘဲ ဖြစ်သွားနေ
ပါတယ်ဘုရား) နည်းမရှိလို့ မမြင်ဘူးဆိုတော့ တကာတကာမ
တွေက နည်းမရှိလို့ မမြင်တာလဲ တခြားမဟုတ်ပါဘူး၊ ကိုယ့်
မျက်စောင်မွေးဟာ မျက်လုံးနဲ့အနီးဆုံးဘဲ .... (မှန်ပါ့) မြင်ကြ
ရဲ့လား....(မမြင်ပါ) ဘယ်နှယ်ဖြစ်နေတာတုံး .... (နီးလို့ မမြင်
တာပါဘုရား)။

ဦးခင်မောင်-ဘယ်နှယ်ဖြစ်နေသတုံး.... (နီးလျက်နဲ့ ဝေးပါ
တယ်ဘုရား) နီးလျက်နဲ့ဝေးနေတာပေါ်ပလား...(ပေါ်ပါပြီ)
မျက်စောင်မွေးနဲ့ မျက်လုံးဟာ သူ့ထက်နီးဘာများ ရှိသေး
သလား...(မရှိပါ) တကာတကာမတွေ ဘယ်နှယ်ကြောင့်မမြင်
ပါလိမ့်မတုံးဆိုတော့ အဝေးကိုကြည့်နေလို့.... (မှန်ပါ့) အနီး
ကြည့်ယင်တော့ဖြင့်....(မြင်မှာပါဘုရား)။

ဒီမှာလဲ တကာတကာမတို့ ဝိပဿနာဆိုတာသည် ခင်ဗျား
တို့က ဟိုသွားရှာနေရတော့မလို့၊ ဒီသွားရှာနေရဦးတော့ မလို့

ဆိုတော့ အဝေးကြည့်-ကြည့်နေတာ....(မှန်ပါ့) အဝေ-ကြည့်ကြည့်နေတော့ ဝိပဿနာတွေ့ရဲ့လား....(မတွေ့ပါဘုရား)။

ကဲ.... ဒီတခါတော့ အနီးဆုံးသာကြည့်ပါတော့ .... (မတွေ့ပါဘုရား) အနီးဆုံးကဘာပါလိမ့်....(ရုပ်နာမ်ပါဘုရား) ရုပ်နာမ်ထက်နီးတာကော ရှိသေးရဲ့လား ...(မရှိပါဘုရား)။

အဲဒါ ဘုရားပွင့်လာမှ ခင်ဗျားတို့ ကျုပ်တို့ ထူးထူးခြားခြားရတဲ့ ဉာဏ်တခုကို ထည့်ပြီးကြည့်ပါ....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဘာထည့်ကြည့်ရမတုံး .... (ဉာဏ်ထည့်ကြည့်ရပါမယ်ဘုရား) ဉာဏ်ထည့်ကြည့်လိုက်တော့ ဒီဉာဏ်ကလေးက ရုပ်ကိုဘဲ ကြည့် ကြည့် နာမ်ကိုဘဲ ကြည့်ကြည့် ကြည့်ချင်ရာကြည့်- ကြည့်လို့ ရှိယင် ဝိပဿနာဖြစ်ပြီလို့ အောက်မေ့ပါ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဝိပဿနာအလုပ် လုပ်မယ်လို့ ကြံလို့ ရှိယင်ဖြင့် ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ကြည့် လိုက်ယင် ပြီးစီးနိုင်တယ်လို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဦးဝကြီး ပေါ်ပလား....(ပေါ်ပါပြီဘုရား) နောက်က တကာတကာမတွေကော... (ပေါ်ပါပြီဘုရား) ဘယ်လိုများလုပ်ကြမယ်.... (ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ကြည့်ရပါမယ်ဘုရား)။

အဲဒါကို တသက်လုံးမမေ့ပါနဲ့....(မှန်ပါ့) ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ကြည့်မှုကို တသက်လုံးမမေ့ပါနဲ့ ကိုသစ်တို့မှာရတယ် (မှန်ပါ့) ဦးဘတင် မှာသင့်- **မ**မှာသင့် .... (မှာသင့်ပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ကြည့်လိုက်ပြီဆိုတဲ့အခါကျတော့ ဆိတ်ငြိမ်တဲ့နေရာ ကြည့်ကြပါလို့ပြော လိုက်တဲ့ယ်၊ မလှုပ်မရှားဘဲနဲ့ ကြည့်ပါ· ကြည့်တဲ့အခါမှာ .... (မှန်ပါ့) လှုပ်ရှားလာလို့ရှိယင်· အင်းလှုပ်ရှားတာက ဘယ်သူ လှုပ်တာတုံးလို့ လှုပ်တဲ့သူကိုလဲကြည့်· လှုပ်တဲ့ သဘောကိုလဲ ကြည့်လို့ဆိုတာပေါ့ဗျာ....(မှန်ပါ့) ငြိမ်နေပြန်လို့ရှိယင်လဲ ငြိမ်တဲ့သဘောကိုကြည့်... (မှန်ပါ့ဘုရား)။

လှုပ်နေယင်... (လှုပ်တဲ့သဘောကို ကြည့်ရပါ့မယ်) ငြိမ်နေယင် ... (ငြိမ်တဲ့သဘောကို ကြည့်ရပါ့မယ်) ငြိမ်တဲ့သဘော၊ လှုပ်တဲ့သဘောကိုကြည့်လို့ ဉာဏ်တခုနဲ့သာဆုံးဖြတ် ချက်ချလို့ရှိယင်ဖြင့် လှုပ်တာသည် ပင်ကိုယ်လှုပ်လား· အခုမှလှုပ်လား အကဲခတ်ကြည့်....(အခုမှ လှုပ်တာပါ) ပင်ကိုယ်က ငြိမ်တယ် ဥပမာ၊ လေတိုက်ယင်....(လှုပ်ပါတယ်)လေမရှိယင် .... (ငြိမ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့လှုပ်တာလဲစိတ် လေတိုက်လို့ လှုပ်ဘာ၊ စိတ်လေမတိုက်ယင်....(မလှုပ်ပါဘုရား) စိတ်ငြိမ်ယင်....(ငြိမ်ပါတယ်ဘုရား) စိတ်မငြိမ်ယင် .... (မငြိမ်ပါ) စိတ်မငြိမ်လို့ရှိယင်လဲမငြိမ်ဘူး လှုပ်နေတယ်ဆိုတာ ထင်ရှားပြီ။

ဩော်....ဒါဖြင့် တကာတကာမတို့ စိတ်ကလဲငြိမ်စိတ်· မငြိမ်စိတ်ဘဲ၊ ရုပ်ကလဲ ငြိမ်ရုပ်·မငြိမ်ရုပ်ဘဲ.. (မှန်ပါ့) ခဲ့ဘတ်ပလား ခဲ့တတ်ပါပြီဘုရား)။

အဲဒါကိုသာ အကဲခတ်နေလို့ရှိယင် သူတို့ဟာ အတည်မကျပြောင်းသွားနေကြတယ်ဆိုတဲ့ဥစ္စာ ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာသေးဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အင်း... ဒါဟာဘယ်သူကပြောတာပါလိမ့်တကာတကာမတို့ (ခန္ဓာက ပြောတာပါဘုရား) ဒီလိုဆိုကြပါစို့ ရုပ်နာမ်ကပြောတယ်....(မှန်ပါ့) ဦးဘဘင်.... (မှန်ပါ့ ရုပ်နာမ်ကပြောပါတယ်ဘုရား)ကျုပ်တို့က ရုပ်နာမ်အကဲခတ်နေတာကိုး....(မှန်ပါ့)။

ရုပ်နာမ်ကိုဘဲ အကဲခတ်နေတော့ ရုပ်ကလဲ ကျုပ်ဟာအရင် ရုပ်မဟုတ်ဘူး၊ နောက်ရုပ်၊ နာမ်လဲ ကျုပ်လဲ အရင်နာမ်မဟုတ်ဘူး၊ နောက်နာမ်၊ ဘယ်သူက ပြောသတုံး....(ရုပ်နာမ်က ပြောပါတယ်ဘုရား)။

ဒါဖြင့် ရုပ်နာမ်ကပြောတာဖြင့် နဂိုရိုက ကိုယ့်ကိုယ် ထင်နေတဲ့ဥစ္စာ သူတို့က အရင်ဟာမဟုတ်ဘူး၊ နောက်ဟာ၊ အရင်စိတ်မဟုတ်ဘူး၊ နောက်စိတ်၊ အရင်ဟာမဟုတ်ဘူး၊ နောက်ဟာ၊ အရင်နာမ်မဟုတ်ဘူး၊ နောက်နာမ်၊ အရင်ရုပ်မဟုတ်ဘူး၊ နောက်ရုပ်လို့ သူတို့က ပြောနေတော့ ကျုပ်တို့က ဒီအထဲမှာ ကိုယ်ပိုင်တော့ မရှိလို့ဘဲ သူတို့ ဒါလောက်ပြောနေယင်.... (မှန်ပါ့) နဂိုရိုက ကိုယ်ပိုင်ထင်နေတဲ့ဥစ္စာတွေ အလဲချည့်ဘဲဟာ ဆုံးဖြတ်ချက်ချပါ....(မှန်လှပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ .... (ကိုယ်ပိုင် ထင်နေတာတွေ အလဲချည့်ပါဘုရား) အလဲချည့်ဘဲ ဆိုလို့ရှိယင်ဖြင့် အခု အမြင်မှန်လို့ဘဲ....(မှန်ပါ့)။

အလဲချည့်ဘဲလို့ သိလာယင်တော့ ဘာမြင်လို့ပါလိမ့်.... (အမှန်မြင်လို့ပါဘုရား) အမှန်မြင်ယင် ဒါဟာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာဖြစ်လာပြီ....(မှန်ပါ့) သဘောကျပလား....(ကျပ,ါပြီဘုရား)။

အင်မတန်မိတဲ့တရားကို ပြောတာ တကာ တကာမတို့....(မှန်ပါ့) ကောင်းကောင်းနားလည်ကြပလား....(နားလည်ပါပြီဘုရား)။

ဒါဖြင့် ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ကြည့်-ဆိုတဲ့ စကားဟာ မမိသေးဘူးလား....(မိပါတယ်ဘုရား) ဉာဏ်တခုနဲ့ ကြည့်လိုက်တော့ ရုပ်ကလဲ အရင်ရုပ်မဟုတ်၊ နောက်ရုပ်....(မှန်ပါ့) နာမ်ကလဲ အရင်နာမ်မဟုတ်ဘူး၊ နောက်နာမ်....(မှန်ပါ့)။

သူတို့သည် စိုက်ကြည့်နေတဲ့ပုဂ္ဂိုလ်, စိုက်ကြည့်နေတဲ့ ဉာဏ်သမားကို အမြဲတမ်း သူတို့က ပြောမယ်....(မှန်ပါ့) မပြောပေဘူးလား....(ပြောပါတယ်ဘုရား) ဘယ်သူကပြောသတုံး....(ရုပ်နာမ်က ပြောပါတယ်) စိုက်ကြည့်မနေတဲ့လူကိုတော့ မပြောဘူး၊ စိုက်ကြည့်နေတဲ့လူကျ၍တော့ ပြောတယ်....(မှန်ပါ့)။

ပြောတော့ကို ဒါ-ဘယ်သူက ပြောတာတုံး....လို့ ဦးဘတင်-မေးပြီဗျာ....(ရုပ်နာမ်က ပြောတာပါဘုရား) ဦးဘအုန်း- ဘယ်သူက ပြောသတုံး....(ရုပ်နာမ်က ပြောပါတယ်) ရုပ်နာမ်က ပြောတော့ကို သူများပြောဖြင့် မယုံချင်နေ၊ ရုပ်နာမ်က ပြောတာကိုဖြင့်....(ယုံရမှာပါဘုရား) ယုံရမှာဘဲ၊ ကျုပ်-အရင်ရုပ်မဟုတ်ဘူး၊ နောက်ရုပ်၊ ရုပ်ကပြောမယ်၊ နာမ်ကကော....(အရင်နာမ်မဟုတ်ပါ-နောက်နာမ်လို့ ပြောပါတယ်ဘုရား)။

ဒါဖြင့် သူတို့ပြောတဲ့စကားထဲမှာ ခဏခဏ ဖြစ်နေပါတယ် ဆိုတဲ့စကား ပါ-မပါ....(ပါ-ပါတယ်ဘုရား) အဲဒီ ပါတော့ ကျုပ်တို့က ဉာဏ်ကလေးနဲ့ဟုတ်ပေတယ်၊ ဟုတ်ပေတယ်လို့ ခေါင်းငြိမ့် လိုက်နေစမ်းပါ....(မှန်ပါ့) မလိုက်သင့်ဘူးလား....(လိုက်သင့်ပါတယ်ဘုရား)။

ဘယ်သူကပြောလို့ ခေါင်းငြိမ့်လိုက်နေသတုံး....(ရုပ်နာမ်ကပြောလို့ပါ)ဘုန်းကြီးကဟောလို့၊ မငြိမ့်ချင်နေပါ။ ရုပ်နာမ်ကပြောယင်တော့ ငြိမ့်ကြစမ်းပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဥစ္စာဖြင့် ဟုတ်မှဟုတ်ပါ့မလား....ငါ့-ရှုနေတာဖြင့် ဟုတ်မှဟုတ်ပါ့မလားဆိုယင်တော့ဖြင့် တကာ တကာမတွေ့ ကိုယ်ပိုင်ထင်နေတဲ့ ရုပ်နာမ်က သူက သက်သေခံပါလျက်သားနဲ့ ငါ့ရှု တာဟာ ဟုတ်မှဟုတ်ပါရဲ့လားလို့ သံသယရှိဘို့မလိုတော့ဘူး....(မှန်ပါ့) သံသယ- ဝိစိကိစ္ဆာသေတယ်၊ ရုပ်နာမ်ရှိတယ်လို့ သိသွားတော့ နာမရူပ ပရိစ္ဆေဒဉာဏ်ကိုလဲ ရရှိတယ်....(မှန်ပါ့)။

သူကလဲ ခဏခဏ ပြောင်းလဲပြပြီးနေတဲ့ အတွက် ဒီသစ္စာသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် သံသယရှိစရာမလိုပါဘူး၊ အရင်ရုပ်လဲမဟုတ်ဘူး၊ ဒါဟာ နောက်ရုပ်၊ အရင်နာမ်လဲမဟုတ်ဘူး၊ နောက်နာမ်လို့ ခဏခဏ သူက ဆက်လက်ပြီး မပြောပေဘူးလား....(ပြောပါတယ်) ဘယ်သူက ပြောပါလိမ့်....(ရုပ်နာမ်က ပြောပါတယ်) ရုပ်နာမ်က ပြောတယ်ဆိုတာ တကာတကာမတွေ့ သဘောကျပလား....(ကျပါပြီဘုရား)။

ရုပ်နာမ်က ပြောတာကို ဘယ်သူက ကြည့်တာပါလိမ့်....(ဉာဏ်က ကြည့်ပါတယ်) ဉာဏ်ကကြည့်တော့ ဉာဏ်ကလဲ မိမိသန္တာန်ပေါ်လာတဲ့ဉာဏ်၊ ရုပ်နာမ်ကလဲ မိမိဆုတောင်းထားလို့ရတဲ့ ရုပ်နာမ်....(မှန်ပါ့) အဲဒီတော့ မိမိဆုတောင်းထားတဲ့ ရုပ်နာမ်ကို ဘုရားပွင့်လာမှ ရနိုင်တဲ့ဉာဏ်နဲ့ ကြည့်လိုက်တော့ ကိုယ့်ဟာကိုယ် ကိုယ့်ဥစ္စာဆို့ မပါဘူးဆိုတာ ရုပ်နာမ်က ပြောလိမ့်မယ်....(မှန်ပါ့)။

ကိုယ်ပိုင်, ကိုယ့်ဟာ, ကိုယ့်ဥစ္စာဆိုတာ....(မပါ.ပါဘူးရား) ဘယ်သူကပြောတာတုံး....(ရုပ်နာမ်က ပြောပါတယ်ဘုရား) ရုပ်နာမ်ကပြောတော့ ဟာ....ကိုယ်ပိုင်, ကိုယ့်ဟာ, ကိုယ့်ဥစ္စာဆိုတာ သေသေချာချာကြည့်တော့ မဟုတ်ဘူးဟ.။ အစိုးမရ အနတ္တတွေသာ ဟုတ်တယ်ဆိုတာ ပေါ်မလာပေဘူးလား .... (ပေါ်လာပါတယ်) ဘယ်သူပြောသွားသတုံး....(ရုပ်နာမ်ကဘဲ ပြောသွားပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့ ကိုယ့်-ရုပ် ရုပ်နာမ်မဟုတ်လို့ ခဏခဏ ပြောင်းလဲနေတာဘဲ၊ ကိုယ်ထားသလို၊ ကိုယ်ကြိုက်သလို မနေဘူး....(မှန်ပါ့) နာမ်ကလဲ ကိုယ်ထားသလို၊ ကိုယ်ကြိုက်သလို....(မနေပါဘုရား) ရုပ်ကလဲ ကိုယ်ထားသလို ကိုယ်ကြိုက်သလို....(မနေပါဘုရား) အင်း .... ဘယ်သူက ပြောသတုံး....(ရုပ်နာမ်က ပြောပါတယ်ဘုရား)။

ရုပ်နာမ်ကပြောတော့ ခင်ဗျားတို့က ဉာဏ်ကလေးနဲ့ ခေါင်းငြိမ့်ပြီးနေတာပေါ့....(မှန်ပါဘုရား) ငါ့ကိုယ်, ငါ့ဟာဆိုတာ သေသေ.....နဂိုရိုက်တော့ ပါးစပ်ကပြော အောက်မေ့တယ်၊ အခုတော့ဖြင့် ကိုယ်ဆုတောင်းထားတဲ့ ရုပ်နာမ်က၊ ကိုယ်ရ,ထားတဲ့ ရုပ်နာမ်က ကိုယ့်ပြောနေတာကိုး....လို့ မဆိုနိုင်ကြဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒီလိုဆိုနိုင်ကြလို့ရှိယင် တကာတကာမတို့ ဒီဉာဏ်ကို ဘာဉာဏ်ခေါ်ကြပါ့မတုံးဆိုတော့ ကိုယ့်အကြောင်းကိုယ် ကောင်းကောင်းသိတဲ့ ယထာဘူတဉာဏ်ဘဲ....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(ယထာဘူတဉာဏ်ပါ) ကိုယ့် ရုပ်နာမ် အကြောင်း ကိုယ်· ကောင်းကောင်းသိတဲ့ ယထာဘူတဉာဏ်....(မှန်ပါ့)။

သြော်....တယ်လှယ်ပါကလား တကာတကာမတို့....(မှန်ပါ့) ကိုယ့် ခန္ဓာပြောတဲ့ အကြောင်းကို ကိုယ်· ကိုယ် တိုင် ဉာဏ်နဲ့ ကောင်းကောင်းသိသောကြောင့်လဲ ဘာဉာဏ်ခေါ်ကြမယ်....(ယထာဘူတဉာဏ်ပါဘုရား)။

တကာတကာမတွေ့ အဲဒီအချိန်ကစပြီး အရူးအကန်းပျောက်သွားတယ်....(မှန်ပါ့) ကြည့်တတ်တော့လဲ အရူးအကန်းပျောက်လှယ်လိုက်တာ....(မှန်ပါ့)။

တကာ တကာမတွေကလဲ ရှိတာတခြား၊ ကြည့်တာတခြား ဖြစ်ပြီးသကာလ နေတော့ ဝိပဿနာဆိုတာ ဘုရားရဟန္တာတို့ အလုပ်ပေ....ဆိုပြီး သူများကိုများ လဲပြီးပြောလိုက်သေးတယ် (မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဘုရားရဟန္တာအစရှိတဲ့ အရိယာသူတော်စဉ် ပုဂ္ဂိုလ်ကြီးတွေ မှာလဲ သူတို့ရုပ်နာမ်က သူတို့ကိုပြောလို· သူတို့ရုပ်နာမ်ကိုမြင်၊ သူတို့ရုပ်နာမ်ကို သူတို့မုန်းလို· ကိစ္စပြီးသွားတော်မူကြတာ....(မှန်ပါ့)။

သူတို့ရုပ်နာမ်ကို သူတို့မြင်တာက ယထာဘူတဉာဏ်၊ သူတို့ ရုပ်နာမ် သူတို့မုန်းတာက နိဗ္ဗိန္ဒဉာဏ်၊ သူတို့ရုပ်နာမ်ကြီးကို သူတို့ မလိုချင်တာက သူတို့မင်္ဂဉာဏ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သူတို့မင်ဘာကို ဘယ်သူပေးလို့ ရသတုံး....(ရုပ်နာမ်ကပေးတာပါဘုရား) ဟိုဘက်ကမ်းရောက်သွားတာ ရုပ်နာမ်ကပို့တာ....(မှန်ပါ့) လှေနဲ့ လှေထိုးသမားက ပို့တာ....(မှန်ပါ့) စီးတဲ့ပဂိုလ် ဟိုဘက်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဒီမှာလဲ ဉာဏ်သမားတယောက်ဟာ နိဗ္ဗာန်ဘက်မရောက်ပေဘူးလား....(ရောက်ရပါတယ်) ဉာဏ်သမား လှေထိုးသမားဘဲ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဩော်....သေပျော်နိုင်တဲ့ တရားဘဲလို့ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချတော့....(မှန်ပါ့)။

ဦးဘအုန်းရေ... တသက်လုံးမကြားဘူးတဲ့စကားဘဲ....(မှန်ပါ့ဘုရား) ရှင်းသွားပလား....(ရှင်းပါပြီဘုရား) ရုပ်နာမ်ကို စိုက်ကြည့်က ဝိပဿနာ... (မှန်ပါ့)။

ဦးခင်မောင်-ဒါကြောင့် သေပျော်တယ်ပြောတော့ သမထဝိပဿနာကဲ့သွားပြီ....(မှန်ပါ့) ဦးဘတင်- ကဲ့ပလား....(မှန်ပါ့) ဘေးကြည့်တော့ ဘာတွေဖြစ်နေသတုံး.... (သမထပါဘုရား) (ကိုယ့်ရုပ်နာမ်ကို ကိုယ်ကြည့်တော့....(ဝိပဿနာပါဘုရား)။

မရောက်တဲ့အကြောင်းသည်ကား-လို့ ဆိုယင် ဒို့သည် အရှိကို မကြည့်မိ၊ မရှိကို ကြည့်မိတဲ့ အတွက် ဒုက္ခရောက်နေတာ....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဦးဇင်ရင်-နေရာကျပလား....(ကျပါပြီဘုရား)။

ဩော်....ဒါဖြင့် ဝိပဿနာအလုပ်ဟာ အခက်အခဲဆုံးအလုပ်ဆိုတာ ခင်ဗျားတို့ ဆရာမပြ-နည်းမရဖြစ်နေတာ.... (မှန်ပါ့) နည်းရယင် ခက်နိုင်စရာရှိဘဲသေးရဲ့လား....(မရှိပါဘုရား)။

ရုပ်-နာမ်-နှစ်ခုကို ဉာဏ်ဘခုနဲ့ကြည့်....(မှန်ပါ့) ဉာဏ်နဲ့ကြည့်

လိုက်တော့ ဘယ်သူက အပြောသမား၊ ဘယ်သူက ယုံကြည်သမားဆိုတာကော .... (ရုပ်နာမ်က အပြောသမား၊ ဉာဏ်က အယုံကြည်သမားပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ သူမျှားသိလား၊ ကိုယ်တိုင်သိလား....(ကိုယ်တိုင်သိပါဘုရား)။

ဘယ်လိုနိဗ္ဗာန်ရောက်မတုံး ဆိုတော့ ဒိဋ္ဌဓမ္မောတဲ့၊ ကိုယ်တိုင်မြင်မှရောက်မယ်....(မှန်ပါ့) ပတ္တဓမ္မော... တဲ့၊ ကိုယ့်ဉာဏ်ထဲကို သူတို့ကပြောတာ ရောက်ရမယ်....(မှန်ပါ့)။

ဒါဖြင့် ဒို့-ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန် ရောက်ချင်လို့ရှိယင် ကိုယ့်ရုပ်နာမ် အကြောင်းကို ကိုယ်- ကောင်းကောင်း သိယင် ရောက်စမြဲလို့မှတ်လိုက်....(မှန်ပါ့)။

ဘယ်နှယ်တုံး .... (ကိုယ့်ရုပ်နာမ်အကြောင်း ကိုယ်ကောင်းကောင်းသိယင် ရောက်စမြဲပါဘုရား) ဒါဖြင့် ဦးခင်မောင်ရေ အလကားဘဲ ကျုပ်တို့အချိန်ကုန်ခံနေကြတယ်နော်.... (မှန်ပါ့) သို့သော်လဲ ဆရာမပြ-နည်းမရဆိုတာကလေးလဲ ရှိသေးတာကိုး- (မှန်ပါ့ဘုရား)။

ဒီရုပ်နာမ် အကြောင်း ကောင်းကောင်း နားလည် အောင် စာတွေ့ပေတွေ့ ကြည့်မှဘဲတော်မယ်.... (မှန်ပါ့) အထင်ကြီးပြီး ဘေးရမ်းပြီ.... (မှန်ပါ့) ဟာ....ဘေးရမ်းလေ မတွေ့လေဘဲ.... (မှန်ပါ့) ရုပ်နာမ်ရှိတဲ့ဆီကို တကယ်ကြည့်ဖြစ်သေးရဲ့လား .... (မကြည့်ဖြစ်ပါ) မကြည့်လေလေ ဇာတ်မျောလေလေဘဲ .... (မှန်ပါ့)။ *

---

* စာသိလောက်နှင့် တင်းတိမ်နေလျှင် သညာသိ၊ တကယ် ရုပ်နာမ်မြင်မှ ပညာသိ။

ခင်ဗျားတို့ ဘာဖြစ်လို့ နိဗ္ဗာန် မရောက်ကြတာလဲ ဆိုတာ သဘောကျသွားပလား....(ကျပါပြီ) ရုပ်နာမ်ကို ကိုယ်ကောင်းကောင်းမသိလို့....(မှန်ပါ့) ဘယ်ကြည့်နေကြသတုံး .... (ဘေးကြည့်ကြည့်နေလို့ပါ) ပြောမှာကရုပ်နာမ်ကပြောမှာ....(မှန်ပါ့ဘုရား)။

ပြောမှာက ရုပ်နာမ်ပြောမှာ....(မှန်ပါ့) ဘေးကပြောပါ့မလား .... (မပြောပါဘုရား) ဘေးကြည့်နေလို့ ရှိယင် သမထဖြစ်သွားမယ်....(မှန်ပါ့) ဘေးတည့်ယင် သမထဖြစ်မယ် မသာပို့မှာကိုးဗျ....(မှန်ပါ့) မသာပို့တော့ မရဏာနုဿတိသွားဖြစ်မှာပေါ့၊ အသုဘသမထ သွားဖြစ်မှာပေါ့....(မှန်ပါ့)။

အဲဒီတော့ ဘေးကြည့်က သမထကိုး- ဝိဒိတဓမ္မောကိုယ်တိုင် ဆုံးဖြတ်ချက်ချ သိမှ နိဗ္ဗာန်ရောက်တယ်လို့ မပြောဘူးလား .... (ပြောပါတယ်) ခင်ဗျားတို့ ဘေးကြည့်လို့ ဂွကျနေတာကိုး၊ ဘုရားကတိုက်ရိုက်ဟောခဲ့သား....(မှန်ပါ့) မင်းတို့ဟာမင်းတို့ ဒိဋ္ဌဓမ္မောဖြစ်အောင်လုပ်ပါ၊မင်းတို့ဉာဏ်ထဲ ရောက်အောင်ပတ္တဓမ္မောဖြစ်အောင်လုပ်ပါ၊ မင်းတို့ဟာမင်းတို့ ဆုံးဖြတ်ချက်ချနိုင်အောင်လုပ်ပါ၊ သူများပြောယုံနေရမှုမှ လွတ်အောင်လုပ်ပါ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) သူများပြောစာတွေမှ ကိုယ်တိုင်သိအဖြစ်သို့ရောက်အောင် လုပ်ရတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့်ဘေးကြည့်နဲ့၊ တည့်ကြည့်ဟာ အတော်ကွာပါကလား (ကွာပါတယ်) ဘေးကြည့်လို့ရှိယင် ဘာဖြစ်မယ်....(သမထပါဘုရား) ကိုယ့်အရှိကိုကြည့်လို့ရှိယင် .... (ဝိပဿနာပါ)အဲ....

ဝိပဿနာနဲ့ သမထ ဒီနေရာမျိုးမှာ ဒီလိုကွာခြားတာဘဲ ဆိုတာ တော်တော်ထင်ရှားသွားပြီ.... (မှန်ပါ့) မထင်ရှားသေးဘူးလား (ထင်ရှားပါတယ်ဘုရား)။

တော်တော်အဘိုးတန်ပြီ ဦးခင်မောင်ရေ .... (တန်ပါတယ် ဘုရား) အင်မတန် အဘိုးတန်သွားပြီ တကာတကာမတို့၊ အဲဒီ တော့ ဒီဥစ္စာကို ဘုန်းကြီးက ဘယ်ကို အကိုးအကား ထားပြီး ပြောပါလိမ့်မတုံးဆိုတော့ရှင်သာရိပုတ္တရာဟောခဲ့လို့ ဒါလောက် ရဲရဲတင်တင်း ပြောတာ....(မှန်ပါ့ဘုရား)။

ကာယမိမံသမ္မသထ၊ ပရိဇာနာထပုနပ္ပုနံ။
ကာယေ သဘာဝံ ဝိဒိတ္ဝာန၊ ဒုက္ခဿန္တ ကရိဿထ၊

ဣမံကာယံ=ဤရုပ်နာမ်ကို၊ သမ္မသထ=မင်းတို့ဉာဏ်နဲ့သုံးသပ် ပါတဲ့၊ ဉာဏ်နဲ့ကြည့်နေပါတဲ့....(မှန်ပါ့) ရုပ်နာမ်ကိုဘာနဲ့ကြည့် ရမတုံး.... (ဉာဏ်နဲ့ကြည့်ရပါမယ်) ပရိဇာနာထပုနပ္ပုနံ = ဆုံး ဖြတ်ချက်ချနိုင်အောင် အဖန်ဖန်အထပ်ထပ် ကြည့်ပါတဲ့ သူဟာ ဘာဖြစ်နေတယ်- ဘာဖြစ်နေတယ်လို့၊ သဘောကျပလား .... (မှန်ပါ့ဘုရား)။

ဘယ်လိုကြည့်ရမတုံး.... (ဆုံးဖြတ်ချက်ချနိုင်အောင် ကြည့်ရ ပါမယ်) ဆုံးဖြတ်ချက်ချနိုင်အောင်ကြည့်ပါ့၊ အနတ္တဖြင့်အနတ္တ ပြနေလို့ရှိယင် အနတ္တကို"ဖြစ်ထိုက်တယ်" ဒီလိုဆုံးဖြတ်ချက်ချ နိုင်အောင်ကြည့်ပါ.... (မှန်ပါ့) အနိစ္စပြနေလို့ရှိယင် အနိစ္စ ဟုတ်သားဘဲ၊ ဒီလိုဆုံးဖြတ်ချက်ချနိုင်အောင် ကြည့်ပါတဲ့ .... (မှန်ပါ့ဘုရား)။

ကာယေ သဘာဝံ ဝိဒိတ္ဝာနတဲ့၊ ကာယေ=ခုနင်က ရုပ်ကာယ နာမ်ကာယနှစ်ပါးဌ၊ သဘာဝံ=သဘောကို၊ ဝိဒိတ္ဝာန= သိ၍ သူကိုသိရမယ်....ဟဲ့၊ ရုပ်ကာယ၊နာမ်ကာယ ဘယ်လိုဖြစ်နေတယ် ဆိုတာနော်.... ရုပ်သဘော၊ နာမ်သဘောပေါ့ဗျာ .... (မှန်ပါ့) ဒီလိုသိလို့ရှိယင် ဒုက္ခဿန္တိ ကရိဿထ= ဒုက္ခဆုံးတော့မယ်တဲ့.... (မှန်ပါ့ဘုရား)။

သူ့သဘောသိယင် ဘာတဲ့.... (ဒုက္ခဆုံးပါလိမ့်မယ်ဘုရား) ဆုံးမှာပေါ့၊ ဒုက္ခမှန်းသိသွားတော့ကို ခင်ဗျားတို့ ဒီဒုက္ခကြီးကို မလိုချင်ပါဘူး၊ မရချင်ပါဘူးဆိုတော့ နိဗ္ဗာန်ရရုံဘဲရှိတော့တယ် (မှန်ပါ့) ဒီ့ပြင် ဘာရစရာရှိသေးသတုံး.... (မရှိပါ) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သူကဟောမှ ကျုပ်တို့ ဆုံးဖြတ်ချက်အမှန်ကျမှာနော်....(မှန်ပါ့) အနာတ္တပေါက်လာတာ သူများကပျောက်လိမ့်မယ်ဆိုလို့တော့ တကာတကာမတ္တ ပျောက်လိမ့်မယ်မထင်နဲ့နော်....(မှန်ပါ့ဘုရား)။

မှန်းပြောကြတာ တကာတကာမတ္တက ဘာနာတုံး၊ ဘာနာဘဲလို့ပြောယင် အို .... ပျောက်မယ် ဒီအနာသိပ်ကြာမှာ မဟုတ်ဘူးတဲ့၊ ဟိုမှာ ခံရတဲ့လူကတော့ မသက်သာဘူး (မှန်ပါ့) သူကလောက္ခတ်လုပ်သွားတာ....(မှန်ပါ့) ရှင်းပလား .... (ရှင်း ပါပြီဘုရား)။

သူက ဒဿထကောင်းအောင်လို့ လုပ်သွားတာ၊ သူလူနာ လာမေးတာလဲ မကောင်းလို့လာမေးတာ....(မှန်ပါ့)ပြန်ချင်တဲ့

အခါကျတော့ အေး....ပျောက်ပါလိမ့်မယ် စိတ်သာချဆိုယင် သူပြန်တော့မလို့သာ မှတ်ပေတော့.... (မှန်ပါ့) မပြောကြဘူး လား ခင်ဗျားတို့....(ပြောပါတယ်ဘုရား)။

လာတုန်းကလဲ မကောင်းတတ်လို့ လာတာကိုး၊ ပြန်ချင် တော့လဲ အထကလေးလှယ်အောင် လုံပ်ရသေးတယ်၊ မလုပ်ကြ ရဘူးလား....(လုပ်ရပါတယ်ဘုရား)ပျောက်ပါလိမ့်မယ် ခင်ဗျား စိတ်သာချ၊ အားမငယ်နဲ့နော်....ဒီလိုဖြစ်တာတွေအများကြီးဘဲ ပျောက်တာချည့် ကျုပ်တွေ့ပါတယ်....(မှန်ပါ့) အဲဒီလိုပြော ပေမဲ့ လူမမာကတော့ဖြင့် ခံရတာသက်သာရဲ့လား.... (မသက် သာပါဘုရား) သူ့အပြောနဲ့ ကိုယ့်လက်တွေနဲ့ကိုက်ကဲ့လား .... (မကိုက်ပါဘုရား)။

အဲဒီလိုဘဲ သူများပြောလောက်နဲ့တင်းတိမ်မနေနဲ့....(မှန်ပါ့) ရုပ်နာမ်ကပြောယင်....(ကိုက်ပါပြီဘုရား) ရုပ်နာမ်က ခင်စရာ ပြောယင်လဲ ခင်နိုင်စရာပေါ့၊ မုန်းစရာပြောယင်လဲ....(မုန်းစရာ ပါဘုရား)။

အဲဒီတော့ သူ-ဘယ်လိုပြောလိမ့်မယ်ထင်သတုံး-(မုန်းအောင် ပြောမှာပါဘုရား) မုန်းအောင်ပြောမယ်၊ မင်းတို့ ဆုတောင်း လွဲမကွ-ဆိုတာလဲ သူကပြောမှာဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူက ဘယ်လိုပြောမယ်ထင်သတုံး.... (မုန်းအောင်ပြောမှာ၊ ရှဲ့အောင်ပြောမှာပါဘုရား) မင်းတို့အကြိုက်နဲ့ မင်းတို့အကိုက်ကို ရုပ်ကလဲ ငါ-မနေဘူးပြောတာဘဲ... (မှန်ပါ့) နာမ်ကကော.... (ငါမနေဘူးပြောတာပါဘဲ) ငါမနေဘူးလို့ သူတို့က အချိန် တိုင်း မပြောပေဘူးလား....(ပြောပါတယ်ဘုရား)။

အချိန်တိုင်း ပြောကတည်းက မြင်တဲ့လူက တဆင့်တက်ရုံဘဲ ရှိတော့တယ်၊ မင်းနဲ့မပေါင်းတော့ပါဘူးလို့၊ ဒီဟာလဲတလုံးဘဲ ဆိုးဖြတ်ချက်ချပါ....(မှန်ပါ့)။

နဂိုရိုက ဒို့-အမှားကြီး မှားခဲ့တယ်၊ မင်းကို ဆုတောင်းယူခဲ့တာ၊ ဟုတ်ပလား.... (မှန်ပါ့) ယနေ့ကစပြီး မင်းနဲ့တော့ မပေါင်းတော့ဘူး၊ မင်းကိုဖြင့် နောက်လဲ မယူတော့ဘူး၊အခုလဲ မကြည်ညိုတော့ဘူး ဆိုယင်ဖြင့် အခု တဏှာသေသွားတယ်.... (မှန်ပါ့) အခု တဏှာသေသွားတာ သဘော့ကျပလား....(ကျပါပြီဘုရား)။

အခု တဏှာသေယင် နိဗ္ဗာန်ရနိုင်တာဘဲ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား) ဩဿဒ် .... တကာ တကာမတွေ တော်ဘဲတော်သေးတယ်၊ ကံကောင်း-ထောက်မပြီး ဒါကလေး ကြားရသေးတယ်ဟင်....(မှန်ပါ့)။

ဩဿဒ် .... တကာ တကာမတွေ တော်ဘဲ တော်သေးတယ်၊ ကံကောင်းထောက်မပြီး ဒါကလေး ကြားခွင့်ရသေးတယ်နော်-(မှန်ပါ့) ကိုမြရွှေတို့ ဘယ့်နှယ်တုံး....(ကံကောင်း ထောက်မလို့ ကြားရပါသေးတယ်) သေချာပလား....(သေချာပါပြီဘုရား)။

ရှင်သာရိပုတ္တရာက ဟောတာလား .... (ရှင်သာရိပုတ္တရာက ဟောတာပါ) ရှင်သာရိပုတ္တရာ ဟောတာဘဲ....တဲ့ တကာတကာမတို့၊ နိဗ္ဗာန်သွားချင်တဲ့ပုဂ္ဂိုလ်ဟာ ကိုယ့် ရုပ်-နာမ် ကိုယ်ကြည့်ယင် ပြီးတာပါဘဲတဲ့....(မှန်ပါ့) ကဲ....ပေါ်ကြပလား....(ပေါ်ပါ့ပြီဘုရား)။

နိဗ္ဗာန်သွားချင်တဲ့ပုဂ္ဂိုလ်.... (ကိုယ့်ရုပ်နာမ် ကိုယ်ကြည့်ယင် ပြီးတာပါဘဲဘုရား) ကိုယ့်ရုပ်နာမ်ကို ကိုယ်-ဘာကြည့်ရမတုံး.... ဆိုတော့ ဘုန်းကြီးက ဖြည့်စွက်လိုက်တယ်၊ ဘုရားပွင့်တော်မူမှ ပေါ်လာတဲ့ ဘုရားပေးထားတဲ့ ဉာဏ်ကလေးနဲ့ ကြည့်-ဆိုတော့ သုံးခုဖြစ်သွားတယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

အဲဒီတော့ သုံးခု တခုတိုးတာ ခင်ဗျားတို့မှာဖြင့် ဘုရားပွင့်လို့ ပေးထားတဲ့ဉာဏ်ကလေးဟာ ဒါကလေး အကူအညီကလေး ထားပြီးသကာလ ကြည့်ပါ၊ ဘာကိုကြည့်ရမတုံး.... (ရုပ်နာမ်ကို ကြည့်ရပါ့မယ်ဘုရား)။

ဘုရားမပွင့်ခင်တုန်းကတော့ ဒီဉာဏ်ကလေး ပေးမည့်သူ မရှိဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အဲဒီတော့ ခင်ဗျားတို့ နောက်-ဘုရားပွင့်မှာကို စောင့်နေယင် တွေ့ချင်မှ တွေ့မှာနော်....(မှန်ပါ့) ဘုရားပွင့်လာတာဟာ ဒီဉာဏ်ကို နည်းပေးလာတာ....(မှန်ပါ့) သွားတော့ ကိုယ့်ခန္ဓာရုပ်နာမ်က လှလှပ်ပြီး ပို့လိုက်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့ကမသိတော့ နောက်ဘုရားမှ ကျတ်တမ်း ဝင်ပါမယ် ထင်တယ်ဆိုတော့ ဘုရားကိုဘဲ ခင်ဗျားတို့က အပို့ခိုင်းဦမည့်ပုံ....(မှန်ပါ့) မဟုတ်ဘူး၊ ဒီရုပ်နာမ်က ပို့ရမှာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး- (ကိုယ့်ရုပ်နာမ် ကိုယ်ကြည့်ရပါ့မယ်) ကိုယ့်ရုပ်နဲ့နာမ် နှစ်ခုကို ဘုရားပွင့်မှ ရတဲ့ ဉာဏ်တခုနဲ့ကြည့်၊ သုံးခုတော့ ပြည့်ပစေ....(မှန်ပါ့)။

ကဲ....ခင်ဗျားတို့သန္တာန်မှာ ဒီဉာဏ်ကလေး ရှိနေသ၍ကာလ ပတ်လုံး ဘုရားရှိနေသေးတယ် အောက်မေ့ပါ....(မှန်ပါ့ဘုရား) ဒီဉာဏ်ကလေး ကွယ်တဲ့နေ့မှာ ခင်ဗျားတို့ ဘုရားမရှိဘူး(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီဉာဏ်ကလေးကွယ်တဲ့နေ့ ဘာတဲ့တုံး....(ဘုရားမရှိပါဘုရား) အဲဒီတော့ ခင်ဗျားတို့သန္တာန်မှာဆိုယင် ဘုရားပရိနိဗ္ဗာန်စံဟဲ့နေ့ဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆိုင်များ ထိုင်နေတဲ့အခါ ကိုယ့်အိမ်ရာမှာ သား၊နဲ့သမီး၊နဲ့ ပြုံးပြုံးနေတဲ့အခါကျတော့ကို ကြည့်မိသေးရဲ့လား....(မကြည့်မိပါဘုရား) အဲဒီအချိန်မှာ ဘုရားမရှိဘူး ခင်ဗျားတို့သန္တာန်မှာ....(မှန်ပါ့-ကွယ်နေပါတယ်) ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

အဲဒီအချိန်မှာ ခင်ဗျားတို့သန္တာန်မှာ ဘုရားမရှိတဲ့အချိန်ဘဲ၊ ဘုရားပေးထားတာလဲ သူမယူဘူး၊ ဘုရားပေးထားတဲ့ တရားဆိုတဲ့ ဉာဏ်ကလေးကော....(မယူပါဘုရား)။

ဩော်....အိမ်မှာ သား၊နဲ့၊ သမီး၊နဲ့၊ ဆွေ၊နဲ့၊ မျိုး၊နဲ့၊ အရောင်းအဝယ်တွေနဲ့ ပျော်ရွှင်ပြီးသကာလနေတဲ့ပုဂ္ဂိုလ်များမှာ ခန္ဓာကာဘယ်လိုပြောပြော သူ့မှာ ဉာဏ်မရှိတော့ ဘုရားပေးတဲ့ပစ္စည်းရှိသေးရဲ့လား....(မရှိပါဘုရား) သူ-လက်ခံပြီး ယူသေးရဲ့လား....(မယူပါဘုရား)။

ဟာ....လက်မခံလို့ရှိယင်ဖြင့် တကာတကာမတို့ ခင်ဗျားတို့သန္တာန်မှာ ဘုရားမရှိဘူး၊ ဘုရားပေးတဲ့ပစ္စည်းလဲ မရလိုက်ဘူး-(မှန်ပါ့) မဆိုဆိုက်ဘူးလား....(ဆိုထိုက်ပါဘယ်ဘုရား)။

အဲဒါ ဘယ်အချိန်တုန်းဆိုယင်ကော သိကြပလား....(သိကြပါပြီဘုရား) သားသမီးနဲ့ အရောင်းအဝယ် ရှုပ်နေတဲ့အချိန်....(မှန်ပါ့) အဲဒီအချိန် ဘုရားပေးတဲ့လက်ဆောင်ကို ဘုရားကအကောင်းပေးထားတာ ခင်ဗျားတို့ လှဉ့်ပစ်တဲ့အချိန်ဘဲဆိုတာသဘောကျပလား...(ကျပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဘုရားပွင့်တဲ့အချိန်ကို ခဲတတ်ပလား....(ခဲတတ်ပါပြီ) ဉာဏ်ကလေးနဲ့ ခန္ဓာကြည့်နေတဲ့အချိန်ကျတော့.... (ဘုရားပွင့်တဲ့အချိန်ပါ) ဉာဏ်ကလေးနဲ့ ခန္ဓာမကြည့်တဲ့အချိန်ကျတော့ .... (ဘုရားမပွင့်တဲ့အချိန်ပါဘုရား)။

ဒါဖြင့် ဒီသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် တော်တော် လို့ပါသေးကလား၊ ဘုရားမပွင့်တဲ့အချိန်က များပြီးတော့ ဘုရားကလဲ ကိုယ်တိုင် ဒီဌဓမ္မမြင်အောင် လုပ်ရမယ်လို့ ဟောတော်မူတော့ ဒီဉာဏ်ကလေးကလဲ ဘုရားပေးထားတဲ့ ဉာဏ်ကလေးကလဲ ရုပ်နာမ်က ဘယ်လိုပြောနေနေ သိသေးရဲ့လား....(မသိပါဘုရား)။

ဒါ့ကြောင့် ရုပ်နာမ်အကြောင်းတော့ သဗ္ဗေ ဓမ္မာ အနတ္တာတဲ့၊ ဘယ်အချိန်မဆို အနတ္တာဘဲ....(မှန်ပါ့) ခင်ဗျားတို့ အနတ္တာဉာဏ်မရတာကတော့ ဘုရားမပွင့်လို့ မရလို့ကတာ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် အနတ္တာမရှိလို့ အနတ္တာမရတာလား၊ ဘုရားပေးတဲ့အနတ္တာဉာဏ် ကိုယ့်သန္တာန်မရောက်လို့ အနတ္တာမဖြစ်ရတာလား....(ဘုရားပေးတဲ့ အနတ္တာဉာဏ် ကိုယ့်သန္တာန်မရောက်လို့ အနတ္တာမဖြစ်ရတာပါဘုရား)။

ဒါဖြင့် ဘုရားအပြစ်လား၊ ကိုယ့်အပြစ်လား....(ကိုယ့်အပြစ် ပါဘုရား) ကိုယ့်အပြစ်ကလဲ နည်းနည်းလား၊ များများလား.... (များများပါဘုရား) ဟာ.... အလွန်ဆိုးကုန်ပါပေါ့လား.... (မှန်ပါ့) ဦးဇင်ရင်-ဘယ့်နှယ်တုံး၊ ဆိုးတာပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ကျုပ်တို့ကလဲ ဆုတောင်းထားပြီး သူတော်ကောင်းစိတ်က မပျောက်ပါဘူး၊ သက်သက်မပေးလို့သာ စီးပွားရေး အကြောင်း မညီညွတ်လို့ သားရေး၊ သမီးရေး၊ ဆွေရေး၊ မျိုးရေး ပစ္စည်း တွေကလဲ ကစင့်ကရဲဖြစ်ရတာ၊ ဘုရား တရားတော့ လက်မလွတ် ပါဘူး....တဲ့၊ အင်း....သူက ဒါနဲ့ညှဉ်ခဲသေးတယ်.... (မှန်ပါ့) အပြောတော့ မလျှော့ဘူး....(မှန်ပါ့) ဒါနဲ့ ညှဉ်ခံတယ် ဦးဘ တင်ရော၊ မခံဘူးလား....(ခံပါတယ်ဘုရား)။

သူ့ဉာဏ်နဲ့ ခန္ဓာနဲ့တော့ ကဲနေတယ်....(မှန်ပါ့) မကဲဘူး လား....(ကဲပါတယ်) ကဲပေမဲ့ သူ-ဘုရားတရားတော့ လက်မလွတ် ပါဘူးတဲ့....(မှန်ပါ့) ဘုရား- တရားနဲ့ လက်မလွတ်ဘူးဆိုတော့ ဘုရားပေးတဲ့ဉာဏ်ကော သူ့လက်ထဲ ရောက်ကဲလား....(မရောက် ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဘယ်မှာသာလျှင် ဘုရားရှိသတုံး၊ ဘုရားပေးတဲ့တရားကော....(မရှိပါဘုရား) ဒါတောင် သူက လက်မလွတ်ဘူးပြောနေတယ်....(မှန်ပါ့) သူက ဘယ့်နှယ် ပြော ဆတုံး....(လက်မလွတ်ဘူးပြောပါတယ်) နို့....လက်လွတ်ထား တာကတော့ နှစ်ခုစလုံးဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ

သြော်....သူပြောတာက ဘုရား-တရားတော့ လက်မလွတ်ပါဘူးတဲ့....(မှန်ပါ့) သူ-လွတ်နေတာကတော့ ခန္ဓာကပြောတာသူသိသေးရဲ့လား....(မသိပါဘုရား) ဘာလက်လွတ်နေသတုံး.... (ဘုရား-တရား လက်လွတ်နေပါတယ်) ပြီးတော့ ဧည့်ခံတော့....(ဘုရား-တရားနဲ့ ဧည့်ခံပါတယ်ဘုရား)။

ဘုရား- တရားကို လက်မလွတ်ပါဘူး....တဲ့၊ ကျုပ်တို့ သတိဝီရိယရှိတာပါဘဲ....တဲ့၊ ဦးဝတို့ ချင့်ပြီးယုံနော်....(မှန်ပါ့) ဦးခင်မောင်ကော....(မှန်ပါ့-ချင့်ယုံမှာပါဘုရား) ခင်ဗျားတို့က မချင့်ပါဘူး၊ သာဓုသာ ရမ်းခေါ်လိုက်တာ ဘုရား-တရားလက်မလွတ်ဘူး....တဲ့၊ တော်လိုက်တာ အရင်တုန်းက စီးပွားရေး တော်တုန်းကတောင် လက်မလွတ်ဘူး....တဲ့၊ အခု စီးပွားပျက်လဲလက်မလွတ်ဘူးတဲ့၊ တော်လိုက်တာလို့... ဦးခင်မောင်တို့လို နှုတ်သွက်တဲ့လူက သာဓုခေါ် စောချင်စောပစ်လိုက်မှာပေါ့....(မှန်ပါ့) စောပေမဲ့ ခင်ဗျားသာဓုက ထိခိုက်ကဲ့လား....(မထိခိုက်ပါဘုရား)။

သာဓုဆိုတာ ကောင်းပါတယ်၊ ဝမ်းမြောက်ပါတယ်၊ ဒီလို ပြောတာမဟုတ်လား....(မှန်ပါ့) ဟိုက လိမ်တာ ခင်ဗျားတို့က ဘယ်နှယ်ဖြစ်နေသတုံး....(ကောင်းပါတယ်၊ဝမ်းမြောက်ပါတယ် လို့ ဆိုရာကျပါတယ်) ရှင်းပလား တကာ တကာမတွေ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ယင် ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ ကြည့်....(မှန်ပါ့) ကြည့်တဲ့အခါကျတော့ ဘယ်သူဟာ အနာသမားဆိုတာကော ခွဲတတ်ပလား....(ခွဲဘတ်ပါပြီဘုရား) ကဲ.... ဘယ်သူကဟောမတုံး .... (ရုပ်နာမ်က ဟောပါတယ်၊ ဉာဏ်က အနာသမားပါဘုရား)။

ရုပ်နာမ်ကဘော့ဖြင့် သူက အနတ္တမို့ အနတ္တဘဲဟောမှာဘဲ၊ ဒီ့ပြင် ဘာမျှးဟောသတုံး....(မဟောပါဘုရား) သူက ဒုက္ခသစ္စာမို့ ကျုပ်-ဒုက္ခသစ္စာဘဲလို့ ဟောမှာဘဲ....(မှန်ပါ့) ဒီ့ပြင် ဘာဟောဦးမတုံး....(မဟောပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီလို သူက ကျုပ်ဟာ အနတ္တ၊ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး၊ ကျုပ်ကိုသာ ခင်ဗျားတို့ ဂရုစိုက်ကြည့်၊ ခင်ဗျားတို့အလို လိုက်မယ်လို့ ကျုပ်လာတာမဟုတ်ဘူးလို့ သူက ကန့်လန့်ချည့် ပြောနေမှာဘဲ....(မှန်ပါ့) ရုပ်ကလဲ ကန့်လန့်ပြောမယ်၊ နာမ်ကကော (ကန့်လန့်ပြောမှာပါဘုရား)။

ခင်ဗျာ့တို့ ဖိုးလိမ်းချင်တိုင်းဖိုးလိမ်း....ခင်ဗျာ့တို့ အလိုကို ကျုပ်က တစက်မှမလိုက်ဘူး၊ မပြောဘူးလား....(ပြောပါတယ်ဘုရား) ပြောပေမဲ့လဲ ခြယ်စမ်းပရစေဦး....(မှန်ပါ့) ခင်ဗျားတို့က ပေတာကိုးဗျ....(မှန်ပါ့) ပြောပေမဲ့ ခင်ဗျားတို့က ယုံရဲလား....(မယုံပါဘုရား)။

ဩော် .... ဒါဖြင့် ကိုယ့်ခန္ဓာက ပြောတာမှ မယုံလို့ ရှိယင်ဘုရားငုံ့ပြောလဲ အလကားနေမှာဘဲ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုယ့်ခန္ဓာပြောတာမှ ကိုယ်-မယုံဘူးဆိုတော့ ရှင်ဥပဂုတ်-ရှင်သီဝလိ ငုံ့ပြောလဲ အလကားနေမှာဘဲ....(မှန်ပါ့) ဒါဖြင့် အတော်ဆိုးတဲ့လူတွေပါ့.... (ဆိုးပါတယ်ဘုရား) ဒါဖြင့် လူကောင်းပါပလား....(နည်းပါသေးတယ်ဘုရား) အတော်ခက်နေပြီ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ.... ဒီကရွှေဖြင့် တကာတကာမတို့ ဘုန်းကြီးတို့ပြောတာ မယုံချင်နေပါ ခန္ဓာပြောတာကိုဖြင့် .... (ယုံရပါမယ်ဘုရား) ခန္ဓာက ဘယ်လိုပြောလဲ ရှိသတုံး....(အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘပါဘုရား) ဒီလေးချက်ပြောမယ်၊ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ခန္ဓာက ဘယ်လိုပြောမလဲ....(အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘပါဘုရား) အဲ.... သူက ဒါချည့်ဘဲပြောမယ်....(မှန်ပါ့) ကျုပ်တို့တော့ မယုံပါဘူးတဲ့လို့ မလုပ်နဲ့....(မှန်ပါ့) မယုံပါဘူးဆိုယင် ခင်ဗျားတို့ သန္တာန်မှာ ဘုရားမဖြစ်ဘူး၊ ဘုရားဟောထားတဲ့ ဉာဏ်မှ မရဘဲကိုးဗျ....(မှန်ပါ့) ဒီတော့ ဘုရားပွင့်တယ်ဆိုလို့ ရဦးမလား....(မရပါဘုရား)။

ကဲ....ဘုရားပွင့်မှ အထူးပေါ်လာတဲ့ဉာဏ်ကလေးလို့ ခုနင်က ဆရာဘုန်းကြီးက ပြောခဲ့တယ်....(မှန်ပါ့)ဒါဖြင့် ဒီဉာဏ်ကလေးတော့ဖြင့် .... ဖျောက်မပစ်ပါနဲ့ .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘုရားပွင့်မှ ဒီဉာဏ်ကလေးပေါ်လာတာမဟုတ်လား၊ ခန္ဓာကိုယ် စိုက်ကြည့်ရမည့် ဉာဏ်ကလေးဟာလေ....(မှန်ပါ့)။

အဲဒီတော့ ဒီဉာဏ်ကလေးနဲ့စိုက်ကြည့်နေတော့ ခန္ဓာကိုယ်ကတော့ဖြင့် ပရမတ်....တဲ့၊ ရူပ်ပရမတ်၊ နာမ်ပမရတ်၊ သူဟာဘယ်တော့မှ လိမ်လည် ကောက်ကျစ်ပြီး မပြောပါဘူးတဲ့.... (မှန်ပါ့) ကျုပ်-သဘောရိုးကို ကျုပ်ပြောပါ့မယ်တဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာကိုယ်ဟာ ပရမတ်လား၊ ပညတ်လား....(ပရမတ် ပညတ် ပါဘုရား) ကဲ....ခန္ဓာငါးပါးဟာ ပရမတ်ပေါ့ဗျာ .... (မှန်ပါ့ဘုရား)။

ပရမတ်ဆိုတော့ ဖေါက်ဖေါက်ပြန်ပြန် ပြမှာလား၊ သူ့ ပင်ကိုယ်သဘောအမှန် ပြမှာလား .... (သူ့ပင်ကိုယ်သဘောအမှန် ပြမှာပါဘုရား)။

အဲ....အမှန်ပြတာကို အမှန်ဉာဏ်နဲ့သာ ကြည့်လိုက်လို့ ရှိယင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်နိုင်တယ်....(မှန်ပါ့) စိတ်သာချ အမှန် ပြတာကို အမှန်ဉာဏ်နဲ့သာ ကြည့်ပါ၊ နိဗ္ဗာန် မရောက်ပေဘူးလား....(ရောက်ပါတယ်ဘုရား)။

အမှန်ပြတော့ကို အနိစ္စပြတော့လဲ သြော်....အနိစ္စ၊ ဒုက္ခ ပြ ပြန်တော့လဲ....(ဒုက္ခပါဘုရား) အနတ္တပြပြန်တော့....(အနတ္တပါဘုရား) အသုဘပြပြန်တော့ကော....(အသုဘပါဘုရား)။

ခန္ဓာက ပြောလိုက်တာကလေးဟာ အသုဘကိုး....လို့ ခင်ဗျားတို့က စိုက်ကြည့်နေဦး....ဒါတော့ ယုံပြီ၊ ဒီ့ပြင် ဘာပြောဦးမတုံး၊ စိုက်ကြည့်ဦး....ဆက်ပြီးစိုက်ကြည့်၊ ဆက်ပြီးစိုက်ကြည့်တော့ သူက ဘာမှ ထ့မပြောဘူး၊ ဒီလေးချက် လှည့်ပြောနေမှာဘဲ....(မှန်ပါ့) ဒီ့ပြင် ဘာပြောဦးမယ်ထင်သတုံး....(မပြောပါဘုရား) ဒီလေးချက်ဘဲ ပြောမနော်....(မှန်ပါ့)။

ဒီလေးချက်ဘဲပြောလာတော့ သြော်.... နားခါးလှပြီလို့ ခင်ဗျားတို့ ပြောဘို့ကောင်းတယ်....(မှန်ပါ့) နားခါးလှပြီ သူ-ပြောနေတာ၊ ဒါဘဲ ထပ်ပြောနေတာဘဲ....(မှန်ပါ့) ဘာတွေ ထပ်ပြောနေသတုံး....(အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဘဲပြောပါတယ်) ဒါတွေချည့် ထပ်ပြောနေတာဘဲ။

ထပ်ထပ်ပြောနေတော့ နားခါးလှပြီ၊ မကြည့်ချင်တော့ဘူးဆိုတာ မလာပေဘူးလား... (လာပါတယ်ဘုရား) မကြည့်ချင်တော့ဘူးဆိုတာ ရှဲမုန်းတော့ နီပို့ဒ္ဒဉာဏ် တက်လာတယ်.... (မှန်ပါ့) မတက်သေးဘူးလား....(တက်ပါတယ်ဘုရား)။

အဲဒီလို စိုက်ကြည့်-စိုက်ကြည့်လိုက်လို့ ရှိယင်တော့ ခင်ဗျားတို့ နီပို့ဒ္ဒ· ငြီးငွေ့တဲ့ဉာဏ် မတက်ချင်ပါဘူးဆိုလို့ကို ဦးဘအုန်းတို့ ရပါ့မလား....(မရပါဘုရား) နောက်က တကာတကာမတွေကော....(မရပါဘုရား)။

မရပေမဲ့လဲ ဘုန်းကြီးက မှာထားတာ တကာတကာမတွေ ခန္ဓာအဆုံး လိုက်ရမယ်လို့ ပြောထားတယ်....(မှန်ပါ့) ဘယ်လို သင်ထားပါလိမ့်....(ခန္ဓာအဆုံးလိုက်ရမယ်လို့ သင်ထားပါတယ်) မဆုံးသေးလို့၊ မဆုံးသေးခင် သူပြောနေတာ၊ ဆုံးအောင် ကြည့်ပါ....(မှန်ပါ့)။

ဆုံးအောင် ဆက်ကြည့်စမ်း တကာ တကာမတွေ သူ- ဘာတွေပြနေမယ်ထင်သတုံး.... (အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘပါ) ဒီလေးချက် ဆက်ပြနေတော့ ကျုပ်တို့က ကိုင်း.... မင်း-သဘောကောင်းကောင်းသိပါပြီကွာ....မင်းသည်ကား-လို့ ဆိုယင် အနိစ္စဆိုတာလဲ သေတာပြတာဘဲ....(မှန်ပါ့) ဒုက္ခဆိုတာလဲ....(သေတာပြတာပါဘဲ) အနတ္တာဆိုတာလဲ....(သေတာပြတာပါဘဲ) အသုဘဆိုတာကော....(သေတာပြတာပါဘဲ) အသုဘမသာမျှား သွားကြည့်တော့ အသေတွေတာဘဲမဟုတ်လား ခင်ဗျား-တို့-(မှန်ပါ့) မတွေဘူးလား....(တွေ့ပါတယ်ဘုရား)။

ဒါဖြင့် သူဟာ ဒီခန္ဓာကိုယ်ကြီးဟာ အသေတွေချည့် တွေ့နေတယ်ဆိုတော့ တကာတကာမတွေ့ ဒီအသေကြီးဖြင့် မလိုချင်တော့ပါဘူးဆိုတာ လာမလား၊ မလာဘူးလား....(လာပါတယ်ဘုရား)။

စိုက်ကြည့်လို့နော်....(မှန်ပါ့) စိုက်ကြည့်လို့ ဘယ့်နှယ် နေကြသတုံး....(အသေတွေ တွေ့ပါတယ်ဘုရား) တွေ့တော့ ဘယ့်နှယ်နေသတုံး....(မလိုချင်ပါဘုရား) ဘယ်သူ ပြောင်းသွားပါလိမ့်ဗျာ....(ဉာဏ်ပြောင်းသွားပါတယ်ဘုရား)။

ဉာဏ်ပြောင်းသွားတော့ တခါတည်း ဘုန်းကြီးက တကာတကာမတွေကို နည်းပေးလိုက်တယ်၊ မလိုချင်လို့ရှိယင် ခုနင်ကကြည့်နေတဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟာ အကုန် ပျောက်ထွက်သွားမယ်၊ မလိုချင်တဲ့ဉာဏ်သာ ရောက်ပေစေ....(မှန်ပါ့) ဘာပျောက်သွားမယ်ထင်သတုံး....(အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ ပျောက်သွားပါ့မယ်ဘုရား)။

ဒါဖြင့် ဒီနေရာမှာ အနိစ္စ, ဒုက္ခ, အနတ္တပျောက်သို့ရှိယင်ဖြင့် နိစ္စ, သုခ, သုဘဆိုတာ သေသေချာချာပြမယ် .... (မှန်ပါ့) မပြပေဘူးလား....(ပြပါမယ်) မကောင်းတာတွေ့ ပျောက်ပြီး ဘာရောက်လာမယ်... (ကောင်းတာရောက်လာပါမယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)*။

ဒီနေရာ ခွေးသေကောင်ပုပ်ရှိတာ တယ်နံတယ်ဆိုတော့ ခွေး

---

* မလိုချင်တဲ့ဉာဏ်အစစ်သည် ဝိရာဂခေါ်သော မဂ်ဉာဏ်ပင် ဖြစ်၏။ မဂ်ဉာဏ်ပေါ်လျှင် နိဗ္ဗာန်အာရုံပေါ်လာမည်။ နိဗ္ဗာန်ကား-နိစ္စ, သုခ, အနတ္တ, သုဘဖြစ်ကြောင်း ပြုလိုရင်း။

သေကောင်ပုပ် မရှိတော့ ခင်ဗျားတို့ ဒီနေရာ ကြိုက်မလား၊ မကြိုက်ဘူးလား....(ကြိုက်ပါတယ်) ဘာဖြစ်လို့တုံး....(ခွေးသေကောင်ပုပ် မရှိလို့ပါဘုရား) နဂိုရိုက ဒီနေရာ မကြိုက်တာက....(ခွေးသေကောင်ပုပ် ရှိလို့ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီနေရာကလေး ကြည့်လိုက်တဲ့အခါကျတော့ နဂိုရိုက လူသင်းချိုင်းဗျ၊ ဒီဥစ္စာ ရုပ်·နာမ်....(မှန်ပါ့) လူသင်းချိုင်း ကြည့်နေရတာကိုးခင်ဗျားတို့က....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာကြည့်နေရသတုံး....(လူသင်းချိုင်း ကြည့်နေရပါတယ်) မလိုချင်တော့ လူသင်းချိုင်းအကုန်ပျောက်သွားမယ်....(မှန်ပါ့) လူသင်းချိုင်း အကုန် ပျောက်သွားတဲ့အခါကျတော့ တကာတကာမတွေ့ အခုမှ အန္တရာယ်ကင်းပေတော့တယ်ဆိုတာ မလာဘူးလား....(လာပါတယ်) ဒါဟာ နိဗ္ဗာန်မြင်တာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နဂိုရိုက လူ-သင်းချိုင်းကြည့်နေရတာ....(မှန်ပါ့) နောက်ကျတော့ မလိုချင်တော့ဘူးဆိုတော့ လူသင်းချိုင်း ဘာဖြစ်သွားသတုံး.... (ပျောက်သွားပါ့မယ်) ဒီအသေတွေ အကုန်မပျောက်သေးဘူးလား....(ပျောက်ပါတယ်) ရုပ်တွေ နာမ်တွေရော အကုန်မပျောက်သေးဘူးလား.... (ပျောက်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ပျောက်သွားတာ ဒီနေရာ ကြက်သရေရှိတဲ့နေရာ၊ မင်္ဂလာရှိတဲ့နေရာလို့ ခင်ဗျားတို့က ဒီနေရာ ခဲ့ချင်သေးရဲ့လား... (မခဲ့ချင်ပါဘုရား)။

ဒီနေရာ မခွဲချင်တာသည်ကား....လို့ ဆိုယင် တကာတကာ မတွေ့ အလွန်ကောင်းတဲ့နေရာမို့ မခွဲချင်တာ....(မှန်ပါ့) ဒါဖြင့် အလွန်ကောင်းတာက နိဗ္ဗာန်၊ မခွဲချင်တာကဥာဏ် .... (မှန်ပါ့ဘုရား)။

အလွန်ကောင်းတာက.... (နိဗ္ဗာန်ပါ) မခွဲချင်တာက.... (ဥာဏ်ပါ) အဲ....နိဗ္ဗာန်နဲ့ ဥာဏ်နဲ့ အဲဒီကျအောင် ခင်ဗျားတို့ ခန္ဓာကိုယ်စိုက်ကြည့်ရမယ်....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဟာ .... ဒီနေ့ တကာတကာမတွေ့ တိုတိုနဲ့ ရှင်သာရိပုတ္တရာ ဟောတဲ့တရားကို ဟောလိုက်တဲ့အတွက် ဦးဝတို့လူစု အားလုံး ကံကောင်းတယ်....(မှန်ပါ့) အင်မတန် ကံကောင်းတယ်၊ တိုတိုနဲ့ မိတာကိုး....(မှန်ပါ့)။

ရုပ်တွေ၊ နာမ်တွေ ရုပ်ပေါင်း ဘယ်လောက်၊ နာမ်ပေါင်း ဘယ်လောက်လို့ မခွဲတော့ဘူး၊ သူ့ကို စိုက်သာကြည့်နေ၊ သူ့ဟာသူ ပြောသွားမယ်....(မှန်ပါ့) ဘယ်သူက ပြောမယ်.... (ရုပ်နာမ်ကပြောမှာပါဘုရား)။

ဒါဖြင့် ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ်များသည် ဘာနဲ့ ကြည့်ရမှာတုံး....(ရုပ်နဲ့နာမ်နဲ့ ကြည့်ရမှာပါ) ဒီလိုဆိုပါ၊ ရုပ်နာမ်နှစ်ခုကို ဥာဏ်တခုနဲ့ကြည့်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီ ပြင်ဟာနဲ့ကြည့်လို့ မရဘူး....(မှန်ပါ့) ဒီ ပြင်ဟာနဲ့ကြည့်ယင် ဦးဘတင်-တဏှာနဲ့ကြည့်ယင် ချော့နေဦးမှာဘဲ....(မှန်ပါ့)

ဘာနဲ့ကြည့်ရမှာတုံး.... (ဥာဏ်နဲ့ကြည့်ရမှာပါ) ကဲ....ထုံးစံအတိုင်းပြောတော့ ဘယ်လိုပြောမတုံး....(ရုပ်-နာမ်နှစ်ခုကို ဥာဏ်တခုနဲ့ ကြည့်ရပါ့မယ်) အဲဒါ ဝိပဿနာအလုပ်....(မှန်ပါ့)။

ဘယ်နှယ်မှတ်ကြမတုံး .... (ရုပ်-နာမ် နှစ်ခုကို ဥာဏ်တခုနဲ့ ကြည့်ရပါ့မယ်)ရုပ်-နာမ်က နှစ်ခုရှိတယ်၊ ဥာဏ်က တခုတည်းက နေပြီး ကြည့်ရမယ်....(မှန်ပါ့) ဥာဏ်တခုနဲ့ကြည့်လို့ရှိယင် ဒါ-ဝိပဿနာ အစ,ဖြစ်ပြီ....(မှန်ပါ့) ဥာဏ်တခုနဲ့ ကြည့်တဲ့အခါကျတော့ ရုပ်-နာမ်-နှစ်ခု မုန်းလာလို့ရှိယင် ဝိပဿနာ အလည်ရောက်ပြီ....(မှန်ပါ့) ဥာဏ်တခုနဲ့ကြည့်လို့ ရုပ်နာမ်နှစ်ခု ဆုံးသွားလို့ရှိယင် ဝိပဿနာကိစ္စ ပြီးပြီ....(မှန်ပါ့) မပြီးသေးဘူးလား....(ပြီးပါပြီဘုရား)။

ကဲ....ဒီလိုဆိုတော့ မလွယ်နိုင်ဘူးလား .... (လွယ်နိုင်ပါတယ် ဘုရား) လွယ်နိုင်လျက်နဲ့ ဘယ်နှယ်ကြောင့် တကာတကာမတွေ့သည် လိုရာခရီးမပေါက် ရောက်ကြပါလိမ့်မတုံး....လို့ မေးလို့ရှိယင်ဖြင့် မကြည့်မိလို့ သာ မှတ်ပေတော့....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(အရှိကို မကြည့်မိလို့ပါဘုရား) အရှိကမျက်တောင်မွေး ဟုတ်လား.... ကြည့်တာက မျက်လုံးဆိုတော့ နီးလျက်နဲ့ ဝေးနေလို့....(မှန်ပါ့) ဘယ်နှယ်ဆိုကြမလဲ .... (နီးလျက်နဲ့ ဝေးနေလို့ပါဘုရား)။

ဩော်....ခင်ဗျားတို့ ခက်လိုက်တာ နီးလျက်နဲ့ ဝေးတာဟာ အဆိုးဆုံးဘဲ....(မှန်ပါ့) ရုပ်-နာမ်နဲ့ဥာဏ်နဲ့ဟာ ဘယ်နှယ်တုံး.... (အနီးဆုံးပါ) ဘယ်နှယ်ကြောင့် ဝေးနေသတုံးဆိုတော့ အို.... မျက်တောင်မွေးနဲ့ မျက်လုံးဖြစ်နေလို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မျက်တောင်မွေးနဲ့ မျက်လုံးဖြစ်နေလို့ နီးလျက်နဲ့ ဝေးနေတယ်-တဲ့၊ မှန်ထောင်ကြည့်လိုက်တဲ့အခါကျတော့ မျက်တောင်မွေးလဲ မမြင်ရဘူးလား....(မြင်ရပါတယ်) မျက်လုံးကော.... (မြင်ရပါတယ်ဘုရား)။

အဲ....ဘုရားတည်းဟူသော ပုဂ္ဂိုလ်ဟာ တကာ တကာမတို့မှန်နဲ့တူပါတယ်၊ ခင်ဗျားတို့ဟာကတော့ နီးလေ-မမြင်လေဘဲ၊ ဘုရားတည်းဟူသောမှန်က ထောင်ပြလိုက်တဲ့ အခါကျတော့မှ ဩော်....ဒါက မျက်တောင်မွေး၊ ဒါက မျက်လုံးပါလားဆိုတာ ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်ပါတယ် ဘုရား)။

ဒီမှာလဲ ရုပ်နာမ်နှစ်ခုကို ခင်ဗျားတို့ ဉာဏ်တခုနဲ့ ကြည့်မှ သာလျှင် လိုရာခရီးဆိုက်မယ်....(မှန်ပါ့) နို့မဟုတ်ယင်.... (မဆိုက်ပါဘုရား)။

ဒါကြည့်ရတဲ့အလုပ်သည် တကာတကာမတို့ အတော် ဝန်လေးတဲ့အလုပ်လို့ ဆိုမလား၊ အလွယ်ကလေးလို့ ဆိုမလားတဲ့-(အလွယ်ကလေးပါဘုရား) မရှိတာ ကြည့်ရတာလား၊ ရှိတာကြည့်ရတာလား....(ရှိတာ ကြည့်ရတာပါဘုရား)။

ရှိတာကြည့်တဲ့အခါကျတော သူ-အရှိသည်ကား....လို့ဆိုယင် တကာတကာမတို့ ထုံးစံရှိတာကိုဖြင့် သူပြောမှာဘဲ၊ ဒီ.ပြင်ပိုပြောစရာရှိသေးရဲလား.... (မရှိပါဘုရား) ဒီရုပ်နာမ်ကဘဲ အမှန်ပြောမှာဘဲ .. (မှန်ပါ့)။

အမှန်ပြောဘော့ ဘုရားကလဲ ကိုယ်တိုင်သိနဲ့ သူတပါး:ပြောလို့သိ၊ ဒီနှစ်သိတွင် ဘယ်အသိကိုကြိုက်သလဲ....(ကိုယ်တိုင်အသိ

ကို ကြိုက်ပါတယ်) ဒီဌ ဓမ္မောနော်.... ကိုယ်တိုင် မြင်အောင် လုပ်ပါ၊ပြောတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိဒိတ ဓမ္မော....တဲ့၊ ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်အောင် လုပ်ကွာ-တဲ့၊ ရှင်းပလား....(ရှင်းပါပြီ)ပရိယော ဂဠှဓမ္မော...တဲ့ ကိုယ့်ဉာဏ်နဲ့ကိုယ် သက်ဝင်အောင်လုပ်နော်.... သူများ ပြော လောက်နဲ့ တင်းတိမ်မနေရဘူးတဲ့....(မှန်ပါ့)။

တိဏ္ဏ ဝိစိကိစ္ဆော=သံသယ ရှင်းသွားရမယ်ဘဲ့၊ သူများပြော သံကြားဆိုယင် သံသယရှိနေမှာစိုးရတယ်၊ ကိုယ့်ဟာကိုယ် မြင် လိုက်ယင်ဖြင့် သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား)။

ဝေသာရဇ္ဇပုတ္တော....တဲ့၊ ရဲရဲတင်းတင်းဖြစ်အောင် လုပ်စမ်း ပါ၊ ရဲရဲတင်းတင်း ဖြစ်လာတဲ့အခါ မဟုတ်ဘူးလား....(မှန်ပါ့) ရဲရဲတင်းတင်းဖြစ်လာတဲ့အခါ အမှန်မတွေ့ရပေဘူးလား....(တွေ့ ရပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ နဂိုရိုက နိဗ္ဗာန် မရခဲ့ တာ သူများပြောတာလောက်နဲ့ လမ်းဆုံးနေလို့....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်ရုပ်နာမ်ကပြောတာကို ခင်ဗျားတို့က ဘယ်အခါ ကာ လမှ သူ့ကို ကြည့်ရတယ်ဆိုတာလဲ နှစ်လုံးမသွင်းမိခဲ့ကြဘူး.... (မှန်ပါ့) သူက နိဗ္ဗာန်ပို့နိုင်အောင်ဆိုတာလဲ လှနဲ့ လှထိုး သမား၊ ဥပမာကို ဘုန်းကြီး အစကပြောခဲ့ပြီ....(မှန်ပါ့) ဒါမှ လှပေါ်မှာရှိတဲ့လူတွေ့ ဟိုဘက်ရောက်မှာကိုးဗျ ...(မှန်ပါ့)။

လှချည့်လဲ ဟိုဘက်တော့ မရောက်ဘူးဗျ၊ လှထိုးသမား

သက်သက်ကော....(မရောက်ပါဘုရား) နှစ်ဦးပေါင်းစပ်လိုက်လို့ ရှိယင် လေ့ပေါ်မှာ ပါသွားတဲ့လူတွေ သူတို့နှစ်မျိုးကြောင့် မရောက်ရပေဘူးလား....(ရောက်ရပါတယ်ဘုရား)။

ဒါဖြင့် ရုပ်နာမ်ကိုသာ ခင်ဗျားတို့ရှု၊ ဉာဏ်သမား ရောက်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) ဦးဘတင်- ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါ-ဘယ်သူဟောတဲ့တရားတုံး .... (ရှင်သာရိပုတ္တရာဟောတဲ့တရားပါ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ .... တကာ တကာမတွေ ရှင်သာရိပုတ္တရာဟောတဲ့တရားတိုတိုနဲ့မိပုံ သဘောကျပလား....(ကျပါပြီ) အဲ....ခင်ဗျားတို့ကသိပ် အရှည်ကြီးကြိုက်တော့ခက်ပါရဲ့၊ စကားတလုံး တောင်လှည့်မြောက်လှည့်နဲ့ တော်တော်နဲ့ လိုရင်းမရောက်ဘူး....(မှန်ပါ့)။

သူများဆီ ငွေကလေး ဘာကလေး ချေးမလို့ သွားတော့ ဟိုလိုလို ဒီလိုလိုလုပ်နေတာနဲ့ စကားလှည့်နေတာနဲ့ဘဲ ရေသေးရဲလား....(မရပါဘုရား) ရှည်နေတာကိုး၊ တိုတိုနဲ့ တိုက်ရိုက်ပြောလိုက်လဲ ပြီးတာဘဲ၊ ကျုပ်တို့မရှိလို့ ချေးစမ်းပါဦး ဆိုယင် ပြီးသွားနိုင်တာပါဘဲ....(မှန်ပါ့) မဟုတ်ဘူး၊ တိုင်းပြည်က ဘယ်လို ညာလို အရောင်းအဝယ်က ဘယ်လို ညာလိုနဲ့ ရှုပ်နေယင်တော့ သွားပြီ....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရှည်လို့ ခရီးမပေါက်တာ၊ အခုတော့ဖြင့် တိုတိုသဘောကျပလား....(ကျပါပြီဘုရား) ဘာကိုကြည့်မယ်....(ရုပ်နာမ်ကို ကြည့်ရပါ့မယ်ဘုရား)။

အဲ....ရုပ်နာမ်နှစ်ခုကို ဉာဏ်တခုနဲ့ကြည့်၊ ဒါမကြည့်တတ်လို့ ရှိယင်အကုန်ဖေါက်ပြန်တယ်....(မှန်ပါ့) မကြည့်တတ်တော့ဦးခင်မောင်-အနိစ္စက နိစ္စဖြစ်ပြီ၊ ဒုက္ခက... (သုခဖြစ်ပါပြီ)အနတ္တက....(အတ္တဖြစ်ပါတယ်) အသုဘက....(သုဘဖြစ်ပါတယ်ဘုရား)။

သြော်....ခင်ဗျားတို့ ကြည့်တော့ ကြည့်တာဘဲ....တဲ့၊ ခင်ဗျားတို့ ကြည့်တာသည်ကား....လို့ ဆိုယင် ဘုရားပေးတဲ့မျက်လုံးနဲ့ မကြည့်ဘူးဟုတ်လား၊ မိဘရိုးရာ မျက်လုံး၊ သာမည အမေမိဘဆရာ ပေးတဲ့မျက်လုံး၊ ဒါနဲ့ကြည့်နေတာနဲ့ ခင်ဗျားတို့က ဖေါက်ပြန် မြင်နေတာကိုး .... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်လိုမြင်တာပါလိမ့်....(ဖေါက်ပြန် မြင်နေတာပါဘုရား) ဒါဟာ ဘုရားပေးတဲ့မျက်လုံးနဲ့လား၊ အရုပ်ပေးတဲ့ မျက်လုံးနဲ့လား....(အရုပ်ပေးတဲ့မျက်လုံးနဲ့ပါ) ဒါဖြင့် ခင်ဗျားတို့ဟာ အရုပ်နှိပ်စက်နေတာကိုး....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်သူနှိပ်စက်နေတာတုံး....(အရုပ်နှိပ်စက်နေတာပါ) ခင်ဗျားတို့ကလဲ အရုပ်ထဲနေမှပျော်တာ....(မှန်ပါ့) ဒီကပြန်ယင် ဘယ်ကိုပြန်ကြမှာတုံး....(အရုပ်ထဲပြန်မှာပါ) ဘာဖြစ်လို့တုံး.... အရုပ်ပေးတဲ့မျက်လုံး ကျေနပ်လွန်းလို့....(မှန်ပါ့)။

အရုပ်ပေးတဲ့မျက်လုံးနဲ့ဘဲ ခင်ဗျားတို့ အိမ်ထောင်တွေကျ၊ ငိုကြ-ရယ်ကြ၊ သားအတွက် ပူကြ၊ သမီးအတွက် ပူကြ-ဆိုတာ ဘယ်သူပေးတဲ့မျက်လုံးပါလိမ့်....(အရုပ်ပေးတဲ့မျက်လုံးပါ) ခင်ဗျားတို့ အခုဘယ်ပြန်ကြမှာတုံး .... (အရုပ်ထဲ ပြန်ကြမှာပါဘုရား)။

အင်း....ငိုရလိမ့်ဦးမယ် ခင်ဗျားတို့ ဖြစ်တွေ့ကတော့-(မှန်ပါ့) ဦးဘတင်-သဘောကျရဲ့လား....(ကျပါတယ်) အရပ်ပေးတဲ့မျက်လုံး နှိပ်စက်နေတာ၊ ဘုရားပေးတဲ့မျက်လုံးက ဘုရားပွင့်မှဘဲ ရတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကြည့်လေ....ပဋ္ဌာစာရီဟာ ပဌမ ဒါသနဲ့ လိုက်ပြေးတဲ့အခါမှာ ဘယ်သူ့မျက်လုံးနဲ့ လိုက်တာတုံး....(အရပ်မျက်လုံးနဲ့ လိုက်တာပါ) နောက်ကျတော့ ဘုရားပေးတဲ့မျက်လုံးနဲ့ တပ်လိုက်တဲ့ အခါကျတော့ ရဟန္တာမ ဖြစ်သွားတယ်....(မှန်ပါ့)။

ဘုရားပေးတဲ့မျက်လုံးလဲ တပ်ပါရော ဘာဖြစ်သွားသတုံး.... (ရဟန္တာမ ဖြစ်သွားပါတယ်) အရပ်ပေးတဲ့ မျက်လုံးကြောင့်တော့ အရှုးဖြစ်ခဲ့ရသေးတယ်၊ ဘုရားပေးတဲ့ မျက်လုံးကြောင့် အကောင်းဖြစ်ရတယ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်ဟာကြိုက်သတုံး....(ဘုရားပေးတဲ့ မျက်လုံးကြိုက်ပါတယ်) ပျော်တော့ ဘယ်ပျော်ကြသတုံး.... (အရပ်ထဲ ပျော်နေကြပါတယ်ဘုရား) ဟာ...ဂွကျကုန်တာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဩ....ဒီကိုယ်က ကန့်လန့်ပါလား၊ ရှင်းပလား... (ရှင်းပါပြီဘုရား) ကိုယ့်ကိုယ်က ကန့်လန့်လုပ်နေတာ....(မှန်ပါ့)။

တော်တော်ကြာကျတော့ အရပ်ထဲကနေပြီး သကာလ.... ညောင်ရေအိုးကလေး ဆွမ်းတော်ကလေး တင်ပြီး သကာလ... အရှင်ဘုရား....ဓဋ္ဌဘဝတိုဘိုနဲ့ နိဗ္ဗာန်ရ-ရပါလို၏တဲ့၊ အရပ်ထဲက ထွက်ပါလား၊ဆိုတော့....(မထွက်နိုင်ပါဘုရား) ထွက်နိုင်ရဲ့လား.... (မထွက်နိုင်ပါဘုရား)။

တော်တော်ပေတယ်လို့ပြောတာမျှား ခင်ဗျားတို့ အခုသေသေချာချာဖေါ်တော့မှ သြော်- ဒီဟာပေရုံတင်မကဘူး၊အတေတွေ့မျှား တိုးနေကြသေးသလား၊ဆိုတာ ဂရုစိုက်ပါဦး... (မှန်ပါ့ဘုရား) ပေရုံတင်လား၊ တသေးသလား .... (တပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံး ဒီကရွှေကို .... (ဘုရားပေးတဲ့မျက်လုံးနဲ့ တပ်ရပါ့မယ်) အရပ်ထဲကနေနေ၊ ဘယ်နေနေဘာမျက်လုံးနဲ့ ကြည့်ရမတုံး.... (ဘုရားပေးတဲ့မျက်လုံးနဲ့ ကြည့်ရပါ့မယ်) အရပ်ပေးတဲ့မျက်လုံးနဲ့တော့.... (မကြည့်ရပါဘုရား) မကြည့်နဲ့၊ အရပ်ပေးတဲ့မျက်လုံးက ပညာရှိတာမဟုတ်ဘူး၊ သူ့မှာလဲ အရူမျက်လုံးနဲ့ မဟုတ်ဘူးလား....(မှန်ပါ့)။

ဒီက နားဆောင်တဲ့လူကလဲ အရူးနားနဲ့ ထောင်လိုက်တော့ ကိုယ့်အမြင်တွေကလဲ အရူးမျက်လုံး ပြန်ဖြစ်တယ်၊ ဦးဘတင်-ဒီအတိုင်းပဲနေဘူးလား....(မှန်လှပါ)။

ကဲ .... ဦးခင်မောင်တို့ အခုဆင်းရဲနေတဲ့အဖြစ်ဟာ ဘုရားပေးတဲ့ မျက်လုံးကြောင့်လား၊ အရပ်ပေးတဲ့ မျက်လုံးကြောင့်လား....(အရပ်ပေးတဲ့မျက်လုံးကြောင့်ပါဘုရား)။

သားပို့၊ သမီးပို့၊ ဆွေပို့၊ မျိုးပို့ ကပ်နေကြတာ ဘယ့်နှယ်ကြောင့်ပါလိမ့်.... (အရပ်ပေးတဲ့ မျက်လုံးကြောင့်ပါဘုရား) ခင်ဗျားတို့က ဘုရားသပိတ်မှောက်သလို လုပ်နေကြတာ အနာဆုံးပါဘဲ....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

မဟုတ်ဘူးဗျ.... တန်းတူလို့ မှောက်တာလား၊ ခင်ဗျားတို့ကလူစုကောင်းလို့ မှောက်တာလား.... (လူစုကောင်းလို့ မှောက်တာပါ) အံမာလေး....တကယ့်လူတွေပါကလား....(မှန်ပါ့)။

ကိုယ်တော်မြတ်ကြီးကဖြင့်.... လေးသခြေ်နဲ့ ကမ္ဘာတသိန်း သတ္တဝါတွေဘို့ဆိုပြီး ကျင့်လိုက်ရတာ တကယ်လဲ လက်ဆော့် ပေးမယ်ကြံရော မယူတော့ပါဘူးလို့ ဝိုင်းပြီး သပိတ်မှောက် တယ်....(မှန်ပါ့) ကောင်းသေးရဲ့လား....(မကောင်းပါဘုရား)။

ဦးခင်မောင်တို့ ခင်ဗျားတို့ အတော် ပေခဲ့ကြပါကလား.... (မှန်ပါ့) ဦးခင်မောင်- ဒီလိုအထဲက မကျဘူးလား....(မှန်ပါ့- ကျပါတယ်ဘုရား)။

ကိုင်း... တကာတကာမတွေ့ အခုပြောတဲ့ဟာ ရှင်းကြပလား (ရှင်းပါပြီ) ဝိပဿနာ ဘုရားပေးတဲ့မျက်လုံးက ရုပ်နာမ်နှစ်ခုကို ဘာနဲ့ကြည့်ရမတုံး....(ဉာဏ်တခုနဲ့ ကြည့်ရပါ့မယ်) ဉာဏ်ဘခုနဲ့ ကြည့်လိုက်လို့ရှိယင်ဖြင့် ဉာဏ်ဟာ အစဉ်အတိုင်းတက်သွားမယ် (မှန်ပါ့) မတက်ပေဘူးလား....(တက်ပါတယ်ဘုရား)။

ပဌမ ဘာဉာဏ်ရမယ် .... (ယထာဘူတဉာဏ်ပါ) ဒုတိယ တက်သွားယင်.... (နိဗ္ဗိန္ဒဉာဏ်ပါ) တတိယ တက်သွားယင်.... (မဂ်ဉာဏ်ပါဘုရား)။

ဒါ-ဘုရားဟောလိုက်တဲ့မျက်လုံးနဲ့ ကြည့်လိုက်တော့လဲ အစဉ် အတိုင်း တက်သွားတာဘဲ....(မှန်ပါ့) အရုပ်ပေးတဲ့ မျက်လုံးနဲ့ ဆိုယင် ဒုက္ခတွေ့ တက်သွားတာဘဲ....(မှန်ပါ့) မတက်ဘူးလား- (တက်သွားပါတယ်ဘုရား)။

တော်တော်ကြာ.... သားကလေး မွေးလာတော့ သားပူ... (မှန်ပါ့) သားကလေး အိမ်ထောင်ကျတော့ ခွေးမ,ပူပါဆင့်၊ မြေးကလေးမွေးလာတော့ မြေးပူ၊ အရုပ်ပေးတဲ့မျက်လုံးကတော့ အပူတွေ့ တက်သွားတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဘုရားပေးတဲ့မျက်လုံးကတော့ .... (အပူတွေ့ သတ်ပါတယ်) အဲ....ဘယ်ဟာကြိုက်သတုံး .... (ဘုရားပေးတဲ့မျက်လုံး ကြိုက်ပါပါတယ်ဘုရား)ဒါက ဒီတွင်ကြိုက်တာကိုး....ခင်ဗျားတို့ဟာကလဲ ခက်လိုက်တာ....(မှန်ပါ့) ကဲ....သဘောပါကြပလား....(ပါ.ပါပြီဘုရား)။

ဦးဇံရင်ရေ- ခေါင်းတော့ မကုတ်နဲ့နော်....(မှန်ပါ့) ခေါင်းတော့ မကုတ်နဲ့၊ ခေါင်းကုတ်လို့မဖြစ်ဘူး၊ မှိတ်သာ ကြိုက်ပေတော့....(မှန်ပါ့)။

ကိုင်း....တကာတကာမတို့ မာဂဏ္ဍပရိုဗုဇ်ကို ဆက်ဘို့ပါဘဲ၊ မာဂဏ္ဍပရိုဗုဇ်မှာ အရပ်ပေးတဲ့မျက်လုံး မှိတ်ပြီးငြင်းနေတာ....(မှန်ပါ့) ဘုရားက ကိလေသာဖြတ်တယ်၊ သူက ကိလေသာပွား တာ၊ သားကမြေး၊ မြေးက မြစ်-စသည် တိုးပွားလာတာတွေ့ကြိုက်တယ်....(မှန်ပါ့) ဒါ့ကြောင့်.... ဘုရားကို ပွားစည်းရေး၊ ဖျက်ဆီးသူ ကြီးပွားရေး၊ ဖျက်ဆီးသူဆိုပြီး ဘုရားကို မကြည်ညိုတာပေါ့....(မှန်ပါ့)။

အဲဒီတော့ သူဟာ ဘယ်မျက်လုံးနဲ့ ကြီးပွားနေတာတုံး.... (အရပ်မျက်လုံးနဲ့ ကြီးပွားနေတာပါ) ဘုရားပေးတဲ့ မျက်လုံးနဲ့ကျတော့ သူ-စိတ်ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား)။

ဆွေနေတဲ့ပုဂ္ဂိုလ်တဦးတယောက်ဟာကိုယ့်မီးဖိုကလေးနဲ့ကင်ပြီး သကာလ နေရတာကိုပင်လျှင် အနာပေါက်မှန်းမသိတဲ့ ပုဂ္ဂိုလ်ကျတော့ မီးကင်ရတာကိုပင် ကြက်သရေမဂ််လာထင်နေကြမယ် (မှန်ပါ့) မထင်ဘူးလား....(ထင်ပါတယ်) ဘာမသိလို့တုံး.... (အနာပေါက်မှန်းမသိလို့ပါဘုရား)။

အနာပေါက်မှန်း မသိတော့ မီးကင်ရတာကိုပင် တကာ တကာမတို့ ကြက်သရေရှိတယ်ထင်နေတာ၊ ကျုပ်မို့ မီးလှုံနိုင်တာ ပြောနေတာကိုး....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ကျုပ်မို့ အိမ်ကြီးဆောက်နိုင်တာ၊ ကျုပ်မို့ တိုက်ကြီးတည်နိုင်တာ၊ ကျုပ်မို့ ဒီသားသမီးတွေကို ရွက်ဆောင်နိုင်တာ.... စသည်နဲ့ ကျွန်အဖြစ်ကနေပြီး ဂုဏ်ယူနေလိုက်တဲ့ ဖြစ်ခြင်းများ မပြောပါနဲ့တော့....(မှန်ပါ့) ပြောစရာရှိသေးသလား....(မရှိပါဘုရား)။

ကြည့်ပါလား....သားသမီး ၄-၅-၁၀-ယောက်တွေကို ကျုပ် ချီမ,ပြီး ကျွေးမွေးလာခဲ့ရတာ ကျုပ်မို့၊ ဟုတ်ပေလိမ့်မယ်၊ ဘေးကလဲ လက်ခုပ်တီးပေးတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘေးက ဘယ်လိုလက်ခုပ်တီးပေးသတုံး....(ဟုတ်ပေလိမ့်မယ်) ဟုတ်ပေလိမ့်မယ်ဆိုလို့ ရှိယင် ဟိုပုဂ္ဂိုလ်ကလဲ ဒီထက် ဟုတ်ချင် တော့တာဘဲ....(မှန်ပါ့) အတော်မဆိုးဘူးလား....(ဆိုးပါတယ် ဘုရား)။

အဲဒါ ခင်ဗျားတို့၏ အရပ်ပေးတဲ့မျက်လုံးနဲ့ အရပ်မြောက်နဲ့ဟာ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

အဲ.... မာဂဏ္ဍိက ကြီးပွားခြင်းကို အလိုမရှိဘူး၊ ကြီးပွားခြင်းကို ဖြတ်တောက်ပစ်တဲ့ ကိုယ်တော်ကြီးဆိုတာ ခုနင်က ပြောခဲ့တဲ့ဒုက္ခပွားစည်းခြင်း၊ ကြီးပွားခြင်းကို သူကမသိဘူး....(မှန်ပါ့) သူ့မှာဖြင့် ချစ်စရာ၊ ခင်စရာ တဏှာသမုဒယတွေ များပြားလာမှာကို ကြီးပွားခြင်းလို့မှတ်နေတယ်....(မှန်ပါ့)။

မာဂဏ္ဍိအမြင်နဲ့ သဘာဝနဲ့ အင်မတန် မလှဲပေဘူးလား.... (လှဲပါတယ်ဘုရား) ဒါဖြင့် သူ့မီးဖိုနဲ့သူ ကြက်သရေရှိတယ် ထင်နေတာပေါ့....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(သူ့မီးဖိုနဲ့သူ ကြက်သရေရှိတယ် ထင်နေကြပါတယ်) ဒီတော့ သူ့ကိုယ်သူ ကိလေသာနှုန်နာ စွဲနေတယ်လို့ကော သိသေးရဲ့လား....(မသိပါဘုရား) မသိတော့ သူမို့ မီးလှုံနိုင်တာ လာတော့တာဘဲ....(မှန်ပါ့)။

ဒီ့ပြင်လူမီးဖို သေးနေလို့ရှိယင်ဖြင့် မင်း-ငါ့လောက် ပါဝါ မမြင့်သေးဘူး ဆိုချင်ဆိုလိမ့်မယ်၊ သူကတော့ မီဖိုကြီး လှုံရတာကိုး....(မှန်ပါ့) မီးဖိုကြီး လှုံရတယ်ဆိုတော့ အနာကြီးလို့လား၊ အနာသေးလို့လား....(အနာကြီးလို့ပါဘုရား)။

သူသော သူတို့က ဂုဏ်ယူနေတယ်၊ ခုနင်က တကာတကာမ တွေ့လိုပေါ့လေ.... ကျုပ်မို့ ဒီထမင်းအိုးကြီး ချိနိုင်တာဆိုတော့ ဘယ်နှယ်နေသတုံး ဦးဇင်ရဲ့....(ဂုဏ်ယူတာပါဘုရား)။

ဒီထမင်းအိုးချိလာတာ ကျုပ်-ဖဝါးလက်နှစ်လုံး ပုခုံးနှစ်သစ်ကစပြီး ဘယ်တော့မှသူများအောက်မကျခဲ့ဘူး၊ သူများဒီအဝတ် ဝတ်နိုင်ယင် ကျုပ်သားသမီးလဲ ဝတ်ရအောင် လုပ်ခဲ့တာဘဲ၊ သူများကျောင်းထား ကျုပ်လဲ ကျောင်းထားခဲ့တာဘဲ၊ သူများက မော်တော်ကားဝယ်ပေး ကျုပ်လဲ ဝယ်ပေးခဲ့တာဘဲ၊ ဩဇာ-ကျုပ်မှာ တော်-တော်သေးရဲ့၊ အင်း....သူမီးလှုံရတာကို ဘယ်နှယ်ဖြစ်နေသတုံး....(တော်သေးရဲ့ ထင်နေပါတယ်) မီးဖိုကြီးလား၊ မီးဖိုလေးလား....(မီးဖိုကြီးပါဘုရား) နို့.... မီးဖိုကြီးနဲ့သူနဲ့ကို အတော် ကြက်သရေ ရှိနေတယ် ထင်နေတာကိုးဗျ.... (မှန်ပါ့) မထင်ဘူးလား....(ထင်ပါတယ်ဘုရား)။

ဘေးကနေပြီးကြည့်တဲ့အခါကျတော့ သြော်....သူ့အနာဟာ ဒီမီးဖိုရမှ ရမှာထင်ပါရဲ့....(မှန်ပါ့) ဘေးကနေကြည့်တော့ ဘယ်နှယ်နေကြသတုံး....(ဒီမီးဖိုမှ ရမှာထင်ပါရဲ့) အမြင်မှန်က ကိုးဗျ....(မှန်ပါ့)။

ခုနင်က မီးဖိုသမားကတော့ သူ့ဟာနဲ့သူကို အတော် ကျေနပ်နေတာ....(မှန်ပါ့) မကျေနပ်ဘူးလား.... (ကျေနပ်ပါတယ်ဘုရား)။

ခုနင်က ခင်ဗျားတို့ ကျေနပ်နေတာနဲ့ တကိုက်တည်း မနေဘူးလား....(နေပါတယ်ဘုရား) ခင်ဗျားတို့လဲ သားဝန်၊ သမီးဝန်၊ ဆွေဝန်၊ မျိုးဝန်ပါ အကုန်ထမ်းရယင် ဘယ်နှယ် နေသတုံး....(ကျေနပ်နေပါတယ်ဘုရား)။

အို....ကာမဝစရရှိလို့ တော်ဘဲတော်သေးတယ်၊ အမျိုးပါအောက်မကျအောင် ထိန်းနိုင်တယ်၊ ဒီလိုလာတာဗျ၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဘယ်လောက်များ မိုက်ချက်သန်တယ်၊ မသိချက်သန်တယ် ဆိုတာတော့ မပြောပါနဲ့တော့၊ ကျုပ်ဟာ ကျွန်ကနေပြီး သပေါက်၊ သပေါက်ကနေပြီး သတက်ကျအောင် အိုအောင်မင်းအောင် ကျွေးနိုင်ပရစေ၊ ဒါလောက်ထိအောင် ဆုတောင်းထားတာ.... (မှန်ပါ့) မတောင်ဘူးလား... (တောင်းပါတယ်ဘုရား)။

သားကလေးတွေလဲ ပုခက်လွဲခဲ့ပြီ၊ ကျင်ကြီး ကျင်ငယ် ကြုံးခဲ့ပြီ၊ မြေးကလေးတွေကျတော့လဲ ကြုံးနိုင်ပရစေ .... (မှန်ပါ့) မြစ်ကလေးတွေကျတော့ကော....(ကြုံးနိုင်ပရစေ)။

ဟာ....လွန်လွန်းလှချည့်လား၀ျာ....မီးဖိုတွေ့ တွေ့တိုင်း ပွေ့တိုင်း ကျုပ်မီးဖိုတွေ့ ဖြစ်ပရစေကတည်းက....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဘယ်လောက် ရှုးနေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ မာဂဇ္ဈိကို ဘုရားက မဟောဘူးလား၀ျာ .... (ဟောပါတယ်ဘုရား)မီးဖိုလှုံနေရတာ မင်းကကြက်သရေရှိတယ် မှတ်နေတယ်၊ မင်းဟာ အန္ဓရောဂါရှိမှန်း မသိဘဲလို့ မပြော ထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ကိုင်းကွာ....ငါဥပမာတခု ပြောပါမယ်တဲ့၊ နှုနေတဲ့ပဂိုလ်ကို ဆေး၀ါးကောင်းနဲ့ အမေမိဘ ဆရာသမားတွေက ကုလိုက်လို့ ပျောက်သွားပြီကွတဲ့.... (မှန်ပါ့) ပျောက်သွားတဲ့ အခါကျတော့ ဒီလူကို ဟိုမီးလှုံနေတဲ့ လူကိုသွားပြ၊ ဒီလူက မီးလှုံချင်တဲ့စိတ် ပေါက်-မပေါက်.... (မပေါက်ပါဘုရား) ဘာဖြစ်လို့တုံး.... (ရောဂါပျောက်လို့ပါဘုရား)ဒါဖြင့် အနာပျောက်ယင်တမျိုး အနာမပျောက်ယင်....(တမျိုးပါဘုရား)။

အဲ....ခင်ဗျားတို့ သားနဲ့သမီးနဲ့ ဆွေနဲ့မျိုးနဲ့ သိုက်သိုက်အုံအုံ သူတို့အတွက် ပူပင်သောကဖြစ်ပြီး နေရတာကိုပင် ကျေနပ် နေတာ၊ အဲဒါ အနာမပျောက်ခင် ပေါ်တဲ့စိတ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာတုံး....(အနာမပျောက်ခင် ပေါ်တဲ့စိတ်ပါဘုရား)အနာ မပျောက်ခင် ပေါ်တဲ့စိတ်မို့ ဒီအပူတွေ့ အကပ်မခံနိုင်တာ ပေါ့ဗျ....(မှန်ပါ့) မီးဆိုတာ အခုမှပူတာလား နဂိုရှိပူတာလား (နဂိုရှိပူပါဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် နဂိုရှိပူဖြစ်လို့ရှိယင် အနာပျောက်တဲ့ ပုဂ္ဂိုလ်ဟာ ဒီမီးနားကပ်သေးရဲလား....(မကပ်ပါဘုရား) ဟာ....ဒါဖြင့် သူသည်ကားလို့ဆိုယင် နဂိုရိကဘာဖြစ်လို့ မကပ်သတုံး....(အနာမပျောက်လို့ပါ) အနာရှိတုန်းက သူကပ်တယ်.... (မှန်ပါ့) အနာမရှိတဲ့အချိန်ကျတော့....(မကပ်ပါ) မကပ်တော့ဘူးဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ အခုအနာပျောက်ကြပလား၊ အနာမပျောက်သေးဘူးလားဆိုတာ ကိုယ့်ဟာကိုယ် အကဲခတ်ကြမပေါ့ဘူးလား....(ပေါ့ပါတယ်) ဘယ်လိုပေါ့ကြသတုံး.... (အနာမပျောက်သေးပါ) မပျောက်သေးဘူး ပိုးကိုက်တုန်းဘဲ (မှန်ပါ့) အဲ... မီးနားက ခွာရပလား....(မခွာရသေးပါဘုရား) ဟာ....အတော်ခက်နေပါပေါ့လား....(မှန်ပါ့)။

ဦးခင်မောင် အနာကကြီးနေတယ်၊ အနာကကြီးနေတော့ အတော်ခက်နေတယ်....(မှန်ပါ့)ကိုင်း- ဒါဖြင့်တကာတကာမတို့ ဝိပဿနာရှုပြီး ထားလိုက်ပါတဲ့၊ ခန္ဓာကိုယ်ကြီးကို ဝိပဿနာရှုလိုက်တဲ့အခါကျတော့ မလိုချင်တော့ဘူးဆိုတဲ့ပုဂ္ဂိုလ်ကျတော့ ခန္ဓာနဲ့သူနဲ့ခဲ့ချင်သလား၊ မခဲ့ချင်ဘူးလား .... (ခဲ့ချင်ပါတယ်ဘုရား)။

ကိုယ့်ခန္ဓာနဲ့တောင် ခဲ့ချင်တော့ သားသမီး မြေးမြစ်ခန္ဓာနဲ့ကော.... (ခဲ့ချင်ပါတယ်ဘုရား) အဲဒါ ဘာဖြစ်တာတုံးဆိုတော့ အနာပျောက်လာတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် အတင်းတွန်းပို့စမ်းပါ ဒီလူကို၊ မီးဖိုနားကို အနာပျောက်တဲ့ပုဂ္ဂိုလ်ကို အတင်းတွန်းပို့စမ်းပါ ဦးဝ....(မရပါ)

တခါတည်း လိမ်တွန့်ပြီး ကျုပ်ကိုမလုပ်ပါနဲ့ဗျ၊ မနှိပ်စက်ပါနဲ့ဗျ လာတော့တာဘဲ....(မှန်ပါ့) အရင်တုန်းကတော့ မီးဖိုနားမှာ အတော်ကြက်သရေရှိနေတယ် ထင်တယ်နော်....(မှန်ပါ့) အနာပျောက်တော့ မီးဖိုနား တွန်းပို့တော့ ဆင်းချင်သေးရဲလား .... (မဆင်းချင်ပါ အတင်းရုန်းမှာပါဘုရား)။

ဘယ့်နှယ်ကြောင့် အတင်းရုန်းချင်သတုံး မေးလို့ရှိယင်ဖြင့် တကာတကာမတွေက တွေးလိုက်ယင် ပေါ်ပါတယ်၊ မီးဟာ တကာတကာမတို့ပင်ကိုယ်ကလဲ ပူဘာဘဲ၊ အခု အနာပျောက်တော့လဲ....(ပူတာပါဘဲ) အနာပျောက်တော့ ပူမှန်းသိတယ်.... (မှန်ပါ့) အနာမပျောက်တဲ့ ပုဂ္ဂိုလ်မှာတော့ .... (ပူမှန်းမသိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့နေရတာသည် အနာမပျောက်သေးလို့ ပူမှန်းမသိသေးဘူး (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) အနာပျောက်တော့ ဒီအနားတွန်းပို့ဘော့ကော ရသေးရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ကျုပ်တို့ဟာ ပင်ကိုယ်စိတ် ရောက်ပလား· မရောက်သေးဘူးလား....(မရောက်သေးပါဘုရား) တာဖြစ်လို့တုံး-မီးဟာနဂိုရှိလို့နေတုံးကလဲ ပူဘာပါဘဲ .... (မှန်ပါ့)နောက် အနာပျောက်တော့ မလှုံချင်တာတဲ့ ဘာဖြစ်လို့တုန်း· ပူလို့မလှုံချင်တာ....(မှန်ပါ့) မီးက ပြောင်းတာလား၊ ကျုပ်တို့က အနာပျောက် · မပျောက် ခဲယဉ်းနေတာလား .... (အနာပျောက် မပျောက် ခဲယဉ်းနေတာပါဘုရား)။

ဒါဖြင့် မီးအပြစ်လား တကာတကာမတို့၊ အနာပေါက်တဲ့လူ၏ အပြစ်လား.... (အနာပေါက်တဲ့လူ၏ အပြစ်ပါဘုရား) မီးကတော့ဖြင့် အနာရှိတုန်းကလုံယင်လဲ ပူတာဘဲ၊ အနာမရှိတဲ့အခါ လှုံပြန်တော့ကော....(ပူတာပါဘဲဘုရား) ဒါဖြင့် မီးကတော့ ဖေါက်ပြန်သေးတာ ဟုတ်သေးရဲ့လား .... (မဟုတ်ပါဘုရား)။

ဒါဖြင့် အနာရှိတဲ့လူက ဖေါက်ပြန်တာ.... (မှန်ပါ့) မီးလှုံတုန်းကတော့ ဘာတုံး....(အနာရှိလို့ပါ) နောက်မီးမလှုံချင်တာက....(အနာမရှိလို့ပါ) အဲ....ခင်ဗျားတို့မှာ ငါဘယ်အခြေအနေဆိုက်တယ် မဆိုက်တယ်ဆိုတာ မီးလှုံချင်- မလှုံချင်နဲ့ အကဲခတ်ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ငါဘယ်အခြေအနေ ဆိုက်နေပြီဆိုလို့ရှိယင် လှုံချင်မလှုံချင်သာ အကဲခတ်ကြည့်.... (မှန်ပါ့) အကဲခတ်ကြည့်လို့ရှိယင် ကိုလေသာ ပါးရှားလာလို့ရှိယင်ဖြင့် တယ်မကပ်ချင်တော့ဘူး၊ ကိုလေသာထူလာလို့ရှိယင်.... (ကပ်ချင်ပါတယ်) ရှင်းပလား....(ရှင်းပါပြီ) ကပ်ချင်လို့ရှိယင်ဖြင့် ပိုးကိုက်ပြန်ပြီ မီးဖိုရှာပြန်ပြီ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုဆုံးဖြတ်ချက် ချမယ်ဆိုတာ ဒီဌာနမှာဆုံးဖြတ်ချက်ချ....(မှန်ပါ့) မီးဖိုနား ကပ်ချင်လို့ရှိယင်ဖြင့် နှုနာစဲတုန်းဘဲ....(မှန်ပါ့) မီးဖိုနားဖြင့် တပည့်တော်ဖြင့်ဘုရား မကပ်ချင် နည်းနည်းပျောက်လို့ဘဲ....(မှန်ပါ့)များများမကပ်ချင်ယင် များများပျောက်လို့ပါဘုရား)။

ဒါဖြင့် နည်းနည်းပျောက်နဲ့ များများပျောက် ဘယ်ဟာ

ကြိုက်သတုံး.... (များများပျောက်ကြိုက်ပါတယ်ဘုရား)များ များပျောက် ကြိုက်လို့ ရှိယင်ဖြင့် တကာ တကာမတို့ မီးဖိုမှုန်း သိအောင် လုပ်ရမယ်တဲ့....(မှန်ပါဘုရား)။

သားဟာလဲ မီး၊ သမီးဟာလဲမီး၊ ခန္ဓာဟာကော....(မီးပါ) အဲ ....ခန္ဓာမှန်းသိလာတော့ဒီခန္ဓာကြီးကိုခင်တဲ့သဘောခန္ဓာကပ် သေးရဲ့လား....(မကပ်ပါဘုရား) မကပ်လို့ရှိယင်ဖြင့် ခန္ဓာနဲ့ ဒါဟာ အိုးစားမကဲ့ဘူးလား....(ကဲ့ပါတယ်) ကဲ့တာဟာ ဒုက္ခနဲ့ ကဲ့တာဘဲ....(မှန်ပါ) မီးဒုက္ခနဲ့ကဲ့တာ၊ တခြားဟာနဲ့ကဲ့တာဟုတ် ကဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးသည်ကား....လို့ ဆိုယင် မီးခန္ဓာကိုယ်ကြီးဆိုတာ သဘောကျပလား....(ကျပါပြီ) သူက ဆဲ့တမီးလောင်နေတဲ့ မီးဖိုကြီးကိုးဗျ၊ အဲဒါ ကျုပ်တို့က ခင်နေ တော့ မီးမှန်းသိသေးရဲ့လား.... (မသိပါဘုရား) ဘာသိမလဲ ရောဂါထနေတာကိုး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဘယ်လိုပြုပြင်ကြမတုံး.... (မီးမှန်းသိအောင် ကြည့်ရ ပါမယ်) မီးမှန်းသိအောင် ကြည့်တော့ တကယ်မီးမှန်းမသိတဲ့ နေ့ဟာ အနာမပျောက်လို့ဘဲ....(မှန်ပါ) မီးမှန်းမသိသေးယင်.... (အနာမပျောက်သေးလို့ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ .. ယနေ့ ဒီတွင်တော်ကြည်းစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
ဘုရားက အလေးဖြဲရသည့်အရာ

နွေအလုပ်ပေးတရားတော်

(၄-၁-၆၀)

မနွေကအဆက်ကို တကာတကာမတွေ နားထောင်ရမှာဘဲ· (မှန်ပါ့) သို့ရာတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောထားတာကလေး နည်းနည်းကလေး ရှေ့ပိုင်းမှာ တကာတကာမတွေ့ မှတ်စေချင်တယ်....(မှန်ပါ့)။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်ပြီးစအဇပါလ ညောင်ပင်မှာ သီတင်းသုံးနေတဲ့အခါမှာ စိတ်ကူးပေါ်ပေါက်လာတော်မူတယ်၊ ဘယ်လို စိတ်ကူးပေါ်ပေါက်လာပါလိမ့်မလဲဆိုတော့ တကာတကာမတွေ့ သူ-အကြီးဆုံး ကိုယ်တော်မြတ်ကြီး ဖြစ်ပြီးသကာလ လောကကြီးထဲမှာ အလေးပြုစရာ အားထားစရာမရှိလို့ ရှိယင်ဖြင့် မသင့်လျော်ဘူးလို့ စိတ်ထဲမှာ အောက်မေ့တယ်....(မှန်ပါ့)။

ငါသည် အလေးပြုစရာ, အားထားစရာမရှိဘဲ နေခဲ့သော်.... မတော်ဘူးလို့ သူ့စိတ်ထဲမှာ အောက်မေ့တယ်.... (မှန်ပါ့) မတော်တော့ အလေးပြုစရာ ရှာရမှာပေါ့ဗျာ....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ အလေးပြုရာ အားထားရာ ရှာပုံကို သတိထားကြပါ....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့လိုက်တယ်၊ ငါသည် ကိုးစားစရာ, အားထားစရာ မရှိဘဲနေလို့တော့ မတော်ဘူး.... (မှန်ပါ့) ကိုးစားရာ, အားထားရာကို ရှာမှဘဲဆိုပြီး သကာလ လောကကြီးထဲမှာဖြင့် ငါ့ထက် သိလသာလို့ရှိယင်လဲ ဒီပုဂ္ဂိုလ်ကို ငါ-အားထားပြီးနေရမယ်၊ ငါ့ထက် သမာဓိသာတဲ့ပုဂ္ဂိုလ် ရှိလို့ရှိယင်လဲ သူ့ဆီကသမာဓိကို ဖြည့်စွက်ယူပြီးသကာလ.... ငါ့သမာဓိ ပြည့်သည်ထက် ပြည့်အောင် ငါ-ယူမယ်၊ ငါ့ထက် ပညာသာတဲ့ပုဂ္ဂိုလ် ရှိလို့ရှိယင်လဲ အလေးပြုပြီး ငါနေမယ်၊ ငါ့ထက် အရဟာတ္တဖိုလ် ဝိမုတ္တိကြီးတဲ့ပုဂ္ဂိုလ်ရှိလို့ရှိယင်လဲ အလေးပြုပြီး ငါနေမယ်ဆိုပြီး လေးချက်တော့လိုက်တယ် .... (မှန်ပါ့)။

လေးချက်က သူ့ထက် သိလသာယင်လဲ အလေးပြုမယ်ပေါ့ဗျာ....(မှန်ပါ့) သူ့ထက် သမာဓိသာယင်ကော .... (အလေးပြုပါမယ်) ဘုရားက အလေးပြု ဆည်းကပ်မှာနော်.... (မှန်ပါ့) သူ့ထက် ပညာသာယင်လဲ ဘာတုံး .... (အလေးပြု ဆည်းကပ်ပါ့မယ်) သူ့ထက် ဝိမုတ္တိဆိုတဲ့ အရဟာတ္တဖိုလ်သာယင်ကော.... (အလေးပြု ဆည်းကပ်ပါ့မယ်ဘုရား)။

အလေးပြု ဆည်းကပ်မယ်လို့ တကာတကာမတို့ မြတ်စွာဘုရားဟာ ဘုရားဖြစ်ကာစ ရှိသေးတယ်၊ အလေးပြု ဆည်းကပ်

စရာမရှိလို့ ရှိယင် မတော်ဘူး၊ ပြုစရာရှိမှ ဖတော်မယ်ဆိုတဲ့စိတ် ပေါ်ပြီးသကာလနေတော့ လေးမျိုး ရွေးခြယ်လိုက်ဘယ်နော်.... (မှန်ပါ့)။

သူ့ထက် သီလသာယင်လဲ အခလေးပြုမယ်၊ သူ့ထက် သမာဓိသာယင်လဲ....(အလေးပြု ဆည်းကပ်ပါ့မယ်) သူ့ထက် ပညာသာယင်ကော....(အလေးပြု ဆည်းကပ်ပါ့မယ်) သူ့ထက် ဝိမုတ္တိဆိုတဲ့ အရဟတ္တဖိုလ်တွေ့သာယင်ကော ...(အလေးပြု ဆည်းကပ်ပါ့မယ်ဘုရား)။

ဒီလိုစိတ်ကူးပြီး သီလကစပြီးသကာလ ငါ့ထက် သီလသာတဲ့ ပုဂ္ဂိုလ်ကို ငါ-သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်မယ်ဆိုပြီး လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကတွေကို တကာကြည့်လိုက်တယ်နော်....(မှန်ပါ့) သူ့ထက် သီလသာတဲ့ပုဂ္ဂိုလ် တယောက်မျှ မတွေ့ဘူး....(မှန်ပါ့)။

ဩော်....ဒါဖြင့် သီလသာတဲ့ပုဂ္ဂိုလ်တယောက်မျှ မတွေ့လို့ ဦးယင်ဖြင့် ရှိပါစေတော့၊ သီလဘက်ဖြင့် ငါ့ထက်သာတဲ့ပုဂ္ဂိုလ် မရှိလို့ အလေးပြု ဆည်းကပ်ရမည့်ပုဂ္ဂိုလ်ကဖြင့် မဲ့ပေါ့၊ သမာဓိသာတဲ့ပုဂ္ဂိုလ် ရှာဦးမယ်ဆိုပြီး တကာသစ် - ရှာပြန်တယ်.... (မှန်ပါ့) သမာဓိသာတဲ့ပုဂ္ဂိုလ် ရှာပြန်တော့လဲ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောကထဲမှာ တယောက်မှ မတွေ့ဘူး.... (မှန်ပါ့)။

ဒါနဲ့ တခါဆက်ပြီးသကာလ သူ့ထက် ပညာသာတဲ့ပုဂ္ဂိုလ် တွေ့လို့ရှိယင်လဲ အလေးပြုမဟ....ဆည်းကပ်မဟ-ဆိုပြီး တကာသစ်-ရှာလိုက်ပြန်လဲ မတွေ့ဘူး....(မှန်လှပါ)။

အရဟာတ္တဖိုလ် ဝိမုတ္တိရတဲ့အထဲမှာ သူ့ထက် သာတဲ့ပုဂ္ဂိုလ် ရှာပြီးသကာလ အလေးပြု ဆည်းကပ်မယ်ဆိုပြီးသကာလ ရှာပြန်တော့လဲ သူ ရ,ထားတဲ့ အရဟာတ္တဖိုလ်ထက် သာတဲ့ ပုဂ္ဂိုလ်ကို မတွေ့ဘူး....(မှန်ပါ့)။

ရှာလို့ မတွေ့တော့ ဩော်.... အလေးပြု- ဆည်းကပ်ရမည့် ပုဂ္ဂိုလ်မဲ့ ဖြစ်နေပါပေါ့လား.... ငါ့ထက်သာတဲ့ပုဂ္ဂိုလ်အနေဖြင့် သီလအားဖြင့်လဲမရှိ၊ သမာဓိအားဖြင့်လဲမရှိ၊ ပညာအားဖြင့်လဲ မရှိ၊ ဝိမုတ္တိအားဖြင့်လဲ မရှိဘဲဖြစ်ပြီးသကာလနေတော့ ကိုးကွယ်ရာဖြင့် မဲ့နေပြီ၊ ဘာကို ကိုးကွယ်ရပါမလဲလို့ စဉ်းစားလိုက်ပြန်တယ်....(မှန်ပါ့)။

အခု လေးမျိုးတော့ဖြင့် ရှာမတွေ့ဘူးပေါ့ဗျာ.... (မှန်ပါ့) ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဇပါလ ညောင်ပင်ရင်းမှာ ဩော်....ငါသည် ဘယ်နှယ်ကြောင့် အလုံးစုံသိတဲ့ ဘုရားအဖြစ်သို့ ရောက်လာပါလိမ့်မတုံးဆိုတော့ တရားကြောင့် ဘုရားဖြစ်လာတာကိုး....လို့ တွေးမိတယ်....(မှန်ပါ့) ဘယ်လို တွေးမိပါလိမ့်....(တရားကြောင့် ဘုရားဖြစ်လာတာပါဘုရား)။

အဲဒီလို တရားကြောင့် ဖြစ်လာတယ်လို့ တွေးမိတော့ တရားဘဲ အလေးပြု ကိုးကွယ်ဆည်းကပ်မှ တော်တော့မယ် ဆိုပြီး ဒီဉာဏ်တော် ပေါ်လာတယ်....(မှန်ပါ့)။

တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သူ့ထက် သီလ, သမာဓိ, ပညာ, ဝိမုတ္တိသာတဲ့ ပုဂ္ဂိုလ်မရှိဘဲ နေပြန်တော့ အလေးပြုစရာမဲ့နေခြင်းဖြင့် မတော်ဘူးလို့ သူ့စိတ်

ထဲမှာနေသောကြောင့် အလေးပြုပြီး နေစရာရှာလိုက်တဲ့အခါ တရားကြောင့် ဘုရားဖြစ်လာသောကြောင့် မိမိသိရှိတော်မူတဲ့ တရားကိုဘဲ နှလုံးသွင်းပြီးသကာလ နေဘို့ဘဲ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့)။

ဒီဟာက ဘယ့်နှယ်ကြောင့် ဒီတကာတကာမတော့ ဒီတရားဟောပါလိမ့်မလဲလို့ မေးလို့ရှိယင် တကာတကာမတို့ ဘုရားအလေးပြုတာသည် ဘုရားအဓိကထားတာသည် တရားကို အဓိကထားသောကြောင့် ခင်ဗျားတို့မှာ ဘယ်အချိန်,ဘယ်နာရီ ဘယ်စက္ကန့်မဆို တရားဘဲ နှလုံးသွင်းကြပါ....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘာကို နှလုံးသွင်းရမလဲ.... (တရားကို နှလုံးသွင်းရပါမယ် ဘုရား) တရားကို ကိုးကွယ်, တရားကို နှလုံးသွင်းရမယ်ဆိုတဲ့ အဓိပ္ပါယ် ပါသွားပြီ....(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားဘဲ အလေးပြုမှာဘဲ၊ တရားဘဲ အားထားမှာဘဲ ဆိုပြီးသကာလ ဆုံးဖြတ်ချက်လဲ ချပါရော ရှေးဘုရားတွေကိုမှီတဲ့ သဟမ္မတိဗြဟ္မာကြီး ဆိုတာ တကာသစ် ကြားဘူးပါလိမ့်မယ်....(မှန်ပါ့)။

ရှေးဘုရားတွေကိုမှီတဲ့သဟမ္မတိဗြဟ္မာကြီးကကွေးတဲ့လက်ဆန့် သဒၶါလက်နဲ့ အဇပါလညောင်ပင်ရင်းမှာ လက်ဝဲဘက်ပခုံးပေါ်မှာ တဘက် တင်ပြီးသကာလဝတ်ချရှိခိုးပြီး အရှင်ဘုရားအရှင် ဘုရားတွေးလုံးဟာသိပ်မှန်ပါတယ်ဘုရား တဲ့၊ ဘုရားစိတ်ဘော်ကို သိတာကိုး....(မှန်လှပါဘုရား)။

အရှင်ဘုရားတွေးလုံးဟာ သိပ်မှန်ပါတယ်ဘုရား....တဲ့၊ လွှန်ခဲ့တဲ့ ဘုရားမြတ်စွာတွေကိုလဲ တပည့်တော် မှီလိုက်ပါတယ်.... (မှန်ပါ့)။

ရှေးဘုရားတွေလဲ ဒီလိုတွေးပြီးသကာလ သူတို့ထက် သီလ, သမာဓိ ပညာ ဝိမုတ္တိသာတဲ့ပဋိပက္ခရှာကြပါတယ်၊မတွေ့ကြတာနဲ့ ဒီတရားကိုဘဲ အလေးပြုကြတယ်ဆိုတဲ့ဥစ္စာ လွှန်ပြီးခဲ့တဲ့ အတိတ် မြတ်စွာဘုရားတွေဟာလဲ ဒီအတိုင်းပါဘဲ ဘုရား....တဲ့.... (မှန်ပါ့ ဘုရား)။

ဒါတွင်မှ မကသေးပါဘူး၊ တပည့်တော် ဉာဏ်မှီသလောက် လျှောက်ရလွယ်ရှိယင် အနာဂတ်ဘုရားတွေလဲ တရားဘဲ အလေးပြုနေကြပါလိမ့်မယ်တဲ့....(မှန်ပါ့)။

အရှင်ဘုရားလဲ တရားဘဲ အလေးပြုနေမယ်ဆိုတာ တပည့်တော် ထောက်ခံချက် ပေးပါတယ်.... (မှန်ပါ့ဘုရား)။ ဒါဘဲ အလေးပြုထိုက်တယ်ဆိုတာ ထောက်ခံချက်ပေးပါဘယ်-(မှန်ပါ့ ဘုရား)။

ကြည့်စမ်း.. တကာ တကာမတို့ ဘုရားနှစ်ဆူ သုံးဆူမှီတဲ့ သဟမွတီဗြဟ္မာကြီးက ထောက်ခံချက် လာပေးတယ်.... (မှန်ပါ့ ဘုရား)။

ဘုရားအကြံအစည်တော်နဲ့ ဒီက ထောက်ခံချက် ပေးတာနဲ့ တကာသစ် တထပ်ထဲ သွားကျတယ်... (မှန်ပါ့)မကျဘူးလား.... (ကျပါတယ်ဘုရား)။

တထပ်တည်းသွားကျတော့မှတရားဘဲ ဆည်းကပ်အလေးပြုနေဘို့အရေးဟာ ငါ့အရေးဘဲဆိုပြီး ဘယ်အချိန်မဆို မြတ်စွာ

ဘုရားသည် တရားဟောစရာရှိယင်ဟော၊ ဟောပြီးရင် တခါတည်း ဖြစ်ပျက်တွေ့ရှုပြီး ဖလသမာပတ်တွေဝင်စား၊ ဝင်စားပြီး နိဗ္ဗာန်အာရုံပြုနေလိုက်တာဘဲ....(မှန်ပါ့)သဘောပါကြပလား.....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့-တကာတကာမတွေလဲ ပေါ့ပေါ့တန်တန်မနေဘဲနဲ့ ဩဝါဒ....ငါ့မှာ ဘယ်သူ့အားကိုးနေရတယ် ဆိုဘာက အားကိုးလုံးတွေကတော့ ဒီဖြင့် အားကိုးလို့ရှိယင် ဖျပ်ကနဲ ဖျပ်ကနဲ ပျက်စီးသွားတယ်.... (မှန်ပါ့၊ သား,လင်,ခင်ပွန်း အားကိုးလိုက်ပြန်ကော...၊ (ဖျပ်ကနဲ ပျက်စီးပါတယ် ဘုရား) ဖျပ်ကနဲနာမှုကြီးက ဗိုင်းကနဲ လဲကျလိုက်.... (မှန်ပါ့) ဧသမှုကြီးက ဗိုင်းကနဲ လဲကျလိုက်....(မှန်ပါ့)။

ဩဝါဒ....ဒ`ဖြင့် ဒို့....ဘာကို အားကိုးရပါမလဲလို့ တကာတကာမတွေ ရှာလို့ရှိယင်လဲ ဖြစ်ပျက်မြင်တဲ့ဉာဏ်ကိုဘဲ အားကိုးကြ....(မှန်ပါ့) ဖြစ်ပျက်မှုန်းတဲ့ဉာဏ်ကိုလဲ.... (အားကိုးရမှာပါဘုရား) ဖြစ်ပျက်အဆုံးရှိတဲ့နိဗ္ဗာန်ကို မြင်လို့ရှိယင် အဲဒါကို အားကိုးကြ....(မှန်ပါ့)။

အဲဒါဘဲ အားကိုးရမယ်ဆိုတာ ဘယ်သူက နည်းဓေးပါလိမ့် မတုံးမေးတော့ တရားကြောင့်ဘုရားဖြစ်လာတာ၊တရားကြောင့် ဘုရားဖြစ်လာသောကြောင့် တကာတကာမတို့ ဘုရားသည် တရားဘဲ အားကိုးနေတော်မူတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ တိုတိုနဲ့ရှင်းရှင်း တကာတကာမတွေ အရင်းတွေ့မို့ပြောရလို့ရှိယင် တကာသစ် တခြားတော့ သူ့အားမကိုးလိုက်နဲ့နော်....(မှန်ပါ့)။

သမီးအားကိုးယင် သမီးက ဖေါက်ပြန်ပျက်စီးသွားပြန်လို့ ရှိယင် မျက်ရည်နဲ့မျက်ခွက်ဘဲ ကျန်ရစ်တယ်.... (မှန်ပါ့ဘုရား) ရွှေကလေး အားကိုးထားတာ ရွှေကလေးက ပျောက်ပျက်ဆုံးပါးသွားမယ်ဆိုယင်လဲ သွားပြန်တာဘဲ....(မှန်ပါ့)တိုက်ကလေး အားကိုးထားပြန်လဲ တိုက်က ရန်သူမျိုးငါးပါးကြောင့် ပျက်စီးသွားသတဲ့ဆိုလို့ ရှိယင်လဲ ဘာမှ မတတ်နိုင်ဘူး....(မှန်ပါ့ဘုရား) ကား အားကိုးထားလို့လဲ ထို့အတူဘဲ ပျက်စီးသွားနိုင်သဖြင့် မဖြစ်ဘူး....(မှန်ပါ့) ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

အဲဒီတော့ ဘာအားကိုးကြမလဲ၊ ခန္ဓာကိုယ် အားကိုးရမှာကလဲ ခန္ဓာကိုယ်က ဘေးအမျိုးမျိုးနဲ့ တွေ့ကြုံနိုင်သဖြင့် ဘေးနဲ့တွေ့ကြုံလျှင် ဘယ့်နှယ်တုံး....(အားကိုးလို့ မဖြစ်ပါဘုရား)။

အဲဒီတော့ တကာတကာမတွေ ဘာအားကိုးကြမှာတုံး.... (တရားဘဲ အားကိုးရမှာပါဘုရား)။

အဲ....တရားအားကိုးတော့မှ တရားကမှ တကာတကာမတို့ မျက်ရည်ကြီးငယ်မကျစေတာ၊ ခန္ဓာအားကိုးလို့ ရှိယင် ခန္ဓာအတွက် စိတ်ပျက်ပြီး ကျုပ်-ဒီအလုပ်ကြီးလုပ်ရမှာ စိတ်ပျက်လှချည်ရဲ့ဆိုပြီး မျက်ရည်ကြီးငယ်ကျတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ အားကိုးရာအစစ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရွေးချယ်သလို ရွေးချယ်လိုက်တော့ သြော်-ဘုရားဟောတဲ့အတိုင်း ဒုိဆရာဘုန်းကြီး ဆုံးမထားတဲ့ အနိစ္စ, ဒုက္ခ, အနတ္တမြင်တဲ့ဉာဏ်ဟာ၊ အနိစ္စ, ဒုက္ခ, အနတ္တမှန်းတဲ့ဉာဏ်ဟာ၊ အနိစ္စ, ဒုက္ခမရှိဘဲ အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်တဲ့ဉာဏ်ဟာ၊ ဒီဉာဏ်

တော့သာလျှင်ငါတို့ အားထားရာ ကိုးစားရာဖြစ်ခဲ့လို့ရှိယင်ဖြင့် မျက်ရည်မျက်ခွက် ဇာတ်သိမ်းပါတယ် ....(မှန်ပါ့) ရင်ထုမနာ ဇာတ်လဲ....(သိမ်းပါတယ်ဘုရား)။

ဒါ....အားကိုးလွဲမှာစိုးလို့ ဒီဥစ္စာ ရှေ့ပိုင်းကနေ ထုတ်ပါတယ်....(မှန်ပါ့)။

တကာကြွယ် ဒါဖြင့် ဘာအားကိုးတော့မယ်....(တရားဘဲ အားကိုးပါတော့မယ်ဘုရား)။

တရားအားကိုးရမည့်အကြောင်းကို ဆရာဘုန်ကြီး ခဲ့ဖူးပြီးသကာလ ပြောလိုက်လို့ရှိယင် တကာသစ် ပိုမှုပြီးသကာလ သဘောကျဘို့ရာအချက်တွေ ရှိပါသေးတယ်....(မှန်ပါ့)။

တကာသစ်တို့ အမိ ဝမ်းခေါင်းထဲ ရောက်ပြီးသကာလ ကိုယ်ကိုယ်တိုင် ခြေလျင်နဲ့ကိုယ်ကိုယ်တိုင်လေယာဉ်နဲ့ ကိုယ်ကိုယ်တိုင် လှည်းနဲ့လာပြီး အမိဝမ်းခေါင်းထဲရောက်တာလား၊ တရားစိမ်သလို တရားပို့လိုက်လို့ ရောက်ရတာလားလို့ဆိုတာ အကဲခတ်ကြ.... (တရားစိမ်သလို တရားပို့လိုက်လို့ ရောက်ရတာပါဘုရား)။

ဒါဖြင့် တရားစိမ်သလိုခံရတော့ ကောင်းတဲ့ဘရား အားကိုးလိုက်လို့ရှိယင် ကောင်းတဲ့တရားစိမ်သလိုခံရလိမ့်မယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကျုပ်တို့က ဝိပဿနာဥာဏ်, မဂ်ဥာဏ်တွေကို အားကိုးလိုက်လို့ရှိယင်ဖြင့် သူ-စိမ်တာခံရလို့ရှိယင်ဖြင့် ကျုပ်တို့ နိဗ္ဗာန်မှတပါး သွားစရာ, စဲစရာ, ချော်စရာ, ချွတ်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ အားကိုးလွဲလို့ ရှိယင်ဖြင့် အင်မတန် ကိုယ်ကျိုးနည်းလိမ့်မယ်....(မှန်ပါ့) အားကိုးလွဲယင်....(ကိုယ်ကျိုးနည်းမှာပါဘုရား)။

အဲဒါကြောင့် အခု မျက်ရည်ကျနေတဲ့ပုဂ္ဂိုလ်တွေ့ ရင်ထုနေရတဲ့ပုဂ္ဂိုလ်တွေ့၊ နှလုံးမသာယာနေတဲ့ပုဂ္ဂိုလ်တွေ့၊ အိပ်မပျော်-စားမဝင်ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေဟာတကာသစ်ရောအကဲခတ်တော့ ဘာလဲတယ်ဆိုတာ ပေါ်လာလိမ့်မယ် .... (အားကိုးလွဲပါတယ်ဘုရား) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဘယ့်နှယ်ဖြစ်သလဲ....(အားကိုးလွဲပါတယ်ဘုရား) ကြောက်စရာကောင်းလိုက်တာ....(မှန်ပါ့) သြော် .... ဒီလို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောကြား ညွှန်ပြ ဆုံးမတော်မူတယ်၊ ငါ့-အားကိုးမရှိလဲ မတော်ဘူး၊ ဘာအားကိုးရမလဲဆိုတော့လဲ မကိုးရဘူးလို့ ဘုရားက မဆိုလိုပါဘူး၊ အားကိုးတော့ မလွဲစေနဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) တကာ တကာမတွေ့သတိပေးရတယ်....(မှန်ပါ့)။

အခု အားကိုးလွဲတဲ့ပုဂ္ဂိုလ်တွေ့ဟူသမျှ ဟိုအိမ်ကြည့်လိုက်လဲ မျက်ရည်နဲ့ မျက်ခွက်၊ ဒီအိမ်ကြည့်လိုက်လဲ မျက်နှာညှိုးငယ်နဲ့ ဦးလှဘူးတို့ တကာသစ်တို့ ဘာဖြစ်နေကြပါလိမ့်မတုံး.... လို့ မေးလို့ ရှိယင် မကြားဘူးလား လို့ သူတို့က ပြောမှာဘဲ....(မှန်ပါ့) ဘယ်သူ ဘာဖြစ်သွားလို့ ပါတဲ့....(မှန်ပါ့) အဓိပ္ပါယ်က ဘယ်ရောက်သွားသတုံး....(အားကိုးလွဲလို့ ပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သြော်... ဒါဖြင့် ဟိုအိမ်, ဒီအိမ်မှာ မျက်စိမျက်နှာ မကြည်မသာဖြစ်ပြီးသကာလ .... သုံးဆဲ့တဘုံ နတ်ပြဟ္မာပြည်က စပြီးသကာလ မကြည်မသာဖြစ်ဘာတွေ့၊ သောက, ပရိဒေဝတွေ့ မငြိမ်းတာသည်ကား....လို့ ဆိုလို့ ရှိယင်ဖြင့် ခုနင်က သတိပဋ္ဌာန်ရှုတဲ့ဉာဏ်တို့ ဖြစ်းပျက်- အဆုံးမြင်တဲ့ဉာဏ်တွေ့ကိုသာ ဒါးကိုးထားမယ်ဆိုလို့ ရှိယင်ဖြင့် ဒါတွေ့ကတော့ဖြင့် နိဗ္ဗာန်အရောက်ပို့နေတဲ့အတွက် ပြုံးလို့ ရှင်လို့ ပေါ့ဗျာ....(ဒီလိုမနေရပေဘူးလား... (နေရပါတယ်ဘုရား)။

အခု သုံးဆဲ့တဘုံသားတွေ့ ကြည့်လိုက်ပြီ ဆိုမှဖြင့် တကာသစ်ရေ.... ဘယ်အိမ်မှာဖြင့် သူတို့ စီးပွားရေးဖြောင့်နေတယ်၊ တအိမ်လုံး တပြုံးပြုံးနဲ့ နေတယ်ဆိုပြီး တော်တော်ကြာ တအိမ်လုံး ခင်ထုမနာ ဖြစ်နေပြန်ပြီ....(မှန်ပါ့) တောက်လျှောက် သွားတဲ့အိမ်ရယ်လို့ ရှိရဲ့လား....(မရှိပါဘုရား)။

မရှိပါဘူးတဲ့ အသုဘတွေ့ကလဲ စုနေတာတမျိုး....(မှန်ပါ့) ဝေဒနာသည်တွေ့ စုနေတာက ...(တမျိုးပါဘုရား) ဒုက္ခသစ္စာတွေ့ စုနေတာက....(တမျိုးပါဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာက ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စ.... ဆိုပြီး ဒုက္ခသစ္စာတွေ့က ဖေါက်ပြလိုက်ပြန်တော့ ဒီလိုမျိုး ဖြစ်လိမ့်မယ်မထင်ဘူး....(မှန်ပါ့) ခင်ဗျားတို့ အသွားကလေ .... (မှန်ပါ့) အားကိုးလဲ့တာတွေ့- အားကိုးလဲ့တာတွေ့ .... (မှန်ပါ့ ဘုရား)။

အဲဒါကြောင့်တကာတကာမတို့အားကိုးလဲ့သလောက် အနှိပ်အစက် ခံရတာတော့ တကာကြွယ်-မရှိဘူးဗျ....(မှန်ပါ့) ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ယနေ့ပြောတဲ့တရားကို သေးသေးသိမ်သိမ်မမှတ်ဘဲနဲ့ သြော်....ဟိုအိမ်ကြည့်လိုက်လဲ အားကိုးလဲ့လို့ ဒုက္ခရောက်နေပြီ၊ ဒီအိမ်ကြည့်လိုက်လဲ (အားကိုးလဲ့လို့ ဒုက္ခရောက်နေပါတယ်) ကိုယ့်ကိုယ်ကြည့်လိုက်လဲ....(အားကိုးလဲ့လို့ ဒုက္ခရောက်နေပါတယ်) ကိုယ့်ကိုယ်ကလဲ လေးလုံးခြောက်ဘက်နဲ့ သွားဟဲ့- လာဟဲ့-လုပ်ဟဲ့-ကိုင်ဟဲ့နဲ့ ဆိုလျက်သားနဲ့ ဗိုင်းကနဲ့ လဲလိုက်ပြန်တယ်....(မှန်ပါ့) ဗိုင်းကနဲ့ သွက်ချာပါဒနဲ့ လဲလိုက်ပြန်တော့လဲ ငါ့အိမ် ငါ့မှမရှိယင် ခက်ရချေရဲ့-ဆိုတဲ့ မျက်ရည်တွေက ထွက်လာတယ်....(မှန်ပါ့) ဒါဘာဖြစ်တာပါလိမ့်....(အားကိုးလဲ့တာပါဘုရား)။

သြော်.... ဒါဖြင့် တကာ တကာမတို့ အားကိုးလဲ့တဲ့ အဖြစ်လောက် မျက်ရည်ထွက်ရတာဖြင့် မရှိတော့ပါဘူး....(မှန်ပါ့)။

ဘယ်လို ဆုံးဖြတ်ချက်ချကြမလဲ.... (အားကိုးလဲ့တာလောက် မျက်ရည်ထွက်ရတာ မရှိပါဘုရား) အားကိုးလဲ့တာထက် အမှားကြီးတာဖြင့် ရှိကြသေးရဲ့လား....(မရှိပါဘုရား)။

အေး....ဒါ့ကြောင့် မျက်ရည် ဘယ်ကလာပါလိမ့်....(အားကိုးလဲ့ကလာပါတယ်ဘုရား) အိပ်မပျော်တာက ဘယ်ကလာပါလိမ့်....(အားကိုးလဲ့ကလာပါတယ်) ဆေးလိပ်သောက်လို့မှ အရသာမရှိတာ ဘယ်ကလာပါလိမ့် .... (အားကိုးလဲ့ကလာပါတယ်ဘုရား)။

အချိန်အရွယ်မရောက်ဘဲနဲ့ အိုမင်းမစ့မ်း ဖြစ်ပြီး သကာလ မျက်နှာကြည့်လို့မှ မဖြစ်လောက်အောင် ညှိုးငယ်ပြီးများ ပိန်ချောက်ပြီးသကာလ၊ အသားစာလို့ အဆီစာလို့ အသား

မဖြစ်ဆိုတာဟေ့ဟာလဲ ဘယ်ကလာတာပါလိမ့် .... (အားကိုးလဲ့ကလာပါတယ်ဘုရား) သဘောပါကြပလား .... (ပါ.ပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာတကာမတွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ အားကိုးမရှိဘဲ သူ.မနေဘူးလို့ ဟောပါတယ်....(မှန်ပါ့)။

အားကိုးအစစ် ရှာလိုက်တဲ့အခါ တရားကြောင့် ဘုရားဖြစ်လာတယ်၊ တရား ဘဲ နှလုံးသွင်းနေတော့မယ် ဆိုပြီးတော့လဲ အားကိုးတည့်သွားတယ်....(မှန်ပါ့) မတည့်ဘူးလား .... (တည့်ပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတို့ ကိုယ့်ဝိပဿနာတရားကလေးကို အားကိုးပြီး နိဗ္ဗာန်မြင်နိုင်တဲ့ဥာဏ်ရောက်ပြန်လို့ရှိယင် နိဗ္ဗာန်တည်းဟူသော အဆုံးကို မြင်အောင်လုပ်နေလိုက်လို့ အားကိုးကလေး ထားလိုက်လို့ရှိယင်လဲ နိစ္စနိဗ္ဗာန်၊ ဓုဝနိဗ္ဗာန်၊ သုခနိဗ္ဗာန်ဆိုသောကြောင့် သူကဖြင့် တိမ်းတယ်, စောင်းတယ်, ရှဲ့တယ်,လဲတယ်,ပြိုတယ်,ပျက်တယ်လို့ ရှိသေးရဲလား.... (မရှိပါဘုရား)။

သြော်.... ဒါကြောင့် အားကိုးမလွဲကြစေနဲ့ဆိုတာကိုဖြင့် တကာ တကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သူကိုယ်တိုင် ဘေးလုံးက မှန်တဲ့အပြင် သဟမ္မတိ ဗြဟ္မာကြီး ထောက်ခံချက်ပေးပြန်တော့ ပိုမဲ့ပြီးသကာလ ဂရုစိုက်သင့်တယ် (မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတို့ တရားဘဲ အားကိုးကြစို့ (မှန်ပါ့ဘုရား) တရားဂုဏ်ကို အားကိုးပြီးသကာလ တရားနဲ့ဘဲ ခင်ဗျားတို့အချိန်ကုန်ကြလို့ရှိယင်ဖြင့်အဘိဇ္ဈာ, ဒေါမနဿတွေလဲ ချုပ်ပါတယ်....(မှန်ပါ့) သောက, ပရိဒေဝတွေကော....(ချုပ်ပါတယ်ဘုရား) ဒုက္ခ, ဒေါမနဿတွေ....(ချုပ်ပါတယ်ဘုရား)။

အေး....ဒါကြောင့် သတိပဋ္ဌာန်ဝိပဿနာတရားကြီးမှ တပါး ခင်ဗျားတို့ အဘိဇ္ဈာ, ဒေါမနဿကို ကုန်စေနိုင်တဲ့တရား မရှိ၊ ဒုက္ခ, ဒေါမနဿကိုလဲ ချုပ်စေနိုင်တဲ့တရားမရှိ၊ သောပရိဒေဝတို့ကို လွန်မြောက်စေတဲ့တရားလဲ မရှိသောကြောင့် အားကိုးဖြင့် ယနေ့ကစပြီးသကာလ မလွဲအောင်လုပ်ပါ....(မှန်ပါ့) လွဲယင် မျက်ရည်ထွက်ရလိမ့်မယ်....(မှန်ပါ့) လွဲယင် အိပ်မပျော်ဖြစ်ရလိမ့်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ယုတ်စွအဆုံး ကိုယ့်ကိုယ်ဆိုတဲ့ဒီရုပ်နာမ်ကြီးကိုတောင် အားမကိုးလိုက်ပါနဲ့....(မှန်ပါ့ဘုရား) အားကိုးယင် ရုပ်နာမ်ကြီးက ဗိုင်းကနဲ့ သွက္ခ၂ ဘပါဒကိုင်၊ ဗိုင်းကနဲ့ မျက်စိနာလာတယ်၊ ဖြုတ်ကနဲ့ ကျိလာတယ်....(မှန်ပါ့) မလာဘူးလား.... (လာပါတယ်ဘုရား) သွားရင်းလာရင်းနဲ့ဘဲ ခေါင်းခဲလာတယ်....(မှန်ပါ့) သွားရင်းလာရင်းနဲ့ နှလုံးရောဂါ....တဲ့၊ သွားရင်းလာရင်းနဲ့ သေးတိုးတဲ့....(မှန်ပါ့ဘုရား) မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါကြောင့် သူ့ကိုလဲ အားကိုးရမယ်လို့မဆိုဘဲနဲ့ တခါတည်း ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ဖြစ်ပျက်မှုန်းတဲ့ဉာဏ်၊ ဖြစ်ပျက်

အဆုံးမြင်တဲ့ဉာဏ်၊ ဒီဉာဏ်တွေကို တကာတကာမတို့ ကိုယ်ရရာ ကိုယ် အာဒီးကိုးကြပါ....(မှန်ပါ့) ပေါ်ကြလာလား....(ပေါ်ပါပြီဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့်အာဒီးကိုးရမည့်တရားကိုဘဲ ပြပါတော့မယ် .... (မှန်ပါ့) တကာတကာမတို့ အာဒီးလဲ့ယင် မျက်ရည်ပဲနဲ့ နဲခဲ့ရတယ်နော်....(မှန်ပါ့) အာဒီးမှန်လို့ ရှိယင်ဖြင့် ပြုံးတဲ့ ဉာဏ်ကလေးနဲ့ နေကြရလိမ့်မယ်....(မှန်ပါ့)။

အာဒီးမှန်ယင် .... (ပြုံးတဲ့ဉာဏ်ကလေးနဲ့ နေရမှာပါဘုရား)။

ဟဒယ သုသီတလ မဂ္ဂ ဒဿနေန- ဆိုတဲ့အတိုင်း နှလုံးဥ္စ ငြိမ်းအေးခြင်းလက္ခဏာရှိတဲ့၊ မဂ္ဂသစ္စာလာမှ သန္တာပဒ္ဒ- ငြိမ်းတယ်လို့ ဆိုထားတယ်....(မှန်ပါ့) ဟဒယ သုသီတလမဂ္ဂ ဒဿနေန=နှလုံးထဲ ငြိမ်းအေးခြင်းလက္ခဏာရှိသော နိဗ္ဗာန်မြင်တဲ့ မဂ္ဂသစ္စာ ရမှသာလျှင်၊ သန္တာပဒ္ဒော= မျက်ရည်ထွက်သည့် အပူဇာတ်တွေသည် ငြိမ်းသွား၏....(မှန်ပါ့)။

ဝိပဿနာမဂ်ဉာဏ်ရမှ ငြိမ်းမတဲ့....(မှန်ပါ့) နို့မဟုတ်ယင် ဒီအပူတွေ ငြိမ်းပါ့မလား....(မငြိမ်းနိုင်ပါဘုရား) အေး....အာဒီးကိုးလဲ့လို့ ပူတယ်....(မှန်ပါ့) အာဒီးမှန်တော့ အပူသိမ်းတယ် (မှန်ပါ့)။

အာဒီးလဲ့တော့....(အပူရပါတယ်) အာဒီးမှန်တော့.... (အပူငြိမ်းပါတယ်ဘုရား) အဲဒီတော့ တကာတကာမတို့ အာဒီးမကိုးရဘူးလို့ ဘုရားက မဟောဘူး၊ အာဒီးမလဲ့ဘို့သာ ဟောတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ .... ဒါဖြင့် ယနေ့တရားမှာဖြင့် အားကိုးပြပါတော့မယ် ဆိုတော့ တကာတကာမတို့မနေ့ကပြောခဲ့တဲ့ ရှင်ဆန္ဒမမာတော့ ရှင်သာရိပုတ္တရာကမေးတဲ့အခါမှာ သူ- လည်ပင်း ဓါးနဲ့လှီးပြီး သေပါ့မယ်လို့ ဆိုတော့ ဟ....ရှင်ဆန္ဒ ဒီလိုမလုပ်ပါနဲ့ကွ၊ မင့်မှာ ပြုမည့်သူမရှိလဲ ငါပြုစုပါ့မယ်၊ ဓါတ်စာမရှိလဲ ငါရှာပေးပါ့ မယ်လို့ ရှင်သာရိပုတ္တရာက ရှင်ဆန္ဒ လူမမာအတွက် တာဝန်မခံ လား... (တာဝန်ခံပါတယ်ဘုရား)။

ဒါတွေတပည့်တော်တော့မစဲလမ်းပါဘုးဘုရားတဲ့၊အခု တပည့် တော်က ဓါးနဲ့လှီးပြီး သေမယ်ဆိုတဲ့အဓိပ္ပါယ်က နောက်တဖန် ပဋိသန္ဓေမနေရမည့်ပုဂ္ဂိုလ်အဖြစ်ကို တပည့်တော်က ရောက်နေလို့ ဒီခန္ဓာကြီး သည်ပိုးပြီး ဒီခန္ဓာကြီး ဝိပါကဝဋ်ကျွေးကြီးခံနေရတဲ့ အဖြစ်ကို တပည့်တော် ရှဲ့လွန်းလို့ ၊ မုန်းလွန်းလို့၊ ဝိပါကဝဋ်ကို ဆုံးအောင်လို့ နောက်ပဋိသန္ဓေကိုမနေမှာ၊ ကောန်တပည့်တော် တရားထူး ရတဲ့အတွက် လည်ပင်း ဓါးနဲ့လှီးပြီး တပည့်တော် သေမယ်လို့ စိတ်ကူးတာပါဆိုတော့ တကာသစ်- အတော်ရဲတဲ့ ပုဂ္ဂိုလ်....(မှန်လှပါဘုရား)။

သာမည်ရဲတာလား၊ အကြီးအကျယ်ရဲတာလား.... (အကြီး အကျယ် ရဲတာပါဘုရား) သဘောပါပလား.... (ပါ-ပါပြီ ဘုရား)။

အလုပ်လုပ်ထား:တာကလဲ သူက တော်ကော်လုပ်ထား:တာနော် (မှန်ပါ့) တကာတကာမတို့ ဘယ်လိုပါလိမ့်....(အလုပ်,လုပ်ထား: တာ တော်တော်လုပ်တာပါဘုရား)။

ရှင်သာရိပုတ္တရာက သူဘဲ တာဝန်ယူပြီး အလုံးစုံပြုစုပါမယ်

ဆိုငြားသော်လဲ ရှင်ဆန္ဒက ပြောလိုက်တာက ဒုက္ခအဆုံးကို သူမြင်နေပြီပေါ့ဗျာ....(မှန်ပါ့) သူ့-ရဟန္တာဖြစ်နေပြီလို့ ပြောတာ....(မှန်ပါ့)။

ရဟန္တာ ဖြစ်နေတဲ့အတွက် ဒီခန္ဓာကြီး စွန့်ရငြားသော်လဲ ခရီးဆုံးနေတဲ့ပုဂ္ဂိုလ်ပဲ့။ လည်ပင်း ဓါးနဲ့လှီးသတ်ငြားသော်လဲ စုတိပြီး ပဋိသန္ဓေ မလာတော့ဘူး ပြောလိုက်တာ.... (မှန်ပါ့) တကာကြွယ်သူ့အထင် တော်တော်ကြီးတယ်နော် (ကြီးပါတယ်ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက သြော်....ဆန္ဒကဖြင့် သိပ်ပြီးသကာလ သူ့-အထင်ကြီးနေပါပေါ့လား ဆိုပြီးသူ့ ကိုယ်တိုင်တွေ့တရားလေး မေးဦးမှာဘဲ... တဲ့....(မှန်ပါ့)။

တကာတကာမတို့ ဒါ....တကာတကာမတို့ အလုပ်စဉ်ပြောတော့မယ်....(မှန်ပါ့) သူကိုယ်တိုင်မြင်ပုံလေး ငါမေးမှ တော်တော့မယ်ဆိုပြီး ရှင်သာရိပုတ္တရာက မေးလိုက်တယ်....(မှန်ပါ့) မင်းသည်ကားလို့ ဆိုယင်ကွာ....တဲ့....(မှန်ပါ့) ဒီဟာ အဆင်းရုပ်၊ ဒီက မျက်စိရုပ်၊ ဒီက မျက်စိ နာမ်၊ စက္ခုဝိညာဏ်၊ အဲဒီသုံးခု မင်းသန္တာန်မှာရှိဘယ်၊ ဒါ....သူ့ခန္ဓာပေါ့ဗျာ....(မှန်ပါ့)။

အဲဒါတွေကို မင်းသည်ကားလို့ ဆိုယင် တော်မမ၊ သော ဟာမသို့၊ သော မေအတ္တာ=ငါ့ကိုယ်၊ ငါဟာ၊ ငါဥစ္စာလို့စဲ့သေးသလားလို့ မေးလိုက်တယ် .... (မှန်ပါ့) သူက ဘယ်နှယ်ဖြေသလဲ....(မစ္စဲ့ပါဘုရား)။

အံမာ....မစ္စဲ့ဘူးလို့ဖြေတော့ တဏှာ-မာန-ဒိဋ္ဌိသေနေတဲ့ပုံ.... ဒိဋ္ဌိသေတော့ သောတာပန်၊ တဏှာသေတော့ ရဟန္တာကိုးဗျ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူ့မှာ တဏှာရော ဒိဋ္ဌိရော သေတဲ့ပုဂ္ဂိုလ် ဖြစ်ပြီးသကာလ နေတဲ့အတွက် သူ့ဟာသူ ဒုဒါတွေကို တပည့်တော် ငါ့ကိုယ့်, ငါ့ဟာ, ငါ့ဥစ္စာရယ်လို့ မစဲ့ပါဘူးဘုရားတဲ့....(မှန်ပါ့)။

ကောင်းပါပြီကွာ-သို့သော်လဲ ဒီဟာတွေမစဲ့တာက ဒီတရားတွေက ဘယ်လိုပြောလို့ မစဲ့တာလဲ....(မှန်ပါ့) ဒုဒါအလုပ်သမားအတွက်မှာ တော်တော်အရေးကြီးတာ....(မှန်ပါ့)။

ဒီတရားတွေက ဘယ်လိုပြောလို့ မင်း-ရတာဘုံး....၊ မစဲ့ပုံကလေး ရှင်းစမ်းပါဦးဆိုတော့ ဒီတရားတွေကဘုရား... တဲ့ စိတ်ကလေးကြည့်လိုက်ပြန်လဲ ချုပ်ပျောက်သွားတာဘဲ မြင်တယ်တဲ့-(မှန်ပါ့) ရုပ်ကလေးကြည့်လိုက်ပြန်လဲ....(ချုပ်ပျောက်သွားတာဘဲမြင်ပါတယ်) ကုန်တာ ပျောက်တာဘဲ မြင်သတဲ့....(မှန်ပါ့) အဲဒီ ကုန်တာ ပျောက်တာချည့် မြင်နေတော့ တပည့်ဟောင်းက ဘယ်မှာ ငါ့ကိုယ့်, ငါ့ဟာ, ငါ့ဥစ္စာလို့ စဲ့မလဲတဲ့....(မှန်ပါ့)။

ကုန်တာ ပျောက်တာ တကာတကာမတို့သိတဲ့အတိုင်း အနှိစ့်, ဒုက္ခ, အနတ္တ.... (မှန်ပါ့) ကုန်တာ ပျောက်တာ မြင်တာက လောကီမဂ္ဂ....(မှန်ပါ့)။

ဒီလိုမြင်တော့ တဏှာ,ဥပါဒါန်,ကံတွေက ဒီအနာဒိမှာ ခဏသေမနေဘူးလား....(သေပါတယ်ဘုရား) တဏှာ, မာန, ဒိဋ္ဌိတွေက မသေလားဗျာ....(သေပါတယ်ဘုရား)။

သူ့အမြင်ကလေးကို တကာတကာမတွေ့ဝိပဿနာဘုန်းကြီးနဲ့ဝိပဿနာတကာတကာမတွေ့ ဒီနေရာ တော်တော် အရေးကြီးနေပါလားဆိုတာလဲ သတိထားကြပါ....(မှန်ပါ့)။

ကုန်တာ ပျောက်တာ မြင်ပါတယ် ဘုရာ့....တဲ့၊ "နိရောဓ ဒိသ္ဓာ၊နိရောဓံ အာဘိညာယနေတံမမ နေသောဟမသ္မိ နမေသော အတ္တာ"လို့ ပါဠိလိုရွတ်လိုက်တယ်....(မှန်ပါ့) မြန်မာလို ပြောကြပါစို့ ဆိုတော့ တကာသစ်-ကုန်တာ ပျောက်တာကလေးကို တကာကစ်- ငါ့ကိုယ်, ငါ့ဟာ, ငါ့စွာလို့ မစဲပါဘူးတဲ့....(မှန်ပါ့) ဒီလိုဆိုတော့ အမြင်ကတော့ တည့်နေတယ်....(တည့်ပါတယ်ဘုရား)။

ကုန်တာ ပျောက်တာတွေမြင်တော့ သူက ဘာတဲ့(ငါ့ကိုယ်, ငါ့ဟာ, ငါ့စွာလို့ မစဲပါဘုရား) ငါ့ကိုယ်, ငါ့ဟာ, ငါ့စွာလို့ မစဲပါဘူးဆိုတော့ ငါ့ကိုယ်, ငါ့ဟာငါ့စွာဆိုတာက ဒိဋ္ဌတဏှာ ပေါ့ဗျာ-(မှန်ပါ့)ငါ့ဟာဆိုတာက မာန၊ ငါ့စွာဆိုတာက ဒိဋ္ဌိ (မှန်ပါ့) အဲဒီမှာ တဏှာ, မာန, ဒိဋ္ဌိနဲ့ သူ့မှာ မစဲပါဘူးတဲ့....(မှန်ပါ့)။

ကုန်တာ ပျောက်တာကလေး မြင်လိုက်တဲ့ အခါကျတော့ ငါ့ကိုယ်, ငါ့ဟာ, ငါ့စွာလို့ မစဲပါဘူး ဘုရား....ဆိုတော့ ကုန်တာ ပျောက်တာသည် ဒုက္ခသစ္စာ.... (မှန်ပါ့) ကုန်တာ ပျောက်တာ မြင်တာက မဂ္ဂသစ္စာပါဘုရား)။

အဲ....လောကီမဂ္ဂသစ္စာကလေး သူရနေတော့ လောကီ မဂ္ဂသစ္စာနဲ့ဘဲ သူ့စိတ်ထဲမှာ အမြစ်နဲ့တကွ ပြတ်ပြီလို့ ဒီလို ထင်လိုက်တယ်....(မှန်ပါ့)။

ရှင်ဆန္ဒက လောကီမဂ္ဂင်နဲ့ဘဲ သူက အမြစ်နဲ့တကွ ပြတ်ပြီလို့ ထင်လိုက်ကယ်၊ ခဏချုပ်နေတာ.... (မှန်ပါ့) တကာကြွယ်. မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

အားလုံး တရားနာတဲ့ တကာ့တကာမတွေ ဒီအရေးဟာက ရှင်ဆန္ဒဝတ္ထုတခုလုံးမှာ ဒီအရေး တော်တော်အရေးကြီးပါတယ် (မှန်ပါ့) ဒါ့သေသေချာချာမှတ်ကြပါ....(မှန်ပါ့)။

ကုန်တာ ပျောက်တာကလေးက ဒုက္ခသစ္စာ....(မှန်ပါ့) မြင်တာက....(မဂ္ဂသစ္စာပါ) မဂ္ဂကလဲ လောကီမဂ် ရှိသေးတယ် တကာကြွယ်....(မှန်ပါ့) နောက်-တဏှာ, မာန, ဒိဋ္ဌိက လာသေးသလား....(မလာပါဘုရား) မလာပေမဲ့ အမြစ်နဲ့တကွ ပြတ်သွားတာလား၊ ခေတ္တ ရပ်စဲနေတာလား .... (ခေတ္တ ရပ်စဲနေတာပါဘုရား)။

အဲဒီတော့ ဝိပဿနာဉာဏ်ဘဲမကျဘူးလား .... (ကျပါတယ် ဘုရား) ဝိပဿနာမဂ်ဘဲ တကာကြွယ်-ဖြစ်နေတယ်....(မှန်လှပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါ နောက်ပိုင်းက တကာ တကာမတွေ၊ ဘေးကနေတဲ့ တကာတကာမတွေ သြော် .... ကုန်တာ ပျောက်တာ မြင်တာတော့ အမြင်တော့အမြင်မှန်ဘဲ၊သို့သော် အမြင်မဆုံးသေးဘူးလို့ မှတ်ကြရမယ်....(မှန်ပါ့) ဘယ်လိုမှတ်ကြရမယ်.... (အမြင်မဆုံးသေးဘူးလို့ မှတ်ကြရပါမယ်ဘုရား)။

အမြင် မဆုံးသေးဘူးဆိုတဲ့ အဓိပ္ပါယ်ကလေး စောစောက ရှင်းထားစမ်းပါ...(မှန်ပါ့) ဘာကြောင့် အမြင်မဆုံးသေးလဲလို့ မေးတဲ့အခါကျတော့လို့ ရှိယင်ဖြင့် ကုန်တာ ပျောက်တာသည် သဗ္ဗေသင်္ခါရာအနိစ္စာ၊ သင်္ခါရတရားတွေ အနိစ္စလို့ ယူမြင်နေတယ်....(မှန်ပါ့ဘုရား)။

သဗ္ဗေသခ့ါရာဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာမြင်နေတယ် .... (မှန်ပါ့) 'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ' လို့ဆိုတာ သူဒါတွေချည့် မြင်နေတယ်....(မှန်ပါ့)အနိစ္စ,ဒုက္ခသစ္စာတွေသာ မြင်နေတယ်....(မှန်ပါ့ဘုရား)။

မြင်နေတော့ သခ်ါရနယ်က လွတ်ပလား.... (မလွတ်သေးပါဘုရား) မလွတ်သေးဘူးဗျ၊ သခ်ါရတရားတို့၏ဖြစ်ပျက်ကိုသူမြင်နေတယ်....(မှန်ပါ့ဘုရား)။

အားလုံးမှတ်ကြစမ်းပါ၊ သူမြင်နေတဲ့အဖြစ်အပျက်ကသခ်ါရဖြစ်ပျက်မြင်နေတယ်....(မှန်ပါ့) သခ်ါရတို့၏ ခယဝယကိုမြင်နေတယ်....(မှန်ပါ့) အသခ်တနိဗ္ဗာန် သူမြင်ပလား .... (မမြင်သေးပါဘုရား)။

မမြင်သေးပေမဲ့ သူကရတယ်လို့ အထင်ကြီးနေတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ သူမြင်နေတာက ဒါဘဲ၊ အဲဒီတော့ သူသေလို့ ရှိယင်ဖြင့် တဏှာ, မာန, ဒိဋ္ဌိကချုပ်နေပြီတဲ့၊ နောက်ခန္ဓာ ပဋိသန္ဓေနေစရာ အကြောင်းမရှိဘူး၊ ဒါ့ကြောင့် ဒါးနဲ့လှီးပြီးသေလိုက်မယ်တဲ့....(မှန်ပါ့) အဲဒီတော့ အမြင်ကဝိပဿနာ အထင်ကရဟန္တာ....(မှန်ပါ့ဘုရား)။

အမြင်က....(ဝိပဿနာပါဘုရား) အထင်ကတော့....(ရဟန္တာပါဘုရား) ဒီလိုလွဲမှာစိုးရတယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သေသေချာချာ မှတ်ကြပါ တကာတကာမတို့ ဒီနေရာအေးအေးဆေးဆေး ပြောပြီးသကာလနေတဲ့ဟာတကာကြွယ်သာမညအရေးမဟုတ်လို့ ပြောတယ်လို့ မှတ်လိုက်တာပေါ့ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကုန်တာ ပျောက်တာက သခ်ၤတနယ်လား၊ အသခ်ၤတနယ်လား....(သခ်ၤတနယ်ပါဘုရား) သခ်ၤတနယ်ဘဲရှိသေးတယ်၊ ကုန်တာ ပျောက်တာ မြင်တာကလဲ လောကီမဂ်ဘဲဖြစ်နေတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အေး....လောကီမဂ်ဖြစ်နေတော့ တဏှာ, မာန, ဒိဋ္ဌိ မသေဘူးလို့ ဘုန်းကြီးတို့က မဆိုပါဘူး၊ သေတော့ သေပါတယ်တဲ့ ခဏကလေး သေနေတာ....(မှန်ပါ့) အမြစ်နဲ့တက္ခ အနုသယ တော့ပါသေတာလို့ ဆိုလို့ရရဲ့လား ....(မရပါဘုရား)။

အဲဒါကလေးတော့ သေသေချာချာကြည့်တော့မှ သြော်.... အမြင်ကဝိပဿနာ အထင်က ရဟန္တာဖြစ်နေတယ် .... (မှန်ပါ့ဘုရား)။

အမြင်က ဘာတဲ့....(ဝိပဿနာပါ) ဝိပဿနာဉာဏ်နဲ့မြင်နေတာ....(မှန်ပါ့) သူကရဟန္တာတို့၏ မဂ်လေးပါးအမြင်နဲ့ယူသားတယ်....(မှန်ပါ့) ယူမထားဘူးလား.... (ယူထားပါတယ်ဘုရား)။

အဲဒီတော့ ရှင်သာရိပုတ္တရာက အမေးကလေးရပ်လိုက်တယ်၊ သြော်....ရှင်ဆန္ဒ၊ အမြင်ကလေးတော့ မှန်သားဘဲ၊ အမြင်က မဆုံးသေးဘူး....(မှန်ပါ့) သိတော်မူတာပေါ့ဗျာ....(မှန်ပါ့)။

ကဲ....ဘကာတကာမတွေကောအကဲခတ်မိပလား.....(ခတ်မိပါပြီဘုရား) ကိုယ်လုပ်တဲ့အခါမှာလဲ ဒီအတိုင်းဘဲထင်ရလိမ့်မယ် .... (မှန်ပါ့)သြော်....ဒါလောက်မြင်နေသေးလို့ရှိယင် ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အမြင်တော့မှန်ရဲ့၊ အမြင်ကျန်သေးတယ်လို့ ယူလိုက်....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါက ဘယ်လိုမှုမရှိနဲ့ ပါဠိတော်မှာ တိုက်ရိုက် ရှိနေလို့ တိုက်ရိုက်ဟောနေတဲ့ ဆရာဘဲလို့ တကာတကာမတွေ သေသေချာချာမှတ်ပေတော့.... (မှန်ပါ့) ရှင်းပြီနော် .... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီလိုသွားရမှာကိုးဗျ၊ ဥဂ္ဂစ္ဆတိယထာ ဒိစ္စော၊ ပုရက္ခ ိတ္ဘဝကုဏ်းတထာ၊ နာမရူပ ပရိစ္ဆေ ကျမ်းမှာ ဆိုတယ် .... (မှန်ပါ့) အခုဟာ ဘာဖြစ်နေသတုံးဆိုတော့ အာရုဏ်တက်ရုံရှိသေးတာဘဲ၊ နေမှမထွက်သေးဘဲ....(မှန်ပါ့ဘုရား)။

ဝိပဿနံ ပုရက္ခ ိတ္ဘဝ၊ဝိပဿနာ ရှေ့သွားဘဲရှိသေးတယ် .... (မှန်ပါ့) မဂ္ဂဓမ္မောဥပ္ပဇ္ဇတိ ဆိုတော့ ဝိပဿနာမဂ်ဆုံးမှ လောကုတ္တရာမဂ်လာမှာကိုးဗျ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား) ဝိပဿနာမဂ်ဆုံးပလား .... (မဆုံးသေးပါဘုရား)။

မဆုံးသေးတာကိုဝိပဿနံပုရက္ခ ိတ္ဘဝ မဂ္ဂဓမ္မောပဝတ္တတိဆိုတဲ့ ဝိပဿနာရှေ့သွားကလေး အခုမှ အာရုဏ်တက်တာ ကလေးကို ပင်လျှင် နေထွက်ပြီလို့ ရှင်ဆန္ဒက တကယ်ထင်နေတယ် .... (မှန်ပါ့) တကာတကာမတို့ အထင်ကြီးလွန်းသွားတယ်....(ကြီးပါတယ်ဘုရား)။

ဒါကြောင့်သူတော့ ရဟန္တာဖြစ်ပြီ၊ လည်ပင်းဒါးနဲ့လှ ိုးသေမယ်၊ နောက်ပဋိသန္ဓေ နေစရာမရှိဘူးလို့ ရှင်သာရိပုတ္တရာကို လျှောက်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အမြင်က မကျန်ဘူးလား....(ကျန်ပါတယ်ဘုရား) အေး.... ဒါကြောင့် ဆရာဘုန်းကြီးကကျန်တဲ့အမြင်ကလေးကို ထုတ်ပြဦး

မယ်....(မှန်ပါ့) ခင်ဗျားတို့ ဒီအမြင်ရောက်မှ ကျန်တဲ့အမြင်ရောက်မှ ကိုယ့်ဟာကိုယ်လဲ စိတ်ချကြဆိုတဲ့အရေးကိုတခါတည်း ကိုယ့်ဆုံးဖြတ်ချက်ကလေးနဲ့ ကိုယ်မှန်သွားအောင်နော်.... (မှန်ပါ့ဘုရား)။

ဝိပဿနံ ပုရက္ခိတွာ မဂ္ဂဓမ္မော ပဝတ္တတိဆိုသဖြင့် ဝိပဿနာမဂ်ဘဲရှိသေးတယ်၊ တကယ့်လောကုတ္တရာမဂ် မလာသေးဘူး .... (မှန်ပါ့ဘုရား) မလာသေးတော့ ဒီခယဝယတွေဟာ တကာတကာမတို့မနေ့ကလဲပြောခဲ့ပါတယ်၊သိကြားမင်းက လျှောက်တဲ့အခါမှာ တဏှာအမြန်ဆုံးကုန်ပြီး ခယဝယအဆုံးသို့ရောက်တဲ့တရား တပည့်တော် ဟောပါလို့ မူလပဏ္ဏာသပါဠိတော် စူဠဋ္ဌတဏှာသခ်ယသုတ်မှာ လာပြန်သေးတယ်.... (မှန်ပါ့) ခယဝယအဆုံးကိုလွန်ရမယ်တဲ့ သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာလွန်ရမလဲ (ခယဝယအဆုံးကိုလွန်ရပါမယ်) တကာသစ်သေသေချာချာမှတ်နော်....(မှန်ပါ့) ခယဝယဆိုတာ ကုန်တာ၊ ပျောက်တာ၊ အဲဒီ ကုန်တာ ပျောက်တာကို မလာရဘူး .... (မှန်ပါ့) သူဆုံးသွားရမယ်တဲ့....(မှန်ပါ့ဘုရား)။

ခယဝယသခ်ါတံ အန္တံ အတီတာလို့ အဋ္ဌကထာမှာ ဖွင့်သကိုး ခယဝယကို လွန်သွားရမယ်ဆိုတော့ ရှုနေတဲ့ ခယဝယကုန်ပြီး တကာတကာမတို့ ရှုနေရင်းမတ္တန့်မလာတော့ဘူး သစ္စာပိုင်းခြားပြီးပြီဆိုတော့မှ နိဗ္ဗာန်မြင်တာကိုး .... (မှန်ပါ့) အဲဒီတော့မှ ဒီမဂ်ကလေး လောကုတ္တရာမဂ် သွားဖြစ်တယ် .... (မှန်ပါ့ဘုရား)။

ခုနင်ကရှုနေတဲ့မဂ်က ဘာတုံး....(လောကီမဂ်ပါဘုရား) ဘာလွန်သွားသတုံးဆိုတော့ ခယဝယကုန်သွားတာ မြင်တယ်.... (မှန်ပါဘုရား)။

ခယဝယဆိုတဲ့ ဖြစ်ပျက်မလာတော့ဘူး .... (မှန်ပါ) အဲဒီမလာတဲ့အဆုံးရောက်အောင်မြင်မှသာလျှင် ဝိပဿနာရှု့သွားပြီးတော့မှ မဂ္ဂဓမ္မော ပဝတ္တတိဆိုတဲ့ အတိုင်းတဲ့ ဒီကျတော့မှ လောကုတ္တရာမဂ် သေသေချာချာ ထွက်လာတယ် .... (မှန်ပါဘုရား)။

လောကုတ္တရာမဂ် ပေါ်လာတော့မှ နိဗ္ဗာနံ မဂ္ဂဿအာရမ္မဏ ပစ္စယေန ပစ္စယော၊နိဗ္ဗာန်နဲ့ လောကုတ္တရာမဂ်ဟာ အာရုံ အာရမ္မဏိက အဖြစ်ဖြင့် ပေါ်လာကြပြီ....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တပည့်တော်တို့ဘယ်လိုရှုရမှာပါလိမ့်မတုံး၊ ခယဝယဖြစ်တာ ပျက်တာကလေး မြင်ယင် ဆုံးအောင်လိုက်ဟေ့ .... (မှန်ပါ) ဘယ်လိုပါလိမ့်....(ခယဝယမြင်ယင် ဆုံးအောင်လိုက်ရပါ့မယ်ဘုရား)။

ဆုံးအောင်လိုက်တဲ့ အခါကျတော့ ခယဝယ ကုန်မသွားပေဘူးလား....(ကုန်သွားပါတယ်) ဖြစ်ပျက်တွေ့ ကုန်သွားတဲ့အခါကျတော့ဖြစ်ပျက်ဟာဒုက္ခသစ္စာ(မှန်ပါ့) ဒုက္ခဿအန္တ ကရိဿတိ ဒုက္ခ၏အဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်က မျက်မှောက်ပြုနိုင်လိမ့်မယ်တဲ့....(မှန်ပါ့)။

ဒီလို တကာတကာမတို့ သံယုတ်ပါဠိတော်ကြီးမှာ လာတော့

ဒုက္ခအဆုံးမြင်မှုနိဗ္ဗာန်ကိုး....(မှန်ပါ့) အခုဒီမှာတော့ သူ့ဟာက သခ်ၤါရဒုက္ခကြီး မြင်ပြီးရဟန္တာဖြစ်နေတယ်ထင်နေတာ....(မှန်ပါ့ဘုရား)။

သူကဘယ်လိုထင်ပါလိမ့်....(သခ်ၤါရဒုက္ခကြီး မြင်းပြီးရဟန္တာထင်နေပါတယ်)သခ်ၤါရဒုက္ခမြင်ပြီးသူ့ကိုသူရဟန္တာထင်နေတာ၊ သခ်ၤါရဒုက္ခဆုံးပလား....(မဆုံးသေးပါဘုရား)။

အဲ....မဆုံးသေးတဲ့အခါ သူကရဟန္တာဖြစ်တယ် ထင်နေလို့ ရှင်သာရိပုတ္တရာက အမေးရပ်လိုက်တယ်၊ သခ်ၤါရဒုက္ခမြင်ကာမျှနဲ့ သူ့ဟာသူရဟန္တာဖြစ်တယ်လို့ အဓိမာန.... (အထင်ကြီးခြင်း) ဖြစ်ပြီးသကာလ နေတော့တယ်ဆိုတော့ ရှင်စုန္ဒကလဲ နောက်က ပါသေးတယ်....(မှန်ပါ့ဘုရား)။

ဂိဇ္ဈကူဋ်တောင်ပေါ်က ဆင်းလာတုံး ရှင်သာရိပုတ္တရာနဲ့ ရှင်စုန္ဒညီအကိုနှစ်ပါး လူမမာမေးကြတာ မဟုတ်လား-(မှန်ပါ့) ဒီတော့ ရှင်စုန္ဒက အနားမှာရှိတယ်၊ သူကလဲ ရဟန္တာပဋိဂ္ဂါလ်ဘဲလို့မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ရှင်စုန္ဒက အနားမှာရှိတော့ ရှင်ဆန္ဒဟာ ဘာမှမဟုတ်သေးဘူး၊ ဝိပဿနာဉာဏ်ဘဲ ရှိသေးတယ်၊ ဝိပဿနာမဂ်ဘဲရှိသေးတယ်၊ ဒါကို ရဟန္တာထင်ပြီး သကာလနေတဲ့အတွက် ရှင်စုန္ဒက ကြားပေါက်ပြီးသကာလ ပြောလိုက်တယ်....(မှန်ပါ့)။

အရှင်ဘုရား မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး အမြဲဆုံးမပြီး နှုတ်သွင်းဘို့ ဟောထားတာရှိပါတယ်၊တရားကိုဖြည့်စွက်တယ်....(မှန်ပါ့ဘုရား)။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝိပဿနာယောဂီတွေကိုဆုံးမထားတာရှိပါသေးတယ်ဘုရား၊ဒါကလေးကို အရှင်ဘုရား နှလုံးသွင်းပါဦးတဲ့.... (မှန်ပါ့) အရှင်ဘုရား အမြင်လို့သေးတယ်လို့မပြောဘူး.... (မှန်ပါ့) လူမမာချွဲကျွေးသလိုပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒါကလေးတော့ဥပါဒါန်လဲမဖြစ်နိုင်ပါဘူး အားလဲရှိအောင်စားလိုက်ပါဦးဆိုတဲ့ အဓိပ္ပါယ်မျိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အဲဒီတွင်မှ နိဿံတဿ စလိတံ အနိဿံတဿ စလိတံ နတ္ထိ၊ ဒီပါဠိကိုရွတ်လိုက်ဘယ်....(မှန်ပါ့ဘုရား)။

နိဿံတဿ=မို့သောပုဂ္ဂိုလ်အား၊စိတ္တ=စိတ်သည်၊ စလိတံ၊လှုပ်သည် ဟောတိုဖြစ်၏၊ အနိဿံတဿ=မမို့သောပုဂ္ဂိုလ်အား●လိတံ=လှုပ်သည်၊ နတ္ထိမရှိဘူးတဲ့....(မှန်ပါ့) မို့နေယင်လဲလှုပ်တယ်၊ မမို့ယင်....(မလှုပ်ပါဘုရား) သဘောကျပလား .... (ကျပါပြီဘုရား)။

တကာတကာမတွေ့ မို့နေယင်လှုပ်တယ်၊ မမို့နေယင် မလှုပ်ဘူးဆိုတော့ ဒီတရား အသာချိတ်ထား၊ ခင်ဗျားတို့ အတွက်နည်းနည်းဖြည့်စွက်မနော်....(မှန်ပါ့)။

တကာသစ်ရေ....တကာသစ်ကတော့ ဒီမှာနေတာဘဲ၊နေပင်နေငြားသော်လဲ ဆိုင်တွေ့ရှိတယ်၊ သားနဲ့ မယားနဲ့ တိုက်တာတွေ့ရှိတယ်၊ ဟိုမှာ ဘာဖြစ်သတဲ့ ကားတိုက်သတဲ့လို့ကြားလိုက်ယင်ဘဲ တကာသစ်ကားနဲ့ တိုက်သတဲ့လို့ကြားလိုက်ယင် ဒီကနေပြီး ဟိုက်ကနဲသွားတယ်....(မှန်ပါ့) မသွားဘူးလား.... (သွားပါတယ်ဘုရား)။

ဩဩ်.....တကာသစ် တဏှာနဲ့ ဟိုကကား:နဲ့ဟာ မြိနေတယ်.... ဟိုကကား:လျှပ်ယင် ဒီကလျှပ်တယ်....(မှန်ပါ့) သဘောကျပလား: (ကျေပါပြီဘုရား:)။

တကာကြွယ်က ဒီမှာလာပြီး: တရား:နာနေတယ်၊ အိမ်မှာ ကား:တိုက်သတဲ့လို့ ကြား:လိုက်ယင် ကား:နီကြီး:နဲ့ဘဲတိုက်သတဲ့ ကြား:လိုက်ယင် ဟာ....ဆိုတာကလေး:က လာလိမ့်မယ် .... (လာပါတယ်ဘုရား:) ဘယ့်နှယ်ကြောင့် လာပါလိမ့်မတုံး:၊ ကား:နဲ့ ဒီလောဘကလေး:နဲ့က ဟိုမှာ သွား:ဆက်နေတယ်၊ နဂိုရိုက်ကို သွား:ဆက်နေတယ်....(မှန်ပါ့ဘုရား:)။

ဒါကြောင့် နိဿ ံတဿ= ကား:ပေါ်မှာလောဘစိတ် မြိနေသောပုဂ္ဂိုလ်အား:၊ စ်လိတံ = ဟိုကကား:လျှပ်သည်ရှိသော် ဒီမှာရှိတဲ့စိတ်လျှပ်သည်၊ ဟောတိ=ဖြစ်၏.... (မှန်ပါ့) ရိပ်မိပလား:.... (ရိပ်မိပါပြီဘုရား:)။

အံမာလေး:.... အဝေး:ကြီး:ပေမဲ့ လျှပ်တယ်တကာသစ်ရေ .... (မှန်ပါ့) မလျှပ်ဘူး:လား:....(လျှပ်ပါတယ်ဘုရား:)။

ဟိုမှာ ရန်ကုန်ကောလိပ်ကျောင်း:မှာ ကိုယ့်သား:သမီး:ကလေး: တယောက် ထား:တယ်ဟုတ်လား:....(မှန်ပါ့) အဲဒီ သမီး:ကလေး: တယောက်ဆီက ကြေး:နန်း:ကလေး: တစောင် မလာသည့်တိုင် အောင် လူကြုံကလေး:က ပြောလိုက်တော့ ခလေး:တော့ဖြင့် မျက်နှာကြည့်မကောင်း:ဘူး:၊ ပြောသူက ယဉ်ယဉ်သုံး:လိုက်တယ်၊ ဖျပ်-ဆို ဒီက အမေမိဘက လှပ်တယ်....(မှန်ပါ့) ဘာဖြစ်လို့တုံး:-မြိနေလို့ပါ) ဟိုမှာ အမြဲဆက်ပြီး:မြိနေတယ်....(မှန်ပါ့)။

ခလေးမကလေးဆီမှာ အမေမိဘစိတ်က တခါတည်း သွားမှီနေတယ်၊ မှီနေတော့ ခလေးမကလေးက ကွန်ဒြေပျက်လိုက်ယင်ဘဲ ဒီက ဘယ့်နှယ်တုံး....(လှုပ်ပါတယ်ဘုရား)။

ဒါ့ကြောင့် နိဿိတသာ= မှီနေသောပုဂ္ဂိုလ်အား၊ စလိတံ= အဝေးကြီးကနေပြီး လှုပ်သည်၊ ဟောတိ=ဖြစ်၏.... (မှန်ပါ့) ခင်ဗျားတို့ကသာ ဝေးတယ်ထင်တာ ဟုတ်လား၊ အာရုံ အာရမ္မဏ်ကအဖြစ်နဲ့တော့ မှီနေတာ့ယ်....(မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မလဲ .... (အာရုံအာရမ္မဏ်ကအဖြစ်နဲ့ မှီနေပါတယ်ဘုရား) မှီနေတော့ တတ်နိုင်လို့ မိုင်ခြောက်ထောင် ကျော်ဝေးတဲ့ အင်္ဂလန်ကျွန်းမှာ သွားပြီးထား၊ ဟိုက ဘာတဲ့ ဆိုယင် ဒီမှာလှုပ်ပြီ....(မှန်ပါ့)မလှုပ်ဘူးလား....(လှုပ်ပါတယ်ဘုရား)။

ဩော်.... တကာ တကာမတွေ့ သွားသွားမှီယင်တော့ လှုပ်မှာဘဲ....(လှုပ်ပါတယ်ဘုရား) သွားသွားမမှီယင်တော့....(မလှုပ်ပါဘုရား)။

အခုတော့ဖြင့် သေသူ ပြန်အောင့်မေ့လိုက်၊ လှုပ်လိုက်၊ ရှင်သူ ပြန်အောက်မေ့လိုက်....(လှုပ်လိုက်ပါဘုရား) သွားသွားမှီသကိုး.... ခင်ဗျားတို့က လောကွတ်က တယ်ချော်တာကိုး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လောကွတ်ချော်တော့ လှုပ်ချင်လို့ ချော်တာ....(မှန်ပါ့) တကာကြွယ်-ဘယ်အာရုံ ဘယ်သားသမီးနဲ့မှ မဆက်တော့ပါဘူး ဆိုယင် လှုပ်သေးရဲ့လား....(မလှုပ်ပါဘုရား) ဆက်သွယ်နေယင်-(လှုပ်ပါတယ်ဘုရား)။

ဒါဖြင့် နိဿိတ်သ = ဆက်သွယ်၍ နေသာ ပုဂ္ဂိုလ်အား၊ စိတ္တ = စိတ်သည်၊ စလိတံ = ဟိုကအကြောင်းသည် ရှိသော် ဒီက လှုပ်သည်၊ ဟောတိ = ဖြစ်၏....(မှန်ပါ့) အံမာလေး....ကြောက်စရာကြီးပါလား....(မှန်ပါ့)။

ခင်ဗျားတို့ဟာက ဝေးတာ နီးတာ လို့ရင်းဟုတ်ကဲ့လား၊ မို့နေတာက လို့ရင်းလား....(မို့နေတာက လို့ရင်းပါ) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

အဲ....မို့တာလို့ရင်းဖြစ်ဘော့ တုံးမို့နေတဲ့ပုဂ္ဂိုလ်အားတုံးလှုပ်တော့ မို့နေတဲ့လူဟာ....(လှုပ်ပါတယ်ဘုရား)တို့က်မို့နေတဲ့ပုဂ္ဂိုလ်ကလဲ တို့က်ငလျင်လှုပ်လို့က်တော့....(လှုပ်ပါတယ်ဘုရား) တို့က်လှုပ်တာနဲ့ ရောပြီးလှုပ်တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ မျက်ရည်နဲ့ မျက်ခွက်၊ သောက, ပရိဒေဝ, ဗျာပါဒတွေနဲ့ နေကြရတာ မို့မို့နေလို့ ဒါတွေ့ ခဏခဏ မျက်ရည်နဲ့မျက်ခွက် ပေါ်ပေါ်နေတာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) မမို့တော့ပါဘူးဆိုတော့.... (မပေါ်တော့ပါဘုရား)။

ဩ....ခင်ဗျားတို့ကလဲ အမို့မရှိယင် ဘုရားတောင် မပွင့်ဘူးလို့ ခင်ဗျားတို့ဘက်က ရှေ့နေကလဲ အတော်ကြီးတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ဘက်က ရှေ့နေက ဘာတဲ့၊ ဘုရားတောင် အမို့နဲ့နေရသေးတယ်ဆိုတော့ ဘုရားတောင် ဆဲထည့်လိုက်သေးတယ်၊ ကိုယ့်ဘက် ရှေ့နေလိုက်ပါလို့....(မှန်ပါ့)။

တကာတကာမှတို့ အလွန်ဆိုးနေပါကလား.... (ဆိုးပါတယ်ဘုရား) အခုတော့ အမှိုက်လေးတွေက ခင်ဗျားတို့ကလဲ မခိုင်တာကြီးမှုပြီးသာနေတော့ မခိုင်တာတွေ အမိုး ပြုတ်-ပြုတ်ပြီး ပျက်ကျတဲ့အခါကျတော့ ခင်ဗျားတို့ ဘယ်လိုနေရစ်ရသတုံး.... (လှုပ်ပါတယ်ဘုရား) လှုပ်နေရတယ်၊ သောကနဲ့လှုပ်နေရတာယ်၊ သောကနဲ့လှုပ်လိုက်၊ ပရိဒေဝနဲ့....(လှုပ်ပါတယ်ဘုရား)။

ရွေ့ရေးတွေးပြီး လှုပ်လိုက်၊ နောက်ရေးတွေးပြီး....(လှုပ်ပါတယ်ဘုရား) အခုအရေးတွေး....(လှုပ်လိုက်ပါဘုရား) လှုပ်စရာရှိနေတာကိုး.....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး....တကာ တကာမတွေကလဲ လှုပ်စရာမရှိလို့ တုံးရှာတဲ့ပုဂ္ဂိုလ်တွေကလဲ အများကြီးပါလား....(မှန်ပါ့)။

တကာကြွယ်- တယောက်တည်းနေလို့ရှိယင် လှုပ်စရာ ရှိရဲ့လား....(မရှိပါဘုရား) ဟာ....ဒါဖြင့် မှိစရာရှာဦးမှဘဲ၊ လှုပ်ရအောင်ဟော့....(မှန်ပါ့)။

ဘယ့်နှယ်ပါလိမ့်....(မှိစရာရှာရပါတယ်) မှိစရာ ရှာဦးမှဘဲ လှုပ်ရအောင်....(မှန်ပါ့)။

ခင်ဗျားတို့ကိုကလဲ တခါတည်း အမှိုက်က မငြိမ်တဲ့ ငှက်ကလေးနဲ့ တူနေတယ်....(မှန်ပါ့) မလှုပ်ရယင် မဖြစ်သလို ဖြစ်နေတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အေး.... ဒါ့ကြောင့် ဘယ်သူမှ မမှိယင် ဘယ်သူမှ မလှုပ်ပါဘူး....(မှန်ပါ့) အဲဒီတော့ ခင်ဗျားတို့က ဟိုမှိနေ ဒီမှိနေရှေ့လေးရှိ ရွေ့ကြောင့်လှုပ်တယ်.... (မှန်ပါ့) တကာတကာမတို့ သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ရှေကလေးကို ကိုယ်က စုထားတယ်၊ ရှေစျေးက ဖျပ်ကနဲ ကျသွားယင် တကာသစ်· ဘယ့်နှယ်နေသလဲ .... (လှုပ်ပါတယ် ဘုရား) ဘာဖြစ်လို့တုံးဗျ....(မှီနေလို့ပါဘုရား)။

ကားကလေးတစင်းဝယ်ထားတယ်၊ အခုနောက်ကားတွေက လာလိုက်ပြန်တဲ့အခါ ဒီဟာတွေဟာစျေးတွေကျကုန်ပြီတဲ့ဆိုယင် ဘယ့်နှယ်တုံး....(လှုပ်ပါတယ်ဘုရား)။

အယည်တွေဟာ အခဲ့ကိုယ့်ဟာမျိုးတွေဟာ စျေးလျှော့ပြီး နိုင်ငံခြားက ဝင်လာသတဲ့ဆိုယင်ကော....(လှုပ်ပါတယ်) ဘာဖြစ် လို့တုံး....(မှီနေလို့ပါဘုရား)။

ခင်ဗျားတို့ကလဲ မလှုပ်ရလို့ရှိယင် မှီစရာမရှိယင် ဘုရား တောင် မပွင့်ဘူးဆိုတာကလေးကလဲ သံမှိုစဲ့သလို စဲ့ထားတာဘဲ-(မှန်ပါ့)။

တခါတည်း တကာတကာမတို့သည်ကား....လို့ ဆိုလို့ရှိယင် နေလို့မဖြစ်ဘူး....(မှန်ပါ့) တကာကြွယ်-လှုပ်ချင်လို့....(မှန်ပါ့ ဘုရား) ဘယ့်နှယ်ဆိုကြပါ့မလဲ....(လှုပ်ချင်လို့ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

သမီးကလေး အားကိုးနေတာ သမီးကလေးက ဖျပ်ကနဲဆို ဘယ်လိုဖြစ်သွားတယ်ဆိုတော့လဲ မှီလို့ လှုပ်နေဘာ....(မှန်ပါ့) သားကလေးအားကိုးနေတာ သူက သားမယားနောက် လိုက်သွားသတဲ့ဆိုတော့ မှီလို့လှုပ်တာ.... (မှန်လှုပါ) မမှီယင်.... (မလှုပ်ပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ရှင်စုန္ဒက နိဿီတဿ စလိတံ-ဆိုပြီး သကာလ့....

အရှင်ဘုရားခန္ဓာကိုမြှနေလို့ ဓါးနဲ့ လည်ပင်းလှီးပြီး သေတော့ မယ်ဆိုတာ အရှင်ဘုရားခန္ဓာကိုယ် အရှင်ဘုရား မြှနေသေးတယ်-(မှန်ပါ့)။

ဒါ့ကြောင့် အရှင်ဘုရားခန္ဓာကို ဝေဒနာတွေ နှိပ်စက်နေတော့ သေတာ ကောင်းတယ်လို့ ဆိုဘာ အရှင်ဘုရား လှုပ်တာလို့ ဆိုလိုရင်း....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တရားနဲ့ပြောနေရတာကိုး ရိပ်မိအောင်လို့ ရှင်စုန္ဒက နိဿိတသာ စလိတံ....(မှန်ပါ့) နိဿိတသာ = အရှင်ဘုရားခန္ဓာကို မြှနေသော အရှင်ဘုရား၊ စလိတံ= ဓါးနဲ့ လှီးသတ်မည်ဟု လှုပ်ရှင်းသည်၊ ဟောတိ=ဖြစ်၏လို့ ပြောလိုတာပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် ရှင်ဆန္ဒသည် ဝိပဿနာဉာဏ်အမြင်တော့ မမှန်ဘူးလား....(မှန်ပါတယ်) တဏှာဒိဋ္ဌိ လုံးလုံးမကုန်သေးဘူးဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် သူ့ခန္ဓာကြီး ဓါးနဲ့ လှီးသတ်ပါတော့မယ်၊ နောက်-ပဋိသန္ဓေမနေရတဲ့ ပုဂ္ဂိုလ်ဘဲဆိုတာတော့ စကားတော့ကြီးသပေါ့ဗျာ....(မှန်ပါ့) သို့သော်-ဒီခန္ဓာကြီးကို သူဟာ ဒီလိုတော့ ဝေဒနာ ခံစားမနေချင်ဘူး၊ သေတာ အေးတယ် ဆိုတဲ့ ဒေါသ ပါ-မပါ....(ပါ-ပါတယ်) အဲဒီတော့ ခင်လို့ ဒေါသဖြစ်တာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် နိဿိတသာ စလိတံ- ဆိုတာ ကျေနပ်ပလား....(ကျေနပ်ပါပြီ) တကာကြွယ်- အင်္ဂလန်မှာရှိတဲ့ သားသမီး ဖြစ်

စေကာမူ ဒီကနေပြီး အာရုံပြုလိုက်ယင် လှုပ်တာဘဲ....(လှုပ်ပါတယ်ဘုရား) နဂိုရိုက ဆက်နေတာကိုး....(မှန်ပါ့) မှီနေသကိုး ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဝေးတာ နီးတာက လိုရင်းလား၊ မှီတာက လိုရင်းလား....(မှီတာက လိုရင်းပါ) အဲ....အနားမှာရှိပေမဲ့ မဆိုင်ဘူးဆိုတဲ့ ပရတော- သူ့စိမ်း ပြင်ပလို ထားလိုက်စမ်း၊ အနုတ္တသဘော ထားလိုက်စမ်းပါဆိုတော့ လှုပ်သေးရဲလား....(မလှုပ်ပါဘုရား)။

ခင်ဗျားတို့ အိမ်နီးချင်းများ ဟိုဘက် ဥပမာမယ် တယောက်ယောက်သေသတဲ့ အခုရှေ့လာတာ တယ်မကြာသေးဘူး၊ ကျုပ်တို့ဖြင့် မိတ်ဆွေတောင် မဖြစ်သေးဘူး၊ ဖျပ်ကနဲရောက်လာတာ သုံးလေးရက်ဘဲ ရှိသေးတယ် သေသတဲ့-ဆိုတော့ မလှုပ်ပါဘူး ဒီဘက်က....(မှန်ပါ့) ဘာမှ မခင်သေးဘဲကိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နည်းနည်းကလေး လပေါင်းများစွာ ဟင်းပေး ဟင်းယူကလေး၊ ညရေး ညတာ အကူအညီကလေး ရလာပြီ ဆိုမှဖြင့် ဖြစ်မှ ဖြစ်ရလေဗျာ၊ လာပြီဗျာ....(မှန်ပါ့) မလာသေးဘူးလား (လာပါပြီဘုရား) အဲဒီကျတော့ မှီကြပကောဗျ.... (မှန်ပါ့) မှီတော့ ဘယ့်နှယ်ဖြစ်နေသလဲ....(လှုပ်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာ လှုပ်-မလှုပ်တာဟာ တကာတကာမတို့ မှီမှီအပေါ်မှာ မူတည်နေတယ်ဆိုတဲ့ အဓိပ္ပါယ် ဆုံးဖြတ်ချက် ချရမယ်ဆိုတာ ရှင်းသွားပြီ.... (ရှင်းပါပြီဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အေး .... ဒါ့ကြောင့် ခင်ဗျားတို့ သဘကလေးတယောက် ထွန်းကားလာပြန်လဲ အာဘကိုးရခ့ဲ....(မှန်ပါ့) သမီးကလေး တယောက် ထွန်းကားလာပြန်လဲ....(အာဘကိုးရခ့ဲသေးရဲ့) ခင်ဗျားတို့က မှိမယ်လို့ စိတ်ကူးနေတာဘဲ.... (မှန်ပါ့) တယ်လဲ လှုပ်ချင်သကိုး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လှုပ်ချင်လို့ရှိယင် လှုပ်ဆိုတာ ဘာတုံး၊ မျက်ရည်နဲ့ မျက်ခွက်ဖြစ်တယ်ဆိုတာ....(မှန်ပါ့)။

ဒါ့ကြောင့် တဏှာ, ဥပါဒါန်မချုပ်သ၍ ကာလပတ်လုံး တလှုပ်တည်း လှုပ်နေလိမ့်မယ်ဆိုတာ တကာကြွယ်- ဦးလှဘူး-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ ဒီတဏှာကိုဖြင့် မသတ်ယင် မဖြစ်ဘူး....(မှန်ပါ့) တဏှာရှိလို့ ဥပါဒါန်၊ ဥပါဒါန်ဆိုတာ စဲပြီး ကပ်ပြီးမှိနေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဥပါဒါန်ဆိုတာ ဖြုတ်လို့မရတာ ဆိုတာ....(မှန်ပါ့ဘုရား)။

ဖြုတ်လို့မရဘူး ဆိုကတည်းက တကာ တကာမတို့ ဟိုက အနိစ္စပေါ်မှာ သူက အမြဲဆုပ်ထားပြီဆိုမှဖြင့် ဟိုကလဲ အနိစ္စရောက်၊ ဒီကလဲ လှုပ်လို့ကောင်းပေါ့ဗျာ....(မှန်ပါ့) ဒီအတိုင်းမနေဘူးလား....(နေပါတယ်ဘုရား)။

အဲဒါကြောင့် ရှင်စုန္ဒဟောတဲ့ တရားကလေးဟာလဲ နိဗ္ဗာန်ဟောတာပါ....(မှန်ပါ့) ရောက်ပါလိမ့်မယ် တကာတကာမတို့ ဒီတရားဟာ နိဗ္ဗာန်ကိုး....(မှန်ပါ့)။

ကဲ....လှုပ်-မလှုပ် တကာသစ်တို့ ရိပ်မိပလား....(ရိပ်မိပါပြီ) အာရုံအားဖြင့် မြိနေယင် ဘာတုံး....(လှုပ်ပါတယ်) မမြိတော့.... (မလှုပ်ပါဘုရား)။

ကဲ .... နင့်လဲ ဆွဲပြတ် မျိုးပြတ် ကြော်ငြာလိုက်ပြီး ကိုယ့် သားသမီးကအချိုးမကျယင် .... (မှန်ပါ့) ဆွဲပြတ် မျိုးပြတ် ကြော်ငြာလိုက်ပြီဆိုတော့လဲ ကြော်ငြာတုန်းက သူ-မလှုပ်လို့ ကြော်ငြာတာပါဘဲ(မှန်ပါ့)နောက်တော့ ဟိုမှာဘဲ ဂူခြေခြေတွေ့ မရ၊ ဘာတွေ့မရလို့ ရောဂါဝေဒနာရပြီး ပျက်စီးတယ်ဆိုတော့ လှုပ်သေးသလား....(မလှုပ်ပါဘုရား)။

တဏှာနဲ့မမြိတော့ သူက မလှုပ်ဘူး....(မှန်ပါ့) သေတာ ကောင်းတယ်....(မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

စဉ်းစားကြည့်ပါလား ဥပမာမယ် .... ဟို- အနောက်နိုင်ငံ ကျွန်းမှာ ကျွန်းပါမြေမျိုသွားသတဲ့၊ ပင်လယ်ရေလှမ်းပြီး မီး တောင်ပေါက်ကဲ့သွားလို့....(မှန်ပါ့) မြန်မာပြည်က ဘယ်သူမှ ရှေမျိုးမရှိလို့ ဩော်....ကမ္မဿကာဘဲတဲ့... (မှန်ပါ့) မြိမှ မမြိဘဲ ကိုးဗျ....(မှန်ပါ့) မမြိတော့ ဘယ့်နှယ်တုံး၊ လှုပ်သေးသလား.... (မလှုပ်ပါဘုရား) မလှုပ်ပါဘူး၊ ကမ္မဿကာနဲ့ ထိုင်မျှားနေလိုက် သေးတယ်....(မှန်ပါ့) တဏှာမပါတော့ လှုပ်သေးရဲလား.... (မလှုပ်ပါဘုရား)။

တဏှာပါတော့ ဟိုသားတွေ့ သမီးတွေ့ ကျော်ငြားထား တယ်ဆိုယင်ကိုယ်ကျိုးဖြင့်နည်းပေါ့၊အော်ပြီ....ဒီကျယင်တော့.... (မှန်ပါ့) ဒီကျယင်တော့ မအော်သေးဘူးလား .... (အော်ပါ တယ်ဘုရား)။

အဲ....မို့နေယင်တော့....(လူပ်ပါတယ်ဘုရား) မမို့ယင်တော့.... (မလှုပ်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ လူပ်မလူပ်ဟာ ဘယ်ဟာ အကဲခတ်ရမတုံး.... (မို့တာ မမို့တာ အကဲခတ်ပါမယ်) မို့ မမို့မှာ အကဲခတ်ရပါမယ်ဆိုတော့လဲ၊ ခင်ဗျားတို့ကလဲအကဲခတ်လိုက်တဲ့ ဖြစ်ခြင်းက အမို့မရှိ ဘုရားတောင် မပုံ့တာဘဲ ဘယ်သူက သင်ထားတယ် မပြောတတ်ပါဘူး....(မှန်ပါ့ဘုရား)။

တကာကြွယ်တို့ သင်ထားတာကလေး.... (မှန်ပါ့ဘုရား) ကျွန်းကိုင်းမို့၊ ကိုင်းကျွန်းမို့ပေါ့ကွ၊ ယောကျ်ားနဲ့ မိန်းမမျှား ပြောနေလိုက်တာ....(မှန်ပါ့ဘုရား) ငိုချင်လို့ ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

အံမာလေး....ကြောက်စရာကြီးပါလား တကာတကာမတို့၊ ဘယ်ကမျှား စကားတွေသင်ထားသလဲ တဏှာကသင်ထားတာ ကိုးဗျ....(မှန်ပါ့ဘုရား)။

တကာသစ် ဘယ်သူကသင်ထားသလဲ.... (တဏှာကသင်ထား ပါတယ်ဘုရား) အဲဒီတော့ တဏှာက သင်ထားတဲ့ အတိုင်းသာ လုပ်နေလို့ ရှိယင် ငိုပဲ့ချည့်ဆင်မယ်စိတ်ကူးပါ....(မှန်ပါ့)။

တဏှာက သင်ထားတဲ့အတိုင်းသာ လုပ်နေယင်.... (ငိုပဲ့ချည့် ဆင်ရပါမယ်) ငိုပဲ့ချည့်ဆင်ရမယ်၊ တဏှာက သင်ထားတာက မို့သာမို့ကဆိုတော့ သူကလဲ အနိစ္စတွေချည့် အမို့ခိုင်းတယ် .... (မှန်ပါ့ဘုရား)။

ဘာတွေအမို့ခိုင်းသတုံး....(အနိစ္စတွေချည့် အမို့ခိုင်းပါတယ်) အနိစ္စမို့ခိုင်း, ဒုက္ခမို့ခိုင်း, အနတ္တမို့ခိုင်း, ဒုက္ခသစ္စာမို့ခိုင်းနဲ့ပျက်စီး မှာချည့် အမို့ခိုင်းနေတာဘဲ....(မှန်ပါ့ဘုရား)။

အဲဒီပျက်စီးမှာချည့် အမှိုခိုင်းလို့ရှိယင်ဖြင့် ပျက်စီးမှာတွေ့ကလဲ များလေလေ အရိုးနဲ့အရေကျန်လေလေ.... (မှန်ပါ့ဘုရား) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဿ်တဿ စလိတံတော့ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဒါဖြင့် ရှင်ဆန္ဒက တကာတကာမတို့မှိလို့လုပ်တာလား- မမှိဘဲနဲ့ဒါးနဲ့လည်ပင်လှီးသေမယ်လို့ပြောတာလား....(မှိလို့ပြောတာပါ) သူ့ခန္ဓာကို သူမှိနေသေးတယ်ဗျ....(မှန်ပါ့) ဒီခန္ဓာကြီးကို စိတ်ပျက်ပြီးသကာလ အကောင်းမှမဟုတ်ဘဲ သေပစ်တာ အေးတယ်ကွ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အကောင်းမှမဟုတ်ဘဲ(သေပစ်တာအေးပါတယ်)အကောင်းဖြင့် သူခင်ဦးမှာ(မှန်ပါ့)သေပစ်တာအေးတယ်ဆိုတော့ ဒေါသပါနေတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် လောဘကြောင့်ဖြစ်တဲ့ ဒေါသနဲ့ သူမှိနေတယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) လောဘနဲ့ခဲမရလို့ ဒေါသနဲ့သွားမှိနေတယ်....(မှန်ပါ့) မမှိဘူးလား .... (မှိပါတယ်ဘုရား)။

အဲဒီကဲ့သို့ မှိနေတဲ့အတွက် နိဿ်တဿ စလိတံလို့ရှင်စုန္ဒက အနားကနေရှုတ်တာဟာ ဦးဘအုန်း မှားသေးသလား....(မမှားပါဘုရား) ကဲ .... ဒါဖြင့် အထင်ကြီးနေတယ်ဆိုတာ တကာတကာမတွေ့ သေချာပလား....(သေချာပါပြီဘုရား)။

အနိဿ်တဿ စလိတံ နတ္ထိ။ အနိဿ်တဿ = ဘယဲသူမှမှိ

မနေသောပုဂ္ဂိုလ်အား၊ စလိတံ=လှုပ်ခြင်းသည်၊နတ္ထိ=မရှိဘူးတဲ့၊ ကိုယ့်ခန္ဓာတောင်မှ ပရတောလုပ်လိုက်- သူစိမ်းပြင်ပဘဲ၊ မရဏတောလုပ်လိုက် နဂိုရိုက မင်းအသေဘဲ....(မှန်ပါ့ဘုရား)။

နဂိုရိုက မင်းအသေလို့ အခုသေနေတာဘဲလို့ မြင်နေတဲ့ ပုဂ္ဂိုလ်ကျတော့ တကာတကာမတို့ တစိမ်းပြင်ပလို ကြည့်ထားလိုက်တော့ လှုပ်သေးရဲလား....(မလှုပ်ပါဘုရား)။

အဲ....တစိမ်းပြင်ပလို ကြည့်လိုက်တဲ့အခါ ဒုက္ခသစ္စာမှ့ဲ ဒုက္ခသဘော ပြောတဲ့အခါ လှုပ်သေးရဲလား .... (မလှုပ်ပါဘုရား) အဲ....တဏှာ,ဒိဋ္ဌိနဲ့ မမှီတော့.... (မလှုပ်ပါဘုရား) တဏှာ, ဒိဋ္ဌိကင်းတဲ့ဉာဏ်နဲ့သာ ကြည့်လိုက်တော့ လှုပ်သေးရဲလား....(မလှုပ်ပါဘုရား)။

ဒါကြောင့် ခန္ဓာကြီးကဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ တကာတကာမတွေသန္ဓာန်မှာများ ပျက်စီးနေတာတွေ့ ကြည့် လိုက် တော့ တကာကြွယ် လှုပ်သေးသလား....(မလှုပ်ပါဘုရား) တဏှာမပါဘဲကိုးဗျ....(မှန်ပါ့) ရှလို့ကောင်းလိုက်တာဆိုတာ ဉာဏ်နဲ့ချည့် ရှုနေတော့ ခန္ဓာတော့ သေနေတာအမှန်ဘဲ....(မှန်ပါ့)။

ခန္ဓာကတော့ ဘာတုံး.... (သေနေတာ အမှန်ပါဘုရား) သို့သော် ခင်ဗျားတို့က ခုနင်က တဏှာ,ဒိဋ္ဌိလို့မျက်ရည်ကြီးငယ် ထွက်သေးသလား.. (မထွက်ပါ) ဉာဏ်ကလေးနဲ့ ရှုလို့ကောင်းတယ်တောင် ဖြစ်သေးတယ်....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဖြစ်ပါလိမ့်.... (ဉာဏ်ကလေးနဲ့ ရှုလို့ကောင်းတယ်တောင် ဖြစ်ပါတယ်) ရှုလို့ကောင်းလို့ ကောင်းတယ်တောင် ဖြစ်ပြီးသကာလ နေတဲ့အတွက် သြော်....တဏှာမပါတဲ့ အချိန်ကျတော့ ရှုကောင်းတယ်....(မှန်ပါ့)။

တဏှာနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ခေါင်းကလေးပူတာ သွားစမ်း၊ နင်ဘာဖြစ်သတုံးဆို ထိတ်ကနဲသွားတယ်....(မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒီလို ဖြစ်ပြီးသကာလ နေတဲ့အခါကျတော့ မှိဘတ်တာနဲ့ မမှိတတ်တာသည် လှုပ်မှု၊ မလှုပ်မှုကွာတယ်.... (မှန်ပါ့) မှိတာနဲ့ မမှိတာ ဘာကွာပါလိမ့်.... (လှုပ်မှု မလှုပ်မှုကွာပါတယ်ဘုရား)။

ရှုလို့ကောင်းတယ်တောင် ဖြစ်ပြီးသကာလ နေတဲ့အတွက် သြော် .... တဏှာမပါတဲ့ အချိန်ကျတော့ ရှုကောင်းတယ် .... (မှန်ပါ့) တဏှာနဲ့ကြည့်လိုက်တဲ့အခါကျတော့ ခေါင်းကလေးပူတာ သွားစမ်း နင်ဘာဖြစ်သတုံးဆို ထိတ်ကနဲသွားတယ် .... (မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒီလို ဖြစ်ပြီးသကာလ နေတဲ့အခါကျတော့ မှိတတ်တာနဲ့ မမှိတတ်တာသည် လှုပ်မှု၊ မလှုပ်မှုကွာတယ်.... (မှန်ပါ့) မှိတာနဲ့ မမှိတာ ဘာကွာပါလိမ့်.... (လှုပ်မှုမလှုပ်မှုကွာပါတယ်ဘုရား)။

ဒါဖြင့် ရှင်ဆန္ဒလှုပ်သလား- မလှုပ်ဘူးလား....တရားတပဲ့လုံး အကဲခတ်စမ်း....(လှုပ်ပါတယ်ဘုရား) ဒါဖြင့် သူ့ခန္ဓာသူမှိပြီ.... (မှန်ပါ့) သူ့ခန္ဓာမှာ တဏှာ, ဥပါဒါန်နဲ့ မမှိသေးဘူးလား.... (မှိပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ မှိနေတယ်ဆိုတာသိလို့ ရှင်စဉ်ဒုက္ခ နိဿဝတသ စလိတံ- နှလုံးသွင်းပါဘုရား....(မှန်ပါ့) မဟောထိုက်ဘူးလား....(ဟောထိုက်ပါတယ်ဘုရား)။

အနိဿဝတသ စလိတံ နတ္ထိ-မမှိလို့ရှိယင် ဘယ်လိုမှ လှုပ်မှုမှာ မဟုတ်ဘူး....(မှန်ပါ့) သူ့ခန္ဓာကို သူရှုပြီးနေမှာဘဲ....(မှန်ပါ့)

ဓါးနဲ့ လှီးသတ်မလေး ဘာလေး ဆိုတာ လာပါ့မလား.... (မလာပါဘုရား) အဲ .... ဖေါ်ၫွှသာမပြောတာ အဓိပ္ပါယ် ကတော့ ဒီရောက်နေတယ်....(မှန်ပါ့) သဘောပါကြပလား.... (ပါ.ပါပြီဘုရား)။

"စလိတေ အသတိ ပဿဒ္ဓိ" စလိတေ = လှုပ်ခြင်းသည်၊ အသတိ = မရှိခဲ့သည်ရှိသော်၊ ပဿဒ္ဓိ = ကိုယ်လေငြိမ်းပါတယ်, စိတ်လေငြိမ်းပါတယ်၊ ကိလေသာလေငြိမ်းသောကြောင့် လှုပ်ခြင်း မရှိပါဘူး....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့ ဖြစ်ပျက်ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ဘဲ အာရုံပြုနေသေးတော့ ကိုယ်လေငြိမ်းတယ်၊ စိတ်ကော....(ငြိမ်းပါတယ်ဘုရား) ကိလေသာကော....(ငြိမ်းပါတယ်ဘုရား)ငြိမ်းနေတာဘဲ ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ တဏှာ, မာန, ဒိဋ္ဌိ ချုပ်နေတဲ့အခါကျလို့ ရှိယင် ကိုယ်လေငြိမ်း.....(မှန်ပါ့) စိတ်ကော....(ငြိမ်းပါတယ်) ကိလေသာကော....(ငြိမ်းပါတယ်) ကိလေသာလေငြိမ်းတယ်၊ သူနဲ့တန် သလောက်ပေါ့ဗျာ....(မှန်ပါ့)။

အဲ....တန်သလောက် ငြိမ်းနေလို့ ရှိယင်ဖြင့် သြော်....ဒါဟာ တဏှာ, ဒိဋ္ဌိ မမှိဘဲနဲ့ ဉာဏ်နဲ့အာရုံပြုနေတဲ့အတွက် ဉာဏ်နဲ့ ဒုက္ခ ချုပ်တဲ့ နိဗ္ဗာန်ဆီကို အာရုံပြုနေလို့ ရှိယင် ကိုယ်ငြိမ်း, စိတ်ငြိမ်း, ကိလေသာငြိမ်း ဖြစ်ပါလိမ့်မယ်ဆိုတဲ့ဥစ္စာ သေသေချာချာဟောတယ်.....(မှန်ပါ့)။

ဒါဖြင့် ဒီကို မရောက်- ရောက်အောင် လုပ်ရမှာပေါ့.... (မှန်ပါ့) တဏှာ,ဒိဋ္ဌိ မမှိအောင် ဖြစ်ပျက်ဆုံးသည်အထိ လိုက်ကြည့် တကာကြွယ်ရေ....(မှန်ပါ့)။

တကာသစ်- ဘယ်ကျအောင်လိုက်ရမှာတုံး.... (ဖြစ်ပျက် ဆုံးသည်တိုင်အောင် လိုက်ရမှာပါ) ဖြစ်ပျက် ဆုံးသည်တိုင်အောင် လိုက်လို့ရှိယင် ကိုယ်ရော....(ငြိမ်းပါတယ်) စိတ်ကလေးရော.... (ငြိမ်းပါတယ်) ကိလေသာ ထိုက်တန်သလောက်ရော....(ငြိမ်း ပါတယ်) အဲ....သူ့မင်္ဂလာသူပေါ့ဗျာ....(မှန်ပါ့)။

အဲ .... ကိလေသာ ထိုက်တန်သလောက်၊ လောကီမင်္ဂလာဖြင့် လောကီမင်္ဂလာနဲ့ ထိုက်တန်သလောက် ငြိမ်းမှာဘဲ....(မှန်ပါ့) လော ကုတ္တရာမင်္ဂလာဖြင့် လောကုတ္တရာမင်္ဂလာလောက် ငြိမ်းမယ်ဆိုတာ မသေ ချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီ အငြိမ်းသုံးခုကို ခင်ဗျားတို့ ဖြစ်ပျက်ဆုံးယင် ဒီအငြိမ်း သုံးခု ရမှာဘဲ... (မှန်ပါ့) မရပါနဲ့ဆိုလို့ ရပါ့မလား....(မရပါ ဘုရား) လှုပ်တာတွေ ရှိသေးရဲ့လား....(မရှိပါဘုရား) အဲ....လှုပ် နေယင် မဟုတ်သေးဘူး၊ အငြိမ်းသုံးခုရမှ ဟုတ်တယ်ဆိုတာ သေသေချာချာမှတ်ရမယ်....(မှန်ပါ့)။

တရားက မဆုံးသေးဘူး၊ ယနေ့ ဒီတွဲ်တော်ကြဦးစို့။

သာဓု....သဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော
"ဗာလပဏ္ဍိတ သုတ်တော်"
နဲ့အလုပ်ပေးတရားတော်

(၂၅-၂-၆၀)

အားလုံး တကာ တကာမတွေ လူမိုက်နဲ့ လူလိမ်မာ ဘာထူး သလဲဆိုတဲ့ ဗာလပဏ္ဍိတသုတ်ကို သေသေချာချာ တကာတကာ မတွေ နားလည်ဘို့ဟောမယ်လို့ မှတ်ထားရမယ်.... (မှန်ပါ!) ဗာလဆိုတာက လူမိုက်၊ ပဏ္ဍိတဆိုတာက ပညာရှိ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီဘင်းသုံးနေတဲ့အခါမှာ ရဟန်းတွေကို မင်းတို့ လူမိုက်နဲ့ လူလိမ်မာများ ခွဲခြားတတ်ကြရဲ့လား၊ကွာ... လို့ မေး လိုက်တယ်၊ မေးလိုက်တော့ ရဟန်းတွေက လျှောက်ပါတယ်၊ အရှင်ဘုရား... တို့၊ လူမိုက်နဲ့ လူလိမ်မာခွဲဘို့အရေးဟာက ကဲ့သို့ မြတ်စွာဘုရား မရှိကဘည်းက ဘယ်တရားက မိုက်လို့ ဘယ် တရားက လိမ်မာတယ်ဆိုတာ ကွယ်ပျောက်ပြီး သကာလ လာခဲ့

ပါတယ်၊ အရှင်ဘုရားလက်ထက်ကျမှ လူမိုက်နဲ့ လူလိမ်မာ သိပါ သလားလို့ မေးတော့ တပည့်တော်တို့ အရှင်ဘုရားမေးလို့ဘဲ ကြားရပါတယ်၊ စင်စစ်တော့ ဘယ်ဟာ လူမိုက်၊ ဘယ်ဟာ လူလိမ်မာရယ်လို့ မသိပါဘူးဘုရား၊ အရှင်ဘုရားဘဲ ကိုးကွယ်ရာ ရှိပါတယ်၊ အရှင်ဘုရားဘဲ ဆောင်ပြီးသကာလ ဟောတော်မူပါ လို့ လျှောက်တယ်....(မှန်ပါ့)။

ဘုရားက ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ထူးခြားပုံကိုဟောမယ် ဆိုပြီးသကာလ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဟောတော် မူတယ်....(မှန်ပါ့)။

တဲ့ကာတကာမတွေ တနေ့ကလဲ နာခဲ့ကြရတယ် ဒီဥစ္စာကို၊ ဒါ့ကြောင့် ရှေ့ပိုင်းမှာ ခပ်ကျဉ်းကျဉ်း, နောက်ပိုင်းမှာ အလုပ် တရားကို ဟောလိမ့်မယ်လို့ မှတ်ထားပါ....(မှန်ပါ့)။

လူမိုက်ကလဲ အဝိဇ္ဇာ သင်္ခါရကြောင့် တကာ တကာမတို့ ဝိညာဏ်, နာမ်ရုပ်ဖြစ်ပါတယ် .... (မှန်ပါ့) ဝိညာဏ်ဆိုတာ ပဋိသန္ဓေနေခဲ့တာ၊ ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ်, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာမဖြစ်ဘူးလား .... (ဖြစ် ပါတယ်ဘုရား) လူမိုက်မှာ ခန္ဓာငါးပါး ဆိုကြပါစို့....(မှန်ပါ့ ဘုရား)။

လာပုံကတော့ တကာတကာမတို့ အဝိဇ္ဇာ သင်္ခါရကြောင့် အဝိဇ္ဇာတဏှာကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး မပေါ်ဘူးလား .... (ပေါ်ပါတယ် ဘုရား)။

ပေါ်တော့ ဝေဒနာဖြစ်အောင် ပေါ်တော့ ဝေဒနာဟာ လူမိုက်မှာလဲ သုခဝေဒနာ, ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးနဲ့ဘဲ ခန္ဓာမှာ မုပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

လူမိုက်မှာလဲ တကာတကာမတို့ ဝေဒနာသုံးပါး ခံစားတာဘဲ၊ အဝိဇ္ဇာ သင်္ခါရက လာပြီးတော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုး ခံစားတာဘဲ-(မှန်ပါ့ဘုရား)။

လူလိမ်မာမှာလဲ ထိုနည်းအတူဘဲ အဝိဇ္ဇာသင်္ခါရ အဝိဇ္ဇာတဏှာတို့က လာပြီးသကာလ တကာတကာမတို့ သိတဲ့အတိုင်း ခန္ဓာဘဲပေါ်တာဘဲ ထူးသေးသလား....(မထူးပါဘုရား)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာဘဲပေါ်လာတယ်လို့ တကာတကာမတို့ မှတ်ထားလိုက်တာပေါ့.... (မှန်ပါ့ဘုရား)။

သူလဲ ဝေဒနာခံစားတာဘဲ .... (မှန်ပါ့) သူများလို့ဘဲ ကောင်းတာလဲ ခံစားတာဘဲ၊ မကောင်းတဲ့ ဝေဒနာဖြစ်လို့ရှိယင်လဲ ဒေါသဖြစ်တာဘဲ .. (မှန်ပါ့) တခါတလေ ဥပေက္ခာလဲ ထားနိုင်တဲ့အခါ ထားတာဘဲ၊ လူလိမ်မာလဲ ဝေဒနာသုံးပါးနဲ့ နေတာဘဲ၊ ထူးကြသေးရဲ့လား....(မထူးပါဘုရား)။

ဒါဖြင့် အလာမှာလဲတူတယ်၊ ဒီဘဝမှာလဲတကာတကာမတို့ ခန္ဓာငါးပါးပေါ်ပုံ၊ ဝေဒနာခံစားပုံ အတူတူမကျဘူးလား .... (အတူတူပါဘဲဘုရား)။

ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ဘာမျှားထူးသတုံးဆိုတဲ့ အမေးကို ရှင်းသည်ထက်ရှင်းအောင် ပြောရမယ်ဆိုလို့ရှိယင်ဖြင့် လာပုံမှာတော့ အတူတူဘဲ၊ နေပုံမှာ ထူးတယ်....(မှန်ပါ့ဘုရား)။

ဦးဘအုန်းဘာတဲ့တုံး....(နေပုံမှာ ထူးပါတယ်ဘုရား)နေပုံမှာ ထူးတယ်တဲ့ တကာတကာမတို့၊ လာပုံကျတော့ အဝိဇ္ဇာ သင်္ခါရက လာတာဘဲ၊ ခန္ဓာငါးပါးဘဲ မရဘူးလား .... (ရပါတယ်) နေပုံကျတော့ ထူးတယ်၊သဘောကျပလား....'(ကျပါပြီဘုရား)။

ဒါဖြင့် နေပုံထူးယင် သေပုံထူးတယ်.... (မှန်ပါ့) ဒါကို သေသေချာချာ တကာတကာမတွေ့ လေးလေးစားစားနဲ့ မှတ်ပြီးထားကြပါဦ့အရေးကို ရှင်းလိမ့်မယ်ဆိုတာ မှတ်ထားပါ.... (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် နေပုံမှာထူးရမယ်ဥတဲ့၊ လူမိုက်နဲ့ လူလိမ်မာသည် လာပုံမှာတူကြားသော်လဲ နေပုံမှာထူးရမယ်....(မှန်ပါ့) ဒါမှသာလျှင် သေပုံမှာခြားနားမယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းသွားပြီ....(မှန်ပါ့) ဦးဇံရင် သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ လာပုံမှာဘယ်နှယ်နေကြသတုံး (တူပါတယ်) အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာငါးပါးဖြစ်ကြတာဘဲ....(မှန်ပါ့) ဒါဖြင့် တကာတကာမတို့ လူမိုက်မှာလဲ အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာငါးပါးဖြစ်တော့ လာပုံမှာတူတယ်လို့ မှတ်လိုက်တာပေါ့....(မှန်ပါ့ဘုရား)။

နေပုံမှာဘယ်လိုထူးသလဲဆိုလို့ရှိယင် လူမိုက်မှာတော့ဝေဒနာနောက်က တဏှာ, ဥပါဒါန်, ကံ,လိုက်ပါတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လူမိုက်မှာ ဘာလိုက်ပါလိမ့်....(တဏှာ, ဥပါဒါန်,ကံ, လိုက်ပါတယ်) ဝေဒနာနောက်က လိုက်တယ်....(မှန်ပါ့) ဝေဒနာနောက်က တဏှာ, ဥပါဒါန်, ကံ, လိုက်တော့ ဇာတိ, ဇရာ, မရဏဆိုတဲ့ အနာဂတ်ဘဝ လာရမှာလား- မလာရဘူးလား.... (လာရမှာပါဘုရား) လူမိုက်က ဒီလိုပါကလားဆိုတဲ့ အဓိပ္ပါယ် ရတယ်နော်....(မှန်ပါ့ဘုရား)။

လူလိမ်မာကတော့ တကာတကာမတို့ တဏှာ,ဥပါဒါန်, ကံ မလာဘူး.... (မှန်ပါ့) တဏှာ, ဥပါဒါန်, ကံ,နေရာ ဘာလာသတုံးလို့ မေးတဲ့အခါကျတော့ လူလိမ်မာမှာတော့ တကာတကာမတွေ့ တဏှာချုပ်တဲ့ ဥပါဒါန်ချုပ်တဲ့ ကံချုပ်တဲ့မဂ္ဂင်လာပေါ်တယ်....(မှန်ပါ့ဘုရား)။

လူလိမ်မာက ဘာလာပါလိမ့်....(မဂ္ဂင်လာပါတယ်) ဒါဖြင့် ဒီကစ၍ ဒီဆုံးတယ်၊တကာတကာမတွေ့ သိတဲ့အတိုင်း ဒါပစ္စုပ္ပန်ဘဝပေါ့ဗျာ....(မှန်ပါ့) အဝိဇ္ဇာ သင်္ခါရက အတိတ်ဘဝနော် လူမိုက်မှာကော ထူးကြရဲလား....(မထူးပါဘုရား)။

လူလိမ်မာမှာကော....(မထူးပါဘုရား) ပစ္စုပ္ပန်ဘဝမှာတော့ ထူးကြတယ်....(မှန်ပါ့) ပစ္စုပ္ပန်ဘဝမှာ လိုမ်ိုက်မှာတော့ ဝေဒနာနောက်က တဏှာ, ဥပါဒါန်,ကံ,လိုက်တယ် .... (မှန်ပါ့) လူလိမ်မာမှာတော့ ဘာ လိုက်သတုံး ဆိုတော့ တဏှာချုပ်- ဥပါဒါန်ချုပ်- ကံချုပ်အောင် လုပ်နိုင်တဲ့ မဂ္ဂင်လိုက်သည် .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘာလိုက်ပါလိမ့်....(မဂ္ဂင်လိုက်ပါတယ်)ဟောဒီအဖြူကလေး ဆိုတဲ့ မဂ္ဂင်လိုက်တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဩဩ်....ဒါဖြင့်ပစ္စုပ္ပန်ဘဝအနေမှာတော့ တယ်ထူးပါကလား (ထူးပါတယ်ဘုရား) မဆိုထိုက်ဘူးလား .... (ဆိုထိုက်ပါတယ် ဘုရား)။

ပစ္စုပ္ပန်ဘဝ အနေထူးတဲ့အခါကျတော့ အသေကျတော့လဲ တကာတကာမတို့ လူမိုက်က စုံ တီ ပြီး တော့ ဇာရ,မရဏဆိုတဲ့ အို,နာ,သေတဲ့ မလာရပေဘူးလား .... (လာရပါတယ်ဘုရား) လူလိမ်မာကတော့ တကာတကာမတို့ တဏှာ, ဥပါဒါန်, ကံ မလာတဲ့အတွက် စုံတီပြီးတော့ ပဋိသန္ဓေ မလာတော့ဘူး .... (မှန်ပါ့) လာသေးရဲ့လား....(မလာပါဘုရား)။

ဩဩ်.... ဒါဖြင့် တကာ တကာမတို့ စဉ်းစားကြပါစို့....၊ အလာမှာ တူကြားသော်လဲ အနေမတူတဲ့အတွက် အသေကျ တော့လဲ....(ထူးပါတယ်ဘုရား) ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

အလာမှာတော့....(တူပါတယ်ဘုရား) အနေမှာကော.... (ထူးပါတယ်) အသေကျကော့....(ထူးပါတယ်ဘုရား)။

အသေကျတော့ တော်တော့ကို ခြားနားတယ်.... (မှန်ပါ့) လူမိုက်က စုံတီပြီးတော့ ပဋိသန္ဓေဒုက္ခ၊ အိုမှု, နာမှု, သေမှုဒုက္ခ၊ နောက်-အနာဂတ်ဘဝ ဒုက္ခမျိုးစုံ အကုန်လုံး မလာဘူးလား.... (လာပါတယ်ဘုရား)။

လူလိမ်မာကတော့ ဒီဘဝမှာ အနေမှာ ထူးလိုက်တဲ့အတွက် သေပြီးသည်၏အခြားမဲ့၌ ဇာတိ, ဇရာ, မရဏဆိုတဲ့ အနာဂတ် ဒုက္ခတွေ လာကြသေးရဲ့လား....(မလာပါဘုရား) ဘာကြောင့်

မလာပါလိမ့်မလဲလို့ တကာတကာမတွေက အမေးထုတ်ဘို့ လို သည်၊ အနေထူးလို့....(မှန်ပါ့) ဘယ်လိုဆိုကြမလဲ .... (အနေထူးလို့ပါဘုရား)။

သြော်....ဒါဖြင့် တကာ တကာမတွေကို ဘုန်းကြီး ခေါင်းဆောင်ပြီးသကာလ ကယ်တင်နေတဲ့ တရားပဲလဲ ဖြစ်နေတော့ တကာတကာမတို့ ဘုန်းကြီးတရားဟောတာ ဘာပါလိမ့်မတုံး-ဆိုလို့ရှိယင် လူမိုက်နဲ့ လူလိမ်မာတရားကိုဟောတော့ ခင်ဗျားတို့ နောက်ဘဝက လာကြတာ မထူးငြားသော်လဲ ဒီဘဝမှာ အနေထူးအောင် လုပ်လိုက်ကြစမ်းပါ၊ ဒါကို တရားဟောတာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

လာပုံတူငြားသော်လဲ အနေမှာ....(ထူးရပါမ်ယ်ဘုရား) ဒါမှ အသေမှာ ခြားနားမယ်....(မှန်လှပါ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အသေမှာ ခြားနားမယ်ဆိုတာ တကာတကာမတို့ လူမိုက်က သေပြီးတော့ နောက်-ဒုက္ခတွေ့ အကုန်ပြန်ရတယ်....(မှန်ပါ့) လူလိမ်မာက သေပြီးသည်၏အခြားမဲ့၌ နောက်ဒုက္ခ အကုန် ချုပ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ-ဘယ့်နှယ်ကြောင့် ဒီဟာ ထူးထူးခြားခြားကြီး ဖြစ်ရပါလိမ့်မလဲလို့ တကာတကာမတွေက အမေးထုတ်လို့ရှိယင် အဖြေတလုံးတည်းနဲ့ပြီးတယ်၊ ဘယ်လိုမျှားပြီးတာပါလိမ့် .... (အနေထူးလို့ပါဘုရား)။

ဒါဖြင့် ဦးဘအုန်း-ဘာလုပ်ဘို့အရေးကြီးတယ်ဆိုတာ ပေါ်

လာပြီ၊ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား) ဘယ်လိုများ ပေါ်လာပါလိမ့် .... (အနေထူးဘို့ အရေးကြီးပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဘာထူးဘို့အရေးကြီးပါလိမ့် (အနေထူးဘို့ အရေးကြီးပါတယ်ဘုရား) သူများရောင်းသလို ရောင်း၊ သူများဝယ်သလိုဝယ်၊ သူများ စားသလိုစား၊ သူများ ဝတ်သလိုဝတ်၊ သူများနေသလို နေမယ်ဆိုယင် ဒါဟာ အနေတူကြမယ်....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီလိုမလုပ်ဘဲနဲ့ အနေထူးဆိုတဲ့ ဥစ္စာ ဘုရားက ရှင်းပြတယ်၊ အနေထူးဆိုဘဲ့ဥစ္စာ ဒီလိုပါ....တဲ့၊ ဖြဟ္မစရိယအကျင့်ကို ကျင့်တာနဲ့ မကျင့်တာ ထူးတာဘဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနေထူးဆိုတာ ဘာပါလိမ့်....(မဂ္ဂ ဖြဟ္မစရိယာ အကျင့်ကို ကျင့်တာနဲ့ မကျင့်တာ ထူးပါတယ်) ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာအလုပ်-လုပ်၊ မလုပ် ထူးတယ်....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘာထူးပါလိမ့် .... (ဝိပဿနာအလုပ်ကိုလုပ်၊ မလုပ် ထူးပါတယ်ဘုရား)။

ဒါဖြင့် အားလုံး တရားနာကြတဲ့ တကာ တကာမတွေဟာ သြော်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူဟောပေလို့ လူမိုက်နဲ့ လူလိမ်မာအထူးကိုလဲ ဒို့-သိရပေတယ်၊ အဲဒီတော့ ဒို့သည်ကား....လို့ ဆိုယင် ဒုက္ခမျိုးစုံ အကုန်ကို ကြောက်ပါမှကား.... လူလိမ်မာလမ်းကို လိုက်မှသာလျှင် အသေမှာ ခြားနားတော့မယ်....(မှန်ပါ့)။

လူမိုက်လမ်းလိုက်နေလို့ရှိယင် အသေမှာ ခြားနားစရာ မရှိတော့ဘူး.... (မရှိပါဘုရား) ဒီဒုက္ခပြီး ဟိုဒုက္ခလာမှာဘဲ.... (မှန်ပါ့) ဆိုထိုက်ကြပလား....(ဆိုထိုက်ပါပြီဘုရား) ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အနေထူးအောင် နေရုလိမ့်မယ်....(မှန်ပါ့)။

အားလုံး တကာတကာမတွေ ဘယ်လိုစိတ်ထား ရှိကြရမလဲ-(အနေထူးအောင် နေရပါမယ်ဘုရား) အနေထူးဆိုတဲ့အဓိပ္ပါယ် ဘာပါလိမ့်....(မဂ္ဂဗြဟ္မစရိယာအကျင့်ကို ကျင့်ရပါမယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မဂ္ဂဗြဟ္မစရိယာအကျင့် ဆိုတော့ ဦးဝတို့ ဦးဘအုန်းတို့က မသိဘဲနေမှာစိုးရတော့ ဝိပဿနာအလုပ်ဘဲလို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့) ဝိပဿနာမင်္ဂလာကို မဂ္ဂဗြဟ္မစရိယာအကျင့်ခေါ် တာဘဲ....(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာတကာမတွေ သူများ ရောင်းသလို ရောင်းမယ်၊ ဝယ်သလိုဝယ်မယ်၊ သူများဝတ်သလို ဝတ်တယ်၊ သူများကားဝယ်နိုင်သလို ဝယ်နိုင်တယ်၊ သူများတိုက်တည်သလို တည်နိုင်တယ်ဆိုတာ ဒါကိုဆိုတာမဟုတ်ပါဘူး....(မှန်ပါ့)။

ပခုံးနှစ်ခုကြားက ခေါင်းပေါက်တာချင်း တူတာ ဆိုဘာမဟုတ်ပါဘူး....(မှန်ပါ့) ခင်ဗျားတို့ပြောနေတာက သူလဲ ပခုံးနဲ့ လက်ရုံးနဲ့ဘဲ၊ ငါ့မှာလဲ ပခုံးနဲ့ လက်ရုံးနဲ့ဘဲ၊ ဘာပူစရာရှိသတုံးကွ....သူများလုပ်စားသလို စားမှာပေါ့....အစရှိသည်နဲ့ ဆိုတော့ ဒါတွေကဖြင့် ထူးခြားတဲ့သဘော ပါသေးရဲ့လား.... (မပါ-ပါဘုရား) သူများနဲ့ တန်းတူလိုက်တဲ့သဘော သေသေချာချာ ရောက်တယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ့ လူမိုက်နဲ့ လူလိမ်မာဟာ ထူးရမယ်လို့ ဘုရားက ဟောထားပါလျက်သားနဲ့ ခင်ဗျားတို့က ပခုံးနှစ်ခုကြားက ခေါင်းပေါက်ကြတာဘဲ၊ သူမျှားရှာယင် ငါလဲ ရှာမှာပေါ့....အစရှိသည်နဲ့ တကာ တကာမတွေ့၏ ပြောမှု ဆိုမှု စိတ်ထား‌တွေ့ တူမျှမှုတွေ့ဟာဖြင့် မိုက်လမ်းချည့် လိုက်နေတယ်ဆိုယင် မထူးပါဘူး....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကာတကာမတို့ အလာတူငြားသော်လဲ အနေမတူလို့ရှိယင် အသေမှာ ခြားနားပါတယ်ဆိုတဲ့ဥစ္စာ အလွန်အဘိုးတန်တဲ့စကား....(မှန်ပါ့)။

အလာတော့ ဘယ်နှယ်တုံး....(တူပါတယ်) သူလဲ အဝိဇ္ဇာတဏှာကြောင့် ဖြစ်တာဘဲ....(မှန်ပါ့) အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာငါးပါး ဖြစ်ပါသတဲ့ တကာတကာမတို့....(မှန်ပါ့)။

ခန္ဓာငါးပါး ရတဲ့ပုဂ္ဂိုလ်ချည့်ပါဘဲ၊ ခန္ဓာငါးပါးရတဲ့ဘဝ ဘုန်းကြီးတို့ တကာတကာမတွေ့ စဉ်းစားတာပေါ့၊ ခန္ဓာငါးပါး နောက်ကနေပြီးသကာလ တဏှာ,ဥပါဒါန်,ကံ,လိုက်လို့ရှိယင် ဖြင့် အနာဂတ် ဇာတိ,ဇရာ,မရဏ, မလာပါနဲ့ဆိုလို့ ဘယ်နှယ်တုံး....(မရပါဘုရား) မရပါဘူး၊ လာရမယ် ဒီဥစ္စာက၊ နိယာမတရားကိုးဗျ....(မှန်ပါ့) နိယာမတရားဆိုတာ ပြောင်းလို့ လဲလို့ ရကြပါရဲ့လား....(မရပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့မှာ ယခု အခြေအနေမှာဖြင့် ပြောင်းချိန်ကတော့ဖြင့် ရှိသေးတယ်လို့ ဆိုထိုက်ပါတယ်....(မှန်ပါ့) ဘယ်လိုအဓိပ္ပါယ်ရသတုံး-(ပြောင်းချိန် ရှိပါသေးတယ်ဘုရား) ပြောင်းချိန်လဲ မှီပါသေးတယ်....(မှန်ပါ့)။

ပြောင်းချိန်လဲ မှိပါသေးတယ်ဆိုတာကလဲ ဦးဘအုန်း- လူတိုင်း မဖြစ်နိုင်ဘူး....(မှန်ပါ့) ဒီတရားများကို နာဘူး, ကြားဘူးတဲ့ ပုဂ္ဂိုလ်မှသာလျှင် သြော်....ငါသည်ကားလို့ ဆိုယင် မဂ္ဂဖြဟ္မစရိယာအကျင့်နဲ့ ပြောင်းရမှာပါကလား....(မှန်ပါ့)။

ဘာနဲ့ပြောင်းရမှာတုံး....(မဂ္ဂဖြဟ္မစရိယာအကျင့်နဲ့ပြောင်းရမှာပါ) မဂ္ဂဖြဟ္မစရိယာအကျင့်နဲ့ ပြောင်းရလိမ့်မယ် တကာတကာမတို့၊ ပြောင်းဆိုပေမဲ့လဲ တခြားနည်းနဲ့ ပြောင်းလို့ရှိယင် ဒါ-နည်းမမှန်သေးဘူး....(မှန်ပါ့) တကယ့် အရေးကြီးတာကဘာနဲ့ပြောင်းရမလဲ....(မဂ္ဂဖြဟ္မစရိယာအကျင့်နဲ့ပြောင်းရပါမယ်ဘုရား)။

အဲဒီတော့ မဂ္ဂဖြဟ္မစရိယာအကျင့်နဲ့ဆိုတာ ဘုန်းကြီးကတကာတကာမတွေကို ဆုံးမပြီးသကာလ ထားတယ်၊ ဒီလို့ရှုပါ၊ ဒီလိုဖြစ်ပျက်မြင်အောင်လုပ်စမ်းပါ၊ အဲဒီမြင်တဲ့ ဉာဏ်ကလေးတွေဟာ မဂ္ဂဖြဟ္မစရိယာဘဲ....(မှန်ပါ့)။

မြင်တဲ့ဉာဏ်ကလေးတွေဟာ ဘာပါလိမ့်....(မဂ္ဂဖြဟ္မစရိယာပါဘုရား) မဂ္ဂက နိဗ္ဗာန်ရောက်တဲ့မဂ်၊ ဖြဟ္မစရိယက မြတ်သောအကျင့်၊ နိဗ္ဗာန်ရောက်တဲ့အကျင့်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာနဲ့ပြည့်စုံရမယ်....(မဂ္ဂဖြဟ္မစရိယအကျင့် နဲ့ပြည့်စုံရပါမယ်ဘုရား) မဂ္ဂဖြဟ္မစရိယအကျင့်နဲ့ ဦးဘအုန်းတို့ ဦးဝတို့ ပြည့်စုံမှုရမယ်....(မှန်ပါ့)။

ကောင်းပြီ....ဒါကလဲ တကာတကာမတို့ ဆရာမပါလို့ရှိယင်

ဖြင့် ဘယ်နည်းနဲ့မှ မကြည့်တတ်ဘူး....(မှန်ပါ့) မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ ဘယ်ဟာကို မှုတည်ပြီးသကာလ ကျင့်ရမှာတုံး ဘုရား... လို့ ဦးဘအုန်းတို့ မေးဘို့လိုလာတယ်....(မှန်ပါ့)။

ဒီပဋိစ္စသမုပ္ပါဒ်ကြီး တကာတကာမတွေ ကြည့်စမ်းပါလား ဒီဘက်က အဝိဇ္ဇာ, တဏှာ, ဒီဟာကတော့ ဘာမှ မဆိုင်တော့ ပါဘူး၊ လူမိုက်လဲ မဆိုင်ပါဘူး၊ လူလိမ်မာလဲ မဆိုင်ပါဘူး.... (မှန်ပါ့) မဆိုင်ပါဘူး တကာတကာမတို့၊ ဒါဖြင့် လက်ရှိဘယ် သူတုံးလို့ မေးတဲ့အခါကျတော့ သူ့နောက်က ခန္ဓာငါးပါး မရှိဘူးလား....(ရှိပါတယ်) ဒီမှာ ခန္ဓာငါးပါးဘဲ၊ အဲဒီ ခန္ဓာငါးပါးကိုတကာတကာမတွေက ဆရာပေးတဲ့ မဂ္ဂဗြဟ္မစရိယကျင့်နည်းကိုကျင့်တယ်(မှန်ပါ့)ဦးဘအုန်း-ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ထိုကဲ့သို့ ကျင့်လိုက်လို့ရှိယင်ဖြင့် တကာဘကာမတို့ အနေမှာ ထူးသွားတယ်....(မှန်ပါ့) မထူးဘူးလား....(ထူးပါတယ်ဘုရား)။

ဥပုသ်ကလေးစောင့်တာနဲ့၊ လမ်းမှာ တံမျက်စီးလဲတာနဲ့၊ ရေအိုးစင်ကလေးတည်တာနဲ့ ဒီလောက်တင်မဟုတ်ဘူး-(မှန်ပါ့) မဂ္ဂဗြဟ္မစရိယအကျင့်ကို ခိုင်ခိုင်မြဲမြဲကျင့်ရမယ် .... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ခုနင်ကဟာတွေကို လုပ်တော့ လုပ်ပါ၊ ဥပုသ်စောင့်ခြင်း၊ တံမြက်စီးလဲခြင်း စသည်ကိုလဲလုပ်ပါ၊ မလုပ်ကောင်းတာ မဟုတ်ပါဘူး၊ ဒါတွေဟာလဲ ဆည်းပူးရမည့် ကုသိုလ်တွေဘဲ....တဲ့၊ လုပ်ခကောင်းပါတယ်၊ သို့သော်လဲ အဲဒါတွေက ဒီဋ္ဌမက္ခာဘူး ဝိပဿနာမပါယင်....(မှန်ပါ့)။

ကမ္မဿကတဉာဏ်နဲ့ ငါလုပ်ငါရမယ်ဆိုတော့ တကာတကာမတို့ ကုသလ ကမ္မပထတရား ဆယ်ပါးထဲက သမ္မာဒိဋ္ဌိ ဖြစ်နေတယ်၊ သက္ကာယဒိဋ္ဌိမကွာဘူး....(မှန်ပါ့) မဂ္ဂင်ဖြစ်မှစရိယ အကျင့်ကတော့ ဘုန်းကြီးတို့တကာတကာမတွေ လေးစားစွာနဲ့မှတ်ပါ။ သက္ကာယဒိဋ္ဌိပြုတ်တယ်....(မှန်ပါ့) တကာသစ်တို့ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

မဂ္ဂင်ဖြစ်မှစရိယအကျင့်ကတော့ ဘာတဲ့....(သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား) ပြုတ်တယ် ဆိုတော့ မဂ္ဂင်ဖြစ်မှစရိယ အကျင့်ကြောင့် ထူးတယ်လို့ ဘုရားက ဟောတော်မူတော့ ကျုပ်တို့က ဘာကို လေးစားရမလဲဆိုတာ ယနေ့ ပေါ်လာပြီ.... (မှန်ပါ့) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား) ဘယ်ဟာကို လေးစားရမလဲ .... (မဂ္ဂင်ဖြစ်မှစရိယအကျင့်ကို လေးစားရပါမယ် ဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာငါးပါးကို ကိုယ့်မဂ္ဂင်နဲ့ ဆရာ နည်းပေးထားတဲ့အတိုင်း ရှုလို့ရှိယင် ဘုန်းကြီးတို့ တကာ တကာမတွေသည် အလာမှာ လူမိုက်နဲ့ တူငြားသော်လဲ အနေမှာ မတူတဲ့အတွက် အသေမှာဖြင့် ခြားနားပြီ....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အလာမှာတော့....(တူပါတယ်ဘုရား) အနေမှာ....(ထူးပါတယ်ဘုရား) အနေမှာ ထူးထူးခြားခြား နေလိုက်တဲ့အတွက် တကာတကာမတို့ အသေကျတော့ ခြားနားတဲ့ အဓိပ္ပါယ်ဟာ ဘာမှ ပြောဘို့မလိုဘူး....(မှန်ပါ့) လိုသေးသလား.... (မလိုပါဘုရား)။

ဩဩ်.... ဒါဖြင့် ဒီဟာ သူများဝတ်သလိုလဲ ဝတ်ပါတယ်၊ သူများရှာသလိုလဲ.... (ရှာတတ်ပါတယ်) အဲဒါကို မဆိုလိုပါ ပါဘူး....(မှန်ပါ့)ဒါကို မဆိုလိုပါဘူး တကာတကာမတို့၊ ဒါက လိုရင်းမဟုတ်ပါဘူး၊ သဘောပါကြပလား .... (ပါ-ပါပြီ ဘုရား)။

ခန္ဓာငါးပါးနောက်က တဏှာ, ဥပါဒါန်,ကံ လိုက်ခဲ့သော် လူမိုက်တို့၏ ရိုးရာနေနည်း....(မှန်ပါ့) ခန္ဓာငါးပါးနောက်က မဂ္ဂင်လိုက်ခဲ့သော် တကာတကာမတို့ မဂ္ဂဗြဟ္မစရိယ အကျင့်ပါ လာတယ်....(မှန်ပါ့) ဒါဖြင့် အနေမှာထူးခြားတယ်....(မှန်ပါ့) အနေမှာ မထူးဘူးလား....(ထူးပါတယ်ဘုရား)။

အသေမှာက မဂ္ဂလိုက်လာတယ် ဆိုက တည်းက တဏှာ, ဥပါဒါန်, ကံ, ဘယ်နှယ်နေသတုံး.... (ချုပ်ပါတယ်ဘုရား) တဏှာ, ဥပါဒါန်, ကံက ချုပ် ပြီး သ ကာ လ နေတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ့က တဏှာလဲရှိမှ၊ ဥပါဒါန်လဲ ရှိမှ၊ ကံလဲရှိမှ ဦးဘအုန်း နောက်ခန္ဓာရမှာကိုး....(မှန်ပါ့)။

ဒါဖြင့် တဏှာ, ဥပါဒါန်,ကံ, တကာတကာမတို့ နည်းနည်း ကလေး လူမိုက်မှာဂရုစိုက်ပြီး မှတ်လိုက်စမ်း၊ တဏှာ ဥပါဒါန် သည် ကံကိုသိမ်းဆည်းတဲ့ တရားလို့ မှတ်လိုက်စမ်းပါ(မှန်ပါ့ ဘုရား)။

တဏှာ ဥပါဒါန်သည် ဘာတုံး.... (ကံကိုသိမ်းဆည်းပါတယ် ဘုရား) ကံကို မပျောက် မပျက်အောင် စောင့်ရှောက်နေတာ ဘယ်သူပါလိမ့်....(တဏှာ, ဥပါဒါန်ပါဘုရား)ဒါဖြင့် တကာ

တကာမတွေ့ တဏှာ, ဥပါဒါန်ကို သတ်လိုက်ရလို့ ရှိယင်ဖြင့် ကံသည်ကား‌လို့ ဆိုလို့ရှိယင် ဗလပွေကျပြီးသကာလ လွှင့်ပြီး ပျောက်ထွက်သွားတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ မဂ္ဂဗြဟ္မစရိယ အကျင့်မှ တပါး ဦးဘအုန်းတို့ တဏှာ ဥပါဒါန် သတ်တဲ့တရား ရှိသေးရဲ့လား.... (မရှိပါ) ဒါဖြင့် တကာတကာမတို့ ကျုပ်တို့မှာ ကံကိုစုဆောင်း ထားမည့်တရားကို သတ်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

ဘာသတ်ပစ်လိုက်သလဲ....(ကံကိုစုဆောင်းထားမည့်တရားကို သတ်ပစ်ပါတယ်ဘုရား) ကံကို စုဆောင်း ထားမည့် ကမ္မသမဓိ ဆိုတဲ့ဥစ္စာ ကံနဲ့ပြည့်စုံတယ်ဆိုတာ တဏှာ,ဥပါဒါန်ရှိတဲ့ပုဂ္ဂိုလ်ကို ဆိုလိုတာ....(မှန်ပါ့ဘုရား)။

တဏှာ, ဥပါဒါန်ရှိနေတဲ့ပုဂ္ဂိုလ်ဟာ ကံဘယ်တော့မှ လေလို့ လွှင့်သွားပါမလဲလို့ မအောက်မေ့ပါနဲ့....(မှန်ပါ့) အတိတ်က ခင်ဗျားတို့ မိုက်မဲထားတဲ့ ကံတွေလဲ တဏှာ, ဥပါဒါန်ကစုဆောင်းထားတာဘဲ၊ ယခုဘဝ မိုက်မဲထားတဲ့ကံတွေကော .... (တဏှာ ဥပါဒါန်က စုဆောင်းထားတာပါဘဲဘုရား)။

ဩော်....ဒီတဏှာ, ဥပါဒါန်ဟာ တကာတကာမတို့ ကံထက် ကြောက်စရာကောင်းတယ် .... (မှန်ပါ့) ကံကို လေလွှင့်မသွားရအောင်၊ မီးခိုးလို ပျောက်မသွားရအောင် ဘယ်သူက စုဆောင်းသလဲ....(တဏှာ ဥပါဒါန်က စုပါတယ်ဘုရား)။

တဏှာ ဥပါဒါန်က စုထားတော့ တကာတကာမတို့မဂ္ဂဗြဟ္မ

စရိယအကျင့်နဲ့မှ မသတ်တော့ပါဘူးဆိုယင် ဒီအစုလိုက်ကြီးနဲ့ ကျုပ်တို့သည်ကားလို့ ဆိုယင်ဖြင့် တဏှာ ဥပါဒါန်စုထားတဲ့ ကံတွေက ပျောက်သေးရဲ့လား....(မပျောက်ပါဘုရား)။

မပျောက်တော့ ငရဲသို့ ရောက်ဘို့ကံတွေကလဲ သူကလွှတ်ပေးလိုက်တယ်၊ စုထားတာထဲက တခုလွှတ်ပေးလိုက်ပြန်တာဘဲ (မှန်ပါ့) အဲဒါကလေးက နှစ်စေ့ပြန်တော့ စုထားတဲ့ဥစ္စာ တခုလွှတ်ပေးလိုက်ပြန်တယ်....(မှန်ပါ့)ဒါဖြင့် လွှတ်ပေးလို့ကုန်နိုင်သေးရဲ့လား....(မကုန်နိုင်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကံကြောက်ရမှာလား၊ တဏှာ ဥပါဒါန်ကိုပိုပြီး ကြောက်ရမှာလား.... (တဏှာ ဥပါဒါန်ကို ပိုပြီးကြောက်ရမှာပါဘုရား)။

ဒါဖြင့် တဏှာ ဥပါဒါန် နိုင်တဲ့လမ်းကိုလည်း တပည့်တော်တို့ အရေးတကြီး ပေးတော်မူပါလို့တကာတကာမတွေတောင်းပန်လို့ရှိခဲ့ယင်ဖြင့် မဂ္ဂင်ဟ္မစရိယ အကျင့်မှတပါး ကံသိမ်းတဲ့ တဏှာ ဥပါဒါန်ကို သတ်နိုင်တဲ့တရားမရှိ....(မှန်ပါ့ဘုရား) ဘယ်လောက်အရေးကြီးသတုံး....(ကြီးပါတယ်ဘုရား)ဦးဇင်ရင် အရေးမှကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

အာဒါနဲ့ တဏှာ ဥပါဒါန် နိုင်တဲ့လမ်းကိုလည်း တပည့်တော်တို့ အရေးတကြီး ပေးတော်မူပါလို့တကာတကာမတွေတောင်းပန်လို့ရှိခဲ့ယင်ဖြင့် မဂ္ဂင်ဟ္မစရိယ အကျင့်မှတပါး ကံသိမ်းတဲ့ တဏှာ ဥပါဒါန်ကို သတ်နိုင်တဲ့တရားမရှိ....(မှန်ပါ့ဘုရား) ဘယ်လောက်အရေးကြီးသတုံး....(ကြီးပါတယ်ဘုရား)ဦးဇင်ရင် အရေးမှကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

အာဒါနဲ့ နောက်က တကာတကာမတွေ ဒီဥစ္စာ အင်မတန်ကံကောင်း အကြောင်းသင့်ပြီး နာရတာနော်....(မှန်ပါ့ဘုရား) အင်မတန် ကံကောင်း အကြောင်းသင့်ပြီး နာရတာ ကံတွေကို ခင်ဗျားတို့ မကောင်းတဲ့ကံ အဟောသိကံဖြစ်ချင်ပါတယ်ဆိုယင် တဏှာ ဥပါဒါန်သတ်၊ ဝဋ်ဆံသရာထဲ အကျိုးပေးမည့်ကုသိုလ်

ကံတွေကို ခင်ဗျားတို့ ဝဋ်ဖြေကြောက်လို့ ရှိယင်ကံ၊ ဦးဝတို့၊ဦးဘအုန်းတို့ ဘာလုပ်ကြမယ်.... (တဏှာ ဥပါဒါန်ကို သတ်ရပါမယ်ဘုရား)။

ကံကို စုဆောင်းထားတာက ဘယ်သူပါလိမ့် .... (တဏှာ ဥပါဒါန်ပါဘုရား) သြော် .... ဒါဖြင့် စုဆောင်းထားတဲ့လူကို သတ်မီလို့ ရှိယင်ဖြင့် အထုပ်နဲ့တက္က ပျောက်ပါတယ်.... (မှန်ပါ့) မပျောက်သေးဘူးလား....(ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ကံသတ်ကို လုပ်ကြမှတော်ရော့မယ်....(မှန်ပါ့) ဒါဖြင့် ကံကိုတိုက်ရိုက်သတ်ရမှာလား၊ တဏှာ ဥပါဒါန်ကို သတ်ရမှာလား.... (တဏှာ- ဥပါဒါန်ကို သတ်ရမှာပါဘုရား)။

နေရာကျလိုက်တာ တကာ တကာမတို့ အတွက်၊ အချက်အလက်တွေကို သိပြီးသကာလ သွားပြန်တော့လဲ သြော်.... ဒီက ကံကိုသတ်ရမှာလားလို့ အောက်မေ့ရတယ်၊ ကံကိုသတ်လိုက်လို့ ရှိယင်ဖြင့် ဘယ်မှာ နေရာကျမလဲ၊ သူ့ကို မိမှာမှ မဟုတ်ဘဲ၊ သူ့ကိုစုထားတဲ့ တဏှာ, ဥပါဒါန် သတ်လိုက်ရလို့ ရှိယင်ဖြင့် ကံကုန်မှာဘဲဆိုတာ တကာ တကာမတို့ လေးစားစွာနဲ့ မှတ်ရမယ်....(မှန်ပါ့)ဒါကို အင်မတန်နားကြီးမှ ရမယ်နော်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဘယ်လိုဖြစ်နေသတုံး....လို့ မေးလို့ ရှိယင် မကောင်းတဲ့ကံတွေ့ ဝင်လာမှာကို သိပ်ကြောက်တာဘဲ(မှန်ပါ့) ဒကောင်းတဲ့ကံ ဝင်လာလို့ ရှိယင်ဖြင့် ပြုံးမယ်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

မကောင်းတဲ့ကံ ဝင်လာမှာတော့ .... (ကြောက်ပါတယ်ဘုရား)ကောင်းတဲ့ကံ ဝင်လာမယ်ဆိုယင်....(ပြုံးပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့နောက်ကတော့ ကောင်းတဲ့ကံနဲ့၊ မကောင်းတဲ့ကံ အားလုံး စဉ်းစားကြည့်ပါ၊ ဘယ်ဟာက များမယ်ထင်သလဲ.... (မကောင်းတဲ့ကံက များပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် မကောင်းတဲ့ကံက များတယ်ဆိုတော့ လာပုံလဲကြည့်ကြပါဦး၊ လာပုံက ဒီဘက်က ဘာပါလိမ့် .... (အဝိဇ္ဇာနဲ့ တဏှာ)ဒီဘက်ဘာပါလိမ့်....(ကံပါဘုရား)အဝိဇ္ဇာနဲ့ တဏှာနဲ့လာတော့ လာပုံကိုက ဩဇာ....ငါဟာကောင်းတဲ့ဆီက လာတာလား၊ မကောင်းတဲ့ဆီက လာတာလား ဆိုတာကို ပင်ရင်းမေးလိုက်ကတည်းက သဘောကျမယ် လာပုံကိုကမဟန်ဘူး....(မှန်ပါ) ဟန်ကြရဲ့လား.... (မဟန်ပါဘုရား) လာပုံကိုက မဟန်တော့တကာတကာမတို့နေပုံနေနည်းနဲ့ ပြောင်းရုံဘဲရှိတော့တယ်....(မှန်ပါဘုရား)။

လာပုံကိုမဟန်တော့ ဘာနဲ့ပြောင်းကြမလဲ....(နေပုံနေနည်းနဲ့ ပြောင်းကြရုံဘဲ ရှိပါတယ်ဘုရား) နေပုံနေနည်းနဲ့ ပြောင်းကြတော့မယ်ဆိုတော့ ဦးဘအုန်းတို့ တကာသစ်တို့ သိပ်အရေးကြီးတယ်....(မှန်ပါ) ကိုမြရွှေတို့ အရေးမကြီးဘူးလား .... (ကြီးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနေ့ညဟောနေတဲ့ တရားဟာ သိပ်မများသေးပါဘူး၊ အနေပြောင်းဘို့ အလွန်အရေးကြီးတယ် (မှန်ပါ) ဩဇာ....ဒါဖြင့် တကာတကာမတို့ လာပုံမှာတူငြား

သော်လဲ အနေပြောင်းလို့ရှိယင် အသေခြားနားတယ်ဆိုတာ နိဗ္ဗာန်ရောက်မည့် ပုဂ္ဂိုလ်နဲ့ မရောက်မည့် ပုဂ္ဂိုလ်ပြောတာ .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ယခုသည် ဘယ်အချိန်တုံးလို့ မေးဘို့လိုလာတယ်၊ သြော်....ယခုသည်ကား မဂ္ဂဗြဟ္မစရိယကျင့်မယ် ဆိုလို့ရှိယင် နည်းရတဲ့အချိန်.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ့်ဆိုကြမလဲ....(မဂ္ဂဗြဟ္မစရိယာကျင့်မယ်ဆိုလို့ရှိယင် နည်းရတဲ့အချိန်ပါဘုရား) သာသနာပ ဆိုလို့ရှိယင်ဖြင့် တကာသစ်တို့ ကိုမြရွှေတို့ ဘယ့်နှယ်လုပ်ပြီး နည်းရမလဲ .... (မရပါဘုရား) မရပါဘူး....(မှန်ပါ့)။

ဒါဖြင့် နည်းရတာသည်ကားလို့ ဆိုလို့ယင်ဖြင့် သာသနာတွင်း ကြုံမှဆိုတဲ့ အဓိပ္ပါယ်တော့ ရှင်းသွားပြီ.... (မှန်ပါ့)အဲဒီတော့ နည်းသာရနေတယ်ဘုရား၊ အသုံးတော့မချဘူး ဆိုလို့ရှိယင်လဲ နေပုံမှာထူးသေးရဲ့လား....(မထူးပါဘုရား)။

နည်းလဲ ရတယ်ဘုရာ့၊ အသုံးလဲချမယ်ဘုရာ့ဆိုမှ သာလျှင် နေပုံထူးပြီး သေပုံခြားနားမှာကိုး....(မှန်ပါ့) နို့မဟုတ်ယင်ခြားနားနိုင်စရာ အကြောင်းမြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

အဲ....ဒါကြောင့် တကာတကာမတို့ ယခုသည်ဘယ် အချိန်တုံးဆိုလို့ယင် ခြားခြားနားနား နေရမည့်အချိန်ရောက်ပြီ .... (မှန်ပါ့ဘုရား) ဘယ်လိုဆရာဘုန်းကြီး တိုက်တွန်းပါလိမ့် .... (ခြားခြားနားနား နေရမည့် အချိန်ရောက်ပါပြီဘုရား)။

ဘယ်သူနဲ့ ခြားနားရမှာတုံးလို့ တကာတကာမတွေကမေး လို့ ရှိယင်ဖြင့် တပည့်တော်တို့၏ မိတ်ဆွေသင်္ဘာတွေ ဒီလိုတရား ထူး တရားမြတ်ကိုမနာရ၊ကျင့်နည်းမရတဲ့ပုဂ္ဂိုလ်တွေနဲ့ ခြားခြား နားနားနေရမယ်....(မှန်ပါ့) သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

ဒါဟာ လူသင်းခဲ့လို့က်တယ်လို့ မအောက်မေ့ပါနဲ့ သူက မရှာမှီးလို့မရတာ.... (မှန်ပါ့) ရှာမှီးယင်တော့.... (ရပါတယ် ဘုရား)။

အဲဒီတော့ ခြားနားတတ်ပါပလား့လို့ မေးလို့ရှိယင်ဖြင့် နေပုံမှာ ထူးထူးခြားခြားနေတတ်အောင် နေကြပါဆိုတာဒီနေ ရာကတိုက်တွန်းတယ်....(မှန်ပါ့) ကဲ....ဦးဇင်ရင် တိုက်တွန်းထိုက်-မတွန်းထိုက်....(တိုက်တွန်းထိုက်ပါတယ်ဘုရား)။

တိုက်တွန်းထိုက်တယ် ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ အသေမှာ မခြားဘဲဖြစ်နေတယ်.... (မှန်ပါ့) ဘယ်သူနဲ့မခြား သတုံးဆိုတော့ တဏှာအုပ်စိုးသမားနဲ့ မခြားနားတာ-(မှန်ပါ့) တဏှာအုပ်စိုးတော့ နောက်ဇာတိ,ဇရာ,မရဏ မလာပေဘူးလား လာမလား....(လာပါမယ်ဘုရား) ခင်ဗျားတို့ကော .... (လာပါ တယ်ဘုရား)။

ဩော် .... ဒါဖြင့် တကာတကာမတွေ ဒုက္ခထဲကလာပြီး သကာလ ဒုက္ခထဲပြန်ဆင်းချင်တာဘဲ....(မှန်ပါ့) ဆိုထိုက်· မဆို ထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် အမှောင်ထဲကလာပြီး အမှောင်ထဲနေပြီး သကာလ အမှောင်ထဲဘဲ သွားလေရဲ့.... (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ ....

(အမှောင်ထဲကလာ၊ အမှောင်ထဲမှာနေပြီး အမှောင်ထဲသွားပါတယ်) ဖြစ်မှ-ဖြစ်ရလေ ကိုမြင်ရှေ့ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်္ဂဟ္မစရိယ အကျင့်ဟာ ခုနင်က တရားချီစက တကာတကာမတွေ့ကို ပြောခဲ့ပြီ၊ ရဟန်းတွေ့ကို ဘုရားမေးတဲ့ အခါကျတော့ တပည့်တော်တို့ လူမိုက်နဲ့ လူလိမ်မာနဲ့မထူးတော်ပါဘူးဘုရား၊ ဒီတရားဟာ ကဿပဘုရားရှင် မရှိကတည်းက ကွယ်ခဲ့ပါတယ်လို့ ပြောထားခဲ့တယ်....(မှန်ပါ့)။

ခုခင်ဗျားတို့သန္တာန်မှာလဲ အခုပေါ်တာပါဘဲ.... (မှန်ပါ့) ကွယ်တာ ဘယ်လောက်ကြာပလဲ.... (ကဿပဘုရားမရှိကတည်းကပါဘုရား) ကဿပဘုရား မရှိကတည်းကကွယ်တယ်၊ တခါဂေါတမမြတ်စွာဘုရားကျတော့လဲ ခင်ဗျားတို့ ကျုပ်တို့ မမြဲပြန်ဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ ယခုမှ စ,ရတယ်ဆိုယင်ကော လဲ့ပါ့မလား....(မလဲ့ပါဘုရား) မလဲ့တော့ဘူးဆိုယင်ဖြင့် ကဿပမြတ်စွာဘုရား လက်ထက်ကတည်းကကွယ်တာ အခုမှ တွေ့ရတော့တယ်ဆိုပါတော့....(မှန်ပါ့) မဆိုထိုက်-ဆိုလိုက် .... (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ့ မကြုံစဖူး အကြုံထူးတဲ့ကိုယ့်ဘဝကလေးအနေကလေးဖြင့် ပြင်မိအောင်ပြင်ဘို့အချိန်လဲရောက်ပါပြီ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြပါ့မလဲ.... (ပြင်မိအောင်ပြင်ဘို့ အချိန်ရောက်

ပါပြီဘုရား) ဒီအချိန်က နောက်ကိုသွားတော့မယ်ဆိုလို့ရှိယင်ဖြင့် အခု အသက်အရွယ်ကြီးလာကြလို့ တရားရှာကြတယ်....(မှန်ပါ့ဘုရား)။

အသက်အရွယ်ကြီးလို့ တရားရှာကြတာကို သူများနေသလို နေဦးမယ်၊ ခန္ဓာငါးပါးနောက်က တဏှာ, ဥပါဒါန်, ကံနဲ့သာ အလုပ်- လုပ်နေကြဦးမယ် ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ သိတဲ့အချိန်ကလေးထဲက နှုတ်ယူတဲ့ အဓိပ္ပါယ်ကို တနေ့ကလဲ ပြောပြီးပြီ....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

သိတဲ့အချိန်ထဲက နှုတ်ယူလိုက်တဲ့ အခါကျတော့ တကာ တကာမတို့ သိတဲ့အချိန်ကလဲ ကြီးမှသိတာ.... (မှန်ပါ့) ကြီးမှ သိရတော့ ဒီရှိတဲ့အချိန်ကလေးကိုသာ ပြန်နှုတ်ယူနေကြဦးမယ် ဆိုယင် တော်ပါ့မလား....(မတော်ပါဘုရား)။

ဒီတော့ သိရုံနဲ့ ကိစ္စကပြီးသေးတာမဟုတ်ဘူး ကျင့်ဦးမှလဲ ရကြမှာ....(မှန်ပါ့) မဂ္ဂင်ဟင်္မစရိယ မကျင့်ဘဲနဲ့ရပါ့မလား .... (မရပါဘုရား) မဂ္ဂင်ဟင်္မစရိယခေါ်တဲ့ ဝိပဿနာအကျင့်ကို မကျင့်ယင် ရကိုမရဘူးဆိုတာ တကာတကာမတို့ ကျေကျေနပ်နပ်သဘောကျပါ....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီလိုသဘောကျတော့ ဩော်....ဒို့သည်ကားလို့ ဆိုယင်ဖြင့် တနေ့က ဘုန်းကြီးက မှာလိုက်တယ် တကာတကာမတွေ့ မိုးလင်းယင် ဘယ်သွားကြမှာတုံးဆိုတော့ နေချိန်ထဲကနေပြီး နှုတ်တော့ သေချိန်ကျဉ်းအောင် အလုပ်ကို လုပ်ရဦးမယ်ဘုရာ့လူဆိုပြီးတော့ ခင်ဗျားတို့ သွားမယ်လို့ စဉ်းစားပြီးသွားကြပါဆိုတာ ဦးဘအုန်း မှာထိုက်- မမှာထိုက်....(မှာထိုက်ပါတယ်ဘုရား)။

အိမ်ကျတော့လဲ စဉ်းစားမိပြီးတိုးထွက်သလား ထိုက်တန်သလောက် ပြန်ပြီးတော့ နှလုံးသွင်းဖြစ်သလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(ထိုက်တန်သလောက်ပါဘုရား)။

လေအရှိန် အ တော် ပြော့ သွား တဲ့ယ်၊ ပြန်ဖြတဲ့လေကို အတော်ပြော့သွားတယ်၊ ဘယ့်နှယ်ကြောင့် လေအတော်ပြော့သွားသလဲလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)နှလုံးလဲသွင်းမိပါရော မဖြစ်သေးတဲ့ကိစ္စမို့ သွားလိုက်ရဦးမယ်(မှန်ပါ့) ဒီအဓိပ္ပါယ်ရောက်သွားတယ်....(ရောက်ပါတယ်ဘုရား)။

အဲဒီကျတော့ ခင်ဗျားတို့ဟာ နေခြင်းဆိုးကို သိပ်သဘောကျနေတယ်....(မှန်ပါ့) နေခြင်းဆိုး သဘောကျနေတော့တခါသေခြင်းဆိုးက လာတော့မယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြပါ့မလဲ .... (နေခြင်းဆိုး သဘောကျနေလို့ သေခြင်းဆိုးလာပါတော့မယ်ဘုရား) လာမှာဘဲ ဒီဥစ္စာ၊ ရှောင်လို့ ကွင်းလို့ လွှတ်ကင်းနိုင်စရာ မြင်ကြရရဲ့လား.... (မမြင်ကြပါဘုရား)။

အဲဒါကြောင့် နာစေချင်လို့ ပြောတဲ့တရားလား-ကိုယ့်ကိုကနေခြင်းဆိုးအလုပ်ကို လုပ်တာလား....(ကိုယ့်ကိုယ်က နေချင်းဆိုးအလုပ်ကိုလုပ်တာပါဘုရား)။

ကိုယ့်ကိုယ်က နေခြင်းဆိုးအလုပ်ကိုလုပ်ပြီး မဂ္ဂဇြဟ္မစရိယအကျင့်ကို မကျင့်တော့ ဩော်....သေတဲ့အခါလဲ ဇာတိ, ဇရာ, မရဏဘက်ကို သူဟာ ခုန်ဆင်းရမှာဘဲ ... (မှန်ပါ့) မဆင်းချင်ပါဘူးဆိုလို့....(မရပါဘုရား) သားကလဲမကယ်နိုင် သမီးကလဲမကယ်နိုင် ပစ္စည်းကကော....(မကယ်နိုင်ပါဘုရား)။

သို့သော်လဲ အဲဒါတွေကို တခါအရှာထွက်တယ်၊ ဘာကို့ အရှာထွက်သတုံး ပစ္စည်းအရှာထွက်တယ် .... (မှန်ပါ) ကယ်နိုင် တာတော့ သပိတ်မှောက်ထားခဲ့တယ်....(မှန်ပါ့) ဦးဘအုန်း-ဟုတ်မှ ဟုတ်ကဲ့လား....(မှန်ပါ့ဘုရား)။

မကယ်နိုင်တာကို ဘာလုပ်သလဲ.... (အရှာထွက်ပါတယ်) ကယ်နိုင်တာတော့ ဘာလုပ်သလဲ .... (သပိတ်မှောက်ထားခဲ့ပါ-တယ်ဘုရား) သပိတ်မှောက်ထားပစ်ခဲ့တယ်၊ ဖြစ်မှုဖြစ်ရလေ၊ ဒါလောက်ရိုင်းတဲ့ တကာတကာမတွေ ဒီဘုန်းကြီးမို့ပေဟာ နေတာ သေသေချာချာဆိုလို့ရှိယင် ဒီအဓိပ္ပါယ်ရောက်မရောက် (ရောက်ပါတယ်ဘုရား)။

သေသေချာချာ ရောက်တယ်ဆိုတာ စကားတတ်လို့ပြော တယ်မအောက်မေ့ပါနဲ့ လုပ်ပုံရိုင်းလွန်းလို့ပြောတာ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု ဖီးလိမ်းပြီးသကာလ တကာတကာမတွေဟာ အဝတ် အစားကလေး ဖုံးလွှမ်းနေတာဟာ ဒီဟာ အရှက် ရှိတယ်လို့ မဟုတ်သေးပါဘူး၊ သံသရာသွားရမှာကြီး ကြောက်တာ .... (မှန်ပါ့ဘုရား)။

သံသရာကျတော့ အပါယ်ကျသွားတယ်ဆိုတဲ့ဥစ္စာ ကြောက် စရာကြီး....(မှန်ပါ့)သံသရာမှာ သံသရာ့ဘေးကြီးနဲ့တွေ့ရမှာလဲ ကြောက်စရာကြီး....(မှန်ပါ့ဘုရား)။

အဲဒီ အရှက်အကြောက်မရှိလို့ ခင်ဗျားတို့သိပြီး သကာလ သိတဲ့ နေချိန်ထဲကနှုတ်ပြီး သေချိန်ကျဉ်းအောင်လုပ်ပြီးသကာလ နေတဲ့ တကာတကာမတွေလို့ စဲ့ချက် တင်လိုက်ပါတယ် .... (မှန်ပါ့) တင်ထိုက်-မတင်ထိုက်....(တင်ထိုက်ပါတယ်ဘုရား)။

ဦးဘတင် ဘုန်းကြီးပြောတာ လွန်မျှားနေသလား-(မလွန်ပါဘုရား)မလွန်ဘူးနော်....၊ ဘုန်းကြီးကို ထောက်ခံချက်ပေးဘို့ စကားတောင်းတာ မဟုတ်ပါဘူး.... (မှန်ပါ့) ထောက်ခံချက်ပေးဘို့ စကားတောင်းတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့၏ ဆိုးဝါးပုံကို ပြောတာပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လာပုံမှာ တူထားတာက ဓတ်ဖြင့် သြော်....ဒီဟာ အဘော်ဆိုးခဲ့ကြသကိုးဆိုတာ ပေါ်လာတယ်....(မှန်ပါ့) အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာငါးပါးရတယ် .... (မှန်ပါ့) ဇနပုံကလေးမှ မပြင်တော့ပါဘူးဆိုယင် အခက်ပေါ့ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြပါ့မလဲ .... (ဇနပုံကလေးမှ မပြင်တော့ပါဘူးဆိုယင် ခက်ပါတယ်ဘုရား)။

ဟိုမှာ သူမျှားလဲ သားတွေ သမီးတွေ ကျောင်းပို့ ကျောင်းယူနဲ့ သူမျှားလဲ မအားအောင် လုပ်ရတာဘဲ၊ ဒီမှာလဲ သားနဲ့ သမီးနဲ့ ဒီအတိုင်းဘဲ လုပ်ရမှာဘဲ ဘယ်တော်နိုင်ပါ့မတုံး ဖြစ်ပေါ့ကိုး- စသည်နဲ့ ရှုပ်ပွေနလိုက်တဲ့ကိစ္စတွေ.... (မှန်ပါ့)ရိပ်မိခဲ့လား....(ရိပ်မိပါပြီဘုရား)။

တကာတကာမတွေက မဟုတ်တာတွေကို တခါတည်း ရမယ်ရှာနေကြတာဘဲ-(မှန်ပါ့) ဘုရားကတော့ဖြင့် အနေထူးအောင် လုပ်ရလို့ရှိယင် တော်သေးတယ်ပြောတာ....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ခင်ဗျားတို့က မထူးချင်ဘူး၊ ဘာဖြစ်လို့တုံး....ဆိုလို့ရှိယင်

အနေဆိုးနေပြီး အသေဆိုးသေချင်တဲ့အဓိပ္ပါယ်ကို ခင်ဗျားတို့က မတောင့်တ်သော်လဲ အလုပ်သွားက ရောက်အောင်လုပ်နေတယ် (မှန်လှပါဘုရား)။

ဦးဘအုန်း- ဘယ့်နှယ်တုံး....(မှန်ပါဘယ်ဘုရား) တောင့်တတော့ မတောင့်တ,ဘူးပေါ့ဗျာ၊ အလုပ်သွားက ဘယ့်နှယ် ဖြစ်နေသတုံး....(ရောက်အောင်လုပ်နေပါတယ်) ရောက်အောင်လုပ်နေတယ်ဆိုတော့ တကာတကာမတို့ ခင်ဗျားတို့အလုပ်ဟာ ဆွမ်းသွတ်လို့တောင် ရနိုင်စရာမရှိဘူး.... (မှန်ပါ!) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဆွမ်းသွတ်လို့တောင် ရနိုင်စရာမရှိဘူးဆိုတော့ စကားများ ရိုင်းနေသလား လို့ဆိုတော့ ဆွမ်းသွတ်လို့ရတဲ့ဝတ္ထုက နည်းပါတယ်၊ တောက်လျှောက်သွားတာတွေက များပါတယ်(မှန်ပါ!) တောက်လျှောက်သွားတာ များတယ်ဆိုသဖြင့် တကာ တကာမတွေ အနေကလေးကို ပြင်ချိန်ရောက်ပြီ....(မှန်ပါ!) ဒီပြင်ချိန်သိတဲ့အထဲကတော့ နှုတ်ဘို့လိုသေးသလား.... (မလိုပါဘုရား) နှုတ်ယင် အသေကျဉ်းမယ်လို့ တနေ့က ပြောလိုက်တယ်.... (မှန်ပါ!)။

ဘာဖြစ်လို့တုံး၊ ကြီးမှသိရတာကိုးဗျ....(မှန်ပါ!) ကြီးမှသိရကတည်းက တခါနှုတ်ဦးမယ်ဆိုတော့ ဘယ့်နှယ်ဆို့ကြမလဲ-(အသေကျဉ်းပါတယ်ဘုရား) အသေကျဉ်းအောင်လို့ ဩဩ.... သွားလိုက်ဦးမယ်ဘုရာ့....မလွဲသာလို့ အစဉ်ရှိသည်နဲ့ တကာတကာမတွေက ဒီဟာမျိုးတွေက အတော်များတယ်၊သဘောကျဟလား (ကျပါပြီဘုရား)။

မလွဲသာလို့ ဘုရား....တဲ့၊ ဘာမလွဲသာတာတုံး- ပြောစမ်း ပါဦး၊ အို....တဏှာကခိုင်းနေတဲ့ မလွဲသာပါဘဲ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ....(တဏှာက ခိုင်းနေတဲ့ မလွဲသာပါဘဲ) တဏှာက ခိုင်းလို့ ရှိယင်ဖြင့် ဥပါဒါန်ကတော့ဖြင့် ခင်ဗျားတို့ လုပ်တော့မှာဘဲ....(မှန်ပါ့) အဲဒီတော့ ကံတွေကို ခင်ဗျားတို့ ကိုယ်ပိုင်ရတော့မယ်၊ ဒါဖြင့် ကံစီမံသလို ခံကြပေတော့(မှန်ပါ့) အဓိပ္ပါယ် ဒါဘဲရှိတယ်....(မှန်ပါ့-ဒါပါဘဲဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်ကလဲ ဘုရားက ပြင်နည်းသာ ပေးနိုင်ဘယ်၊ ပြင်တာကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ပြင်ရမှာ....(မှန်ပါ့) ဦးဇင်း-ဘယ်နှယ်ဆိုကြမလဲ....(ပြင်နည်းသာ ပေးနိုင်ပါတယ်၊ ပြင်တာကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ ပြင်ရမှာပါဘုရား)။

ပြင်နည်းတော့ အများကြီးပေးခဲ့ပါတယ်၊ ပြင်တာကတော့ (ကိုယ်ပိုင်ဉာဏ်နဲ့ ပြင်ရမှာပါ) တခါ ကိုယ်ပိုင်ဉာဏ်တောင်မှ မရှိလို့ ဘုန်းကြီးက ဒီကိုလာပြီးသကာလ ခင်ဗျားတို့ကို အမိ, အဘ ဆွေမျိုးဉာတကာတွေလို့ ထားပြီး ဟာ.... ဒီလိုပြင်ရမယဲ့ တကာကြီး ဦး၀၊ ဦးဘတင်-မဟောဘူးလား... (ဟောပါဘယ် ဘုရား) အဲဒီအထဲကမှ နှုတ်ပရစေဦးဆိုယင်တော့ ဦး၀-အတော် ရိုင်းပြီ....(ရိုင်းပါတယ်ဘုရား)။

တကာတကာမတွေ.... ဒီအထက နှုတပရစေဦးဆုယင မရှုင်း ဘူးလား....(ရိုင်းပါဘယ်ဘုရား) ရိုင်းတာက စဉ်းစားစမ်းပါ၊ (ကိုယ့်ကိုယ်-ကိုယ် သနားလို့ ရိုင်းတာလား၊ မသနားလောက် အောင် ရိုင်းတာလား.... (မသနားလောက်အောင် ရိုင်းတာပါ ဘုရား)။

ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဦးဘတင်- ဒါနဲ့ဆိုတော့ သာဆိုးသွားပြီ....(မှန်ပါ့) မသနားလို့ဘဲ ရိုင်းတဲ့အဓိပ္ပါယ်ရောက်နေတော့ တကာတကာမတို့ ခင်ဗျားတို့က ရှုထဲပေနေပေမဲ့ ဘုန်းကြီးက ရေချိုးတော့ ပေချင်သေးဘာဘဲ....(မှန်ပါ့) ခင်ဗျားတို့က နှုပ်ထွက်နေပေမဲ့ အမေမိဘနဲ့တူတဲ့ ဆရာဘုန်းကြီးက သုတ်သင်ပေးချင်သေးတယ်....(မှန်ပါ့) သဘော်ကျပလား .... (ကျပါပြီဘုရား ။

ခင်ဗျားတို့က အရုပ်ဆိုးနဲ့ မြို့ထဲသွားမယ် ဆိုငြားသော်လဲ နည်းနည်းတော့ တားချင်တယ်....(မှန်ပါ့) သွားမှာက အရုပ်ဆိုးနဲ့ သွားမှာကိုး၊ ဘာဖြစ်လို့တုံး၊ လိုချင်, ရချင်လို့သွားမှာ....(မှန်ပါ့)။

ဘာလုပ်ဘို့သွားတာပါလိမ့်....(လိုချင်,ရချင်လို့သွားတာပါဘုရား) လိုချင်, ရချင်လို့ သွားတဲ့ဥစ္စာက တဏှာ, ဥပါဒါန်နဲ့ သွားတာ....(မှန်ပါ့) တဏှာ, ဥပါဒါန်နဲ့ သွားယင်တော့ ကံမြောက်-မမြောက် ဦးဘအုန်း... (မြောက်ပါတယ်ဘုရား) ကံမြောက်လို့ရှိယင်ဖြင့် တကာ တကာမတို့ ကယ်နိုင် ယူနိုင်စရာအကြောင်း မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ ကိုယ့်အရေး ကိုယ်သိကြပါတော့၊ အနှေထူးအောင်လုပ်ပါ... (မှန်ပါ့) အနှေထူးအောင် ဘာလုပ်ကြမယ် (မဂ္ဂင်ဖြစ်မှစရိယ လုပ်ရပါမယ်) ဒါဘဲရှိတော့တယ်၊ ဒီ.ပြင် ဆေးချက်ကုန်ပြီ.. (ကုန်ပါပြီဘုရား)။

တကာတကာမတို့ ဒီ.ပြင်တော့-(ဆေးချက်ကုန်ပါပြီဘုရား) ဆေးချက်ကုန်တယ်ဆိုတာ တကာ တကာမတွေ သတိဆာ:ဇမ်း

ပါ၊ ဆေးချက်ကုန်တယ်ဆိုတဲ့ စကားဟာက အသက်ကလဲကြီးပြီသေမည့်ဆဲဆဲ....(မှန်ပါ့) သေမည့်ဆဲဆဲမှာ ဒီဆေးတွေလိုက်လို့ ရှိယင်ဖြင့် လွတ်နိုင်တယ်... (မှန်ပါ့) ဒီဆေးမသောက်တော့ဘူးဆိုလို့ ရှိယင်ဖြင့် ဆေးချက်ကုန်ပြီ....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ ဒီဥစ္စာ တိုက်တွန်းတာလား၊ ဖြစ်စဉ်ကို အမှန်ပြောပေးနေတာလား စဉ်းစားပါ.... (ဖြစ်စဉ်ကို အမှန်ပြောပေးနေတာပါဘုရား)။

ဖြစ်စဉ်ကို အမှန်ပြောပေးနေတာ စဉ်းစားတော့ ခင်ဗျားတို့ အိမ်ကျတော့ ဘုန်းကြီးပြောတဲ့စိတ်တွေ မပြောင်းနဲ့....(မှန်ပါ့) ပြောင်းလို့ကော တော်ပါ့မလား... (မတော်ပါဘုရား)။

မပြောင်းပါနဲ့၊ ဘယ်သူက တိုက်တွန်းတိုက်တွန်း၊ ဘယ်သူက ဘာပြောပြော သား, ငယ်, ခင်ပွန်းက ဘာပြောပြော အရှဲ့ဆဲသာ တိုက် ကျုပ်တို့တော့ အနေထူးအောင် နေတော့မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာဖြစ်လို့ အနေထူးအောင် နေရမလဲဆိုတော့ ကိုယ့်ကိုယ်ကို အရုပ်ဆိုးမှန်း ဘုန်းကြီးဆီကသိခဲ့တယ်၊ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဆဲချင်းကလေး ဘာကလေးကိုင်ပြီး စျေးထဲသွားကြတယ်၊ မဂ္ဂဇြဟ္မစရိယအကျင့်ကို သပိတ်မှောက်ပြီး ထွက်လာခဲ့တယ်.... (မှန်ပါ့) အရုပ်ဆိုးတဲ့အလုပ်ဆိုတာ မသေချာဘူးလား... (သေချာပါတယ်ဘုရား)။

အဲဒီ အရုပ်ဆိုးကိုဖြင့် အနေကောင်းနဲ့မှ မပြင်တော့ပါဘူးဆိုလို့ ရှိယင် တနေ့ တနေ့ဟာ ဦးဘအုန်းတို့ ဦးဘတင်တို့ ကံဒေါင်း ဘယ်လောက်ရှိမလဲ... (မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကံတွေဟာ ဘယ်သူက သိမ်း-သိမ်းထား:သတုံး.... (တဏှာ, ဥပါဒါန်က သိမ်းဆား:ပါတယ်ဘုရား) တနေ့သိမ်း:ထား:တဲ့ကံပေါင်း:ဟာ ဘယ်လောက်တုံး....(မရေတွက်နိုင်ပါဘုရား)။

နောက်ကဟာတွေ မပျောက်အောင် သိမ်း:ထား:တာကော. (မရေတွက်နိုင်ပါဘုရား) ရှေ့.ကို နိဗ္ဗာန်မရသေး:ယင် သူက အထုပ်ကြီး ထုပ်ဦး:မှာကော....(မရေတွက်နိုင်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့၏ ကျေး:ဇူး:ရှင်ကဖြင့် တဏှာ, ဥပါဒါန်ဘဲ၊ မဂ္ဂဗြဟ္မစရိယအကျင့်ကို ခင်ဗျားတို့ကို ဆရာဘုန်း:ကြီး:က သင်ပေး:ပြီး:သကာလ ခင်ဗျားတို့ကလဲ မဂ္ဂဗြဟ္မစရိယအကျင့်နဲ့မှ ဖြတ်ခြင်း: တောက်ခြင်း:အလုပ်ကို မလုပ်တော့ပါဘူး: ဆိုယင် နောက်ခန္ဓာတွေ့ ဆက်ဆက်ရနေလို့ရှိယင် မျောလင့်ချက်မရှိဘူး: (မှန်ပါ့) ရှိပါ့မလား:....(မရှိပါဘုရား)။

တကာ တကာမတို့ နောက်ခန္ဓာသည်ကား:....လို. ဆိုယင် ကြောက်စရာအကောင်း:ဆုံး:ခန္ဓာ၊ သဘောကျပလား:....(ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကနေ့ကစပြီး:သကာလ မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်ကြပါ....(မှန်ပါ့) မဂ္ဂဗြဟ္မစရိယအကျင့်မှာ ခေါင်း:ဆောင်နေတာက သမ္မာဒိဋ္ဌိ၊ သဘောကျပလား .... (ကျပါပြီဘုရား) လူတိုင်း:လိုနေတာက မိစ္ဆာဒိဋ္ဌိ....(မှန်ပါ့)။

လူတိုင်း:လိုနေတာက....(မိစ္ဆာဒိဋ္ဌိပါ) မဂ္ဂဗြဟ္မစရိယာအကျင့်မှာ ခေါင်း:ဆောင်နေတာက.... (သမ္မာဒိဋ္ဌိပါဘုရား) ဒါဖြင့် မိစ္ဆာဒိဋ္ဌိက အမိုက်တရား:....(မှန်ပါ့) သမ္မာဒိဋ္ဌိက ပညာရှိတရား: (မှန်ပါ့)။

ဒီတော့ တကာတကာမတို့ အသေဝနာစ ဗာလာနံကို ပယ်ပြီး ပဏ္ဍိတာနဥ္စ သေဝနာလုပ်ရလိမ့်မယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပဏ္ဍိတကို ပဏ္ဍိတဖြစ်ဖဲ့ မဂ္ဂင်ဖိုလ်ဖြစ်စရိယအကျင့်ဟာ တကာ တကာမတွေ ဝမ်းထဲရောက်ပါစေ....(မှန်ပါ့) ငါ့ပစ္စည်း, ငါ့ဟာဖြစ်ဘို့ဆိုတဲ့ မိစ္ဆာဒိဋ္ဌိတရားဟာ အင်မတန်မိုက်တဲ့တရား၊ အမိုက်တကာ့အမိုက်ဆုံး မိစ္ဆာဒိဋ္ဌိဟာ အမိုက်ဆုံး၊ ပဏ္ဍိတကိုရိယက်ထက် မိုက်သေးတယ်....(မှန်ပါ့)။

ပဏ္ဍိတကိုရိယက်က အပြစ်ပေါ့လျော့သေးတယ်၊ သူကတော့ အပြစ် အလွန်ကြီးတယ်... (မှန်ပါ့) ဒါကြောင့် သူက ဗာလတရား....(မှန်ပါ့) သမ္မာဒိဋ္ဌိက ပဏ္ဍိတ-တရား....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ ဩော်.... ကျုပ်တို့ ဘယ်သွားလို့ကိုးမယ်၊ ဒီနေ့တော့ အရောင်းအဝယ်ကိစ္စကလေးက မပြီးပြတ်တာကလေးကလဲ ရှိနေသေးတယ်တဲ့....(မှန်ပါ့) ဘယ်တော့မှလဲ ပြီးပြတ်မည့်ကိစ္စမျိုးတွေလဲ မဟုတ်ပါဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မပြီးပြတ်တာ ရှိတယ်ဆိုတာ အထွက်ကောင်းအောင် လုပ်သွားတာ၊ ဘယ်တော့မျှား ပြီးပြတ်သတုံးမေးတော့ .... (မပြီးပြတ်ပါဘုရား) ဘယ်တော့မှ မပြီးပြတ်ဘူး၊ ချိန်းထားတာဘဲဗျ၊ ဒီကုန် ကုန်မည့်ကြိုယင် ဟိုကုန် ဝယ်ထားပြီးပေါ့၊ ဘယ်တော့ပြီးပြတ်မှာတုံး....(ဘယ်တော့မှ မပြီးပြတ်ပါဘုရား)။

အဲဒါ အထွက်ခကောင်းအောင်ကျတော့ဘယ့်နှယ်ဆိုသတုံး....

ဟာ....ပြောဆိုထားတာကလေးက တန်းလန်းကလေးတော့ ဖြစ်တော့ ထွက်ရဦးမယ်ပေါ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါဟာ သူသည်ကား....လို့ဆိုယင် ဘာကို မြဲမဲ့မိတာတုံး....ဆိုတော့ မိစ္ဆာဒိဋ္ဌိကို မြဲမဲ့မိတာ၊ ဗာလကို မြဲစဲ့မိတာ....(မှန်ပါ့) ပုဂ္ဂိုလ်ကို မြဲမဲ့တာလား ဆိုတော့ ဝမ်းထဲမှာ သူရောက်တဲ့အချိန်က စပြီး အပြင်ထွက်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ မင်္ဂလသုတ်ကလဲ ခင်ဗျားတို့က သီထားတာက အသေဝနာစ ဗာလာနံ- တကာဝရဲ့ သားကလေးဖြစ်စေ၊ ကိုမြရွှေရဲ့သားကလေးဖြစ်စေ၊ ကိုယ့်သားကလေးတွေ ဟိုကောင်ကြီးနဲ့ မပေါင်းနဲ့ ဘုရားက ဟောထားတယ်၊ အသေဝနာစ ဗာလာနံ....တဲ့၊ ဟိုကောင်ကြီးနဲ့ပေါင်းယင် မင်း-မိုက်တော့မှာဘဲ....(မှန်ပါ့)။

ဘယ်မှာတုန်းဗျ.... ကိုယ်က ပေါင်းနေတာက ဟိုကောင်ကြီးထက်ဆိုးတဲ့လူနဲ့ ပေါင်းနေတယ်.... (မှန်ပါ့) ရိပ်မိပလား.... ရိပ်မိပါပြီဘုရား)။

ဘယ်သူနဲ့ပေါင်းနေသတုံး .... (ဟိုကောင်ကြီးထက် ဆိုးတာထက် ပေါင်းနေပါတယ်) ဟိုကောင်ကြီးထက်ဆိုးတာနဲ့ ပေါင်းနေတယ်၊ မိစ္ဆာဒိဋ္ဌိက တကာ တကာမတို့ ငါ့ကိုယ်, ငါ့ဟာဖြစ်ဘို့၊ ငါကြီးပွားဘို့၊ ငါ့သား,ငါ့သမီး ဖေါဖေါသီသီစားဘို့ သောက်ဘို့၊ လူချင်းတူတူ သူချင်းမျှမျှဝတ်ဘို့ အဲဒါကြောင့် ငါသွားရမယ်ဆိုပြီးသကာလ ဗာလဝင်လာလို့ ထွက်သွားရတယ်- (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပဏ္ဍိတဝင်လာတဲ့အခါကျတော့ ဒီအလုပ်ကလေးလဲ လုပ်လိုက်ဦးမယ်လေ....သံသရာပြတ်တဲ့အလုပ်ကလေး၊ ဒီလိုမလာဘူးလား..._ (လာပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့ အိမ်က ထွက်လို့ ရှိယင်ဖြင့် သြော်....ဒါသည် ဘယ်သူဝင်လာပါလိမ့်၊ဘယ်သူ့ကို မှီဝဲမိပါလိမ့်မတုံးဆိုတာ ရိပ်မိပြီ .. (ရိပ်မိပါပြီဘုရား)။

အသေဝနာစ ဗာလာနံကို ပြောင်းပြန်ဖြစ်ပြီး သေဝနာစ ဗာလာနံ မှီဝဲမိတာ.... (မှန်ပါ) ဗာလာနံ = မိုက်တဲ့မိစ္ဆာဒိဋ္ဌိ အသင်းအပင်း တရားအစုတို့ကို၊ သေဝနာစ = မှီဝဲ ဆည်းကပ်ရခြင်းသည်လည်းကောင်း....(မှန်ပါ)။

မိုက်တဲ့တရားကို ဘာလဲပ်သလဲ .... (မှီဝဲ ဆည်းကပ်ပါတယ်ဘုရား) မှီဝဲဆည်းကပ်လိုက်တာနဲ့ သူရောက်လာတဲ့ အချိန်ကစပြီးသကာလ ခင်ဗျားတို့ အငြိမ်နေလို့ ရသေးရဲ့လား....(မရပါဘုရား)။

ဘယ်သူ့ကို မှီဝဲ ဆည်းကပ်မိလို့ပါလိမ့် .... (ဗာလကို မှီဝဲဆည်းကပ်မိလို့ပါ) ဘုရားပဉ္စင်္ယင် သွားချင်မှတောင် ခင်ဗျားတို့သွားမယ်၊ သူရောက်လာယင်တော့ တကာ တကာမတွေ အထုပ်ပြင်လို့ ဖီးကာ လိမ်းကာနဲ့ မသွားကြဘူးလား....(သွားပါဘယ်ဘုရား) ဒါ-ဘာဝင်လာလို့ပါလိမ့်.... (ဗာလ ဝင်လာလို့ပါဘုရား)။

ဗာလဝင်လာတယ်ဆိုတာ တခြားက တစိမ်းလူမိုက် ဝင်လာတာလား၊ မမှီဝဲထိုက်တာ မှီဝဲတဲ့တရား ဝင်လာတာလား....(မမှီဝဲထိုက်တာ မှီဝဲတဲ့တရား ဝင်လာတာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ မင်္ဂလသုတ်တော်က ဆိုထားတာကို သေသေချာချာမှတ်ကြပါ၊ "အသေဝနာစ ဗာလာနံ.... ဗာလာနံ=လူမိုက်ကို(ဝါ)မိုက်တတ်တဲ့တရားကို၊ အသေဝနာစ= မမြဲဝဲရခြင်းသည်လည်းကောင်း....ဆိုတော့ မိုက်တတ်တဲ့တရားကို မမြဲဝဲရဘူး....(မှန်ပါ့)။

ဘာလုပ်ရမတုံး .... (မိုက်တတ်တဲ့တရားကို မမြဲစဲရပါဘုရား) ဟိုပုဂ္ဂိုလ်ကို မမြဲဝဲရဘူးဆိုဘော့ ဟိုပုဂ္ဂိုလ်က တခါတလေ လိမ်မာချင် လိမ်မာသေးတယ်၊ ငါမိုက်တယ်ဆိုပေမဲ့ ငါဒီဥစ္စာတော့ မလုပ်ဘူးကွ-လာသေးတယ်....(မှန်ပါ့) ဒီမိစ္ဆာဒိဋ္ဌိဝင်လာယင် ငါမိုက်တယဲ့ဆို အကုန်လုံးဒုက္ခ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဘုရားက လူမိုက်ကို မမြဲဝဲနဲ့ဆိုတာ ပုဂ္ဂိုလ်ကိုတင်စားပေါတာ၊ စင်စစ်တော့ မိုက်တဲ့တရားပါ မမြဲဝဲယင် ပိုကောင်းပါတယ်....(မှန်ပါ့) ဒါကြောင့် ခင်ဗျားတို့သန္တာန်မှာ မိစ္ဆာဒိဋ္ဌိ မမြဲဝဲယင် ငါ့သား, ငါ့သမီး, ငါ့မြေး, ငါ့ဥစ္စာ ဖြစ်ချင်တဲ့ မိစ္ဆာဒိဋ္ဌိကို မမြဲဝဲပါနဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဏ္ဍိတာနဉ္စ သေဝနာဆိုတာလဲ သမ္မာဒိဋ္ဌိကို မြဲဝဲစမ်းပါ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သမ္မာဒိဋ္ဌိမြဲဝဲတော့ တကာတကာမတို့ သမ္မာဒိဋ္ဌိ ဘာဝေဟိ သမ္မာဒိဋ္ဌိကို မြဲဝဲပါ၊ ပွားများပါလို့ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ချမ်းသာချင်ယင် သူနဲ့ အလုပ်-လုပ်၊ ဆင်းရဲချင်ယင် ခုနင်က မိစ္ဆာဒိဋ္ဌိကို လက်ခံ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် အသေဝနာစ ဗာလာနံ-ဆိုတာ ရှင်းပါရဲ့လား.... (ရှင်းပါတယ်ဘုရား) မိစ္ဆာဒိဋ္ဌိဝမ်းထဲမှာ လက်ခံတာသည် တကာတကာမတို့ မမှိုဝဲကောင်းတာ မှိုဝဲတာဘဲ .... (မှန်ပါ့) မိုက်တတ်တဲ့တရားကို မှိုဝဲ လက်ခံတာဘဲ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ပဏ္ဍိတာနဉ္စ သေဝနာဆိုတာ မဂ္ဂင်္ဂဟ္မစရိယအကျင့်ကို ကျင့်တဲ့ အချိန်ကိုဆိုတာ... (မှန်ပါ့) သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့အခါဆိုတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ မယုံယင် စဉ်းစားကြည့်ပါ....တဲ့၊ အခု ဘုန်းကြီးပြောတဲ့ဥစ္စာကို၊ ပုဗ္ဗာစ ပုဗ္ဗနေယျာနံ-ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တဲ့အချိန်ကစပြီး အလေးပြု ပူဇော်စရာကို ရှာလိုက်တာ နတ်ပြည်မှာလဲ မတွေ့ဘူး....(မှန်ပါ့) ငါသိတဲ့တရားဘဲ အလေးပြုမှာဘဲဆိုပြီး လောကုတ္တရာ တရားကိုဘဲ အလေးဂရုပြုနေတယ်၊ အဲဒါ ပုဗ္ဗာစ ပုဗ္ဗနေယျာနံဆိုတာနဲ့ ကိုက်ပလား....(ကိုက်ပါပြီဘုရား)။

ဦးဘတင်တို့ ဒီဥစ္စာ သိပ်အရေးကြီးတယ်နော်.... (မှန်ပါ့) ပုဗ္ဗာစ ပုဗ္ဗနေယျာန- ပုဗ္ဗောထုကတာကု ပုဗ္ဗောရမယဆုတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သုံးဆဲ့တဘုံကို ရှာကြည့်တာ ငါ့ထက် သီလလွန်တဲ့ပုဂ္ဂိုလ် ရှိသေးသလား .... (မရှိပါဘုရား) ငါ့ထက် သီလသမာဓိလွန်တဲ့ပုဂ္ဂိုလ်....(မရှိပါဘုရား) ငါ့ထက် ပညာလွန်တဲ့ပုဂ္ဂိုလ်....(မရှိပါဘုရား)။

မရှိဘူးဆိုတော့ ငါဟာ ဘာကို ပူဇော် အလေးပြုနေရပါ့မတုံးဆိုတော့ ငါဟာ တရားကြောင့် ဘုရားဖြစ်လာတဲ့ လောကုတ္တရာတရားကို အလေးအမြတ် ပြုမှာဲတဲ့....(မှန်ပါ့) သမ္မာဒိဋ္ဌိကို ဝမ်းထဲမှာထားတယ်၊ ဒါနဲ့ဘဲ ဖြစ်ပျက်ရှုနေတယ်၊ နိဗ္ဗာန်ကို အာရုံပြုနေတယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဟာ မြတ်စွာဘုရားသည်ပင် ပူဇော စ ပူဇနေယျာနံ လုပ်နေတာမဟုတ်လား....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့လုပ်ပုံနဲ့ ပူဇော စ ပူဇနေယျာနံ ဆိုတာနဲ့ အတော်ကွာနေတယ်....(မှန်ပါ့) ခင်ဗျားတို့ကလဲ ငါ့ကိုယ်, ငါဟာဖြစ်ဘို့ သိပ်အရေးကြီးနေတယ်...(မှန်ပါ့)။

ဘာအရေးကြီးနေကြပါလိမ့် .... (ငါ့ကိုယ်, ငါဟာဖြစ်ဘို့အရေးကြီးနေပါတယ်) ငါ့ကိုယ်, ငါဟာ, ငါပစ္စည်းဖြစ်ဘို့အရေးကြီးနေတော့ ခင်ဗျားတို့က မပူဇော်ထိုက်တာကို ပူဇော်နေတယ်....(မှန်ပါ့)။

ဘယ်လောက်ထိအောင် ပူဇော်တယ်ဆိုတာ ဘုန်းကြီးရှင်းပြပါ့မယ်၊ ဩော်....ဒီနေ့ ကိုယ့်စွမ်းရည်နဲ့ ကိုယ်သွားမိပေလို့.... ဒီနေ့ ဒီအမြတ်အစွန်းကလေး ရလာတယ်၊ တော်-တော်သေးရဲ့တဲ့... ပူဇော်သကိုးဗျ....(မှန်ပါ့)။

ကိုယ့်စွမ်းရည်နဲ့ကိုယ် ဒီနေ့ သွားလိုက်တဲ့အတွက် ငါ-ဝင်ပြောလိုက်တဲ့အတွက် ဒီအမြတ်အစွန်းကလေးဟာ ပိုထွက်လာခဲ့တယ်၊ ငါသွားမိလို့ပေါ့.. မသွားမိလို့ရှိယင် ဒီဖေါက်သည်ဟာ လဲသွားမှာပေါ့.... အစရှိသည်နဲ့ တခါတည်း မိစ္ဆာဒိဋ္ဌိကို တော်-တော်သေးရဲ့ဆိုပြီး ပူဇော်ချလိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် ပူဇော စ ပူဇနေယျာနံ=ပူဇော်ထိုက်တာကို ပူဇော်တာ ကျသေးရဲ့လား....(မကျပါဘုရား) ခင်ဗျားတို့ တော်-တော် သေးရဲ့ဆိုတာ ဝမ်းသာတာဘဲမဟုတ်လား.... (မှန်ပါ့) ဒီဟာ ကလေးဝင်လာလို့ တော်-တောသေးရဲ့၊ ကျေးဇူးရှင်ဘာ၊ ဉီးဘတင်-လာမလား....(လာပါတယ်ဘုရား)။

ဘာကိုပူဇော်တာပါလိမ့်....(မိစ္ဆာဒိဋ္ဌိကို ပူဇော်ပါတယ်) မိစ္ဆာဒိဋ္ဌိကို တော်-တော်သေးရဲ့၊ ဉီးဘအုန်းတို့ တခါတလေများ သုံးစဲ့လာလိုက်ကြတာ၊ ဒီနေ့ သွားမိတာကလေးဟာ တော်ဘဲ တော်သေးရဲ့၊ ငါသွားမိလို့၊ ငါပြောမိလို့၊ သူတို့ တခြားသော ပုဂ္ဂိုလ်တွေနဲ့ လဲထားမိမယ်ဆိုလို့ ရှိယင် ဂျမ်းပြန်သွားမှာပေါ့.... အစရှိသည်နဲ့ တကာတကာမတွေ့ စဉ်းစားကြည့်ပါတဲ့၊ ပူဇော်ထိုက်တာကို ပူဇော်တာလား၊ မပူဇော်ထိုက်တာကို ပူဇော်တာလား....(မပူဇော်ထိုက်တာကို ပူဇော်တာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နေ့တိုင်း အရောင်းအဝယ်ထွက်ကြတာ ဘာပူဇော်ကြတာပါလိမ့်....(မပူဇော်ထိုက်တာကို ပူဇော်တာပါဘုရား) မိစ္ဆာဒိဋ္ဌိ ပူဇော်ထွက်ကြတာ....(မှန်ပါ့)။

ဖြစ်မှ ဖြစ်ရပလေ .... ကြောက်စရာ ကောင်းလှချည့်လား တကာတကာတို့၊ သဘောပါကြရဲ့လား.... (ပါ-ပါတယ်ဘုရား) ဘုန်းကြီးက ဒိဋ္ဌိကိုချည့် စောင်းဟောနေတာဘဲလို့များ ထင်သေးသလား....(မထင်ပါဘုရား)။

ဒိဋ္ဌိကိုချည့် စောင်းဟောနေတယ်လို့ မဆင်နဲ့၊ အားလုံး လိုလို အပူဇော်က သေသေချာချာ လဲနေတာ....(မှန်ပါ့) မလဲကြဘူးလား....(လဲပါတယ်ဘုရား)။

ဒါဖြင့် မပူဇော်ထိုက်တာကို... (ပူဇော်နေပါတယ်) ပူဇော်ထိုက်တာကိုတော့... (မပူဇော်ပါဘုရား) ဒါဖြင့် ဧတံ မင်္ဂလမုတ္တမံ မဖြစ်ဘူး.... (မှန်ပါ့) ဧတံ=ဤခြင်ဗျားတို့ ပူဇော်ထိုက်တာကိုတော့ မပူဇော်, မပူဇော်ထိုက်တာ ပူဇော်လို့ ရှိယင်ဖြင့်၊ ဥတ္တမံ=မြတ်သော၊ မင်္ဂလံ=မင်္ဂလာမည်၏ ဆိုတာ ဘယ်တော့မှ မဖြစ်ဘူး.... (မှန်ပါ့) နိဗ္ဗာန် ဘယ်တော့မှ မရဘူးဆိုလိုတာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဧတံ မင်္ဂလ မုတ္တမံ ဆိုတာ နိဗ္ဗာန်ကို အထွဋ်အထိပ်ထားပြီး ဆိုတာ၊ မြတ်တဲ့မင်္ဂလာဆိုတာ နိဗ္ဗာန်ထက်ကြီးတဲ့ မြတ်တဲ့ မင်္ဂလာ ရှိသေးရဲလား.... (မရှိပါဘုရား)။

နိဗ္ဗာန်ဟာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့၊ အင်မတန် မင်္ဂလာ ရှိတဲ့ တရားဆိုတာ တကာတကာမတို့ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ပူဇော်ပသ, တာကလေး ပြောင်းကြပါဦး.... (မှန်ပါ့)။

ဘာဟောလို့.... (ပူဇော်ပ, သတာကလေး ပြောင်းကြပါဦး) မိစ္ဆာဒိဋ္ဌိကို... (မပူဇော်ရပါဘုရား) သမ္မာဒိဋ္ဌိကို... (ပူဇော်ရပါမယ်ဘုရား) မိစ္ဆာဒိဋ္ဌိကို မမြဲဝဲပါနဲ့၊ သမ္မာဒိဋ္ဌိကို မြဲဝဲပါ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဗာလပဏ္ဍိတ်သုတ်ကလာတဲ့ ခင်ဗျားတို့ မင်္ဂလသုတ်က အစဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဗာလပဏ္ဍိတ်သုတ်တော်နဲ့ မင်္ဂလသုတ်တော်က အသေဝနာစ

ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာနဉ္စ ဥိးဘအုန်း တထပ်တည်း ဟောတာ...(မှန်ပါ့)ဥိးဘတင် ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

ဒီဟာ အင်မတန်အရေးကြီးတဲ့တရား အင်မတန်အရေးကြီးတဲ့နေရာမို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဗာလပဏ္ဍိတလို့ခဲ့ပြီး ဟောတာ....(မှန်ပါ့)။

ခင်ဗျားတို့ ယူထားတာက ပုဂ္ဂိုလ်ကို မပေါင်းနဲ့၊ မိုက်တဲ့ပုဂ္ဂိုလ်ကို မပေါင်းနဲ့၊ ပညာရှိတဲ့ ပုဂ္ဂိုလ်ကို ပေါင်း၊ ဒီမှာငယ်ရာက ကြီးလာတာ၊ ဒီမှာ လူပေါင်းကောင်းတော့ ဘယ့်နှယ်နေသတုံး.... စသည်နဲ့ ခင်ဗျားတို့က ပုဂ္ဂိုလ်လောက်ကိုသာ ထင်မှတ်နေတာ....(မှန်ပါ့) စင်စစ်တော့ ပုဂ္ဂိုလ်ဆိုတာက သေသေချာချာရှာပါတဲ့....(မရှိပါဘုရား) မိုက်တာဟာ ပုဂ္ဂိုလ်က မိုက်တာလား၊ အတွင်းမှာကိန်းဝှဲတဲ့တရားက မိုက်တာလား...(အတွင်းမှာ ကိန်းတဲ့တရားက မိုက်တာပါဘုရား) အဲဒါကို မမြဲစဲနဲ့ပြောတာ....(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

လိမ်မာတာဟာ ပုဂ္ဂိုလ်က လိမ်မာတာလား၊ အတွင်းမှာကိန်းတဲ့တရားက လိမ်မာတာလား....(ကိန်းတဲ့တရားက လိမ်မာတာပါဘုရား) အတွင်းက ကိန်းတဲ့ အောင်းတဲ့တရားက လိမ်မာတာ....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ အယူအဆတွေ ဥိးဘတင် ဘယ့်နှယ်နေသတုံး....(မှားပါတယ်ဘုရား) မှားတာကလဲ စဉ်တိုက်ဗျ....(မှန်ပါ့) ကိုယ့်ဘိုးဘွားလဲ ဒါ-သင်တာဘဲ၊ ကိုယ်ကျတော့လဲ ဒါဘဲ တတ်တာဘဲ....(မှန်ပါ့) ကိုယ်ကသင်တဲ့သားသမီးကျတော့လဲ....(ဒါဘဲ တတ်ပါတယ်ဘုရား)။

ဒါဖြင့် စင်စစ် ပုဂ္ဂိုလ်မိုက်တယ်လို့ ဆိုတဲ့ဥစ္စာ သေသေချာချာ အတွင်းရှာ၊ ကိုမြရွှေတို့ ပုဂ္ဂိုလ်ကျတော့ ဘယ်သူမှ မမိုက်ပါဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ယောကျ်ားက မိုက်တာလား- မိန်းမက မိုက်တာလား၊ ဝမ်းတွင်းကိန်းတဲ့ တရားက မိုက်တာလား.... (ဝမ်းတွင်းကိန်းတဲ့ တရားက မိုက်တာပါဘုရား) ဒါဖြင့် အဲဒါကို မမြဲဝဲနဲ့....(မှန်ပါ့) ဝမ်းတွင်းမှာ မှန်ကန်တဲ့သမ္မာဒိဋ္ဌိကို....(မြဲဝဲရပါမယ်ဘုရား)မိစ္ဆာဒိဋ္ဌိကို... (မမြဲဝဲရပါဘုရား)။

အဲဒီတော့ မိစ္ဆာဒိဋ္ဌိကို မမြဲဝဲနဲ့၊ သမ္မာဒိဋ္ဌိကို မြဲဝဲပါ-(မှန်ပါ့ဘုရား) ဤကဲ့သို့ မြဲဝဲမှန်တဲ့လူကျတော့ ဇော်=ဤတရားသည်၊ ဥတ္တမံ=မြတ်သော၊ မင်္ဂလံ=နိဗ္ဗာန်ရောက်တဲ့ မင်္ဂလာမည်သည်၊ ဟောတိ=ဖြစ်၏၊ မဂ္ဂင်ရှစ်ပါးဟာ မင်္ဂလာဘဲ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့- တကာတကာမတွေဟာ အပေါင်းအသင်း မလွဲပါစေနဲ့....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိကို....(မပေါင်းရပါဘုရား) သမ္မာဒိဋ္ဌိကို....(ပေါင်းရပါမယ်ဘုရား)။

ကောင်းပြီ.. ဒါဖြင့် ဒီအချိန်ဟာ မိစ္ဆာဒိဋ္ဌိက ဝင်လာပြီး သွေးဟဲ့....လာဟဲ့လို့ တွန်းနေတာ ဘယ့်နှယ် လုပ်ကြမလဲ၊ ကိုင်း....မင်းတို့ မပေါင်းကောင်းဘူးက-မမြဲဝဲရဘူးလို့ ဘုရားကဟောတယ်၊ အဲဒါကြောင့် မင်းသည် ငါတို့ကို အထဲကနေပြီး အသေကျဉ်းအောင် နှုတ်မလို့ မင်းလုပ်ပြန်ပြီ၊ သဘောကျပလား....(ကျပါပြီဘုရား)။

အသိဉာဏ်ရှိတဲ့ နေချိန်ကလေးထဲမှာ အသေကျဉ်းအောင် လုပ်မလို့ သူလာတာ....(မှန်ပါ့) ခင်ဗျားတို့ အကျိုးရှိအောင် လာတာလား- အကျိုးမရှိအောင် လာတာလား.... (အကျိုးမရှိအောင် လာတာပါဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကို ခင်ဗျားတို့က ရှေးမူကြီးများ လုပ်ချင်သေးသလား (မလုပ်ချင်ပါဘုရား) လက်မောင်းကြီးပြုတ်သွားပြီလို့ ငိုများ ငိုချင်သေးသလား.... (မငိုချင်ပါဘုရာ) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့- တကာတကာမတွေ့မှာ မြဲခဲထိုက်တဲ့ တရားကိုလဲ ယနေ့ ရှင်းပါတယ်....(မှန်ပါ့) မမြဲခဲထိုက်တဲ့ တရားကော....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဘုရားက နေယျတ္ထဒေသနာနည်းအားဖြင့် ပုဂ္ဂိုလ်ကို ဟောတာ....(မှန်ပါ့) သေသေချာချာ စဉ်းစားတော့ ပုဂ္ဂိုလ် ဆိုဘာ နဂိုရှိကလဲ မရှိပါဘူး.... (မှန်ပါ့) မရှိဘဲ့တရားမို့ မှတ် စရာကော....(မရှိပါဘုရား) ဓမ္မကဝင်ပြီး မိုက်တာဗျ .. (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သူက ဝင်မိုက်ဘာတုံး....(ဓမ္မက ဝင်မိုက်တာပါဘုရား) အဲဒါကို မမြဲစဲနဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ခြကြောင့် မိစ္ဆာဒိဋ္ဌိ ပဟာနာယ = မမြဲစဲနဲ့ကွ· သူ့ကိုပယ်-သူ့ကိုပယ်၊ သမ္မာဒိဋ္ဌိကျတော့ ဘာဝေဟိ= သူ့ကိုတော့ ပွားများလို့ တိုက်ရိုက်ကို ဟောထားတာ....(မှန်ပါ့) ခင်ဗျားတို့ကတော့ ပုဂ္ဂိုလ်ချည့် ယူထားတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ မဂ္ဂဗြဟ္မစရိယအကျင့်မှတပါး ပေါင်းသင်းစရာမရှိပါဘူး....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့တရား ဆုံးတော့ မဆုံးဘူးပေါ့ဗျာ....အလာမှာ ဘယ့်နှယ်နေကြသလဲ (တူပါတယ်ဘုရား) လူမိုက်နဲ့ လူလိမ်မာ တူတယ်နော် ...(မှန်ပါ့) အနေမှာတော့ ဘာတဲ့....(ထူးပါကယ်ဘုရား) အနေမှာ ထူးခြားရမယ်....(မှန်ပါ့)။

ဘယ်လိုထူးခြားရမတုံး.... အပေါင်းအသင်းမလဲဘို့....(မှန်ပါ့ ဘုရား)။

ဒါမှသာလျှင် အသေမှာ ဘာဖြစ်မတုံး....(ထူးပါမယ်ဘုရား) အဆသခြားနားမယ်ဆိုတာ ကောင်းကောင်းသဘောကျပလား-ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်-လုပ်မှု ကိစ္စပြီးမယ်.... (မှန်ပါ့) အလုပ် မလုပ်သို့ ရှိယင်.... (ကိစ္စမပြီးပါဘုရား) ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)။

ကဲ....နက်ဖြန်မှ အလုပ်သင်မယ်။

သာဓု....သာဓု .. သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
သမ္မာဒိဋ္ဌိအကြောင်း (၂)

ဓနုအလုပ်ပေးတရားတော်

(၂-၃-၆၀)

တကာတကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ, မင်္ဂသမ္မာဒိဋ္ဌိ, ဖိုလ်သမ္မာဒိဋ္ဌိ, ဒါတင်ဘဲ စ,တော့မယ်....(မှန်ပါ့) ဝိပဿနာ သမ္မာဒိဋ္ဌိက သူ့အမြင် ဘယ်လိုလဲလို့ မေးလို့ရှိယင် တကာတကာမတို့ မနေ့က ရှင်းထားခဲ့တယ်၊ ဖြစ်ပျက်ကိုသာမြင်တယ်၊ ခန္ဓာမမြင်တော့ဘူး....(မှန်ပါ့)။

ဝိပဿနာ သမ္မာဒိဋ္ဌိက ဘာမြင်ပါလိမ့် .... (ဖြစ်ပျက်ကိုသာမြင်ပါတယ်, ခန္ဓာကို မမြင်ပါဘုရား) အဲ....ခန္ဓာရယ်လို့ မမြင်တော့ဘူး၊ ဖြစ်ပျက်ကိုသာမြင်တယ်၊ ခန္ဓာမမြင်ဘူးလို့ မှတ်ထားပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ခန္ဓာကိုမမြင် ဖြစ်ပျက်ကိုသာမြင်သော ကြောင့် ခန္ဓာကို စွန့်တယ်ဆိုတဲ့ အဓိပ္ပါယ် မနေ့က ပြောခဲ့ပြီ....(မှန်ပါ့)။

ဂုဏ်းဝိပဿနာသမ္မာဒိဋ္ဌိသည် ဖြစ်ပျက်ကို မြင်နေတဲ့အတွက် မြင်လို့ရှိယင် နောက်က ပဋိစ္စသမုပ္ပါဒ်ဆက်ရမှာတွေ့လဲ ဆက်သေးရဲ့လား....(မဆက်ပါဘုရား) အဲဒီမဆက်တာ ထောက်မေးလိုက်ယင် တဏှာ, ဥပါဒါန်, ကံ့ကိုလဲ စွန့်ပြီးသားကျတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိသည် နှစ်ကိစ္စကို ကောင်းကောင်းရွက်ဆောင်တယ်လို့ မှတ်ပါ....(မှန်ပါ့) ရှေပိုင်းက ဖြစ်ပျက်သာမြင်သောကြောင့် ခန္ဓာစွန့်တယ်....(မှန်ပါ့) နောက်ပိုင်းက ပဋိစ္စသမုပ္ပါဒ်ကို ဝိပဿနာသမ္မာဒိဋ္ဌိက ဖြတ်လိုက်သောကြောင့် တဏှာ, ဥပါဒါန်, ကံတွေ့လဲစွန့်တယ်....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ဝိပဿနာသမ္မာဒိဋ္ဌိသည် အလွန်ကျေးဇူးများဟဲ့ သမ္မာဒိဋ္ဌိဘဲ ဆိုလို့ရှိယင် မလွဲဘူးပေါ့ဗျာ....(မှန်ပါ့)။

ဝိပဿနာ သမ္မာဒိဋ္ဌိသည် အရေးကြီးတယ်ဆိုတာ သာသနာတွင်းမှ ပေါ်လာလို့ အထူးတလည် အရေးကြီးတယ်လို့မှတ်ကြစမ်း....(မှန်ပါ့)။

ဘယ်အချိန်ပေါ်ပါလိမ့်....(သာသနာတွင်းမှ ပေါ်ပါတယ်ဘုရား) သာသနာတွင်းမှ ပေါ်တယ်လို့ မှတ်ထားကြပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိကဖြင့် ခရီးပေါက်ပြီ၊ မင်္ဂသမ္မာဒိဋ္ဌိကျတော့ မနေ့က ဘယ်လိုပြောခဲ့သတုံးဆိုတော့ ဝိပဿနာပြီး မင်္ဂဆိုက်တဲ့အခါကျလို့ရှိယင်ဖြင့် သူကလဲ တူတူဘဲ့....တဲ့၊ ခန္ဓာလဲ သူမြင်တော့ဘူး၊ မြင်သောကြောင့် ခန္ဓာလဲ စွန့်ပြီးသားကျတယ်....(မှန်ပါ့)။

ခန္ဓာချုပ်ငြိမ်းတာကို မြင်သောကြောင့်လဲ နိဗ္ဗာန်ကို သူ-မြင်တယ်ဆိုတာလဲ အမှန်ဖြစ်တယ်... (မှန်ပါ့) နောက်က ဒီဌိ ဝိစိကိစ္ဆာတည်းဟူသော ကိလေသာတို့ကိုလဲ သေသေချာချာ ဖြတ်နိုင်သောကြောင့် မဂ်ကတော့ သုံးကိစ္စ ဆောင်ရွက်တယ်လို့ မှတ်ထားကြပါ....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ဒိဌိသည်ကား....လို့ ဆိုယင်ဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိတင် ရှိသေးသလား၊ မဂ်သမ္မာဒိဋ္ဌိ ရောက်ပလားလို့ဆိုတာ အလုပ် လုပ်နေတဲ့ပုဂ္ဂိုလ်တွေမှာတော့ ခြားခြားနားနား သိရလိမ့်မယ်နော်....(မှန်ပါ့)။

ဒိဌိက ဝိပဿနာသမ္မာဒိဋ္ဌိတင်ရှိနေလို့ရှိယင် စဉ္ဆေသောတာပန်လို့မှတ်လိုက် ...(မှန်ပါ့) မဂ်သမ္မာဒိဋ္ဌိ ရောက်လို့ရှိယင်ဖြင့် မဟာသောတာပန်လို့ မှတ်လိုက်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိက ဘာကို စွန့်သတဲ့တုံး....(ခန္ဓာလဲစွန့်, တဏှာလဲ စွန့်ပါတယ်ဘုရား) နိဗ္ဗာန် အစစ်တော့ မမြင်ဘူး....(မှန်ပါ့)။

ထိုကဲ့သို့ နိဗ္ဗာန်မမြင်တဲ့အတွက် ခန္ဓာစွန့်, တဏှာစွန့်တာ နိဗ္ဗာန်မမြင်ဘဲနဲ့ စွန့်ရသည်ဖြစ်လေသောကြောင့် နိဗ္ဗာန်တည်းဟူသော ဆဲကိုင်ရာကို မရသောကြောင့် တဏှာကို စွန့်တယ် ဆိုကြားသော်လဲ အမြစ်မပြတ်ဘူး....(မှန်ပါ့) ဘာ့ကြောင့်တုံး.... မေးလို့ရှိယင်ဖြင့် နိဗ္ဗာန်တည်းဟူသော ဆဲကိုင်ရာ ကောင်းကောင်းမရသေးလို့.... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်တည်းဟူသောတရားကို ဝိပဿနာဉာဏ်က ကောင်း ကောင်း ဆွဲကိုင်ရာ ရပလား....(မရသေးပါဘုရား) အဲဒီကဲ့သို့ မရသေးတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ့၌ ကိလေသာကို ဖြတ်တဲ့နေရာမှာ အမြစ်နဲ့တက္ခ မပြတ်ဘူးဆိုတဲ့ဥစ္စာ မှတ် ထားပါ....(မှန်ပါ့)။

မဂ်သမ္မာဒိဋ္ဌိကတော့ နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာကို ကောင်းကောင်းရတဲ့အတွက် ခန္ဓာလဲစဉ်နဲ့ နိဗ္ဗာန်ကို ဆွဲကိုင်တယ် ဆိုတာ သူ-အာရုံပြုတာပါဘဲ....(မှန်ပါ့)။

ထိုကဲ့သို့ အာရုံပြုနိုင်သောကြောင့် နိဗ္ဗာန်တည်းဟူသော တရားကို ဆွဲကိုင်ပြီးသကာလ ကိလေသာကို ဖြတ်ရသည်ဖြစ်လေ သောကြောင့် ဒိဋ္ဌိဝိစိကိစ္ဆာ အမြစ်နဲ့တက္ခ ပြတ်တယ်လို့ ဦးခင် မောင်တို့ ဦးဘအုန်းတို့ မှတ်ဘို့ပေါ့....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ မဂ်ရပြီးယင် ဖိုလ် ဆိုတာသည် အကာလိကောလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) အကာလိကော=အခါမလင့်အကျိုးပေး၏ဆိုတော့ မဂ်ရပြီးချင်း ဖိုလ်ရ,ရလိုပါလို၏လို့ တောင့်တဘို့ မလိုပါဘူး.... (မှန်ပါ့) လိုသေးသလား.... (မလိုပါဘုရား) မဂ်ပြီး ဖိုလ်လာတာဘဲ.... (မှန်ပါ့ဘုရား) ဘာ့ကြောင့်တုံး....လို့ မေးတဲ့ခါကျလို့ ရှိယင် အနန္တရပစ္စယော= အခြားမရှိစေမူ၍ ကျေးဇူးပြုတယ်ဆိုတော့ မဂ်ဖြီး ဖိုလ်လာတာဘဲ.... (မှန်ပါ့) မဂ်ချုပ်သွားပြီး ဒီနေရာ ဘယ်သူလာပါလိမ့်မယ်....(ဖိုလ်လာပါမယ်ဘုရား) ဟဒယဝတ္ထု ပေါ်မှာ ဖိုလ်ဘဲလာမယ်ဆိုတာ တကာတကာမတွေ့ သတိထား ပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် ဒီအထဲမှာ အလုပ်သမားတွေလဲ အများကြီးပါကြပါတယ်၊ အဲဒီတော့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချနိုင်တဲ့အခြေအနေရောက်အောင်တော့ဖြင့် လုပ်လဲ လုပ်ထားကြပါ....(မှန်ပါ့)။

ဒီနေ့ပြောမည့်အဓိပ္ပါယ်သည် ဖိုလ်ဝင်စားတဲ့ အဓိပ္ပါယ်ကို နောက်ဆုံးပိတ်မှ ပြောမယ်၊ အရင် ပြောလိုတာက ဒို့သည် သောတာပန်တည်ပလား- မတည်သေးဘူးလား၊ တည်ခဲ့သော် အမြင်ကို ရှင်းအောင် ပြောမယ်....(မှန်ပါ့) ဒါ-ကိုယ့်ဟာကိုယ် အကဲခတ်ကြပေါ့ဗျာ....(မှန်ပါ့)။

ဘုန်းကြီးကတော့ဖြင့် သြော်....တကာတကာမတွေ အပါယ်လေးပါးကို သေသေချာချာ တံခါးပိတ်တဲ့အမြင်ဟာ ဒီအမြင်လို့ ပြောပြမယ်....(မှန်ပါ့) အပါယ်လေးပါး တံခါး မပိတ်သေးတဲ့အမြင်ကတမျိုး၊ အပါယ်လေးပါးတံခါးပိတ်တဲ့အမြင်ကတမျိုး၊ ဦးဘအုန်း အမြင်နှစ်မျိုးရှိတယ်လို့ မှတ်ကြပေါ့ဗျာ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒါဟာ ဘယ်မှာလာသတုံးလို့ မေးတဲ့အခါကျတော့မှ အရေးတကြီးမှတ်ရလိမ့်မယ် မူလပဏ္ဏာသပါဠိတော်မှာ လာတယ်၊ ပါဠိတော်ဆိုတော့ တကာတကာမတွေ မှတ်ရမှာက သြော်....ဘုရားကိုယ်တိုင်ဟောတာပါလားလို့.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူများဟောတာကို ထောက်ခံပေးတာမျိုးတောင် မဟုတ်ပါ

ဘူး၊ကိုယ်တော်တိုင် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဖွင့်ဟပြီး ဟောတော်မူတာလို့ ဦးခင်မောင်တို့ မှတ်ရလိမ့်မယ်....(မှန်ပ! ဘုရား)။

ဒါဖြင့် သောတာပန် တည်ပြီးသားပုဂ္ဂိုလ်၏အမြင်ကို ၆ပြာပါမယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို သစ္စကပရိဗ္ဗိုဇ်ကမေးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သောတာပန်အမြင်ဆိုတာ ဒါဘဲဟေ... လို့ နှုတ်ဖွင့်ဟပြီး ဟောတာကို တကာတကာမတွေ ကြားရမယ်... (မှန်ပ!)။

မရောက်သေးတဲ့ပုဂ္ဂိုလ်က ဒီအမြင်ရောက်အောင်လုပ်ပါ.... (မှန်ပ!) ရောက်ပြီးသား ပုဂ္ဂိုလ်များကတော့ စိတ်ချတော့ အပါယ်လေးပါးတံခါး ပိတ်ပြီလို့....(မှန်ပ!) သံသရာခရီးမှာ ဖြင့် ဒုက္ခတွေဟာ အများကြီး ကုန်သွားပြီ၊ အနည်းငယ်သာ ကျန်တော့တယ်လို့ဆိုကြပါစို့....(မှန်ပ!)။

ကိုင်း.... သစ္စကပရိဗ္ဗိုဇ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေကြားလို့ သစ္စကပရိဗ္ဗိုဇ်နဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အမေးအဖြေ လုပ်တယ်ဆိုတာလဲ ရှေပိုင်းက အသာထားခဲ့ပါ၊ တော့....(မှန်ပ!)။

နောက်တော့ သစ္စကပရိဗ္ဗိုဇ် ရှုံးပါတယ် အမေးအဖြေ လုပ်နေတဲ့ နေရာမှာ....(မှန်ပ!) ရှုံးတော့ သူဟာ မေးစရာ ဘာမှ မရှိတော့ သူ့ကိုဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လက္ခဏာရေးသုံးပါးတွေဟောတယ်၊ ဟောပေမဲ့လဲ သူကကျတ်ထိုက်တဲ့ပုဂ္ဂိုလ်မဟုတ်လို့ မကျတ်ခဲ့ပါဘူး ထိုဘဝမှာ....(မှန်ပ!)။

ဘုရားဟောလို့ ပုဂ္ဂိုလ်တိုင်း ကျွတ်တမ်းဝင်သွားတာဘဲလို့ ဒီလိုလဲ မယူကြနဲ့၊ တချို့ မကျွတ်တဲ့ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်၊ ဝါသနာဘာဂီက အကျိုးသာ ရသွားကြတယ်....(မှန်ပါ့)။

သစ္စကပရိဗိုဇ်ကို သေသေချာချာ လက္ခဏာရေး သုံးပါး ဟောတာဘဲ၊ ဟောပင် ဟောငြားသော်လဲ ကျွတ်ပါရဲ့လား.... (မကျွတ်ပါဘုရား) ဝါသနာပါသွားရုံဘဲ ကျေးဇူးမျှားတယ်လို့ မှတ်ထားလိုက်ကြပါ....(မှန်ပါ့)။

ဒါနဲ့ မေးစရာ သူ-ကုန်ရော၊ ကုန်တဲ့အခါကျတော့မှ သူ့ ဉာဏ်ထဲမှာ ပေါ်လာတာ သူ့ဘယ်လို့ မေးလိုက်သတုံး ဆိုတော့ အရှင်ဘုရား.... တိတ္ထိဆရာကြီး ခြောက်ယောက်တို့ သာသနာမှာ တော့ဖြင့် သူတို့တပည့်တွေဟာ မကွလိဂေါသာလဆီသွားလိုက် ပုရာဏကဿပဆီသွားလိုက်နဲ့ တပည့်တွေက တောင်ပြောင်း-မြောက်ပြောင်းနဲ့ ပြောင်းချင်သလို ပြောင်းရှေ့ကြပြီး ရှုပ်ပွေနေတာဘဲ ဘုရား....တဲ့၊ အယူဝါဒ တခုခုဆီမှာ မမြဲကြဘူးပေါ့ ဗျာ....(မှန်ပါ့)။

တိတ္ထိဆရာကြီးတွေက အမျိုးမျိုးအဖုံဖုံ တရားဓမ္မတွေ ဟောကြငြားသော်လဲ တပည့်တွေက မြဲကြရဲ့လား....(မမြဲပါဘုရား) ဟိုဆရာဆီရောက်သွား၊ ဒီဆရာဆီရောက်သွားဆိုတာ အယူမမြဲလို့ ရောက်သွားတာလို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့)။

သစ္စက ပရိဗိုဇ်က အဲဒါတွေမြင်တယ်၊ တခါ ဘုရားသာသနာတော်မှာ ကြည့်လိုက်တော့ ဘုရား၏တပည့်သားတွေ သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်တွေဟာ ဘယ်သာသနာမှ မသွားကြဘူး၊ မကွလိဂေါသာလဆီကိုလဲ မသွား၊ ပုရာဏဆီလဲ မသွား၊

သိဉ္ဇည်းဆီလဲ မသွား၊ ဒီသာသနာတော်မှာဘဲ မြဲမြဲစဲ့စဲ့ကြီး ကြိုးစားအားထုတ်ပြီးသကာလ .... ဒီမှာဘဲ နေကြတော့တာဘဲ၊ ဘယ်သာသနာကိုမှ ပြောင်းခြင်း, ရှေ့.ခြင်း မရှိဘူး.....(မှန်ပါ့) အဲဒါကိုလဲ သစ္စကပရိဗ္ဗိုဇ်က မြင်ပြန်တယ်.....(မှန်ပါ့)။

မြင်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုလျှောက်တယ်၊ အရှင်ဘုရား....တခြားသော သာသနာမှာ တပည့်တော်ကတော့ ဖြင့် ဟိုပြောင်း ဒီပြောင်းနဲ့ အယူဝါဒ မမြဲကြဘူး၊ အရှင်ဘုရား သာသနာတော်က တပည့်တော်ကတော့ အရှင်ဘုရား·သာသနာမှ တပါး ဘယ်မှမပြောင်းရှေ့.ကြပါဘူး၊ အဲဒါ ဘယ်သဘောလဲ....တဲ့၊ ဦးခင်မောင်-မေးပြီနော်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေ လေးစားစွာနဲ့ မှတ်စမ်းပါ ဘုရားက ငါဘုရား-သာသနာတော်မှာရှိတဲ့ တပည့်တော့ကတော့ အမြင်မှန် ရသွားကြတယ်ကွာ .... ဒါကြောင့် အမြင်မှန်ကို သူ တပါးပြောသံကြားနဲ့ မြင်တာမဟုတ်ဘူး၊ ကိုယ်တိုင် အမြင် ရသွားလို့ မပြောင်းကျဘူးတဲ့....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သူများပြောသံကြားနဲ့မြင်တဲ့အမြင်မျိုးမဟုတ်ဘူး၊ ကိုယ်တိုင် မြင်တဲ့အမြင်မျိုး ဖြစ်သောကြောင့် မပြောင်းဘူး....တဲ့၊ အဲဒါ မပြောင်းတဲ့အကြောင်းကို....

တော်ဝတာ ခေါ အဂိုဝေဿန သတ္ထုသာသနကာရော ဩဝါဒကာရော တိဏ္ဏ ဝိစိကိစ္ဆော ဝိဂတကထံကတော ဝေသာရဇ္ဇပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဝိဟရတိ....။

ဒါ-ကိုယ်တော်မြတ်ကြီးက သစ္စကပရိဗိုဇ်ကို သေသေချာချာ မဟာလိုက်တယ်....(မှန်ပါ့) ဒါသောတာပန်တည်ပြီးသားပုဂ္ဂိုလ် တို့၏အမြင်ကို အကျယ်ပြောမလို့ဆိုတာ တံကာတကာမတွေ့ မှတ်ပေတော့....(မှန်ပါ့) သောတာပန်တည်ပြီးသားပုဂ္ဂိုလ်၏ အမြင်မှန်ကိုပြမယ်....(မှန်ပါ့)။

သောတာပန်တည်ပြီးသားပုဂ္ဂိုလ်တော့ ဘုရားသခင် ကိုယ် တော်မြတ်ကြီးက ဟောတယ်၊ ရုပ်တွေ, နာမ်တွေဟာ ဖြစ်ပြီး ပျက်တဲ့သဘောချည့်ဘဲ၊ အဲဒီ ဖြစ်ပြီးပျက်တဲ့ သဘောကြီးဘဲ ဆိုတော့ သူတို့ကလဲ ဖြစ်ပြီးပျက်တဲ့သဘောဘဲ မရ,ရအောင် ရှာပြီးကြည့်ကြတယ်နော်....(မှန်ပါ့)ဒီအတိုင်းဘဲ ကြည့်လဲကြည့် အားလဲထုတ်၊ ဒီလိုဖြစ်သွားတယ်....(မှန်ပါ့)။

ဒီလိုမြင်သွားတော့ သူတို့စိတ်ထဲမှာ အမြင်က ဘယ်လိုဖြစ် လာသတုံး- ပဋ္ဌမဖြစ်ပျက်တွေ့မြင်လိုက်တယ်၊ ဖြစ်ပျက်တွေ့မြင်ပြီး သကာလ ဖြစ်ပျက်ကိုဘဲ လုပ်ရမယ်ဆိုတော့ ဖြစ်ပျက်ဘဲ သူတို့ ရှုတယ်၊ ရှုတဲ့အခါကျလို့ရှိယင် သူတို့စိတ်ထဲမှာ ဘယ်လိုပေါ် လာသတုံးဆိုတော့ ပုဂ္ဂိုလ်ရယ်လို့ သတ္တဝါရယ်လို့ ကိုယ့်ခန္ဓာ ကိုယ်ကြည့်လိုက်၊ ပုဂ္ဂိုလ်သတ္တဝါကို ရှာမတွေ့ဘဲနဲ့ ပုဂ္ဂိုလ် သတ္တဝါ လုံးဝမရှိဘူးဆိုတဲ့ အမြင်သာ ပေါ်တယ်....(မှန်ပါ့ ဘုရား)။

တိဏ္ဏဝိစိကိစ္ဆောဆိုတဲ့လွန်မြောက်ပြီးသော ဝိစိကိစ္ဆာ ရှိသွား တယ်၊ ပုဂ္ဂိုလ်သတ္တဝါမရှိဘူးဆိုတဲ့သဘောဟာ သူ့စိတ်ထဲမှာ သူပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားတယ်.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

တရားတွေ ကြည့်လိုက်တဲ့အခါကျတော့ အဖြစ်နဲ့အပျက်ဘဲတွေ့တယ်....(မှန်ပါ) ပုဂ္ဂိုလ်သတ္တဝါဖြင့် ရှာလို့ကိုမတွေ့ဘူး....(မှန်ပါ့) အဲဒီအမြင်မှန်ကို ရှေးဦးစွာ စ,ပြီးရတယ်ယ်ကွ....တဲ့....(မှန်ပါ့)။

တကာ တကာမတို့ ဒါ.... သောတာပန် အမြင်မှန်နော်....(မှန်ပါ့) သောတာပန်တည်ပြီးတဲ့ပုဂ္ဂိုလ်၏ အမြင်မှန်က ကိုယ့်ခန္ဓာကြည့်လိုက်လိုက် သူတပါးခန္ဓာကြည့်လိုက်လိုက် အလုပ်ခွင်ဝင်ပြီး စိုက်ကြည့်လိုက်တဲ့အခါကျလို့ရှိယင် ပုဂ္ဂိုလ်လဲမရှိဘူး-သတ္တဝါလဲမရှိဘူး၊ ဓမ္မဘာခု ဖြစ်ပြီးပျက်တယ်၊ နောက်ဓမ္မတခုဖြစ်ပြီးပျက်တယ်၊ နောက်ဓမ္မဘာခုဖြစ်ပြီးပျက်ပြန်တယ်၊ဒါတွေဘဲတွေ့ပြီးသကာလနေသောကြောင့် သူ့မှာ ပုဂ္ဂိုလ်သတ္တဝါလုံးဝမရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဆိုတဲ့သံသယ အကုန်ပြုတ်ထွက်သွားတယ်....(မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါရှိသေးသလား-မရှိဘူးလား ဆိုတဲ့သံသယ သူ့မှာ လွန်မြောက်သွားတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါ....သောတာပန်အမြင်နော် (မှန်လှပါဘုရား)။

ခန္ဓာကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်တာနဲ့ ပျက်တာဘဲ ဓမ္မကလေးတွေတွေ့ပြီးသကာလ ဧကြော်... ပုဂ္ဂိုလ်သတ္တဝါဆိုတာလုံးဝမရှိတာပါကလား၊ တိတ္ထာဝိစိကိစ္ဆာပုဂ္ဂိုလ်မရှိ· သတ္တဝါမရှိ၊ ပုဂ္ဂိုလ်သတ္တဝါဌ္ဌ ယုံမှားခြင်းကို လွန်မြောက်ကူးခတ်သွားတယ်....တဲ့....(မှန်ပါ့)။

အဲဒါကြောင့်လဲ ဒီသာသနာတော်မှာ နေတဲ့ပုဂ္ဂိုလ်ဟာဘယ်သာသနာ,ဘယ်အယူဝါဒကိုမှ မရှေ့.တော့ဘူး....(မှန်ပါ့)

ဒီလိုမြင်နေလို့မရှေ့တာ....(မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါခန္ဓာထဲမှာ ရှာလို့ကိုမတွေ့ဘူး....(မှန်ပါ့)။

ဒါက တကာ တကာမတွေက ထူးထူးလည်လည်မှတ်ပါ အလုပ်ခွင်ကို ဆိုတာပါ....(မှန်ပါ့)။

အိမ်မှာရောက်လို့ အလုပ်ဝင်တဲ့အချိန်ကျတော့ ငါ့သားဘဲ, ငါ့သမီးဘဲ, ငါ့မြေးဘဲ, ငါ့မြစ်ဘဲ ဒါရှိတာပါဘဲ၊ ကိစ္စမရှိပါဘူး သားသေလို့ငိုတာ ငိုပေစေ၊ သမီးသေလို့ငိုတာ ငိုပေစေ၊ သောတာပန်မျှား ငိုတာ ရှိပါသေးတယ်၊ အထူးအဆန်းမဟုတ်ပါဘူး၊ ငိုတတ်တဲ့တရားမှ သူမပါယ်ရသေးယင် ငိုသေးတာပေါ့ (မှန်ပါ့) ငိုတတ်တာက ဒေါသကိုး၊ ဒေါသမှ သူ့အကုန်မပယ်သေးဘဲကိုး....(မှန်ပါ့)။

သို့သော်... သောတာပန်တို့၏အမြင်ကတော့ တရားနဲ့ ခန္ဓာစိုက်လိုက်လို့ရှိယင် ပုဂ္ဂိုလ်သတ္တဝါ အဟုတ်မရှိပါကလားလို့ သူ့ညာဏ်ထဲမှာ ရှင်းနေတယ်....(မှန်ပါ့)။

အလုပ်လုပ်တဲ့အခါမှာ.... (ပုဂ္ဂိုလ်သတ္တဝါ မရှိပါဘူးရှာ) အဟုတ်မရှိဘူးဆိုတာ သူ့ညာဏ်ထဲမှာ ရှင်းနေတယ်.... (မှန်ပါ့ဘုရား)။

အဲဒီညာဏ်ရလို့ရှိယင် တကာ တကာမတို့ ဘယ်အယူဝါဒ ဘယ်ဘာသာခြားကဆဲဆဲ ဆဲချင်တာက ဆဲမရတော့ဘူး....တဲ့ (မှန်ပါ့)။

ဒါမှမရသေးလို့ရှိယင် ဘကာတကာမတို့ မဲ့လို့ပစ္စည်းရှားပါးလို့ ပြောင်းသွားဘာလဲရှိတယ်....(မှန်ပါ့) သံယောဇဉ်

သမုဒယကြောင့် ပြောင်းသွားတာကော.... (ရှိပါတယ်ဘုရား) အဲဒါတွေဟာ တကာတကာမတို့ ခုနင်က ဒီဌိနဲ့ ဝိစိကိစ္ဆာကို မပယ်နိုင်သေးလို့ ပြောင်းသွားတာ....(မှန်ပါ့)။

ဒါ့ကြောင့် တခြားသော သာသနာမှာ နေတဲ့ပုဂ္ဂိုလ်ဟာ ဟိုပြောင်းလိုက်, ဒီပြောင်းလိုက်ဆိုတာ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

သံသယဝိစိကိစ္ဆာက မပယ်ရသေးတော့ ဆုံးဖြတ်ချက်က မကျသေးတဲ့အတွက် ပြောင်းသွားသည်လို့ သေသေချာချာ မှတ်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ အရေးတကြီး ပြောရမည့်စကား အချိန်ရောက်လာတယ်လို့ ဦးဘအုန်း ဆိုကြစို့တော့....(မှန်ပါ့)။

ဘယ်လိုကြောင့်တုံး....ဆိုတော့ အခု ဘုရားတကာ,ကျောင်းတကာရဲ့ သားတွေ,သမီးတွေ, ဗုဒ္ဓဘာသာအစစ်ရဲ့ သားတွေ, သမီးတွေ ကေန်ဖြစ်ကြငြားသော်လဲ သြော်.... ဒီ့တော့ဖြင့် ဒီဘဝ စိတ်အေးရပြီ ဘယ်မှ ပြောင်းရွှေ့စရာမရှိဘူးလို့ ဒီလို့ မယူလိုက်ပါနဲ့....(မှန်ပါ့)။

ဝမ်းထဲမှာ ဝိစိကိစ္ဆာကလေးရှိနေသေးလို့ရှိယင် မင်္ဂနဲ့ မပယ်ရသေးလို့ အဖြစ်နဲ့ အပျက်မှတပါး ဘာမှမရှိဘဲဆိုတဲ့ ဆုံးဖြတ်ချက်မှ မကျသေးယင် အယူတပါးသို့ ပြောင်းသွားနိုင်သေးတယ်လို့ မှတ်ပါ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အယူတပါးသို့ ပစ္စည်းဥစ္စာနှင့် ဖြားယောင်း, ဖြားယောင်း၊ သံယောဇဉ်နဲ့ ဖြားယောင်း, ဖြားယောင်း ပြောင်းနိုင်သေးတယ် ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့) ကိုမြရွှေ-တော်တော် အရေးကြီးတယ်နော်....(ကြီးပါတယ်ဘုရား)။

ဒါဖြင့် အယူတပါး ပြောင်းကြတယ်ဆိုတာ ဝိစိကိစ္ဆာ မကုန်သေးလို့ ပြောင်းတာဘဲ....(မှန်ပါ့) ဝိစိကိစ္ဆာ မပယ်နိုင်သေးတဲ့ အတွက် ပြောင်းတာဘဲ....(မှန်ပါ့) ဦးခင်မောင်-ဒါဟာ အရေးကြီးလို့ ဒီနေ့ စိပ်ပြီးပြောနေတယ်နော်....(မှန်ပါ့)။

တကာတကာမတို့ အယူမဲ့ပြောင်းတဲ့ အဖြစ်ဟာ ကိုယ်တိုင် အယူမှန် ရထားမှနော်... (မှန်ပါ့) ခန္ဓာကိုယ်ထဲမှာ ရှောက်ပြီး ကြည့်လိုက်တဲ့အချိန်မှာ ပဋိစ္စသမုပ္ပါဒ်, ဓမ္မတွေအကြောင်း တိုက် ဆိုင်လို့ ပေါ်လာတယ်လို့ ကြည့်လိုက်တဲ့အခါကျတော့ ဘယ် မှာတုံး.... ပုဂ္ဂိုလ်ဆိုတာလဲ မရှိဘူး၊ သတ္တဝါဆိုတာလဲ မရှိဘူး၊ ယောကျ်ားလဲမရှိဘူး၊ မိန်းမလဲ မရှိဘူး၊ ဓမ္မသဘောအတိုင်း ဖြစ်ပြီး ဓမ္မသဘောအတိုင်းပျက်နေတာဘဲ....(မှန်ပါ့)။

ဓမ္မဖြစ်၍ ဓမ္မပျက်ဘဲရှိတယ်၊ ဒီလိုသိပြီးနေတဲ့ပုဂ္ဂိုလ်ကတော့ ဓမ္မဖြစ်ပြီး ဓမ္မပျက်တာသာရှိတယ်လို့ ဆုံးဖြတ်ချက်ချပြီးနေတဲ့ ပုဂ္ဂိုလ်ဟာ ဝိစိကိစ္ဆာ လွှန်မြောက်သွားသောကြောင့် (၀၊) ဝိစိကိစ္ဆာ ခန္ဓာကိုယ်ထဲမှာ မရှိသောကြောင့် ဘယ်အယူ ဝါဒသို့ ပြောင်းလို့ လဲလို့ သွားလိမ့်မယ်ဆိုတာ မရှိတော့ဘူး.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် ဒီဘဝ ဘုရားတကာ, ကျောင်း တကာကြီး၊ နောက်ဘဝကျလို့ရှိယင် တခြားအယူဝါဒ ဖြစ်ဦး မှာဘဲ....(မှန်ပါ့) သဒ္ဓောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီလိုဆိုလို့ရှိယင်ဖြင့် ကျုပ်တို့ဟာ အပါယ်လေးပါး ဘယ်မှာ စိတ်ချရတော့မတုံး (မချရပါဘုရား) ဒီဥစ္စိုစိကိစ္စာ ရှိနေသေးတယ်လို့ ဦးခင်မောင်-ဆိုထိုက်,မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ ဒီအခြေအနေဆိုက် အောင် လုပ်ထားကြစမ်းပါဆိုတာ ဘုန်းကြီးက တိုက်တွန်းတယ် (မှန်ပါ့) ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါကျတော့ ဒီအတိုင်း ခင်ဗျားတို့ဖြစ် သားသမီးမိဘကြည့်၊ ဒီကြည့်တာမျိုးကို မဆိုပါဘူး၊ အလုပ်ခွင်ဝင်တဲ့အချိန်မှာ သေသေချာချာကြည့်၊ ခန္ဓာကိုယ်ထဲမှာ အခုပေါ်လာတဲ့စိတ်ကလေး ကြည့်လိုက်၊ အခု ဖြစ်ပြီး အခုပျက်သွားတာဘဲ၊ ဘယ်မှာတုန်း ယောကျ်ားလား၊ မိန်းမလား၊ ငါလား, သူလားလို့ ကိုယ်ပိုင်ကြည့်လိုက်တာပေါ့ နော်....(မှန်ပါ့)။

ကိုယ်ပိုင်ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့မှာဘဲ....(မှန်ပါ့) ဇာခြား ဘာတွေ့စရာရှိသေးသတုံး.... (ဘာမှမတွေ့ပါဘုရား) ဘာမှ တွေ့စရာမရှိဘူး၊ ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့မယ်ဆိုတော့ သြော်.... ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝမရှိတဲ့သဘောပါကလားလို့ ကိုယ့်ဉာဏ်ထဲ ရှင်းသွားလို့ ရှိယင် အဲဒါ သောတာပန်အမြင်လို့ မှတ်ပါ....(မှန်ပါ့) ဒါ.အမြင်မှန်ဘဲလို့ မှတ်ကြပါ၊ သဘောပါကြပလား....(ပါ.ပါပြီဘုရား)။

ဒါဖြင့် အမြင်မှန်ဆိုတာက အလုပ်ခွင်ဝင်လိုက်လို့ရှိယင် ဓမ္မဖြစ်၍ ဓမ္မပျက်တာသာမြင်ပြီး ပုဂ္ဂိုလ်သတ္တဝါရှာမတွေ့တဲ့အမြင်မျိုးကို မြင်ခဲ့လို့ ရှိယင် ပုထုဇန် လွှန်မြောက်တဲ့အမြင် ဖြစ်လေ

သောကြောင့်(ဝါ) ဝိစိကိစ္ဆာမရှိတဲ့အမြင်ဖြစ်လေသောကြောင့် ဤဘုရားသာသနာမှတပါး ဘယ်ဘုရားသာသနာမှ မပြောင်း တော့ဘူး....(မှန်ပါ့) ဒီကျမှ စိတ်ချရတယ် ဦးဘအုန်း....(မှန်ပါ့) နို့မဟုတ်ယင် စိတ်မချရသေးဘူး....(မှန်ပါ့)။

ဒါ-ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သစ္စကပရိဗ္ဗိုဇ်က မေးလို့ သောတာပန်အမြင်ကို သေသေချာချာ ဖြေနေတာလို့ မှတ်စမ်းပါ....(မှန်ပါ့)။

ကောင်းပြီ .... ဒါဖြင့် ဓမ္မကလေး ကြည့်လိုက်လို့ ရှိယင်ဖြင့် ဖြစ်မှန့ဲ ပျက်မှမှတပါး ဘာမှ မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝ မပါ-ပါကလားလို့ ကိုယ့်ဉာဏ်ထဲမှာ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချလိုက်စမ်းပါ....(မှန်ပါ့)။

ဆုံးဖြတ်ချက်ချပြီးသကာလနေတော့ သြော်....ဒါကြောင့်ဘဲ ဘုရားလဲ ဟောပေတာဘဲ၊ ကိုယ့်အမြင်နဲ့လဲ ပုဂ္ဂိုလ်သတ္တဝါ သေသေချာချာ မရှိပါကလား၊ ခန္ဓာထဲ မျက်လုံးမှိတ်ပြီး ကြည့်လိုက်တဲ့အခါကျတော့မှ ဖြစ်တာရယ်၊ ပျက်တာရယ်၊ စိတ်ကြည့်လိုက်လဲ ဖြစ်တာရယ်၊ ပျက်တာရယ်၊ ဝေဒနာကြည့်လိုက်လဲ ဖြစ်တာရယ်၊ ပျက်တာရယ်ဘဲ ရှိတယ်....(မှန်ပါ့)။

ဒါ-ပုဂ္ဂိုလ်သတ္တဝါ လုံးဝမရှိပါကလား....ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါရှိသေးသလားလို့ ထင်တဲ့ ဝိစိကိစ္ဆာ ရှိသေးရဲ့လား.... (မရှိပါဘုရား) မရှိဘော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ တဲ့ပြုတ်သွဲ့းတယ်.... (မှန်ပါ့)။

အဲဒီ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ပြုတ်သွဲ့းတာသည် ဘယ်သူ့အမြင်တုံး ဆိုတာ ဦးခင်မောင်-ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်သူ့အမြင် ပါလိမ့်....(သောတာပန်အမြင်ပါဘုရား)။

အဲဒီအမြင်ရောက်မှ တကာတကာမတွေ့ ခင်ဗျားတို့ကျုပ်တို့သည် အပါယ်လေးပါးတံခါးပိတ်တယ်ဆိုဘာ တကယ် စိတ်ချရတယ်....(မှန်ပါ့) ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချနိုင်မှနော်....(မှန်ပါ့)။

ဝိဂတ ကထံကတော .... တဲ့ ကင်းသော ဝိစိကိစ္ဆာရှိတယ်၊ တွေးတောခြင်းမရှိဘဲဘူး၊ ခန္ဓာကိုယ်ထဲလျှောက်ပြီး တကာတကာမတွေ့က ဝိပဿနာအခန်းကို ဝင်ပြီး ကြည့်လိုက်တာပေါ့ဗျာ....(မှန်ပါ့)။

ကြည့်လိုက်တဲ့အခါကျတော့ ခုနင်ကအတိုင်းဘဲ ဆေြာ်.... ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝမရှိပါကလား၊ ဓမ္မတွေ့ဖြစ်ပြီး ဓမ္မတွေ့ပျက်နေတာပါကလားလို့ ခင်ဗျားတို့သည်ကား....လို့ ဆိုယင်ဖြင့် တွေးတောစရာကို ဒီအထဲမှာ ဒါကလေးဟာ ငါလား၊ ဟိုဟာကလေးဟာ သူလား၊ ဒီလိုလဲ တွေးတောစရာကို မလာတော့ဘူးတဲ့....(မှန်ပါ့) ဖြစ်တာနဲ့ ပျက်တာဘဲတွေ့နေတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာတွေ့နေသတုံး.... (ဖြစ်တာနဲ့ ပျက်တာဘဲ တွေ့ပါတယ်) ဖြစ်ဘာနဲ့ ပျက်တာဘဲ ခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့ စိုက်လိုက်, တွေ့လိုက်၊ ဉာဏ်နဲ့စိုက်လိုက်, တွေ့လိုက်၊ ဒါကလေး တွေ့နေတော့ ဝိဂတ ကထံကတော... တဲ့ ကင်းသော တွေးတောခြင်းရှိ၏တဲ့....(မှန်ပါ့)။

ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝမရှိပါဘူး၊ ဘယ်လိုတွေးတွေးမရပါဘူးလို့ သေသေချာချာ ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်

ချပါတဲ့.... (မှန်ပါ့) ဓမ္မရှိ၍ ဓမ္မပျက်ဆိုတာ ဒါဘဲ ရှိတော့တယ်လို့ ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ဒုတိယအချက်မှာ ပုဂ္ဂိုလ်သတ္တဝါ ကင်းတာတွေလဲ လွန်မြောက်တာနဲ့ တွေးတောခြင်း မရှိတာပါဘဲ....(မှန်ပါ့) အရင်ဟာက လွန်မြောက်တယ်၊ နောက်ဟာက တွေးတောခြင်း မရှိတော့ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တိဏ္ဏဝိစိကိစ္ဆောဆိုတာ အရင်ဟာ လွန်မြောက်တာ၊ နောက်ဟာက တွေးတောခြင်းကင်းတာ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီဘုရား)။

အဒကွသု မလောလ္ဂရှယင် တကာတကာမတို့ ဒီသာသနာမှ တပါး ဘယ်မှ မရှေ့.တော့ဘူး....(မှန်ပါ့) ဒီသာသနာ၌ မြဲသွားပြီ....(မှန်ပါ့) နိယတဖြစ်သွားပြီ။

. ဘယ်နှစ်ချက်ရှိသွားပလဲ.... (နှစ်ချက်ရှိသွားပါပြီဘုရား) ဦးခင်မောင်- ယုံမှားခြင်းကို လွန်မြောက်တာ တမျိုးနော်....(မှန်ပါ့)တွေးတောခြင်းကင်းတာက....(တမျိုးပါဘုရား) ပုဂ္ဂိုလ်သတ္တဝါရယ်လို့ တွေးတောခြင်း ရှိသေးရဲ့လား .... (မရှိပါဘုရား)။

နောက်ကျတော့ တခါတည်း ကိုယ့်ဉာဏ်ထဲမှာ ဝိပဿနာအလုပ်ခွင်ထိုင်ပြီးသကာလ ကြည့်နေတဲ့အခါကျလို့.ရှိယင် စိတ်ထဲမှာ ရဲရဲတင်းတင်းကြီး ဖြစ်လာသတဲ့ တကာ တကာမတို့....၊ သောတာပန်ပုဂ္ဂိုလ်မှာ ရဲရဲတင်းတင်းကြီးဖြစ်လာတယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုဖြစ်လာသတုံး.....(ရဲရဲတင်းတင်းကြီး ဖြစ်လာပါတယ် ဘုရား) ဘယ်လိုများ ရဲရဲတင်းတင်းကြီး ဖြစ်လာပါသလဲလို့ ဆိုတော့ ဝေဿာရဇ္ဇပုတ္တောတဲ့၊ ရဲရင့်ခြင်းသို့ရောက်လာတာယ်၊ သူ့ညာဏ်နဲ့သူ တခါတည်း ဘယ်သူက ဘာပြောပြော ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ဥစ္စာ ဒီခန္ဓာထဲမှာ လုံးဝကို မရှိဘူးဆိုတဲ့ဥစ္စာကို ရဲရဲတင်းတင်း သူ့ဟာသူ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့)။

သူ့ဟာသူဘာတုံး.....(ရဲရဲတင်းတင်းဆုံးဖြတ်ချက်ချပါတယ် ဘုရား) ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိဘူးနော်.... (မှန်ပါ့) သူကိုယ်တိုင်မြင်လို့ မရှိဘူးဆိုတာ သိတာ....(မှန်ပါ့) သူကိုယ်တိုင်မြင်လို့ ရဲရဲတင်းတင်း ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးလို့ ဘဲ တထစ်ချဆုံးဖြတ်ချက် ချလိုက်တယ်....(မှန်ပါ့ဘုရား) အဲဒါက ဝေဿာရဇ္ဇပုတ္တောတဲ့....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုယ့်ကိုယ်တိုင် ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချပါတယ် ဆိုကတည်းကိုက ကြားဝင်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား) အဲဒါ သောတာပန်ပုဂ္ဂိုလ်၏ အမြင်လို့ ဘုန်းကြီးတို့ တကာတကာမတွေ့ မှတ်ထားစမ်းပါ....(မှန်ပါ့)။

ဒါ-ဘယ်အယူဝါဒသို့မျှ မရှေ့တော့ဘူးနော်.... (မှန်ပါ့) နိယတဖြစ်လေသောကြောင့် သူသည် သုဂတိနှင့် နိဗ္ဗာန်သို့သာ မြဲတော့တယ်လို့ သေသေချာချာ ဦးဘအုန်းတို့ မှတ်ဘို့ဘဲ.... (မှန်ပါ့)။

ဒါဖြင့် အားလုံး တကာတကာမတို့ ဒီအမြင်ရအောင် ကျုပ်တို့ လုပ်ရတော့မယ်....(မှန်ပါ့) ဒီအမြင်က ဆရာသမားကောင်းများနဲ့တွေ့လို့ စည်းကမ်း နည်းလမ်းကျသွားယင် မခဲယဉ်းနိုင်ပါဘူး....(မှန်ပါ့)။

မျက်လုံးမှိတ်ပြီး ခန္ဓာကိုယ်ကိုသာ ဉာဏ်နဲ့စိုက်ကြည့်၊ ဖြစ်တာကလေးတွေနဲ့ ပျက်တာကလေးတွေမှတပါး ဦးခင်မောင်- ဘာတွေစရှာရှိသေးသတုံး....(ဘာမှမတွေ့ပါဘုရား) ဝေဒနာကြည့်လိုက်ပြန်လဲ ဝေဒနာမဟုတ်တော့ပါဘူး၊ ဖြစ်တာနဲ့ ပျက်တာဘဲ (မှန်ပါ့) စိတ်ကြည့်လိုက်ပြန်လဲ....(ဖြစ်တာနဲ့ပျက်တာပါဘဲဘုရား)။

ဖြစ်တာနဲ့ ပျက်တာကလေးဘဲ ရှိရှိ-ရှိရှိနေတော့ သြော်.... ပုဂ္ဂိုလ်သတ္တဝါဆိုတာ လုံးဝမရှိဘူး၊ ကိုယ့်ဉာဏ်နဲ့ကြည့်လေ မရှိလေဘဲ....(မှန်ပါ့)။

အဲဒီလို မှန်လှစ္စာသော ဉာဏ်ကြီး ရလာတဲ့အခါကျတော့ ဝေသာရဇ္ဇပတ္တော-တဲ့၊ ပုဂ္ဂိုလ်မရှိ-သတ္တဝါမရှိလို့ ရဲရဲတင်းတင်းသူ့စိတ်ထဲ ဆုံးဖြတ်ချက်ချတယ်....(မှန်ပါ့)။

ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချနိုင်တာသည် အဲဒါ အပါယ်လေးပါးတံခါးပိတ်တဲ့ သောတာပန်ပုဂ္ဂိုလ်၏ အမြင်တဲ့၊ သစ္စကပရိဗိုဇ်ကို ဟောခဲ့နေတာ....(မှန်ပါ့) သာသနာ မပြောင်းရှေ့တာဟာ ဒါကြောင့် မရှေ့တာဘဲဟေ့....(မှန်ပါ့) သဘောကျကြပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဘုန်းကြီး ပြောထားတဲ့တရားဟာ ဒီရောက်အောင်ချည့် နေ့တိုင်း ဟောနေတာဘဲ....(မှန်ပါ့)။

တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ဖြစ်ပေါ်လာတာ ကြည့်စမ်း-ကြည့်စမ်းဆိုတာ ပုဂ္ဂိုလ်သတ္တဝါအကြည့်ခိုင်းတာ မဟုတ်

ဘူးဗျ....(မှန်ပါ့) ဒီခု ကြားတဲ့စိတ်ကလေးပေါ်တယ် တကာ တကာမတွေ ရှိသေးရဲလားဆိုတော့ ဘယ်နှယ်ဖြေမလဲ .... (မရှိပါဘုရား)။

ဒါ-ပုဂ္ဂိုလ်လား၊ သတ္တဝါလား၊ ငါလား၊ သူတပါးလားလို့ မေးတဲ့အခါ ကြားတဲ့စိတ် ပျက်တာဘဲ ရှိတာဘဲ.... (မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါကို ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) ကြားတဲ့စိတ်ပါလို့ ဆိုနေပေါ့၊ ပုဂ္ဂိုလ်ဟုတ်သေးရဲလား....(မဟုတ်ပါဘုရား) ယောကျ်ားလား၊ မိန်းမလား....(မဟုတ်ပါဘုရား)။

ကြားတဲ့စိတ်ပေါ်ပြီး ကြားတဲ့စိတ် ပျက်တာဘဲ ရှိတာဘဲ.... (မှန်ပါ့) ဒီ့ပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား) အဲဒါနေ့တိုင်းဟောနေတာက သောတာပန်တည်အောင်ချည့် ဟောနေတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နေ့တိုင်းဟောနေတာ ဘာပါလိမ့်.... (သောတာပန် တည်အောင် ဟောနေတာပါဘုရား) အဲ....ခင်ဗျားတို့က စူးစူးစိုက်စိုက်သာလုပ်....(မှန်ပါ့)။

ကြားတဲ့စိတ်ကလေးသည်ကား....လို့ ဆိုယင် ကြားတာ နားထဲမှာဖြစ်ပြီး နားထဲမှာဘဲ ပျက်တယ်....(မှန်ပါ့) နံတဲ့ စိတ်ကလေး နှာခေါင်းထဲမှာဘဲပေါ်ပြီး နှာခေါင်းထဲမှာဘဲ ပျက်သွားတယ်....(မှန်ပါ့) စားတဲ့စိတ်ကလေး လျှာလည်မှာပေါ်ပြီး လျှာမှာဘဲပျက်တယ်....(မှန်ပါ့) ယားတဲ့,ယဲ့တဲ့,ကောင်းတဲ့ စိတ်ကလေးဟာ ကိုယ်ပေါ်မှာပေါ်, ကိုယ်ပေါ်မှာ ပျက်တယ်.... (မှန်ပါ့) ကြားတဲ့စိတ်ကလေးဟာ ဝမ်းထဲမှာပေါ်တယ်၊ ဝမ်းထဲမှာဘဲပျက်တယ်....(မှန်ပါ့)။

ဩော်....ဒါသည်ကားလို့ဆိုယင် ပုဂ္ဂိုလ်ပျက်တာလဲ မဟုတ်ဘူး၊ သတ္တဝါပျက်တာလဲမဟုတ်ဘူး၊ နဂိုရိုက်ကို ပုဂ္ဂိုလ် သတ္တဝါပေါ်တာမှမဟုတ်ဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ ပျက်စရာ လိုသေးသလား....(မလိုပါဘုရား)။

ပေါ်ကတည်းကိုက တကာ တကာမတို့ သိတဲ့ အတိုင်း ဝိညာဏကွန်ရှာ ပေါ်လာတာ....(မှန်ပါ့) ပျက်တော့ ဘယ်သူ ပျက်သတုံး....(ဝိညာဏကွန်ရှာပျက်ပါတယ်ဘုရား) ဝိညာဏကွန်ရှာ ပျက်တော့ကို ပုဂ္ဂိုလ်ပျက်တာလား၊ သတ္တဝါပျက်တာလား....(မဟုတ်ပါဘုရား) ဝိညာဏကွန်ရှာပျက်တာဘဲ....(မှန်ပါ့) ဖြစ်တုန်းကတော့....(ဝိညာဏကွန်ရှာ ဖြစ်တာပါဘုရား) ပျက်တော့ကော....(ဝိညာဏကွန်ရှာ ပျက်တာပါဘုရား)။

အဲဒီလို တကာတကာမတွေ ဉာဏ်ထဲမှာ ရှင်းရှင်း-ရှင်းရှင်း ပြီးသကာလ ဘယ်သူကဘဲ ယောကျ်ားရှိတယ်၊ မိန်းမရှိတယ်လို့ ပြောပြော ကိုယ့်သန္တာန်ပေါ်လာတဲ့ တရားတွေမှာ ကြည့်လိုက်တဲ့အခါကျလို့ ရှိယင် ရုပ်တွေကြည့်လိုက်ပြန်လဲ ရုပ်ဟာ ဖြစ်ပျက် တွေ့တာဘဲ၊ စိတ်ကြည့်လိုက်ပြန်လဲ ဖြစ်ပျက်တွေ့တာဘဲ....(မှန်ပါ့) ခန္ဓာငါးပါးစလုံး ပေါ်ရာကြည့်လိုက်စမ်း ဘာတွေသတုံး....(ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

ဖြစ်ပြီး ပျက်တာမှတပါး ဘာရှိသေးသတုံး.... (ဘာမှမရှိပါဘုရား) အို....ဒီဥစ္စာ ပုဂ္ဂိုလ်သတ္တဝါဆိုတာ ဒီဥစ္စာ၊ စင်စစ်....သူမျှားပြောတာသာမှတ်ရတာ ကိုယ့်သန္တာန်မှာဖြင့် တကယ့်ဉာဏ်နဲ့ ဝေဘန်ကြည့်လိုက်လို့ရှိယင် ရဲရဲတင်းတင်းဘဲ ပုဂ္ဂိုလ်

သတ္တဒါ မရှိဘူးလို့ ကိုယ့်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချနိုင်လို့ရှိယင် ဖြင့် ဒါဟာ သောတာပန်တို့၏ ဆုံးဖြတ်ချက် ချနိုင်တာပါဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီလို ချနိုင်တဲ့အခြေအနေရောက်လို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေဘယ်သူ့မှ မေးမနေနဲ့၊ဒါ-သောတာပန်တည် တာဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဒါ-သာသနာတော်က မရှေ့တဲ့ အလုပ်တဲ့....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါ ပြီဘုရား)။

နို့မဟုတ်လို့ရှိယင် ဒီဘဝ ဘုရားတကာ, ကျောင်းတကာ, နက်ဖြန် နွားသတ်သမားအဖြစ် ပြောင်းချင်ပြောင်းမှာ(မှန်ပါ့) မပြောင်းနိုင်ဘူးလား....(ပြောင်းနိုင်ပါတယ်ဘုရား) စုတေမနေ-သေလွန်ယင် ပြောင်းလိမ့်မယ်ဆိုတာ သေချာတယ်နော်.... (မှန်ပါ)။

ဒီဘဝတောင်မှ ငွေနဲ့သော်ငင်း၊ သံယောဇဉ်ကြောင့်သော်ငင်း မပြောင်းနိုင်ဘူးလား....(ပြောင်းနိုင်ပါတယ်ဘုရား)။

အဲဒါ ဒီအလုပ်-ဝိပဿနာရှေ့ပြေးအလုပ် မရှိသေးလို့ မဂ် ဆိုက်တဲ့အလုပ်ကို မလုပ်သေးသ၍ ကာလပတ်လုံး တကာတကာ မတို့ စိတ်မချရသေးဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) ဘယ်လို ဆုံးဖြတ်ချက်ချမတုံး....(စိတ်မအေးရသေးပါဘုရား)။

ငါသည် အသက်ကြီးလှပြီ၊ စိတ်အေးစရာလဲ တက္ခက်မှ မပါ သေးဘူး၊ ငါသည် သေခါနီးပြီ၊ စိတ်အေးစရာလဲ တက္ခက်မှ မရှိ သေးဘူး၊ ဒါကို နေ့တိုင်း တကာ တကာမတို့ တွေးစမ်းပါ.... (မှန်ပါ့)။

အဲဒီတော့ ကိုယ့်ဟာကိုယ် ငါသည် သေခါနီးပြီ၊ စိတ်အေး စရာလဲ မရှိသေးဘူး၊ ငါသည် ရောဂါဝေဒနာထူပြီး စိတ်အေး စရာလဲ တက္ကသိုလ်မှမရှိသေးဘူး၊ ခုနင်ကအမြင် မရသေး- စိတ် မအေးရသေးဘူးပေါ့....(မှန်ပါ့) ဦးခင်မောင်- ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ စိတ်အေးစရာရှိအောင် လုပ်ထားတဲ့အလုပ်ဟာ ခင်ဗျားတို့ လူတိုင်း၏ အလုပ်ဘဲမဟုတ်လားဗျာ....(မှန်လှပါ) ခင်ဗျားတို့ လောကီနယ်ပယ် အသုံးအနှုန်းတောင်မှ ကျုပ်-စိတ် အေးစရာရှိအောင် လုပ်ထားတယ်၊ ဘာလုပ်ထားသတုံး....၊ ဒို့-ပင်စင်လုပ်ထားတယ်၊ ကျုပ်-ပိုတဲ့ငွေကလေးလဲ စုငွေအဖြစ်နဲ့ ထားတယ်၊ ဒါတွေဟာ စိတ်အေးစရာအဖြစ်နဲ့ လုပ်ထားခဲ့တာ ချည့် မဟုတ်လား....(မှန်ပါ့)။

ကုန်သည်ပိုင်းကလဲ ငွေကလေး ပိုလာတယ်၊ တိုက်ကလေး ဝယ်ထားတယ်၊ စိန်ကလေး ဝယ်ထားမယ်၊ ရွှေကလေး ဝယ်ထားမယ်၊ ဒါ-ဘာတုံး၊ အကြောင်းမညီညွတ်တဲ့အခါ ဒီဟာ စိတ်အေးရတာပေါ့....(မှန်ပါ့)။

စိတ်အေးစရာ လုပ်ဆားတဲ့ အလုပ်ဟာကလဲ ခင်ဗျားတို့ ဝတ္တရားအလုပ်ပါ....(မှန်ပါ့) မလုပ်ပါနဲ့လို့ ဘုန်းကြီးများက မကန့်ကွက်ပါဘူး၊ ဒါဟာ လုပ်ကြရမှာချည့်ပါဘဲ.... (မှန်ပါ့ ဘုရား)။

သို့သော်- လောကီမှာ စိတ်အေးစရာရှိသလို လောကုတ္တရာ ဘက်မှာ စိတ်အေးစရာရှိဘို့က ပိုပြီး အရေးကြီးတယ်....(မှန်ပါ့) မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အဲဒီစိတ်အေးစရာက ဘယ်လို လုပ်ထားရမှာတုံးဆိုတော့ ဓမ္မကြည့်လိုက်လို့ ရှိယင်ဖြင့် ပုဂ္ဂိုလ် သတ္တဝါမရှိဘူး၊ ဖြစ်ပျက်သာရှိတယ်လို့ ရဲရဲတင်းတင်း ဆုံးဖြတ် ချက်ချနိုင်လောက်အောင် လုပ်ထားယင် စိတ်အေးရပြီလို့ မှတ် (မှန်ပါ့) ရှင်းပလားး....(ရှင်းပါပြီဘုရား)။

ခန္ဓာကိုယ်ထဲကြည့်လိုက်ယင် ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး၊ ဖြစ် တာနဲ့ ပျက်တာဘဲရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ ဘယ်လိုရှာရှာ မရ ဘူး၊ ဘယ်သူပြောလို့ မှလဲ ကိုယ့်မှာ အယုံအကြည်မရှိတော့ဘူး၊ ရဲရဲတင်းတင်းဘဲ ပုဂ္ဂိုလ်သတ္တဝါမရှိတာ သေချာတယ်ကျအောင် ခင်ဗျားတို့ဉာဏ်ထဲမှာ ဆုံးဖြတ်ချက် ချထားလို့ရှိယင်ဖြင့် ဒါဟာ စိတ်အေးစရာလုပ်ပြီလို့ မှတ်လိုက်....(မှန်ပါ့)။

ဘာမှငွေတွေ ဘာတွေ စုနေရတာမဟုတ်ပါဘူး....(မှန်ပါ့) ဉာဏ်ကြီးလာတာကို ဆိုပါသည်.... (မှန်ပါ့) သဘောပါကြ ပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ ၃-နံပါတ်က ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချတာ ကို ပုဂ္ဂိုလ်သတ္တဝါလုံးဝမရှိဟု ရဲရဲတင်းတင်း ဆုံးဖြတ်ချက် ချ တာကို ဝေဿာရဇ္ဇပ္တတော....လို့ ဆိုတယ်၊ ရဲရင့်တဲ့အဖြစ်သို့ ရောက်လာတယ်....(မှန်ပါ့) ရှင်းပြီနော် ဦးဘအုန်းတို့....(မှန်ပါ့ ဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ လေးခုမြောက်ကို နားထောင်ပါဦး၊ အခု တရားနာပြီးတော့ နေကြတယ်၊ ဘုန်း ကြီးတို့ တကာတကာမတွေအားလုံးဘဲ ဘုန်းကြီးက ဟောတယ်၊

တကာတကာမတို့ ပုဂ္ဂိုလ်လဲမရှိဘူး၊ သတ္တဝါလဲ မရှိဘူးနော်.... ပဋိစ္စသမုပ္ပါဒ်သာရှိတယ်၊ ခန္ဓာငါးပါးသာရှိတယ်၊ ဒုက္ခသစ္စာသာ ရှိတယ်လို့ တကာတကာမတွေ နေ့တိုင်းလိုလို ကြားကြရတယ်....(မှန်ပါ့) မကြားကြရဘူးလား .... (ကြားရပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးသာ ရှိတယ် ဆိုတာလဲ ကြားရတယ်၊ ဒီအကြောင်းအကျိုးမှာလဲ အကြောင်းတွေမှာလဲ ခန္ဓာငါးပါး၊ အကျိုးမှာလဲ ခန္ဓာငါးပါးဘဲလို့ မသိကြဘူးလား....(သိပါတယ်ဘုရား) ဒါဟာလို့ သိတာကိုးဗျ....(မှန်ပါ့ဘုရား)။

နောက်ကျလာပြန်တော့လဲ တကာတကာမတို့ အကြောင်း, အကျိုးတွေဟာ ဖြစ်တာလဲ ဒုက္ခသစ္စာဘဲ၊ ပျက်တာလဲ ဒုက္ခသစ္စာဘဲ·အစရှိသည်နဲ့ ဆရာဘုန်းကြီးက ဟောပြန်တော့ ဟုတ်ပါကလား....ဒါတွေဟာ ဒုက္ခသစ္စာချည့်ဘဲဆိုတော့ ဘုန်းကြီးပြောတာနဲ့ဘဲ တကာ တကာမတွေ နားရည် အတော်ဝ,နေတယ်....(မှန်ပါ့) မဝ,ကြဘူးလား....(ဝ,ပါတယ်ဘုရား)။

နားရည်တွေ အကုန်ဝ,ပြီးသကာလ နေကြတဲ့အခါကျတော့ ရှာထဲရပ်ထဲမှာ ခင်ဗျားတို့ချင်း ပြောကြတဲ့အခါ ဆော်.... ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ဥစ္စာ မရှိပါဘူး၊ ကျုပ်တို့လဲ ဒါလောက်တော့ နားပါးဝ,နေပါတယ်၊ ခင်ဗျားတို့လဲ အဖြထုတ်နေကြတာဘဲ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ဘဲရှိတယ်၊ အကြောင်းအကျိုးရှိတယ်၊ ခန္ဓာငါးပါးဘဲရှိတယ်၊ နောက်ဆုံးပိတ်ကျတော့ ဒုက္ခသစ္စာဘဲရှိတယ်

အစရှိသည်နဲ့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ပြောသံကြားနဲ့ ခင်ဗျားတို့ ဉာဏ်လုပ်ပြီးပြောနေတယ်....(မှန်ပါ့ဘုရား) ဆရာသမား၏ ပြောသံကြားနဲ့ ကိုယ်ပိုင်ဉာဏ်လုပ်ပြီး ပြောနေကြတာတွေ့....(မှန်ပါ့)။

ဘုန်းကြီးပြောတာနဲ့ တကာတကာမတွေနဲ့ ဆက်စပ်ပြီးနေတယ်....(မှန်ပါ့)။

ဘုန်းကြီးပြောတာကို တကာတကာမတွေက မှတ်ပြီးသကာလ နေတာနဲ့ဆိုတော့ ဘုန်းကြီးပြောတာနဲ့ တကာတကာမတွေ့ မှတ်သားမှုနဲ့ ဆက်စပ်ပြီးသကာလနေတယ်....(မှန်ပါ့) ဒါဖြင့် သူများပါးစပ်မှာ လမ်းဆုံးနေသေးတယ်....(မှန်ပါ့)သဘောကျပလား....(ကျပ်ပြီဘုရား)။

သူများပါးစပ် ဖမ်းပြီးသကာလ သူများပြောတာနဲ့ သူတပါးနဲ့ စပ်နေသေးတယ်ပေါ့ဗျာ....(မှန်ပါ့)။

ဟောပြောသောပုဂ္ဂိုလ်နဲ့ တကာတကာမတွေ့၏ အသိဉာဏ်ကလေး, သညာကလေးနဲ့ဟာ ဦးဘတင် ဆက်စပ်နေသေးတယ် (မှန်ပါ့) ကိုယ်ပိုင် ဆိုနိုင်ပါ့မလား....(မဆိုနိုင်သေးပါဘုရား)။

အပရပ္ပစ္စယော·ဆိုတာ သူတပါးနဲ့မစပ်၊ ကိုယ်တိုင်ကိုဘဲ ဘယ်သူပြောတာမှ ယုံရတာမဟုတ်ဘဲနဲ့ သူတပါးပြောတာဟာလဲ ပြောတာတခြား၊ ကိုယ့်အမြင်က ကိုယ့်အမြင်တခြား၊ သူတပါး ပြောတာကတော့ဖြင့် ဟုတ်ပါရဲ့၊ ရုပ်နာမ်ဘဲရှိတယ်၊ ဖြစ်ပျက်သာရှိတယ်၊ ဒုက္ခသစ္စာသာရှိတယ်ဆိုတာတော့ သူတပါးပြောတာ ကြားဘူးပါတယ်....(မှန်ပါ့)။

ကိုယ်တိုင် စုံစမ်းစစ်ဆေးပြီး ခန္ဓာမှာ ကြည့်လိုက်တဲ့အခါ ကျလို့ရှိယင်လဲ သူတပါးပြောမဟုတ်တော့ဘူး၊ ကိုယ်တိုင်ဉာဏ်နဲ့ စပ်ပြီးသိတယ်၊ ကိုယ်တွေ့ လက်တွေ့ကိုဘဲသိတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူတပါးနဲ့မစပ်ဘဲနဲ့.... (ကိုယ်တိုင်ဉာဏ်နဲ့စပ်ပါတယ်ဘုရား) ကိုယ်တိုင်ဉာဏ်နဲ့ စပ်လို့ရှိယင်ဖြင့် အပရပ္ပစ္စယော- သူတပါးပြော မဟုတ်တော့ဘူးဟေ.....ကိုယ်တွေ့ဘဲသိတယ်၊ ဆရာပြော မဟုတ်တော့ဘူး၊ သူကိုယ်ကိုင်ဉာဏ်နဲ့မြင်ပြီး သူကိုယ်တိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက်ချသည်ဖြစ်လေသောကြောင့် ငါဘုရား သာသနာတော်မှတပါး တပါးသော သာသနာအယူဝါဒသို့ မရှေ့တော့ဘူးလို့ သစ္စကအမေးကို ဖြေကြားတော်မူတယ်....(မှန်ပါဘုရား)။

အမှန်အကန်ကို သူပြော,လူပြောမဟုတ်တော့ဘူး၊ ကိုယ်တိုင်ဉာဏ်တွေ့ကေန်ပိုင်ပိုင်နိုင်နိုင်သိလာတာကို အပရပ္ပစ္စယော·ဆိုပါတယ်.... (မှန်ပါ့) ရုပ်နာမ်သာရှိတယ်ဆိုတာ မမှန်ဘူးလား.... (မှန်ပါတယ်ဘုရား) ပဋိစ္စသမုပ္ပါဒ်သာရှိတယ်.... (မှန်ပါတယ်ဘုရား)။

အဲဒီ ပဋိစ္စသမုပ္ပါဒ် တခုလုံးဟာလဲ ဒုက္ခကွန်ဃ ဆိုသောကြောင့် အဖြစ်လဲဒုက္ခ၊ အပျက်လဲ ဒုက္ခဘဲရှိတယ်ဆိုတာလဲ မမှန်ဘူးလား....(မှန်ပါတယ်ဘုရား)။

ဒါက ဘုန်းကြီးပြောလို့လဲ မှန်တာသိတယ်၊ တကာတကာမတွေ့ ကိုယ့်ဉာဏ်နဲ့ကိုယ်ရှုလို့ မှန်ပါတယ်ဆိုတာကလေး တိုးလိုက်ကြစမ်းပါ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီအမှန်ရလို့ရှိယင်တော့ဖြင့် တကာတကာမတွေ့ ဘယ်သူ့ကို မပြောချင်နေ ပြောချင်ပြော ကိုယ်ကိုယ်တိုင် သောတာပန်တည်တာတော့ သေချာပြီလို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား)။

ဒါ....သောတာပန်တည်ပုံကို ဦးခင်မောင် ဘုရားကို သစ္စကပရိဗ္ဗိုဇ်က မေးလို့ ဖြေတော်မူတာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

သစ္စကပရိဗ္ဗိုဇ်က မေးလို့ အရှင်ဘုရား သာသနာတော်က လူရှင်ရဟန်းတွေဟာ ဘယ်မှ မရှေ့တာ ဘာ့ကြောင့်တုံး ဘုရားဆိုတော့ ဒီအမြင်ကို ပြောတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အမြင်မှန်ရလို့မရှေ့တာဘဲ....(မှန်ပါ့) အမြင်မှန်ဆိုတဲ့ဥစ္စာ တရားသဘောနားလည်ရုံနဲ့ မပြီးပါနဲ့ ကိုယ်တိုင် အမြင်မှန်ရအောင် ကြိုးစားပါဆိုတဲ့အဓိပ္ပါယ်ကို ဘုရားဟောချင်တာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလာ.... (ကျပါပြီဘုရား)။

အပရပ္ပစ္စယော- သူတပါးပြော အကြောင်းမဟုတ်ဘူး....တဲ့၊ သူများတကာပြော- ဆရာပြောလို့ သိရတဲ့အခြေအနေမျိုး ဒီလို့ မဖြစ်စေနဲ့....(မှန်ပါ့)။

ပဋ္ဌမတော့ ဆရာပြောတာဘဲ နောက်ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်တဲ့ အခြေအနေထိအောင် ရှင်းကြပါစေ၊ လင်းကြပါစေဆိုတာ အထူး အရေးကြီးတယ်လို့ မှတ်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဆရာသမားပြောတာတော့ အမှန်ပြောလို့ ဦးဘတင် အမှန်ကြားရတာလဲ အမှန်ပါဘဲ....(မှန်ပါ့) ဒါ....မှားတယ်လို့ဆိုတာ မဟုတ်ပါဘူး....(မှန်ပါ့) သို့သော်... ခင်ဗျားတို့ ဆုံးဖြတ်ချက်ချဘို့ ပိုပြီး အရေးကြီးတယ်....(မှန်ပါ့)။

ကိုမြရွှေ ဘယ့်နှယ်တုံး.... (ကိုယ်တိုင်ဆုံးဖြတ်ချက်ချဘို့ ပိုပြီး အရေးကြီးပါတယ်ဘုရား) ကိုယ်တိုင် ဆုံးဖြတ်ချက် ချတော့ သောတာပန်ပုဂ္ဂိုလ်၏ ဉာဏ်ဖြစ်လာတာကိုးဗျ.... (မှန်ပါ့)။

ကိုယ်တိုင်ဆုံးဖြတ်ချက်မချဒေသလို့ ရှိယင် သူတပါးပြောတဲ့ သညာမှာ လမ်းဆုံးနေတယ်....(မှန်ပါ့) ကိုယ်တိုင် အမြင်မှာ လမ်းဆုံးတာ ဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ကို ဒီက ပြန်ယင်ကြည့်၊ သေသေချာချာကြည့်ပါ၊ နှည်းလမ်း မှန်ကန်နေယင် ကောတာပန်တည်ဘို့ မခဲယဉ်းနိုင်ပါဘူး....(မှန်ပါ့)။

ကြည့်ပြီးသကာလနေတော့ စိတ်ကလေးပေါ်လာတာကြည့်လိုက် ဖြစ်ပြီး ပျက်သွားတာဘဲ၊ ဖြစ်ပြီး ပျက်သွားတာဘဲ၊ ဘာကလေးကြည့်လိုက်ကြည့်လိုက် ကိုယ့်သန္တာန် ပေါ်လာတဲ့ ဓမ္မကလေးဟာ ဖြစ်ပြီး ပျက်ဘာမှ တပါးလဲ မတွေ့ပါဘူး....(မှန်ပါ့) သေသေချာချာ ဉာဏ်နဲ့ သာကြည့်နော်.... (မှန်ပါ့ဘုရား)။

ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ ဩော်.... ပဌမတော့ ဖြစ်ပျက်ဆိုတာသူများ ပြောတာကိုး၊ အခုတော့ ဖြစ်ပျက်ဆိုတာ ဘယ်လိုကြည့်ကြည့် ဒါမှတပါး ဘာမှ မရှိပါကလား၊ သူများ

ပြော မဟုတ်ပါဘူး၊ ကိုယ်တိုင် မြင်ပါပေါ့ဆိုယင် ဒါဟာ သောတာပန်၏ အမြင်သာမှတ်တော့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူ့အမြင်ပါလိမ့်.... (သောတာပန်၏အမြင်ပါဘုရား)

ဒါက မင်္ဂဘာတွေတည်ပြီး ကိုယ်တိုင် စစ်ဆေးလိုက်လို့ သေသေချာချာ တည်တာမှတ်ပါ....(မှန်ပါ့)။

သူများ သောတာပန်တည်ပါတယ်ဆိုတာ ဦးခင်မောင်က ရမ်းပြီးမယုံနဲ့၊ ကိုယ်ကိုယ်တိုင် ရဲရင့်တဲ့အဖြစ်သိုလဲရောက်ပါမှ.... (မှန်ပါ့)။

သူတပါးစကားတွေကို ပဋိမတော့ ကိုယ်က မှတ်သားထား တယ်၊ မှတ်သားထားတဲ့အတိုင်း ကိုယ်တိုင် ဉာဏ်နဲ့ ကြည့်လိုက် တော့ ဩော်....ဒီဥစ္စာသည်ကားလို့ဆိုယင် သူတပါး ပါးစပ် မှာ လမ်းဆုံးတာမဟုတ်ဘဲနဲ့ ကိုယ့်ဉာဏ်နဲ့ကိုယ်ဘဲ ဆုံးဖြတ်ချက် ကိုယ်တိုင်ချလိုက်နိုင်လို့ ရှိယင် သောတာပန်ဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်ဉာဏ်နဲ့ကိုယ့်အမြင် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချရမှာ (မှန်ပါ့) ဒီလိုဆိုလို့ရှိယင်ဖြင့် ဒီပုဂ္ဂိုလ်သည်ကား....လို့ ဆိုလို့ ရှိယင် မဖေါက်မပြန်ဘဲနဲ့ မြဲသွားတာဘဲ....(မှန်ပါ့)ဘယ်သာသ နာမှလဲ မပြောင်းတော့ဘူး....(မှန်ပါ့) ဘယ်တော့မှ အပါယ် ရေးပါးလဲ မသွားတော့ဘူး၊ နိဗ္ဗာန်လဲ မြဲသွားပြီ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဦးခင်မောင်-တိဏ္ဏစိဝိကိစ္ဆာဆိုတဲ့ဥစ္စာက အဓိပ္ပါယ်

ကမျိုး၊ ဝိဂတ ကထံ ကထော ဆိုတဲ့ဥစ္စာက တမျိုး....(တမျိုးပါဘုရား) ဝေဿာရဇ္ဇပ္ပတ္တော-ဆိုတဲ့ဥစ္စာက.... (တမျိုးပါဘုရား) အပရပ္ပစ္စယောဆိုတာက....(တမျိုးပါဘုရား)။

အဲဒီလေးမျိုးကို တကာတကာမတို့ သန္တာန်မှာ ပြည့်စုံပြီ ဆိုမှဖြင့် ဘုရားသာသနာမှာ မဂ်လေးတန်, ဖိုလ်လေးတန်ဆိုတဲ့ နိဗ္ဗာန်ဆိုတဲ့ ကိုးပါးသောတရား မရှိဘူးလားဗျာ.... (ရှိပါတယ် ဘုရား) အဲဒီမှာ တည်သွားတာဘဲ၊ ဘယ်မှ မသွားတော့ဘူးတဲ့-(မှန်ပါ့)။

ဘယ်သူကဆွယ်လို့ ဘယ်သူက ငွေနဲ့ ဖြားယောင်း ဖြားယောင်း ငါးပါးအာရုံ ကာမဂုဏ်နဲ့ ဖြားယောင်း, ဖြားယောင်း ဦးသူတော်တို့ မပြောင်းတော့ဘူး-(မှန်ပါ့) ပြောင်းကိုမပြောင်းဘူးတဲ့....(မှန်ပါ့)။

ဒီဟာကလေးကို ကိုယ်တိုင် ဆုံးဖြတ်ချက် မချနိုင်သေးဘူး၊ ဖြစ်ပြီး ပျက်တာကလေးတော့ဟာ သူများပြောဘဲရှိသေးတယ်၊ ကိုယ့်ဉာဏ်ထဲမှာဖြင့် မရှင်းမလင်း ဖြစ်နေသေးလို့ ရှိယင် ရှင်းလင်းအောင် လုပ်ပစ်လိုက်ပါ....(မှန်ပါ့) မရှင်းမလင်း ဖြစ်နေသေးလို့ ရှိယင်ဖြင့် ကိုယ့်ကိုယ်ကို စဉ်းစားလိုက်၊ သြော်....ငါ့မှာ ငရဲမျိုးစေ့ မကုန်သေးလို့ မရှင်းတာ....(မှန်ပါ့)။

ဦးခင်မောင်- ဘယ်လိုဆုံးဖြတ်ချက်ချမလဲ .... (ငရဲမျိုးစေ့ မကုန်သေးလို့ မရှင်းတာပါဘုရား) ငရဲမျိုးစေ့ မကုန်သေးဘူး၊ ငါဟာငါ အခုသေသေချာချာ ရှုလိုက်တဲ့အခါကျတော့ ဆုံးဖြတ်ချက်က မကျသေးဘူး-ဆိုတော့ စူးစူးစိုက်စိုက်သာ ပိုပြီး ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဖြစ်မှု ပျက်မှုမှတပါး ပုဂ္ဂိုလ်

သတ္တဝါဆိုတာ ဘယ်လိုရှာရှာတွေ့ကိုမတွေ့ဘူး၊ သူမျှားပြောတဲ့ ပုဂ္ဂိုလ်ဟာ အပြောပုဂ္ဂိုလ်သာရှိတယ်၊ ကိုယ့်ဉာဏ်ထဲမှာဖြင့် ပုဂ္ဂိုလ်အဖြစ် သတ္တဝါအဖြစ် ဉာဏ်ထဲမှာ ဝင်ကိုမလာတော့ဘူး (မှန်ပါ့) လာသေးရဲ့လား....(မလာပါဘုရား) ဒါ-အလုပ်ဝင်တဲ့ အချိန်ဆိုတာနော်....(မှန်ပါ့)။

ဦးခင်မောင်-ဘယ်အချိန်ပါလိမ့်....(အလုပ်ခွင့်ဝင်တဲ့ အချိန် ပါဘုရား) အဲ့....အလုပ်ခွင့်ဝင်တဲ့အချိန်ပြောတာ၊ အိမ်မှာနေတဲ့ အခါ ဒါဟာ ညီမဘဲ၊ ဒါဟာ မောင်ဘဲ၊ ဒီလိုဟာ ကိစ္စမရှိပါဘူး၊ အလုပ်ခွင့်ဝင်တဲ့အချိန်မှာ ရဲရဲတင်းတင်း သူတပါးပြောသံကြားနဲ့မဟုတ်ဘဲနဲ့ ကိုယ့်ဉာဏ်ထဲတွင် ကိုယ်ဆုံးဖြတ်ချက်ချလို့ ဩော်....တကယ်တန်းကိုဘဲ စိတ်ချရပြီ၊ တကယ်တန်းကို အမှန်ပါဘဲ၊ သူတပါးပြောနဲ့ မဟုတ်ပါဘူး၊ ကိုယ်တိုင်ကို ဒီအတိုင်း ဆုံးဖြတ်ချက် ချကျလို့ရှိယင်တော့ ဒါသောတာပန်အစစ်ဖြစ်တာဘဲ....(မှန်ပါ့) ဦးဘအုန်း-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ယုံမှားခြင်းကို လွန်မြောက်တာရယ်၊ ပုဂ္ဂိုလ်သတ္တဝါ ရှိသေးသလားလို့ တွေးတောခြင်းကင်းတာရယ်၊ ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချတာရယ်၊ သူတပါးပြောတာတွေကို လုံးဝ ဂရုမစိုက်ဘဲနဲ့ ကိုယ်-ကိုယ်တိုင် ဆုံးဖြတ်ချက်ချတာရယ်၊ ကျိုးလေးချက်နဲ့ညီလို့ရှိယင်ဖြင့် တကာတကာမတွေဟာ သမ္မတ္တ နိယတာ ဓမ္မာ-ဆိုက်ပြီလို့ မှတ်လိုက်....(မှန်ပါ့ဘုရား)။

မဖေါက်မံပြန် အကျိုးပေးမြဲတဲ့မဂ်သို့ ဆိုက်ခြေပေါ့.... (မှန်ပါ့) အပါယ်လေးပါးကို ဘာမှ ကြောက်နေစရာမရှိတော့ဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဆင်းရဲမှာလဲ မကြောက်နဲ့တော့၊ ချမ်းသာမှာလဲ ဝမ်းမသာနဲ့တော့၊ ဒီ့ပြင်ဟာတွေ့ အပိုတွေ့ဘဲဆိုတာ အကုန်ဆုံးဖြတ်ချက်ချပြီးသကာလ သြော်.... သူတော်ကောင်း ရတနာအစစ် ခုနစ်ပါးက ဝမ်းထဲမှာ တွေ့သွားသောကြောင့် ရဘနာအစစ်ရောက်တဲ့ပုဂ္ဂိုလ်မို့ လူချမ်းသာအစစ်သို့ ဦးခင်မောင်-သေသေချာချာရောက်သွားပြီ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟီရိ, ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်း ရတနာကိန်းသွားပြီ....(မှန်ပါ့) အဲဒီကစမှ လူချမ်းသာဖြစ်တယ်....(မှန်ပါ့)။

အခု လူချမ်းသာဆိုတာက တကာ တကာမတို့ သူခိုးကြောက်ရ၊ ဓါးပြကြောက်ရ၊ ဘာကြောက်ရ၊ ညာကြောက်ရနဲ့ အမျိုးမျိုး မစိုးရိမ်ရဘူးလား....(စိုးရိမ်ရပါတယ်) ဒါတွေက ရတနာမစစ်သေးတော့ သူ့ကြောင့်ပူရတယ်....(မှန်ပါ့)။

ရတနာဆိုတာက ရံတိ ဇနေတီတိ ရတနာ ဆိုတဲ့အတိုင်း ရတိ=နှစ်သက်ခြင်းကို၊ ဇနေတိ = ဖြစ်စေတတ်တယ်ဆိုတော့ သူ့အတွက်နဲ့ ဝမ်းသာဝမ်းမြောက်နေရမှာကို အခုတော့ သူ့အတွက်နဲ့ ပူချည့်နေရတယ်....(မှန်ပါ့)။

တိုက်ရိုယင် တိုက်အတွက် စိုးရိမ်နေရတယ်၊ အိမ်ရှိယင်ကော (အိမ်အတွက် စိုးရိမ်ရပါတယ်) ကုန်ရှိယင်ကော....(ကုန်အတွက် စိုးရိမ်ရပါတယ်ဘုရား)။

ဒါ-ဘာကြောင့်ပါလိမ့်မတုံး.....၊ နှစ်သက်ခြင်းကို ဖြစ်စေနိုင်သလား-ဆိုတော့ နှစ်သက်ခြင်းကို မဖြစ်စေနိုင်တဲ့အပြင် အပူတောင် ပေးနေလိုက်သေးတယ်.....(မှန်ပါ့) မပေးဘူးလား.....(ပေးပါတယ်ဘုရား)။

ဒီကုန်ရောက်လာကတည်းကိုက တက်မျှားသွားယင် တော်သေးရဲ့၊ ကျမျှားသွားယင်တော့ ခက်ချေရဲ့.....(မှန်ပါ့) မလာဘူးလား.....(လာပါတယ်ဘုရား)။

အဲ့.....လာတယ်ဆိုကတည်းက ဒါဟာ ရတနာအစစ်ဟုတ်ကဲ့လား.....(မဟုတ်ပါဘုရား) အဲ့.....အခုလောကကြီးထဲမှာရှိတာက ရတနာသူဌေးမရှိသေးလို့ မှတ်လိုက်စမ်းပါ.....(မှန်ပါ့) ခုနင်ကပြောပြောနေတဲ့ လေးချက်မြင်တဲ့ပုဂ္ဂိုလ်ကျမှ ရတနာသူဌေးဖြစ်သွားတယ်၊ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရိ,ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းရတနာခုနစ်ပါးပြည့်စုံပြီးသကာလ နေတဲ့အတွက် ဘယ်တော့မှ မဆင်းရဲဘူး.....(မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

ကောင်းပြီ.....ဒါဖြင့် တကာတကာမတို့ ယနေ့ပြောလာတာဆရာဘုန်းကြီးသည် အထူးဘဲ ဂရုစိုက်ပြီးသကာလ ပြောတယ်ဆိုတာလဲ သိပါလိမ့်မယ်.....(မှန်ပါ့)။

အဲဒီတော့ ဒီပြောတာကို အသာထားပါ၊ ခင်ဗျားတို့ အိမ်ကျတော့ လုပ်ဖြစ်အောင် လုပ်ပါလို့ သတိပေးလိုက်တယ်.....(မှန်ပါ့ဘုရား) အခု ဒီအမြင်ကလေးနဲ့ လျော်အောင်ပေါ့ဗျာ(မှန်ပါ့)။

ခန္ဓာကိုယ်ကြည့်လိုက်-စိတ်ကလေးပေါ်လာတာ ကြည့်လိုက်၊ တခြို ရုပ်ကလေးပေါ်လာတယ်,ပူတယ်,အေးတယ်၊ ဒီလို အေးရုပ်, ပူရုပ်ကလေးတွေကြည့်လိုက်....(မှန်ပါ့) အေးရုပ်ကလေးကလဲ အေးပြီး ပျက်သွားတာဘဲ....(မှန်ပါ့) ပူရုပ်ကလေးကလဲ ပူပြီး ပျက်သွားတာဘဲ....(မှန်ပါ့)။

ဝေဒနာကလဲ ဝေဒနာကလေးသာဆိုရတယ် တော်တော် ကြာကျတော့ ပျက်သွားတာဘဲ....(မှန်ပါ့)။

ဘယ်မှာတုံး.... ငါတို့-သူတို့-ယောကျ်ားတို့-မိန်းမတို့- ငါနာတာ-သူနာတာ-ငါ့စိတ်သူ့စိတ်ဆိုတာ ရှိသေးရဲလား.... (မရှိပါဘုရား)။

ဘာတွေရှိနေသတုံး....ဆိုယင်ဖြင့် ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲ ရှိတာဘဲ.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဘာရှိသတုံး.... (ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲ ရှိပါတယ်ဘုရား) ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲရှိတယ်ဆိုတော့ ဓမ္မစဉ်ကြီးတန်းနေတာ၊ ဓမ္မတခုချုပ်ပြီး ဓမ္မတခုဖြစ်တာဘဲ၊ ဦးဘအုန်း ဒီပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား) ဘယ်မှာတုံး....ပုဂ္ဂိုလ်သတ္တဝါ ရှာလို့ရသေးရဲလား....(မရပါဘုရား)။

အဲ....ပုဂ္ဂိုလ်သတ္တဝါဆိုတာ အခု ဆရာဘုန်းကြီးကလဲ ဟောလိုက်တယ်၊ ကိုယ်တိုင်ကြည့်တော့လဲ ဒီအတိုင်း တွေ့ရပါတယ်လို့ ဆရာဘုန်းကြီးဟောတာနဲ့ ကိုယ်တိုင်ကြည့်တော့လဲ ဒီအတိုင်းဘဲ ဆိုတော့ ဒါဖြင့် ဟုတ်ပြီလို့သာ နောက်က သေသေချာချာ ဆုံးဖြတ်ချက်ချနိုင်လို့ရှိယင် ဒါ....သေတာပန်ဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ အင်မတန် နေရာကျတဲ့ အမြင်မှန်ဘဲဆိုတာ သဘောကျပလား .... (ကျပါပြီဘုရား)။

ဒီနေ့ ဘာဟောနေသလဲလို့ မေးလို့ရှိယင် မနေ့က ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကူးတော့ သောတာပန် တည်သွားတာကို ဟောပြီးသား ဖြစ်နေသောကြောင့် သောတာပန် ပုဂ္ဂိုလ်ဟာ ကိုယ့်ဟာကိုယ် သောတာပန် ဖြစ်တယ်,မဖြစ်တယ် ဆုံးဖြတ်ချက် ချနိုင်တဲ့ လေးချက်ကို ဟောနေတာ....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

သောတာပန်ဖြစ်ပြီးတော့ ဒီလေးချက်ဟာ ကိုယ့်ဉာဏ်ထဲမှာ ဖြင့် ရှင်းရှင်းလင်းလင်း ဖြစ်ရမယ် ဦးခင်မောင်....(မှန်ပါ့ဘုရား) ပုဂ္ဂိုလ်သတ္တဝါ ရှိတယ်ဆိုတဲ့ ယုံမှားခြင်းကို လွှန်မြောက်ရမယ်၊ ပုဂ္ဂိုလ်သတ္တဝါ ရှိတယ်လို့ တွေးတောခြင်းလဲ ကင်းရမယ်.... (မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါ လုံးဝ မရှိဘူးလို့ ရဲရဲတင်းတင်းလဲ ဆုံးဖြတ်ချက် ချရမယ်....(မှန်ပါ့)။

ပုဂ္ဂိုလ်သတ္တဝါမရှိတာသည်ကား....လို့ ဆိုလို့ ရှိယင် သူတပါး ပြောသံကြားနဲ့ မရှိတာမဟုတ်ဘူး၊ ကိုယ်-ကိုယ်တိုင်သိပြီး မရှိတာလို့လဲ ဆုံးဖြတ်ချက် ချနိုင်ရမယ်....(မှန်ပါ့)။

ဤလေးချက်နဲ့ညီလို့ရှိယင်ဖြင့် မနေ့က ဝိပဿနာဉာဏ်က မှဂ်ဉာဏ်ကူးသွားလို့ တကယ် သောတာပန်တည်သွားတဲ့ ပုဂ္ဂိုလ်မှာ ဒီအမြင်လေးခုသည် ဘယ်အချိန် ကြည့်လိုက်- ကြည့်လိုက် ပေါ်တာဘဲ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီအမြင်လေးခုလောက် အရေးကြီးတာ ဘယ်မှာရှာတွေ့မလဲ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတွေ့ ဒီအမြင်ရောက်ဘို့ရာ ခဲယဉ်းနိုင်သလား၊ မခဲယဉ်းနိုင်ဘူးလားဆိုတာ တွေးကြည့်ပါ....(နည်းလမ်း ကျနမှန်ကန်သွားယင် မခဲယဉ်းနိုင်ပါဘုရား) ရှုစမ်းပါ တကာ တကာမတို့ ခန္ဓာကိုယ်ထဲမှာ ရှုကြည့်ပါ....(မှန်ပါ့)။

စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ရှိသေးရဲ့လား.....(မရှိပါဘုရား) ပေါ်ပြီး ပျက်သွားတာဘဲ....(မှန်ပါ့) ဘယ်မှာတုံး-သူ့ဟာသူ ပေါ်ပြီး၊ သူ့ဟာသူပျက်တာ ငါကော ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဘယ်ဟုတ်မတုံး .... စားချင်တဲ့စိတ်ပါလို့ ဆိုနေတဲ့ဥစ္စာဘဲ စိတ်ဆိုတာ ဝိညာဏကွန္ဓာပေါ့....(မှန်ပါ့) ဝိညာဏကွန္ဓာဖြစ်၍ ဝိညာဏကွန္ဓာ ပျက်တာဘဲ....(မှန်ပါ့) ငါ-ပါသေးသလား.... (မပါ-ပါဘုရား)။

ယားလိုက်တာဆိုတော့ ဒုက္ခဝေဒနာကလေး ပေါ်တယ်....(မှန်ပါ့) ဒီနေရာမှာဘဲ ချုပ်သွားတယ်ဆိုတော့ ဘယ်မှာတုံး ငါပါရမှာ ဒုက္ခဝေဒနာပေါ်၍ ဒုက္ခဝေဒနာပျက်တာဘဲရှိတယ် (မှန်ပါ့)။

လေကလေးတိုက်လို့ အေးလိုက်တာဆိုတော့ အေးတဲ့ ဒုက္ခဝေဒနာကလေး ပေါ်တာဘဲ၊ တော်တော်ကြာတော့ သယ်သူပျက်သွားတာတုံး.... (ဒုက္ခဝေဒနာ ပျက်သွားတာပါဘုရား)

အေးတဲ့ဒုက္ခဝေဒနာဘဲ ဒီနေရာမှာ မရှိတာဘဲ၊ ဝေဒနာဖြစ်၍ ဝေဒနာပျက်တာဘဲ ရှိတယ်....(မှန်ပါ့) ဘယ်မှာတုံး....ပုဂ္ဂိုလ် သတ္တဝါပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒီလိုချည့် တကာတကာမတွေက ဝေဒနာဖြစ်၍ ဝေဒနာပျက်တာဘဲ၊စိတ်ဖြစ်၍ စိတ်ပျက်တာဘဲ၊ရုပ်ဖြစ်၍ရုပ်ပျက်တာဘဲ၊ ဒီလိုချည့်ဘဲ ဉာဏ်ထဲမှာ ရှင်းရှင်း,ရှင်းရှင်းပြီး ထားမယ်ဆိုလို့ ရှိယင်ဖြင့် သြော်....တကယ့်ကို ယုံမှားစရာလဲ မလိုပါဘူး၊ တွေး တောစရာလဲ မလိုပါဘူး၊ ရဲရဲတင်းတင်းဘဲ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာ ဆုံးဖြတ်ဘို့ပါဘဲ၊ သူတပါးပြောသံကြားနဲ့လဲ မဟုတ်တော့ပါဘူး၊ ကိုယ်တိုင်လဲ သေချာပါပြီဆိုတဲ့ ဒီစကားလေးချက် သုံးနိုင်ရမယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီစကားလေးချက် သုံးနိုင်လို့ရှိယင် ဘုန်းကြီးတို့ တကာတကာမတွေဟာ အိမ်မှာနေယင်လဲ ဖြစ်တယ်လို့ အောက်မေ့ပါ၊ အိမ်မှာနေယင်လဲ တွေးသာနေ၊ ခန္ဓာထဲ ပေါ်လာတာကိုသာ ဉာဏ်ထဲမှာ တွေးတွေး· တွေးတွေးပြီးသကာလ နေကြမယ် ဆိုယင်ဖြင့် ဘာမှ ဝန်လေးစရာအလုပ် မဟုတ်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ကုရုတိုင်း တတိုင်းလုံးမှာ ယောကျ်ားတွေရော၊ မိန်းမတွေရော ဒီလို နှလုံးသွင်းတာနဲ့ ခရီးရောက်သွားကြတာတွေ အများကြီးပါဘဲ....(မှန်ပါ့) နှလုံးသွင်းတည့်ဘို့ဘဲ အရေးကြီးတယ်၊ နှလုံးသွင်းတည့်သွားယင် ပြီးနိုင်တာဘဲ....(မှန်ပါ့)။

နှလုံးသွင်း တည့်သွားတယ်ဆိုတာက ဝေဒနာပေါ်တာကို ဝေဒနာပေါ်တယ်လို့ သိလိုက်ယင် နှလုံးသွင်းတည့်ပြီ....(မှန်ပါ့

ဘုရား) ဝေဒနာပေါ်တာကို ဝေဒနာဘဲလို့ဆိုတော့ နှလုံးသွင်းက မတည့်သေးဘူးလား....(တည့်ပါတယ်ဘုရား) ငါ-ယားလို့ကတာဆိုတော့ နှလုံးသွင်းမှားတယ်....(မှန်ပါ့)။

ဒါဖြင့် နှလုံးသွင်းတည့်သွားတော့ ဝေဒနာပေါ်ယင် ဝေဒနာပေါ်တယ်လို့သိတော့ နှလုံးသွင်း တည့်တယ်....(မှန်ပါ့) စိတ်ပေါ်ယင် စိတ်ပေါ်တယ်လို့ သိလိုက်တာ နှလုံးသွင်း တည့်တယ်....(မှန်ပါ့)။

နှလုံးသွင်းတည့်လို့ရှိယင်ဖြင့် ယောနိသော မနသိကာရဖြစ်တော့ကို နှလုံးသွင်းတည့်ပြီးလို့ရှိယင်ဖြင့် ဒီတရားကလေးဟာ အနိစ္စဖြစ်ပြီး ပျက်တာဘဲလို့ သိလို့ရှိယင် ပဋိုလ်သတ္တဝါရောသေးသလား....(မရောပါဘုရား)။

ပေါ်တာကို နှလုံးသွင်းလိုက် ဝေဒနာပေါ်ယင် ဝေဒနာပေါ်တယ်လို့သာမှတ်၊ စိတ်ပေါ်ယင်....(စိတ်ပေါ်တယ်လို့သာမှတ်ပါ) စိတ်ပေါ်တယ်လို့သာ မှတ်ပါတဲ့ တကာ တကာမတို့၊ အဲဒီကဲ့သို့ မှတ်ထားတော့ နှလုံးသွင်းသာ တည့်သွားပြီ ဆိုမှဖြင့် တရားကဘဲ ဟာသွားတော့မှာဘဲ....(မှန်ပါ့)။

ဝေဒနာပေါ်တယ်ဆိုတော့ ဝေဒနာပေါ်ပြီး ဒီအတိုင်း နေမည့်တရားလား ဗျာ.... (မဟုတ်ပါဘုရား) ပျက်မည့်တရား မဟုတ်လား....(မှန်ပါ့)။

ဝေဒနာပေါ်တော့ ဉာဏ်နဲ့ကြည့်လိုက်၊ ဝေဒနာပျက်သွားပြီဆိုတော့ ပဋိုလ်သတ္တဝါ ရောသေးသလား-(မရောပါဘုရား) ရောစရာကို ပါသေးရဲ့လား....(မပါ-ပါဘုရား)။

ဒီစိတ်ကလေး ပေါ်လာတယ်ဆိုတော့ နှလုံးသွင်း တည့်ပြီ.... (မှန်ပါ့) ပျက်သွားတယ်ဆိုတော့ တကာတကာမတို့ အနိစ္စဉာဏ် ဝင်မလာဘူးလား....(ဝင်လာပါတယ်ဘုရား) ပဌမ နှလုံးသွင်း တည့်လို့ရှိယင် နောက်က ဝိပဿနာဉာဏ် အမှန်ဖြစ်တယ်.... (မှန်ပါ့)။

ဦးဘအုန်း-ဘာတဲ့တုံး....(နှလုံးသွင်းတည့်လို့ရှိယင် ဝိပဿနာဉာဏ် ဝင်ပါတယ်) နှလုံးသွင်း တည့်တယ်ဆိုလို့ရှိယင် ဝိပဿနာဉာဏ် ဝင်တာဘဲ....(မှန်ပါ့) နှလုံးသွင်းက နဂိုရိုက်ကို မတည့်ဘူးဆိုလို့ရှိယင် ဝိပဿနာဉာဏ်က မလိုက်နိုင်ဘူး....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် .... ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ ကုသလဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ၊ ဘုရားက အဂုံတို့ရိမ္မာဟောတယ်၊ နှလုံးသွင်း မှန်ပေးလို့ရှိယင် မဖြစ်ဘူးသေးတဲ့မင် ဖြစ်ရမယ်၊ ဖြစ်ပြီး မင်သည်ကားလို့ ဆိုယင် ခဏခဏပွားများတဲ့အခြေအနေ ရောက်ရတော့မယ် (မှန်ပါ့) နှလုံးသွင်းတည့်ဘို့ဘဲအရေးကြီးတယ် .... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ပေါ်လာတဲ့ဓမ္မကို သူ့နာမည် မပေးချင်ထားပါတော့၊ စာမတတ်လို့ နာမည်မပေးချင်ယင် ထားပါတော့.... (မှန်ပါ့)။

ဩော်.... ဒါဟာ ဓမ္မကလေးပေါ်ပြီး ဓမ္မကလေး ပျောက်တာကိုး.... (မှန်ပါ့) စာတတ်မှ နာမည်ပေးတတ်တာကိုး....

(မှန်ပါ့) စာမတတ်တဲ့ပုဂ္ဂိုလ်က နာမည်ပေးချင်လို့....(မရပါဘုရား) မရနိုင်တော့ သြော်....ဒါကလေးဟာ ဓမ္မကလေးပေါ်လာပြီ၊ အခု ဓမ္မကလေးပျက်ပြီ....(မှန်ပါ့) ဓမ္မပေါ်လာတယ် ဆိုယင်ဘဲ နှလုံးသွင်းတည့်ပြီ....(မှန်ပါ့)။

ဦးဘအုန်း-ဘာတဲ့တုံး .... (ဓမ္မပေါ်လာတယ်ဆိုယင် နှလုံးသွင်းတည့်ပါပြီဘုရား)။

အဲဒီတော့ တကာ တကာမတို့ ဘုန်းကြီးက အားပေးနေတယ်လို့ ခင်ဗျားတို့က မယူပါနဲ့၊ အမှန်ပြောနေတယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) အားပေးနေတယ်လို့ ယူလိုက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့မှာ ပေါ့သွားမယ်....(မှန်ပါ့)။

ဆရာဘုန်းကြီးက အခုဟောနေတာက အားပေးနေတာ မဟုတ်ပါဘူး၊ အမှန်ကိုပြောနေလို့ ခင်ဗျားတို့က အမှန်အတိုင်းသာ ကျင့်ဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ့) အားပေးနေတယ်ဆိုတဲ့ဥစ္စာက ဦးခင်မောင်-ခလေးအငိုတိတ်အောင် လုပ်တာနဲ့ တယ်တူတယ်....(မှန်ပါ့) ခလေးအငိုတိတ်အောင်ဆိုတော့ ခင်ဗျားတို့က ခလေးတွေမှ မဟုတ်ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အားပေးတာမဟုတ်ပါဘူး၊ ဓမ္မပေါ်တယ်လို့ သိလို့ရှိယင် တော်ပါပြီ....(မှန်ပါ့) ဘာ့ကြောင့်တုံး ဆိုဘော့ ဘုရားလက်ထက်က ဘေးကနေပြီး တရားနာတဲ့ သုပ္ပဗုဒ္ဓတို့လို သူရှုမှတ်လို့ ပုဂ္ဂိုလ်တွေ ဘယ်က လာတာပါလိမ့်မတုံးဗျ....၊ ဘယ်က ဘာဖြစ်လာပြီလို့ အမည်နာမသိဘို့ မလွယ်ပါဘူး....(မှန်ပါ့)။

ဓမ္မကလေးပေါ်လာတာ သြော် .... ဒီဓမ္မကလေးပေါ်ပြီး ဓမ္မကလေးပျက်တာတော့ သိမှာပေါ့ဗျာ.... (မှန်ပါ့) အဲဒါ လောက်နဲ့ဘဲ သောတာပန် တည်ကြတာပါဘဲ....(မှန်ပါ့ဘုရား) ချောင်းပြီးနာတဲ့ပုဂ္ဂိုလ်ကလဲ နာရင်း သောတာပန် တည်ကြတာဘဲ....(မှန်ပါ့)။

အဲဒါ သူတို့က ပါရမီရဲရဲတောက်တဲ့မို့လို့ ခင်ဗျားတို့က ဆိုဦးမယ်....(မှန်ပါ့) ယောနိသော မနသိကာရမှန်လို့ ရကြတာပါဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ-ခင်ဗျားတို့က သူတို့ကတော့ ရဲရဲတောက်တဲ့၊ တပည့်တော်တို့က အိုးများ ရေဖုံးနေသလို ကိုယ့်-ကိုယ်ကိုယ် သိပ်ပြော့တယ်ထင်တာ....(မှန်ပါ့) အိုးများ ရေဖုံးနေတော့ ဘယ်တော့ ရဲဦးမှာတုံး....(မရဲပါဘုရား) သဘောပါပလား .... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ လျှော့တဲ့စကားကို မသုံးနဲ့....(မှန်ပါ့) ဓမ္မပေါ်လို့ ဓမ္မပျက်တာသိအောင်လုပ်.... (မှန်ပါ့)။

သဗ္ဗေ ဓမ္မာ အနတ္တာ-လို့ ဟောထားတယ်၊ ဘုန်းကြီးက ဒီဥစ္စာ တန်းဆာဆင်ပြောတာမဟုတ်ပါဘူး....(မှန်ပါ့)။

သဗ္ဗေသင်္ခါရာ အနိစ္စာ ဒီအလှူမှာ သင်္ခါရတရားပေါ်ပြီး သင်္ခါရဘုရားပျက်တယ်၊ ဓမ္မပေါ်ပြီးတော့....(ဓမ္မပျက်ပါတယ်) ဒါဘဲ ရှိတယ်ဆိုတော့ ဦးခင်မောင် နာမည်ပေးဘို့ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ နာမည်ပေးတာကတော့ ဘုရားမြတ်စွာကပေးနိုင်တယ်....(မှန်ပါ့) ခင်ဗျားတို့က နာမည်ပေးမနေနဲ့တော့ ဓမ္မသီဘို့အရေးကြီးပါတယ်၊ ဘုရားပေးပြီး နာမည်အတိုင်းပေါ့ သိပေါ့ဗျာ....(မှန်ပါဘုရား)။

ဒီဓမ္မကလေးတခုပေါ်လာပြီး ဒီဓမ္မကလေးမရှိဘူး၊ နောက် ဓမ္မကလေးတခု ပေါ်လာပြီးဒီဓမ္မကလေးမရှိဘူး၊ ဒါကို ခင်ဗျားတို့က သီဘို့အရေးကြီးတယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ ဓမ္မပေါ်တယ်လို့ သိယင်ယောနိသောမနသိကာရဖြစ်ပြီ....(မှန်ပါ့) ဓမ္မမရှိဘူးလို့ သိယင် ဝိပဿနာဉာဏ်(မှန်ပါ့) ဒါဖြင့် ယောနိသော မနသိကာရ နောက်က ဝိပဿနာဉာဏ်လိုက်ပါ....(မှန်ပါဘုရား)။

ဓမ္မပေါ်လာတယ်လို့ သိတာက(ယောနိသောမနသိကာပါဘုရား) ပုဂ္ဂိုလ် သတ္တဝါပေါ်လာတယ်လို့ သိတာမှမဟုတ်ဘဲကိုးဗျ....(မှန်ပါ့) အကြောင်းတိုက်ဆိုင်လို့ ဓမ္မကလေးတခုပေါ်လာတယ်၊ ဥပမာ ယားတဲ့ဓမ္မကလေးတခု ပေါ်လာတယ် ....(ယောနိသော မနသိကာရပါဘုရား)။

စား၍တဲ့ ဓမ္မကလေးတခု ပေါ်လာတယ်....(ယောနိသော မနသိကာရပါ) ဒါကလေးဟာ ပျက်သွားပြီလို့ သိလိုက်တဲ့အခါကျတော့ ဝိပဿနာနောက်က လိုက်လာတယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် ယောနိသော မနသိကာရ ရှိလို့ရှိယင် ဝိပဿနာက

အတည့်ဖြစ်ပါတယ်....(မှန်ပါ့) ယောနိသော မနသိကာရ ရှေ့သွားက မတည့်ယင် ဝိပဿနာနောက်က လိုက်လို့ကိုမရဘူး .... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အားငယ်စရာရှိခဲ့လား.... (မရှိပါ) ကိုင်း....ဒါဖြင့် ယနေ့ ပြောချင်တာက ကိုယ့်ဟာကို ရဲရဲတင်းတင်းနဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိတာကို ကိုယ့်ခန္ဓာထဲမှာ မြန်နိုင်သလောက် မြပြီးတော့ သိအောင်လုပ်ရမယ်.... (မှန်ပါ့ဘုရား) ဦးခင်မောင် သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်မနောထဲမှာ ·(မြန်နိုင်သလောက်မြပြီးတော့သိအောင် လုပ်ရပါမယ်) မြန်နိုင်သလောက်မြပြီး ပုဂ္ဂိုလ်သတ္တဝါလုံးဝမရှိဘူးလို့ ဆုံးဖြတ်ချက်ချနိုင်လောက်အောင်လုပ်လို့ရှိယင် အဲဒါသောတာပန်အမြင်လို့သာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါက ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ မြင်ပြီးသား ပုဂ္ဂိုလ်၏ အမြင်ဟာ ဒီအမြင်ဘဲလို့ ဘုရားကဟောတာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် သောတာပန်တည်ပြီးတဲ့ ပုဂ္ဂိုလ်၏အမြင် သေချာပြီနော်....(မှန်ပါ့) မနေ့က မင်္ဂနောက်က ဖိုလ်လိုက်တယ်လို့ ဘုန်းကြီးကဟောခဲ့တယ်....(မှန်ပါ့) ဖိုလ်နှစ်ကြိမ်သုံးကြိမ်တမျှ ပြောခဲ့တယ်....(မှန်ပါ့)ဝိပဿနာနောက်ကလဲ ဖိုလ်လိုက်တယ်လို့ မနေ့က ပြောထားခဲ့တယ်....(ပြောပါတယ်ဘုရား)။

အဲဒါ အဆက်ပြောဘို့ ထားခဲ့တာ တကာတကာမတွေ့သိပြီးသားဖြစ်ပါတယ်.... (မှန်ပါ့) မင်္ဂနောက်ကတော့ ဖိုလ်

နှစ်ကြိမ်သုံးကြိမ်လိုက်တယ်....(မှန်ပါ့)ဝိပဿနာနောက်ကတော့ ဖိုလ်အမျှားကြီးလိုက်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဖိုလ်ဝင်စားတဲ့ အဓိပ္ပါယ်ကလေး နည်းနည်းရှင်းပေးပါ့မယ်နော်....(မှန်ပါ့) ကိုင်း....ခန္ဓာကိုယ်ကို ကြည့်ကြ၊ ပါစို့ တကာတကာမတို့၊ခန္ဓာကိုယ်ကြည့်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဓမ္မဖြစ်၍ ဓမ္မပျက်တာကလေးတော့ မတွေ့ပေဘူးလား .... (တွေ့ပါတယ်ဘုရား)။

ဓမ္မဖြစ်၍ ဓမ္မပျက်တာကလေးတော့ချည့် တွေ့တွေ့- တွေ့တွေ့ နေတာက ဦးဘအုန်း ဘယ်သူ့အမြင်တုံး .... (သောဘာပန် ပုဂ္ဂိုလ်၏ အမြင်ပါဘုရား) သောတာပန် ပုဂ္ဂိုလ်ဆိုတာ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ကိုဆိုသည်...(မှန်ပါ့ဘုရား)။

ကောင်းပြီ အဲဒီပုဂ္ဂိုလ်က ဓမ္မကလေးတွေ့ဖြစ်ပြီး ဓမ္မကလေးတွေ့ချည့်ပျက်တာကို မြင်တော့တယ်....(မှန်ပါ့) ဘာမြင်ပါလိမ့် (ဓမ္မကလေးတွေ့ချည့်ဖြစ်ပြီး ဓမ္မကလေးတွေ့ချည့်ပျက်တာကိုမြင်ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဓမ္မကလေးတွေ့ချည့် ဖြစ်လိုက် ဓမ္မကလေးတွေ့ချည့်ပျက်လိုက်၊ အဲဒါ သောတာပန်ပုဂ္ဂိုလ်က မြင်နေတော့ ဒါကလေးတွေ့ မြင်ရင်း မြင်ရင်းမတွန့် တခါတည်း ဒီအမြင်ကလေးတွေ့ဟာ တံကာတကာမတို့ ပဌမတော့ ဒါကိုမြင်သေးတာဘဲ...(မှန်ပါ့) ခုနင်ကပြောခဲ့တဲ့ လေးချက်နဲ့ ရဲရဲဘင်းတင်းမမြင်ဘူးလား....(မြင်ပါတယ်ဘုရား)။!

မြင်ရာက နေပြီးသကာလ တကာတကာမတို့ သူကတော့

ဒုက္ခသစ္စာကိုပိုင်းခြားတယ်၊ သမုဒယသစ္စာ ပယ်တယ်၊ ဒါတွေ့ မလာတော့ဘူး၊ ဖြတ်ဆို ဒုက္ခသစ္စာ ဖြစ်ပျက်ချုပ်ပြီး နိဗ္ဗာန သစ္စာဘက် အာရုံပြုကူးသွားတာဘဲ....(မှန်ပါ့)ဖြစ်ပျက်ကနေပြီး မဂ်မပါဘဲနဲ့ ကူးသွားတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်ကိုကူးပါလိမ့်.... (ဖြစ်ပျက်ကနေပြီး မဂ်မပါဘဲနဲ့ ကူသွားပါတယ်) ဖြစ်ပျက်ကနေပြီး ဒုက္ခသစ္စာပိုင်းခြား နိဗ္ဗာန်သစ္စာ မျက်မှောက်ပြု သမုဒယသစ္စာကိုပယ်၊ မဂ္ဂသစ္စာကိုပွားများ ဒီလိုအစီအစဉ်တွေ့ မလာတော့ဘူး၊ သစ္စာလေးပါး တပြိုင်နက်မလာတော့ဘူး၊ တခါတည်း ဒုက္ခသစ္စာလဲချုပ်ပြီး နိဗ္ဗာန်သစ္စာ အာရုံပြုပေါ်လာတာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒုက္ခသစ္စာချုပ်ပြီးတော့ နိဗ္ဗာန်သစ္စာ ပေါ်တာဘဲ၊ အာရုံပြုသောအားဖြင့် ပေါ်လာတယ်....(မှန်ပါ့) ဒုက္ခနိဗ္ဗာန်ပေါ်လာတယ်၊ ဒါက နိဗ္ဗာန်သစ္စာ နိဗ္ဗာန်၊ ဒါက ဖိုလ်ဇောတွေ့ **ပေါ့ဗျာ...(မှန်ပါ့ဘုရား)။**

ဝိပဿနာချုပ်သွားပြီး ဝိပဿနာနောက်က ဘာလိုက်သတုံး (ဖိုလ်လိုက်ပါတယ်) ဖိုလ်လိုက်လာတယ်၊ မဂ်လုံးဝမပါဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဖိုလ်သည်ကား... လို့ ဆိုလို့ ရှိယင်ဖြင့် တကားတကာမတို့ ဘာနဲ့သူနဲ့ တည့်နေသတုံး... ဆိုတော့ ဒုက္ခသစ္စာချုပ်တဲ့ နိဗ္ဗာန်နဲ့တည့်နေတယ်... (မှန်ပါ့)။

ပဋ္ဌမဖိုလ်ပေါ်လာပြီး ပဋ္ဌမဖိုလ်နဲ့ တည့်နေတယ်၊ ပဋ္ဌမဖိုလ်ချုပ်သွားတော့ ဒုတိယဖိုလ်နဲ့တည့်နေပြန်တယ်၊ နိဗ္ဗာန်ကတော့

အမြဲပေါ့ဗျာ၊ ဖိုလ်ကတော့ အလှည့်နဲ့....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာနံ ဖလဿ-ဒုတိယဇောကိုလဲ၊ နိဗ္ဗာနံ ဖလဿ အာဝရဏမ္မဿ ပစ္စယော်နု- ပစ္စယောဆိုတဲ့အတိုင်း မလာဘူးလား.... (လာပါတယ်ဘုရား) နောက်တတိယဇောကိုကော....(နိဗ္ဗာနံ ဖလဿပါဘဲ) နိဗ္ဗာန်ချည့်တွေ့နေတာဘဲ....(မှန်ပါ့) ဒါဖြင့် နိဗ္ဗာန်ဘယ်လောက်ထိအောင် တွေ့နိုင်သတုံးလို့ မေးလို့ ရှိယင်ဖြင့် အရေအတွက်မရှိဘူး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

နိဗ္ဗာန်ဘယ်လောက်တွေ့ရမှာတုံး.... (အရေအတွက် မရှိပါဘုရား) အရေအတွက်မရှိအောင် တွေ့ရမှာဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ ဒါဟာ ဖလသမာပတ် ဝင်စားတာလို့သာ မှတ်လိုက်ပေတော့၊ ဖိုလ်စိတ်နဲ့ချည့် နေတော့တာဘဲ.... (မှန်ပါ့ ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....နက်ဖြန်မှ ပိုရှင်းမယ်၊ နားကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
သမ္မာဒိဋ္ဌိအကြောင်း (၂)

နေ့အလုပ်ပေးတရားတော်

(၃-၃-၆၀)

သမ္မာဒိဋ္ဌိအကြောင်း ပြောခဲ့တာ မကုန်သေးဘူးလို့ တကာ တကာမတွေ့ မှတ်ထားရမယ်....(မှန်ပါ့) ဒီသမ္မာဒိဋ္ဌိဟာ တနေ့သော်လဲ သမ္မာဒိဋ္ဌိ၊ တနေ့သော်လဲ သမ္မာဒိဋ္ဌိလို့ အောက်မေ့ပြီး မနေနဲ့၊ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်ရောက်တဲ့ နေရာဌာနမှာ သူမပါ ယင် မပြီးလို့ မှတ်....(မှန်ပါ့) ခေါင်းဆောင်တရားလို့ မှတ်ပါ-(မှန်ပါ့)။

သမ္မာဒိဋ္ဌိမပါဘဲနဲ့ နိဗ္ဗာန်ရောက်တာ မရှိပါဘူး....(မှန်ပါ့) သမ္မာဒိဋ္ဌိမပါဘဲနဲ့ ဘုရားမဖြစ်ပါဘူး၊ ဒါကြောင့် သမ္မာဒိဋ္ဌိဟာ အရေးအကြီးဆုံးဘဲ... (မှန်ပါ့)။

သမ္မာဒိဋ္ဌိသည် တကာတကာမတို့ ဘယ်နှစ်မျိုးရှိသတဲ့တုံး.... (ငါးမျိုးပါဘုရား) ငါးမျိုးရှိတယ်ဆိုတာ မှတ်ထားပါနော်....

ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ စျာန သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိ....(မှန်ပါ့)။

ငါးမျိုးရှိပြီးသကာလ....နေတော့ ဒါတွေဟာ သမ္မာဒိဋ္ဌိ ချည့်ဘဲ၊ သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိက မြင်တာ၊ အမှန်အကန် မြင်တဲ့ တရားငါးမျိုးရှိတယ်လို့ မှတ်ထားရမယ်....(မှန်ပါ့)။

အဲဒီတော့ မေးစရာက အမှန်အကန်မြင်တာဘဲ၊ ငါးမျိုး တောင် ပြားရသလားဆိုတော့ အို.... သူ့အတန်းနဲ့သူ မြင်ရတာ (မှန်ပါ့) ခလေးတန်းဟာ ခလေးတို့၏သဘာဝအတိုင်း၊ ခလေး တို့၏အမြင်ဘဲရှိမှာဘဲ၊ အလတ်စားဟာ အလတ်စားမြင်၊ အပျို အရွယ်တွေဟာ အပျိုအရွယ်အမြင်၊ လူကြီးဟာ လူကြီးအမြင်၊ ဒီ့ထက်ပိုပြီးသကာလ ရွှေမို့-နောက်မို့အမြင်က ရွှေမို့-နောက်မို့ အမြင်လို့ ဦးဘအုန်း- အမျိုးမျိုးတော့ ပြားမှာဘဲ....(မှန်ပါ့) မပြားထိုက်ဘူးလား... (ပြားထိုက်ပါတယ်ဘုရား)။

အဲဒီအထဲမှာ ကမ္မဿကတာဉာဏ်အမြင်ဆိုတာကတော့ ကောင်း တာလုပ်ယင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ယင် မကောင်းကျိုးပေးမယ်၊ ဒီလိုသိတဲ့အမြင်တဲ့၊ ဒီလိုသိတဲ့အမြင်ဘဲ၊ ဒီလိုအမြင်မှာလဲ ဉာဏ်ပါသေးတယ်လို့ ဆိုရမယ်....(မှန်ပါ့)။

သို့သော် ဒီဉာဏ်ကို အဆုံးဉာဏ်လို့ ဆိုရမလား၊ အစ,ဉာဏ် ကလေးမျှဘဲလို့ ဆိုရမလား....(အစ,ဉာဏ်ကလေးမျှပါဘုရား) အစ,ဉာဏ်ကလေးမျှဘဲ ရှိသေးတော့ ဘုန်းကြီးတို့ တကာတကာ မတွေ့ ဒီဉာဏ်ကလေးမျှနဲ့ မတင်းတိမ်လောက်သေးဘူးလို့ မှတ် လိုက်ကြတာပေါ့....(မှန်ပါ့ဘုရား)။

ဗျာနသမ္မာဒိဋ္ဌိဆိုတဲ့ ဒုတိယဉာဏ်ကလဲ သာသနာပ စသည်တွေမှာ ပထဝီကသိုဏ်းတွေ၊အာနပါနလုံပ်ငန်းတွေ၊ စသည်တွေကို လုပ်ပြီးသကာလ ဒို့သည် အပ္ပနာသမာဓိရပြီး ဗျာန်တွေရလို့ ၎င်းဗျာန်တွေ မပျက်စီးဘဲ သေလို့ရှိယင် ရူပ,အရူပဗြဟ္မာပြည်ရောက်မယ်လို့ သိတာလဲ သမ္မာဒိဋ္ဌိဘဲ....(မှန်ပါ့)။

သို့သော်လဲ သူသည် ဝဋ်ထဲကိုသာသိတယ်၊ ဝဋ်ပြင်ဘက်ကို သူမသိသောကြောင့် သူလဲ ခုနင်ကဟာနဲ့စာယင် အထက်တန်းကျသလိုလိုနဲ့ လမ်းမဆုံးသေးဘူးမှတ်ရမယ်....(မှန်ပါ့) အထက်တန်းတော့ မကျဘူးလား....(ကျပါတယ်ဘုရား) လမ်းဆုံးပါရဲ့လား....(မဆုံးပါဘုရား)။

ဒါကြောင့် သမ္မာဒိဋ္ဌိနှစ်ခုဟာလဲ ညံ့သေးတယ်၊ ဖျင်းသေးတယ်ဆိုတာ ဦးဝတို့ မှတ်သားကြဘို့ပေါ့....(မှန်လှုပါဘုရား) ဒါဖြင့် ဘာအရေးကြီးသတုံးဆိုတော့ ၃-နံပါတ်ဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိသည် တကာတကာမတို့ အရေးကြီးတော့တယ်.... (မှန်လှုပါ)။

ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာက သာသနာတွင်းမှသာ ပေါ်နိုင်တယ်လို့ မှတ်ထားလိုက်တာပေါ့၊ ပြောခဲ့ပြီးတဲ့ ၁-နံပါတ် ၂-နံပါတ်တို့ကတော့ သာသနာပမှာလဲ ရှိတယ်လို့ မှတ်ထားလိုက်တာပေါ့....(မှန်ပါ့)။

ဒါဖြင့် သာသနာတွင်းမှာသာရှိတဲ့ သမ္မာဒိဋ္ဌိက ၃-ပါး၊ သာသနာပမှာလဲ ရှိနိုင်တဲ့ သမ္မာဒိဋ္ဌိကတော့ ၂-ပါးပေါ့ဗျာ.... (မှန်ပါ့)။

အဲဒီတော့ အခုတကာတကာမတွေ့ သာသနာတွင်း ကြုံနေတာလဲတကြောင်း၊ ဆရာသမားမျှားနဲ့ကြုံနေတာလဲတကြောင်း ဤအကြောင်းတွေ့ကြောင့် အလုပ်-လုပ်ပြီးသကာလ ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကို သွားကြလို့....ဆိုတော့ ၃-နံပါတ်ကစပြီး ခင်ဗျားတို့ အရေးတကြီး အလုပ်စခန်းသင်ရမယ်၊ အလုပ်-လုပ်နည်းကို သိရမယ်၊ အလုပ်-လုပ်ခြင်းကြောင့် ကျေးဇူးများတာကို သိရမယ်....(မှန်ပါ့)။

ဒီလိုမှသာလျှင် ဘုန်းကြီးတို့ တကာတကာမတွေ့ သာသနာတွင်းအလုပ်ကို လုပ်ဖြစ်ရာလဲရောက်၊ ဘဝမျှားစွာ သံသရာကဆိုးဝါးလာတာတွေ့လဲ ဒီကနေ ဆီးပြီးတားယင် ရတယ်ဆိုတာလဲ မှတ်ဘိုပါဘဲ....(မှန်ပါ့)။

ဘဝမျှားစွာ သံသရာက ဘယ်လိုဘဲ မိုက်မိုက်၊ ဘယ်လိုဘဲတေတေ၊ ယခုဘဝလဲ မသိလို့ ဘယ်လိုဘဲမိုက်မိုက်၊ ဘယ်လိုဘဲတေတေ ကံကြီးငါးပါး မထိုက်လို့ရှိယင် ဘုန်းကြီးများကတကာတကာမတွေ့ ဒုက္ခခပ်သိမ်းငြိမ်းနိုင်တဲ့ဥာဏ် ရနိုင်သေးတယ် ဆိုတာကို အားပေးပါတယ်.... (မှန်ပါ့) အားပေးတဲ့အတိုင်းလဲငြင်းနေစရာမလိုပါဘူး၊ ရနိုင်ပါတယ်လို့ဘဲ ဆုံးဖြတ်ချက် ချပေးကြပါ....(မှန်ပါ့)။

ကောင်းပြီ .... ဒါဖြင့် တကာ တကာမတို့ ၃-နံပါတ်ဥာဏ် အရေးကြီးတယ်လို့ မှတ်ပါနော်....(မှန်ပါ့) ၃-နံပါတ်ဥာဏ်က ဘာကိုလှည့်ရမှာတုံး မေးဘို့လိုတယ်....(မှန်ပါ့) ၃-နံပါတ်ဥာဏ်သည် ဘာကိုလှည့်ရမှာတုံး....လို့ မေးဘို့လိုတော့ ခန္ဓာပေါ်မှာလှည့်ရမယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

၃-နံပါတ်ဉာဏ်သည် ဘယ်အပေါ်မှာ လှည့်ရမှာတုံး-(ခန္ဓာပေါ်မှာ လှည့်ရမှာပါဘုရား)။

ခန္ဓာပေါ်မှာ လှည့်ရမှာဆိုတော့ ရှေ့ပိုင်းမှာ မှတ်စရာက တကာတကာမတို့ ခန္ဓာသည် ငါးမျိုးရှိတယ်၊စက္ခုံစ ပဋိစ္စ ရှုပေစ ဥပဒ္ဒတိ စက္ခုဝိညာဏံ၊ ဩော်....ဝိညာဏကိုခန္ဓာဆိုတာလဲ ခန္ဓာဘဲကိုး....(မှန်ပါ့)။

"သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပဒ္ဒတိ သောတ ဝိညာဏံ...." ဆိုတော့ ဩော် .... ဒါလဲ ဝိညာဏကိုခန္ဓာဘဲ....(မှန်ပါ့) မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပဒ္ဒတိ မနောဝိညာဏံ- ဆိုတာလဲ ဝိညာဏကိုခန္ဓာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒါဟာ ခန္ဓာထဲပေါ်တဲ့ တရားအစုဟာ ပဋိစ္စသမုပ္ပါဒ် အစုလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့ဘုရား)။

အဲဒီဝိညာဏ်ရှိတဲ့အနက်က မျက်လုံးဝိညာဏ်, မျက်လုံးထဲမှာ မြင်တဲ့စိတ်ပေါ့ဗျာ.... (မှန်ပါ့) နားထဲမှာ ကြားတဲ့စိတ်၊ နှာခေါင်းထဲမှာ မွှေးတာ နံတာ သိတဲ့စိတ်ကလေး၊ လျှာထဲမှာ စားတာ သောက်တာ အရသာသိတဲ့စိတ်ကလေး၊ ကိုယ်ပေါ်မှာ ယားတာ ယုံတာ ကောင်းတာသိတဲ့စိတ်ကလေး၊ မနောထဲမှာ ကြံစည်တွေးတောတဲ့စိတ်ကလေး၊ အဲဒီခြောက်မျိုးဟာ ဝိညာဏ်ချည့်ဘဲလို့ မှတ်လိုက်စမ်းပါ့....(မှန်ပါ့)။

ဒီခြောက်မျိုးသည်ကား....လို့ဆိုယင် တကာတကာမတို့မှာ အမြဲတန်း သူတို့က လှည့်ပတ်ပြီးသကာလ .... ဖြစ်နေတော့တယ်

ဆိုတာ မှတ်ထားလိုက်တော့ ဒါ ပဋိစ္စသမုပ္ပါဒ် စ,ပြီးဖြစ်ပါတယ် (မှန်ပါ့) သူတို့ကစ,ပြီး ဆုံးတော့ဆုံးပြီး တဝိညာဏ်ပြီးတော့ နောက်တဝိညာဏ် ပြန်စ,တယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် ဒီဝိညာဏ်ကို တကာတကာမတွေ ၃-နံပါတ်ဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိခေါ်သော ဝိပဿနာဉာဏ်နဲ့ ရှုရလိမ့်မယ်....(မှန်ပါ့) ၃-နံပါတ်ဖြစ်တဲ့ ဝိပဿနာဉာဏ်နဲ့ ရှုလိုက်တော့ အခုဘုန်းကြီးပြောနေတဲ့ တရားသံကို ကြားကြပါတယ်....(မှန်ပါ့) မကြားကြဘူးလား-(ကြားကြပါတယ်ဘုရား) ကြားတာသည် နားထဲမှာ သောတဝိညာဏ်က ကြားတယ်....(မှန်ပါ့)။

တကာ တကာမတွေ ဘယ်သူကကြားသတုံး .... (သောတဝိညာဏ်က ကြားပါတယ်ဘုရား) မြန်မာလို ပြန်လိုက်တော့ ကြားစိတ်က ကြားတဲ့ယ်....(မှန်ပါ့) ကြားစိတ်က ကြားတယ် ဆိုတာသိတော့ ဒီဥစ္စာ အိမ်ကပါလာတဲ့ကြားစိတ်လဲမဟုတ်ဘူး၊ ထိုင်စ,က ကြားစိတ်လဲမဟုတ်ဘူး၊ အခုအသံနဲ့ သောတပသာဒနဲ့ ဆုံမိမှ ပေါ်လာတဲ့ ကြားစိတ် ဆိုယင်ကော လဲပါ့မလား.... (မလဲပါဘုရား)။

အခုအသံနဲ့ ပေါင်းမိမှ ပေါ်လာတဲ့ ကြားစိတ်လို့ တကာတကာမတွေက မှတ်လိုက်တော့ ဩဇာ.... ဒါဟာ ပဋိစ္စသမုပ္ပါဒ် အစ,ပါကလားလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့)။

အဲဒီအစ,ကို တကာတကာမတွေ ၃-နံပါတ် ဝိပဿနာဉာဏ်နဲ့ရှု၊ အခုသိရမှာကတော့ ကြားစိတ်လို့ သိရမယ်၊ ဉာဏ်နဲ့ သေသေချာချာ ကြားစိတ်ကလေး ရှိ-မရှိကို ကြည့်လိုက်တဲ့အခါကျတော့ မရှိတာဘဲ သိပါလိမ့်မယ်နော်....(မှန်ပါ့)။

သိတော့ ဘာသိမယ်....(မရှိတာကို သိပါမယ်ဘုရား) ကြားစိတ် သိတာလား၊ မရှိတာကိုသိတာလား....(မရှိတာကို သိတာပါဘုရား) မရှိတာသိတော့ကို တကာတကာမတို့ ကြားစိတ်ဆိုတာ ဝိညာဏကွန္ဓာဘဲ့....(မှန်ပါ့) ဒီတော့ ခန္ဓာကိုသိတာလား၊ မရှိတာကိုသိတာလား....(မရှိတာကို သိတာပါဘုရား)။

ဒါဖြင့် ဒီမှာ ယနေ့ အထူးပြောချင်တာက ဦးဘအုန်းတို့ မှတ်စရာက ဝိပဿနာရှုတဲ့အခါကျတော့ ဝိပဿနာဉာဏ်သည် (၀၂) ၃-နံပါတ် သမ္မာဒိဋ္ဌိသည် ခန္ဓာကိုလဲစွန့်တယ်....(မှန်ပါ့) သူမြင်တာသည် ခန္ဓာကိုလဲ စွန့်မြင်တယ်....(မှန်ပါ့)။

ဦးဘတင်-ခန္ဓာကို သူမြင်တာလား၊ မရှိတာကို သိတာလား-(မရှိတာကို သိပါတယ်ဘုရား) မရှိတာကျတော့ ခန္ဓာ ဟုတ်သေးရဲလား....(မဟုတ်ပါဘုရား)။

နဂိုရိုးတုန်းကတော့ သောတဝိညာဏ်ဆိုတော့ ဝိညာဏကွန္ဓာပေါ့ဗျာ....(မှန်ပါ့) အခု သူ့ကို ၃-နံပါတ် သမ္မာဒိဋ္ဌိ ဆိုတဲ့ ဝိပဿနာဉာဏ်နဲ့ ဦးဘအုန်းတို့က ကြည့်လိုက်ပါတယ်....(မှန်ပါ့) ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာတွေသလား၊မရှိမှုတွေသလား (မရှိမှုတွေပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

တကာသစ်တို့ ကိုမြရွှေတို့ ဘာတွေသတုံး....(မရှိတာတွေပါတယ်ဘုရား) ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဩဝါဒ.... ဝိပဿနာဉာဏ်၏ စွမ်းရည်သတ္တိဟာ မရှိတာကို သိတာကိုး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မရှိတာသည်ကား....လို့ ဆိုယင်ဖြင့် ဘယ်သူ့မရှိတာတုံးလို့ ဦးဘအုန်းတို့ ဦးဘတင်တို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်) ခုနင်က ဝိညာဏကွန္ဓာ မရှိကာဘဲ့....(မှန်ပ)။

ကြားတုန်းက ဘာပေါ်သတုံး.... (ဝိညာဏကွန္ဓာ ပေါ်ပါတယ်) ရှိသေးရဲ့လား....(မရှိပါဘုရား) ဒါဖြင့် မရှိဘူးလို့ သိတာသည် တတိယသမ္မာဒိဋ္ဌိ....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာကိုသိတာလား၊ ခန္ဓာမရှိတာကို သိတာလား.... (ခန္ဓာမရှိတာကို သိတာပါဘုရား) သေသေချာချာမှတ်ပါ တကာတကာမတို့၊ ဩဇာ .... ဝိပဿနာဉာဏ်ဆိုတာ ခန္ဓာမရှိတာကို သိတာကိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဘယ်တုန်းကမှ တကာတကာမတွေ့ နှလုံးလဲ သွင်းဘူးမှာ မဟုတ်ပါဘူး....(မှန်ပါ့) မသွင်းပါဘူး၊ ဘယ့်နှယ်ဖြစ်နေသတုံး၊ ဒီဆရာဘုန်းကြီးခဲ့တဲ့မှ ဝိပဿနာရှုရတာ၊ ဘာကို ရှုရတာတုံး-ဆိုတော့ ခန္ဓာမရှိတာ သိအောင်လုပ်ရတဲ့အလုပ်ဟာ ဝိပဿနာအလုပ်....(မှန်ပါ့ဘုရား)။

နဂိုရိုက်တော့ ဒီခန္ဓာဟာ နားထဲမှာ ကြားစိတ်ကလေး ဝိညာဏကွန္ဓာ မပေါ်ဘူးလား .... (ပေါ်ပါတယ်ဘုရား) သူနဲ့တဲ့တဲ့ ဝေဒနာကွန္ဓာ, သညာနာကွန္ဓာတွေ ပေါ်တယ်ပေါ့ဗျာ.... (မှန်ပါ့)။

သို့သော်- ဘာတွေဘဲပေါ်ပေါ် ငါးပါးစလုံးပေါ်ပေါ်, ပေါ်တာဟာငါးပါးဘဲ၊ ကြည့်လိုက်တဲ့အခါကျတော့ ဒီငါးပါးတွေသလား၊ မရှိတာတွေသလား .... (မရှိတာ တွေပါတယ်ဘုရား)။

အဲ....ဒါဖြင့် တကာ တကာမတို့ ၃-နံပါတ် သမ္မာဒိဋ္ဌိသည် ဝိပဿနာ ဟုတ်တယ်-မဟုတ်တယ် သိချင်ကြလို့ ရှိယင် မရှိတာသိမှ ဝိပဿနာအမှန်လို့မှတ်....(မှန်ပါ့)။

ဝိပဿနာအမှန်ဆိုတာ ဘာပါလိမ့်....(မရှိတာသိမှဝိပဿနာအမှန်ပါဘုရား)။

ကြားတဲ့စိတ်ကလေးကို တကာ တကာမတွေက ဒီကနေ ဉာဏ်နဲ့ လှမ်းပြီးကြည့်လိုက်စမ်းပါ၊ ရှိသေးရဲ့လား .... (မရှိပါဘုရား) ဘယ်သူမရှိတာတုံး... လို့ ဆိုလို့ရှိယင်ဖြင့် ဘယ်နှယ်ဖြေကြမလဲ....(ကြားစိတ်မရှိတာပါဘုရား) ခန္ဓာကိုပြောစမ်းပါ (ဝိညာဏကွန္ဓာ မရှိတာပါဘုရား)။

ဝိညာဏကွန္ဓာတင်မကပါဘူးဗျာ.... သူနဲ့တဲ့တဲ့ ဝေဒနာတို့၊ သညာတို့၊ သင်္ခါရတို့ကော ရှိရဲ့လား....(မရှိပါဘုရား) ဒါဖြင့် ခန္ဓာတွေ မရှိတာဘဲ....(မှန်ပါ့)။

ဘာသိပါလိမ့်....(ခန္ဓာတွေမရှိတာသိတာပါ)ခန္ဓာမရှိတာကို သိတယ်....(မှန်လှပါဘုရား) ဦးဘအုန်း· ဒီဥစ္စာကို သေသေချာချာမှတ်စမ်း၊ ဦးဘတင်တို့ သေသေချာချာမှတ်ကြပါ....(မှန်ပါ့ဘုရား)။

ဝိပဿနာရှုတယ်ဆိုတာ တကာတကာမတွေ သေသေချာချာလေးစားစွာနဲ့ မှတ်လို့ရှိယင်ဖြင့် ခန္ဓာမရှိတာ သိအောင်လုပ်တဲ့အလုပ်ဟာ ဝိပဿနာအလုပ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာရှု-ဆိုတာ ဘာသိအောင်လုပ်ရတာပါလိမ့်....(ခန္ဓာမရှိတာသိအောင်လုပ်ရတာပါ) ခင်ဗျားတို့ ပြောနေကြတာ

ကတော့ အနိစ္စသိဘို့လုပ်နေတာဘဲ၊ ဒုက္ခသိဘို့ လုပ်နေတာဘဲ၊ အနတ္တသိဘို့လုပ်နေတာဘဲ၊ အနတ္တသိဘို့ လုပ်နေတာဘဲဆိုတာ ဒါဟာ ရိုးရာစကားပါ.... (မှန်ပါ့) တကယ်အစစ်ကတော့ ခုနင်ကပြောတဲ့စကား အစစ်အမှန်လို့ မှတ်ကြပါ .... (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ကြောင့်တုံးဆိုတော့ နားထဲမှာ ခန္ဓာငါးပါးပေါ် တယ်ဗျာ....ဘုန်းကြီးက ဗုဒ္ဓံလို့ ရွတ်လိုက်တော့ တကာတကာမ ဂတ္ဂက ဗုဒ္ဓံလို့ကြားတဲ့ ဝိညာဏကွန်ရှာတို့၊ ဝေဒနာကွန်ရှာတို့ မပေါ်ဘူးလား၊ ပေါ်ကြသလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါကလေးကို တကာတကာမတွေ ဉ နုံပါတ်ဖြစ်တဲ့ သမ္မာဒိဋ္ဌိနဲ့ ရှုလိုက်စမ်းပါလို့ ဘုန်းကြီးက ပြောလိုက်တယ်....(မှန်ပါ့) ရှုလိုက်တဲ့အခါကျတော့ ရှိသေးရဲ့လား....(မရှိပါဘုရား) ဘာ မရှိတာတုံး မေးလိုက်တယ်....(ခန္ဓာမရှိတာပါဘုရား) အဲ....ခန္ဓာ မရှိတာသိတာ ဝိပဿနာ....(မှန်ပါ့)။

ဒီကနေ့ကစပြီး သေသေချာချာ ရေရေလည်လည် မှတ်ကြ စမ်းပါ တကာတကာမတို့၊ ခန္ဓာမရှိတာသိတဲ့ဉာဏ်သည် ဝိပဿ နာ သမ္မာဒိဋ္ဌိ....(မှန်ပါ့) အဲ....ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ခန္ဓာ မရှိတာသိတဲ့တရား....(မှန်ပါ့) ဒါ-မနေက မပြောသေးဘူး၊ ယနေ့ အထူးထည့်ပေးပါတယ်....(မှန်ပါ့) သဘောပါပလား.... ပါ-ပါပြီဘုရား)။

ဦးဘတင်-အတော်နေရာကျပြီ....(မှန်ပါ့) ဘာဖြစ်လို့ နေရာ ကျသတုံးလို့ ဆရာဘုန်းကြီးက ဒါလောက်တောင် ချီးမွမ်းပြီး

သကာလ တကာတကာမတွေ့ကို အမှန်းတင်ပြီး ပြောရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာကိုလိုချင်လို့ ရ,ထားတာ-(မှန်ပါ့)။

ခန္ဓာကြီးဟာ တကာတကာမတို့ မလိုချင်ဘဲနဲ့ ရ,ထားတဲ့ခန္ဓာများ ရှိကြရဲ့လား....(မရှိပါဘုရား) မလိုချင်ဘဲနဲ့ ရ,ထားဟဲ့ခန္ဓာ မရှိဘူး၊ လိုချင်လို့ ရ,ထားတာ....(မှန်ပါ့)။

အဲ....ခန္ဓာရနေသ၍ကာလပတ်လုံးလဲ ခန္ဓာနဲ့ နိုဗ္ဗာန်နဲ့ဟာလဲ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာဆိုတာ မိုးနဲ့မြကြီးက နိုးသေးတယ်၊ သူတို့နှစ်ခုက အင်မတန်မှဝေးတယ်....(မှန်ပါ့) မဝေးဘူးလား....(ဝေးပါတယ်ဘုရား)။

အဲဒီလို ဝေးတာတွေသိထားဘော့မှ သြော်.... ခန္ဓာမရှိတာသိမှသာလျှင် နိုဗ္ဗာန်နဲ့ နီးတော့တယ်....(မှန်ပါ့) ဒါဖြင့် တကာတကာမတို့ ၃-နံပါတ် ဝိပဿနာဉာဏ်သည် (၀၂) ဝိပဿနာသမ္မာဒိဋ္ဌိသည် ဘာကိုသိသတုံး .... (ခန္ဓာမရှိတာကို သိပါတယ်ဘုရား)။

သိပ်နေရာကျသွားပြီ၊ တကာတကာမတို့ ဝိပဿနာ ရှုတာသည် ဘယ်အကျိုးငှာ ရှုတာတုံး....(ခန္ဓာမသိတာကို သိအောင် ရှုဘာပါ) သဘောပါပြီနော်....(ပါ၊-ပါပြီဘုရား) ဘယ်သူ့ခန္ဓာတုံးလို့ ဆက်ပြီးမေးလိုက်တော့မှ ဘယ်လိုဖြေကြပါ့မလဲ....(ငိုမိခန္ဓာပါဘုရား)။

နဂိုရိုက မိုမိခန္ဓာထင်နေကြတယ်၊ ငါကြားပါတယ်၊ ငါ့စိတ်နဲ့ ငါ့ကိုယ် ကြားပါတယ်ဆိုပြီး စိတ်ကို ငါလဲ စုံလုံက်သေးဘယ်၊ ဒီခန္ဓာကိုလဲ ငါကိုယ်တိုင် ကြားပါတယ်လို့ ပြောလိုက်တဲ့

အခါကျတော့ တကာတကာမတွေ့ ခန္ဓာငါးပါး၊ ကိုယ့်-ကိုယ့် ကိုယ်ဟာ လုပ်ထားတာကြောင့် ငါ-ကြားနေတယ်ဘဲ တကယ် ဘဲ ထင်လိုက်တာဘဲ....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် တကာဘကာမတို့ ခန္ဓာက ကြားတယ် ဆိုတာတော့ဖြင့် သဘောတော့ ကျပါပြီ၊ မှန်လဲ မှန်ပါတယ်၊ သို့သော်-ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ကြည့်လိုက်တော့ ကြားတဲ့ ခန္ဓာ ငါးပါး ရှိ-မရှိ....(မရှိပါဘုရား)။

ကြားတဲ့ခန္ဓာငါးပါး မရှိဘူးလို့ သိလိုက်တာ ကြော်.... မိမိ တို့၏သေမှုကို မိမိတို့သိတာဘဲ....(မှန်ပါ့) မိမိတို့ ရ,ထားတဲ့ ခန္ဓာ၏ ပျက်စီးမှုကို မိမိတို့သိတာဘဲ....(မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

မိမိတို့ရထားတဲ့ ခန္ဓာငါးပါး၏ ပျက်စီးမှုကို....(မိမိတို့သိတာ ပါဘုရား) ဦးဘအုန်း သိပ်အဘိုးတန်သွားပြီ....(တန်ပါတယ်) သိပ်အဘိုးတန်သွားပြီ ဘကာတကာမတို့၊ ဝိပဿနာ သမ္မာ ဒိဋ္ဌိဟာ တယ်ပြီး နေရာကျပါကလား မိမိတို့ တသံသရာလုံးစဲ့ လာတဲ့ခန္ဓာကြီးဘဲ၊ ဒီခန္ဓာကြီးနဲ့ ကဲ့မှလဲနိဗ္ဗာန်ဒီးတာ ဆိုတော့ အခုတော့ ဒီခန္ဓာကြီးမရှိတာကို သိရတဲ့အတွက် ခန္ဓာမရှိတာ သိရပြီဆိုတာသည် ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်လာပြီ....(မှန်ပါ့)။

ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်လာကတည်းကိုက တကာတကာမတို့ ခန္ဓာမရှိတာသိတော့ကို နိဗ္ဗာန်ဟာ ခန္ဓာမရှိဘူး.... (မှန်ပါ့) အခုလဲ ခန္ဓာမရှိတာ ပျောက်ပျက်သွားတာတော့ သူသိလာပြီ. (မှန်ပါ့) ဒါဖြင့် ဒီအသိတာရှည်သွားလို့ ရှိယင်ဖြင့် နိဗ္ဗာန်နား သူကပ်နေပြီ...(မှန်ပါ့ဘုရား)။

ဒီအသိဘာရှည်ယင်.... (နိုဗ္ဗာန်ကပ်နေပါပြီ)နိုဗ္ဗာန်နဲ့ကပ်နေပြီလို့ ဆုံးဖြတ်ချက်ချစမ်းပါ....(မှန်ပါ့) နားကြီးကြီးနဲ့ထောင်ကြနော်....(မှန်ပါ့) နားကြီးကြီးနဲ့ ထောင်ပါဆိုတာ ဦးဘအုန်းဒါဟာ ချောက်လှန့်ပြီး ဟောတာလဲ မဟုတ်ဘူး .... (မှန်ပါ့ဘုရား)။

ချောက်လှန့်ပြီး ဖြောတာ မဟုတ်ဘူး တကာတကာမတွေတံသက်နဲ့တကိုယ် တသံသရာနဲ့ တနားဆိုသလို အခုကြားရတာ (မှန်လှပါ) တသံသရာနဲ့တနား ဆိုသလိုကြားရတော့ ခန္ဓာမရှိတာကိုသိအောင် ရှုတာသည် ဝိပဿနာသမ္မာဒိဋ္ဌိ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် နိုဗ္ဗာန်ဟာ ခန္ဓာရှိ-မရှိ....(မရှိပါဘုရား) ခန္ဓာသာရှိနေယင် နိုဗ္ဗာန်လဲ ဒုက္ခသစ္စာဖြစ်ဦးမှာပေါ့....(မှန်ပါ့)အဲဒီတော့ ခန္ဓာမရှိတာကို သူသိစပြုလာပြီ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ....(ခန္ဓာမရှိတာကို သိစပြုလာပါပြီ) ခန္ဓာမရှိတာကို သူသိစပြုလာပြီဆိုတော့ ဦးဘဘင် နိုဗ္ဗာန်နဲ့နီးသလားဝေးသလား....(နီးပါတယ်ဘုရား) နီးလာပြီ၊ ဒါကြောင့်တကာတကာမတို့ ဝိပဿနာဉာဏ်သည် နိုဗ္ဗာန်ကိုမြင်တဲ့ မဂ်ဉာဏ်နဲ့ အနီးဆုံးလို့ဖြောတာ သေသေချာချာ ကိုက်တယ် .... (မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်နဲ့ အနီးဆုံးဘဲ၊ မဂ်ဉာဏ်က နိုဗ္ဗာန်ကိုမြင်တာကိုးဗျ....(မှန်ပါ့) ဝိပဿနာဉာဏ်သည် ဘယ်ဉာဏ်နဲ့နီးသတုံး.... (မဂ်ဉာဏ်နဲ့နီးပါတယ်) မဂ်ဉာဏ်နဲ့နီးတယ်

ဆိုကတည်းက မဂ်ဉာဏ်က ဘာကိုမြင်သတုံး.... (နိဗ္ဗာန်ကိုမြင်ပါ တယ်) ဝိပဿနာဉာဏ်က ဘာကိုမြင်သတုံး .... (ခန္ဓာမရှိတာကို မြင်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်ကလဲ တစိတ် တဒေသ သူနိဗ္ဗာန်မြင်တယ်၊ ခန္ဓာမရှိဘာ ပျောက်ပျောက်သွား တာဘဲ သူမြင်တယ်....(မှန်ပါ့) မဂ်ဉာဏ်ကလဲ ခန္ဓာမရှိတာဘဲ မြင်တယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ မဂ်ဉာဏ်က အမြဲမရှိတာကိုမြင်တာနဲ့ ဝိပဿနာ ဉာဏ်ကတော့ ခန္ဓာဖြစ်ပြီး ပျောက် ပျောက် သွား လို့ ခဏ တဖြုတ်မရှိတာကိုမြင်တာ .... (မှန်ပါ့) ဒါခြားနားတယ်လို့မှတ် ကြပါ....(မှန်ပါ့) တော်တော့ကို နိဗ္ဗာန်နဲ့နီးသွားပြီ .... (မှန်ပါ နီးပါပြီဘုရား)။

တကာတကာမတွေ အားမလျှော့ပါနဲ့ ဒီဥစ္စာကိုလေးစား စွာနဲ့သာ မှတ်ပေတော့....(မှန်ပါ့) ဝိပဿနာရှုဟော .... နိဗ္ဗာန်နဲ့ အနီးကလေးကျန်တော့တယ်ဆိုပြီး အားခဲပြီ သာ ရှုပါလို့ သတိ ပေးလိုက်ပါတယ်....(မှန်ပါ့) ဦးဘအုံး ရိပ်မိပလား .... (ရိပ်မိ ပါပြီဘုရား)။

ကဲ....တခေါက် ပြန်ပြောပါဦးမယ် ဒီဥစ္စာ အရေးကြီးလို့ နော်....(မှန်ပါ့) အထက်ဉာဏ်တွေ ပြောမှာပါဘဲ၊ ပြောပင် ပြောငြားသော်လဲ ဝိပဿနာဉာဏ်မှာ ပြောစရာမကုန်သေးလို့ ဦးဘတင် ထပ်ထပ်ပြောနေရဘာ....(မှန်ပါ့ဘုရား)။

ကဲ....တကာတကာမတို့ ဝိပဿနာဉာဏ်က ဘာကိုမြင်သတုံး

(ခန္ဓာမရှိတာကို မြင်ပါတယ်ဘုရား) ကောင်းပြီ သူ့နောက်မှာ လာတဲ့ မဂ်ဉာဏ်ကလဲ ဘာကိုမြင်သတုံး .... (နိဗ္ဗာန်မြင်ပါတယ် ဘုရား)။

ဒါဖြင့် ခန္ဓာမရှိတာကို ဘာဓေါကြမယ်.... (နိဗ္ဗာန်ပါ) အဲ....ဝိပဿနာက ခဏတဖြုတ် ခန္ဓာမရှိတာကိုသာ မြင်တယ်၊ မဂ်ဉာဏ်က အမြဲခန္ဓာမရှိတဲ့ နိဗ္ဗာန်ကိုမြင်တယ်ဆိုတော့ သြဝ်-သူတို့နှစ်ခုဟာ အင်မတန် နီးကပ်ပါလားဆိုတဲ့ အဓိပ္ပါယ်ရှင်းတယ်....(မှန်ပါ့) မနီးကပ်ဘူးလား....(နီးကပ်ပါတယ်ဘုရား)။

နီးကပ်တယ်လို့ သေသေချာချာမှတ်ပါ တကာတကာမတို့ ဝိပဿနာဉာဏ်မပါဘဲနဲ့ မဂ်ဉာဏ်မပေါ်နိုင်ဘူးဆိုတာ သေချာတယ်မဟုတ်လား....(သေချာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာဉာဏ်သည် တကာတကာမတို့ ဘာကိုမြင်သတုံး .... (ခန္ဓာမရှိတာကို မြင်ပါတယ်ဘုရား) နောက်လာမည့်မဂ်ဉာဏ်က ဘာကိုမြင်သတုံး .... (နိဗ္ဗာန်ကိုမြင်ပါတယ်ဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်....(ခန္ဓာမရှိတာပါဘုရား)အဲ.... နိဗ္ဗာန်ဆိုတာ ခန္ဓာမရှိတာ၊ မဂ်ဉာဏ်ကလဲ ခန္ဓာမရှိတဲ့နိဗ္ဗာန်မြင်တာဘဲ....(မှန်ပါ့) ဝိပဿနာဉာဏ်ကလဲ ခန္ဓာမရှိတာကိုမြင်တာဘဲ....(မှန်ပါ့) ထိုကဲ့သို့မြင်မှ ဘာထူးပါလိမ့်မတုံး ဆိုတော့ ခန္ဓာခဏတဖြုတ်မရှိတာနဲ့ ခန္ဓာအမြဲမရှိတာ မြင်တာ ဒီလိုကွာခြားတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ် ရတဲ့ပုဂ္ဂိုလ်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီအတိုင်းမမြင်တာထက်စာယင်သေပျော်ပြီလို့သာ

ဆုံးဖြတ်ချက်ချ....(မှန်ပါ့) သဘောကျပလား ....(ကျပါပြီ) ဝိပဿနာဉာဏ်က ခဏနိဗ္ဗာန်ကို သူမြင်ပကောဗျ .... (မှန်လှပါဘုရား)။

ခဏနိဗ္ဗာန်မြင်ရာမှ အမြဲနိဗ္ဗာန်ကိုမြင်အောင်ဆက်ရှုလိုက်ယင် သူရတော့မယ်....(မှန်ပါ့) ပါရမီတွေ့ ဘာတွေကို တွေးမနေကြပါနဲ့ အားစိုက်မှကိုသာ လုပ်ဘို့လိုပါတယ်....(မှန်ပါ့)သမ္မပ္ပဓာန်လေးပါးနဲ့ အားစိုက်မှကိုဘဲ လိုပါတယ်....(မှန်ပါ့)။

ကိုင်း.... ဒါက မြင်ပုံကတော့ဖြင့် ရှင်းသွားကြပြီနော် .... (မှန်ပါ့) ဝိပဿနာဉာဏ်သည် ခန္ဓာမရှိတာကိုမြင်သည်၊ ခန္ဓာမပေါ်ဘူးလား ဘုန်းကြီးပြောသံကြားတော့.... (ပေါ်ပါတယ် ဘုရား)။

ကိုယ့်ဉာဏ်နောက်က လိုက်ပြီး ကြည့်ပေးစမ်းပါ....(မရှိတော့ပါဘုရား) ဘာတွေ့မရှိတာပါလိ့ .. (ခန္ဓာမရှိဘာပါဘုရား) ဝိညာဏကခန္ဓာလဲ မရှိတော့ဘူး၊ ဝေဒနာကခန္ဓာကော .... (မရှိတော့ပါဘုရား) သညာကခန္ဓာ....(မရှိတော့ပါဘုရား) နားထဲမှာ သောတ ပဿဒ-ဆိုတဲ့ ရူပကခန္ဓာကော.... (မရှိဘော့ပါဘုရား)၊

ဩော် .... ဒါဖြင့် ဝိပဿနာဉာဏ်ဟာ ခန္ဓာမရှိတာကို မြင်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ခန္ဓာမှရှိတာကို မြင်တယ်ဆိုတာ တကာသစ်တို့ ကိုမြင်ခဲ့ဘို့ သေချာပလား....(သေချာပါပြီဘုရား)။

ခန္ဓာမရှိဘာဟာ တဒင်္ဂနိဗ္ဗာန်လဲ ဆိုနိုင်တယ်.... (မှန်ပါ့) တဒင်္ဂနိဗ္ဗာန်ကို တွေ့အောင် ရှာနိုင်တယ်ဆိုတော့ ဒါ့ကြောင့် ...

သာသနာတွင်းတရားဆိုတာ ဦးဘအုန်း- ကောင်းကောင်း ကျေနပ်ဘို့ကောင်းပါတယ်....(မှန်ပါ့) ဦးဝ-ကျေနပ်ပလား....(ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် ဝိပဿနာဉာဏ်က စပြီးသကာလ နိဗ္ဗာန်ကို တစိတ်တဒေသ မမြင်သေးလို့ ရှိယင် မဂ်ဉာဏ် ပေါ်ဘို့ရာအခကြောင်း မရှိသေးပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် အလွန် လေးလေးစားစားနဲ့ ကြားယင် ကြားတဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုပါ၊ မြင်ယင် မြင်တဲ့စိတ်ကလေးကို....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)အဲဒါ ခန္ဓာမရှိတာချည့် မြင်မှာဘဲ....(မှန်ပါ့)။

နံတဲ့စိတ်ကလေး ပေါ်လာတယ်၊ နံပြီးတော့ ကြည့်လိုက်စမ်း....(မရှုပါဘုရား) ဘာမရှိတာမြင်သတုံး ...(ခန္ဓာမရှိတာကို မြင်ပါတယ်ဘုရား) ဒါဖြင့် ဝိပဿနာဉာဏ်သည် ခန္ဓာကို စွန့်တယ်ဆိုတာ ဟုတ်ပြီ....(မှန်ပါ့) သဘောကျပလား..(ကျပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် ၃-နံပါတ် သမ္မာဒိဋ္ဌိဟာ ဦးဘတင်-တယ်ခရီးရောက်ပါလား....(ရောက်ပါတယ်ဘုရား) ၃-နံပါတ် ဟာ တကာတကာမတို့ ခန္ဓာမရှိတာ ခန္ဓာ ပျောက်-ပျောက်သွားတာကို မြင်အောင် ကြည့်နိုင်တဲ့ဉာဏ်ဖြစ်လေသောကြောင့် အလွန်ကို အဘိုးတန်တော့တယ်ဆိုတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါလောက်တင် ကျေးဇူးများတယ်လို့ ဦးဘအုန်း- မယူပါနဲ့

ဦး....(မှန်ပါ့) ကဲ.... ဒါဖြင့် တဲကာတကာမတို့ ဒါက ခန္ဓာငါးပါးဘဲ ထားလိုက်ပါတော့၊ ဒါက ဝိပဿနာဉာဏ် ဆိုကြပါစို့....(မှန်ပါ့)။

ခန္ဓာငါးပါးကို သဘောကျလိုက်တာဆိုတော့ တဏှာဟာ မရှယင် လာမယ်....(မှန်ပါ့) ကြားလို့ မုန်းလိုက်တာ ဆိုယင် ကော....(လာပါမယ်) ကြားတာ ဘာမှန်းမသိတဲ့ မောဟကော (လာပါမယ်ဘုရား)။

အဲဒီ လောဘ, ဒေါသ, မောဟ·ဆိုတဲ့ ကိလေသေတွေဟာ ခန္ဓာမရှိတာ သိနေတဲ့အချိန်မှာ လာသေးရဲ့လား .... (မလာပါဘုရား) မလာဘူးနော်....(မှန်ပါ့)။

ဒါဖြင့် ဒီဝိပဿနာ သမ္မာဒိဋ္ဌိသည် သြော် .... ခန္ဓာလဲစွန့်၊ တဏှာလဲစွန့်ပါကလား လို့ မှတ်လိုက်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာလဲ....(စွန့်ပါတယ်ဘုရား) တဏှာလဲ .... (စွန့်ပါတယ်ဘုရား) အို .... သိပ်အဘိုးတန်နေပါပေါ့လား ဦးဘအုန်း....(မှန်ပါ့) ဒါ· ခင်ဗျားတို့ အခြောဘဲလား၊ အခု အပြန့်ကော မရှင်းသေးဘူးလား....(အပြန့် ရှင်းပါတယ်ဘုရား)။

ဒီက ခန္ဓာငါးပါးလဲ မရှိတာသိလို့ စွန့်ပြီးသားဖြစ်နေတယ် (မှန်ပါ့) ဟိုက နောက်က ပါခွင့်မရလို့ တဏှာ, ဥပါဒါန်တွေကလဲ မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ တချက်တည်းသည် အလည်ကနေပြီး တောင်းနှစ်လုံးထမ်းသလိုဘဲ၊ တကာတကာမတို့ နှစ်လုံးငလုံးဟာ ပခုံးပေါ်ရောက်သလို ခန္ဓာလဲစွန့်၊ တဏှာလဲစွန့်....(မှန်ပါ့)။

ဝိပဿနာဉာဏ်၏ကိစ္စဟာ ဘယ်လို ရှုက်ဆောင်လေ. ရှိပါ လိမ့်မလဲလို့. မေးလို့ ရှိယင် .... (ခန္ဓာလဲစဉ်, တဏှာလဲ စဉ်ပါ ဘုရား)။

ကိုင်း....ခန္ဓာလဲစဉ်၊ တဏှာလဲစဉ်ဆိုတော့ တကာတကာမတို့ ခန္ဓာစဉ်တာက နိဗ္ဗာန်သဘောကို တစိတ်တဒေသဖြစ်တာ.... (မှန်ပါ့) တဏှာစဉ်တာက တကာတကာမတို့ သံသရာပြတ်တာ (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အနာဂတ်သံသရာပြတ်တယ်....(မှန်ပါ့) ဒါ့ကြောင့် ဝိပဿနာဆိုတာ ဦးဘတင်- အတော်အဘိုးတန်ပါကလား...(တန်ပါတယ်ဘုရား)။

အခုပြောနေတာ တကာ တကာမတို့ ဘုန်းကြီးစိတ်ထားနဲ့ ဘုန်းကြီးအမြင်နဲ့ ပြောနေတယ်လို့ မအောက်မေ့နဲ့၊ တဏှာသခ်ယသုတ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို သိကြားက မေးလို့ ဘုရားက ဒီအဓိပ္ပါယ်ဖြေနေတာ....(မှန်ပါ့) သဘော ပါပလား....(ပါ-ပါပြီဘုရား)။

စုဥတဏှာသခ်ယသုတ်မှာဟောလို့ ဝိပဿနာ သမ္မာဒိဋ္ဌိဟာ ဤမျှလောက် ကျေးဇူးမျှားတယ်ဆိုတဲ့ဥစ္စာကို အဲဒီကဟာကို ယူပြီးသကာလ ဦးဘအုန်း-ပြောနေတာ....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်လုပ်တဲ့ပုဂ္ဂိုလ်မျှားသည် ခန္ဓာစဉ်နှင်းကြောင့်လဲ နိဗ္ဗာန်တွေ့ရတယ်....(မှန်ပါ့) တဏှာစဉ်နှင်းကြောင့်လဲ သံသရာပြတ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မယုံယင် ဒီဘက် ခန္ဓာငါးပါးရှိတယ်၊ ကြားတဲ့ခန္ဓာငါးပါး၊ မြင်တဲ့ခန္ဓာငါးပါး၊ အဲဒါကြည့်စမ်းပါ၊ ရှိသေးရဲ့လား....(မရှိပါဘုရား) ၎င်းခန္ဓာမရှိတာကို သူ-မသိဘူးလား....(သိပါတယ်ဘုရား)။

ခန္ဓာမရှိတာကို သိတာသည် (ဝါ)ဝိပဿနာဉာဏ်သည် ခန္ဓာစွန့်ပါတယ်....(မှန်ပါ!) တဏှာကိုလဲ မစွန့်ဘူးလားမေးတော့....(စွန့်ပါတယ်ဘုရား)။

မရှိတာကို မရှုမိလို့ရှိယင်ဖြင့် ကြားလို့ကောင်းတယ်၊ စားလို့ကောင်းတယ် လာမယ်....(မှန်ပါ!) မလာပေဘူးလား....(လာပါတယ်ဘုရား) အခုတော့ လာသေးရဲ့လား....(မလာပါဘုရား)။

အဲ ...ဝိပဿနာဉာဏ်ဟာ အလည်ကနေပြီးသကာလ တကာတကာမတို့ ခန္ဓာလဲစွန့်, တဏှာလဲစွန့်အောင် စွမ်းရည်သတ္တိရှိတဲ့တရား ဖြစ်လေသောကြောင့် အလွန်အဘိုးတန်တော့သည်လို့ဆိုးဖြတ်ချက်ချပါ....(မှန်ပါ!)။

သိပ်ကံကောင်းတဲ့ တကာတကာမတွေဘဲ၊ ဝိပဿနာလုပ်တာကုသိုလ်ရတယ်၊ ကုသိုလ်ရရုံလောက်ဘဲ ခင်ဗျားတို့ အောက်မေ့နေမယ်....(မှန်ပါ!) ဒါတင်မကပါဘူး၊ ကုသိုလ်ရရုံလောက်ဖြင့် ဘုန်းကြီး ဟောကိုမဟောဘူး....(မှန်ပါ!) ကုသိုလ်ရရုံ မဟုတ်ပါဘူး တကာတကာမတို့ နိဗ္ဗာန်မြင်တယ်၊ သံသရာပြတ်တယ်လို့ အောက်မေ့လိုက်စမ်းပါ....(မှန်ပါ!)။

ဦးဘအုန်း-ဘယ်လိုမှတ်မလဲ .... (နိဗ္ဗာန်မြင်တယ်, သံသရာပြတ်ပါတယ်ဘုရား) သာမည ကုသိုလ်ရရုံဘဲ၊ သူ့ကို ခင်ဗျား

တို့က သွင်းလို့တော်ပါ့မလား....(မတော်ပါဘုရား) မတော်ပါဘူး....**တဲ့**၊ သာမညကုသိုလ်နဲ့ ကိုမြရွှေ-အင်မတန် ခြားနားနေပါတယ်....(မှန်ပါ့) မခြားနားဘူးလား .... (ခြားနားပါတယ်ဘုရား)။

ရှုလိုက်တော့ ခန္ဓာငါးပါး ဘယ်နှယ်နေသတုံး .... (မရှိတာတော့ပါတယ်) မရှိတော့ စွန့်ပြီးသားမကျဘူးလား....(ကျပါတယ်ဘုရား) နောက်ကတဏှာကော လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်သည် ခန္ဓာလဲစွန့်, တဏှာလဲစွန့်....(မှန်ပါ့) အကျိုးပြောစမ်းပါဆိုတော့ နိဗ္ဗာန်သဘောလဲတစိတ်တဒေသ ခဏတဖြုတ်မြင်တယ်၊ နောက်သံသရာကြီးလဲပြတ်တယ်(မှန်ပါ့) နောက်သံသရာ အိုဘေး၊ နာဘေး၊ သေဘေးတွေ အကုန်ဖြတ်ချလိုက်တယ်....(ဖြတ်ပါတယ်ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် **တ**ချက်တည်းရှုတာ ခင်ဗျားတို့ အလွန်ကျေးဇူးများတယ်ဆိုတာ ပေါ်လာပလား....(ပေါ်လာပါပြီဘုရား) တချက်တည်း ဒီလိုသာမြင်လိုက်လို့ရှိယင်ဖြင့် တကာသစ်တို့ ကိုမြရွှေတို့ ဒီ့ပြင် လောကီကုသိုလ်တွေထက် အဆပေါင်း သိန်းသန်းမကသာတယ်လို့ ဘုရားကဟောတာ မဟောသင့်ဘူးလား....(ဟောသင့်ပါတယ်ဘုရား)။

ခဏတဖြုတ် ချုပ်တာကိုလဲ သူ မမြင်ဘူးလား .... (မြင်ရပါတယ်ဘုရား) သံသရာပြတ်တာလဲ မသေချာဘူးလား .... (သေချာပါတယ်) တဏှာမှ မလာဘဲနဲ့ ဥပါဒါန်, ကံတွေ လာစရာလိုသေးသလား....(မလိုပါဘုရား)။

အဲဒါကြောင့် အကျဉ်းချုပ် မှတ်ထားစမ်းပါ၊ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ တဒင်္ဂ နိဗ္ဗာန်မြင်၍ သံသရာပြတ်တယ်....(မှန်ပါ့) ကုသိုလ်ရရုံတင်မကပါဘူး....(မှန်ပါ့) နိဗ္ဗာန်မြင်၍....(သံသရာပြတ်ပါတယ်ဘုရား)။

တဒင်္ဂနိဗ္ဗာန်သဘောလဲမြင်သေးတယ်၊ သံသရာလဲ ပြတ်သေးတယ်ဆိုတော့ သံသရာပြတ်တယ်ဆိုတာ ဒုက္ခသစ္စာပြတ်တာ....(မှန်ပါ့) နိဗ္ဗာန်မြင်တဲ့ယ်ဆိုတော့ ချမ်းသာတာ ကိုယ်တွေ့ဖြစ်ရတယ်....(မှန်ပါ့)။

နိဗ္ဗာန်မြင်တာက....(ချမ်းသာတာ ကိုယ်တွေ့ပါဘုရား) ချမ်းသာတာ ကိုယ်တွေ့ဖြစ်ရပါတယ်၊ သံသရာပြတ်တယ်ဆိုတာက ဆင်းရဲဟူသမျှနဲ့ အိုးစားကွဲပါတယ်....(မှန်ပါ့) သဘောပါကြပလား.....(ပါ-ပါပြီဘုရား)။

သိပ်နေရာကျပါကလားဦးဝရဲ့....(မှန်ပါ့) ဝိပဿနာဉာဏ်၏ တန်ခိုးဟာ ခါတိုင်း ဒါလောက်ပေါ်အောင်မပြောဘူး၊ အခု အာလွန်ပေါ်အောင်ပြောလိုက်တဲ့အခါကျတော့ ဦးဘအုန်း-သိပ်ရှင်းသွားတယ်....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာညဏ်သည် ဘာကိုစွန့်သတုံး....(ခန္ဓာလဲစွန့်တဏှာလဲ စွန့်ပါတယ်ဘုရား) ဒါက သူစွန့်ပုံပြတာနော်....(မှန်ပါ့)။

အကျိုးရှိပုံ ပြောစမ်းပါဆိုတော့ ဝိပဿနာဉာဏ်သည် ခဏနိရောဓနိဗ္ဗာန်ကိုလဲမြင်တယ်၊ သံသရာလဲ....(ဖြတ်ပါတယ်ဘုရား) သံသရာလဲဖြတ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) ဒီဘက်သံသရာ လာနိုင်သေးရဲ့လား .... (မလာနိုင်ပါဘုရား)။

အဲ .... ဒါဖြင့် တကာတကာမတို့ ဝိပဿနာ၏အကျိုးဟာ အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်တိုင်အောင် ရနိုင်ပါတယ်လို့ အဋ္ဌကထာများ လာတဲ့အတိုင်း နေ့တိုင်းလိုလို ပြောနေတဲ့ဥစ္စာလဲ အားလုံး တာဝန်ခံရမှာဘဲ....(မှန်ပါ့)။

သံသရာဖြတ်တယ်၊ ခဏနိဗ္ဗာန်လဲ မြင်နိုင်ပါတယ်ဆိုသဖြင့် တယ်လဲအဘိုးတန်ပါကလားဆိုတာ ပေါ်လာပြီနော်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ-ဘာအမြင်ပါလိမ့်....(ဝိပဿနာအမြင်ပါဘုရား) အဲ.... ဝိပဿနာအမြင် ဆိုချင်ဆို၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဆိုချင်ဆို အကုန် အမှန်ချည့်ဘဲလို့ ဆုံးဖြတ်ချက်ချစမ်းပါ....(မှန်ပါ့)။

ကိုင်း....ဒီတခေါက်ပြောပြီးယင် မင်္ဂလာ ကူးကြရအောင်၊ ဝိပဿနာဉာဏ်ဟာ တကာတကာမတို့ ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ခန္ဓာတို့၏ မရှိတာကိုလဲ သူ-မသိဘူးလား (သိပါတယ်ဘုရား)။

ခန္ဓာတို့၏ မရှိတာကို သူ- သိသည်ဖြစ်သောကြောင့် ခန္ဓာကိုလဲ သူစွန့်ပါတယ်....(မှန်ပါ့) ခန္ဓာမရှိတာ နိဗ္ဗာန်လို့ ဟောလေသောကြောင့် တဒင်္ဂနိဗ္ဗာန်ကိုလဲ သူ မြင်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာလဲ စွန့်ပါတယ်၊ ကိလေသာလဲ.... (စွန့်ပါတယ်ဘုရား) နောက်ထပ် ကိလေသာကော လာခွင့်ရသေးသလား၊ တဏှာ, ဥပါဒါန်, ကံတွေလေ....(မလာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်သည် ခန္ဓာစွန့်, တဏှာစွန့်... (မှန်ပါ့) စွန့်တာမှ နှစ်မျိုးကို စွန့်ချလိုက်တယ်.... (မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် အကျိုးပြောစမ်းပါဆိုတော့ ခဏနိဗ္ဗာန်လဲဖြင်တယ်၊ သံသရာလဲဖြတ်တယ်....(မှန်ပါ့) သံသရာဖြတ်တယ်ဆိုတော့ ခင်ဗျားတို့ သြော်....လုပ်သင့်-လုပ်ထိုက်-လုပ်ကောင်းတဲ့အလုပ်ကို ဒီဟာ မသိကြလို့ မလုပ်ဘဲနေတာဘဲ....(မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

သံသရာကြီးက ရှည်လိုက်တာ၊ ကျုပ်ဖြင့် လန့်များလန့်ပါရဲ့တရားတွေ ဘာတွေဟောတာ နာရတော့ ဘယ့်နှယ်တုံး၊ ဘုရားတောင် အစ,မမြင်ဘူး ဆိုထားတာဘဲ ... (မှန်ပါ့) ကြောက်တော့လဲ သူကြောက်တယ်... (မှန်ပါ့) ဝိပဿနာတော့ မလုပ်ဘူး....(မှန်ပါ့) မလုပ်လို့ရှိယင် သံသရာပြတ်ပါ့မလား....(မပြတ်ပါဘုရား)။

သံသရာပြတ်ချင်ယင် ခဏနိဗ္ဗာန်မြင်ယင်လဲ ခဏတော့ ပြတ်တာဘဲ....(မှန်ပါ့) အမြဲနိဗ္ဗာန်ကြီးမြင်ယင်လဲ အမြဲပြတ်တာဘဲ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိကို တကာ တကာမတို့ ကောင်းကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာသမ္မာဒိဋ္ဌိပြီးတော့ ၄-နံပါတ်က ဘာသမ္မာဒိဋ္ဌိတဲ့....(မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား) မဂ်သမ္မာဒိဋ္ဌိကို ပြောတော့မယ် တကာတကာမတို့၊ ၄-နံပါတ်ရောက်လာပြီ....(မှန်ပါ့) ဝိပဿနာရှလို့ ခုနင်က တဏှာစွန့်၊ ခန္ဓာစွန့်တာဟာ များပြီ· များပြီဆိုတော့ ဝိပဿနာတွေက အသားတွေတက်လာပြီး ရင့်ရင့်-ရင့်ရင့်ပြီးသကာလ ဥဒယဗ္ဗယ, ဘင်္ဂ, ဘယ, အာဒီနဝ, နိဗ္ဗိန္ဒတွေ

အစရှိသည်နဲ့ သူ့ဟာသူ တက်လာပြီဆိုကြပါစို့.... (မှန်ပါ!) တက်လာတဲ့အခါကျလို့ရှိယင်ဖြင့် မင်္ဂလာဖြစ်ဘို့ရာအကြောင်းဟာ နီးကပ်မလာဘူးလား....(နီးကပ်ပါတယ်ဘုရား)။

နီးကပ်ပြီးတော့လာတာဟာ ဘုန်းကြီးက နီးကပ်ပေးလို့မရဘူး....(မှန်ပါ!) ဘုရားက နီးကပ်ပေးလို့လဲ.... (မရပါဘုရား) မရဘူး၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ရှုရင်း-ရှုရင်းနဲ့ ပိုမိုပြီး ဉာဏ်ထက်လာရမှာဘဲ....(မှန်လှပါ)။

ရှုရင်း-ရှုရင်း....(ပိုမိုပြီး ဉာဏ်ထက်လာရမှာပါဘုရား) ဘယ်သူက ဘယ်ဉာဏ်ရောက်နေပြီလို့ ဘေးကပြောတာဟာ မှန်ချင်မှ မှန်ဦးမှာ ဒီဥစ္စာ....(မှန်ပါ!) တွေးဆပြောတာ စာမှာလာတာကို ကြည့်ပြောတာ....(မှန်ပါ!) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒါကနေ မှန်လှပြီလို့ မျှား သွားမယူနဲ့ဦး .... (မှန်ပါ!) ဆရာလုပ်သူက မင်း-ဘယ်ဉာဏ်တွေရောက်နေပြီ၊ မင်းက မဂ်ဉာဏ်ရောက်နေပြီ၊ မင်းက ဖိုလ်ဉာဏ် ရောက်နေပြီ၊ မင်းက သခ်ါရပေကွာဉာဏ် ရောက်နေပြီ စသည်နဲ့ ပြောကြပေမဲ့ ကိုယ့်ဉာဏ်ကိုယ်မှသိမယ်၊ ပြောတဲ့ပုဂ္ဂိုလ်က အရိယာ ပရစိတ္တဝိဒူဖြင့် သိနိုင်မယ်၊ အရိယာမဟုတ်ဘဲနဲ့ ပုထုဇဉ်ကသာပြောယင်တော့ မှန်းပြောတာလို့ သာမှတ်ပေတော့....(မှန်ပါ!) မှန်းပြောတာ-မှန်းပြောတာနော်....(မှန်ပါ!)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတွေ မဂ်ဉာဏ်ကိုပြောကြပါစို့၊ စာလာတဲ့အတိုင်းနော်... (မှန်ပါ!) မဂ်ဉာဏ်ကတော့ တကာတကာမတို့ ဝိပဿနာဉာဏ်တွေနဲ့ ရှုပြီးသကာလ ခန္ဓာ

အစဉ်ကြီးဟာ ဖြစ်လိုက်, ပျောက်လိုက်, ခန္ဓာဆုံးသွားလိုက်, နောက်တခါ ခန္ဓာတခုပေါ်လာပြန် ဆုံးသွားလိုက်၊ ဝိပဿနာ ဉာဏ်ကတော့ ခန္ဓာတို့ အဆုံး-အဆုံးကိုချည့် မြင်မနေဘူးလား.... (မြင်နေပါတယ်ဘုရား)။

မင်ဉာဏ်ကတော့ ဒီလိုမဟုတ်ဘူး....တဲ့ တကာတကာမတွေ့-မင်ဉာဏ်ပေါ်တော့ တခါတည်း ဒီနေရာမှာ ကိုယ်ရှုနေတဲ့ ဉာဏ် အောက်မှာဘဲ ခန္ဓာကို မလာတော့ဘူး*....(မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

မင်ဉာဏ်လာတော့မယ်ဆိုတော့.... (ခန္ဓာကို မလာတော့ပါဘုရား) ခန္ဓာကို မလာတော့ဘူး၊ ကြားတဲ့ခန္ဓာငါးပါးလဲမလာဘူး၊ နံတဲ့ခန္ဓာငါးပါးကော....(မလာပါဘုရား) စားတဲ့ ခန္ဓာငါးပါးကော....(မလာပါဘုရား) ကျန်တဲ့ခန္ဓာငါးပါးကော.... (မလာပါဘုရား)။

ဒါဖြင့် မင်ဉာဏ်ကတော့ တကာတကာမတွေ့ ခန္ဓာမလာသောကြောင့်လဲ ခန္ဓာကို သူစုန့်တယ်....(မှန်ပါ့) ခန္ဓာလဲ မလာသောကြောင့် သူ့ဉာဏ်အောက်မှာ ဘာရှိနေသတုံး....ခန္ဓာဒုက္ခကြီး သိမ်းလာတာဘဲတွေ့နေတယ်....(မှန်ပါ့)။

ဘာတွေ့ပါလိမ့်.... (ခန္ဓာဒုက္ခသိမ်းလာတာကြီး တွေ့ပါတယ် ဘုရား) ခန္ဓာဒုက္ခမရှိတာဘဲတွေ့တယ်.... (မှန်ပါ့)ခန္ဓာဒုက္ခ မရှိတာကလဲ နိဗ္ဗာန်ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

---

* ဖြစ်ပျက်ခန္ဓာမမြင်ဘဲ ဖြစ်ပျက်ခရှိတဲ့နိဗ္ဗာန်ကိုမြင်သည်။

ဒါဖြင့် မင်ကြာဏ်သည် တကာတကာမတို့ ဝိပဿနာဉာဏ် ရင့်ကျက်လာလို့ မင်ကြာဏ် ကူးတော့မယ်ဆိုတော့ မင်ကြာဏ်က တော့ဖြင့် ခန္ဓာမရှိတာ ခန္ဓာကိုလဲစွန့်တယ်....(မှန်ပါ့) ခန္ဓာ မရှိတဲ့နိဗ္ဗာန်ကိုလဲ သူမြင်တယ်....(မှန်ပါ့) နောက်က ကိလေသာလဲ သတ်ပစ်လိုက်တယ်....(မှန်ပါ့) သူက် သုံးချက်....(မှန်ပါ့ ဘုရား)။

မင်ကြာဏ်က သုံးချက်နော်....(မှန်ပါ့) ခန္ဓာမရှိတာကိုလဲ....(မြင်ပါတယ်) ခန္ဓာလဲ စွန့်လိုက်တယ်၊ နိဗ္ဗာန်လဲမြင်; ကိလေသာလဲ ချုပ်စေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ ဘုရား)။

မင်ကြာဏ်က ဘာတဲ့....(ခန္ဓာစွန့်, နိဗ္ဗာန်မြင်, ကိလေသာချုပ် ခဲ့ပါတယ်ဘုရား) ကိလေသာလဲ စွန့်ပေါ့ဗျာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

သူက သုံးချက်နော်....(မှန်ပါ့) ဝိပဿနာဉာဏ်နဲ့ ထူးခြား တယ်....(မှန်ပါ့) မထူးခြားဘူးလား....(ထူးခြားပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးဆိုတဲ့ မင်ကြာဏ်ကတော့ တကာ တကာ မတို့ ခန္ဓာလဲစွန့်, တဏှာလဲစွန့်, နိဗ္ဗာန်လဲမြင်, သူက သုံးချက်.... (မှန်ပါ့)။

— ဒါဖြင့် တကာ တကာမတို့ နေရာကျပြီ၊ မင်ကြာဏ်ပေါ်တဲ့ အခါ သူများ မေးမနေနဲ့တော့၊ ခန္ဓာလဲ ရှာမတွေ့ပေဘူး၊ သဘောကျပလား... (ကျပါပြီဘုရား)။

ကိုယ့်သန္တာန်မှာ အလုပ်-လုပ်လို့ ခရီပေါက်တဲ့အခါကျ တော့ ဘယ်သူ့မှ မေးမနေနဲ့၊ ခန္ဓာလဲ ရှာမတွေ့ရဘူး၊ သဘော ကျပလား....(ကျပါပြီဘုရား)။

ခန္ဓာချုပ်ငြိမ်းတဲ့နိဗ္ဗာန်လဲ ကိုယ်တိုင် မြင်ရတယ်....(မှန်ပါ့) ထ,ကြွ သောင်းကျန်းနေတဲ့ ကိလေသာတွေလဲ မလာဘူး.... (မလာပါဘုရား)သူနဲ့ဆိုင်ရာ ဒိဋ္ဌိဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ တို့ မလာပါဘူး၊ လာပါ့မလား....(မလာပါဘုရား)။

ဒါဖြင့် မဂ်ဉာဏ်ကဖြင့် ခန္ဓာစဉ်နဲ့, တဏှာစဉ်နဲ့, နိဗ္ဗာန်မြင်.... (မှန်ပါ့) သူက ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား)။

ဩော် .... ဒါဖြင့် ငါ-မဂ်ရလေသလား၊ ငါ-မဂ်မရလေသလား-ဆိုတဲ့ဥစ္စာ ကိုယ့်ခန္ဓာကိုယ် ပြန်ကြည့်တဲ့အခါမှာ ဖြစ်ပျက်နေတာ ဘာမှမတွေ့ဘူး၊ ဘာမှမတွေ့တဲ့အခါကျလို့ ရှိယင် ဩော် .... ခန္ဓာလဲစဉ်နဲ့ပြီ၊ ဒါဟာ နိဗ္ဗာန်ဘဲ၊ ဒါ-နိဗ္ဗာန်ဘဲလို့ သိနေတဲ့ အခိုက်အတန့်မှာလဲ မဂ်ဉာဏ်လို့ သိနေတဲ့ အတွက် နောက်က ကိလေသာတွေလဲ သေနေတာ အမှန်ဘဲ....(မှန်ပါ့) မသေဘူးလား....(သေပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကိလေသာတွေကသေနေသောကြောင့် မဂ်ဉာဏ်သည် သူ-ပေါ်တဲ့အချိန်မှာ တကာတကာမတွေ့ အကဲခတ်ဘို့ရာက ခန္ဓာမတွေ့တာလဲ သူပေါ်လို့....(မှန်ပါ့) နိဗ္ဗာန်မြင်တာကော....(သူပေါ်လို့ပါဘုရား)။

နောက်က ကိလေသာ ထ,ကြွ သောင်းကျန်းမှု မလာတာကော ...(သူပေါ်လို့ပါဘုရား) မဂ်ဉာဏ်ပေါ်လို့ရှိယင် တကာတကားမတို့ ခန္ဓာမရှိဘဲနဲ့နိဗ္ဗာန်ကို မြင်လိမ့်မယ်ဆိုတဲ့ဥစ္စာ ဒီမှာသေချာသွားတယ်....(မှန်ပါ့) ပဋိသန္ဓေါ ဝိဟာရတိ- ဆိုတာ ဒီပါဠိဘော်အရဘဲ....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဘာထူးသတုံးလို့ လူကြီးပိုင်းက မေးလို့ ရှိယင် ဝိပဿနာဉာဏ်ကတော့ ခန္ဓာစွန့်, တဏှာစွန့်, နိဗ္ဗာန်ကို ကောင်းကောင်းမမြင်သေးဘူး၊ နိဗ္ဗာန်အစစ်ကို မမြင်သေးဘူး၊ တဒင်္ဂ နိဗ္ဗာန်ဆိုတဲ့ နိဗ္ဗာန်သဘောကိုသာ မြင်နိုင်တယ်....(မှန်ပါ့) မဂ်ဉာဏ်ကတော့....(ခန္ဓာစွန့်, တဏှာစွန့်, နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

အဲ....ဝိပဿနာဉာဏ်က နှစ်မျိုးသာ အလုံပ်-လုပ်တယ်၊ မဂ်ဉာဏ်က....(သုံးမျိုးလုပ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီတော့ ခင်ဗျားတို့ ဝိပဿနာရှုလို့ ဖြစ်ပျက်တွေကို တခါတည်း နေတိုင်းရှုရှု-ရှုရှုပြီးနေတော့ ဉာဏ်ရင့်ပါမက ရင့်သန်လာလို့ မဂ်ဉာဏ်ဆိုက်ယင် ခန္ဓာဖြစ်ပျက်ဟာ ပျောက်ထွက်သွားတယ်....(မှန်ပါ့)။

ခန္ဓာပျောက်ထွက်သွားတာတော့ ဘာပါလိမ့်မတုံး-လို့ မေးမနေနဲ့၊ ဒါ-မဂ်ဉာဏ်ပေါ်လာတာဘဲ၊ ခန္ဓာစွန့်လိုက်ပြီ (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

နောက်က တဏှာစွန့်ပြီးပြီ၊ ဘာမှ မတွေ့တော့ပါလား.... ဆိုတော့ အို.... ဘာမှ မတွေ့တာမဟုတ်ဘူးနော်....၊ ဒီနေရာမှာ ဒုက္ခချုပ်တာ ဒါဘဲလို့ သိတာ....(မှန်ပါ့)။

ဘာမှမတွေ့တာမဟုတ်ပါဘူး....(မှန်ပါ့)ဘာပါလိမ့်....(ဒုက္ခချုပ်တာ ဒါပါဘဲလို့ သိတာပါဘုရား) ဒုက္ခချုပ်တာ ဒါဘဲဆိုတော့ နိဗ္ဗာန်ကိုတွေ့တာဘဲ....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဘာတွေ့တာတုံး....(နိဗ္ဗာန်တွေ့တာပါဘုရား)ဒါဖြင့် ဝိပဿနာဉာဏ်က ၂-မျိုးသာအလုပ် လုပ်နိုင်တယ်....(မှန်ပါ့)မဂ်သမ္မာဒိဋ္ဌိက ၃-ကိစ္စအလုပ်-လုပ်နိုင်တယ်.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တော်တော်အရေးကြီးပါကလား ဝိပဿနာမဂ်ဉာဏ်နဲ့ လောကုတ္တရာမဂ်ဉာဏ်သည် ဦးဘအုန်း-အတော် ခြားနားပါကလား....(ခြားနားပါတယ်)မခြားနားဘူးလား....(ခြားနားပါတယ်ဘုရား)။

အဲဒီတော့ကို ဝိပဿနာဉာဏ် လုပ်နေတဲ့ပုဂ္ဂိုလ်လဲ ကိုယ် ဝိပဿနာလုပ်နေတယ် ဆိုတာကိုလဲ ဘယ်သူ့မှမေးမနေနဲ့တော့ ဖြစ်ပျက်မြင်ပြီးသကာလ ကိလေသာ စွန့်နေမှာဘဲ .... (မှန်ပါ့ ဘုရား)။

မဂ်ဉာဏ်ရောက်တော့ ဖြစ်ပျက်ကိုမမြင်တော့ဘူး၊ ကိလေသာ စွန့်ပြီးသကာလ ခန္ဓာမရှိတာကိုဘဲ....(နိဗ္ဗာန်) သူမြင်နေမှာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်က ဘယ်နှစ်ကိစ္စအလုပ်-လုပ်တယ် .... (၂-ကိစ္စပါဘုရား) မဂ်ဉာဏ်က .... (၃-ကိစ္စအလုပ်လုပ်ပါတယ်)

ဒါ ဘယ်တော့မှ မမေ့စေနဲ့တော့၊ ဒီဥစ္စာသူများမေးမနေနဲ့တော့ သေသေချာချာ ဘုရားဟောထားပြီ.... (မှန်ပါ့) ဦးဝလုပ်ဘတ်ပလား....(လုပ်တတ်ပါပြီဘုရား)။

ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်နဲ့ ခွဲတောင် ပြလိုက်ပေါ့ဘဲ....၊ ရှိတာလဲ ခင်ဗျားတို့ ဒီ.ပြင် ဘာမှမရှိဘူး ဝိပဿနာ အလုပ် လုပ်တဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်ဘဲရှိတယ် ....(မှန်ပါ့ ဘုရား)။

ဒီ.ပြင်ဟာတွေကတော့ တကာတကာမတို့ ကြားထဲကဉာဏ်တွေကတော့ ထင်တာ မြင်တာကို မှတ်တမ်းတို့တာဘဲရှိတာဘဲ၊ စင်စစ်တော့ ဒီ.ပြင်ဉာဏ်တွေက ဝိပဿနာဉာဏ်ချည့်ဘဲ(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အပျက်ကလေးချည့်မြင်တော့ ဘင်္ဂဉာဏ်- သန်ါရကိုမှန်းလာတော့ နိဗ္ဗိန္ဒဉာဏ်စသည်နဲ့ ခေါ်ပေမဲ့ အားလုံးပေါင်းခေါ်လိုက်တော့ ဝိပဿနာဉာဏ်ချည့်ပါဘဲ....(မှန်ပါ့)သန်ါရုပေကွာဉာဏ်ဆိုတာလဲ လျစ်လျူရှုတာ အပျက်ကို လျစ်လျူရှုတာဘဲ၊ သွင်းတော့ ဘယ်ဉာဏ်သွင်းရမတုံး....(ဝိပဿနာဉာဏ်ပါဘုရား)။

ဝိပဿနာဉာဏ်ထဲ သွင်းရတာဘဲ၊ ဒါကြောင့် ဘုရားက အကျဉ်းချုပ်ပြီးဟော ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဒါဘဲဟောတော့တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာဉာဏ်စပြီး လုပ်လို့ရှိယင်ဖြင့် မဂ်ဉာဏ်မရောက်ဘဲ ရှိပါ့မလား .... (ရောက်ပါတယ်ဘုရား) ဘာဖြစ်လို့တုံးဆိုကော့....(၂နဲ့ ၃-) ကွာတဲ့ကိစ္စမှာ....(မှန်ပါ့) ဝိပဿနာဉာဏ်က ၂·ကိစ္စအလုပ်လုပ်တယ်၊ မဂ်ဉာဏ်က (၃·ကိစ္စလုပ်ပါတယ်ဘုရား)။

အဲဒီတော့ ၂-က ၃-ကိုးဘို့ရာကျတော့ ကိုမြရွှေ တကာသစ်တို့ လွယ်နိုင်ပါတယ် .... (မှန်ပါ့) လုံးဝမလုပ်တဲ့သူကျတော့ ခင်ဗျားတို့ ရောက်လိမ့်မယ်လို့ အယူမရှိနဲ့နော် .... (မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

ကောင်းပြီ အင်မတန်အဘိုးတန်သွားပြီတဲ့၊ ဒါဖြင့် တကာ

တကာမတို့ သမ္မာဒိဋ္ဌိ ဘယ်နှစ်မျိုးပြီးသွားပြီဆိုတာ ဦးဘအုန်းမှတ်တမ်းတင်ပြီးပလား.... (တင်ပြီးပါပြီဘုရား) ဘယ်နှစ်မျိုးပြီးသွားပလဲ....(လေးမျိုးပြီးသွားပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဖလသမ္မာဒိဋ္ဌိခေါ်တဲ့ ဖိုလ်သမ္မာဒိဋ္ဌိကိုပြောကြစို့....(မှန်ပါ့) ဖိုလ်သမ္မာဒိဋ္ဌိဆိုတာ မရှိဘူးလား.... (ရှိပါတယ်ဘုရား) ကဲ....ဖိုလ်သမ္မာဒိဋ္ဌိကို လက်ဆုံထားကြစို့။

ဖိုလ် သမ္မာဒိဋ္ဌိသည်ကား လို့ဆိုယင် တကာတကာမတို့ မင်နောက်ကကပ်ပြီးလိုက်တဲ့ ဖိုလ်ရှိတယ်၊ဝိပဿနာနောက်ကကပ်ပြီးလိုက်တဲ့ဖိုလ်ကတမျိုး.... (မှန်ပါ့) ဖိုလ်ဘယ်နှစ်မျိုးရှိသတုံး.... (နှစ်မျိုးပါဘုရား)။

ဒါကို သေသေချာချာမှတ်ထားပါ၊ ဖိုလ်ဆိုယင်တမျိုးတည်း မှတ်ထားယင် လွဲကုန်လိမ့်မယ်.... (မှန်ပါ့) မင်ဉာဏ်နောက်ကကပ်လိုက်လာတဲ့ဖိုလ်တမျိုး ဝိပဿနာဉာဏ် နောက်က လိုက်လာတဲ့ ဖိုလ်တမျိုး၊ ဖိုလ်ဘယ်နှင်မျိုးပါလိမ့် .... (နှစ်မျိုးပါဘုရား)။

ဒါကို သေသေချာချာမှတ်ကြပါ၊ ဒါကတော့ ဘုန်းကြီးကဟောချင်လို့ ဟော တာ မဟုတ် ပါဘူး တကာတကာမတို့ခင်ဗျားတို့ မင်ဉာဏ်သာရဖြိုးယင် ဖိုလ်ဉာဏ်ဟာ အလိုလိုလိုက်လိုလာပါတယ်....(မှန်ပါ့ဘုရား)။

အကာလိကော = အခါမလင့် အကျိုးပေးဓါဆိုတာ မင်ဉာဏ်သာရလို့ရှိယင် ဖိုလ်ဉာဏ် ရရပါလို့၏လို့ ခင်ဗျားတို့ဆုမတောင်းနဲ့သူ့ ဟာသူလာတာဘဲ(မှန်ပါ့)ဓမ္မနိယာမဆိုတာမှတ်သားလိုက်ဘာပေါ့...(မှန်ပါ့ဘုရား)။

ဓမ္မနိယာမ ဆိုတာက တကာတကာမတို့ မဂ်ဉာဏ်တည်းဟူသော အကြောင်းကို အားထုတ်ထားလို့ ရှိယင် ဖိုလ်ဉာဏ်တည်းဟူသော အကျိုးကတော့ ဦးဘအုန်း မလာပါနဲ့ဆိုလို့ .... (မရပါဘုရား)။

လာရမှာဘဲ သဘောကျပလား.....(ကျပါပြီ)တားလို့ ဆီးလို့ ဘယ်သူတားတား မရဘူး၊ ဥပမာဘုရားတားလို့ တောင်မရဘူး (မှန်ပါ့) မာရ်နတ်ကြီးလာတားကော....(မရနိုင်ပါဘုရား) မရပါဘူးတဲ့၊ သူတို့ဖြစ်ပေါ်ကြတာက တကာတကာမတို့ မဂ်က အနုန္တရပစ္စည်း, ဖိုလ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်၊ တနည်း မဂ်က နာနာက္ခဏိကကမ္မပစ္စည်း၊ ဖိုလ်က ပစ္စယုပ္ပန်ဆိုတာ သေချာနေတယ်... (မှန်ပါဘုရား)။

အကြောင်းက အ ကျိုး ပေး တယ် တဲ့ တကာတကာမတို့ ရှေ့က မဂ်ကအကြောင်း နောက်က ဖိုလ်က အကျိုးဆိုတော့ ဘယ်မှာတုံး ကပ်နေတာဘဲ၊ မဂ်ပြီးဖိုလ်ဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဖိုလ်ဉာဏ်သည် တကာတကာမတို့ ဘယ်နှစ်မျိုးရှိပါလိမ့်... (နှစ်မျိုးပါဘုရား) မဂ်နောက်ကကပ်ပြီး လိုက်တဲ့ဖိုလ်တမျိုး၊ ဝိပဿနာဉာဏ် နောက်ကကပ်လိုက်တဲ့ ဖိုလ်ကတမျိုး.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဖိုလ်ဉာဏ်သည် ဘယ်နှစ်မျိုးရှိပါလိမ့်.... (နှစ်မျိုးပါဘုရား) တမျိုးက ဘာပါလိမ့်.... (ဝိပဿနာနောက်က ကပ်လိုက်တဲ့ ဖိုလ်ဉာဏ်ပါ) တမျိုးက .... (မဂ်နောက်က ကပ်လိုက်တဲ့ တမျိုးပါဘုရား)။

သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ၊ ဗဟုသုတ အကျိုးငှါဟောတာ....(မှန်ပါ့) စင်စစ်-ခင်ဗျားတို့ကျင့်တဲ့အခါ ကျတော့ သူ့ကို အထူးရဘို့ အားထုတ်ရတာ မဟုတ်သော ကြောင့် ဗဟုသုတအတွက်သာဟောတာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

ဦးဘအုန်း- ဘယ်အကျိုးငှာ ဟောတာတုံး .... (ဗဟုသုတ အကျိုးငှာ ဟောတာပါဘုရား) ဗဟုသုတဆိုတာ ဘုန်းကြီး များကတော့ ဗဟုသုတဘဲပေးမှာဘဲ၊ ခင်ဗျားတို့ ဒါ-သီးခြား အားထုတ်ရတဲ့တရားမဟုတ်ဘူး၊ ဓမ္မနိယာမကြီးလာနေတဲ့ဥစ္စာ ဘဲ၊ မင်္ဂြိုဟ်ယင် ဖိုလ်လာအောင်ရယ်လို့ သီးခြား အားထုတ် မနေရတော့ပါဘူး၊ သူ့ဟာသူ ပေါ်လာမှာပါဘဲ .... (မှန်ပါ့ ဘုရား)။

သို့သော်လဲ ဖိုလ်ဉာဏ်ကို ခင်ဗျားတို့ သိစေချင်တဲ့သဘော ကလေးရှိလို့ ဘုန်းကြီးက ပြောပါတယ်....(မှန်ပါ့)။

ကိုင်း....တကာတကာမတို့ မဂ်ဉာဏ်က ဒါ-မဂ်ဉာဏ်ရှေနား ထား၊ ဒါ-ခင်ဗျားတို့ နိဗ္ဗာန်ထားပါတော့နော်....(မှန်ပါ့) မဂ် ဉာဏ်သည် တကာတကာမတို့ ဘယ်နှစ်ကိစ္စ အလုပ်-လုပ်သလဲ.... (သုံးကိစ္စလုပ်ပါတယ်) ဘာပါလိမ့် .... (ခန္ဓာစဉ်နှံ့, တဏှာစဉ်နှံ့, နိဗ္ဗာန်မြင်ပါတယ်ဘုရား)။

ကောင်းပြီ .... ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာမျိုး ဟာ တကာတကာမတို့ အမြဲတမ်း ရှိနေတာဘဲလို့ မှတ်ရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အမြဲတမ်းရှိနေတယ်ဆိုတော့ လူတိုင်း တွေ့နေသလား လို့လဲ မေးဘို့ လိုပေလိမ့်မယ်....(မှန်ပါ့) အမြဲတမ်းရှိလို့ ရှိယင်ဘုရား.... လူတိုင်းတွေ့ဘို့ပါဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

မဟုတ်ပါဘူး....တဲ့၊ ရှိတာကတော့ ရှိပါတယ်၊ ဒီနိဗ္ဗာန်ဟာ အားထုတ်လို့ ရောက်မည့်ပုဂ္ဂိုလ် တိုင်းမှာတော့ အမြဲတမ်း သူ့-ရှိနေတာဘဲ....(မှန်ပါ့) အားမထုတ်တဲ့ပုဂ္ဂိုလ်တွေ့ အတွက်မှာတော့ ရှိကိုမရှိဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဩော်.... ဒါဖြင့် အရှိကလဲ နှစ်မျိုးပါကလား....(မှန်ပါ့) ထိုက်တဲ့ပုဂ္ဂိုလ်ဖြင့်ရှိတယ်၊ မထိုက်တဲ့ပုဂ္ဂိုလ်.... (မရှိပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ထိုက်-မထိုက်ဆိုတာ ဘာနဲ့ဝေဘန်ကြမယ်-(အားမထုတ်တာ အားထုတ်တာနဲ့ ဝေဘန်ရပါမယ်) အားထုတ်တဲ့ပုဂ္ဂိုလ်က ထိုက်တယ်၊ အားမထုတ်ဘဲနဲ့နေတဲ့ပုဂ္ဂိုလ်က .... (မထိုက်ပါဘုရား) မထိုက်ဘူးလို့ ဆိုတာ မှတ်ထားကြစမ်းပါ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အားထုတ်ရမည့် အလုပ်ဆိုတာလဲ ခင်ဗျားတို့ သမ္မပ္ပဓာန်လေးပါး ဘုရားဟောတာမြင်သဖြင့် ဦးဘတင်-ရှင်းလုပါတယ်.... (မှန်ပါ့) မဖြစ်သေးတာ ဖြစ်အောင် အားထုတ်ရမယ်မဟုတ်လား....(မှန်ပါ့) ဖြစ်ပြီးသားကိုလဲ ပွားများနိုင် လောက်အောင်ဆိုတာကော .... (အားထုတ်ရပါမယ် ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဗောဓိပက္ခိယတရားထဲမှာ သတိ

ပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓါန်လေးပါး မပါဘဲနဲ့ ဗောဓိပက္ခိယတရား ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား) မဂ်ဉာဏ်ရတဲ့တရား ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

အဲဒီကတည်းကိုက ဆုတောင်းအလုပ်မဟုတ်ဘူး၊ အားထုတ်ပြီး ပွားများယူရမည့်အလုပ်ပါကလား ဆိုတာ အတော်သေချာသွားတယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ... ဒါဖြင့် မဂ်က တကာတကာမတို့ ဖြစ်ပြီး ချုပ်သွားတယ်၊ ခုနင်က ဝန္ဒာစွန့်, ကိုလေသာစွန့်, နိဗ္ဗာန်မြင်တဲ့တရားကလေးချုပ်သွားတယ်....(မှန်ပါ့)။

မဂ်စိတ်ကလဲ တကာတကာမတို့ ဝိပဿနာရှုတဲ့စိတ်လို့ပေါ့-(မှန်ပါ့) မဂ္ဂင်ငါးပါးကလဲ ဖျပ်-ဆို ချုပ်သွားတာဘဲ၊ မဂ္ဂင်ရှစ်ပါးကကော....(ချုပ်ပါတယ်) ချုပ်သွားတော့ တကာတကာမတို့ သူ့နေရာမှာ ဖိုလ်ဆိုတာ လာမှာဘဲ ....(မှန်ပါ့ဘုရား) မဂ္ဂင်ရှစ်ပါးအပြင် ဖိုလ် လာရဦးမှာဘဲ .... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ်ချုပ်သွားတော့ ဖိုလ်နဲ့မတွေ့ရပေဘူးလား.... (တွေ့ရပါတယ်ဘုရား) ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီဖိုလ်သည် မဂ်နောက်ကလိုက်တဲ့ဖိုလ်ဘဲ....(မှန်ပါ့) မဂ်ပြီးတော့.... (ဖိုလ်ဖြစ်ပါတယ်ဘုရား)။

ဒီဖိုလ်က ဘယ်အကျိုးငှာ ပေါ်လာတာတုံးလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်) သူကလဲ ဘာကိုစွန့်သတုံးလို့ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

တကာတကာမတို့ မင်္ဂလာပ်တဲ့ အလုပ်သတ္တိကို ပြန်ပြီး လုပ်မှာ ဘဲ့....(မှန်ပါ့) မင်္ဂက ဘယ်နှစ်ကိစ္စလုပ်ခဲ့သတုံး.... (၃-ကိစ္စပါ) ဘယ်လိုလုပ်ပါလိမ့်....(ခန္ဓာစဉ်နှံ့, တဏှာစဉ်နှံ့, နိဗ္ဗာန်မြင်ပါဘုရား) နို့....တဏှာစဉ်နှံ့ပြီးသားဘဲ၊ ဖိုလ်က ဘာစဉ်နှံ့မတုံးလို့ မေးဘို့မလို ဘူးလား....(လိုပါတယ်ဘုရား)။

ဖိုလ်ကလဲ တကာ တကာမတို့ လွယ်လွယ်မှတ်ဘို့ကတော့ ဟိုက အကြမ်းသတ်ယင် သူက အနုသတ်အဖြစ်နဲ့တော့ သတ်ရသေးတယ်....(မှန်ပါ့) မင်္ဂစဉ်နှံ့ပြီးသားကိုပင် ထပ်မံ စဉ်နှံ့ရသေးတယ်....(မှန်ပါ့)။

လောကီဥပမာ ပြောကြစို့ ဆိုတော့ တကာတကာမတို့ အင်မတန် မီးကျီးတွေ့ရဲနေတဲ့ ရှာမီးခဲကြီးကို ရေနဲ့လောင်းလိုက်တဲ့ အခါ မီးသွေးတုံးကြီးပေါ်လာတယ်....(မှန်ပါ့) ဖျပ်-ဆို ရေတခွက်လောက်နဲ့လောင်းလိုက်၊ အမဲကြီးတော့ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အရဲကြီးက အမဲကြီးဖြစ်မလာဘူးလား....(ဖြစ်လာပါတယ်) သွားတော့ မကိုင်နဲ့ဦးနော်.... သွားကိုင်ယင် ပူလိမ့်ဦးမယ်.... (မှန်ပါ့) မပူပေဘူးလား....(ပူပါတယ်ဘုရား)။

အရဲတော့ ပျောက်သွားပြီနော်....(မှန်ပါ့) အရဲပျောက်ပြီး အမဲပေါ်ငြားသော်လဲ ကိုင်ရဲကြပါ့မလား....(မကိုင်ရဲပါဘုရား) ဘာ့ကြောင့်တုံးဆိုတော့ အပူသတ္တိ ကျန်နေသေးတယ်....(မှန်ပါ့ ဘုရား)။

အဲဒီ အပူသတ္တိကို ဖိုလ် က ငြိမ်းသတ်ဘို့ပေါ်လာတဲ့တရား၊ အရဲကြီးတော့ မင်္ဂကငြိမ်းထားတယ်....(မှန်ပါ့) အမဲထဲကအပူက ဖိုလ်က ငြိမ်းရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ကိလေသာက သာမညကိလေသာမဟုတ်ဘူး၊ ကြမ်းတမ်းတာကြီးကို မဂ်နဲ့သတ်တာတောင်မှ အနုသဘောက ရှိသေးတယ်....(မှန်ပါ့) ၎င်းသတ်ဘို့ ဖိုလ်ပေါ်ရတယ်၊ ဖိုလ်က ထပ်မံပြီး ပယ်သည်၏အစွမ်းဖြင့် ကိလေသာစွန့်တယ်....(မှန်ပါ့ ဘုရား)။

ဒါဖြင့် သူလဲ ကိလေသာစွန့်တာပေါ့ဗျာ....(မှန်ပါ့) ဘယ် ကိလေသာတုံးလို့မေးတော့ မဂ်သတ်လို့ ကျန်ရစ်တဲ့ အငွေ့ အသက်ကလေးလို့ ဆိုရမှာပေါ့....(မှန်ပါ့)။

အဲ.... အဲဒီ အငွေ့အသက်ကလေးကို ပဋိပဿဒ္ဓိ ပဟာန်နဲ့ တဖန်ငြိမ်းစေတယ်ဆိုကတည်းကိုက အငွေ့အသက်သဘော ရှိလို့ပေါ့....(မှန်ပါ့) မရှိယင် တဖန် ငြိမ်းစေတယ်ဆိုတဲ့စကား သုံးဘို့လိုသေးသလား....(မလိုပါဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် မဂ်ပြီးတော့ ဘာလာသတုံး....(ဖိုလ်လာပါလယ်) အဲ .... မဂ်ဉာဏ် ရှစ် ပါး ပြီး တော့ ဖိုလ် လာ တယ် ဆို တော့ သူလဲ ၃-ကိစ္စဘဲလို့ မှတ်လိုက်တာပေါ့....(မှန်ပါ့) ကိလေသာ လဲစွန့်, နိဗ္ဗာန်လဲမြင်....(မှန်ပါ့)။

အဲဒီတော့ ဒီလိုယူပါ၊ မဂ်နဲ့သူနဲ့ နည်းနည်းမှမထူးတော့ဘူး လား၊ကိလေသာစွန့်တဲ့နေရာမှာလဲ အရဲနဲ့ အမဲ ကွာတယ်ဆို တာကို ခင်ဗျားတို့ ပြောပြီးပြီ....(မှန်ပါ့) ရဲရဲငြိမ်းတာကမဂ်၊ အမဲတွေငြိမ်းတာက ဖိုလ်....(မှန်ပါ့) အမဲထဲက ပူနေတဲ့အပူက မရှိဘူးလား-(ရှိပါတယ်) အဲဒါငြိမ်းဘို့ရာက....(ဖိုလ်ပါဘုရား)။

အဲဒီတော့ ဖိုလ်ဉာဏ်သည် မဂ်ဉာဏ်ထက် သူက သတ္တိထက်တယ်လို့ တကာတကာမတွေ့ ဆိုကြစမ်းပါ....(မှန်ပါ့) မဂ်ဉာဏ်ထက် သတ္တိထက်တယ်လို့ ဆိုကြစမ်းပါ....(မှန်ပါ့) ဘယ့်နှယ်ကြောင့် မဂ်ဉာဏ်ထက် သတ္တိထက်ရသတုံး ဆိုတော့ ဦးဘအုန်း-မေးဘို့မလိုဘူးလား... (လိုပါတယ်ဘုရား)။

ဒါဖြင့်တကာတကာမတို့ ခင်ဗျားတို့သည် စစ်တိုက်ရတာနဲ့၊ နောက်-ငြိမ်းချမ်းရေးအုပ်ချုပ်ရတာနဲ့ ခင်ဗျားတို့ ဘယ်ဟာက လွယ်မယ်ထင်ကြသတုံး.... (ငြိမ်းချမ်းရေးအုပ်ချုပ်ရတာက ခက်ပါတယ်ဘုရား) ငြိမ်းချမ်းရေးက ခက်တယ်....(မှန်ပါ့)။

ဟိုက အစုယ်ကလေးထ,လာ၊ ဒီက အစုယ်ကလေး ထ,လာနဲ့ မဟုတ်ဘူးလား....(ဟုတ်ပါတယ်) စစ်ကြီးပြီးသွားဘို့ရာကတော့ အလွယ်ကလေးဘဲ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

စစ်ကြီး ပြီးသွားဘို့ရာကတော့ဖြင့် နှစ်ဖက် ယှဉ်တိုက်လို့ လက်နက်ကုန်-လူတွေ့ မတိုက်နိုင်ဘူးဆိုယင် ဒါဟာ လက်မြှောက်ကြတာဘဲ....(မှန်ပါ့)။

ခုနင်က လက်မမြှောက်ဘဲနဲ့ ဟိုနှိမ် ဒီနှိမ်နဲ့ ငြိမ်းချမ်းအောင် လုပ်ရတော့မယ်ဆိုတော့ မကြာဘူးလား .... (ကြာပါတယ်ဘုရား)။

အဲဒီမှာလဲ တကာတကာမတို့ စစ်ကြီးပြီးအောင် မဂ်က လုပ်နိုင်ငြားသော်လဲ တကယ့်ကို ငြိမ်းချမ်းရေးရအောင်ကျတော့ ဖိုလ်က လုပ်နိုင်တာ....(မှန်ပါ့) သူမှတပါး လုပ်ပေးမည့်သူ မရှိဘူး....(မရှိပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိလေသာရန်သူတွေကို ငြိမ်းချမ်းရေးဖြစ်အောင် ဖိုလ်က လုပ်နေပါတယ်ဆိုတာ သဘောကျပလား....(ကျပါပြီ) ဒါဖြင့် သူက နှစ်ကိစ္စလုပ်ရတယ်၊ ငြိမ်းချမ်းရေးကိစ္စရယ်၊ နိဗ္ဗာန်မြင်တဲ့ကိစ္စရယ်....(မှန်ပါ့) ခန္ဓာကတော့ အထူး စွန့်စရာ သူက မလိုတော့ဘူး....(မှန်ပါ့)။

ဘာဖြစ်လို့တုံး ဆိုတော့ ဒုက္ခသစ္စာကို သူက ပိုင်းခြားစရာမလိုတော့ဘူး၊ မဂ်က တခါတည်း ပိုင်းပြီးယင် မင်း-နေရစ်တော့ဆိုပြီး စွန့်ပစ်ခဲ့ပကော....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဒါဖြင့် ဖိုလ်ကိစ္စ ကိလေသာကိုလဲ ငြိမ်းချမ်းရေး ရအောင် လုပ်နိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မြင်အောင်လုပ်နိုင်တယ်၊ ၂-ကိစ္စ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ပါဠိတော်က "နိဗ္ဗာနံ ဖလဿ အာရမ္မဏာ ပစ္စယေန ပစ္စယော"ဆိုတာ ဖိုလ်က နိဗ္ဗာန်ကို အာရုံပြုတယ်လို့ ဟောတော်မူတယ်....(မှန်ပါ့)။

မဂ်တုန်းကတော့ ဒုက္ခသစ္စာကို ပိုင်းခြားနေရတဲ့အတွက် မင်း နေရစ်တော့လို့ လုပ်နေရတဲ့အတွက် ခန္ဓာကိုလဲ စွန့်တယ်....(မှန်ပါ့) ဒီမှာတော့ ဒါမလိုတဲ့အတွက် တကာတကာမတို့ ၂-ကိစ္စဘဲ ရှက်ဆောင်တယ်လို့ မှတ်လိုက်ကြ....(မှန်ပါ့) ဦးဘအုန်းဘို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ကိလေသာ ငြိမ်းချမ်းရေးရအောင်လဲ ဘယ်သူ့ကိစ္စတုံး.... (ဖိုလ်ကိစ္စပါ) မဂ်ကိစ္စကတော့ ကိလေသာပယ်မှုကိစ္စနော်....

(မှန်ပါ့) အခုဟာက ငြိမ်းချမ်းရေးရအောင်ကိစ္စ....(မှန်ပါ့) မထူးခြားဘူးလား....(ထူးခြားပါတယ်ဘုရား) အဲဒီလို သဲ့သဲ့လိုက် စမ်းပါဆိုတာ သဘောကျပလား....(ကျပါပြီဘုရား) ဒါ-မင်္ဂနောက်က ကပ်လိုက်တဲ့ ဖိုလ်အကြောင်းကို ပြောတာ....(မှန်ပါ့ဘုရား)။

ဒီဖိုလ်ဟာ ဘယ်နှစ်ကြိမ်လာတတ်သတုံးလို့ ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ ဉာဏ်ဖျင်းတဲ့ပုဂ္ဂိုလ်မှာ ၃-ကြိမ် လာတတ်တယ်၊ တဖိုလ်ချုပ်ပြီး နောက်တဖိုလ် လာပြန်တာဘဲ....(မှန်ပါ့) ဒုတိယဖိုလ်ချုပ်ပြီး တတိယဖိုလ်လာပြန်တာဘဲ....(မှန်ပါ့) ဒီဖိုလ်ချုပ်ပြီးယင် ဒီ့ပြင် ဘဝင်စိတ်တွေ့ လာတော့တာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ အခု ဗဟုသုတ ဖြစ်အောင်လို့ သာ ဘုန်းကြီးပြောနေတယ်နော်၊ မင်္ဂဉာဏ်ရယင် ဖိုလ်ဉာဏ်ရဘို့ အထူးလုပ်ဘို့ လိုသေးသလား.... (မလိုပါဘုရား) မင်္ဂဉာဏ်ရချင်ယင် ဘာတွေ့ရှု့ထားလုပ်ရမလဲ.... (ဝိပဿနာ ရှု့ထားလုပ်ရပါမယ်ဘုရား) ဝိပဿနာဉာဏ်မှ ရှု့မထားလို့ ရှိယင်လဲ မဖြစ်ဘူး....(မှန်ပါ့)။

ပြန်ပြောလိုက်ပါဦးမယ် တကာတကာမတို့၊ ဒုတိယဖိုလ်လဲ ပြောတော့ ပြောရမှာဘဲနော်၊ အခုိန်က သိပ်မရှိဘူး၊ မင်္ဂဉာဏ် ရဘို့ရာကို ခင်ဗျားတို့ အထူး အားထုတ်နေရတာလား၊ ဓမ္မနိယာမသဘောနဲ့ လာတာလား.... (ဓမ္မနိယာမသဘောနဲ့ လာတာပါဘုရား)။

မင်္ဂလာဏ်ရဘို့ကျတော့ တကာတကာမတို့ အားထုတ်ရတယ် မဟုတ်လား....(မှန်ပါ့) မင်္ဂလာဏ်ရဘို့ရာကို ဘယ်သူ့ရှေ့ဆောင်မှ ရမလဲ....(ဝိပဿနာရှေ့ဆောင်မှ ရပါမဲ့ယ်ဘုရား)။

ဝိပဿနာအလုပ်ကို ရှေ့ဆောင်ချင်ပြန်လို့ရှိယင် ဟိုတနေ့က ပြောခဲ့တာနဲ့ ပြန်ဆက် သက္ကာယဒိဋ္ဌိ အရင်ဖြုတ်ရမယ်....(မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိ ဖြုတ်မယ် ကြံလို့ရှိယင် တကာ တကာမတို့ အရမ်းဖြုတ်လို့မရဘူး၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ပေါ်တိုင်းသိရမယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အခုမှ ပြန်ပေါင်းတဲ့ တရားကိုး....(မှန်ပါ့) ရိပ်မိပလား....တကာ တကာမတို့....(ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် မင်္ဂလာဏ်ရချင်ယင် ဘာလုပ်ရမယ်....(ဝိပဿနာဉာဏ်လုပ်ရပါမယ်ဘုရား) ဝိပဿနာဉာဏ်လုပ်မယ်ကြံလို့ရှိယင် ဖြင့် ဘာကို ရှေ့ထားရှုရမလဲ.... (သက္ကာယဒိဋ္ဌိ ဖြုတ်ရပါမယ် ဘုရား) သက္ကာယဒိဋ္ဌိဖြုတ်ချင်လို့ရှိယင် ဘာလုပ်ရမလဲ....(ခန္ဓာ ပဋိစ္စသမုပ္ပါဒ်နားလည်ရပါမယ်ဘုရား) ခန္ဓာပဋိစ္စသမုပ္ပါဒ် မသိ လို့ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိက မပြုတ်ဘူး....(မှန်ပါ့) မပြုတ်ဘဲနဲ့ ဝိပဿနာရှုနေယင် ဘယ်ဘော့မှ မင်္ဂလာလို့မှတ်ပါ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အခုပြောခဲ့တဲ့ အစီအစဉ်သည် အလုပ်စဉ်လဲ ပါပြီမဟုတ်လား....(ပါ-ပါပြီဘုရား) သက္ကာယဒိဋ္ဌိ ပြုတ်ချင်ယင် ခန္ဓပဋိစ္စသမုပ္ပါဒ်ပေါ်တိုင်း သိရမယ်၊ ခန္ဓပဋိစ္စသမုပ္ပါဒ် နားကပေါ်လို့ရှိယင် နားက ပေါ်ပြန်ပြီ၊ နှာခေါင်း

မှာ ပေါ်လို့ရှိယင် နှာခေါင်းမှာ ဝိညာဏ်,နာမ်ရုပ် ပေါ်လာပြန်ပြီ၊ မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား ·) အဲဒီကနေသွားတော့မှ ဝိညာဏ်,နာမ်ရုပ်ပြီး သဋ္ဌာယတန,ဖဿ ဝေဒနာနဲ့ ဒီအတိုင်းမသိရပေဘူးလား.... (သိရပါတယ်ဘုရား)။

ဤကဲ့သို့မှ မသိလို့ရှိယင်ဖြင့် ပုဂ္ဂိုလ်သတ္တဝါ ပျောက်ပါ့မလား.... (မပျောက်ပါဘုရား) ပုဂ္ဂိုလ်သတ္တဝါ မပျောက်လို့ရှိယင် ဒီဇွဲက ပျောက်ပါ့မလား.... (မပျောက်ပါဘုရား) ဒီဇွဲရှိလျက်နဲ့ ဖြစ်ပျက်မြင်လို့ရှိယင် နှစ်ပေါင်း (၄၀) မကဘူး၊ (၅၀)အားထုတ်မရဘူး....(မှန်ပါ့ဘုရား) ရပါ့မလား....(မရပါဘုရား) သဘောပါကြပလား....(ပါ·ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအစဉ်သည် အရေးကြီးတဲ့အစဉ်ဘဲဆိုယင် လွဲသလား....(မလွဲပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အခု ဘာကျန်နေတယ်ဆိုတာ ဦးဝ သိပြီမဟုတ်လား... (သိပါပြီဘုရား) မင်္ဂနောက်က ကပ်လိုက်တဲ့ဖိုလ်တော့ပြီးသွားပြီ (မှန်ပါ့) ဝိပဿနာနောက်က လိုက်တဲ့ဖိုလ်ကို နက်ဖြန်မှ ပြောမယ်....(မှန်ပါ့)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
ခန္ဓာကြီးက သေရာသွားနေပုံ

နွေအလုပ်ပေးတရားတော်

(၄-၃-၆၀)

ဒီခန္ဓာကြီးကို ရ,ထားတယ်ဆိုတာ အားလုံးဘဲ ခန္ဓာရ,ထားကြတယ်၊ အခု ဘယ်သူနဲ့ အတူနေကြသတဲ့းဆိုလို့ရှိယင် ခန္ဓာငါးပါးနဲ့ အတူတူနေကြတယ်လို့ ပြောကြရမှာဘဲ၊ ဒီခန္ဓာငါးပါးကြီးဟာ ယခုအခါဥ် ဘယ်ကို အမှန်သွားလာနေသလဲလို့မေးယင် သေရာသွားနေတယ်လို့ ဖြေရမှာဘဲ.... (မှန်ပါဘုရား)။

ဒီခန္ဓာကိုယ်ကြီး၏ အမှန်သွားရာလမ်းကို ပြောစမ်းပါဆိုလို့ရှိယင် ဘယ့်နှယ်ပြောမလဲ.... (သေရာ သွားနေပါတယ်ဘုရား) ဒီလမ်းကိုတော့ဖြင့် တကာတကာမတို့ သူက ထိုင်လျက်လဲ သွားနေတာဘဲ....(မှန်ပါဘုရား) အိပ်ရင်းလဲ....(သွားပါတယ်ဘုရား) ထမင်းစားရင်းလဲ....(သွားပါတယ်ဘုရား)ဆေးလိပ်သောက်ရင်း

(သွားပါတယ်ဘုရား) ဆေးလိပ်တဖွာနဲ့တဖွာ ဆိုလို့ရှိယင်ဖြင့် ပဌမအဖွာထက် ဒုတိယဖွာလိုက်မှသည် တကာတကာမတို့ သေရာက ပိုနီးတယ်ဆိုတာတော့ ပြောဘို့မလိုတော့ဘူး.... (မလိုပါဘုရား)။

ဒါဖြင့် ဒီခန္ဓာရ,ထားတဲ့ပဋိုလ်၏အလုပ်သည် သေရာသွားတဲ့ အလုပ်ဟာ အမြဲတမ်းအလုပ်....(မှန်ပါ့) ရောင်းဝယ် ဖေါက်ကားတဲ့ အလုပ်သည်ကားလို့ ဆိုယင် ယာယီ တည်းခိုနေကြတဲ့ အလုပ်....(မှန်ပါ့) အမြဲတမ်း အလုပ်ကတော့....(သေရာသွားတဲ့ အလုပ်ပါဘုရား)။

အဲဒီလိုမှတ်ထားတော့မှ သြော်....ခန္ဓာရအောင် ကြိုးစားတဲ့ ပဋိုလ်များဟာ သေရာသွားတာကို မပျင်းသေးလို့ ဒုတိယဘဝ စသည် ရ,ချင်တာကိုးလို့ သူ့ကို အပြစ်တင်ရမယ်.... (မှန်ပါ့) မတင်ထိုက်ဘူးလား....(တင်ထိုက်ပါတယ်ဘုရား)။

ခန္ဓာ နောက်ထပ်ရချင်တဲ့ပဋိုလ် လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ ခန္ဓာရချင်တဲ့ခန္ဓာရ တောင်းချင်တဲ့ခန္ဓာကိုတောင်း တောင်းတဲ့ ပဋိုလ်ဟူသ၍ကတော့ သေရာသွားတဲ့အလုပ်ကို မပျင်းကြသေးလို့ကိုး....(မှန်ပါ့) ဒီအတိုင်းဘဲပြောရမယ်....(မှန်ပါ့) သေရာသွားတဲ့အလုပ် ခဏခဏသွားရတဲ့အလုပ်ကို မပျင်းနိုင်အောင်ဘဲ သူသည် လုပ်ချင်သေးလို့ ဒီခန္ဓာ ရချင်တာဘဲလို့ ဒီလို ပြောကြရမယ်....(မှန်ပါ့)။

ဒါဖြင့် တကားတကာမတော့ ဒီခန္ဓာကြီးဟာဖြင့် သူ့အလုပ်က အမြဲတမ်းလုပ်ဘာဟာ သူလုပ်ချင်လို့ လုပ်ရတာလားလို့ မေးဘို့ လိုလာတယ်....(မှန်ပါ့) သူ့ကို ခင်မင်နေတဲ့ ပဋိုလ်တယောက်

သည် ခင်မင်လို့ရတာစဲ့ ဒီခန္ဓာကြီးဟာ....(မှန်ပါ့) ခင်မင်တဲ့သဘောကြောင့် ဒီခန္ဓာကြီးပေါ်လာတယ်၊ ခင်မင်တဲ့သဘောမရှိလို့ရှိယင်....(မပေါ်ပါဘုရား)။

ဒါဖြင့် ဒီ-ခင်မင်တဲ့အလုပ် မပြုတ်သေးသ၍ တကာတကာမတို့ သေရာသွားတဲ့အလုပ် နောက်ဆုတ်မယ် မဟုတ်ပါဘူး....(မှန်ပါ့) ခင်မင်တဲ့အလုပ် မပြုတ်သ၍ သေရာသွားမည့်အလုပ် နောက်မဆုတ်ပါဘူးဆိုဘာ သေသေချာချာမှတ်ပါ၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီဘာ့ ဒီနေ့ ရှေ့ပိုင်းမှာ ဘုန်းကြီး သတိပေးချင်တာကသြော်....တကာတကာမတွေ့ လမ်းခွားဘာ့ဖြင့် လိုက်ခဲ့ကြလို့ ပြင်လို့မရခဲ့ကြဘူး....(မှန်ပါ့)။

ခန္ဓာကြီးဆုတောင်းပြီးသကာလ လာခဲ့ကြလို့ ခန္ဓာရအောင် ဆုတောင်းလာကြလို့ သေရာသွားတဲ့အလုပ်ကို နောက်ဆုတ်လို့ ရကြသေးရဲ့လား....(မရပါဘုရား)။

အခုမှ ကိုယ်ကျိုးနည်းမှန်းသိနေရုံနဲ့လဲ မတတ်နိုင်တော့ဘူး....(မှန်ပါ့) တတ်နိုင်စရာအကြောင်း မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ကိုယ့်အလုပ်က ဘယ်ကို မှန်မှန်သွားနေရသလဲ....(သေရာကို မှန်မှန်သွားနေရပါတယ်ဘုရား) သွားရမှာဘဲ၊ ဇရာကမောင်းထုတ်နေတာကိုး....(မှန်ပါ့)။

ဇရာက နေ့တိုင်းမောင်းထုတ်နေ ဗျာဓိဆီရောက်၊ ဇရာဆိုတဲ့ ဒဏ်ချက်ကလဲ အမျိုးမျိုး နှောင်နေတော့ ဗျာဓိ ဆိုတဲ့အိပ်ယာဖျာကပ်အလုပ်သို့ ရောက်ရတော့မယ်....(မှန်ပါ့)။

အဲဒီ ဗျာဓိဆိုတဲ့ အိပ်ယာဖျာကပ်အလုပ်သို့ ရောက်တဲ့အခါ ခြေမသယ်နိုင်, လက်မသယ်နိုင်နဲ့ မရဏဆိုတဲ့ဓမ္မစိမံသလိုကိုယ့်မှာ အသာခံရုံဘဲဆိုတာကလဲ သေချာနေတယ်.... (သေချာပါတယ် ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကြီးဟာဖြင့် နဂိုရိုက အယူလဲခဲ့လို့ အခုတော့ အရတော့ဖြင့် လဲနေကြပြီပေါ့၊ မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

လဲလိုက်တာမှ ပြင်လို့တောင် ရသေးရဲ့လား လို့ မေးယင်.... (မရပါဘုရား) သေရွာသွားတဲ့လူအတွက် မတတ်နိုင်ဘူး.... (မှန်ပါ့) ဘုရားဟောတဲ့နည်းအတိုင်း ဘုန်းကြီးတို့ တတ်နိုင်တာက နောက်ထပ် မသွားဘို့သာ တတ်နိုင်တယ် .... (မှန်ပါ့ ဘုရား)။

အခု မသွားဘို့ရာအလုပ်ကိုတော့ ဘယ်နည်းနဲ့မှ မတတ်နိုင်တော့ဘူး....(မှန်ပါ့) နောက်ထပ် ဒီစခန်းနဲ့ ဒီလမ်းမျိုး မတွေ့ရအောင် မကြုံရအောင်တော့ဖြင့် တတ်နိုင်တဲ့နည်းလမ်း ရှိပါတယ်လို့ဘဲ မှတ်ကြပါ....(မှန်ပါ့)။

အဲဒီတော့ အခုတော့ဖြင့် မတတ်နိုင်တာ ဘာဖြစ်လို့ မတတ်နိုင်ပါလိမ့်မတုံးလို့ ဦးဘတင်· မေးဘို့လိုလာတယ်....(မှန်ပါ့) တကာတကာမတို့ ခင်ဗျားတို့ကိုယ်တိုင်က အရယူထားလို့ မတတ်နိုင်တာပါလို့ ဖြေရုံဘဲ....(မှန်ပါ့)။

ဘယ်လိုဖြေကြပါ့မလဲ....(တပည့်တော်တို့က အရယူထားလို့ (တတ်နိုင်တာပါဘုရား) ခင်ဗျားတို့ကိုက လက်မလွတ်ချင်လို့·

(မှန်ပါ့) လက်မလှုတ်ချင်လို့ အရ-အမြဲ-ဆုပ်ထားတဲ့ အတွက် ဘယ်နည်းနဲ့မှ ဒီဥစ္စာဖြင့် မရနိုင်တော့ဘူး၊ ဥပဒါန်က စွဲပြီး လုပ်ထားတဲ့ အလုပ်ကြီးတခုကိုး....(မှန်ပါ့)။

အဲဒီတော့ တတ်နိုင်တဲ့နည်းကလေး ရှေ့ပိုင်းမှာ နည်းနည်း နည်းပေးမယ်၊ ဒါကို ကြပ်ကြပ်သတိထားပါနော် .... (မှန်ပါ့ဘုရား)။

တတ်နိုင်တဲ့နည်းကိုဘဲ ပေးပါမယ်၊ ဒီဘဝမှာတော့ဖြင့် ခင်ဗျားတို့ ဆုတောင်းပြည့်နေတဲ့အတွက် တားလို့ ဆည်းလို့ မရဘူး၊ နောက်-မတွေ့တဲ့နည်းကလေး ဒါကိုဘဲ ခင်ဗျားတို့ နည်းယူပြီး ကြိုးစားဘို့ အရေးကြီးပါတယ်....(ကြီးပါတယ်ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး လက်ထက်ကဖဂ္ဂုဏ-ဆိုတဲ့ ရဟန်းတပါးရှိတယ်၊ အဲဒီ ရှင်ဖဂ္ဂုဏ ဆိုတဲ့ ရဟန်းတပါးဟာ တကာသစ်တို့ ကိုမြရွှေတို့ မမာဘူးပေါ့ဗျာ .... (မှန်ပါ့) မမာတော့ ရှင်အာနန္ဒာက သွားကြည့်တယ်၊ သြော်....သနားစရာဘဲ ခိုကိုးရာမဲ့ဖြစ်နေတယ်၊ မမာတာကလဲ လွန်လို့ပါကလား.... ရောဂါကလဲ ကြီးလိုက်တာ၊ ဒါနဲ့ ရှင်အာနန္ဒာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးဆီ သွားလျှောက်တယ်....(မှန်ပါ့)။

အရှင်ဘုရား.... ရှင်ဖဂ္ဂုဏ-ဆိုတဲ့ ရဟန်းတပါးဟာ ဘာမှလဲ မသိမလိမ်မာသေးပါဘူး၊ ဝေဒနာကလဲ ကြီးကျယ်ပါတယ်၊ ဒီအတိုင်းဘဲ ကြည့်ရတာဖြင့် အလွန်သနားစရာကောင်းပါတယ် ဘုရား၊ ဒါကြောင့် အရှင်ဘုရား-သနားသဖြင့် ရှင်ဖဂ္ဂုဏရှိတဲ့ နေရာကို ကြွပေးတော်မူပါလို့ ရှင်အာနန္ဒာကဘဲ ရှေ့ဆောင် ရှေ့ရှက်လုပ်ပြီး သွားလျှောက်ဘယ်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ ရှင်ဖဂ္ဂုဏ္ဍရှိရာသို့ ကြွလာခဲ့တယ်၊ ဘုရားသခင်ကြွလာတယ်ဆိုတော့ လူမမာဖြစ်သူက နေရာထိုင်ခင်းပေးမလို့ ခန္ဓာကိုယ် ထ,မလို့....ထိုင်မလို့.... အရိုအသေသဘောတွေပြနေတော့ ဘုရားက-ငါ့မှာ နေထိုင်စရာတွေရှိတယ်၊ မင်းက လူမမာမို့ ဒီအကိုင်းဘဲနေ၊ ငါ-ထိုင်စရာရှိတဲ့နေရာမှာ ထိုင်မယ်ဆိုပြီး တံ့းမြစ်တော်မူတယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားက မင်းဝေဒနာ ဘယ့်နှယ်နေသတုံး· စသည်ဖြင့် သတင်းမေးတော့ ရှင်ဖဂ္ဂုဏ္ဍက ဝေဒနာတွေဟာဘုရား-မဆုတ်ပါဘူး၊ တိုးသာတိုးနေပါတယ်၊ ခေါင်းကိုက်လိုက်တာလဲ လွန်နေတာပါဘဲဘုရား၊ ဝမ်းထဲကနာတာတွေလဲ အင်မတန်မှ ပြင်းထန်ပါတယ်· အစရှိသည်နဲ့ ဝေဒနာတွေက နှိပ်စက်ပုံတွေကို အမျိုးမျိုးအဖုံဖုံ လျှောက်ထားပြတယ်....(မှန်ပါ့)။

လျှောက်ထားပြတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊ ဝေဒနာက ဝေဒနာကွန္ဓာ....(မှန်ပါ့) ဝေဒနာက ဝေဒနာကွန္ဓာဆိုတော့ ဝေဒနာကွန္ဓာနဲ့ ငါနဲ့ မရော စေနဲ့ဟော့-လို့ ဆိုလိုရင်း....(မှန်ပါ့)။

တကာတကာမတွေ ဘာတဲ့တုံး .... (ဝေဒနာကွန္ဓာနဲ့ ငါနဲ့ မရောစေနဲ့) ဝေဒနာကွန္ဓာက သူ့ဟာသူ ဝေဒနာကွန္ဓာ၊ ငါက သူ့ဘာသူ့ပြီးမရောပါနဲ့၊ ဝေဒနာက သူ့ဟာသူ ဟိုကနာလိုက်၊ဟိုကကျင်လိုက်၊ ဒီကကိုက်လိုက်၊ ဟိုက ထိုးလိုက်၊ ဒီကထိုးလိုက်နဲ့ ခန္ဓာကိုယ်ရှိနေယင် ဝေဒနာကွန္ဓာချည့် ဆိုသောကြောင့် ဦးဘအုန်း· ဝေဒနာကပေါ့ ရှိနေမှာဘဲ၊ ဝေဒနာကွန္ဓာကိုးဗျ... (မှန်ပါ့)။

အဲဒီအထဲ ဘုန်းကြီးတို့ တကာတကာ့မတွေ့က ဝေဒနာကွန္ဓာကို ဝေဒနာကွန္ဓာလို့ဘဲ သိထားရမယ်....(မှန်ပါ့) ဩဩ.... ငါ့မှာ ဖြစ်မှ ဖြစ်ရလေခြင်းလို့ ဝေဒနာထဲမှာ ငါ၊ဝင်မထိုးလိုက်နဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာထဲမှာ....(ငါဝင်မထိုးလိုက်ပါနဲ့) ဒါ၊ သခါနိုးမှ ဒီတရား ပွားများရတယ်၊ နဂိုရိုက ဘာမှမသိတဲ့ ဖဂ္ဂုဏရဟန်းက လေးဟာ အနာဂါမ် တည်ပါတယ်၊ ဒါကိုပြောချင်လို့နော်....(မှန်ပါ့)။

ကောင်းပြီ .... ဒါက ဒီတရားရှု့ထားတာ ဟောလို့ရှင်းတရားက ဒါမဟုတ်ပါဘူး၊ သေလွယ် ပျောက်လွယ်အခါမို့ ဒီဥစ္စာ ရှု့ထားဟောတယ်လို့ မှတ်ထားကြပါ....(မှန်ပါ့)။

သေပုံသေနည်းမှာ ဒသေနည်းဟာ ကောင်းတယ်ဆုတာ တကာတကာမတွေ့ကို ရှု့ပိုင်းက သိစေချင်လို့ပြောပါတယ်....(မှန်ပါ့)။

ဘုရားက ရှင်ဖဂ္ဂုဏကို ဝေဒနာဟာ ဝေဒနာကွန္ဓာဘဲကွ....တဲ့၊ မင့်ခန္ဓာထဲမှာ ဟိုနေရာ ပေါ်လိုက်, ဒီနေရာ ပေါ်လိုက်, အဲဒီမှာ ဩဩ.... ဟိုနေရာလဲ ငါနာတာဘဲ၊ ဒီနေရာလဲ ငါနာတာဘဲ၊ ငါကလေးက သွားသွားမရောနဲ့တဲ့၊ သဘောကျပလား(ကျပါပြီဘုရား)။

ဝေဒနာကတော့ နေရာတိုင်း ဟိုနေရာ ဒီနေရာမှာ မနာပေဘူးလား....(နာပါတယ်ဘုရား) အဲဒါကို တကာတကာမတွေ့က အင်း .... ငါ့မှာ ဖြစ်မှ ဖြစ်ရလေခြင်းလို့.... လက်မောင်းနာလဲ

ငါဘဲ၊ ကျုပ်လက်မောင်း နာနေပြန်ပြီ၊ ကျုပ်လည်ချောင်း နာနေပြန်ပြီ၊ ကျုပ်ရင်ခေါင်း နာနေပြန်ပြီ- အစရှိသည်နဲ့ ကျုပ်တို့ ငါတို့က အဲဒီဝေဒနာနဲ့ သွားသွားပူးတယ်....(မှန်ပါ့) သဘော ကျပလား.....(ကျပါပြီဘုရား)။

ဘာနဲ့ သွားသွားပူးသလဲ....(ကျုပ်တို့- ငါတို့နဲ့ သွားသွားပူးပါတယ်ဘုရား)။

ဝေဒနာနဲ့ ကျုပ်တို့- ငါတို့နဲ့ သွားသွားပြီး ပူးကပ်တော့ "ဝေဒနံ အတ္တတော သမနုပဿတိ" ဝေဒနံ = ဝေဒနာကို၊ အတ္တတော=ငါ·ဟူ၍၊ သမနုပဿတိ= ရှုမြင်နေ၏ ဆိုတော့ ငါ့မှာ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး ဝေဒနာထဲမှာ ငါသွားရောတယ်....(မှန်ပါ့) ရှင်းကြပလား.....(ရှင်းပါပြီဘုရား)။

ဝေဒနာထဲမှာ ငါသွားရောတယ်နော်....(မှန်ပါ့) အဲဒါ.... မမာတဲ့ပုဂ္ဂိုလ်မှန်လို့ ရှိယင် ရောတတ်ကြပါတယ်.... (မှန်ပါ့) ဝေဒနာနဲ့ ငါ့နဲ့ဟာ ဘယ်နှယ်နေကြသတုံး.....(ရောတတ်ပါတယ် ဘုရား)။

အဲဒီတော့ စဉ်းစားကြည့်စမ်းပါလား၊ ငါ့ဝေဒနာလို့ ဆိုရမှာလဲ ငါကလဲ တခြား၊ ဝေဒနာကလဲ တခြား၊ ငါဆိုတာက ရှိတာလဲမဟုတ်ဘူး.... (မှန်ပါ့) ဘာဆိုင်သတုံးဗျ.... (မဆိုင်ပါဘုရား) မဆိုင်ပါဘူး၊ အဲဒီတော့ ဝေဒနာဟာ ဝေဒနာကွန္ဓာပေါ့၊ ဝေဒနာကွန္ဓာဟာ အနိစ္စဘဲ....(မှန်ပါ့)။

ဒါဖြင့် မမာတဲ့ပုဂ္ဂိုလ်ဟာ ဥာဏ်ကလေးနဲ့ ဩဿ်....ဒီနေရာ ဝေဒနာပေါ်ပြီး ဒီနေရာမှာ ဝေဒနာပျက်တယ်၊ ဟိုနေရာ

ဝေဒနာပေါ်တယ်၊ ဟိုနေရာ ဝေဒနာပျက်တယ်၊ ဒီလိုသာ ဥာဏ်နဲ့ လိုက်နေပါ၊ သဘောကျပလား.... (ကျပါပြီဘုရား) ဝေဒနာပေါ်ရာကို ဖြစ်ပျက်လိုက်နေပါလို့ သတိပေးလိုက်တယ် (မှန်ပါ)။

သေသေချာချာ မှတ်ကြပါ၊ ဝေဒနာကဖြင့် အနှံ့အပြားပေါ်လိမ့်မယ်၊ ဘယ်ကနာသတုံး- တကိုယ်လုံးက နာတယ်.... (မှန်ပါ) တကိုယ်လုံးနာပေမဲ့ ပြင်းထန်တဲ့နေရာကို ဖြစ်ပျက်ရှုပေး....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖဂ္ဂုဏထေရ်ကို ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့ဟ....လို့ ဘုရားက ဒီလူမမာကို ဒါဘဲဟောနေတယ်....(မှန်ပါ)။

ဦးဘအုန်း ဘယ်နှယ်ဟောသတုံး....(ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့ပါဘုရား)။

အားလုံး တကာတကာ့မတွေ့ ကျုပ်တို့အားလုံးဟာ သေမည့်ပုဂ္ဂိုလ်ချည့်ဘဲ....(မှန်ပါ) သေပေမဲ့ ဝေဒနာနဲ့တွေ့ကြရဦးမှယ်....(မှန်ပါ) မတွေ့မည့်ပုဂ္ဂိုလ် ဒီအထဲမှာ တယောက်မှ မပါဘူး....(မပါ-ပါဘုရား) အဲဒီ မရောစေနဲ့ဆိုတဲ့အဓိပ္ပါယ်ကလေးကို ရှင်းထားကြပါ၊ အဓိပ္ပါယ်ရှင်းထားကြပါ၊ ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့....(မှန်ပါ)။

ကိုမြရွှေ ဘာတဲ့တုံး(ဝေဒနာနဲ့ငါနဲ့ မရောစေပါနဲ့ပါဘုရား) ဝေဒနာဆိုတာက ဝေဒနာကွန်ခွာဘဲ၊ ဒီအထဲ ငါသွားပြီး ရှုပ်နေတာ....(မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဝေဒနာက ဘာခန္ဓာတုံး-(ဝေဒနာကခန္ဓာပါဘုရား)ဝေဒနာကခန္ဓာဆိုတာ ဝေဒနာစေတသိက်ဘဲ၊ နာမ်ဓမ္မတမျိုးဘဲ၊ ငါဆိုတာဘာက ဒိဋ္ဌိဓမ္မတမျိုးဘဲ၊ ဒိဋ္ဌိနာမ်နဲ့ ဝေဒနာနာမ်ကို သွားပြီးရောထွေးပစ်နေကြတာ....(မှန်ပါ့)။

ပရမတ်သဘာဝကိုက တခြားစီဘဲ၊ ခင်ဗျားတို့က ရောဖြစ်အောင် ရောနေတယ်....(မှန်လှပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ပရမတ်သဘာဝချင်းကတော့ ရောရဲ့လား....(မရောပါဘုရား) ခင်ဗျားတို့က ဘယ့်နှယ်တုံး.... (ရောနေကြပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က လောကွတ်ချော်လွန်းတယ်....(မှန်ပါ့) လောကွတ်ချော်လွန်းတယ်လို့ ဆိုထိုက်·မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

ဝေဒနာက ဝေဒနာစေတသိက် ဝေဒနာ နာမ်ဓမ္မတမျိုး၊ ငါဆိုတဲ့ဥစ္စာက ဒိဋ္ဌိနာမ်တမျိုး....(မှန်ပါ့ဘုရား) ဘယ်နည်းနဲ့မှ သဘာဝချင်း ရောစပ်လို့မရဘူး....(မှန်ပါ့)။

ရောမရပေမဲ့ ခင်ဗျားတို့ထုံးစံက သူမျှားပါးစပ်မှာ လမ်းဆုံးနေတဲ့ပုဂ္ဂိုလ်တွေဖြစ်နေတော့ ဒီဝေဒနာကိုပင်လျှင် ငါ့လည်ပင်းက နာလိုက်တာ၊ ငါ့ဝမ်းထဲက နာလိုက်တာ၊ ငါ့ခြေသလုံးက နာလိုက်တာ အစရှိသည်နဲ့ ဝေဒနာက ခြေဖမိုး ပေါ်တာ ငါက ဝမ်းထဲကနေပြီး သွားရောတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာက ခြေဖမိုးမှာ ပေါ်တယ်၊ ငါက ဘယ်နေရာသွား

ရောသလဲ....(ဝမ်းထဲက သွားရောပါတယ်ဘုရား) အဝေးကြီးဘဲ ခင်ဗျားတို့မို့ ဆွေမျိုး တော်တတ်ပါပေတယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဝေးတာကတော့ မဝေးဘူးလား.... (ဝေးပါတယ်ဘုရား) ဝေဒနာက ကာယဒွါယကိုယ်ပေါ်မှာ ပေါ်နေတယ်၊ မနောဒွါရကနေပြီး သွားပြီး ရောလိုက်တယ်၊ သွားပြီးရောလိုက်တဲ့ အတွက် ငါ့မှာ ဖြစ်ရလေခြင်းစသည် ဖြစ်လာတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာနဲ့ ငါနဲ့ ရောမိတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေ့၌ "ဝေဒနံ အတ္တတော သမနုပဿတိ" ဆိုပြီး သေကာနီးတောင် ဒိဋ္ဌိက ဖြစ်လာတတ်တယ် ....(မှန်ပါ့) နာလိုက်တဲ့ဖြစ်ခြင်း.....(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ်ကြောင့် ဒိဋ္ဌိဖြစ်တာတုံးဆိုတော့ ကိုယ်ပေါ်မှာ ပေါ်တဲ့ဝေဒနာကို ဝမ်းထဲက ဒိဋ္ဌိစေတသိက်က သွားပြီးသကာလ အဲဒီစေတနာဟာ ငါဘဲလို့ တခါတည်း၊ ဒိဋ္ဌိစွဲ-စွဲသွားတာနဲ့ ဦးဘတင်-ကိုယ်ကျိုးနည်းတယ်....(မှန်ပါ့)။

စေတနာက ခြေဖမိုးပေါ်တယ်၊ ငါက ဝမ်းထဲမှာ၊ အဲဒီ ဝမ်းထဲကနေပြီးသကာလ ခြေဖမိုးပေါ်မှာဖြစ်တဲ့ ဝေဒနာဟာ ငါဘဲလို့ သူဟာ ဝမ်းထဲက ငါနဲ့ သွားပြီး ရောလိုက်တယ်.... (မှန်ပါ့) မရောလိုက်ဘူးလား....(ရောလိုက်ပါတယ်ဘုရား)။

ရောလိုက်တဲ့အခါကျတော့ ဝေဒနာကို ငါထင်တဲ့ ဝေဒနံ အတ္တတော သမနုပဿတိဆိုပြီးသကာလဦးဘအုန်း-ဝေဒနာဟာ

ငါဖြစ်သွားတယ်....(မှန်ပါ့) ငါဖြစ်သွားတော့ ဘယ့်နှယ်ဖြစ်လာသတုံးဆိုတော့ ငါတော့ဖြင့် ဒီဝေဒနာနဲ့ သေရတော့မှာဘဲလာပြန်တာဘဲ....(မှန်ပါ့)။

ဒီမှာလဲ ဘုရားက မရောစေနဲ့ကွ .... မရောစေနဲ့ကွ....လို့ ဘုရားက ရှင်ဖဂ္ဂုဏကို ဟောတယ်....(မှန်ပါ့) ဖဂ္ဂုဏကို ဝေဒနာနဲ့ ငါနဲ့ ဘယ့်နှယ်တုံး....(မရောစေနဲ့) မရောစေနဲ့ဆိုတော့ တကာတကာမတွေ ဒီဥစ္စိနဲ့မရောလို့ ရှိယင်ဖြင့် မရောစေနဲ့ဆိုတာ ပြောတော့အလွယ်ကလေး....(မှန်ပါ့)မရောစေနဲ့ဥစ္စာသည် ငါနဲ့ သွားမရောနဲ့....(မှန်ပါ့)။

အဲဒါ မရောအောင် ဘယ့်နှယ်လုပ်ရမတုံး....ဆိုလို့ ရှိယင်ဖြင့် ဝေဒနာဟာ ဝေဒနာကွန္ဓာ၊ ဝေဒနာကွန္ဓာသည်ကား....လို့ ဆိုယင်ဖြင့် မိစ္ဆာဒိဋ္ဌိနဲ့ သွားမရောဘဲနဲ့ သမ္မာဒိဋ္ဌိနဲ့ လှည့်ပစ်လိုက်၊ ဝေဒနံ အနိစ္စတော သမနုပဿတိ -ဝေဒနာဟာ အနိစ္စဘဲလို့ ရှုပေးလိုက်ပါ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခုနင်တုန်းကတော့ မိစ္ဆာဒိဋ္ဌိနဲ့ သွားရောတယ်၊ အခုတော့ သမ္မာဒိဋ္ဌိနဲ့ ရှုလိုက်တယ်....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိနဲ့ သွားရောတုန်းကတော့ အပါယ်သွားရတော့မယ်၊ အခု သမ္မာဒိဋ္ဌိနဲ့ရောတဲ့အခါကျတော့ ဝေဒနာနောက်က မင်္ဂလိုက်မလာဘူးလား....(လိုက်ပါတယ်ဘုရား)။ သမ္မာဒိဋ္ဌိမင်္ဂလိုက်တယ်၊ ခုနင်က မိစ္ဆာဒိဋ္ဌိလိုက်နေတယ်....(မှန်ပါ့)။

ဝေဒနာနဲ့ ငါနဲ့ရောတော့....(မိစ္ဆာဒိဋ္ဌိလိုက်ပါတယ်) ဝေဒနာဟာ ငါမဟုတ်ပါဘူး၊ အနိစ္စပါလို့ သိလိုက်တဲ့အခါကျတော့ သမ္မာဒိဋ္ဌိနဲ့သိတာ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီလို ဘုရားက ဟောလိုက်တယ်၊ ဖဂ္ဂုဏရဟန်းကလေး မမာနေတာ တကာတကာမတို့နော်....(မှန်ပါ့) မမာနေတာကို ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့ဆိုတော့ ဖြစ်ပျက်မှုဆိုတဲ့စကား ဖြည့်စွက်မှုရတယ်လို့ ဦးဘတင်တို့ မှတ်ရလိမ့်မယ်....(မှန်ပါ့)ဖြစ်ပျက်မရှု တော်ပါ့မလား....(မတော်ပါဘုရား)။

ဒါဖြင့် ဝေဒနာကို အတ္တတော နသမနုပဿတိ=ဝေဒနာဟာ ငါမဟုတ်ဘူး၊ ဒီဥစ္စာ အနိစ္စသာဟုတ်တယ်၊ ဒီလိုတကာတကာမတွေက ရှုပေးလိုက်တော့ ဝေဒနာပေါ်တိုင်း-ပေါ်တိုင်း တကာတကာမတွေမှာ ဘယ်လိုဖြစ်လာသတုံး....ဆိုလို့ရှိယင် ဝေဒနာပေါ်တိုင်း, ပေါ်တိုင်း ဝိပဿနာမဂ်ဉာဏ် ရ-ရလာတယ်....(မှန်ပါ့) ဘယ်လိုမဂ်ဉာဏ် ရပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဝေဒနာက ဖြစ်ပျက်၊ ငါ-မဟုတ်မှန်းသိတာက မဂ်....(မှန်ပါ့)။

ဝေဒနာက....(ဖြစ်ပျက်ပါဘုရား) ငါမဟုတ်မှန်းသိတာက....(မဂ်ပါဘုရား) ငါမှမဟုတ်ဘဲ အနိစ္စဘဲလို့ သူ-သိလိုက်ပြီကိုး၊ သူ-သိလိုက်တော့ မဂ်ဖြစ်မသွားဘူးလား .... (ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဖဂ္ဂုဏရဟန်းကလေးကို ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့ဆိုတဲ့အဓိပ္ပါယ် ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြီးသကာလ ဝေဒနာနဲ့ ငါနဲ့ မရောတဲ့နည်း ရှုပါလို့ ပြောလိုက်တဲ့အခါကျတော့ ဝေဒနာဟာ ငါမဟုတ်ဘူး၊ အနိစ္စသာဟုတ်တယ်၊ ဝေဒနာပေါ်တိုင်း လိုက်နေတာပေါ့ဗျာ....(မှန်ပါ့)။

ဝေဒနာပေါ်တိုင်း လိုက်နေတဲ့အခါကျတော့ ဖဂ္ဂုဏ-ဘယ့်နှယ်ဖြစ်သွားသတုံးဆိုတော့ ဝေဒနာဖြစ်ပျက်တဲ့ချည့်မြင်ရာက ဉာဏ်ရင့်သန်လွန်းမက သန်လာတော့ ဝေဒနာတွေ ပျောက်ထွက်သွားတယ်၊ ဝေဒနာနဲ့ ခယာ ဘိုက္ခုဆိုတဲ့အတိုင်းဖြစ်သွားတယ်ဆိုကြပါစို့၊ ဝေဒနာကုန်အောင် ရှုနိုင်တဲ့ ရဟန်းကလေးသွားဖြစ်တယ်....(မှန်ပါ့)။

ဦးဘတင်-ဘယ်လိုဖြစ်သွားပါလိမ့် .... (ဝေဒနာကုန်အောင် ရှုနိုင်တဲ့ရဟန်းဖြစ်သွားပါတယ်ဘုရား) ဝေဒနာကုန်တယ်ဆိုတာ တကာတကာမတွေ စဉ်းစားကြည့်ပါလား၊ နဂိုရိက ဝေဒနာလို့သာဆိုတယ်၊ ကိုယ်ရှုတော့ အနိစ္စဘဲတွေ့တယ် .... (မှန်ပါ့) မကုန်ဘူးလား၊ ကုန်သလား....(ကုန်ပါတယ်ဘုရား)။

နဂိုရိက ဝေဒနာတွေ့နော်.....(မှန်ပါ့) ရှုတဲ့ဉာဏ်နဲ့ကြည့်လိုက်တော့ ဘာတွေ့သတုံး....(အနိစ္စဘဲ တွေ့ပါတယ်ဘုရား) အဲဒီအနိစ္စတွေ့ချည့် တွေ့ပြီးသကာလနေတော့ ဖဂ္ဂုဏမှာ အရင်လို မျက်နှာညှိုးငယ်နဲ့မနေတော့ ဝေဒနာနဲ့ငါနဲ့တော့ ကဲ့ထွက်သွားပြီဆိုတာ သိနိုင်တယ်....(မှန်ပါ့)။

အရင်တုန်းကတော့ နာလိုက်တာ ပြုလိုက်တာ ဘယ်လို နေရမှန်းမသိဘူး၊ ဘယ်လိုထိုင်ရမှန်းမသိဘူး၊ ရှေ့သာတိုးနေတယ်၊ နောက်မဆုတ်ဘူးနဲ့.... ဝေဒနာတခုတည်းကိုဘဲ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်ဆိုတော့ ဝေဒနာကို အတ္တဒိဋ္ဌိဖြစ်နေတာပေါ့(မှန်ပါ့)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလဲ ကြွသွားတယ်၊ အဲဒီတော့ ရှင်ဖဂ္ဂုဏ-ဘယ်လိုသိလိုက်သတုံး....ဆိုတော့ ဝေဒနာက

လေးသည်ကား....လို့ ဆိုလို့ရှိယင် အနိစ္စဘဲ၊ ဖြစ်ပျက်ဘဲလို့ သိ-သိနေတယ်၊ ကြာတော့ ဒီဝေဒနာကလေးတော့ဟာ အနိစ္စ မြင်ပါ့မျှားတော့ ကုန်ထွက်သွားမယ်၊ ဝေဒနာနံ ခယာကိုး-ဗျ (မှန်ပါ့)။

အနိစ္စကုန်ထွက်သွားတော့ တကာတကာမတို့ ဝေဒနာကွန်ခြာကြီးလို့ ပြောထားတော့ ခန္ဓာပါ အာရုံအဖြစ်မှ ပျောက်သွားတာပေါ့....(မှန်ပါ့)။

ခန္ဓာပျောက်သွားတော့ တကာတကာမတို့ ဒီနေရာမှာ ခန္ဓာချုပ်ဆုံးရာကို မြင်လာတယ်....(မှန်ပါ့) မြင်လာတော့ ဝေဒနာနံ ခယာ ဘိက္ခု=ဝေဒနာကုန်တဲ့ရဟန်း ဖြစ်လာတယ်....(မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ကြောင့် ကုန်ပါလိမ့်မတုံးဆိုတော့ သော ဝေဒနံ ပရိညာယ၊ သော=ထိုရဟန်းသည်၊ ဝေဒနံ = ဝေဒနာကို၊ ပရိညာယ = ဖြစ်တဲ့ပျက်တဲ့ သဘောသာဟု ပိုင်းခြားနိုင်၍၊ ဝေဒနာမဟုတ်ပါဘူး၊ ဖြစ်ပျက်သဘောပါဘဲ....(မှန်ပါ့)။

ဝေဒနာကို ဖြစ်ပျက်သဘော သိသောကြောင့် ဝေဒနာပစ္စယာ တဏှာကော လာရဲ့လား....(မလာပါဘုရား) မောဟကော....(မလာပါဘုရား) ဒိဋ္ဌိကော....(မလာပါဘုရား) ဒါဖြင့် ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ-ဆိုတဲ့ အာသဝေါ ကုန်သွားတယ်....(မှန်ပါ့)။

သော = ထိုရဟန်းသည်၊ ဝေဒနံ = ဝေဒနာကို၊ ပရိညာယ=သြော်.... ဒီဥစ္စာသည် ဖြစ်ပြီး ပျက်တဲ့သဘောမှတပါး ဘာမှမရှိပါကလားဟု ပိုင်းခြားဆင်ခြင် သိမြင်နိုင်သောကြောင့်၊

ဒိဋ္ဌေဝဓမ္မေအနာသဝေါ....တဲ့၊ ဝေဒနာပစ္စယာ- မဂ်သာဖြစ်နေတော့ ဦးဘအုန်း- တဏှာဒိဋ္ဌီ လာသေးရဲ့လား (မလာပါဘုရား) အဝိဇ္ဇာကော....(မလာပါဘုရား)။

ဖြစ်ပျက်ကိုမသိယင် အဝိဇ္ဇာ၊ အခုတော့ ဖြစ်ပျက်ကို သိနေတော့ ဝိဇ္ဇာဖြစ်နေတော့ အဝိဇ္ဇာသဝလဲ လာသေးရဲ့လား.... (မလာပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒါက တကာ တကာမတွေ့၏ ခန္ဓာ ဝေဒနာ ဒီကနေပြီး သကာလ .... ဖြစ်ပျက်တွေ့ ရှုနေကတည်းက မဂ်ဝင်တွေ့လို့ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ် ဘုရား)။

ဒါက တကာတကာမတွေ့၏ စားတဲ့ ဝေဒနာပေါ့ဗျာ.... (မှန်ပါ့) ဒီဂနေရှုနေတာက ဘာပါလိမ့်.... (မဂ်ဝင်ပါဘုရား) မဂ်ဝင်နဲ့ သိပါတယ်တဲ့ တကာ တကာမတို့ ပရိညာယ- ဒါဟာ အဖြစ်အပျက်မှတပါး ဘာမှ မဟုတ်ပါလားလို့ ပိုင်းခြားပြီး သိလိုက်တဲ့အတွက် ဝေဒနာနဲ့ ဒီက ငါနဲ့ကော ရောသေးသလား (မရောပါဘုရား)။

ဒါမလာယင်တော့ နောက်က ငါလိုက်မှာဘဲ.... (မှန်ပါ့) ငါဆိုယင် ဒိဋ္ဌာသဝလာပြီ.... (မှန်ပါ့) မလာပေဘူးလား.... (လာပါဘယ်ဘုရား)ဝေဒနာသည် အဖြစ်အပျက်ပါဘဲဆိုသဖြင့် အဝိဇ္ဇာသဝကော လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် နောက်ကနေပြီး အာသဝေါတရားမချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ဘာဖြစ်လို့ချုပ်သတုံး၊ ဟာဒီမဂ်ဝင်လို့ ချုပ်တယ်....(မှန်ပါ့) ဝေဒနာပေါ်၌ မဂ်ဝင်လို့ ချုပ်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

မင်္ဂနဲ့ ဖြစ်ပျက်သာ အစစ်ပါဘဲဆိုပြီးသကာလ ဦးဘအုန်း ပိုင်ပိုင်နိုင်နိုင်သိလိုက်တာနဲ့....(မှန်ပါ့) ဝေဒနာကို ပိုင်ပိုင်နိုင်နိုင် သိတာဟာ ဒုက္ခသစ္စာသိတာပဲ့ပါဘဲ....(မှန်ပါ့)။

ဒိဋ္ဌေဝဓမ္မေအနာသဝေါတဲ့=ရှုတဲ့အချိန်မှာဘဲ အာသဝေါကို မရှိဘူး ဒီဘက်က၊ ရှိသေးရဲ့လား....(မရှိပါဘုရား) နောက်က သေသေချာချာကြည့်တော့ ဘာရှိသေးသတုံး.... (မရှိပါဘုရား) ဝေဒနာပစ္စယာ တဏှာကော လာသေးရဲ့လား.... (မလာပါဘုရား) တဏှာလာယင် ကာမာသဝဖြစ်ရမယ်၊ ဝေဒနာကို ငါစဲ့ယင် ဒိဋ္ဌာသဝဖြစ်ရမယ်....(မှန်ပါ့) လာသေးရဲ့လား.... (မလာပါဘုရား) ဘယ်သူက လာနေသတုံး.... (မင်္ဂလာပါတယ်ဘုရား) မင်္ဂလာတာဘဲ ရှိတာဘဲ၊ မင်္ဂမလာယင်တော့ သူ့တို့ လာရမယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ဒါဖြင့် အာသဝေါတရားတွေ့ မကုန်ဘူးလား.... (ကုန်ပါတယ်ဘုရား)။

ဒါနဲ့ ဖဂ္ဂုဏမဆေရ်ကလဲ ဒီလိုဘဲ ရှုနေတယ်ဆိုကြပါစို့.... (မှန်ပါ့) ဝေဒနာဟာ ဖြစ်ပျက်ဘဲ....ဖြစ်ပျက်ဘဲ.... ဖြစ်ပျက်ဘဲ့ ဖြစ်ပျက်ဘဲ့ဲ့ ဝေဒနာပေါ်တိုင်း ဒီကနေပြီးသကာလ ပိုင်းခြားသိနေတယ် ပိုင်ပိုင်နိုင်နိုင်သိနေတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင် သိသောကြောင့် နောက်က အာသဝ မလာရဘူး.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

နောက်က ဘာတုံး....(အာသဝလာမရပါဘုရား) အာသဝလာမရဘူးဆိုတော့ ဦးဘအုန်းတို့က စဉ်းစားရမယ်နော်၊ ကာ

မာသဝဆိုယင် လောဘနေရမယ်၊ လောဘဆိုယင် တဏှာဥပါဒါန့်ကံ လာမယ်....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒိဋ္ဌာသဝဆိုယင် ဒိဋ္ဌိကလဲ လောဘဘဲ၊ တဏှာ,ဥပါဒါန့်ကံဘဲ့ မလာပေဘူးလား....(လာပါတယ်ဘုရား) အဝိဇ္ဇာသဝ လာယင် အဝိဇ္ဇာသဒ်ါရဝိညာဏ်ကျအောင် နောက်ဘဝတွေမဆက်ပေဘူးလား... (ဆက်ပါတယ်ဘုရား) ကဲ....ဒါတွေလာသေးရဲ့လား....(မလာပါဘုရား) ဘယ်နှယ်ကြောင့် မလာပါလိမ့်မတုံးဆိုတော့ ဝေဒနာပိုင်းခြားသိလို့....(မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မလဲ....(ဝေဒနာကိုပိုင်းခြားသိလို့ပါဘုရား) ဘာနဲ့ပိုင်းခြားသိသလဲ....(မဂ်နဲ့ ပိုင်းခြားသိပါတယ်ဘုရား) မဂ်နဲ့ပိုင်းခြားပြီး ဝေဒနာကလေးတွေဟာ ဖြစ်ပျက်နေတယ်လို့ သိတယ်၊ အဲဒါ ပိုင်းခြားသိတာဘဲ....(မှန်ပါ့)။

ဝေဒနာကလေးဟာ ဘယ်လိုနေပါလိမ့်.... (ဖြစ်ပျက်နေပါတယ်ဘုရား) ဖြစ်ပျက်နေတယ်လို့ ဟောဒီက မဂ်က ပိုင်ပိုင်နိုင်နိုင်သိတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

မဂ်က ဘယ်လိုသိနေပါလိမ့်.... (ပိုင်ပိုင်နိုင်နိုင် သိပါတယ်ဘုရား) ပိုင်ပိုင်နိုင်နိုင်သိနေပါတယ်လို့ ဆိုးဖြတ်ချက်ချပါ....(မှန်ပါ့) ဦးဘအုန်းတို့ ဦးဇံရင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဟိုက ဖြစ်ပျက်နဲ့ ဒီက ပိုင်ပိုင်နိုင်နိုင်သိတဲ့ မဂ်နဲ့ ဦးဘတင်- ဒါကလေးနှစ်ခုတည်းရှိတော့တယ်၊ အာသဝဘယ်နှယ်နေသတုံး....(ချုပ်ပါတယ်ဘုရား)။

"သော ဝေဒနံ ပရိညာယ" သော = ထိုရဟန်းသည်၊ ဝေဒနံ=ဝေဒနာကို၊ ပရိညာယ=ဖြစ်ပျက်ဟု ပိုင်ပိုင်နိုင်နိုင် သိသောကြောင့်၊ ဒီဌေဝ ဓမ္မေ =ယခု မျက်မှောက်ဘဝ၌ပင်လျှင်၊ အနာသဝေါ=အာသဝေါကင်းတယ်တဲ့....(မူန်ပါ)တကာတကာမတို့ကောင်းကောင်း ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါက ရှေ့ပိုင်းမှာ သတိပေးတဲ့တရားဘဲရှိသေးတယ် တကာတကာမတို့နော်....(မှန်ပါ့)။

အဲဒီတော့ ဝေဒနာပေါ်တိုင်း-ပေါ်တိုင်း ဖြစ်ပျက်ဘဲလို့ သိနေရှိယင် နောက်က အာသဝတွေ သေသေချာချာ ကုန်နိုင်တယ်....(မှင့်ပါ့)။

အာသဝေါကုန်ရပါလို့၏လို့ ဘုန်းကြီးက ရှေ့က ချပေးတယ်၊ ခင်ဗျားတို့ကလဲ လိုက်ကြတယ်၊ အဲဒါကတော့ ကုန်ရာကုန်ကြောင်းကို အကျင့်ပေးတာတဲ့ဆရာနဲ့ တွေ့ရပါလို့၏ဆိုတဲ့အတိုင်း အခုလဲ ကုန်တာကော မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ရှုသာရှု သေးသေချာချာကုန်ပါတယ်....(မှန်ပါ့ဘုရား)။

သော ဝေဒနံ ပရိညာယဆိုတဲ့အတိုင်း ဝေဒနာပေါ်၌ မက်နှင့်ပိုင်းခြားသိသောကြောင့်၊ အနာသဝေါ-အာသဝေါကင်းတယ်ဆိုတဲ့အတိုင်း ဘာဖြစ်လို့ ကင်းပါလိမ့် တကာတကာမတို့-(မက်နဲ့ပိုင်းခြားသိလို့ပါဘုရား) မက်နဲ့ ဝေဒနာကို ဖြစ်ပျက်လို့ ပိုင်ပိုင်နိုင်နိုင်သိနေလို့....(မှန်ပါ့)။

ဒီဥစ္စာ ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူး၊ ဖြစ်ပျက်တဲ့အနိစ္စဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိနေသောကြောင့်၊ ဒီဌေဝ ဓမ္မေ အနာ

သဝေါတဲ့ယခုမျက်မှောက်ဘဝဌ်ပင်လျှင် အာသဝေါကင်းတယ်၊ သဘောကျပလား....(ကျပါပြီဘုရား) ဒီဘက်က အာသဝေါတရား လာသေးရဲ့လား... (မလာပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ ဆုဘောင်းပြည့်ထားတဲ့ ခန္ဓာကိုယ်ကြီးကတော့ သေရာသွားနေတယ်၊ သွားတဲ့အခါမှာလဲ ဝေဒနာနဲ့တဲ့လျက်ကြီး....(မှန်ပါ့) သတ်မည့်ဝေဒနာနဲ့ အသတ်ခံရမည့်ခန္ဓာနဲ့ဟာ တဲ့လျက်ကြီး....(မှန်ပါ့) မသွားဘူးလား .... (သွားပါတယ်ဘုရား)။

အဲဒီတော့ ဒီဝေဒနာကို ကျုပ်တို့က ပိုင်ပိုင်နိုင်နိုင် သိရမယ် (မှန်ပါ့ဘုရား) မင်းဟာ သတ်မလို့လာတာလား၊ သို့မဟုတ် မင်းသည်ကား....လို့ ဆိုယင်ဖြင့် အနှိစ်စလားလို့ ကျုပ်တို့က မေးမေး-မေးမေးပြီးသကာလ ပိုင်ပိုင်နိုင်နိုင်သိအောင်လုပ်ပါတဲ့ (မှန်ပါ့)။

ပိုင်ပိုင်နိုင်နိုင် သိအောင်လုပ်တဲ့အခါကျတော့ သူဟာဖြစ်ပြီးပျက်တဲ့ အနိစ္စဘဲဆိုတာ ဉာဏ်ထဲမှာ မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာကို ပိုင်ပိုင်နိုင်နိုင်သိသောကြောင့် ဒိဋ္ဌဝေမွေ=ယခုပစ္စက္ခဘဝဌ်ပင်လျှင်၊အနာသဝေါ=အာသဝေါကင်းသည်၊ ဟောတိ= ဖြစ်၏၊ ဒီဘက်က အာသဝေါ ကင်းတယ် ဟောဒီမက်ကြောင့်....(မှန်ပါ့) ဒီမက်သာမလာယင် ဘယ့်နှယ်နေကျပါ့မလဲ....(မကင်းပါဘုရား) ကြောက်တယ်,လန့်တယ် ဆိုယင်ဖြင့် ဒိဋ္ဌာသဝတွေ- အဝိဇ္ဇာသဝတွေ မလာပေဘူးလား:....

(လာပါတယ်ဘုရား) ကဲ....ဒါဟာ ဘယ်လောက်အရေးကြီးလို့ ပြောတယ်ဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်လို့ ဆရာဘုန်းကြီးကလဲ ဒါလောက်တောင် အသေစခန်းကို အကြီးအကျယ်ဖွဲ့ပြီး ဟောနေရပါလိမ့်မတုံး....ဆိုတော့ အို....ခင်ဗျားတို့ ခန္ဓာကိုယ်က နားနေယင်တော့ အဟုတ်သားပေါ့....(မှန်ပါ့)။

ခင်ဗျားတို့ခန္ဓာကိုယ်က သေရာမသွားဘဲနဲ့ နားလို့ ရပ်လို့ ရယင်လဲ အဟုတ်သားပေါ့....(မှန်ပါ့)။

အခုလို တရားနာနေကြတယ်ဆိုတာက တခါတလေ ဟိုစိတ် ရောက်သွား- ဒီစိတ်ရောက်သွားနဲ့ တရားထဲ နာချင်မှ နာတာ အဲ့ဒါကလဲ ကြားပေါက်ပါသေးတယ်....(မှန်ပါ့)။

သေရာသွားတာကတော့ ကြားပေါက်မရှိဘူး၊ ကြားပေါက်စိတ်လာလဲ သူက သွားနေတာဘဲ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ဒို့....ဝင့်သင့်နေလို့ ဒီဥစ္စာကို ဒို့....ဆုတောင်းပြည့်တဲ့အလုပ်ကြီး နောက်ထပ် မပြည့်အောင်လုပ်မှာဘဲ၊ နောက်ထပ် မပြည့်စေချင်လို့ ဟောထားတာ၊ ခင်ဗျားတို့က ဘဝတိုင်း ဘဝတိုင်း ဒီသား-ဒီသမီးနဲ့ မခွဲရပါလို့ဆိုဘော့ ဘဝတိုင်း ဘဝတိုင်း သေရာသွားရပါလို့ကပါနေတယ်၊ လွယ်သလား....(မလွယ်ပါဘုရား) အမှားက သေးသေးလား-ကြီးကြီးလား....(ကြီးကြီးပါဘုရား)။

ကြီးတဲ့အထဲမှာ ခင်ဗျားတို့က ဟိုဘဝကျတော့ ဟိုဘက်ဘဝ သားသမီးနဲ့ မခွဲရပါလို့....တဲ့၊ ဒီဘဝကျဘော့ကော....(ဒီဘဝသားသမီးနဲ့ မခွဲရပါလို့ပါဘုရား)။

ဒါဖြင့် သားသမီးပေါင်းက ဘယ်လောက် များခဲ့ကြသတုံး (မခရတ္တက်နိုင်ပါဘုရား) ဒါဖြင့် မခဲ့နိုင်ပေါင်းကလဲ ကမ္ဘာတဝှမ်းလုံးရှိတာနဲ့ မခဲ့နိုင်တာ....(မှန်ပါ့)။

အားလုံး နိဗ္ဗာန်သွားမှ သွားမယ်ဆိုယင် ဘယ်တော့မှ မသွားနိုင်တော့ဘူး....(မှန်ပါ့) သွားနိုင်ဘို့ရာ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ခင်ဗျားတို့ ဝါဒဖြန့်ထားတာက နည်းနည်း နောနောကျယ်တာမှ မဟုတ်ဘဲ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီတရား ဟောထိုက်- မဟောထိုက်....(ဟောထိုက်ပါတယ်ဘုရား) ချက်ခြင်းအာသဝေါကင်းနိုင်တာကို ဦးဘဘင် ကောင်းကောင်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား) ဖြစ်ပျက်မြင်လို့ ကင်းတယ်နော်.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်လို့ရှိယင် တကာတကာမတို့ သေသေချာချာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင် သိသွားလို့ရှိယင် မဂ္ဂင်ရှစ်ပါးဟာ ဒီနေရာမှာ ပေါ်တယ်လို့ မှတ်လိုက်တာပေါ့...(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကာယဿ ဘေဒါ... ဟဲ့၊ ကာယဿ = ယခု ခန္ဓာကိုယ်၏၊ ဘေဒါ = ပျက်သည်၏ အခြားမဲ့၌၊ သော = ထိုပုဂ္ဂိုလ်သည်၊ ဓမ္မဌော = နိဗ္ဗာန်၌တည်သည်၊ ဟောတိ = ဖြစ်၏၊ တကာတကာမတို့ တခါတည်း နိဗ္ဗာန်ရောက်သွားတာဘဲ....တဲ့.... (မှန်ပါ့) ဒါတွေက ခုနင်က ဒုက္ခတွေချုပ်ပြီးသကာလ ရောက်သွားတယ် (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား) အာသဝေါကုန်တာနဲ့ ဒီဘက်က ဖြစ်ပျက်ဆုံးတာနဲ့ဟာ တဆက်တည်း.... (မှန်ပါ့)။

ဒါဖြင့် ဖဂ္ဂုဏရဟန်းဟာ သောတာပန်, သကဒါဂါမ်, အနာဂါမ်ကျအောင် သခါနိုးမှာ အလုပ်-လုပ်သွားနိုင်တယ်လို့ ဦးဝတို့ မှတ်ဘို့ဘဲ....(မှန်ပါ့)။

ဒါနဲ့ မြတ်စွာဘုရားကလဲ သူ့မှာ အောက်သံသရာကို ပို့တတ်တဲ့ အာသဝေါတွေလဲ ကုန်ပါပြီဆိုပြီး ဘုရားက ကျောင်းတော် ပြန်သွားတယ်....(မှန်ပါ့)။

ရှင်အာနန္ဒာကတော့ ကျန်နေရစ်တယ်၊ ကျန်နေရစ်တော့ သူ့ရှေ့မှာဘဲ ဖဂ္ဂုဏ-ဆိုတဲ့ ရဟန်းကလေးက ခေါင်းကလေး တောင်ဘက်စောင်းပြီး စုတိစိတ် ကျတယ်... (မှန်ပါ့) စုတိစိတ် ကျသွားတော့ ရှင်အာနန္ဒာက ကြည့်တယ်၊ စက္ခုမျက်လုံး ကြည့် ပြန်လဲ လူသေမျက်လုံးနဲ့မတူဘူး၊ နားကြည့်လိုက်လဲ သူများလို ကျိုးကွေးနေတယ်မဟုတ်ဘူး၊ လူသေနဲ့မတူဘူး၊ နှာခေါင်း ကြည့်လိုက်ပြန်လဲ ကျ သွားတယ်, ဖောင်းလာတယ် ဒီလို မဟုတ်ဘူး၊ လူရှင် ကိုယ်အတိုင်းဘဲ .. (မှန်ပါ့)။

ကိုယ်ကြည့်လိုက်ပြန်တော့လဲ ပျော့ပျော့ပြောင်းပြောင်းဘဲ (မှန်ပါ့) သြော်....ဖဂ္ဂုဏ တယ်ထူးပါကလား....သူများ လူသေနဲ့ကို မတူဘူး....(မှန်ပါ့)။

ဝိညာဏ်တော့ ချုပ်သွားပြီ... တဲ့၊ သို့သော်လဲ မျက်လုံးကြည့်လိုက်လဲ....(လူကောင်းအတိုင်း)နှာခေါင်းကြည့်လိုက်လဲ.... (လူကောင်းအတိုင်းပါ) ကိုယ်ကြည့်လိုက်လဲ .... (လူကောင်းအတိုင်းပါ) အကုန် လူကောင်းအတိုင်းဖြစ်နေတော့ ထူးတယ်ဆိုတော့ ရှင်အာနန္ဒာက ဘုရားဆီသွားပြန်တယ်....(မှန်ပါ့)။

ဘုရားဆီသွားပြီး လျှောက်ပြန်တယ်၊ အရှင်ဘုရား.... ဖဂ္ဂုဏ်ကတော့ သေပြီဘုရှ့၊ သေပေမဲ့ သူမျှားသေပုံနဲ့မတူဘူး၊ ခေါင်းကလဲ တောင်ဘက်စောင်းတယ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကွန်ဒြေတွေကလဲ ဘာမှ မညှိုးဘူး ဘုရှ့... လို့ လျှောက်တော့ ဘုရားက အာနန္ဒာ- သေခါနီးမှာဝေဒနာနုပဿနာရှုပြီး၊ဝေဒနာကို ပိုင်ပိုင်နိုင်နိုင်သိလို့ အောက်သံသရာသွားတတ်တဲ့ အာသဝေါကုန်ပြီးသေတဲ့ အနာဂါမ် သေတာလို့ ဖြေလိုက်တယ်.... (မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

အနာဂါမ်ဖြစ်သွားတာတဲ့.....(မှန်ပါ့) ဒါဟာ သေခါနီးမှ ဖြစ်တာ.....(မှန်ပါ့) အနာဂါမ် ဆိုတော့ တကာတကာမတွေ စိတ်ချရပြီမဟုတ်လား.....(မှန်ပါ့)။

အနာဂါမ်ဆိုတာ ကာမ တဆယ့်တဘုံဆိုတဲ့ ဒီလို့ပြည့်တို့ နတ်ပြည်တို့ကိုလုံးဝမလာတော့ဘူး၊ ဗြဟ္မာပြည်ကနေပြီး နိဗ္ဗာန်ကူးတော့မှာဘဲ့.....(မှန်ပါ့) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

သူ-ဘယ်လိုလုပ်သွားပါလိမ့်၊ ဝေဒနာကို ပိုပိုင်နိုနိုင် သိသွားလို့.....(မှန်ပါ့) အနိစ္စလို့ ပိုင်ပိုင်နိုင်နိုင်သိသွားတဲ့အတွက် တကာတကာမတို့ မသေခင်ဘဲ့ အောက်သံသရာလည်စေတဲ့ အာသဝေါကုန်တယ်၊ သေတော့ သူမျှားပုံစံနဲ့ တူသေးရဲလား .... (မတူပါဘုရား)။

အဲဒါ ဖဂ္ဂုဏ်ဝတ္ထု အဂုံတို့ရှိမှာလာတယ် တကာတကာမတို့ ဘုရားကိုယ်တော်တိုင် ဟောတာပါဘဲနော်.....(မှန်ပါ့)။

ဒါကလေး အကြောင်းရင်း ခံပြီးတော့ ဖဂ္ဂုဏ်ကတော့ဖြင့် သောတာပန်, သကဒါဂါမ်, အနာဂါမ် တည်းသွားပြီဆိုတော့ ဦးဘအုန်း-ဘာမှ သံသယမှရှိနဲ့တော့ဗျာ.....(မှန်ပါ့)။

ဒါဖြင့် နဂိုရိတုန်းက ဘုရားမကြွလာခင်တုန်းကတော့ ဟိုနေရာက နာပါတယ်ဘုရဲ့၊ ဒီနေရာက နာပါတယ်ဘုရဲ့၊ ဝေဒနာက ရှေ့သာတိုးနေတယ်၊ နောက်ကို မဆုတ်ပါဘူးဘုရား.... ဆိုတော့ ဝေဒနာအတုံးအခဲကြီးပေါ့ဗျာ .... (မှန်ပါ့) တခါတည်း ဝေဒနာကို ငါနဲ့ရောနေတာဘဲ....(မှန်ပါ့)။

အခုတော့ဖြင့် နောက်ဆုံးပိတ် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောလိုက်တော့ ဝေဒနာကို ငါနဲ့မရောပါစေနဲ့၊ မိစ္ဆာဒိဋ္ဌိနဲ့ မရောစေနဲ့....(မှန်ပါ့) သမ္မာဒိဋ္ဌိနဲ့ ကြည့်လိုက်စမ်းပါ.... ဆိုတော့ ဖြစ်ပြီး ပျက်တာဘဲ သူမြင်တာဘဲ....(မှန်ပါ့) ဒါတွေ့ချည့်မြင်ပြီး ဒါတွေ့ရှုပြီးသေလိုက်တော့ တကာတကာမတို့ သုံးမင်္ဂလာရတယ်၊ သုံးမင်္ဂလာ, သုံးဖိုလ်ရတယ်....(မှန်ပါ့)။

ဒါနဲ့ ရှင်အာနန္ဒာက ဘုရားကိုသွားလျှောက်တော့ ဘုရားက ဖဂ္ဂုဏဟာ အနာဂါမ်တည်သွားတယ်လို့ ထောက်ခံချက် ပေးလိုက်တယ်နော်....(မှန်ပါ့)။

ဒါနဲ့ ဘုရားက ဖဂ္ဂုဏကိုအကြောင်းပြုပြီး အကြောင်းကလေပေါ်လာတယ်၊ သံဃာတော်တွေရော၊ ပရိသတ်တွေရော စုကြဟု အမိန့်ရှိတယ်၊ သေနည်း သင်ပေးမှာ....(မှန်ပါ့)။

တကာတကာမတို့ ဘာသင်မှာတုံး.... (သေနည်း သင်မှာပါဘုရား)။

သေနည်းဘဲဘုရား.... ပါးစပ်ဖွင့်လိုက်လို့ရှိယင် သေတာဘဲ၊ သင်ရဦးမှာလားလို့ဆိုတော့ အဲဒါက အရှုးသိ- သိထားတာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီသေနည်းမျိုး မဟုတ်ပါဘူး တကာတကာမတို့၊ သခါနိုးမှာ အနာဂါမ်ဖြစ်နိုင်တဲ့နည်း၊ သခါနိုးမှာ ရဟန္တာ ဖြစ်နိုင်တဲ့နည်း၊ ဒါကို သင်မယ်ပြောတာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

သေတာ ရေထဲဆင်းလိုက် သေတာဘဲဆိုတာမျိုး အောက်မေ့မနေနဲ့ဦး....(မှန်ပါ့)။

ကောင်းပြီ.... ဒါဖြင့် တကာတကာမတို့ သေနည်းသင်မယ်ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရဟန်းတော်ကိုခေါ်ပြီး သကာလ ဟောတော်မူတယ်၊ သေနည်း ခြောက်နည်းရှိတယ်....(မှန်ပါ့)။

တကာတကာမတို့ သေနည်းဘယ်နှစ်မျိုးရှိသတုံး....(ခြောက်မျိုးရှိပါတယ်ဘုရား) ပုထုဇန်အတွက်မှာ သုံးမျိုး၊ အထက်အရိယာပုဂ္ဂိုလ်များမှာ သုံးမျိုးစီရှိကြတယ်၊ သို့သော် ဦးဘတင်-အထက်အရိယာပုဂ္ဂိုလ်သုံးမျိုးကို ဘုန်းကြီး မဟောတော့ပါဘူး၊ သူတို့မှာ ဘာမှ ပူစရာရှိတာမဟုတ်ဘဲကိုး၊ သူတို့က ကိစ္စ ပြီးပြီးသားတွေဘဲ၊ ဘုရားကတော့ ချင်းချက်မရှိ ဟောရတာပေါ့....(မှန်ပါ့) ဘုန်းကြီးတို့ကတော့ တကာ တကာမတွေနဲ့ သက်ဆိုင်လှတဲ့ ပုထုဇန်သေနည်းသုံးမျိုးကို ဟောပြပါမယ်....(မှန်ပါ့)။

ပုထုဇန် သေနည်းသုံးမျိုးက ဖဂ္ဂုဏ သေတာကို သိကြရပြီ၊ အလောင်းသွားကြည့်တော့ ဣန္ဒြေတွေ ဘယ်ဟာမှ မချို့တဲ့ဘူး ဆိုတာလဲ သိကြရပြီ၊ အဲဒီတော့ သူဟာ နဂိုရိုးတုန်းကတော့ သက္ကယဒိဋ္ဌိ မပြုတ်ဘဲနဲ့ နေခဲ့တယ်၊ ဝေဒနာနဲ့ ငါနဲ့ ရောနေတယ် ဆိုတော့ ဝေဒနံ အတ္တာတော သမနုပဿတိ....ဆိုတဲ့အတိုင်း သက္ကာယဒိဋ္ဌိ ပြုတ်ပါရဲ့လား....(မပြုတ်ပါဘုရား)။

ဘုရားက လာပြီး အတွေ့ ဖြုတ်ပေးလိုက်တဲ့ အခါကျတော့ အတွေ့က အနတ္တ ဖြစ်မသွားဘူးလား....(ဖြစ်သွားပါတယ်ဘုရား) ဖြစ်သွားတဲ့အတွက် သူ့မှာ သေနည်းက မှန်သွားတယ်၊ ဝေဒနာကို ပိုင်းခြားသိပြီးသကာလသွားသောကြောင့် မသေခင်ဘဲ သူနဲ့ဆိုင်ရာ အောက်အာသဝေတွေ အကုန်-ကုန်တယ်၊ မကုန်ဘူးလား....(ကုန်ပါတယ်ဘုရား)။

ဒီဌေဝ ဓမ္မေ(ပ) ကာယဿဘေဒါဓမ္မဌေဝ.... တဲ့၊ ခန္ဓာပျက်သောအခါ၌ နိဗ္ဗာန်ရောက်သွားတယ်ဆိုတာ ဦးဘအုန်း- ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ-လူတိုင်းနဲ့ မဆက်ဆံဘူးလား၊ဆက်ဆံသလား....(ဆက်ဆံပါတယ်) အကုန်ဆက်ဆံတယ်၊ ဒီအထဲမှာ ချွင်းချက်ပေးလို့ဘယ်သူမှ မရဘူး....(မှန်ပါ့) ရပါ့မလား....(မရပါဘုရား)။

ခင်ဗျားတို့ အသက်တရာ ရှည်ရပါလို့၏ဆိုတော့ တရာပြည့်တော့ သေဘို့ပါတာဘဲ....(မှန်ပါ့) တရာ့နှစ်ဆယ်ရှည်ရပါလို့၏ဆိုလို့ကော .... (တရာ့နှစ်ဆယ်ပြည့်တော့ သေဘို့ပါတာပါဘဲဘုရား)။

အဲဒီတော့ ခင်ဗျားတို့ တောင်းတဲ့ဆုထဲမှာ အသေမပါတဲ့ဆုပါရဲ့လား....(မပါ-ပါဘုရား) ဘာဖြစ်ရပါလို့၏၊ ညာဖြစ်ရပါ့လို့၏ ဆိုလို့ရှိယင် အသေပါမှာချည့်မှတ်ပါ....(မှန်ပါ့) ဘာမှမဖြစ်ရတဲ့နေရာ ရောက်ရပါလို့၏ ဆိုယင်တော့ အသေမပါဘူး၊ အသေလွတ်ပြီ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ခင်ဗျားတို့ ဘာမျှားဖြစ်ချင်သေးသတုံး....(ဘာမှ မဖြစ်ချင်ပါဘုရား) ဟာ....ခင်ဗျားတို့ အခုမှ ပါးကုန်တာ၊ နဂိုရိုက အတော်ဖြစ်ချင်တဲ့လူတွေ....(မှန်ပါ့)။

နဂိုရိုက အတော်ဖြစ်ချင်တယ်၊ ဒီသားနဲ့ ဒီသမီးနဲ့ ဟုတ်လား ငှက်ဖြစ်သော်လဲ တကိုင်းတည်း ဖြစ်ရပါလို့၏....တဲ့ ဟုတ်လား။ အဲဒီ အဖြစ်ထဲမှာ ဘာပါလာသတုံး....(အသေပါလာပါတယ်) အဖြစ် ရှိလို့ရှိယင် အပျက်ရှိမှာပေါ့... (မှန်ပါ့)။

အဖြစ်ထဲ ဘာပါသတုံး....(အသေပါ·ပါတယ်) အဲဒီအသေကလဲ ခင်ဗျားတို့က ဘဝတိုင်းကလဲ မှားလာတာဆိုတော့ မှားချက်က ဦးဘအုန်း-ဘယ်လောက်မျှားခဲ့သတုံး .... (မရေနိုင်ပါဘုရား) မရေနိုင်ဘူး၊ မရေနိုင်တာ တခါတည်း ဖျက်ရမယ်ဆိုတော့ မဂ်ရမှ ဖျက်လို့ရတယ်၊ မဂ်မရယင်တော့....(ဖျက်လို့မရပါဘုရား)။

ကိုင်း....တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုထုဇန်မှာကွာ....တဲ့ သေခါနီးမှ အနာဂါမ် ဖြစ်ချင်လို့ရှိယင် သုံးမျိုးရှိတယ်... တဲ့၊ ငါ- ဘုရားတရားကို နာရလို့ ခုနင်ကပြောတဲ့ ဝေဒနာနဲ့ ငါနဲ့ မရောတဲ့တရားမျိုး နာရလို့ရှိယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်ကျအောင် ဖြစ်နိုင်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီလိုမှမဟုတ်ဘဲ ငါဘုရားကလဲ ပရိနိဗ္ဗာန်စံသွားပြီဆိုတော့ ငါဘုရား၏တပည့်သားဖြစ်တဲ့ပုဂ္ဂိုလ်က ဝေဒနာနဲ့ ငါနဲ့ မရောတဲ့တရားမျိုးကို ဟောတာ နာရမယ်၊ ဒီလိုဆိုလို့ရှိယင်လဲ သေခါနီးမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်နိုင်တယ်....(မှန်ပါ့) နှစ်မျိုးရှိသွားပြီနော်... (မှန်ပါ့)။

ဘုရားဟောလို့ဖြစ်စေ၊ ဘုရား၏တပည့်သားက ဝေဒနာနဲ့ ငါနဲ့ မရောတဲ့တရားကို ဟောသည်ဖြစ်စေ၊ ဘယ်နှစ်မျိုးတုံး....(နှစ်မျိုးပါဘုရား)။

ဒီလိုမှ ဘုရားနဲ့လဲမကြုံ၊ ဟောတတ်တဲ့ ဆရာသမားနဲ့လဲ မကြုံယင် ဘယ်နှယ်မျှား သေရပါ့မတုံးလို့ မေးလို့ရှိယင် အခုလို နာထားတဲ့တရားကို တကာတကာမတွေ့က ကိုယ့်ဟာကိုယ် နှလုံးသွင်းပြီး ဖြစ်ပျက်ရှုပေးလိုက်ပါ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်ပျက် ရှုနေလိုက်တော့ ဝေဒနာနဲ့ ငါနဲ့ ရောသေးသလား....(မရောပါဘုရား) အဲဒီလိုဆိုယင်လဲ တခါတည်း မသေခင်ဘဲ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်ပါတယ် (မှန်ပါ့) ကိုယ့်ဟာကိုယ် ရှုပြီးတော့ရတာ....(မှန်ပါ့) ဘယ်နှစ်ချက်ပါလိမ့်....(သုံးချက်ပါဘုရား)။

ဝေဒနာနဲ့ ငါနဲ့ မရောတဲ့ ဘုရားတရားကို နာရရှိသော်ငင်း၊ သက္ကာယဒိဋ္ဌိပြုတ်အောင်ဟောနိုင်တဲ့ ဘုရား၏တပည့်သားမျှားနဲ့တွေ့လို့ အဲဒီတရားမျိုးကို နာရရှိသော်ငင်း.... (မှန်ပါ့) ဒီလိုမှ ပုဂ္ဂိုလ်နှစ်မျိုးကို မတွေ့တော့ဘူးဆိုလို့ရှိယင်လဲ အရင်နာဘူးတဲ့တရားကို ကိုယ့်ဟာကိုယ် ရှုပွားပြီးသကာလ... (မှန်ပါ့) ဒါကလဲ နာဘူးတဲ့တရားရှိမှနော်၊ သက္ကာယဖြုတ်တဲ့တရားကို နာဘူးမှ....(မှန်ပါ့)ါ

ခုနင်က ပန်းကလေး အောက်မေ့ပါတယ်၊ ညောင်ရေအိုးကလေး အောက်မေ့ပါတယ်၊ ဒါလောက်ပြောတာ မဟုတ်ပါဘူး..(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ပန်း-ညောင်ရေဆိုတာက ဒါနကုသိုလ်မို့ နတ်ပြည်သုဂတိကိုတော့ မုချကျေးဇူးမျှားမယ်....(မှန်ပါ့) ဒီမှာကတော့ ဒီလို

မဟုတ်ဘူး၊ ဝေဒနာ နိရောဓါ-ဖြစ်သောကြောင့် တဏှာ နိရောဓေ၊ ဒိဋ္ဌိ နိရောဓေ၊ အဝိဇ္ဇာ နိရောဓေ သွားပြီးဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူကတော့ နိရောဓဘက် မလှည့်ဘူးလား.... (လှည့်ပါတယ် ဘုရား) ဟိုဟာတွေက နိရောဓဘက် မလှည့်ဘူး တကာ တကာ မတို့၊ ကောင်းကောင်း သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် သေနည်းဘယ်နှစ်မျိုးတုံး....(သုံးမျိုးပါ ဘုရား) ဘုရားဟောတဲ့ ဝေဒနာနဲ့ ငါနဲ့ မရောတဲ့ တရားကို ကိုယ်က ရှုပွားပြီး သေရသော်၎င်း၊ ဘုရား၏တပည့်သားမျှားက ဝေဒနာနဲ့ ငါနဲ့ မရောတဲ့တရားကို ဖြစ်ပျက်ရှုတတ်တဲ့တရားကို ဟောလို့ နာကြားပြီး ကိုယ်က ရှုပွားပြီး သေရသော်၎င်း၊ သို့မဟုတ် ဟောမည့်ပုဂ္ဂိုလ် အထက်ပါပုဂ္ဂိုလ် နှစ်မျိုးစလုံး မရှိဘူးဆိုယင် ကိုယ်-ကိုယ်တိုင် ဖြစ်ပျက်ရှုပြီးသကာလ ဝေဒနာနဲ့ ငါနဲ့ မရောတဲ့အလုပ်ကို လုပ်ပြီး သေရခဲ့သော်၎င်း၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်တည်ပြီး သေနိုင်တယ်၊ ဖဂ္ဂုဏာသေနည်းမျိုး....(မှန်ပါ့) ဒါ-စိတ်သာချပေတော့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သြော်....ဒီဆရာဘုန်းကြီးဟာ ဘာသင်ပါလိမ့်မတုံး ဆိုတဲ့ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) ဘာသင်တာတုံး.... (သေနည်းသင်တာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကောင်းသော သေနည်း သင်တယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) ဒီ.ပြင် နဂိုရိုက ခင်ဗျားတို့ သေမည့် သေနည်းက တော့ဖြင့် သားစဲ့လို့ သမီးစဲ့လို့ ရှိတဲ့ပစ္စည်းကလေးစဲ့လို့ အဲဒီလို

သေနည်းတွေ့သေမှာစိုးလို့၊ အဲဒါတွေ့ကတော့ အမျှားအားဖြင့် ပြိတ္တာဘက်ချည့် ဦးဘတင့်သွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သေနည်းခြောက်မျိုးမှာ ပုထုဇဉ်သေနည်းသုံးမျိုးကို ဟောတယ်(မှန်ပါ့) ကျန်တဲ့သုံးမျိုးကတော့ အနာဂါမ် တည်ပြီးသား ပုဂ္ဂိုလ်မှာ ဒီအတိုင်း ဘုရားတရားတော်ကို နာ၍သော်၎င်း၊ သူက အနာဂါမ် တည်ပြီးသားမို့ သူ့အတွက် မလိုလှတော့ပါဘူး(မှန်ပါ့) သို့မဟုတ် ဟောတတ်တဲ့ပုဂ္ဂိုလ် ဘုရား၏တပည့်သား အနားရှိသော်၎င်း....(မှန်ပါ့) ကိုယ့်ဟာကိုယ် ဆင်ခြင်၍သော်၎င်း၊ အဲဒီပုဂ္ဂိုလ်ကတော့ ရဟန္တာဖြစ်တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားထံမှ တရားနာဘို့ဆိုတာ ဘုရားကလဲ မရှိတော့ပါဘူး၊ ဒါကြောင့် ၁-နံပါတ်က လွတ်သွားပြီ....(မှန်ပါ့) ၂-နံပါတ်ဆိုတာကလဲ ခင်ဗျားတို့ကလဲ ဖျပ်ကနဲ သေချင်သေတာမျိုး၊ ဒီလို ဆရာရှောက်ရှာလို့လဲ တွေ့ချင်မှတွေ့မှာကိုးဗျ....(မှန်ပါ့)။

သေမှာက ဘယ်သူမှ အချိန်သိကြတာမဟုတ်ဘူး....(မှန်ပါ့) သေမှာသာသိတယ် ဒီအထဲမှာ တကာတကာမတွေ့-အချိန်သိတဲ့ တကာတကာမတွေ့ တယောက်မှ မပါဘူး....(မှန်ပါ့) ပါကြရဲ့လား....(မပါ-ပါဘုရား)။

သေမှာတော့ မသိကြဘူးလား....(သိပါတယ်) အချိန်တော့

သိရဲ့လား....(မသိပါဘုရား) အချိန်မှ မသိတဲ့ပုဂ္ဂိုလ်ကဖြင့် ဟော မည့်ပုဂ္ဂိုလ်ကို ရှာမထားပေဘူး....(မှန်ပါ့) ရှာထားနိုင်ပါ့မလား (မရှာထားနိုင်ပါဘုရား)။

အချိန်သိယင်တော့ ဟုတ်သားပေါ့....(မှန်ပါ့) အခုတော့ အချိန်မှမသိတဲ့ ပုဂ္ဂိုလ်တဦး ဖြစ်နေတော့ ဟောမည့်ပုဂ္ဂိုလ်ကို ရှာထားနိုင်ပါ့မလား....(မရှာထားနိုင်ပါဘုရား)။

အဲဒီတော့ ပဌမအချက်လဲ ကျုပ်တို့ မိဘိုမမြင်ဘူး၊ ဘုရား ကလဲ မရှိဘူး၊ ဒုတိယအချက်ကလဲ ခင်ဗျားတို့အသေက အချိန် မသိနိုင်တဲ့အတွက် ဒုတိယပုဂ္ဂိုလ်နဲ့လဲ တွေ့ဘိုမမြင်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ဝေဒနာဖြစ်ပျက်နဲ့ တွေ့ဘို့ ဒီတခုဘဲမြင်တယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ဘယ်နည်းအကောင်းဆုံးတုံးဆိုတာ ကိုယ့်အတွက်မှာဖြင့် ဝေဘန်ပါတော့ဆိုတော့ ၃-နံပါတ်နည်း အကောင်းဆုံးဘဲ....(မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(နံပါတ် ၃-အကောင်းဆုံးပါ ဘုရား) နံပါတ် ၃- အကောင်းဆုံးဆိုတာ ဓဝဒနာကွန္ဒာနဲ့ ဉာဏ်နဲ့တွဲလိုက်ကြပါ.... (မှန်ပါ့) ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

ဘာနဲ့ဘာ တွဲကြမလဲ.... (ခန္ဓာနဲ့ ဉာဏ်နဲ့တွဲရပါမယ်) ဝေဒ နာကွန္ဒာ ဖြစ်ပျက်နဲ့ ဉာဏ် မဂ်နဲ့.သာ တွဲလိုက်၊ တွဲပြီး ဒီအတိုင်း သာ တကာတကာမတွေ ရှုနေလို့ရှိယင် မသေခင်ကိုက ဝေဒ နာနိဆ္ဆာဓာ တဏှာနိရောဓောဖြစ်ရမယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်ရပါမယ်) ဝေဒနာနိရောဓာဆိုတော့ ဝေဒနာကဖြစ်ပျက်ဆိုတော့ ချုပ်မသွားပေဘူးလား(ချုပ်သွားပါတယ်) အဲဒီတော့ ဝေဒနာက ချုပ်သွားတော့ ဝေဒနာမှမရှိဘဲနဲ့ ဒီကနောက်က တဏှာပေါ်ချင်လို့....(မပေါ်နိုင်ပါဘုရား)။

ဘယ်ပေါ်နိုင်ပါ့မတုံး- ဒီမင်္ဂလာက ဖြတ်ထားလိုက်ပြီ....(မှန်ပါ့) ဝေဒနာဖြစ်ပျက်ကိုရှုထားတော့ မင်္ဂလာကလဲ ဖြတ်ပြီးသားဖြစ်နေတယ်..(မှန်ပါ့) ဝေဒနာနိရောဓာ တဏှာနိရောဓောမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

တဏှာနိရောဓော ဖြစ်ကတည်းက တကာတကာမတို့ တဏှာနိရောဓောလဲ နိဗ္ဗာန်ဘဲ သူ့နိဗ္ဗာန်နဲ့သူပေါ့ဗျာ....(မှန်ပါ့) သောတာပန် တည်မှာဖြင့် သောတာပန်နိဗ္ဗာန်ရတာဘဲ(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ.... ဝေဒနာဖြစ်ပျက်ရှုပြီးသေတော့ ဝေဒနာဖြစ်ပြီး ပျက်သွားတာဘဲဆိုတော့ ဝေဒနာချုပ်သွားတာဘဲ မဟုတ်လား .... (ချုပ်သွားတာပါ) ဒီက ဒိဋ္ဌိနိရောဓောကကော မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

ဖြစ်မှာဘဲ ဒီမင်္ဂလာဒိဋ္ဌိကိုသတ်ထားတယ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ) တော်တော်အရေးကြီးလို့ ဒီဥစ္စာ ရှင်းရှင်းလင်းလင်း ပြောနေတာ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဝေဒနာကို ဖြစ်တာနဲ့ ပျက်တာဘဲလို့ သိနေကတည်းက ဒီအထဲသမ္မာဒိဋ္ဌိဝင်လာတော့ သမ္မာဒိဋ္ဌိဆိုတာ ဝိဇ္ဇာမဟုတ်လား.... (မှန်ပါ့) ဝိဇ္ဇာဒီအထဲ ဝင်နေကတည်းက အဝိဇ္ဇာက လာချင်လို့... (မလာနိုင်ပါဘုရား)။

မလာနိုင်တော့ သမ္မာဒိဋ္ဌိဝိဇ္ဇာကလဲ အဝိဇ္ဇာကိုသတ်တယ် .... (မှန်ပါ့)သဘောကျပလား....(မှန်လှုပါ) မိစ္ဆာဒိဋ္ဌိလဲသတ်ထားတယ်၊ တဏှာလဲ သတ်ထားတယ်ဆိုတော့ ဩ်း....ဒါဖြင့်တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်ဥ် အောက်သံသရာသွားမည့် ပဋိစ္စသမုပ္ပါဒ်အကုန်ပြတ်....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြပါ့မယ် .... (အောက်သံသရာသွားမည့် ပဋိစ္စသမုပ္ပါဒ်အကုန်ပြတ်ပါတယ်ဘုရား) အဲ....အောက်သံသရာသွားမည့် ပဋိစ္စသမုပ္ပါဒ် အကုန်ပြတ်သည် ဖြစ်လေသော ကြောင့် ဒီပုဂ္ဂိုလ်ဟာ အနာဂါမ်တည်သွားတယ်တဲ့၊ အထက်သာသွားတော့တယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) အထက်သာသွားတယ်ဆိုတာ ကောင်းကောင်း သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ၁-နံပါတ်ကလဲ ခင်ဗျားတို့ မမျှော်လင့်နဲ့**တော့** ဘုရားပရိနိဗ္ဗာန်စံသွားပြီ.... (မှန်ပါ့) ၂-နံပါတ်ကလဲ မမျှော်လင့်နဲ့ ဘာ့ကြောင့်တုံး၊ သေမည့်အချိန် ခင်ဗျားတို့မသိလို့ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

၁-နံပါတ် ဘာဖြစ်လို့မမျှော်ရတာတုံး.... (ဘုရားပရိနိဗ္ဗာန်စံသွားပါပြီဘုရား) ဘုရားမရှိတော့လို့၊ ဘုရားကသေခါနီးလာဟောခဲ့လို့ ကိုယ်က နှလုံးသွင်းယင်လဲ ဒါဟာ အနာဂါမ်ထိအောင် တည်နိုင်တယ်လို့ ဟောဘာကိုး....(မှန်ပါ့) အဲဒီတော့ အဲဒီ ၁-နံပါတ်က မျှော်လင့်ချက်ကုန်သွားပြီ....(မှန်ပါ့ဘုရား)။

၂-နံပါတ်ကလဲ ဘယ်လိုစဉ်းစားကြမယ် .... (ကိုယ်သေမည့်အချိန်မသိလို့ပါ) သေမည့် အချိန်ကို ကိုယ်မှ မသိဘဲနဲ့ဥစ္စာ

တကာတကာမတွေဟာ ဒို့ဘုန်းကြီးပင့်ထားမယ်၊ ဒို့ဆရာပင့်ထားမယ်ဆိုလို့ ရှိယင်လဲ မဖြစ်နိုင်သလိုပါဘဲ၊ သိနေယင်တော့ဟုတ်တာပေါ့ သေချိန်ကို ဘယ်သူမှသိတာမဟုတ်ဘူး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ၂-နံပါတ်ကိုလဲ ခင်ဗျားတို့အားမကိုးနဲ့ (မှန်ပါ့) ဦးဘအုန်း အားကိုးလို့ကော တည့်ပါ့မလား.... (မတည့်ပါ) ဘာဖြစ်လို့ မတည့်သတုံး.... (သေမည့်အချိန်မသိလို့ပါဘုရား) သေချိန်သိတဲ့ပုဂ္ဂိုလ် ဒီအထဲမှာ ဘယ်သူပါကြသလဲ .... (ဘယ်သူမှမပါပါဘုရား) မသိတော့ ဒုတိယအချက်ကို အားကိုးလို့ တော်ပါ့မလား....(မတော်ပါဘုရား)။

ဒါဖြင့် ဘာအားကိုးကြမလဲ....(၃-နံပါတ်ပါ) ၃-နံပါတ်ကတော့ မိမိသန္တာန်ရှိတဲ့ ဝေဒနာကို မိမိဉာဏ်နဲ့သာ ဖြစ်ပျက်ရှုမှ (မှန်ပါ့) မိမိသန္တာန်ရှိတဲ့ ဝေဒနာကို မိမိဉာဏ်နဲ့သာ ဖြစ်ပျက်ရှုပြီး သေလိုက်ပါတဲ့ ဘယ်ကျအောင်ဖြစ်နိုင်သတဲ့တုံး....(အနာဂါမ်ကျအောင်ဖြစ်နိုင်ပါတယ်ဘုရား)။

အေး....သောတာပန်လဲ ဖြစ်နိုင်တယ်၊ သကဒါဂါမ်လဲ ဖြစ်နိုင်တယ်၊ အလွန်ဆုံး အနာဂါမ်ဖြစ်နိုင်တယ်၊ဒါပုထုဇဉ်သေယင်ပြောတာ၊ အနာဂါမ်သေယင်တော့ ရဟန္တာဖြစ်နိုင်တယ်၊ဒီသုံးချက်နဲ့ကြုံလို့ ရှိယင်....(မှန်ပါ့ဘုရား)။

အဲဒီတော့ အင်္ဂုတ္တိရ်ပါဠိတော်မှာ ဖဂ္ဂုဏအကြောင်းပြပြီး ဘုရားကိုယ်တိုင် ရှင်အာနန္ဒာကို ဟောတာ....(မှန်ပါ့) ဒီတော့ တကာတကာမတို့ အင်မတန်အဘိုးတန်တဲ့ အဓိပ္ပါယ်ဟာ ရှင်းသွားပြီ....(ရှင်းသွားပါပြီဘုရား)။

ကောင်းပြီ ဒါဟာ့ မသေခင်က မဂ်ဝင်ထားတဲ့အတွက် ဦးဘတင် ဘာကုန်နေသလဲ....(အာသဝကုန်ပါတယ်) အောက် သံသရာသွားမည့် အာသဝတွေ ဘယ်နှယ်နေသတုံး....(ကုန်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီသည်ကားလို့ဆိုယင် ငါသေယင်ဘယ်မျှား ရောက်မှာတုံးလို့ ဘာမှတွေးမနေနဲ့ အောက်သံသရာ သွားတဲ့ အာသဝကုန်ယင် အောက်သံရာ မရောက်တာဘဲ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အောက်သံသရာ၏ ပဋိစ္စ သမုပ္ပါဒ် အနာဂတ် အကြောင်းတွေကို တကာသစ်တို့ ကိုမြရွှေတို့ မဂ်က ဖြတ်ချလိုက်တယ်....(မှန်ပါ့) မဖြတ်ဘူးလား....(ဖြတ်ပါတယ်ဘုရား)။

ရှိနေတဲ့ပုဂ္ဂိုလ်မှာ အနာဂတ်အကြောင်းတွေ ဘယ်နှယ်တုံး (ဖြတ်ပါတယ်ဘုရား) အဲဒီ ဖြတ်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ ဘာပူစရာ ရှိသေးသတုံး....(မရှိပါဘုရား)။

ကောင်းပြီ ... ဒါဖြင့် တကာတကာမတို့ အင်မတန် နေရာကျတဲ့ သေခြင်းကောင်းဘဲ....(မှန်ပါ့) တချို့ကျတော့လဲ သားကလေးခေါ်ပေးပါဦး၊ ပစ္စည်းကလေး အစရှိသည်နဲ့ သုံးပုံ-ပုံပြီး သကာလ ဒါကလေးကတော့ ကျုပ်အတွက် သဉ်ဂိုဟ်ဘို့၊ ကျန်တာတွေကတော့ ဘယ်သူတွေ့ ဘယ်သူတွေ့ ယူကြ စသည်နဲ့ လုပ်လေ ရှိကြတယ်၊ အဲဒါ မကောင်းသေးဘူး စင်စစ်တော့....(မှန်ပါ့)။

သို့သော်လဲ ခင်ဗျားတို့ကတော့ သတိရရှာဘယ်... တဲ့၊ သတိရရှာတယ်လို့ မြို့သုံး-သုံးလိုက်သေးတာဗျ....(မှန်ပါ့)။

သတိရတာက သူ့ဟာက ဟိုနှစ်ပုံက ဘာတုံး-ဆိုတော့ ဟို ဟာက သားဘို့၊ ဒီဟာက ခင်ပွန်းဘို့၊ ဒီအပုံက သူသေတဲ့အခါ မှာ လှလှပပချဘို့ ဒီအဓိပ္ပါယ်မျိုးသာရှိတယ်၊ သူ့ဟာက ဉာဏ် ကိုမပါဘူး၊ ဝိပဿနာဉာဏ်ပါတာမဟုတ်ဘူး၊ ကမ္မဿကတာ ဉာဏ်လောက်နဲ့သေသွားတာ....(မှန်ပါ့)။

ကမ္မဿကဘဉာဏ်ရယ်၊ သားခင်တဲ့ တဏှာရယ်(မှန်ပါ့)အဲဒီ တော့ ဒီကာတကာမတို့ နန်းတော်, အိမ်တော်မှာ ဆင်ဖြူတော် ဖြစ်ရုံစသည်လောက်ဘဲရှိတယ်....(မှန်ပါ့)။

နန်းတော်, အိမ်တော်မှာ ဆင်ဖြူတော် ဖြစ်ရတယ်ဆိုတော့ တော်တော့ တော်သေးတာပေါ့....၊ တောထဲမှာ ဆင်ရိုင်းထက် စာယင်....(မှန်ပါ့)။

အဲဒီတော့ ဆင်ဖြူတော်က တိရစ္ဆာန် နန်းတော်, အိမ်တော်မှာ ဖြစ်ရတာ ခုနင်က ကျုပ်သေတဲ့အခါကျလို့ရှိယင် ဘာလုပ်ဘို့-ညာလုပ်ဘို့-ဆိုတဲ့ ကုသိုလ်ကလေးမျိုးက သူ့ဘုံးပြီး အကျိုးပေး တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နန်းတော်, အိမ်တော်မှာ ဆင်ဖြူတော်ဖြစ်တဲ့ အသေ မျိုးဘော့ မကောင်းပါဘူး....(မှန်ပါ့) ကောင်းပါ့မလား.... (မကောင်းပါဘုရား) ရှင်းရှင်းက ကောင်းပါသေးတယ်, သက် သာပါသေးတယ် တကာတကာမတို့၊ ဘယ်သူ့ဆင်ဖြူတော် ဖြစ် ရတယ်ဆိုတာဖြင့် ကျောပေါ်တော့ အစီးခံရမှာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဆင်ဖြူတော်လောက်နဲ့ ဦးဝ- ကျေနပ်ပလား....

(မကျေနပ်ပါဘုရား) မကျေနပ်ယင် တော်သေးတာပေါ့ဗျာ.... ဖြစ်ခြင်းဖြစ်ယင် အဲဒါဖြစ်ရတာ တော်သေးရဲ့ဆိုယင်တော့ ခင်ဗျားတို့ ခက်ပကော....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ သေနည်းက ဘယ်နှစ်မျိုးပါလိမ့် (သုံးမျိုးပါဘုရား) ဘုရားတရားနာပြီး ကိုယ်တိုင်ပဋိဝေဓပြီး သေရခဲ့သော် တကာတကာမတို့ သောဘာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်နိုင်တယ်....(မှန်ပါ့)။

သက္ကာယဖြုတ်တတ်တဲ့ ဘုရား၏တပည့်သား တရားကိုနာရ၍ ကိုယ်တိုင် ပဋိဝေဓသေခဲ့ရသော် သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်တယ်... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဟာ....ဒီလိုမှ မဟုတ်ဘူးဆိုလို့ ရှိယင်လဲ ကိုယ်နာထားတဲ့ ဝေဒနာကို သက္ကာယကဋဘောင် ဖြစ်ပျက်ရှုပြီး သေကြလို့ဆရာသမားက မှာထားတယ်၊ အဲဒါ မှာထားတာကလေးကို ခင်ဗျားတို့ ရှုပဋိဝေဓသကာလ သေကြလို့ ရှိယင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်နိုင်တယ်၊ သုံးနည်းဟောတယ်....(မှန်ပါ့ဘုရား)။

ဆက်ကနိပါတ်အင်္ဂုတ္တိရ်မှာဟောတာ ပုထုဇဉ်အတွက် သုံးမျိုး၊ အနာဂါမ်အတွက် သုံးမျိုး၊ ပေါင်း-ခြောက်မျိုး.... (မှန်ပါ့) သို့သော် အနာဂါမ်အတွက် ဦးဘအုန်း-ကျုပ်တို့နဲ့ ဘာမှ မဆိုင်သေးလို့ အဲဒီလိုပြောတော့ပါဘူး....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတို့ ဒီသေနည်းသုံးမျိုးသည် အင်

မတန် အရေးကြီးတယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီး နှုတ်က ဖွင့်ဟောတာလို့မှတ်ပါ....(မှန်ပါ့) အရေးမကြီးတာကို ပြုံးတောင် မပြုံးဘူးလို့ ခဏခဏ မိုးပြောခဲ့ဘူးလား....(ပြောခဲ့ပါတယ်ဘုရား)။

အရေးမကြီးတဲ့ အလုပ်ဆိုလို့ရှိယင် ဘုရားက အသံတော် ထွက်ရမှာဝေးလို့ ပြုံးရုံတောင်မပြုံးဘူး....(မှန်ပါ့) ပြုံးလာလို့ ရှိတာတောင်မှ ကယ်တင်ချင်လို့ မှတ်....(မှန်ပါ့) ထုတ်ဖော် ဟောလို့ရှိယင်ဖြင့် အထမြောက်နိုင်တဲ့အလုပ်မို့ ထုတ်ဖော် ဖြောတာလို့မှတ် ...(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ နေရာကျပလား.... (ကျပါပြီ) ကောင်းကောင်းသေတတ်ပလား....(သေတတ်ပါပြီ) အဲဒီတော့ ကိုယ်-ဆုံတောင်းပြည့်ထားတာကြီးကနေပြီးသကာလ... နောက်ထပ် အသေတွေ ဘောင်းထားတာကလဲ ခင်ဗျားတို့က ပြည့်လို့-(မှန်ပါ့)။

ဒီသား, ဒီသမီး, ဒီးမြေး, ဒီမြစ်နဲ့ နိဗ္ဗာန်မဝင်မီစပ်ကြားဆိုတဲ့ ဥစ္စာတွေက ရှိနေတော့ နိဗ္ဗာန်ကလဲ ဘယ်နေရာမှန်း မသိသေးဘူး....(မှန်ပါ့) နိဗ္ဗာန်လဲ ဘယ်နေရာမှန်း မသိသေးဘဲနဲ့ ဒီစပ်ကြားကို ပြောထားတဲ့ဥစ္စာက နိဗ္ဗာန်မရသေးဘဲ ကျယ်သွားဟာသူ့ဟာချည့်ဖြစ်နေတယ်....(မှန်ပါ့)။

နိဗ္ဗာန်လဲ သူ့မြင်ရပလား.....(မမြင်ရသေးပါဘုရား) မမြင်ရသေးတော့ တကာတကာမတို့ နိဗ္ဗာန်မရမီစပ်ကြား ဒီသား, ဒီသမီး, ဒီမြေး, ဒီမြစ်- ဆိုတဲ့ ခင်ဗျားတို့ တဏှာစေခိုင်းတိုင်း လုပ်ထားတဲ့ ဝစီကံဘဲ ...(မှန်ပါ့)။

တဏှာက ဒီသား, ဒီသမီးကလေးတွေဟာ နင့်ကို အင်မတန်ကျေးဇူးများတာတွေ၊ နင်နဲ့ ပါရမီဖြည့်ဘက်တွေဟု....တဏှာက ဝင်လာပြီးဟောထားတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တဏှာက ဘယ်လိုဟောသတုံး၊ ဒီသား, ဒီသမီးကလေးဟုဟာ နင့်ရင်သွေးကလေးတွေ၊ နင့်ပါရမီဖြည့်ဘက်ကလေးတွေ၊ နင့်-အိုစာမင်းစာကလေးတွေ၊ နင့်-ဆေးပေးမီးယူကလေးတွေ.... စသည်နဲ့ တဏှာက သိပ်ဟောထားတာ....(မှန်ပါ့) မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီလိုဟောတဲ့အခါကျတော့ ဒီကဒိဋ္ဌသမားကလဲ ဆွေဘ်....ဒါကြောင့် ငါမခင်ယင် တော်ပါ့မလုံး၊ ဒိဋ္ဌသမားက မလာဘူးလား....(လာပါတယ်) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တဏှာက ရွှေကတရားဟောကောင်းတော့ ဒိဋ္ဌကနောက်သို့လိုက်ဘို့ရာ အဆင်သင့်ဖြစ်နေတယ်....(မှန်ပါ့) ငါ့မှာ ဒီတယောက်တည်းရှိတာ ဒီတယောက်ကလေးမှ မလိမ်မာလို့ ပျက်စီး ယိုယွင်းသွားခဲ့သော်.... မခက်ဘူးလားဆိုပြီး ဒိဋ္ဌကလဲ ဦးဘအုန်း-တခါတည်းလာတော့တာဘဲ....(မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ဒိဋ္ဌ တဏှာတွေသည်ကား....လို့ ဆိုလို့ ရှိယင် ဘုန်းကြီးတို့ထက် အပြော အဟော သန်တယ်လို့ အောက်မေ့ပါ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုန်းကြီးတို့ထက် အပြောအဟော သန်တယ်ဆိုတော့ ဘုန်းကြီးက တနေ့မှ တနာရီပြောတာ၊ သူက အချိန်တိုင်းဘဲ ထမင်းစားပြန်လဲ ဒီခလေးနဲ့ ဒီခင်ပွန်းနဲ့....(မှန်ပါ့)။

လဘက်ရည်သောက်ပြန်တော့ကော.... (ဒီခလေးနဲ့ ဒီခင်ပွန်းနဲ့ပါဘုရား) စီးပွားရှာနေပြန်တော့လဲ ဘယ်သူ့ဘို့တုံး.... သူတို့ဘို့ပေါ့၊ ကျုပ်တို့ဘို့တော့ ပြီးပါပြီ၊ ဒီအတိုင်းဘဲမလာဘူးလား.... (လာပါတယ်ဘုရား) သူတို့နဲ့ ခဲ့နေတဲ့အချိန်ကိုပါသေးရဲ့လား.... (မပါ-ပါဘုရား)။

အဲဒီတော့ တကာတကာမတို့ ဒီတဏှာဒိဋ္ဌိနဲ့ ခဲ့နေတဲ့အချိန် မပါဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား) ဒီတော့ သူတို့က အတွင်းသူ- အတွင်းသားအဖြစ်နဲ့ ခင်ဗျားတို့ ဖြားယောင်းနေတာ၊ ဘုန်းကြီးတို့က အပြင်ဘက်ကနေပြီးသကာလ ဝါးလုံးရှည်နဲ့ ရမ်းနေရတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ အတွင်းနဲ့ အပြင်ဆိုလို့ရှိယင် လိုက်နာခြင်း၊ လိုက်နာယင် အတွင်းသူလိုက်နာကြရမှာဘဲ၊ မတော်နိုင်ဘူး....တဲ့၊ မတော်နိုင် သွားပေတော့ထဲကဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီအတွင်းလူကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ သူသတ်ယောကျ်ား နှိပ်စက်သမား‌လို့ဆိုတာ သေသေချာချာ မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီကဲ့သို့.... ဟောထားတာကို ခင်ဗျားတို့ သူတို့ကြောင့် သံသရာရှည်တယ်ဆိုတာ မပြတ်လို့ရှိယ်ခင် ရှည်နေတာ ဘုန်းကြီး သေသေချာချာ ဖေါ်-ဖေါ်ပြောတယ်....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဒီမင်္ဂသာမဝင်ယင် သူတို့မပြောခင် ရှည်တာမဟုတ်ဘူးလား (ဟုတ်ပါတယ်) ဒါနကိုလုပ်, ဒါနကြောင့် ဘာမှ သံသရာ မရှည်နိုင်ဘူး၊ ဟောဒီတဏှာနဲ့ ဆုတောင်းကြီးက ဆုတောင်း တဏှာကနေပြီး ရှည်ချလိုက်တယ်.... (မှန်ပါ့) ဒါနလှူတုန်း ကတော့ နိဗ္ဗာနပစ္စယော ဟောတု ဓလာဘူးလား....(လာပါ တယ်ဘုရား)။

အဲ....နိဗ္ဗာန်မရမီစပ်ကြား ထည့်လိုက်ဦးမဟ....ဆိုပြီး ဒီက နေပြီး ရှည်ပစ်လိုက်တာနဲ့ဘဲ ရှည်ကုန်ရော....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

တဏှာက ရှည်ပစ်လိုက်ရော၊ နိဗ္ဗာန်ဝင်လို့ရှိယင် ယသော် ဓရာတို့လိုဘဲ သူ့ခင်ပွန်းသည် နိဗ္ဗာန်ဝင်မှဝင်မှယ် ဆိုပြီးသကာ လ ဆုရှည်ကြီး တောင်းထားလိုက်တယ်....(မှန်ပါ့)။

ကိုယ်တယောက်တည်း အားထုတ်လို့ရှိယင် ဒါလောက် မကြာဘဲနဲ့ ယသော်ဓရာဆုပြည့်တယ်....(မှန်ပါ့) မောင်တော် နဲ့မခွဲချင်တာနဲ့ လေးသခြေ်နဲ့ ကမ္ဘာတသိန်း စောင့်ရတယ်.... (မှန်ပါ့ဘုရား) ဘယ်လောက်ကြာသွားသတုံး....(ကြာပါတယ် ဘုရား)။

တကာ တကာမတို့ ဒီလိုများ ကြာချင်သေးသလား-(မကြာ ချင်ပါဘုရား) ခင်ဗျားတို့ကသာ မကြာချင်ဘူးပြောတာ ဒီသား ဒီသမီးဆိုဘာတွေကျတော့ ဒီအတိုင်း ခံနေရတဲ့ အဓိပ္ပါယ်မျိုး ရောက်နေတယ်....(မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)။

အဲဒီ ကိုယ် အတွင်းသူတွေ့ပြောတာကို အကုန်ဖျက်ပါ၊ ပြင်ဘက်ကပြောတာကို အမှန်ယူပါ၊သဘောကျပလား....(မှန်ပါ့)။

ကိုယ့်အတွင်းက ပြောတာတော့ အမှန်မယူပါနဲ့၊ ကိုယ့်သား ကိုယ့်သမီးကိုကြည့်ပါ၊ ကိုယ့်မျက်လုံးနဲ့ကြည့်ယင် ကိုယ့်သား ကိုယ့်သမီးဟာ ဘယ်လောက်အရုပ်ဆိုးဆိုး ချောနေတာဘဲ....(မှန်ပါ့) ဘေးကနေကြည့်တာကိုပြော၊ အဲဒါကို ခင်ဗျားတို့ကကြည့်ယုံ၊ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကိုယ့်ဟာကိုယ်ကြည့်ယင် တဏှာမျက်လုံး ဒိဋ္ဌိမျက်လုံးနဲ့ကြည့်နေတာ....(မှန်ပါ့) အဲဒီတော့ ကိုယ့်သား ကိုယ့်သမီးက ဘယ်လောက်ဘဲ အရုပ်ဆိုးနေနေ ကိုယ့်စိတ်ထဲမှာ ဘယ့်နှယ်နေသတုံး (ချောနေပါတယ်) ချောနေတာဘဲ၊ လှနေတာဘဲ၊ လိမ်မာနေတာဘဲ၊ ညှိပင် ညှိငြားသော်လဲ ညှိချော၊ ဆိုးပင်ဆိုးငြားသော်လဲ ကောင်းတဲ့နေရာ ကွက်ပြီးပါရသေးတယ်....(မှန်ပါ့) ဒီလို မလာကြဘူးလား.....(လာပါတယ်ဘုရား) အကုန်လုံး သူ့ဟာက တဏှာဒိဋ္ဌိနဲ့ ပြင်ပြီးသွားတော့တာဘဲ ...(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဆိုးတော့ ဆိုးတယ်၊ သို့သော် ကောင်းတဲ့နေရာကလေး ရှိတယ်ဗျ....လာသေးတာဘဲ၊ တဏှာဒိဋ္ဌိက ဒီဥစ္စာကို ကွက်ကွက်ထုတ်လိုက်တာဘဲ....(မှန်ပါ့) မထုတ်ဘူးလား....(ထုတ်ပါတယ် ဘုရား)။

အဲဒီတော့ ကိုယ့်အတွင်းက ပြောတာ တလုံးမှ မမှန်ဘူး၊ ဘေးက အရုပ်ကပြောတာသာကြည့်....(မှန်ပါ့) အရုပ်ကလူ ၃-၄-ယောက်ပေါင်းပြီး ကိုယ့်သားသမီးကြည့်ပေစေ၊ အဲဒီပြောတာကို အမှန်ထားပါ....(မှန်ပါ့)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ရန်ဖြစ်မည်ချည့်စိတ်ကူး၊ မဟုတ်ဘူးလား....(ဟုတ်ပါတယ်) သူ့သားကလေး အရုပ်ဆိုးပါတယ်ပြောယင် သူ့သားမှ ဆိုရပါ့မလား ဆိုပြီး ရန်ဖြစ်မှာဘဲ....(မှန်ပါ့) ကိုယ်ကြည့်ထားတာကတော့ တဏှာမျက်လုံး, ဒိဋ္ဌိမျက်လုံးနဲ့ ကြည့်ထားတာ၊ ကိုယ့်မျက်လုံးက မျက်လုံးမှားကြီး....(မှန်ပါ့)။

အရုပ်ပြောတာ မမှန်ဘူးလား....(မှန်ပါတယ်) ကိုယ့်မျက်လုံးက မှန်ရဲလား....(မမှန်ပါဘုရား) မမှန်ပေမဲ့ ကျေနပ်ကဲ့လား (မကျေနပ်ပါဘုရား) မကျေနပ်ယင် ရန်ဖြစ်ရုံဘဲ ခင်ဗျားတို့ရှိတော့တယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

လှဲတာတော့ ဘယ်သူက လှဲတာတုံး.... (ကိုယ်က လှဲတာပါဘုရား) အဲဒါကြောင့် တဏှာဒိဋ္ဌိပြောတဲ့စကားကို တကာတကာမတွေ မယုံနဲ့....(မှန်ပါ့) တဏှာဒိဋ္ဌိ သူတို့ဝင်လာလို့ရှိယင် အောက်သံသရာ မသွားဘူးလား၊ သွားသလား....(သွားပါတယ်ဘုရား)။

တဏှာ ဥပါဒါန် ကံ, ဒိဋ္ဌိ ဥပါဒါန် ကံ- ဘယ်သွားသတုံး (အောက်သံသရာ သွားပါတယ်ဘုရား) ဒါဖြင့် သူပြောတာ ယုံယင် အောက်သံသရာသွားရမှာပေါ့ဗျာ....(မှန်ပါ့) မမှန်လို့ သွားရတာပေါ့၊ မှန်ယင်....(မသွားရပါဘုရား)။

မသွားရဘူးဆိုတာ ပဋိစ္စသမုပ္ပါဒ်က သေသေချာချာ ရှင်းလင်းပြနေတော့ တကာတကာမတွေ ဘေးက တရားဟောသလို ဆရာဘုန်းကြီးများပြောတာကို အမှန်ထားကြပါ။ ကိုယ့်ဝမ်းထဲက အတွေးလုံး, အဆလုံး မှတ်သမျှ အကုန်အလွဲချည့်မှတ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သေတတ်ပလား....(သေတတ်ပါပြီဘုရား) ဘယ် နှစ်နည်းသေရမှာတုံး.... (သုံးနည်းပါဘုရား) သုံးနည်းမှာလဲ ဘယ်ဟာသာလျှင် ကိုယ်ပိုင်လုပ်ဘို့ သင့်သတုံး.....(၃-နံပါတ်ပါ ဘုရား)။

၁-နံပါတ်လဲ ကျုပ်တို့ ဘုရားနဲ့ မတွေ့နိုင်တော့ ပယ်လိုက်၊ ၂-နံပါတ်လဲ သေချိန်မသိလို့ ပယ်လိုက်၊ ၃-နံပါတ်ကိုဘဲ နှလုံးသွင်းကြ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြပါဦးစို့....

သာဓု....သာဓု ...သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
အိုးသံကြားသည်နှင့် ထိပ်လန့်ပုံ
ခဒိရ ဝနိယ ရေဝတထေရ်ဝတ္ထု

နေ့အလုပ်ပေးတရားတော်

(၅-၃-၆၀)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ကုရုတိုင်းမှာ သီတင်းသုံးပြီးသကာလနေတော့ သံဃာတော်တို့က တရားနာရအောင်ဆိုပြီး အနားမှာ ဝိုင်းပြီးသကာလ နေကြတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တရားမဟောမီ ရှေ့အဘို့ကာလ၌ အဖြေပေးချင်လို့ မေးပါတယ်၊ ဖြေချင်လို့ မေးတယ်ဆိုတဲ့အဓိပ္ပါယ်ဟာ ဦးဝ-ရှင်းထားရမယ်နော်....(မှန်ပါ့)။

မင်းတို့ကဲ့သ.... ခန္ဓာကိုယ်အတွင်းမှာ အကြောင်းတရားတွေများ သုံးသပ်ကြရဲလားလို့ မေးလိုက်တယ်....(မှန်လှပါ) ကိုယ့်ခန္ဓာထဲမှာ အကြောင်းတရားတွေရှိတယ်၊ အဲဒီအကြောင်းတရားတွေကို သုံးသပ်ကြစမ်းပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမိန့်ရှိတယ်....(မှန်ပါ့)။

အဲဒီတော့ ရဟန်းတပါးကလျှောက်တယ်၊ တပည့်တော်မျှား သုံးသပ်ပါတယ် ဘုရားတဲ့....(မှန်ပါ့) ဘယ်လိုမျှား သုံးသပ်သတုံးကွ....လို့ မေးတော့ တပည့်တော်က "ကသာ လောမာနခါ ဒန္ဓာ တစော" ဆိုတဲ့ သုံးဆဲ့နှစ်ကောဋ္ဌာသ အနုလုံပဋိလုံ သုံးသပ်ပါတယ် ဘုရား-ဆိုတော့ ဘုရားမေးလိုရင်းအဖြေတော့ မကျဘူး....(မှန်ပါ့)။

ဘုရားမေးတာကို တကာတကာမတို့ စဉ်းစားပါ၊ခန္ဓာ ကိုယ်ထဲမှာ မင်းတို့ အကြောင်းတရားတွေမျှား သုံးသပ်ကြရဲလား၊ မေးတော့ ရဟန်းက သုံးဆဲ့နှစ်ကောဋ္ဌာသ, သုံးဆဲ့နှစ်ပုံတရားတွေ သုံးသပ်နေတော့ အကြောင်းအကျိုးက ပါရဲ့လား....(မပါပါဘုရား) မပါဘူး၊ သုံးဆဲ့နှစ်ပုံ-ပုံပြီးသကာလ အသုဘစဲ့နေတာရှိတာဘဲ့....(မှန်ပါ့)။

ဘုရားအလိုရှိတာက မင်းတို့ ခန္ဓာကိုယ်ထဲမှာ အကြောင်းတရားတွေမျှား စုံစမ်းဆင်ခြင်ကြရဲလား၊ အကြောင်းတရားတွေရှိတယ်ကွ၊ အဲဒါ စုံစမ်းပါဆိုတာကို ရဟန်းက သုံးဆဲ့နှစ်ပုံ- ပုံပြီးတော့ တပည့်တော်- ဒါတွေကို သုံးသပ်ပါတယ် ဆိုတော့ ဘုရားက အကြောင်းကို သုံးသပ်စေချင်တယ်၊ သူက အပုံကို သုံးသပ်ပြီးသကာလနေတဲ့အတွက် ဘုရားအလိုတော် မကျဘူးလို့ မှတ်ရမယ်....(မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ ရှင်အာနန္ဒာက အနားမှာရှိတဲ့၊ အရှင်ဘုရားဟောပြမှ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပြီးသကာလ နေပါတယ်၊ ဒါကြောင့် အရှင်ဘုရားဘဲ အကြောင်း

သုံးသပ်တဲ့နည်းကို ဟောတော်မူပါလို့ ရှင်အာနန္ဒာကလျှောက်တယ်၊ နိဒါနဝဂ္ဂ-သံယုတ်ပါဠိတော်မှာလာတယ်လို့ မှတ်ကြပါ(မှန်ပါ့)။

ဒါ....တဲ့ တကာတကာမတို့ သုံးသပ်ကြလို့ဆိုတော့ ဩော်....ငါ၏ခန္ဓာကိုယ်ဟာ တနေ့တခြား အိုလာတယ်၊ တနေ့တခြား သေခါနီးလာတယ်၊ တကာတကာမတို့ ဒါ-သုံးသပ်လိုက်ယင် ပေါ်လာတာဘဲ....(မှန်ပါ့)။

ကိုယ့်အိမ်မှာရှိတဲ့မှန်ကို ကိုယ့်ရှေနားက ထားပြီး ကြည့်လိုက်ယင်လဲ ပျို့ရုပ်တွေပျောက်ပြီး အိုရုပ်တွေ ပေါ်ပေါက်နေတာဩော်....အိုလာပါပေါ့လား၊ အိုတယ်ဆိုတာ ဘာဖြစ်တာပါလိမ့်၊ ဩော်....အိုတယ်ဆိုတာ သေခါနီးတာဘဲ....(မှန်ပါ့)။

အိုတယ်ဆိုတာ ဘာပါလိမ့်....(သေခါနီးတာပါဘုရား)။

ကျုပ်တို့ ကြီးပြီ.... ကြီးပြီလို့ ပြောတဲ့ဥစ္စာ တကာတကာမတွေက စကားသုံးသပ်ပြီး သကာလ နှင့်ထက် ငါကြီးတယ်ဆိုတဲ့မာန်မာနမျိုး မလာပါစေနဲ့....(မှန်ပါ့) နှင့်ထက် ငါ-သေခါနီးတယ်လို့ ပြောလိုက်ယင် သိပ်ကောင်းတယ်....(မှန်ပါ့) နှင့်ထက် ငါကြီးတယ်၊ နင်ပြောတာ ငါ-နားမထောင်ဘူး၊ ဒီအသွေးမျိုးတော့ မလုပ်ပါနဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာတကာမတွေ သုံးရမည့်ဥစ္စာကျတော့လဲ အလွဲသုံးစား၊ မသုံးရမှာကျတော့လဲ သုံးနေကြတယ်၊ တကယ့် နိဗ္ဗာန်ရောက်မည့်အကြောင်းကျတော့လဲ မသုံးတတ်ဘူး၊ မာန်တက်မည့်အသုံးကျတော့ ဦးခင်မောင်-သုံးကြတယ်....(မှန်ပါ့)။

ကိုင်း .... ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့အတွင်းများက္ခာ... အို့, နာ, သေဆိုတာ မင်းတို့ခန္ဓာထဲမှာ ရှိနေတယ်က္ခ၊ အဲဒါတွေ ဘယ်ကများ လာသတုံးလို့ သူ့အကြောင်းများ ရှာဘို့ သိပ်ကောင်းပါတယ်....(မှန်ပါ့)။

တကာတကာမတွေ အို့- နာ- သေ- ဘယ်ကလာသလဲဆိုတဲ့အကြောင်းကို ရှာကြတဲ့....(မှန်ပါ့) အကြောင်းရှာရမယ်....တဲ့၊ မင်းတို့ အကြောင်းရှာကြပါလို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတော့ တကာတကာမတို့လဲ အကြောင်းရှာကြ၊ သြော်....ငါ့ခန္ဓာကိုယ်ကြီးဟာ အိုပြီး တော်တော်ကြာ အနာတွေက များလိုက်တာ၊ တော်တော်ကြာကျလို့ရှိယင်ဖြင့် သေရတော့မှာဘဲ၊ ဒီ-အို့,နာ,သေတွေဟာ ဘယ်ကများ လာတာပါလိမ့်မတုံး၊ ဘယ်ကများ လာတာပါလိမ့်မလဲလို့ ကိုယ့်ဟာကိုယ်သုံးသပ်ကြစမ်းပါ....(မှန်ပါ့)။

ကိုယ့်ဟာကိုယ် သုံးသပ်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဒါ-တွေးလုံးတော့ ပေါ်ရတော့မယ်၊ ဘုရားဆီက ဉာဏ်မရ၊ ဆရာသမားဆီက ဉာဏ်မရလို့ ရှိယင်ဖြင့် သြော်.... ငယ်ရာက ကြီးလာတာဘဲ၊ ဒါလောက်ဘဲ တွေးမှာဘဲ....(မှန်ပါ့) ဒီလိုမတွေးပါနဲ့၊ သြော်....ဒီ အို့,နာ,သေဟာ ဘယ်ကလာပါလိမ့်မတုံးလို့ သေသေချာချာတွေးပါ။

တကာတကာတို့ အို့,နာ,သေဆိုတဲ့ဥစ္စာ ခန္ဓာထဲမှာရှိတယ်မရှိဘူးလား....(ရှိပါတယ်ဘုရား) ဘယ်ကလာသတုံးလို့ ဘုန်းကြီးတို့ တကာတကာမတွေ တွေးဘို့သိပ်ကောင်းပါတယ်၊ ဘုရားကလဲ ဒီအို့, နာ, သေ, ဘယ်ကလာသတုံးဆိုတဲ့ တွေးလုံးဟာ မင်းတို့ ဘွေးကြစမ်းပါကွာတဲ့....(မှန်ပါ့)။

အကြောင်းရှာလို့ မတွေ့ခဲ့သည်ရှိသော် အကြောင်းသတ်တဲ့တရားကို ရမှာမဟုတ်ဘူး....(မှန်ပါ့)အကြောင်းသတ်တဲ့တရားကို မရခဲ့လို့ရှိယင် အကျိုး အို-နာ သေ-နဲ့ ဘယ်တော့မှ အိုးစားကဲ့မယ်မဟုတ်ဘူး... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ အို- နာ- သေ-သည်ကား....လို့ ဆိုယင်ဖြင့် အခု တကာတကာမတို့ လက်ရှိဘဲ ခဲ့လို့ မရ၊ ခွါလို့ မရဆိုတာ ဦးဘအုန်းတို့ ဦးခင်မောင်တို့ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အခု တကာတကာမတွေ ဒီနေ့ အိမ်ကလာကြတယ်၊ ဆရာဘုန်းကြီးဆီကို၊ အိမ်ကလာသည်ထက် အခု အိုတယ်၊ အိမ်ကလာသည်ထက်ကော အခု အနာဘက်ရောက်ဘို့ကော မနီးဘူးလား....(နီးပါတယ်ဘုရား) အသေဘက် ရောက်ဘို့ကော....(နီးပါဘယ်ဘုရား)။

ဩော်....ဘယ်ကများ လာပါလိမ့်မလဲ၊ ဒါကြီးဟာ တနေ့တခြား ခန္ဓာထဲမှာ အပြည့်အစုံကြီး ဖြစ်နေရတာ ဘယ်က လာသတုံးဆိုတဲ့အကြောင်းကို တွေးပါ .... (မှန်ပါ့) တွေးလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ဘုရားမှဘဲ အမှန်တွေးနိုင်တယ်လို့ ဦးဘအုန်းတို့ ဦးခင်မောင်တို့ မှတ်ရမယ် .... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ... ဒီအို-နာ-သေ ဘယ်ကလာသတုံးလို့ တကာတကာမတွေ တွေးဖြစ်အောင်တွေးပါ၊ တွေးဖြစ်အောင်တွေးပါဆိုတော့ တကာတကာမတို့ အို-နာ-သေဟာ ခန္ဓာငါးပါးကလာတာ....(မှန်ပါ့)။

အို-နာ-သေ ဘယ်ကလာပါလိမ့်....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

သမ္မသန သုတ်ဆိုတာ ခန္ဓာကိုယ်သုံးသပ် ဆင်ခြင်တဲ့ သုတ်၊ အို,နာ,သေ ခန္ဓာငါးပါးကလာတယ်၊ ဒါကလေးက ခန္ဓာငါးပါး‌လို့ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့) ဒီဘက်က အို, နာ, သေ မှတ်လိုက်တာပေါ့....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ခန္ဓာငါးပါးရှိလို့ အို, နာ, သေ ဟာ ဒီအထဲကပေါ်ပေါက်လာတယ်....(မှန်ပါ့) ခန္ဓာငါးပါးမရှိယင် (အို, နာ, သေမပေါ်ပေါက်ပါဘုရား) တကာတကာမတွေ တဘဝမှာလဲ အို,နာ,သေနဲ့ ဇာတ်သိမ်း၊ နောက်ဘဝကျတော့ တကာတကာမတွေ ဘာဖြစ်ဦးမှာတုံး ဆိုတော့ အို.... ဘာဖြစ်မယ်လို့ မပြောတတ်ပါဘူး အို, နာ, သေနဲ့ ဇာတ်သိမ်းရမှာကတော့ သေချာတယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

ပစ္စည်းပေးပြီး တားလို့ကောရပါ့မလား ....(မရပါဘုရား) ကိုယ့်ထက် ဘုန်းကြီးတဲ့ပဂိုလ်က အာဏာရှင်လုပ်ပြီး တားယင်ကော....(မရပါဘုရား) ထမင်းနဲ့တားလို့ကော.... (မရပါ) ဆေးနဲ့ဝါးနဲ့ တားလို့ကော....(မရပါဘုရား)။

မရတာကြီးဟာ ဘာကြောင့် မရပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် အို,နာ,သေ ဘယ်ကလာသတုံး....(ခန္ဓာငါးပါးကလာပါတယ်) အဲ .... ခန္ဓာငါးပါးကလာတယ် တကာတကာမတို့ သေသေချာချာကြည့်ပါ....(မှန်ပါ့) ခန္ဓာငါးပါးဆိုတာလူခန္ဓာငါးပါး၊ နတ်ခန္ဓာငါးပါး၊ ဗြဟ္မာခန္ဓာငါးပါး၊ ဦးခင်မောင်တတန်းတည်းဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးရတဲ့ ပုဂ္ဂိုလ်ဖြင့် ခန္ဓာငါးပါးတည်းဟူသော မူလအကြောင်းကြောင့် အို, နာ, သေ တည်း ဟူသော ဒုတိယအကျိုးတရားတွေဟာ တကာတကာမတို့ ပြေးလို့လွှတ် ပါ့မလား....(မလွှတ်ပါဘုရား)။

ပြေးလို့ မလွှတ်ဘူးဆိုတော့ သြော် ... ဒါဖြင့် ဒီကလဲ ခက်လိုက်တဲ့ဖြစ်ခြင်း၊ ဘာခန္ဓာ ဖြစ်ချင်ရတာနဲ့ ညာခန္ဓာဖြစ်ချင်ရတာနဲ့ ဒို့ကလဲ လူခန္ဓာ လူချမ်းသာ နတ်ခန္ဓာ နတ်ချမ်းသာ ဗြဟ္မာခန္ဓာ ဗြဟ္မာချမ်းသာ ဖြစ်ချင်တယ် ဆိုလို့ရှိယုံင်လဲ ခန္ဓာရှိယင် အို,နာ,သေလာမယ်၊ ခန္ဓာထဲကပေါ်လာတာဘဲ(မှန်ပါ့) ဘယ်သူကမှ ထည့်ပေးတာမဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

သရက်သီးဟာ ရင့်လို့ပုတ်တယ်၊ ရင့်ပြီးပုတ်တဲ့ဥစ္စာသူများက ပုတ်ပါစေဆုတောင်းလို့လား၊ သူ့အထဲကပုတ်လာတာလား.... (သူ့အထဲကပုတ်လာတာပါ) ဒီမှာလဲ ထို့အတူဘဲ တကာတကာမတို့ ခန္ဓာကနေပြီး အို,နာ,သေ ပေါက်ပွားလာတာ .... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်... ဒါဖြင့် တကာတကာမတွေ အခုဘယ်သူနဲ့ အတူတူ နေရပါလိမ့်မတုံးလို့ မေးလို့ရှိယင် အို,နာ,သေနဲ့ အတူတူနေရတယ်....(မှန်ပါ့) အိုတာနဲ့လဲ.... (နေရပါတယ်) နာမှုနဲ့ကော (နေရပါတယ်ဘုရား)။

အိုတာနဲ့ဆိုတာက တနေ့တခြား အသားအရေတွေက တွန့်လိပ်သွား၊ သွားတွေကကြဲ၊ ဆံပင်တွေကကျွတ် ဖြူတန်တာကဖြူ၊ အားအင်ဗလတွေက ချိနဲ့လာ ဒါတွေနဲ့ အတူတူနေရတယ်.... (မှန်ပါ့ဘုရား)။

နာတာဆိုတာကတော့ တကာတကာမတွေ့ တရားကလေး ခဏကလေးနာတာတောင်ဟိုဘက်ပြောင်းလိုက်ရ ဒီဘက်ပြောင်းလိုက်ရနဲ့ ဆိုတာတွေ့ဟာ ဘာလုပ်ကြတာတုံး .... နာလို့ပါ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား) နာလို့ပြောင်းရင်းမတ္တန့်လဲ သေဘက်သွားနေတာဘဲ....(မှန်ပါ့) သေဘက်ကို မသွားပါနဲ့ဆိုလို့....(မရပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သေဘက်သွားတာကလဲ အချိန်မဆိုင်းနာလို့ ပြောင်းနေရတာကလဲ မအားဘူး (မှန်ပါ့) အိုရတာကလဲ မှန်ကြည့်တိုင်း အိုရိပ်တွေ့ကပေါ်လိုက်တဲ့ဖြစ်ခြင်း ဒီတော့ ဒီတကာတကာမတွေ့မှာ ဘာတွေနဲ့မျှး အပေါ်လုပ်နေရပါလိမ့်မတုံး.... (အို, နာ, သေနဲ့ အပေါ်လုပ်နေရပါတယ်ဘုရား)။

အိုတာကလဲ တကာတကာမဟာ့ မြင်တဲ့အတိုင်းဘဲ တနာရီထက်တနာရီမှရင့်ကျက်နေတယ်၊ မရင့်ကျက်ဘူးလား....(ရင့်ကျက်ပါတယ်) နာတာကလဲ ဟိုဘက်လှည့် ဒီဘက်လှည့်ပြောင်းလိုက်ရတဲ့ဖြစ်ခြင်း၊ တော်တော်ကြာ ရေသောက်ခြင်တဲ့ အနာပေါက်လို့ ရေနဲ့ကုရ....(မှန်ပါ့ဘုရား)။

ထမင်းဆာတဲ့အနာပေါက်လို့ ထမင်းနဲ့ကုရ၊ အေးတဲ့အနာပေါက်လို့ အဝတ်အခြုံအရုံတွေနဲ့ ကုလိုက်ရ၊ အနာကဲ့ မပြတ်ဘူး....(မပြတ်ပါဘုရား) ဦးခင်မောင် အနာနဲ့ကင်းရဲ့လား .... (မကင်းပါဘုရား)။

အနာမကင်းလို့ အနာကုရင်း မတ္တန့်လဲ ခန္ဓာကိုယ်ကြီးက

သေမည်ဘက်ကို ပြေးတာကလဲ့ ရပ်စဲရဲလား....(မရပ်စဲပါဘုရား) ဒါဖြင့် တကာတကာမတွေသည် ဘယ်သူနဲ့အဖေါ်လုပ်နေရပါလိမ့်....(အို,နာ,သေနဲ့ အဖေါ်လုပ်နေရပါတယ်ဘုရား)။

အို,နာ,သေမှ တပါးလည်း ဒီ.ပြင်ဟာက မြဲတဲ့ဟာ ခဲ့မရတဲ့ဟာမရှိဘူး၊ ဥပမာ မိတ်ဆွေသင်္ဘတွေကတော့ ကျုပ်သွား ဦးမယ်ဆိုယင် ဟိုနေရာက ဒီနေရာကဲ့ကြတယ်....(မှန်ပါ့)အို, နာ,သေကတော့လဲ့ တကာတကာမတို့ ထမင်းစားတော့လဲ့ခဲ့မရ ထမင်းစားတော့လဲ့ အနာကုနေရတယ်၊ အဝတ်ခြုံတာကော.... (အနာကုနေရတာပါ) ဖီးတာလိမ်းတာကော.... (အနာကုနေရတာပါဘုရား)။

တကာဘကာမတို့ ခက်ပါသကော ခဲ့လို.ကိုရကြရဲလား .... (မရပါဘုရား) ကုရင်းမတ္တာဖြင့် အသေဆိုင်းကောင်းပါရဲ့လို. ဒီလိုလဲ့ မအောက်မေ.ကြပါနဲ့ ကုံရင်းမတ္တာနဲ့လဲ့ အသေဘက်ပြေးနေတာဘဲ့....(မှန်ပါ့)ဦးဝတို့ တားလို့ ဆီးလို့ရရဲလား....(မရပါဘုရား)။

ဒါဖြင့် အို,နာ,သေဘယ်ကလာပါလိမ့်.... (ခန္ဓာငါးပါးကလာပါတယ်) ဩ်....ဒါဖြင့် တကာတကာမတို့ ခန္ဓာငါးပါးများ လို့ချင်မှဟာ့ မသိတော့လူခန္ဓာကြီးလို့ချင်၊နတ်ခန္ဓာကြီးလို့ချင်၊ ပြဟ္မာခန္ဓာကြီးလို့ချင်နဲ့ တကာတကာမတွေ ဖြစ်စဉ်ကဖြင့် လူခန္ဓာဖြစ်ချင်လဲ့ အို,နာ,သေနဲ့ အဖေါ်ဖြစ်ရပါလို့၏ နတ်ခန္ဓာဖြစ်ချင်ကော....(အို,နာ,သေနဲ့ အဖေါ်ဖြစ်ရပါလို့၏ဘုရား)။

ပြဟ္မာခန္ဓာကို ရချင်ပြန်ကော.... (အို, နာ, သေနဲ့ အဖေါ်လုပ်ရပါလို့၏) နောက်ကျတော့ ခင်ဗျားတို့ လူဖြစ်ရပါလို့၏

စသည်နဲ့မျှား ဘုရားရှေ့ဖြစ်ဖြစ်၊ သက်ကြီး ရွယ်ကြီးမျှား ကန်တော့တဲ့အခါဘဲဖြစ်ဖြစ် လူချမ်းသာ,နတ်ချမ်းသာဖြစ်ရပါလို့၏ ဆိုယင် ဒီလောက်တင်မဆိုနဲ့၊ လူလဲဖြစ်ရပါလို့၏၊ အို့, နာ, သေ နဲ့လဲ မခွဲရပါလို့၏.... ဒါကလေးပါ ဖြည့်ဖြည့်တောင်း၊ ဒါမှ ခင်ဗျားတို့ သေချာတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ရူးချက်က သန်လိုက်တဲ့ဖြစ်ခြင်း....(မှန်ပါ့) ဘာသန်ပါလိမ့် (ရူးချက်သန်တာပါဘုရား) ရူးချက်သန်တယ်ဆိုတော့ တကာ တကာမတွေ ဖြစ်မှဖြစ်ရပလေ၊ ရူးတာဘဲ သန်သန်ထွားထွား မဟုတ်ဘဲ သေးသေးသိမ်သိမ်ရူးယင်လဲ တော်သေးတယ်၊ အခု ဟာက သန်သန်ထွားထွား ရူးတယ်ဆိုတော့ တကာကကာမတွေ အရုပ်ဆိုးတဲ့အထဲ အကျည်းတန် ပိုနေတယ်....(မှန်ပါ့) မပိုဘူးလား....(ပိုပါတယ်ဘုရား)။

ဘယ်ဟာအသုံးချကြမလဲ.... (ဘယ်ဟာမှ အသုံးချလို့မရပါဘုရား) ဘာမှ အသုံးချစရာ မရှိဘူးဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ခင်ဗျားတို့ ခန္ဓာငါးပါးဖြစ်ရပါလို့၏ဆိုယင် ဖြင့် အို့, နာ, သေနဲ့ မခွဲရပါလို့၏၊ ဦးခင်မောင်· ဒါဘဲ ပြည့်ရမယ်....(မှန်ပါ့)။

ဒါဟာ တကာတကာမတွေက ဖျင်းလိုက်တဲ့ဖြစ်ခြင်းမပြောပါနဲ့တော့၊ ဆရာဘုန်းကြီးက ဒို့ကို ပြောရက်လိုက်တာလို့လဲ မထင်ကြနဲ့နော်... ယခုကို အို့, နာ, သေနဲ့မခွဲချင်လို့ ဘခါတည်း

နောက်-အို့, နာ, သေမျးလိုချင်လို့ နှုတ်ခွန်းမျး ဆက်ထား လိုက်သေးတယ်....(မှန်ပါ့) မဆက်ဘူးလား.... (ဆက်ပါတယ် ဘုရား)။

ဒီဆွမ်း, ဒီကွမ်း, ဒီပန်း, ဒီဖရောင်းတိုင် လှူရသော အကျိုး ကား....နောက်ဘဝ နှတ်ဖြစ်ရပါလို့၏၊ ငြဟ်မွာဖြစ်ရပါလို့၏....တဲ့ ယခု အို့, နာ, သေနဲ့ခွဲပြီးလို့ နှုတ်ဆက်ထားရယင်လဲ တော်သေး ရဲ့၊ မဟုတ်ဘူး ပြတ်သွားမှာစိုးလို့....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ယခု အို့, နာ, သေနဲ့၊ နောက်-အို့, နာသေနဲ့ ဆက်မိအောင်လို့ မနည်းကြိုးစားရတယ်၊ ဖရောင်းတိုင်နဲ့ ကြိုးစား၊ ပန်းနဲ့ ကြိုး စား၊ ဆွမ်းနဲ့ကော.... (ကြိုးစားရပါတယ်ဘုရား) ကျောင်း ဆောက်ပြီးတော့.... (ကြိုးစားရပါတယ်) ဖြစ်မှ ဖြစ်ရပလေ.... မိုက်လွန်းလှတယ်လို့ ဆိုထိုက်- မဆိုထိုက် ..... (ဆိုထိုက်ပါတယ် ဘုရား)။

ကိုင်း .... ကိုမြရှေတို့ မောင်သစ်တို့ ဘယ့်နှယ်နေကြသလဲ.... (ဆိုထိုက်ပါတယ်ဘုရား) ကဲ.... ဒါဟာ ရှုးချက်သန်တယ်ဆိုတာ မျး ဘုန်းကြီးပြောတာက နည်းသလား၊ ကိုယ်သန်ပုံက ပိုနေ သလား....(ကိုယ်သန်ပုံက ပိုနေပါတယ်ဘုရား)။

ဒါလောက်တောလဲ မကောင်းတောဘး၊ တကာတကာမတိ ဒါကလေး ပြင်ဘို့ ဆင်ဘို့အချိန်ကလေး ရှိသေးလို့ ပြောနေရ တာနော်....(မှန်ပါ့)။

ဦးခင်မောင်-အခု အို့, နာ, သေဟာလဲ လက်လွတ်တဲ့အချိန် မှာ တောင်းတာလား၊ လက်မလွတ်တဲ့အချိန်မှာ တောင်းတာ လား....(လက်မလွတ်တဲ့အချိန်မှာ တောင်းတာပါဘုရား)။

ဟာ....ဒါဖြင့် တခါမိုက်လား၊ နှစ်ခါမိုက်လား .... (နှစ်ခါမိုက်ပါဘုရား) အခု အို့, နာ့, သေ့, မမြင်တာကလဲ အဝိဇ္ဇာဖုံးလွှမ်းလို့ တခါမိုက်၊ နောက်-အို့, နာ့, သေကြီး ကိုယ်ပိုင်ရမှာကိုလဲ မသိတဲ့အဝိဇ္ဇာက ဖုံးလွှမ်းလို့ တခါမိုက်ဆိုတော့ နှစ်ခါမိုက်ဖြစ်နေတယ်....(မှန်ပါ့) တခါမိုက်က တဖက်ကန်း နောက်တခါမိုက်က တဖက်ကန်းဆိုတော့ စုံလုံးကန်း....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီဆရာသမားမျိုးနဲ့ ဒီတကာတကာမတွေ့နဲ့ ဒီလိုတွေ့တုန်းမှ ဒီလိုပြင်ဆင်ပွဲ ဒီလိုသုံးသပ်မှုကို မပြင်ကြ မှဆင်ကြတော့ဘူးဆိုလို့ရှိယင် ခင်ဗျားတို့ဖြစ်ထွေကဖြင့် ရန်သူရှိရာကို ခင်ဗျားတို့သည်ကား....လို့ ဆိုယင် ဦးတည်ပြီးသကာလ.... ခေါင်းလျှိုပြီး အာသတ်ခံသွားတာနဲ့ မထူးလှဘူး (မထူးပါဘုရား) ဦးခင်မောင်-ထူးပါ့မလား....(မထူးပါဘုရား)။

အဲဒီတော့ ဒီဥစ္စာသည် တကာတကာမတို့ မိုက်လုံးသန်တယ်ဆိုတာမျှားဟာလဲ မနာပါနဲ့တော့နော်....(မှန်ပါ့) ဒို့မိုက်တာကဒို့ထက် ကဲတယ်လို့ဘဲ ခင်ဗျားတို့ကသာ ဝန်ခံယူလိုက်ပါတော့....(မှန်ပါ့)။

ကဲ....ဒါဖြင့် အို့, နာ့, သေ ဘယ်ကလာသတုံး....(ခန္ဓာငါးပါးက လာပါတယ်ဘုရား) ဒါဖြင့် ဒီခန္ဓာငါးပါး နောက်ထပ်လိုချင်တဲ့ပုဂ္ဂိုလ်မျှားဟာဖြင့် စုံလုံးကန်း မိုက်လေရဲ့ .... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ.... (စုံလုံးကန်းမိုက်ပါတယ်ဘုရား) ဦးဘ

အုန်း-ဘုန်းကြီးပြောတာက နည်းတယ်နော်၊ ဦးခင်မောင်တို့မိုက်ပုံက ဒီထက်ကြီးပါတယ်....(မှန်လှပါဘုရား)ဆိုထိုက်-မဆိုထိုက်(ဆိုထိုက်ပါတယ်ဘုရား)။

အခု လက်ရှိခန္ဓာကိုယ်ကြီး သူတောင်းနေတဲ့ အချိန်မှာဘဲ သူ့ခန္ဓာကြီး ကြည့်လိုက်ယင် အို, နာ, သေက လက်စသတ်ပလား....(မသတ်ပါဘုရား) မသတ်သေးခင်က နောက်ခန္ဓာ ရ-ရပါလို၏ဆိုတော့ နောက်ထပ် ဒီခန္ဓာငါးပါးရယင် ဒါ-ပါမှာဘဲ....(မှန်လှပါ) မပါပေဘူးလား....(ပါ-ပါတယ်ဘုရား)။

အို, နာ, သေ, ခန္ဓာငါးပါးက လာပါတယ်လို့ အခု ပြောထားပြီ၊ နောက်ခန္ဓာငါးပါးကို လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ ရ-ရပါလို၏ဆိုတော့ သြော်....တပည့်တော်တို့က အို, နာ, သေ, အဆက်ပြတ်မှာ သိပ်စိုးရိမ်တဲ့ပုဂ္ဂိုလ်တွေဘုရား... ၊ တပည့်တော်တို့က အို, နာ, သေ, ဒုက္ခကိုလဲ အခုလဲ ကြိုက်တဲ့သဘောရောက်တယ်....(မှန်ပါ့) နောက်အို,နာ,သေလဲ ရချင်တဲ့သဘောရောက်တယ်....(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) မျက်စိလည်လှန်းတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုပြောပါလိမ့်....(မျက်စိလည်လှန်းပါတယ်ဘုရား) မျက်စိလည်ယင်တော့ ချောက်ကျတော့မယ် ခင်ဗျားတို့(မှန်ပါ့) မျက်စိလည်လှန်းယင် ချောက်ကျတော့မယ် ဆိုတာဖြင့် ဘာမှ ငြင်းစရာမလိုတော့ပါဘူး....(မှန်ပါ့) လိုသေးရဲ့လား....(မလိုပါဘုရား)။

အဲဒါကြောင့် ဒီဘဝ မျက်လုံးဖွင့်ပေးနေတဲ့ဆရာဘဲလို့ ဆုံးဖြတ်ချက်ချကြပေတော့....(မှန်လှပါဘုရား) နို့မဟုတ်လို့ရှိယင်

ဖြင့် ဒီတကာတကာမတွေဟာ ဘယ်ဘုရားပဲ့ သွားပြန်သတဲ့....၊ ဘာလုပ်သွားကြသတုံး၊ အို....ဆုတောင်းပြည့်တယ်ဆိုလို့ ဘုရား-အဲဒီ ဘုရားသွားလို့ ရှိယင် တောင်းတဲ့ဆု ပြည့်သတဲ့၊ ဒီဘဝမှာလဲ စီးပွားရေး ဟန်ကျသတဲ့၊ နောက်ဘဝလဲ တောင်းတဲ့ဆု ပြည့်သတဲ့....(မှန်ပါ့)။

ဒီဘဝ စီးပွားရေးဟန်ကျတာလဲ ဒုက္ခရောက်ဘို့ဘဲ-(မှန်ပါ့) စီးပွားရေးက တရာရင်းရတော့ တရာထုတ်ထားတာ ပူရတယ်....(မှန်ပါ့) တသိန်းနဲ့ရင်းတော့ ဟသိန်းထုပ်တဲ့အတွက်က ဘယ့်နှယ်တုံး.....(ပူရပါတယ်ဘုရား)။

အို....အပူကြီးအောင်တော့ သွားရသေးတယ်ဘုရား၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အပူကြီးအောင်လို့.... (မှန်ပါ့) ဒီခန္ဓာက သေးနေတော့ နောက်ဘဝ နတ်ခန္ဓာရတော့ သုံးဂါဝုတ်လောက် ရှိတယ်ဆိုတော့ တကာတကာမတွေ သြော်....တပည့်တော်တို့ ဒီဘဝမှာတော့ သေတောင်မှ မသာက လေးတောင်လောက်ရှိတယ်၊ ဟိုမှာ သုံးဂါဝုတ်ဆိုတော့ နဲတဲ့ခန္ဓာကိုယ်ကြီး မဟုတ်ဘူး ....(မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

အဲ....နတ်မသာကြီးဖြစ်အောင်လဲ သွားပြီး တောင်းရသေးတယ်ဘုရာ့....(မှန်ပါ့) တကာတကာမတွေ မဆိုးဝါးဘူးလား-(ဆိုးဝါးပါတယ်ဘုရား)။

ဘယ့်နှယ်တုံး.... ရူးချက်ရိုးရိုးဘဲလား၊ သန်သေးသလား....(သန်ပါတယ်ဘုရား) ဖြစ်မှ ဖြစ်ရလေဗျာ .... အခုသာ ဝန်ခံကြတာ ဖြစ်စဉ်က ဒီ့ထက်ဆိုးသေးတယ်...(မှန်ပါ့) ဦးခင်မောင်- ဆိုး-မဆိုး.....(ဆိုးပါတယ်ဘုရား)။

ဘယ့်နှယ်-အကြိမ်ကြိမ်တောင် ပါလိုက်သေးတာ....(မှန်ပါ့) အကြိမ်ကြိမ်တောင်ဆိုတော့ ဘယ့်နှယ်တုံး၊ ဆိုးမကုန်သေးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒီအကြိမ်ကြိမ်တွေကို ဘာနဲ့ဖြတ်ကြမယ် ခင်ဗျားတို့....(မင်္ဂလာဖြတ်ရပါမယ်) မင်္ဂလာနဲ့ ဖြတ်ရမှာဘဲ ဦးဝ....(မှန်ပါ့) ခန္ဓာငါးပါးနဲ့တော့ ဖြတ်လို့မရဘူး၊ ခန္ဓာငါးပါးက အကြိမ်ကြိမ် လာနေမှာဘဲ သူ့ဟာက၊ မင်္ဂလာနဲ့ကို ဖြတ်မှ ရမယ်....(မှန်ပါ့) ဒီမင်္ဂလာကယ်မည့် ယူမည့်သူ ရှိတော့တယ် တကာ တကာမတို့၊ တခြာ ဘာရှိသေးသတုံး....(ဘာမှမရှိပါဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတို့ အို့, နာ, သေ, ဘယ်ကလာသတုံး....(ခန္ဓာငါးပါးကလာပါတယ်) ဒါဖြင့် ဒီဘဝကစုတေမနေ သေလွန်ခဲ့ရလို့ရှိယင်ဖြင့် ဘယ်ခန္ဓာများ ရချင်ကြပါလိမ့်....(ဘယ်ခန္ဓာမှ မရချင်ပါဘုရား)။

ဟာ....ဦးဝ-ဒီတခါတော့ တော်တော် ချောချောမောမော ရှိသွားပြီ၊ ဘယ်ခန္ဓာမှ မရချင်ဘူးဆိုတာ နေရာကျသွားပြီ....(မှန်ပါ့) ဘယ်ခန္ဓာမှ မရချင်ဘူးဆိုတဲ့ဥစ္စာက သစ္စာဏ်နဲ့ ဖြေလိုက်တာ၊ အို့, နာ, သေ, ဒုက္ခသစ္စာကိုး....(မှန်ပါ့)။

ဇရာပိ ဒုက္ခာ, ဗျာဓိပိ ဒုက္ခော, မရဏမ္ပိ ဒုက္ခံ ရဲ့အဓိပ္ပါယ်ကို သိနားလည်သွားတဲ့ပုဂ္ဂိုလ်မို့ ဘယ်ဟာမှ မရချင်ဘူး ဖွင့်ပြောလာတာ....(မှန်ပါ့)။

သစ္စာမသိသေးတဲ့ပုဂ္ဂိုလ်ကတော့ ဒီဘဝ တဲကုပ်နဲ့ နေရတယ် နောက်ဘဝ တိုက်ကြီးနဲ့ နေရပါလို့၏....ဆိုတော့ ခန္ဓာပါဦးမယ် (မှန်ပါ့) မပါပေဘူးလား....(ပါ-မပါတယ်ဘုရား)။

အဲဒီတော့ သစ္စာမသိသေးတဲ့ပုဂ္ဂိုလ်ကဖြင့် တကာတကာမတို့ အို,နာ,သေနဲ့ အဖေါ်လုပ်ရတာ ခဲ့ရမှာကိုဘဲ သူ့မှာကိုယ်ကျိုး နည်းပေါ့ အောက်မေ့တယ်....(မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေ.... ဒါကြောင့် ကြည့်ပါလား... တချို့ အဖွားကြီးတွေ အဘိုးကြီးတွေ ဆုတောင်းကြတာ အိုအောင် မင်းအောင် ပေါင်းရပါလို့၏....တဲ့၊ အို,နာ,သေနဲ့ ခဲ့ရမှာစိုးလို့...(မှန်ပါ့)။

အိုအောင်, မင်းအောင် ပေါင်းရပါလို့၏....ဆိုတော့ ဘာနဲ့ ခဲ့ရမှာစိုးလို့ပါလိမ့်....(အို, နာ, သေနဲ့ ခဲ့ရမှာစိုးလို့ပါဘုရား) မရိပ်မိဘဲကိုး....၊ ဂွကျလိုက်တာ အအိုကို တောင်းယူတာဗျ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဦးခင်မောင်တို့ ဘယ်လိုမျှားစိတ်ထားရှိသတုံး- မပြောတတ်ပါဘူး၊ လူကြီးတွေစကားကတော့-ဆိုပြီး လူကြီးတွေသာ လဲချလိုက်တတ်ကြတယ်....(မှန်ပါ့) ရိပ်မိပလား တကာတကာမတို့....(ရိပ်မိပါပြီဘုရား)။

လူကြီးတွေက သူတို့က သစ္စာမသိလို့ မှားတော့ ကိုယ်လဲမှားလိုက်ဦးမယ်ဆိုတော့ တကာတကာမတို့ လူကြီးမှားတဲ့အထဲမှာ ကိုယ့်အမှားဝင်သွားတဲ့အဓိပ္ပါယ် မရောက်ဘူးလား၊ ရောက်သလား....(ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ထူလွန်းတယ်လို့ ဆိုထိုက်တယ်....(မှန်ပါ့၊ ဘယ်လို့စဲချက်တင်လိုက်သလဲ....(ထူလွန်းတယ်လို့ တင်ပါတယ်) ထူလွန်းတယ် အို့အောင် မင်းအောင် ပေါင်းရပါလို့၏....ဆိုတာ စဉ်းစားကြည့်ကြစမ်းပါ တကာ တကာမတို့....၊ ဒီအထဲမှာအိုတာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာဘဲဆိုတော့ ဩဩ်....ဒုက္ခသစ္စာကြီးနဲ့ အသက်ရှည်ရပါလို့၏....(မှန်ပါ့) တိုတိုပြောတော့ ဒုက္ခရှည်ရပါလို့၏....(မှန်ပါ့)။

ဘယ်လိုမျှားတောင်းကြသတုံး(ဒုက္ခရှည်ရပါလို့၏ပါဘုရား) အေး....ပြည့်စေ-ပြည့်စေပေါ့ လူကြီးတွေကလဲ၊ ဆုခံယူတဲ့ လူကလဲ ပြည့်ပရစေ-ပေးတဲ့ဆုအတိုင်း၊ ဆုခံတဲ့ပုဂ္ဂိုလ်ကလဲ အရသာရှိလိုက်တာ....(မှန်ပါ့) ဒီလိုဖြစ်နေကြတာ၊ သစ္စာမသိကြဘဲကိုး-(မှန်လှုပါ)။

အဲဒါ ခင်ဗျားတို့ လူကြီးနဲ့ ခင်ဗျားတို့ မင်္ဂလာအခမ်းအနားနဲ့တော့ သွားပါပြီ....(မှန်ပါ့) မသွားပေဘူးလား.... (သွားပါတယ်ဘုရား)။

သွားပြီ....သွားပြီ....ကယ်လို့ ဆယ်လို့ကို မရတဲ့အခြေအနေရောက်သွားပြီ၊ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီဆုမျိုးတွေကို ခင်ဗျားတို့ကလဲ လက်ခံပြီးကြပလား.... ပေးတဲ့လူကလဲ ပေးပြီးကြပလားမေးယင် ဘယ့်နှယ်ပြောကြမလဲ....(ပေးပြီး လက်ခံပြီးပါပြီဘုရား) ပေးပြီး လက်ခံပြီးကြယင်တော့ မပြည့်မှာ မစိုးရိမ်နဲ့တော့၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါက ခင်ဗျားတို့ ဘုရားက ပေးတာလား၊ ကိုယ့်ဟာကိုယ် လက်ခံယူတာလား... (ကိုယ့်ဟာကိုယ် လက်ခံယူတာပါဘုရား) ပေးတဲ့လူကလဲသိပေးလား-မသိပေးလား.... (မသိပေးပါဘုရား) ယူတဲ့လူကလဲ သိယူလား- မသိယူလား....(မသိယူပါဘုရား)။

သြော်....ခက်လိုက်တဲ့ဖြစ်ခြင်း ဒီတိုင်းပြည်ဘာဖြစ်နေပါလိမ့် မတုံး- ဒါဘဲ တွေ့စရာရှိတာဘဲ....(မှန်ပါ့) မသိတဲ့သူက ပြော ချင်တာပြော မလိမ်မာတဲ့လူက အကုန်ကြိုက်ကိုးဗျ .... (မှန်ပါ့) မသိတဲ့လူက ပေးတဲ့ဆုကို မလိမ်မာတဲ့လူက ဘယ်နှယ်ဖြစ်နေ သလဲ....(အကုန်ကြိုက်ပါတယ်ဘုရား) မလွန်လွန်းဘူးလား.... (လွန်လွန်းပါတယ်ဘုရား) သေသေချာချာတွေးကြည့်မှ ပေါ် တယ်နော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် မသိတဲ့လူက ပေးလိုက်တာလဲ သစ္စာမသိဘဲနဲ့ပေး လိုက်တာ....(မှန်ပါ့) ခံယူတဲ့ပုဂ္ဂိုလ်ကလဲ သစ္စာမသိဘဲနဲ့ ခံယူ လိုက်တော့ကိုသစ္စာမသိယင် ဒုက္ခအဉာဏ်ဘဲ....(မှန်ပါ့)ဒုက္ခ= ဒုက္ခသစ္စာ၌၊ အဉာဏ်=မသိခြင်း(ဝါ) မသိတဲ့ပုဂ္ဂိုလ်မို့ ယူလိုက် တာဘဲ....(မှန်ပါ့ဘုရား)။

ပေးတဲ့ပုဂ္ဂိုလ်ကလဲ ဒုက္ခအဉာဏ်ထဲ ဝင်သွားတာဘဲ၊ ဒုက္ခ သစ္စာမှန်းမသိလို့ ပေးချလိုက်တာ....(မှန်ပါ့) ယူတဲ့ပုဂ္ဂိုလ်ကလဲ (ဒုက္ခအဉာဏ်ပါဘဲ)ဒုက္ခအဉာဏ်နဲ့ ယူလိုက်တယ် ဒုက္ခသစ္စာ၌ မသိခြင်းကြောင့် ယူလိုက်တာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ပေးတဲ့ပုဂ္ဂိုလ်ကလဲ သစ္စာမသိ၊ ယူတဲ့ပုဂ္ဂိုလ်ကလဲ.... (သစ္စာမသိပါဘုရား) ပေးတဲ့ပုဂ္ဂိုလ်ကလဲ စုံလုံးကန်း၊ ယူတဲ့ သူကလဲ... (စုံလုံးကန်းပါဘုရား)လမ်းသွားလို့မှဖြစ်ကြပါ့မလား (ဖြစ်နိုင်စရာမရှိပါဘုရား)မဖြစ်ဘူး စုံလုံးကန်းချည့်ဘဲ.... (မှန်ပါ့ ဘုရား)။

ကိုင်း....ဘုရားကသာ မဖေါ်ဘူးဆိုလို့ရှိယင် ဆရာသမား တွေ ကသာ ဘုရားဟောအတိုင်း မဖေါ်ဘူးဆိုလို့ရှိယင် ခင်ဗျားတို့

ခက်ပြီ....(မှန်ပါ့) ကိုယ်ကိုယ်တိုင် အခုအခက်တွေ့ကိုပေးတဲ့ လူကလဲ ပေးထားပြီ၊ ယူတဲ့လူကလဲ ထင်းပုံခေါင်းချကို တခါတည်း အသေပါထည့်ယူထားတယ်....(မှန်ပါ့) ထင်းပုံခေါင်းချများပါသေးသလား....(ပါ-ပါတယ်ဘုရား) အသေပါထည့်ထားတယ်၊ အတော်ဆိုးနေပါပေါ့လား....(မှန်ပါ့)။

ကိုမြရှေ ဒီလိုများအစက် ရည်ရွယ်ချက် ပါကြသလားလို့ မေးယင် ဘယ်နှယ်ဖြေကြမလဲ.... (အစကပါ-ပါတယ်)အစကပါတယ်၊ အလည်လဲပါတယ်၊ အဆုံးမှာလဲပါမှာဘဲ.... (မှန်ပါ့) ဆရာနဲ့သာမတွေ့ယင် ဒီဟာ အကုန်ပါမှာဘဲ....(မှန်ပါ့)။

ကိုင်း....မကောင်းအစဉ် ပြင်ခဏနဲ့ ဦးခင်မောင် လုပ်ကြစို့လား၇ျာ....(မှန်ပါ့ဘုရား) မကောင်းအစဉ် ပြင်ခဏလုပ်ကြဦးမှ တကာတကာ့မဘို့....(မှန်ပါ့) အရှုးကလေးမွေးလာပြီး အရှုးနေနေပြီး အရှုးသေ- သေဆိုကဘဉ်းက ဒီမသာတော့ ကြက်သရေမရှိတော့ဘူး....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ကြက်သရေမရှိသတုံး၊ ဓာတ်တော်မှမကျသေးဘဲကိုး၊ ဓာတ်တော်မကျသေးဘူး ဆိုကတည်းက အပုတ်ကောင်ဖြစ်ရတော့မယ်၊ ရှက်စရာမကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး မွေးတုန်းကလဲအရှုး၊ နေတော့လဲ အရှုးနေသေတော့လဲ....(အရှုးသေပါဘုရား) အရှုးသေ- သေရတယ်ဆိုတော့ တကာတကာမတို့ ဒါဟာ အဝိဇ္ဇာတည်းဟူသောဥမ္မတ္တကဖြစ်နေတယ်၊ မောဟမှတ္တကဖြစ်နေတယ်.... (မှန်ပါ့) မောဟက အဝိဇ္ဇာ- ဥမ္မတ္တက-က=အရှုး၊ မောဟမှတ္တက အဖြစ်နဲ့သေသွားတာဘဲ....(မှန်ပါ့ဘုရား)"

ဦးခင်မောင်ဒီဥစ္စာနိမ့်ချပြောတာမဟုတ်ဘူးနော်၊ခင်ဗျားတို့ကိုယ်တိုင် တွေ့ခဲ့ပါတယ် ဒီဥစ္စာ၊ပေးတဲ့ပုဂ္ဂိုလ်ကလဲ ခင်းဗျားတို့ရှေ့တွင်ပေးတာဘဲ.... (မှန်ပါ့) ယူတဲ့ပုဂ္ဂိုလ်ကလဲ ပြုံများယူလိုက်သေးတယ်...(မှန်ပါ့ဘုရား)။

ဟိုက အို့ နာ့ သေကြီး ပေးချလိုက်တာကို ဘယ်နှယ်တဲ့.... (ပြုံးပြီးယူလိုက်ပါတယ်ဘုရား) ဖြစ်မှ-ဖြစ်ရလေဗျာ၊ တကာတကာမတို့ သဒ္ဓာပါပလား....(ပါပါပြီဘုရား)။

ဩော် .... ဘုန်းကြီးက ဖြစ်စဉ်တွေ့ အကုန်ပြောနေတာဘဲ၊ဒီကလဲ မိုက်မှန်းသိကြပလား.... (သိပါပြီဘုရား) ဟုတ်ကြရဲ့လား လေပြေ့နေကြတယ် ခင်ဗျားတို့ ဒီဒါလောက် မမိုက်သေးဘူးများထင်နေကြသေးသလား ခင်ဗျားတို့၊ သေသေချာချာမိုက်ခဲ့ကြတာ သန်နေပြီ၊ မသန်ဘူးလား....(သန်ပါတယ်) ထင်းပုံခေါင်းချပါကြရဲ့လား....(ပါပါတယ်ဘုရား) ဒါဟာ အသေပါ ထည့်တောင်းတာ....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဒီအဓိပ္ပါယ်ပါရဲ့လား(ပါ-ပါတယ်) အသေပါထည့်တောင်းထားတယ် မဟုတ်လား.... (မှန်ပါ့) ဖြစ်မှဖြစ်ရပလေ တကာတကာမတို့ ဒါဟာလာဘ်ကြီးလားဗျ အင်မတန်ကြက်သရေမဂ်လာ မဲ့ဘာလား.... (ကြက်သရေမဂ်လာမဲ့တာပါဘုရား)။

အဲဒါကို ထင်းပုံခေါင်းချဆိုတော့သေ သည် တိုင် အောင် အသုဘဖြစ်သည်တိုင်အောင် ထည့်ပေးတာတောင်ဖြစ်ရပါလို့၏ ဆိုတော့ သွားရောပေါ့ဗျာ ...(မှန်ပါ့ဘုရား)။

တကာတကာမတွေ့ ဒါဟာ ခင်ဗျားတို့မျက်စိလည်နေလို့ ဒါလောက်တာရှည်ပြီး ပြောနေတယ်လို့ အောက်မေ့ပါ .... (မှန်ပါ့ဘုရား) မျက်စိမလည်ဘူးလား.... (လည်ပါတယ်ဘုရား) အခု ဒဏ်ရာပျောက်ပလား‌လို့ မေးယင် .... (မပျောက်သေးပါဘုရား) ခက်သေးဗျာ ဒါဖြင့်၊ အခုတောင်မှ ဒဏ်ရာမပျောက်သေးဘူးဆိုယင် ခက်သေးတယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ အို့နာ, သေဘယ်ကလာသတုံး .... (ခန္ဓာကလာပါတယ်) ပေါ်ပြီ- ပေါ်ပြီ ခင်ဗျားတို့၊ ဘယ်ခန္ဓာကို လိုချင်- လိုချင် အို့နာ,သေရမှာဘဲ.... (မှန်ပါ့ဘုရား)။

ဘယ်ခန္ဓာ လိုချင် လိုချင်-(အို့နာ,သေရမှာပါဘုရား)ဒါဖြင့် ခန္ဓာငါးပါးမရယင် တကာတကာမတို့ အို့နာ,သေပါပါ့မလား (မပါ-ပါဘုရား) အခုတော်တော်ကြာက‌ျ လာတော့တောင်း ထားတဲ့ဆုကလဲ ထင်းပုံခေါင်းချ ရိုးမြက‌ျအစရှိသည်နဲ့ အို့, နာ,သေတော့ပါ ထည့်တောင်းထားတယ်၊ အိုလာပြန်တော့လဲ ဦးဘအုန်းတို့လူစုကဒီလိုများဖြစ်လိမ့်မယ်မထင်ဘူးတဲ့... (မှန်ပါ့) ဒီလိုဖြစ်နေတာ ဒီလို ဖြစ်လိမ့်မယ် မထင်ဘူး လုပ်နေတာ‌ယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီလိုဖြစ်တာတောင် မကသေးဘူး၊ ဟိုလိုဖြစ်စရာတွေ့ တပုံကြီး ကျန်သေးတယ်....(မှန်လှပါဘုရား) အရပ်က ဟိုကနေပြီး မှုန်းလို့ မောင်းထုတ်၊ ဒီကဖြင့်လဲ မောင်းထုတ်၊ ဘယ်ကမှ ဘိတ်စာမလာဘူး၊ လူရာမသွင်းကြတော့ဘူး၊ ဒန့်ရယ်ကလဲ ကြီး

ပြီကွာ.... လူထဲလဲ မဝင်ဘူးဆိုတဲ့ အိုသွားလို့ အရပ်ကနေပြီး လူရာ သူရာ မသွင်း သပိတ်မှောက်မှာတွေကလဲ ပါသေးတယ်.... (ပါ၊ပါတယ်ဘုရား)။

ခင်ဗျားတို့က ခန္ဓာဖြစ်ရပါလို့၏ဆိုတော့ ဒါတွေ ပါလိုက် လာမှာကို မသိတဲ့အတွက် ခင်ဗျားတို့ ရူးချက် သန်လွန်းတယ် ဆိုတာ မလွဲပါဘူး....(မလွဲပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ကောင်းပြီ....ဒါဖြင့် ခင်ဗျားတို့ ပါးစေချင်လို့ ဝတ္ထုကလေး တခုတော့ ထုတ်ပေးပါဦးမယ် ဦးခင်မောင်....(မှန်ပါ့) ဝတ္ထုတို ကလေးတခုဟာ အင်မတန် မှတ်သားစရာကောင်းတယ် တကာ တကာမတို့... ၊ ရှင်သာရိပုတ္တရာ၏ အငယ်ဆုံးသော ညီကလေး ဆိုတာ ရှိတယ်၊ သူ့နာမည်က ရေဝဘ....တဲ့၊ ရှင်သာရိတ္တရာ၏ ညီအငယ်ဆုံးနော်....(မှန်ပါ့)။

ဒီ့ပြင်နှမတွေကတော့ ဘုရားသာသနာတွင်းဝင်လို့ ရဟန္တာ ထေရီမကြီးတွေ, ဘာတွေ ဖြစ်ကုန်တော့ သူ့အမေက သာရီ ပုဏ္ဏေးမကြီး-ဒီကောင်ကလေးတော့ ငယ်ငယ်ကဘဲ အိမ်ထောင် ချမှာဘဲ၊ကြာယင် သူ့အစ်မတွေ၊အစ်ကိုတွေလို ဂေါတမ ဘုရား သာသနာတွင်း ဝင်သွားယင် ခက်ချေရဲ့လို့ တွေးမိဘယ်၊ မယ် တော်ကြီးက ဒီအချိန်မှာ မိစ္ဆာဒိဋ္ဌိဘဲရှိသေးတယ်၊ သိဉာဉ်ကိုးကွ ဘာသာဝင်ဖြစ်နေကယ်....(မှန်ပါ့) ဆွေစဉ်မျိုးဆက် ပြတ်သွား မှာလဲ သိပ်စိုးရိမ်ဘယ်....(မှန်ပါ့)။

အဲဒီတော့ ဒီသူငယ်ကို အိမ်ထောင်ချဘို့ တန်းတူသူဌေးချင်း

သမီးတဦးနဲ့ သွားပြီးစပ်ကြတော့ ဟိုက လက်ခံလိုက်တာပေါ့။ ဒါနဲ့ သူငယ်ကို ရှေဝါနဲ့ထမ်းပြီးသကာလ သတို့သမီးရှိတဲ့ဆီကို ပို့ပြီး မင်္ဂလာဆောင်နှင်းကြတာပေါ့....(မှန်ပါ့)။

မိဘတွေကတော့ ဘေးကဝိုင်းနေပြီး ဆုပေးကြရတယ် ဦးခင်မောင်....(မှန်ပါ့) မင်းတို့ အကြင်လင်မယား အိုအောင်, မင်းအောင် ပေါင်းကြစေသား.... စသည်နဲ့ ဆုပေးကြတာပေါ့.... မင်္ဂလာထုံးစံအတိုင်း....(မှန်ပါ့)။

သတို့သားနဲ့ သတို့သမီး ရှေ့ဆက်ထဲ လက်ချတယ်၊ သူက စဉ်းစားတယ်၊ သူတို့ပေးတဲ့ဆုအကြောင်း ရှုပါဦးဆိုတော့ မင်းတို့ အကြင်လင်မယား ဟောဒီ အဘိုး-အဖွား တို့လို အိုအောင်, မင်းအောင် ပေါင်းကြစေသား .... ဒီလို ဆုပေးတာ ဆိုတော့ ဩော်.... ဒီလမ်းက အိုတဲ့လမ်းပါကလား၊ ဒီလမ်းဆိုယင် ငါ မလိုက်ဘူး... တဲ့၊ ခင်ဗျားတို့ကတော့ ဒီလိုဆုမျှားပေးယင် ပြုံးမျှားနေလိုက်သေးတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရေဝတမှာ အသက်ငယ်ငယ်ကလေးရှိသေးတယ်၊ မပါးနပ်ဘူးလား တကာတကာမတို့... (ပါးပါတယ်ဘုရား) ခင်ဗျားတို့လဲ ၁၅-နှစ်-၁၆ နှစ်-စသည် အိမ်ထောင်ကျတယ်၊ ဒီလိုဘဲ ရေခွက်ထဲ လက်ချပြီးသကာလ ဆုတွေ ဘာတွေပေးကြယင် ပြုံးကြမှာဘဲရှိတယ်(မှန်ပါ့) ရေဝတမေးပုံ ဘယ်လောက်အဘိုးတန်သတုံး (တန်ပါတယ်ဘုရား)။

ခင်ဗျားတို့ပေးတဲ့ဆု ရှင်းပါဦး....တဲ့၊ ဒီတော့ လူကြီးတွေက

ရှင်းပေးရတယ်-(မှန်ပါ့) ရှင်းလိုက်တော့ ဟောဒီ အဘိုး-အဖွား တွေလို မင်းတို့အိုအောင်-မင်းအောင် ပေါင်းကြစေသားဆိုတာ မင်းတို့ တာရှည်နေဘို့ပြောတာ....(မှန်ပါ့)။

တာရှည်နေတာ အသာဆား၊ ဒီအဘိုး- ဒီအဖွားကြီးတွေ ကြည့်ရတာက အိုနေပြီ၊ နောက်မကြာမီ လဲကြတော့မှာဘဲ၊ အဲဒီတော့ ဒီလမ်းဆိုလို့ရှိယင် ငါလိုက်လို့ မဘော်ဘူးတဲ့ ... (မှန်ပါ့)။

မင်္ဂလာဆု ပေးတယ်ဆိုပေမဲ့ စင်စစ်တော့.... မင်္ဂလာဆုကို မဟုတ်ဘူး၊ အခုဟာက အိုအောင်, မင်းအောင် ပေါင်းကြစေသား....ဆိုတော့ သူ-မကြိုက်နိုင်ဘူး....(မှန်ပါ့) ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ရေဝတသတို့သားဟာ ဆုကိုဘယ်လိုတုံး .... (မကြိုက်ပါဘုရား) ဒီသူငယ်ဟာ လိမ်မာလှချည့်လား....(လိမ်မာပါတယ်) ဒီတကာတကာမတွေ ဘာဖြစ်နေကြသတုံး .... (မိုက်ပါတယ်ဘုရား)။

အိုအောင် မင်းအောင် ပေါင်းကြစေသား.... ဆိုတဲ့အတိုင်း အခု ဘယ့်နှယ်နေကြသတုံး....(အိုအောင် မင်းအောင် ပေါင်းရပါတယ်ဘုရား)အိုအောင် မင်းအောင်ပေါင်းနေရတော့ တကာတကာမတွေ တယောက်နဲ့တယောက် ကြည့်လို့ ရှုလို့ကောဖြစ်သေးရဲ့လား.....(မဖြစ်ပါဘုရား)။

တယောက်ကလဲ မျက်လုံးမဲ့မဲ့ဟုတ်လား .... (မှန်ပါ့ဘုရား) တယောက်ကလဲ ရေအိုးမှ မသယ်နိုင်-တွေကြတာပေါ့ဘဲ၊ မတွေ

ဘူးလား... (တွေ့ပါတယ်ဘုရား) အကောင်းပါရဲ့လား....(မပါ ပါဘုရား) ကြောက်စရာကြီးဘဲ၊ အဲဒါ ဆုဟာ အကုန် မပြည့် သေးဘူးနော်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်နှယ်ပြောသတုံး ဘုန်းကြီးက....(ဆု အကုန်မပြည့်သေးပါဘုရား)အကုန်မပြည့်သေးဘူးဗျ၊တယောက် ကျင်ကြီးကို တယောက် ကြုံးရမည့်ကိစ္စက ပါသေးတယ်၊ ဘယ် သူမှ အနားကိုလဲမကပ်ဘူး၊ မြေးတော့, သားတော့ကလဲ အနား လာမှာမဟုတ်ဘူး၊ ဒီလိုမဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား) အဲဒါ ပေးတဲ့ဆုကို ပြုံးပြီး ယူထားဟဲ့သတ္တိဟာ , အခု အကုန် အကျိုးပေးတော့မယ် (မှန်ပါ့) ဦးဝ-ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ကဲ .. တကာတကာမတို့ ဘာ့ကြောင့်တုံး ဆိုတော့ ဒီခလေး လောက် မပါးလို့ဆိုတဲ့အဓိပ္ပါယ် ဘယ်နှယ်ဆိုကြမလဲ....(ရောက် ပါဘယ်ဘုရား)။

ရေဝတကလေးဟာ အသက်ငယ်ငယ်ကလေးဘဲ၊ သူ့ အမေက ရှင်သာရိပုတ္တရာတို့လို ဘုရားနောက် လိုက်သွားယင် အိမ်မှာ အမွေခံပြတ်မှာစိုးလို့ အသက်ငယ်ငယ်ကလေးနဲ့ လက်ထပ်ပြီး လက်သပ်တဲ့နေရာမှာပေးတဲ့ဆုကို သဘောမကျဘူး .... (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ပေးတဲ့ဆု ရှင်းပြပါဦးဆိုးတော့ အို့အောင်, မင်း အောင် ပေါင်းကြပါစေသား-ဆိုတော့ အို့....မင်္ဂလာဆောင်တဲ့ လမ်းက ဒီသွားမှာပါကလား.... အ့,မင်္ဂလာကို သွားမယ်ဆိုတာ ကို သူက ရိပ်မိတယ်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ ဘုရား)။

ခင်ဗျားတို့ကတော့ သပြေပြန်းကလေးကိုင်ပြီး ဆုပေးလို့ ရှိယင် ဟုတ်နေတော့တာဘဲ... (မှန်ပါ့)။

ကဲ....ဒီသူငယ်ကလေးဟာ တကာတကာမတို့ အလွန် ပညာရှိတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ကျုပ်တို့ သည်ကား....လို့ ဆိုယင် အလွန် ထူပိန်းတယ်ဆိုတဲ့ အဓိပ္ပါယ် မရောက်ဘူးလား၊ ရောက်သလား.....(ရောက်ပါတယ်ဘုရား)။

ထူပိန်းလို့ အခု အပြစ်တွေ့ကြပလား လို့ မေးလို့ ရှိယင်.... (တွေ့ပါပြီဘုရား)။

သားမနိုင်-သမီးမနိုင်- စီးပွားရှာရတာကခက်၊ ရွှေဘာမျှား ဖြစ်ဦးမှာတုံး၊ အို....ဒီ့ထက်ကြီးတဲ့ဒုက္ခ လာလိမ့်မယ်....(မှန်ပါ့ဘုရား)။

ရွှေ-ဘာမျှားဖြစ်ဦးမှာတုံး.... (ဒီ့ထက်ကြီးတဲ့ဒုက္ခ လာဦးမှာပါဘုရား) ဒါဆုံးပလား လို့ မေးယင် အို... မပြည့်သေးဘူး၊ မိစည် ဘစည်ပေးထားတဲ့ဆု....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ကလဲ ပယ်ထားသလား၊ ပြုံးယူထားသလား.... (ပြုံးယူထားပါတယ်) ဒါဖြင့် ပြည့်ပါလိမ့်ဦးမယ် စိတ်သာချ၊ အတော်ဆိုးနေပြီ တကာတကာမတို့....(မှန်ပါ့)။

ဒါ-အခုကစပြီး သတိထားပါ.... (မှန်ပါ့) လွန်တဲ့ပုဂ္ဂိုလ် ပြောဘို့မလိုပါဘူး၊ လွန်တဲ့ပုဂ္ဂိုလ်ကလဲ အရှုးကို လွန်နေပြီ.... (မှန်ပါ့)။

ကဲ .. ဒါဖြင့် တကာတကာမတို့ ဒီသူငယ်ကလေးဟာ တော်တော်လိမ်မာတယ်ဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဦးခင်မောင်- ဒီသူငယ်ဟာ အသက် ဘယ်လောက်ရှိပလဲ.. (ငယ်ငယ်ကလေးပါဘုရား) ဦးဝ-အသက်ဘယ်လောက်ရှိပလဲ... (၇၂-နှစ်ပါဘုရား) သွားပြီ-ဒါဖြင့်၊ အတော်ဆိုးနေတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြင့် တကာ တကာမတို့ ရှင်းကြ လင်းကြပလား... (ရှင်းပါပြီဘုရား)။

အဲဒီအချိန်ကစပြီးတော့ ဒီသူငယ်ကလေးစိတ်ထဲမှာ ဒီခလေးမလေးနဲ့ ပေါင်းမှာ သင်းမှာဝေးလို့ ဘယ်နေရာ ခွဲရပါ့မလဲဆိုတာ ချက်ချင်း အကြံပေါ်နေတယ် .... (မှန်ပါ့) မင်္ဂလာဆောင်မှာ ဆုတွေ့ ဘာတွေပေးတာကို လုံးဝ သဘောမကျမန္နစ်သက်ဘူး....(မှန်ပါ့)။

ဒါနဲ့ သတို့သမီးကိုဆောင်ယူလာပြီး ယာဉ်တွေဘာတွေစီးပြီးပြန်လာတော့ လမ်းကျတော့ ရေဝတသတို့သားကလေးဟာဘေးကလူတွေကို အယုံသွင်းပြီး တပိုတပါး သွားချင်တယ်ဆိုပြီး ခေတ္တဆင်းပြီး ချန်နေရစ်လိုက်၊ နောက်ပြီး ပြန်လာလိုက်နဲ့ လုပ်နေတယ်။

ဘေးကလူတွေက တကယ်ပင် တပိုတပါး သွားတယ်ထင်နေကြတော့ နောက်တကြိမ် တပိုတပါး သွားချင်ဟန်ဖြင့် ဆင်းနေရစ်ခဲ့တော့ ပြန်ကိုမလာတော့ဘူး၊ ပရိသတ်တွေလဲ တော်တော် ဝေးရော ရဟန်းတော်မျှားကျောင်းရှိရာသို့ တခါတည်းပြေးတော့တာဘဲ။

ဟိုမှာတော့ သတို့သမီးနဲ့ ပရိသတ်တွေသာ ကျန်နေရစ်ခဲ့တော့တယ်၊ ရေဝတကတော့ ကျောင်းသွားပြီး သာသနာ့ဘောင်ဝင်သွားတယ်၊ ရိပ်မိပလား တကာတကာမတို့....(ရိပ်မိပါပြီဘုရား)။

ရှင်သာရိပုတ္တရာကလဲ ရဟန်းတွေကို မှာထားတယ်၊ သူ့မယ်တော်ကြီးက မိစ္ဆာဒိဋ္ဌိ...တဲ့၊ ဒီတော့ အမေခွင့်ပြုချက်ရမှ သက်ဆိုးဝတ်ပေးစရာ မလိုဘူး....တဲ့၊ သူဟာ အစ်ကိုအကြီးဆုံး သူခွင့်ပြုယင် ပြီးတာပါဘဲ၊ ဒါကြောင့် သူ့နာမည်ကို မေးပြီး လာတဲ့ ရေဝတ-ဆိုတဲ့သူငယ်များလာခဲ့ယင်ဟေ့-တဲ့ ကျောင်းရှိ သံဃာတော်များက သက်ဆိုးဝတ်ပေးလိုက်ကြပါလို့ ရှင်သာရိပုတ္တရာက မှာထားတယ်....(မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ကျောင်းသွားတဲ့အခါမှာ တကာတကာမတို့ ရှေ့တဲ့လဲ ငဲ့တဲ့လဲ သနပ်ခါး-စသည်တွေ့ လိမ်းကျံလို့ပေါ့ဗျာ....(မှန်ပါ့)။

ဒါနဲ့ ရဟန်းတော်တွေ့ကို သူကလျှောက်တော့ မင်း-ဘယ်ကတုံး၊ ရှင်သာရိပုတ္တရာ၏ညီငယ် ရေဝတဆိုတာပါဘုရား ဆိုတော့ဟာ....ဒါဖြင့် ဒိဋ္ဌိကို မှာထားတယ်၊ မင်း-သက်ဆိုးဝတ်မလို့ လာတာမဟုတ်လား ဆိုတော့ ဟုတ်ပါတယ်ဘုရားလို့ ပြန်လျှောက်တယ်၊ ဒီတော့ ရဟန်းတွေက ဝတ်ပေးလိုက်ကြတယ်၊ တကာတကာတို့ အင်မဘန် နေရာမကျဘူးလား .... (ကျပါတယ်ဘုရား)။

ငယ်ငယ်က သွားတော့ ငယ်ငယ်ကပင် ဒုက္ခသိမ်းပြီး ရဟန္တာဖြစ်သွားတာဘဲ ဦးခင်မောင်....(မှန်ပါ့)။

ရေဝတသတို့သားမှာ ဘယ်တုန်းကစပြီး ပါးနပ်တာတုံး.... (ငယ်ငယ်ကလေးကပါဘုရား) ခင်ဗျားတို့က ၇၀-ကျော်တောင်

ပါးနပ်ကြပလား၊မေးယင်....(မပါးပါဘုရား) မပါးကြဘူး၊ မပါးကြဘူး၊ ငယ်ငယ်တုန်းကတော့လဲ တယောက်နဲ့တယောက် သနားမှုနဲ့ ပြီးနေကြတာဘဲ၊ သွားပြန်ပြီပေါ့ဗျာ....(မှန်ပါ့)။

ဒုက္ခကျွန်တော်ငင်းက ဘယ်တော့မှ တက်ရတော့မှာ မဟုတ်ပါဘူး....(မတက်ရပါဘုရား)။

ငယ်ငယ်တုန်းကတော့လဲ ချစ်မှု, ခင်မှုနဲ့ တယောက်နဲ့• တယောက် တွယ်တာ ငဲ့ကွက်နေကြရတယ်၊ ကြီးတဲ့အခါကျ တော့လဲ အဘိုးကြီးကကြီး၊ အဖွားကြီးက နေရာမကျနဲ့ဆိုတော့ သူ့ကို ငါစောင့်၊ ငါ့ကို သူစောင့်နဲ့ဘဲ သေပဲ့ဝင်လိုက်တာဘဲ.... (မှန်ပါ့) သဘောပါပလား....(ပါ•ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ ခန္ဓာငါးပါး မသိတဲ့ပုဂ္ဂိုလ်၏ ဖြစ်ထွေဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ .... ဒါဖြင့် အို, နာ, သေ ဘယ်ကလာသတုံး.... (ခန္ဓာငါးပါးက လာပါတယ်) ခန္ဓာငါးပါးက လာတယ်နော်၊ ခန္ဓာငါးပါးကလာတော့ ဒီခန္ဓာငါးပါးကို တခါ ဘယ်က လာသတုံး....လို• ပြန်ပြီး သုံးသပ်ပါဦး....(မှန်ပါ့) သုံးသပ်ပါဦးတဲ့• ဘုရားက၊ အခုနှစ်ချက်တော့ ဦးဘအုန်း• မိပြီနော် .... (မှန်ပါ့ ဘုရား)။

အို,နာ,သေ ဘယ်ကလာသတုံး.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ခန္ဓာငါးပါးဆိုတော့ ဇာတိခန္ဓာ ငါးမျိုးပေါ့ဗျာ (မှန်ပါ့)။

အဲဒီ ခန္ဓာငါးပါးဟာ ဘယ်ကလာသတုံးလို့ ဆက်ပြီးတော့ တေ့ပါ....တဲ့ တကာတကာမတို့၊ အရင်းစစ်တော့ အမြစ် မြင် အောင်ပေါ့ဗျာ....(မှန်ပါ့)။

အဲဒီကဲ့သို့ တွေးလိုက်ပါဦးဆိုတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက တဏှာက လာတယ်တဲ့....(မှန်ပါ့) ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ အကြောင်းအကျိုးဆက်တဲ့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးဆိုတော့ အကြောင်းတွေးပါဆိုတာ သုံးဆဲ့နှစ်ကောဋ္ဌာသ·တွေးနေတဲ့ပုဂ္ဂိုလ်က ဘယ်ကျေနပ်မလဲ၊ ဒါကတော့ သစ္စာရော ပဋိစ္စသမုပ္ပါဒ်ရော ပါလာတယ်၊ ကျေ နပ်ပလဲ့....(ကျေနပ်ပါပြီဘုရား)။

နောက်အလုပ်ကျအောင် ပါလိမ့်မယ် တကာ တကာမတို့....၊ ဒီဥစ္စာ အလုပ်စခမ်း ဖြတ်လမ်းကျအောင် ပါလိမ့်မယ်နော်.... (မှန်ပါ့)။

ကြပ်ကြပ် ဂရုစိုက်ပြီးတော့နာကြ၊ ဒီဥစ္စာ အင်မတန် အရေး ကြီးတယ်၊ သမ္မသန(သမ္မသ)သုတ်ဆိုတဲ့ဥစ္စာ နိဒါန၀ဂ္ဂ သံယုတ် ပါဠိတော်မှာ ဟောတာ၊ လေးသခြေနဲ့ ကမ္ဘာတသိန်း ကာလ ပတ်လုံး ဖြည့်-ဆည်းပူးလို့ရတဲ့ ဉာဏ်တော်ကြီးနဲ့ အကြောင်း ရင်း လက်သည်ကို ရှာဖွေပြီး ဟောထားတော်မူတာ .... (မှန်ပါ့ ဘုရား)။

ဘုရားဖြစ်ကာနီးမှ တွေ့တာ၊ ကဲ....ငါတွေ့တဲ့ အကြောင်းကို တော့ဖြင့် ဝဝနေယျ သတ္တဝါတွေကို ပေးပါတော့မယ်၊ သူတို့ အို,နာ,သေနဲ့ အိုးစားကဲ့အောင် အကြောင်းလက်သည်ကို ဖြ

ပေးမယ်၊ အဲဒီအကြောင်းကို ဖြတ်ခိုင်းမယ်၊ ဖြတ်ကြလို့ ရှိယင် ဖြင့် အို,နာ,သေ, ဒုက္ခသစ္စာနဲ့ အိုးစားကွဲပြီး မအိုရာ, မနာရာ၊ မသေရာဖြစ်တဲ့ နိဗ္ဗာန်ကို သေသေချာချာ ရောက်ကြရလိမ့်မယ်၊ ဒီရည်ရွယ်ချက်နဲ့ ဟောတော်မူတာ....(မှန်ပါ့)။

ကိုင်း....တကာတကာမတွေ့ ဘယ်လောက် အဘိုးတန်တဲ့ယ် ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) အို, နာ, သေ ဘယ်က လာသတုံး....(ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခန္ဓာငါးပါးရှိလို့ အို,နာ,သေလာရတယ်၊ ဒီခန္ဓာ ငါးပါးကလဲ ဘယ်ကမျှား လာပါလိမ့်မတုံးလို့ တခါ မေးကြည့်ကြစမ်း.... (တဏှာက လာပါတယ်ဘုရား) တဏှာနဲ့ ဆုတောင်းလို့ ခန္ဓာရတယ်၊ ခန္ဓာရလို့ အို,နာသေပါလာတယ် (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နွယ်ပင်တပင်ကို အဖျားကနေ လိုက်လာတော့ ဦးခင်မောင် အရင်းကျတော့ အမြစ်တော့ တွေ့ရတော့မယ်.... (မှန်ပါ့)။

ဒါ.... အဖျားကနေပြီး ဆဲလာတာ တကာ တကာမတို့၊ ခင်ဗျားတို့က ဒီလိုမဆဲဘူး၊ အို,နာ,သေ ဘယ်က လာပါလိမ့် မတုံး၊ အိုကြီးလို့ ဘဲ....(မှန်ပါ့ဘုရား) ဘယ်ဟုတ်လိမ့်မတုံးဗျ၊ ကြီးလို့ဆို လူတိုင်းသိတာပေါ့၊ သဘောကျပလား.... (ကျပါပြီဘုရား)။

နာတာ ဘယ့်နှယ်ကြောင့်တုံး၊ အို,နာတာကလဲ သူက ဝေဒနာသည် သူက ကံမကောင်းလို့....တဲ့၊ ဘယ်ကံမကောင်းလို့

ချည့် ဟုတ်မလဲ၊ သူလဲ အရင်းစစ်တော့ တဏှာက လာတာ.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား) သေသွားတော့ လဲ ကံကုန်လို့ဘဲ၊ စင်စစ်တော့ ခန္ဓာရလို့ပါဘဲ... (မှန်ပါ့ဘုရား) ခန္ဓာမရယင်....(မသေပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တွေးတာဟူသ၍ဟာ သစ္စာတခုမှ မဆိုက်ဘူး....(မှန်ပါ့) အိုတာကတော့ ကြီးလွဲ....တဲ့၊ နာတာကတော့ ကံမကောင်း အကြောင်းမသင့်လို့....တဲ့၊ အသက်တို့ သွားပြန်လို့ရှိယင်လဲ သူ့ဟာက ကံကြောင့်....တဲ့.... (မှန်ပါ့) တကာတကာမတို့ တဏှာနဲ့ဆုတောင်းလို့ ခန္ဓာရဘယ်၊ ခန္ဓာရလို့ အို,နာ,သေပါတယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တဏှာနဲ့ဆုတောင်းတော့ ဘာရသတုံး.... (ခန္ဓာရပါတယ်ဘုရား) ခန္ဓာရလို့ ဘာဖြစ်သတုံး....(အို,နာ,သေပါတယ်ဘုရား) ဒါဖြင့် ဒီ-အို,နာ,သေ လက်သည်အရင်းကျကျရှာတော့ တဏှာကြောင့်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ကောင်းပြီ.... ဒါ-ဒီလို အတွင်းကျကျ သုံးသပ် စမ်းသပ်ပါဆိုတော့မှ ဦးဘအုန်းရဲ့ လက်သည်ပေါ်လာတယ်... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) လက်သည်ပေါ်လာပြီ....ပေါ်လာပြီ ...တကာတကာမတို့....(မှန်ပါ့)။

ဒါနဲ့မဆုံးသေးဘူး၊ သုံးသပ်ဦး....တဲ့၊ တကာတကာမတို့ ဒီတဏှာ ဘယ်ကလာသတုံး... လို့ တခါလက်သည် ရှာကြဦး၊ ဒီတဏှာ ဘယ်ကလာသတုံးဆိုတော့ တကာတကာမတို့ ခင်ဗျားတို့ ချစ်စရာခင်စရာက လာတယ်....(မှန်ပါ့) သဘောကျပလား (ကျေပါပြီဘုရား)။

ဒီတဏှာ ဘယ်ကလာသတုံး.... (ချစ်စရာ,ခင်စရာက လာပါတယ်ဘုရား) ချစ်စရာ, ခင်စရာကြောင့် တဏှာ ဖြစ်တယ်.... (မှန်ပါ့) တဏှာဖြစ်ခြင်းကြောင့် ခန္ဓာငါးပါးရတယ်....(မှန်ပါ့) ခန္ဓာငါးပါးရလို့....(အို,နာ,သေရပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ-ချစ်စရာ,ခင်စရာဟာ ခင်ဗျားတို့ လက်သည်အရင်းကျပြီ....(မှန်ပါ့)။

ဒါက ပေါ်လွင်အောင် ပြောထားတာ၊ တရားလိုပြောတော့ မယ်ဆိုလို့ ရှိယင်ဖြင့် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယမနက လာတာ၊ ရူပသဒ္ဒဂန္ဓရသဖေါဋ္ဌဗ္ဗကလာတာ....(မှန်ပါ့) ဒီတော့ ဦးခင်မောင်,ရေ....အာယတန ၁၂-ပါးက လာတာလို့ ဆိုလိုက်ပါတော့.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က အာယတန ဘယ်နှစ်ပါးရှိသလဲ.... (၁၂-ပါးရှိပါတယ်ဘုရား) ၁၂-ပါးက လာတယ်လို့ မှတ်ပါ၊ တကာတကာမတွေ ဝိပဿနာရူဘတ်အောင်ကို ရှင်းပေးပါ့မယ်နော်၊ အာယတန ၁၂-ပါးက လာတယ်ဆိုတာ ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အာယတန ၁၂-ပါးကို ခင်မိ, မင်မိ, ကြင်နာမိလို့ တဏှာလာတယ်....(မှန်ပါ့) တဏှာလာလို့ "တဏှာ ပစ္စယာ ဥပါဒါနံ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ ကမ္မဘဝပစ္စယာ ဇာတိဆိုတာ သူလာတာဘဲ....(မှန်ပါ့ဘုရား) မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီ ဇာတိဆိုတာ ခန္ဓာငါးပါးဆိုတာဘဲ....(မှန်ပါ့) အဲဒါ ခန္ဓာငါးပါးရမိလို့ တကာတကာမတို့ အို့,နာ,သေနဲ့ ဇာတ်သိမ်းရတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီအတိုင်းပြောဘော့ကို ဒါလောက်မရှင်ဘူး၊ ပဋိလောမ ပြောင်းပြန်-ပြန်ပြောမှ ဦးခင်မောင် ပိုပြီး ရှင်းလိမ့်မယ်....(မှန်ပါ့)။

ကဲ....အားလုံး ဖြေကြစမ်းပါ၊ အို့,နာ,သေ ဘယ်က လာသတုံး.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ခန္ဓာငါးပါး ဘယ်က လာသတုံး.... (တဏှာက လာပါတယ်ဘုရား) တဏှာ ဘယ်က လာသတုံး.... (အာယတန ၁၂-ပါးက လာပါတယ် ဘုရား)။

အဲ....အာယတန ၁၂-ပါးဆိုတာ ခင်စရာ,မင်စရာကိုဆိုတာ၊ ခင်စရာ,မင်စရာက လာတယ်....(မှန်ပါ့) ခင်ဗျားတို့ကလဲ လူတွေ ခင်တတ်,မင်တတ် ခက်ပါသေးရဲ့ထဲက ကျနေတယ်၊ မဟုတ်ဘူးလား....(မှန်ပါ့) ကျုပ်တို့ မျက်စိမျက်နှာမှတ်ထားပါ၊ ခင်တတ်တယ် မင်တတ်တယ်ဆိုတော့ ခင်စရာ,မင်စရာက တဏှာလာမှာဘဲ(မှန်ပါ့) တဏှာလာယင် ဘာဖြစ်မတုံး-(ခန္ဓာငါးပါးလာပါတယ်ဘုရား) ခန္ဓာငါးပါးလာယင် ဘာဖြစ်မတုံး....(အို့,နာ,သေ လာပါတယ်ဘုရား) အဲ....ခင်ဗျားတို့ကလဲ လောကွတ်ကောင်းကောင်းနဲ့တော့ တွေ့ကြပေါ့ဗျာ....(မှန်ပါ့) မတွေ့သေးဘူးလား....(တွေ့ပါတယ်ဘုရား)။

လောကွတ်က တကာတကာမတွေ အင်မတန်ကောင်းတယ် ဦးဝတို့ပေါ့....(မှန်ပါ့)။

မျက်စိမျက်နှာများ မွတ်ထားနော်... ဟုတ်လား၊ ကျုပ်တို့က ခင်တတ်, မင်တတ်တယ်ဆိုတာ၊ မမေ့တတ်ဘူး မျော်လိမ့်မယ်ဆိုတာ အောက်မေ့ထား အစရှိသည်နဲ့ ခင်တတ်, မင်တတ်တဲ့ ဥစ္စာလဲ လောက္ခတ်က များလွန်းတယ်....(မှန်ပါ့ဘုရား) ခင်စရာမင်စရာကြောင့် ဘာလာသတုံး.... (တဏှာလာပါတယ်ဘုရား) ခင်တဲ့တဏှာလာတယ်၊ ခင်တဲ့ တဏှာလာလို့ ဘာရသတုံး.... (ခန္ဓာငါးပါးရပါဘယ်ဘုရား) အဲ.... တဏှာကြောင့် ခန္ဓာဖြစ်တာ....(မှန်ပါ့ဘုရား) ခန္ဓာဖြစ်ယင် ဘာဖြစ်ရမယ်ထင်သတုံး.... (အို့,နာ,သေ လာရပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ရေသောက်မြစ်တော့ တွေ့ပြီ၊ ဒီအပင် ရေသောက်မြစ်မှ မသေသချိကာလ ပတ်လုံး အို့,နာ,သေ အသီးအပွင့်တွေ့ ဖြစ်တော့ဖြင့် ဘယ်နည်းနဲ့မှ မျိုးပြတ်တော့မှာ မဟုတ်ဘူး၊ ပြတ်စရာမြင်သေးရဲ့လား.... (မမြင်ပါဘုရား) အို့,နာ,သေ အသီးအပွင့်တွေ့ကဖြင့် ရှည်လိမ့်မယ်ပေါ့ဗျာ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ လက်သည်တွေ့ကြပလား....(တွေ့ပါပြီဘုရား) ဘာတွေ့ပါလိမ့်....(အာယတန ၁၂ ပါးပါဘုရား) မြန်မာလို သိအောင်ပြောတော့.... (ခင်စရာ,မင်စရာပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်စရာ,မင်စရာအာရုံကြောင့် ခင်တဲ့တဏှာလာတယ်၊ ဒီဟာ ခင်နေလို့ရှိယင် ခန္ဓာငါးပါး လာမှာဘဲ၊ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒီခန္ဓာငါးပါး မရ,ရအောင် ဆုတောင်းလို့ရှိယင် ဒီ-အို့, နာ,သေကတော့ ငါလိုက်ခဲ့ဦးမယ်ဆိုတော့ နေရစ်မှာ မဟုတ်ဘူး....(မနေရစ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တသံသရာလုံးဟာ ဘယ်လိုမျှားနေခဲ့ကြပါလိမ့်မတုံး၊ အို....ခင်စရာ,မင်စရာနဲ့ ခင်တာနဲ့ ခင်ခြင်းကြောင့် ခန္ဓာငါးပါးပေါ်လာတယ်၊ ခန္ဓာငါးပါးပေါ်လို့ အို့,နာ,သေနဲ့ ဇာတ်သိမ်းခဲ့ရတယ်၊ အို့,နာ,သေနဲ့ ဇာတ်သိမ်းခဲ့ရလို့ နောက်ကျတော့ ခန္ဓာတခု ပေါ်ပြန်တယ် ဆိုတော့ တကာတကာမတွေ ဒီ ပဋိစ္စသမုပ္ပါဒ်သာ လှည့်နေမှာဘဲ....(မှန်ပါ့ဘုရား) ဒီ့ပြင်လှည့်စရာ ရှိသေးသလား.... (မရှိပါဘုရား)။

ဦးခင်မောင်- ကောင်းကောင်းရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရင်းတော့တွေပြီ တကာတကာမတွေ၊ အရင်းတွေပြီနော်- တကာတကာမတွေ....(မှန်ပါ့) အာယတနမတွေသေးဘူးလား....(တွေပါပြီဘုရား)။

ဒီအာယဘနတွေကို ခင်ဗျားတို့သည် အာယတနဆိုတာ တခြားမှတ်မနေပါနဲ့၊ ခင်ဗျားတို့ ခန္ဓာငါးပါးကို အာယတန ဖွဲ့လိုက်တာပါဘဲ....(မှန်ပါ့) ခန္ဓာငါးပါးဆိုလဲ သူဘဲ၊ အာယတန ၁၂-ပါးဆိုလဲ....(သူပါဘဲဘုရား) ဓာတ် ၁၈-ပါးဆိုယင်လဲ....(သူပါဘဲဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီကနေပြီးသကာလ လာတာ တဏှာက ဒီကနေလာတာ၊ ခင်စရာ မင်စရာကြောင့် ခင်တဲ့တဏှာ လာ

တယ်၊ ခင်တာကြောင့် ခန္ဓာလာတယ်၊ လာလို့ အို, နာ, သေ မတ္တရတယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အို,နာ,သေလဲမကြောက်နဲ့၊ ရှင်းပလား....(ရှင်းပါပြီ) ဘာကြောက်ရမတုံးဆိုလို့ရှိယင် အို,နာ, သေ မကြောက်ပါနဲ့၊ ဟောဒီခန္ဓာငါးပါးလဲ မကြောက်ပါနဲ့၊ ဒီတဏှာကို ကြောက်ပါ....(မှန်ပါ့) ဒီတဏှာကို ကြောက်ပါ၊ သူ့ကြောင့် ဒီခန္ဓာတို့၊ အို, နာ, သေတို့ ပေါ်နေကြတာပါ.... (မှန်ပါဘုရား)။

ဒီတဏှာက ခင်လို့ မင်လို့ ဒီခန္ဓာပေါ်တာ.... (မှန်ပါ့) ဒီခန္ဓာပေါ်လို့ အို, နာ, သေနဲ့ တခါအပေါ်လုပ်နေရတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အို, နာ, သေပေါင်း နောက်ကဘယ်လောက် ကြုံခဲ့ရပြီတုံး....(မရေမတွက်နိုင်ပါဘုရား) ဘယ်သူ့ လက်ချက်တွေတုံးဆိုယင်ကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား) တဏှာ့လက်ချက်ဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ဘုန်းကြီး ဥပမာတခု ရှင်းပြပါ့မယ်၊ ဒီကနေပြီး အင်္ဂလိပ်လက်ထက်က တခါတလေ နွားရိုး ဆိတ်ရိုးတွေကို တဲ့ပေါင်း ၄၀-၅၀-နဲ့ ရန်ကုန် တင်ရတယ်....(မှန်ပါ့)။

ကြော်.... ဒါလောက်တောင် အရိုးတွေများတဲ့ဥစ္စာ အသေများလို့ ဘဲဆိုတာတော့ တွေးဘို့မလိုတော့ဘူး....(မလိုပါဘုရား) လိုသေးသလား....(မလိုပါဘုရား)။

သြော်.... ဒါဖြင့် အရိုး တောင်လိုပုံတာသည်ကားလို့ ဆိုယင် ဖြင့် အသေများလို့ဘဲ....(မှန်ပါ့) ဒီအသေများတာသည် ဘယ် သူ့လက်ချက်တုံး.... ဆိုလို့ရှိယင် နဂါးရိုးများယင် နဂါးသတ် ကုလား၏လက်ချက်၊ ဆိတ်ရိုးများယင် ဆိတ်သတ်ကုလား၏ လက်ချက်ဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီမှာ ကျုပ်တို့အရိုးတွေ တဲ့ပေါင်းလေးဆယ်မက ခင်ဗျားတို့ အရိုးတွေဟာ ဘုရားတဆူတဆူကြားမှာ ၄-ရက်တက် ၄-ရက် ဆင်း တောင်လောက်ရှိတယ်၊ တယောက်တည်းရဲ့အရိုးပြောတာ (မှန်ပါ့) တကာတကာမတွေ အဲဒါနဂါးသတ်ယောကျ်ားနဲ့ တူတဲ့ တဏှာ၏လက်ချက်တွေဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

ခုနင်က အရိုးတွေ တဲ့ပေါင်း သုံးလေးဆယ်နဲ့ တင်သွားတာ ဒီကုလား၏လက်ချက်ဘဲဆိုတာ ခင်ဗျားတို့ မပြောဘဲနဲ့ သိတယ်. (မှန်ပါ့) မသိဘူးလားဗျာ....(သိပါတယ်ဘုရား)။

ဒါလောက်တောင် အရိုးတွေ ရန်ကုန်တင်ရတာ များလှ ချည့်လားဆိုယင် သြော်....သူ့လက်ချက်လေ-နဂါးသတ်သမား၏ လက်ချက်....(မှန်ပါ့)။

ဒီမှာလဲ ကျုပ်တို့ ဘုရားတဆူ တဆူကြားမှာသေရတဲ့ ကျုပ် တို့ အရိုးတွေကို မဆေးမမြဲ့ဘဲနဲ့ စုပုံထားလို့ရှိယင် ၄-ရက် တက် ၄-ရက်ဆင်း တောင်လောက်ရှိမယ်....(မှန်ပါ့)။

ဘုရားဉာဏ်တော်နဲ့ချိန်ပြီး ဟောခဲ့တာနော်....(မှန်ပါ့) ဒါ လောက် များအောင် သေရတာ ဘယ်သူ့ လက်ချက်တုံး....

(တဏှာလက်ချက်ပါဘုရား) ဒီတဏှာက ဘာဖြစ်လို့ ပေါ်တာ တုံးဆိုတော့ ဒီအာယတနတွေခင်နေလို့ ပေါ်တာ.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒီအာယတနတွေခင်ပြီး ဒီတဏှာပေါ်လို့၊ ဒီတဏှာကနေ ပြီး ဒီခန္ဓာလုပ်လိုက်လို့ ဒီအို့နာ့သေအရိုးတွေ ပေါ်လာတာ ဘဲ၊ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအို့နာ့သေဆိုတဲ့ အရိုးတောင်လိုပုံတဲ့ဥစ္စာ တကာ တကာမတို့ သံယုတ်ပါဦးတော်မှာလာတယ်၊ ၄-ရက်တက် ၄-ရက်ဆင်းရှိတယ်....(မှန်ပါ့) အဲဒါတယောက်၏အရိုးကို ပြောတာ၊ တိတို့ ကျတ်တို့ မြွေတို့- စတဲ့ အရိုးမရှိတဲ့သတ္တဝါတွေ ဆွေးသွားတာမပါဘူး၊ တယောက်တည်းပြောတာ .... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ သေဘို့ရာ အားရလောက်ပြီ မဟုတ်လား- (အားရလောက်ပါပြီဘုရား) ရှင်းပလား .... (ရှင်းပါပြီဘုရား) နောက်ထပ် သေချင်သေးသလား....(မသေချင်ပါဘုရား)။

တော်တော်တော့ နေရာကျလာပြီ၊ ရေဝတကလေးလမ်းစဉ် တော့ တော်တော်နီးလာကြပြီ....(မှန်ပါ့) ရေဝတနည်းနည်း ဆန်လာပြီ....(မှန်ပါ့)။

တကာတကာမတို့ လူတယောက်၏အရိုးဟာ စုပုံထားလို့ ရှိယင် ၄-ရက်တက် ၄-ရက်ဆင်း တောင်လောက်ရှိတယ်ဆိုတော့ မန္တလေးတောင်လောက် မကဘူးပေါ့....(မှန်ပါ့)။

မန္တလေးတောင်ဟာ တနာရီတက် တနာရီဆင်း ရောက်ပါ တယ်၊ ဘယ်လောက်ဘဲခြေသေးသေး ဟိုမှာ ၄-ရက်တက် ၄-

ရက်ဆင်းဆိုတော့ တကာ တကာမတွေ ကိုယ့်အရိုးဟာ ဒါလောက်တောင် များပါတယ်ဆိုတာ စင်စစ်တော့ ဒီတစ္ဆုလက်ချက်ဘဲ....(မှန်ပါ့) သူသတ်တဲ့လက်ချက်ဘဲ၊ သူက ဒီဘဝသွားသေလိုက်၊ ဟိုဘဝ သွားသေလိုက်၊ သူကချည့် ခိုင်းတယ်ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဉာဏ်တော်နဲ့ကြည့်တာ တိတို့၊ ကျတ်တို့၊ မြေ့တို့ ဖြစ်ဘဲ့ ဘဝမထည့်သေးဘူး၊ အရိုးရှိတဲ့သတ္တဝါဖြစ်တာတင် ထည့်ပြောတာ (မှန်ပါ့)။

ကိုင်း.... တကာတကာမတို့ သစ္စာမသိလို့ ဖြစ်နေကြတာ....(မှန်ပါ့) ဦးခင်မောင်-ဘာမသိလို့ပါလိမ့်....(သစ္စာမသိလို့ပါဘုရား) သစ္စာမသိတော့ လူဖြစ်ရပါလို့၏.... သွား-သွားပြီးတောင်းတယ်....(မှန်ပါ့)။

လူဖြစ်ရပါလို့၏ သွားတောင်းတော့ အရိုးက ကျန်ဦးမှာဘဲ-(မှန်ပါ့) နှတ်ဖြစ်ရပါလို့၏ ဆုတောင်းလဲ....(အရိုးကျန်ဦးမှာပါဘုရား) နှတ်ဖြစ်လဲ အရိုးကဒတော့ ကျန်ဦးမှာဘဲ.... (မှန်ပါ့) နှတ်ပြည်မို့ မကျန်ဘူးဆိုစေကာမူ- တကာတကာမတို့ အရိုးဟာသူ့အချိုးကျတော့ ရှိရမှာဘဲ....(မှန်ပါ့) မရှိရဘူးလား....(ရှိရမှာပါဘုရား)။

ကိုင်း....ဒါဖြင့် တကာဘကာမတို့ ခင်ဗျားတို့ သစ္စာမသိဘဲ့ ဒဏ်ချက်ဟာ အတော်ပီနေပြီ....(မှန်ပါ့) ဆိုဆိုက်ပလား....(ဆိုထိုက်ပါပြီဘုရား)။

ဒါဖြင့် သစ္စာသိအောင် ဆရာဘုန်းကြီးကလဲ ကယ်တင်ပြီး ခင်ဗျားတို့ကလဲ ဩော် .... သစ္စာမသိသ၍ ကာလပတ်လုံးဖြင့် ငါတို့ ခက်ပါသေးတယ်၊ အသေချည့် ဆုတောင်းနေမှာဘဲဆိုတာ ဖြင့် ပြောဘို့ရာ လိုသေးသလား....(မလိုပါဘုရား)။

အရိုး တောင်လိုပုံရပါလို၏ ဆုတောင်းတာနဲ့ကော ထူးဦး မလား....(မထူးပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီ ဘုရား)။

အရိုးတောင်လိုပုံရပါလို၏.... ဆိုတော့ သူများလက်ချက်နဲ့ အသက်ထွက်ရပါလို၏ကော ပါ-မပါ....(ပါ-ပါတယ်ဘုရား) ခန္ဓာမရှိယင် ဘယဲသူ့လက်ချက်နဲ့ အသက်ထွက်စရာ လိုဧသေး သလား....(မလိုပါဘုရား)။

ဒီခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ချုပ်ငြိမ်းယင် ဘကာတကာမတို့ နိဗ္ဗာနဟာ ခင်ဗျားတို့ သူများလက်ချက်နဲ့ အသက်မထွက်တဲ့ နိဗ္ဗာန်ဟာ ပေါ်တော့မယဲ့....(မှန်ပါ့)။

ခန္ဓာကို ဒုက္ခသစ္စာဟု မသိသေးသ၍ဖြင့် ဒါချည့် လှည့် တောင်းနေဦးမှာဘဲ... (မှန်ပါ့) ဒါရအောင်ဘဲ ကြိုးစားနေမှာ ဘဲ....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ပြန်မေးပါဦးမယ်၊ အို,နာ,သေ ဘယ်က လာသတုံး....(ခန္ဓာက လာပါတယ်ဘုရား)ခန္ဓာငါးပါး ကလဲ အလိုလို ပေါ်တာလား- မိုးပေါ်က ကျလာတာလား တခါ မေးပါဦး....(မဟုတ်ပါဘုရား) ဘယ်က လာသတုံး.... (တဏှာက လာပါတယ်ဘုရား) ဒီတဏှာ ဘယ်က လာပါလိမ့် (အာယတန ၁၂-ပါးက လာပါတယ်ဘုရား)။

ဒါဖြင့် ဒီ-အာယတန ၁၂-ပါးသည် တကာ တကာမတို့ သုံးတတ်ယင်လဲ ဆေးပါဘဲ၊ မသုံးတတ်ယင်လဲ ဘေးသင့်နေမယ် ဆိုတာတော့ သူ့ကို နှစ်မျိုးမှတ်လိုက်တာပေါ့.... (မှန်ပါဘုရား) သုံးတတ်ယင် ဆေးဖြစ်မနော်....(မှန်ပါ) မသုံးတတ်ယင် ဘေးသင့်မယ်....(မှန်ပါ)။

သူ့ကို ခင်မှုန့် ဒီအာယတန ၁၂-ပါးဆိုတာ ခင်ဗျားတို့ ခန္ဓာကိုယ်ဘဲ၊ ယောကျ်ားခန္ဓာကိုယ်လဲ အာယတန ၁၂-ပါးဘဲ၊ မိန်းမခန္ဓာကိုယ်လဲ....(၁၂-ပါးပါဘဲဘုရား)။

အဲဒါကလေးကို ခင်ဗျားတို့က တဏှာနဲ့သာ ခင်ကြမယ် ဆိုယင်ဖြင့် ဒီဘဏှာက လာလို့ရှိယင် နောက်ခန္ဓာ တွေ့ရတော့ မှာဘဲ၊ နောက်ခန္ဓာတွေ့ယင် အို,နာ,သေနဲ့ဖြင့် ဇာတ်သိမ်းရတော့မှာဘဲ.... (မှန်ပါဘုရား) မသိမ်းပါနဲ့ဆိုလို့.... (မရပါဘုရား)။

ကိုင်း....တကာတကာမတို့ ဘယ်မှာဖြင့် မသာချရပြန်သတဲ့ ဦးဘအုန်းတို့ မကြားကြဘူးလား....(ကြားပါတယ်ဘုရား) ခဏခဏ ဘိတ်စာတွေကော မလာဘူးလား.... (လာပါတယ်ဘုရား) ဘယ်နှယ်ကြောင့် ခင်ဗျားတို့ ဒီဘိတ်စာတွေ ရနေပါလိမ့်မတုံးဆိုတော့ ဘိတ်စာရချင်လို့ ရတာမဟုတ်ဘူး တကာတကာမတို့၊ ဘိတ်စာလက်ခံတဲ့ပုဂ္ဂိုလ်ကလဲ သူ့မှာလဲ အို,နာ,သေရှိလို့ သူလဲ ရတာဘဲ၊ ဟိုပုဂ္ဂိုလ်ကလဲ ဘိတ်စာပေးရတာ အို, နာ, သေကြောင့် ဘိတ်စာပေးရတာဘဲ....(မှန်ပါ)ဒီက ဘိတ်စာလက်ခံတဲ့ ပုဂ္ဂိုလ်ကကော ...(အို,နာ,သေကြောင့်ပါဘုရား)။

အို,နာ,သေရှိတာနဲ့ လက်ခံလိုက်ရတာ ဒါဖြင့် ထိုပုဂ္ဂိုလ်လဲ ဘိတ်စာမပေးရအောင် ကိုယ်လဲ ဘိတ်စာလက်ခံမှကင်းအောင် ဆိုယင်ဖြင့် နိဗ္ဗာန်ဘဲရှိတော့တယ်....(မှန်ပါ့ဘုရား) ဦးခင်မောင် သဘောပါပလား....(ပါ-ပါပြီဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဘိတ်စာ လက်ခံလို့ ဆုံးမှာမဟုတ်ဘဲ၊ ဘိတ်စာလက်ခံတဲ့ပုဂ္ဂိုလ်ကလဲ တကာတကာမတွေ ဘာဖြစ်လို့ လက်ခံရတာတုံး....လို့ မေးလို့ရှိယင် ဘယ်နှယ်ဖြေကြမလဲ....(အို,နာ,သေရှိလို့ပါဘုရား) အို,နာ,သေက ကိုယ့်မှာလဲ ရှိတယ်....(မှန်ပါ့)။

ဒါဖြင့် ဘိတ်စာလဲ အို, နာ, သေရှိလို့ ဟိုက ကျုပ်ဖြင့် ဒီဒုက္ခရောက်ပါပြီလို့ ဆိုပြီး ဦးခင်မောင်တို့ ဦးဘအုန်းတို့ဆီ စာကလေးလာမှာပေါ့....(မှန်ပါ့)။

ခင်ဗျားတို့က ဒီစာကလေး လက်ခံပြီးသကာလ ဘယ်နှယ်ကြောင့် လက်ခံနိုင်တာတုံး မေးလိုက်ပြန်တော့လဲ....(အို,နာ,သေရှိလို့ လက်ခံတာပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ သေသေချာချာစဉ်းစားကြပေတော့ ဒီဥစ္စာ ဘာပါလိမ့်မတုံး....လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် ကျုပ်ဖြင့် ဒုက္ခသစ္စာဘဲ ခင်ဗျားလဲ ဒုက္ခသစ္စာဘဲလို့ ပြောတာနဲ့ ဘာမှ မထူးဘူး.... (မထူးပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

တကာ တကာမတို့က မဘိတ်မှာမျှားတောင် စိုးရိမ်တယ်၊ ဒီမှာ ပိုက်ဆံမရှိလို့ အာရင်လိုမဟုတ်လို့ ဘိတ်စာကလေးမျှား

တောင် မလာတော့ဘူးလို့ အောက်မေ့မနေကြနဲ့ ဘိတ်စာမလာတာက တော်သေးတယ်....(မှန်ပါ့) ဘိတ်စာမလာတာအို့နာ့သေရှိတဲ့ပုဂ္ဂိုလ်မို့ အို့နာ့သေက လက်ခံတာ....(မှန်ပါ့ဘုရား)။

ဦးခင်မောင် ဘယ်သူက လက်ခံတာတုံး....(အို့နာ့သေက လက်ခံတာပါဘုရား) အို့နာ့သေရှိတဲ့ပုဂ္ဂိုလ်မို့ ဒါကို လက်ခံတာ၊ ဟိုကလဲ အို့နာ့သေရှိကြောင်းကိုလဲ ကြေငြာပေးလိုက်တယ်....(မှန်ပါ့) ဒီက ကြေငြာပေးလိုက်တဲ့အတိုင်း လက်ခံနိုင်တဲ့သတ္တိကလဲ ဘာရှိလို့ လက်ခံနိုင်တာတုံး.... (အို့နာ့သေရှိလို့ လက်ခံနိုင်တာပါဘုရား) ဒါဖြင့် နခမ်းပဲ့ချင်း မီးမှုတ်တဲ့ ဇာတ်သိမ်းမှ တော်မယ်....(မှန်ပါ့)။

ဒါဖြင့် ဘိတ်တဲ့ပုဂ္ဂိုလ်ကလဲ အို့နာ့သေလမ်းကို လိုက်ယင် နောက်ထပ် ဘိတ်စရာမလိုတော့ဘူး၊ လက်ခံတဲ့ပုဂ္ဂိုလ်လဲ ဒါကြီးမြင်ပြီးသကာလ ချစ်ခင်တဲ့ပုဂ္ဂိုလ်ဖြင့် စိတ်မကောင်းရမှာဘဲ၊ မချစ်ခင်တဲ့ပုဂ္ဂိုလ်ဖြင့်လဲ သေတာကောင်းတယ်ဆိုတဲ့ဒေါသ လာချင် လာဦးမှာဘဲ....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား) အမျိုးမျိုးလာမယ်နော်....(မှန်ပါ) အမျိုးမျိုးလာပြီးသကာလနေတော့ ကိုယ့်မှာလဲ ကြက်သရေမရှိတဲ့စာရောက်လာတာလား- ကြက်သရေရှိတဲ့စာရောက်လာတာလား-(ကြက်သရေမရှိတဲ့စာ ရောက်လာတာပါဘုရား) ဘာဖြစ်လို့ ကြက်သရေမရှိတဲ့စာ ကိုယ့်ဆီရောက်လာပါလိမ့်....(အို့နာ့သေရှိနေလို့ပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီမျှးမဘိတ်လို့ဆိုပြီး ဝမ်းမနည်းလိုက်ပါနဲ့၊ ကိုယ် ကြက်သရေမရှိလို့ ရောက်လာတာ....(မှန်ပါ့) သဘောကျပလား....

(ကျပါပြီဘုရား) ခင်ဗျားတို့က ဂုဏ်ကြီးလို့ ရောက်လာတယ် ထင်နေတာနော်....(မှန်ပါ့) ဘာဂုဏ်ရှိသတုံး၊ အို့, နာ, သေ ဂုဏ်ဘဲရှိတယ်....(မှန်ပါ့) ဒီ့ပြင် ဘာရှိသတုံး.... (ဘာမှ မရှိပါ ဘုရား) အို့,နာ,သေဂုဏ်ရှိလို့ ခင်ဗျားတဲ့ဆီမှာ အို့,နာ,သေ စာဘဲ သေပါပေါ့ဆိုတဲ့စာ ရောက်လာတယ်ဆိုတာ သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘိတ်စာလဲမရောက်အောင် အသု ဘုကြီးကိုလဲ လိုက်ပို့တဲ့၊ ဇာတ်သိမ်းရအောင် ဒီတဏှာသေမှ အေးတော့မယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒီတဏှာသေမှ ဘိတ်စာလဲ လက်ခံလို့မရတော့ဘူး၊ ဘိတ်စာ ရလို့ရှိယင်လဲ အသုဘကို လိုက်ပြီးသကာလ ပို့ရလိမ့်ဦးမယ်.... (မှန်ပါ့)။

ဦးခင်မောင်- ဘာလုပ်ရမယ်ထင်သတုံး....(အသုဘ လိုက်ပို့ ရမှာပါဘုရား) အသုဘဆိုတာက တင့်တယ်တာလား....(မတင့် တယ်တာပါဘုရား)။

မတင့်တယ်တာကို မတင့်တယ်တဲ့လူက လိုက်ပို့ရလိမ့်ဦးမယ် (မှန်ပါ့) အသေကို အရှင်ကပို့တာဘဲ၊ သဘောကျပလား.... (ကျပါပြီဘုရား)။

နောက်ကျတော့ ခင်ဗျားတို့လမ်းမှာပြောတယ်၊ အို....သူသေ ငါပို့ပေါ့ဘဲ၊ အဲဒီအတိုင်း မပြောကြဘူးလား....(ပြောပါတယ် ဘုရား) သူသေ-ငါပို့ပေါ့ဘဲ၊ အသုဘ-အသုဘချင်းပါဘဲလို့ မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဒါဖြင့် သူလဲ အသုဘဇာတ်သိမ်းလို့ရှိယင် နိဗ္ဗာန်ဘဲ၊ ကိုယ်လဲ အသုဘဇာတ်သိမ်းယင်.... (နိဗ္ဗာန်ပါဘုရား) အဲဒီနိဗ္ဗာန်ဟာကော တကာတကာမတို့ ဘယ်သူသိမ်းမှ နိဗ္ဗာန်ရောက်မယ် ဆိုတာကော ယနေ့ ပေါ်ပလား....(ပေါ်ပါပြီဘုရား) ဘာပေါ်သတုံး.... (တဏှာသိမ်းမှ ရောက်မှာပါ) တဏှာသိမ်းမှနော်.... (မှန်ပါ့)။

ဒီတဏှာသိမ်းနည်းသည် တကာတကာမတို့ အလွန် အရေးကြီးတဲ့နည်းဘဲဆိုတာ မှတ်ရလိမ့်မယ်....(မှန်ပါ့) ဒီတဏှာသိမ်းနည်းလောက် အရေးကြီးတာ မရှိဘူး၊ ဒီတဏှာသိမ်းလိုက်လို့ ရှိယင် ခန္ဓာသိမ်းတယ်....(မှန်ပါ့) ခန္ဓာသိမ်းယင် အို, နာ, သေ, ငြိမ်းတယ်....(မှန်ပါ့) ဘာမှ သံသယ မရှိနဲ့ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီတဏှာ ဘယ်ကလာသတုံး .... (အာယတနကလာပါတယ်) ဩော်....အာယတန ၁၂-ပါးဆိုတာက စာလို့ပြောနေတာပါ၊ ခင်ဗျားတို့ခန္ဓာက လာတာပါ၊ သဘောကျပလား....(ကျပါပြီဘုရား)။

တနည်း- သား:သမီးခန္ဓာက လာတယ်....(မှန်ပါ့) ဆွေမျိုးညာတကာ ခန္ဓာကကော....(လာပါတယ်ဘုရား) ဩော်....ဒါဖြင့် ခင်ဗျားတို့ ခင်ရာ မင်ရာက လာတယ်လို့သာ မှတ်ပေတော့.... (မှန်ပါ့)။

ဒီတဏှာ ဘယ်ကလာသတုံး.... (ခင်ရာ မင်ရာက လာပါတယ်ဘုရား) ခင်ရာ မင်ရာကြောင့် ခင်တာဆိုတဲ့ တဏှာလာတယ်၊ ခင်စရာ မင်စရာမရှိယင် ခင်တယ်ဆိုတဲ့တဏှာက ဘယ့်နှယ်ဘုံး.... (မလာပါဘုရား)။

ဒါဖြင့် ကျုပ်တို့က ခင်တတ်တယ်ဆိုယင် ဒီတဏှာမလာဘူးလား....(လာပါတယ်ဘုရား) ဒီတဏှာလာယင် ဒါဖြစ်ရတော့မယ်၊ ခန္ဓာငါးပါးရမယ်....(မှန်ပါ့) ခန္ဓာငါးပါးရယင်ဘာတုံး (အို့နာ့သေရပါတယ်ဘုရား) အို့နာ့သေဟာ ကိုယ်ပိုင်ပစ္စည်းမဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အကြောင်း အကျိုးတော့ဖြင့် ဆက်မိပြီ....တဲ့၊ ဒီဥစ္စာ နှစ်မျိုးဟာရလိမ့်မယ်....(မှန်ပါ့ဘုရား) အို့နာသေမလာအောင် တနည်းဟာရမယ်.... (မှန်ပါ့ဘုရား) အို့နာ့သေလာတဲ့နည်း ယနေ့ ပြီးသွားပြီ၊ အာယတနကြောင့် ဘာလာသတုံး.... (တဏှာလာပါတယ်ဘုရား) တဏှာကြောင့် ဘာလာသတုံး....(ခန္ဓာလာပါတယ်ဘုရား) ဟာဒါက ဒုက္ခသစ္စာလာတယ်....(မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် နိရောဓသစ္စာလမ်းဆိုတာ ရှိသေးတယ်-(မှန်ပါ့) နိရောဓသစ္စာလမ်း ဟာရမယ် ဆိုလို့ရှိယင်ဖြင့် ဒီအာယတနမလာမှ တကာတကာမတို့ ဒီတဏှာမရှိမယ်....(မှန်ပါ့ဘုရား) ဒီတဏှာမရှိမှ....(ခန္ဓာမရှိမှာပါဘုရား) ဒီခန္ဓာမရှိမှ.... (အို့နာ့သေ မရှိမှာပါဘုရား) အဲဒါ နက်ဖြန်မှ နာရမယ်.... (မှန်ပါ့ဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်မြို့-မင်္ဂလာတိုက်
ဆရာတော်ဘုရားကြီး ဟောကြား ဆုံးမတော်မူသော
ခင်ရာမင်ရာမှ တဏှာလာပုံ
(သမ္မသသုတ်တော်ထွက်)
ဓနှအလုပ်ပေးတရားတော်

(၆-၃-၆၀)

ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကုရုတိုင်းမှာ သီတင်းသုံးနေတဲ့အခါကျတော့ ရဟန်းပရိသတ် တရားဓမ္မနာချင်လို့ ဘုရားဆီမှာ ဆည်းကပ် ဝိုင်းနေကြတယ်။

အဲဒီတော့ ကိုယ်တော်မြတ်ကြီးက မေးတယ်၊ ရဟန်းတို့.... မင်းတို့ခန္ဓာကိုယ်ထဲမှာ အကြောင်းတွေရှိတယ်၊ ခန္ဓာကိုယ်ဆိုတာ အကြောင်းမရှိဘဲနဲ့မဖြစ်ဘူး၊ မင်းတို့ခန္ဓာကိုယ်ထဲမှာ အကြောင်းတရားတွေရှိတယ်၊ အကြောင်းတရားတွေမျှား မင်းတို့ သေသေချာချာ သုံးသပ်ကြရဲ့လား၊ ဆင်ခြင်ကြရဲ့လား... လို့ မေးတယ်၊ မေးတော့ ရဟန်းတပါးက လျှောက်တယ်၊ တပည့်တော်မျှား သုံးသပ်ပါတယ်ဘုရား....လို့ ရဟန်းတပါးက လျှောက်တယ်.... (မှန်ပါ့)။

မင်း-သုံးသပ်တာ ပြောစမ်းပါကွာ....လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးတော့ သူက "ကောသာ လောမာ နခါဒန္တာ တစော"ဆိုတဲ့ တစ ပဥ္စက ကမ္မဋ္ဌာန်းကို အသုဘကမ္မဋ္ဌာန်းကို ဒါတွေ့ သူက သုံးဆဲ့နှစ်ပုံ-ပုံပြီးသကာလ နှလုံးသွင်းနေပါတယ်လို့ လျှောက်တယ်....(မှန်ပါ့)။

ဒါက သူ့ဟာက အသုဘကမ္မဋ္ဌာန်းဘဲရှိတာ အကြောင်း-အကျိုးမှမဟုတ်ဘဲ၊ ဘုရားကမေးတာက အကြောင်းကို ခန္ဓာကိုယ်တွင်းကို သုံးသပ်ကြရဲလား၊ ဆင်ခြင်ကြရဲလား မေးတာကို ခန္ဓာကိုယ် သုံးဆဲ့နှစ်ပုံ-ပုံပြီးသကာလ အသုဘ ဘာဝနာ ပွားတာကို ပြောနေတော့ အလိုတော်မကျဘူးလို့ မှတ်ရမယ်....(မှန်ပါ့)။

အဲဒီလိုဖြစ်နေတော့ ရှင်အာနန္ဒာက အနားမှာရှိတော့ အရှင်ဘုရားဟောမှ၊ အရှင်ဘုရားဆုံးမမှ သိရတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ် ဘုရား....လို့ သုံးသပ်ရမယ်ဆိုတဲ့ဥစ္စာ၊ အဲဒါကြောင့် အရှင်ဘုရား ပြောရမည့်ကာလပါဘုရား၊ အရှင်ဘုရား ဆုံးမရမည့် ကာလပါဘုရား၊ တပည့်တော်မျှား ပြောဆိုဆုံးမမှ သိရမည့် ပုဂ္ဂိုလ်အချို့အစားတွေဖြစ်ပါတယ် လျှောက်တော့မှ မင်းတို့ ကောင်းမှန်စွာနာကြ-ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သုံးသပ်ပုံကို ဟောတော်မူတယ်၊ ဒီလိုသုံးသပ်ရတယ်၊ သစ္စာမြင်အောင် သုံးသပ်ရတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုသုံးသပ်သတုံး- (သစ္စာမြင်အောင် သုံးသပ်ရပါတယ်ဘုရား) သစ္စာမြင်အောင် သုံးသပ်ရတယ်၊ သစ္စာဆိုတာ အကြောင်းသစ္စာ၊ အကျိုးသစ္စာရယ်လို့ ရှိတယ်၊

သစ္စာမသိယင် သံသရာရှည်တယ်၊ သစ္စာသိမှ သံသရာပြတ်တယ်၊ ဒါကြောင့် အကြောင်းဆိုတဲ့ဥစ္စာ သုံးသပ်ရတယ်။

အကြောင်းသစ္စာ၊ အကျိုးသစ္စာ ခွဲတတ်မှသာလျှင် သံသရာစခန်းကို ဘယ်ကနေဖြတ်လို့ ဘယ်ကနေ သတ်ရလို့ ရှိယင်ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကြီးကို ရောက်နိုင်တယ်ဆိုတာ တကာတကာမတွေ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အကြောင်းသုံးသပ်ဘို့ သိပ်-အရေးကြီးပါတယ်တဲ့....(မှန်ပါ့)။

ဘာအရေးကြီးသလဲ.... (အကြောင်းသုံးသပ်ဘို့ အရေးကြီးပါတယ်ဘုရား) ကိုင်း....သေသေချာချာနာကြ၊ အကြောင်းသုံးသပ်ပုံ ရှင်းပြမယ်ဆိုယင် အခု တကာတကာမတွေ့ ခန္ဓာကိုယ်ထဲမှာ ခန္ဓာကိုယ်ကို စမ်းကြည့်ကြစမ်း၊ နည်းနည်းတော့ ပူတာတွေ့ပါလိမ့်မယ်....(မှန်ပါ့) အဲဒါ ဘာဖြစ်နေတာတုံး....ဆိုလို့ ရှိယင်ဖြင့် ဇရာမီးလောင်နေတာ....(မှန်ပါ့)။

ဘာဖြစ်နေတာတုံး....(ဇရာမီးလောင်နေတာပါ) ဇရာမီးလောင်နေတာတဲ့ တကာတကာမတို့၊ ဒါဟာ အမြဲတမ်းလောင်နေတော့ ဦးခင်မောင်တို့ ဦးဘအုန်းတို့ ကျမ်းကုန်တော့မှာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေ့၏ ခန္ဓာကိုယ်ဟာ ထိုင်ပြီး ကျွေးမွေးပြုပြင်၊ ထိုင်ပြီး အဝတ်အစားတွေ့ အမျိုးမျိုး လဲပေးနေငြားသော်လဲ ဒီမီးလောင်မှု ရပ်စဲရဲ့လား... (မရပ်စဲပါဘုရား)။

အဲဒီ ဇရာမီး အမြဲလောင်နေသောကြောင့် တကာ တကာမတွေ့ အခု ဘာဖြစ်နေကြသတုံး-ဆိုလို့ ရှိယင် ယခုရင့်ရော်ကြပါပြီဘုရား....လို့ ဖြေရမှာဘဲ....(မှန်ပါ့)။

လောင်ပါမျှားလို့ရှိယင်ဖြင့် ဦးခင်မောင် ဥပမာ- ဝါးပင်ကြီးကို မီးလောင်တယ်၊ လောင်ပါမျှားယင် ဒီဝါးပင်ကြီး လဲရမှာဘဲ....(မှန်ပါ့) ဒီဒီလိုဘဲ ဒီမှာလဲ ဇရာမျှားလို့ရှိယင် ဗျာဓိဆိုတဲ့ လဲမှကြီးဟာ ကြံုရမှာဘဲ....(မှန်ပါ့) လဲမှကြံုလို့ရှိယင်ဖြင့် သစ်ပင်ကြီး ပျောက်မှဆိုတာလဲ ကောန်ကြံုရမည့် အလုပ် ဝတ္တရားဘဲဆိုတာ မလွဲဘူးပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေ ခန္ဓာကိုယ်ထဲမှာ အခု ဇရာမီးကလဲ လောင်နေတယ်၊ ဗျာဓိမီးဆိုတာလဲ ခဏခဏ ဟိုဘက်ပြောင်းရ ဒီဘက်ပြောင်းရဆိုတာ ဗျာဓိမီးလောင်တာနော် ....(မှန်ပါ့) ဟိုစောင်းရ ဒီငဲ့ရဆိုတာ ဘာဖြစ်တာတုံး.... (ဗျာဓိမီးလောင်တာပါဘုရား)။

ဗျာဓိမီးဆိုတာ အနာပေါက်တာပေါ့ဗျာ....(မှန်ပါ့) အနာကလဲ ခဏခဏ တကာတကာမတွေ့ ပေါက်နေတော့ ဟိုပြောင်းလိုက်ရ ဒီပြောင်းလိုက်ရနဲ့ ကိုယ်ကထုံးစံအတိုင်းညောင်းလွန်းလို့ပြောင်းလိုက်ရတယ်ဆိုတဲ့ဥစ္စာသည် ကိုက်တာ နာတာ ပူတာတွေ့လဲ ခန္ဓာကိုယ်ထဲ အနာပေါက်လို့ ပြောင်းရလဲရတာတွေ့ဖြစ်နေတော့ ဗျာဓိမီးကလဲ လောင်လျက်ဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

လောင်ပါမျှားယင်လဲ ဦးဘတင်ရေ သွားဘိုသာ စိတ်ကူးတော့နော်.... (မှန်ပါ့) သုသာန်ရောက်ဘိုသာ စိတ်ကူးတော့ တကာတကာမတို့....။

အဲဒီတော့ ဇရာ,ဗျာဓိ, မရဏဆိုတဲ့ တရားသုံးခုဟာ တကာတကာမတွေ့ ခန္ဓာကိုယ်ထဲမှာရှိတယ်၊ မရှိဘူးလား....(ရှိပါတယ်

ဘုရား) မရဏကလဲ ရောက်မှာဘဲနော်....(မှန်ပါ့) မရောက်ပါနဲ့ ဆိုလို့ ဘယ်သူကတားတား မရပါဘူး.... (မရပါ) မရဘူး ဦးခင်မောင်- ဒါကိုမတားနဲ့၊ သေတတ်တဲ့တရားကြီး ရ,ထားယင်တော့ သေမှာဘဲ၊ အဲဒါ ခန္ဓာကိုယ်ရှိလျှက်နဲ့မသေပါနဲ့ ဆုတောင်းလို့ မရဘူး၊ ပြည့်မှာလဲမဟုတ်ဘူး....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဇရာ ဗျာဓိ မရဏတို့ ခန္ဓာကိုယ်ထဲမှာရှိနေတော့ တကာတကာမတော့သိကြပါပြီနော်....(မှန်ပါ့)ဒါဟာ အမြဲနှိပ်စက်နေသောကြောင့် ဒုက္ခသစ္စာ....(မှန်ပါ့) ဘယ်အချိန် မနှိပ်စက်တဲ့အချိန်ရှိပါလိမ့်....(မရှိပါဘုရား)။

ဘယ်အချိန် မနှိပ်စက်တဲ့အချိန် မရှိသောကြောင့် ဦးခင်မောင်တို့ ဦးဘအုန်းတို့ ဘာသစ္စာပဲကြမလဲ.... (ဒုက္ခသစ္စာပါ) ဘုရားကော ညွှာသေးသလား.... (မညွှာပါဘုရား) မညွှာဘူး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဆောင်းတွင်း နေစာလုံနေတော့ ရှင်အာနန္ဒာက အနားမှာရှိတော့ အရှင်ဘုရား ရွှေတုံးရွှေခဲကြီးနဲ့တူတဲ့ ခန္ဓာကိုယ်တော်ကြီးမှာ ယခုတော့ အရေကလေးတွေ တွန့်လိပ်ကုန်ပါပေါ့ဘုရားလို့ လျှောက်ရသေးတယ် (မှန်ပါဘုရား)။

ဒုက္ခသစ္စာ ခန္ဓာကိုယ် အမြဲနှိပ်စက်ခံနေရတာ ဇရာမီးလောင်နေတဲ့ဥစ္စာကြီးအရေတွန့်တာမျှားတော့ မည်သူတဦးတယောက်မှ မလွှတ်ပါဘူးတဲ့....(မှန်ပါ့) အတုမရှိဆိုတာက ဒါမျိုးတွေဆိုလို့ ရှင်းမဟုတ်သေးပါဘူး၊ ဘုရားမှာလဲ ဇရာရှိတာဘဲ၊ဗျာဓိရှိတာဘဲ ဦးခင်မောင်.... (မှန်ပါ့) ကျုပ်တို့ ကျုပ်တို့မှာကော .... (ရှိပါတယ်ဘုရား)။

ရှိကြတာချည့်ဘဲဆိုတာ တကာတကာမတွေ့ မှတ်ထားတော့ တကာတကာမတွေ့က တွေးလိမ့်မယ်၊ လူကြီးတွေက ကြီးကြပြီတဲ့၊ ကိုယ်ကြီးနေတာတော့ ပြန်မကြည့်လို့ပေါ့ဗျာ....(မှန်ပါဘုရား)။

ကိုယ့်မှာလဲ ဒီလိုလဲ လူကြီးတွေကြီးသလို ကြီးလိုက်နေတဲ့ ဥစ္စာက လူကြီးတွေကကြီးလှပြီး သူတို့တော့ သေခါနီးတွေဘဲ ထင်နေတယ်....(မှန်ပါ့) မဟုတ်ပါဘူးတဲ့ သူ့လမ်းနဲ့သူ့စခမ်း မရှောင်တန်း သွားနေရတဲ့ တန်းတူတွေပါလို့ မှတ်လိုက်ယင် ဒါဟာ ပြီးသွားတာဘဲ....(မှန်ပါ့ဘုရား)။

ကောင်းပြီ....ဒါဖြင့် ဇရာ-ဗျာဓိ-မရဏ ခန္ဓာကိုယ်ထဲမှာ ရှိကြရဲ့လား....(ရှိပါတယ်) ဘာသစ္စာတွေရှိသတုံး....(ဒုက္ခသစ္စာပါ) သြော်....ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် ဘယ်သစ္စာမှမရောပါလား.... (မရောပါဘုရား) ဘယ်သစ္စာမှမရောဘူး ဒုက္ခသစ္စာဘဲ ရှိပြီးသကာလနေ တယ်ဆိုတာတော့ သိကြပြီ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့်ဒုက္ခသစ္စာကိုဦးခင်မောင်တို့ ဦးဘအုန်းတို့ သိကြပြီနော်....(သိပါပြီ) ဒီဒုက္ခသစ္စာ သိလို့ရှိယင် ဒီဒုက္ခသစ္စာ ဘယ်ကလာသတုံး၊ ဘယ်သူ့ကြောင့်ဖြစ်သတုံးဆိုတဲ့ အကြောင်းများ သုံးသပ်ကြရဲ့လားလို့ ဘုရားကမေးတယ် .... (မှန်ပါ့ဘုရား)။

မေးတာကို ဒီတကာတကာမတွေကို မနေ့ကသင်ထားတော့ တကာတကာမတို့ ဒီဇရာ ဗျာဓိ မရဏတွေဟာ ဘယ်ကများ

လာပါလိမ့်မတုံးလို့ စဉ်းစားကြည့်ကြစမ်း.... (ခန္ဓာငါးပါးက လာပါတယ်ဘုရား) ဟုတ်ပြီ တကာတကာမတွေ့ ခန္ဓာငါးပါး ရှိလို့လာတာနော်....(မှန်ပါဘုရား)။

ဘယ်အထဲက ပေါ်လာသတုံး.... (ခန္ဓာငါးပါးထဲကပေါ်လာပါတယ်)ခန္ဓာငါးပါးထဲက ပေါ်လာတော့ ခန္ဓာငါးပါးက အကြောင်း သမုဒယသစ္စာ ဇရာ ဗျာဓိ မရဏက အကျိုးဒုက္ခသစ္စာ....(မှန်ပါ့) တိုတိုပြောကြပါစို့ဆိုတော့ ခန္ဓာငါးပါးက သမုဒယသစ္စာ ဇရာ ဗျာဓိ မရဏက ဒုက္ခသစ္စာ....(မှန်ပါ့)။

ဒါဟာ မနေ့ကနဲ့ မတူတော့ဘူး တကာတကာမတို့၊ ဒီနေ့ သစ္စာကိုထည့်လာပြီဆိုတာကို သေသေချာချာမှတ်ပါ....(မှန်ပါ့ ဘုရား)။

ဦးဘအုန်း ခန္ဓာငါးပါးက ဘာသစ္စာတုံး....(သမုဒယသစ္စာပါဘုရား)သူက အကြောင်းကိုးဗျနော်... (မှန်ပါ့) ခင်ဗျားတို့က လောဘဘခုတည်းရယ်လို့ သမုဒယကို မှတ်မထားနဲ့၊ ဒီခန္ဓာမရှိယင် ဒီဇရာ ဗျာဓိ မရဏမရှိပါဘူး၊ ရှိပါ့မလား .... (မရှိပါဘုရား)။

ဒါဖြင့် ဒီခန္ဓာကအကြောင်း သမုဒယသစ္စာ၊ဇရာဗျာဓိ၊ရဏတို့က....(ဒုက္ခသစ္စာပါဘုရား) အကျိုးဒုက္ခသစ္စာဆိုတော့ သြော်. တကာဘကာမတို့မှာ မူတည်တုန်းကလဲ အမိဝမ်းဝင်းထဲမှာ ခန္ဓာငါးပါးနဲ့ မူတည်ခဲ့ဘယ် အခုအပြင်ရောက်သည်နဲ့ တပြိုင်နက်တည်းလဲ တကာတကာမတို့မှာ ဇရာ ဗျာဓိ မရဏတွေနဲ့ မလွဲတမ်းနေရတယ်ဆိုတာလဲ ရှင်းကြပြီ....(မှန်ပါ့)တကာတကာ

မတွေ့ ဘယ်သစ္စာနှစ်ပါးနဲ့ နေကြရပါလိမ့်မတုံးဆိုတော့ ခန္ဓာငါးပါးက သမုဒယသစ္စာ ဒီထဲမှာ အိုတတ်-နာတတ်-သေတတ်တာက ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးက....(သမုဒယသစ္စာပါ) အို,နာ,သေက....(ဒုက္ခသစ္စာပါ) ခန္ဓာငါးပါးရှိကြရဲလား-ခင်ဗျားတို့မှာ (ရှိပါတယ်) အကြောင်းသမုဒယကလဲရှိလျက်ဘဲ၊ အကျိုးဒုက္ခသစ္စာကြီးကလဲ တကာတကာမတို့ကိုယ်တိုင်ဘဲ တွေ့နေကြသလား-လို့ မေးယင် ဘယ်နှယ်ဖြေပါ့မလဲ....(တွေ့ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ သစ္စာညာဏ်နဲ့ သစ္စာသိတဲ့ညာဏ်နဲ့ ဘုရားက ဟောလိုက်တော့မှ သြော်... ဒီမှာ ခန္ဓာငါးပါး ရလာတုန်းကလဲ ရလာတာကို ဒီက လှုံ့ဘော် မရစဘူး အရထူးတယ် ဆိုပြီး ဦးခင်မောင်တို့က အောက်မေ့ကြတယ်....(မှန်ပါ့)။

မကောင်းတဲ့အကြောင်းတရားကြီး ပေါ်လာတာ....(မှန်ပါ့) ဒါကြောင့် မကောင်းတဲ့တရားက မကောင်-တဲ့ အကျိုးတရားကြီးကို ဖြစ်ရတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးက သမုဒယသစ္စာ၊ ဦးခင်မောင်-ဒီညာဏ်ကလေး ရပလား....(ရပါပြီဘုရား) ဇရာ-ဗျာဓိ-မရဏက....(ဒုက္ခသစ္စာပါဘုရား) သြော်....သစ္စာနှစ်ခု သိသွားပြီ....(မှန်ပါ့)။

ကဲ... တခါ သွားကြဦးစို့....တဲ့၊ ဒီခန္ဓာငါးပါးများ ချုပ်သွားလို့ရှိယင်ဖြင့် ချုပ်အောင်ကျင့်ကြလို့ရှိယင်ဖြင့် ဇရာ-ဗျာဓိ-မရဏက မချုပ်ပေဘူးလား... (ချုပ်ပါတယ်ဘုရား) သေချာပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးချုပ်အောင် ကျင့်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ယင် ဇရာ, ဗျာဓိ, မရဏ ချုပ်ပါစေတော့လို့ ဆုတောင်းရသေးရဲ့လား (မတောင်းရပါဘုရား) ခန္ဓာငါးပါး ချုပ်သွားတာက ဘာသစ္စာဆိုကြမလဲ....(နိရောဓသစ္စာပါ)ချုပ်အောင်ကျင့်တဲ့အကျင့်ကိုတော့ ဘာသစ္စာဆိုကြမလဲ... (မဂ္ဂသစ္စာပါဘုရား)။

ဒီလို အကြောင်းအကျိုးဆက်ပြီး သစ္စာသိသွားကြမယ် ဆိုလို ရှိယင် ဒီခန္ဓာကြီးကိုလဲ မလိုချင်၊ မလိုချင်လို့ ဇရာ, မရဏဟဲ့လဲ ကိုယ်ပိုင်ပစ္စည်းမဖြစ်ရ၊ ခန္ဓာဝင်္ဂ ကျတ်သွားတာပေါ့၊ နတ္ထိ ခန္ဓပရမာ ဒုက္ခာ·ဆိုတဲ့အတိုင်း ခန္ဓာထက်ကြီးတဲ့ဒုက္ခ မရှိဘူးဆိုတဲ့ဥစ္စာ ဒီဒုက္ခချုပ်ကတည်းကိုက ဇရာ, ဗျာဓိ, မရဏတွေ တကာသစ်တို့ ကိုမြွေရှေတို့ ချုပ်·မချုပ်....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကို နေ့တိုင်း အလုပ်ခိုင်းတာ ဒီဝန္ဓာ အရှုခိုင်းတာက ဒီခန္ဓာငါးပါး တပါးပါး အကြည့်ခိုင်းတာက ဉီးခင်မောင်တို့ ရိပ်မိရောပေါ့၊ အို့,နာ,သေ လွတ်အောင် ခိုင်းနေတာ-(မှန်လှပါ)။

ခန္ဓာငါးပါး ဖြစ်ပျက်အရှုခိုင်းတာက ဘာပါလိမ့် .... (အို့, နာ,သေ လွတ်အောင်အရှုခိုင်းတာပါ) ခင်ဗျားတို့က မရှုချင်ဘူးဆိုယင် အို့,နာ,သေနဲ့ နေပရစေဦး....(မှန်ပါ့) ဒီသဘောမသက်ရောက်ဘူးလား....(သက်ရောက်ပါတယ်ဘုရား)။

မရှုချင်ယင် ဘာနဲ့နေပရစေဦးလဲ.... (အို့, နာ, သေနဲ့ နေပရစေဦး) အို့,နာ,သေနဲ့ နေပရစေဦးဆိုတော့ ဒီနေ့ဘော့ ကျုပ်တို့လဲ ညောင်းလာတာနဲ့ စားလို့ သောက်လို့ကလဲ မကောင်း

တာနဲ့ ခေါင်းကလေးကလဲ ခဲသလို၊ လည်ကနာသလိုလိုရှိတာနဲ့ မရှုသေးပါဘူးဆိုတော့ မရှုချင်သေးယင် ဒီအနာနဲ့ နေရုံဘဲရှိတယ်....(မှန်ပါ့)။

မရှုသေးယင် ဘယ့်နှယ်ဆိုကြမလဲ.... (ဒီအနာနဲ့နေရုံပါဘဲ) ဒီဗျာဓိတွေနဲ့ နေရုံဘဲ၊ သဘောပါကြပလား .... (ပါ-ပါပြီဘုရား)။

ဩဿ်....ခင်ဗျားတို့သည်ကား....လို့ဆိုယင် မနေချင်ယင် ရှုရမယ်၊ နေချင်လို့ရှိယင် မရှုဘဲနေယင် ဒီအနာနဲ့ နေရုံဘဲရှိတယ် (မှန်ပါ့) ဦးဝတို့ အရုပ်ဆိုးနေလိုက်တာ....(မှန်ပါ့) မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

တပည့်တော်ဘုရား- မထိုင်နိုင်လို့ မရှုဘူးဘုရာ့၊ ဒီနေ့တော့ အစာမကြလို့ မရှုဘူးဘုရာ့၊ ဝမ်းသွားနေလို့ မရှုဘူးဘုရာ့၊ ခေါင်းကိုက်နေလို့ မရှုဘူးဘုရာ့-ဆိုယင် အံမာဒလား .... ဖျင်းလိုက်တဲ့ တကာတကာ့မတွေဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုလို့ ရှိယင် ဒါတွေမရှိအောင်လို့ အရှုခိုင်းနေတာ ဒါတွေနဲ့ နေပရစေဦး-ဆိုယင် မရှုဘဲ နေလိုက်ရုံဘဲ....(မှန်ပါ့) ဆိုးဝါးတဲ့ စိတ်ထားဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီနေ့ မရှုသေးလို့ရှိယင် ဒီနေ့ စိတ်ထား အတော်ရိုင်းစိုင်းတယ်....(မှန်ပါ့) ဒီဟာနဲ့နေချင်သေးတဲ့အဓိပ္ပါယ် ရောက်သွားတယ်....(မှန်ပါ့)။

ရှုလိုက်လို့ရှိယင် ဒီခန္ဓာငါးပါးဟာ ဦးခင်မောင်- မင်းမကောင်းဘူး၊ မင်း-မကောင်းဘူးဆိုလို့ရှိယင် သက်သက်နှိပ်စက်

နေတာဘဲ ဆိုလိုက်လို့ရှိယင် ဒုက္ခသစ္စာဟာ ခင်ဗျားတို့ ဉာဏ် အောက်တွင် ရှုရင်းမတွန့် မလိုချင်တာနဲ့ ချုပ်သွားမယ်.... (မှန်ပါ့)။

ချုပ်သွားယင် ခင်ဗျားတို့ ခုနင်က ကပ်ရောက်နေတဲ့ အနာတွေ ရှိပါဦးမလား....(မရှိပါဘုရား) ရှုယင် မရှိဘူးဗျ၊ မရှုယင် ညှင်းဆဲခံချင်လို့၊ ဝေဒနာနဲ့ အတူတူနေချင်လို့ ဒီအဓိပ္ပါယ် မရဘူးလား....(ရပါတယ်ဘုရား)။

နောက်တော့ တကာတကာမတို့ ဘုန်းကြီး အတိအကျ သတ်ပေးရလို့ရှိယင်ဖြင့် ဝေဒနာဖြစ်လာလို့ရှိယင် ရှုသာရှုလိုက်.... (မှန်ပါ့) ရှုလိုက်လို့ရှိယင် ဒီဝေဒနာဟာ ဝေဒနာကွန္ဓာ ဖြစ်သွားတာဘဲ၊ ဝေဒနာချုပ်ပျောက်သွားတယ်ဆိုလို့ရှိယင် တကာတကာမတို့ ဝေဒနာရှိလို့ မရှုဘူးဆိုယင် ဝေဒနာ အမြဲနိုပ်စက်နေမယ်....(မှန်ပါ့)။

ဝေဒနာရှိလို့ ဝေဒနာကွန္ဓာကိုဖြစ်စေ၊ ကျန်ခန္ဓာဖြစ်စေ၊ ကြိုက်ရာရှုလို့ သူတို့သည်ကား....လို့ ဆိုယင်ဖြင့် အနိစ္စအချက် ပေါ်လာယင်ဘဲ ခင်ဗျားတို့နိုပ်စက်တာ အားသေးသွားမယ်.... (မှန်ပါ့)။

ဟာ... မင်းကို မလိုချင်တော့ပါဘူးဆိုပြီး မင်္ဂလာပေါ်လာအောင် ရှုလိုက်လို့ ရှိယင် ခန္ဓာပါ ပျောက်ထွက်သွားတယ်၊ နိဗ္ဗာန်ပေါ်လာယင် သူ-နိုပ်စက်စရာရှိသေးရဲ့လား .... (မရှိပါဘုရား)။

ဒါဖြင့် တကာ တကာမတွေ စိတ်ကူးလွဲတယ်လို့ ဘုန်းကြီး

ပြောတာ ခင်ဗျားတို့ဟာ ဘုန်းကြီးက လွန်လွန်းတယ်လို့ မဆို ပါနဲ့၊ ရှုလိုက်ယင် ဘာဖြစ်သွားသတုံး .... (ဝေဒနာ ချုပ်သွား ပါမယ်ဘုရား)။

ခုနင်က ခစားနေရတဲ့ဝေဒနာတွေ ချုပ်သွားတော့ကု.... ခင်ဗျားတို့က ဆင်ခြေလဲတာက တပည့်တော်-ဝေဒနာက ပြင်းထန် တာနဲ့ ဝေဒနာက နှိပ်စက်နေတာနဲ့ မရှုနိုင်အောင်ဖြစ်နေတယ်-(မှန်ပါ့)။

တကာတကာမတွေ့ ဒီလိုမလုပ်ရဘူး၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဒီလိုဆုံးမထားတယ်၊ ခန္ဓာရှိလို့ ဇရာ, ဗျာဓိ ရှိတယ် လို့ ခုနင်က ဒီလိုပြောခဲ့ပြီမဟုတ်လား....(မှန်ပါ့)။

ခန္ဓာမရှိလောက်အောင် ခင်ဗျားတို့က ဖြစ်ပျက်ရှုပြီး ဖြစ် ပျက်ဆုံးအောင် လိုက်စမ်းပါလား ဦးခင်မောင်တို့က....(မှန်ပါ့) လိုက် လိုက်ယင် ဘာဖြစ်သွားမယ်ထင်သတုံး .... (ခန္ဓာပျောက် သွားပါမယ်) ပျောက်သွားတော့ ဇရာ, ဗျာဓိတွေ့ ဘယ်သွား မတုံး....(ချုပ်သွားပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဒီနေ့တော့ နေမကောင်း- ထိုင်မသာ ရှိလို့ မရှုသေးဘူးဆိုတော့ ရှုရမည့်အချက်ကြီး သူ့ဟာက.... (မှန်ပါ့) နေကောင်း ထိုင်သာဖြစ်အောင်ကို ရှုရမယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘုန်းကြီးက ဇတ်တိုးလို့ ဆိုချင်သေးသလား... (မဆိုချင်ပါ ဘုရား) ဇတ်တိုးကိုမဆိုနဲ့၊ ခင်ဗျားတို့က ဇတ်လုပ်နေတာ.... (မှန်ပါ့) အနာတော့ကင်းချင်တယ်၊ အနာကင်းကြောင်းတော့ မလုပ်ဘူး....(မှန်ပါ့)။

ဦးဇံရင်- ဘယ့်နှယ်တုံး .... (အနာတော့ ကင်းချင်ပါတယ် ဘုရား) အနာတော့ ကင်းချင်တယ်၊ အနာကင်းကြောင်းတော့ မလုပ်ဘူးဆိုတော့ ဒီအနာ ဘယ်တော့ ကင်းမှာတုံး....(မှန်ပါ့) ကဲ....နောက်ကို ပါးကြပလားလို့ မေးလိုက်ပါတယ် .... (ပါး-ပါပြီဘုရား)။

အနာရောက်လာယင် ဘာလုပ်ကြမယ်- (ဖြစ်ပျက်ရှုရပါမယ် ဘုရား) ဝေဒနာကြိုက်ယင် ဝေဒနာရှု၊ သို့မဟုတ် စိတ်ကြိုက်ယင် စိတ်ရှုပါ၊ ရှုချင်တာရှု တခုချုပ်ယင် အကုန်ချုပ်တာဘဲ.... (မှန်ပါ့) ဦးဘအုန်း-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝေဒနာရောက်တဲ့အချိန်မှာ ဘာလုပ်ရမယ်.... (ဖြစ်ပျက်ရှုရပါမယ်) အဲဒါ ခင်ဗျားတို့ လဲထားတဲ့ဆင်ခြေယနေ့က စပြီးတော့ သြော်.. ဒို့ဟာ အလဲကြီး လဲထားတာကိုး-လို့ ဆိုတာ ပေါ်လာတယ်....(မှန်ပါ့) မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

ဘုန်းကြီးကဲ့ မေးတယ်ထားပါတော့၊ တကာတကာမတွေ့ မနေ့ကပြန်သွားတော့ ရှုကြရဲ့လား၊ ဟာ....တပည့်တော်တို့ ဒီကပြန်ယင် ညောင်းတာနဲ့ ကိုက်တာနဲ့ မရှုမိဘူးဘုရ့၊ ဝေဒနာက နှိပ်စက်တော့ ခက်နေတယ်....(မှန်ပါ့) သြော် .... ဖျင်းလိုက်တဲ့ ဖြစ်ခြင်း မပြောပါနဲ့တော့၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုလုပ်ပစ်ရမှာတုံး .... (ဝေဒနာကို ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်ရှုလိုက်လို့ရှိယင်ဖြင့် ခန္ဓာပါပျောက်သွားမယ်၊ အနိစ္စတွေ့ယင် အနိစ္စဆုံးမသွားပေဘူးလား....(ဆုံးသွားပါတယ်ဘုရား)။

ဆုံးသွားသည်နဲ့ တပြိုင်နက်တည်း ခင်ဗျားတို့ နှိပ်စက်တဲ့ သဘောဟာက ခန္ဓာရှိလို့နှိပ်စက်နေတာ ခန္ဓာပျောက်အောင် လုပ်လိုက်လို့ရှိယင် နှိပ်စက်စရာအကွက် ပါသေးရဲ့လား.....(မပါပါဘုရား) ကဲ....ဒါဖြင့် အသုံးချတတ်ပလား.....(ချတတ်ပါပြီဘုရား)။

ဒါဖြင့် မာယင်လဲရှုပါ ဦးခင်မောင်၊ မမာယင်လဲ.....(ရှုရမှာပါဘုရား) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါကို ယုံလောက်အောင်ဘဲ အကိုးအကားနဲ့ ဦးဘတင်တို့ ထုတ်ပြဦးမယ်နော်.....(မှန်ပါ့)

တကာတကာမတို့-ခင်ဗျားတို့ ဗောဇ္ဈင်သုတ်ဆိုတာ ကြားဘူးပါလိမ့်မယ်.... (ကြားဘူးပါတယ်ဘုရား) ဗောဇ္ဈင်သုတ်ဟာ ခင်ဗျားတို့ ဘယ်အချိန်မှာ ခင်ဗျားတို့ ရွတ်ကြသတုံးလို့ မေးကြလို့ရှိယင်ဖြင့် မမာတဲ့အခါမှာ ရွတ်ကြတယ်.....(မှန်ပါ့ဘုရား)။

ဒါ-ဘယ်ကလာသတုံး၊ ဗောဇ္ဈင်သုတ် မမာတဲ့အခါမှာ ရွတ်ရမယ်ဆိုတဲ့ဥစ္စာ ဘယ်ကလာသတုံး.....လို့ အကြောင်းလက်သည် ရှာဘို့ တကာသစ်တို့ ကိုမြွေရွတ်တို့ အရေးမကြီးဘူးလား .... (ကြီးပါတယ်ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကရှင်မေဂ္ဂလာန်တို့ရှင် မဟာကဿပတို့ မမာတဲ့အချိန်မှာ သူတို့ခေါင်းကိုက်-လေနာ-စသည် တွေဖြစ်နေတယ် ဦးခင်မောင်(မှန်ပါ့)ဖြစ်နေတဲ့အချိန်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူတို့ခံစားနေရတဲ့ဝေဒနာတွေကို ပျောက်စေရန် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက လူမမာရှိရာကြတယ်၊ ဘယ့်နှယ်နေသတုံး- စသည်ဖြင့် လူမမာမေးကြတော့

ခေါင်းကိုက်၊ လေနာ၊ ရင်နာ.... စသည်တွေ ဖြစ်နေကြောင်း လျှောက်တော့.... မင်းတို့ ဗောဇ္ဈင်ကို နှုလုံးသွင်းကြစေရန် ဗောဇ္ဈင်ကို ဟောတယ်၊ ဗောဇ္ဈင်ထဲမှာ ဓမ္မ ဝိစယ သမ္မောဇ္ဈင် ဆိုတာ ခင်ဗျားတို့ ဖြစ်ပျက်မြင်တဲ့ဉာဏ်ကိုဆိုတာ .... (မှန်ပါ့ဘုရား)။

ဝီရိယ သမ္မောဇ္ဈင် ဆိုတာ ခင်ဗျားတို့ မဂ္ဂင်ထဲ ပါပြီးသား မနေဘူးလား....(ပါ-ပါတယ်) ပီတိပဿဒ္ဓိ သမ္မောဇ္ဈင်ဆိုတာ သူနဲ့ သဟဇာတအဖြစ်နဲ့ ပါပြီးသား ဦးခင်မောင် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာကိုယ်ကို ရှုကြရန် ခိုင်းတာ....(မှန်ပါ့ဘုရား) ဒီတော့ ခန္ဓာကိုယ်ကို ပြန်ပြီးနှုလုံးသွင်းလိုက်တယ်၊ ချက်ချင်းဘဲ ဝေဒနာကင်းရှင်းသွားတယ်....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါ့ပြီဘုရား)။

ဒါဟာ ဝေဒနာရှုလို့ ကျေးဇူးမျှားပုံဘဲ....(မှန်ပါ့) ခင်ဗျားတို့ကတော့ ရှုရမှာကို ရှတ်ရမှာလောက် လုပ်နေကြလို့ ခက်နေတာ....(မှန်ပါ့)။

ဘာလုပ်ရမှာတုံး....(ရှုရမှာပါ) ဘာဝိတာ ဗဟုလီကတာ-လို့ ဗောဇ္ဈင်အကျယ်မှာ မလာဘူးလား....(လာပါတယ်ဘုရား) ဘာဝိတာ=ပွားများရမယ်၊ ဗဟုလီကတာ=ကြိမ်ဖန်များစွာ ရှုရမယ်ဆိုတာ ဦးဘအုန်း- သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီကရွှေကို ဒီနေ့တော့ နေမကောင်းလို့ မရှုနိုင်ဘူး၊ လေနာနေလို့ မရှုနိုင်ဘူး၊ အညောင်းတွေက ထူ

လွှန်းလို့ မရှုနိုင်ဘူး၊ နေ့လည်က ပန်းလာလို့ အမောဆိုက်လို့ မရှုနိုင်ဘူးလို့ မလုပ်ကြနဲ့၊ အဲဒါတွေ အကုန်ပျောက်နိုင်တဲ့ဆေးကို မရှုနိုင်ဘူးဆိုတော့ ပျောက်တဲ့ဆေးကို မသောက်ဘူးလို့ ပြောတာနဲ့ အတူတူကျနေတယ်.... (ကျနေပါတယ်) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒီကရွှေကို မူကလေးပြောင်းဦးဗျ၊ ပြောင်းတတ်ပလား (ပြောင်းတတ်ပါပြီ) ဘယ်လိုပြောင်းမလဲ....(မာလဲရှု- မမာလဲရှုရမှာပါ) မမာယင် ပိုရှုဘို့ပေါ့ဗျာ....မာတဲ့အခါလဲရှု၊ မာတဲ့အခါရှယင် ဝေဒနာကို တားပြီးသားဖြစ်တယ်၊ မမာတဲ့အခါရှလို့ရှိယင် ဝေဒနာပျောက်စေတဲ့ဆေးကို စားပြီးသားဖြစ်တယ် (မှန်ပါ့) ကဲ.... ဒါဖြင့် နေတတ်ကြပလား .... (နေတတ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီလိုရှုရမှန်းသိတာက မဂ္ဂသစ္စာ၊ မဂ်စစ်ဝင်တော့ ဝေဒနာနဲ့တကွ ခန္ဓာပါ ပျောက်မသွားဘူးလား....(ပျောက်သွားပါတယ်ဘုရား)။

အဲဒါက ဘာသစ္စာတုံး....(နိရောဓသစ္စာပါ) အဲဒီလိုလုပ်ပါ ဒီလို အကြောင်းအကျိုး ဆက်ကြစမ်းပါ၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပြန်မေးတယ်၊ ပြန်မေးတယ် တကာ တကာမတို့-ဒီတရားဟာ အင်မတန် အရေးကြီးနေပါတယ်၊ ခန္ဓာကိုယ်တွင်း အကြောင်း သုံးသပ်ကြရဲ့လား ဆိုတာ သစ္စာလေးပါးကို သိပြီး လုပ်ကြရဲ့လားလို့ မေးလိုရင်းဘဲ....(မှန်ပါ့)။

ဇရာ, ဗျာဓိ, မရဏက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ခန္ဓာငါးပါးက .... (သမုဒယသစ္စာပါ) ချုပ်အောင်ကျင့်တဲ့ အကျင့်က....(မဂ္ဂသစ္စာပါ) ချုပ်သွားတော့....(နိဗ္ဗာနသစ္စာပါဘုရား) ဒီတော့.... ခန္ဓာငါးပါးမှာ ရှုပွားမှုမဂ္ဂလုပ်မှ နိဗ္ဗာန ဖြစ်မှာပါလားဆိုတာ မပေါ်ကြသေးဘူးလား .... (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ခေါင်းကိုက်တယ်၊ ခေါင်းကိုက်တဲ့နေရာကိုသာ ဖြစ်ပျက်ရှုချ၊ သဘောကျပလား....(ကျပါပြီဘုရား) လည်နာတယ်....(လည်နာတဲ့နေရာကို ဖြစ်ပျက်ရှုရပါမယ်ဘုရား) အဲဒီလို ရှုတော့ ဘုရားတောင်မှပြန်မကြွသေးဘူး၊ ဝေဒနာခံစားနေရတဲ့ ပဋိုလ်တွေ ပျောက်ကုန်ပါပြီဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ရှင်မဟာကဿပတို့က ဗောဇ္ဈင်ပြန်ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း ဦးခင်မောင်- ဘုရားကြွလာပြီး လူမမာမေးတာ ဘုရားတောင် မပြန်သေးဘူး သူတို့မှာ ဝေဒနာချုပ်ကုန်တယ်(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကဲ .... ဦးခင်မောင်- နေရာတိုင်း ဆရာဝန်ခေါ်ဘို့ လိုသေးသလား....(မလိုပါဘုရား) ဝေဒနာလဲ သက်သာသေးတယ်၊ နိဗ္ဗာန်လဲ ရောက်နိုင်သေးတယ်နော်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

စရိတ်လဲ သက်သာသေးတယ်၊ နိဗ္ဗာန်လဲ ရောက်နိုင်သေးတယ် ဆိုတဲ့ဥစ္စာ ဒီ့ထက်ဆေးကောင်းတော့ ဦးဘဘင်- ရှိသေးရဲ့လား (မရှိပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် သစ္စာဘယ်နှစ်ပါး သိသွားကြပလဲ....(လေးပါး သိသွားပါတယ်) တခေါက်ပြောပါဦး၊ ဇရာ, ဗျာဓိ,မရဏက....(ဒုက္ခသစ္စာပါ) ခန္ဓာငါးပါးက....(သမုဒယသစ္စာပါ) ချုပ်အောင်ကျင့်တဲ့အကျင့်က....(မဂ္ဂသစ္စာပါ) ချုပ်သွားလို့ရှိယင်....(နိရောဓသစ္စာပါ) သြော်....နိရောဓသစ္စာဆိုတာ ဒီခန္ဓာအဆုံးမှာ နိရောဓပါကလားဆိုတာ ပေါ်သွားတယ်....(မှန်ပ၊!)။

နိဗ္ဗာန်ဟာ ဘယ်မှာရှိသတုံး.... (ခန္ဓာအဆုံးမှာ ရှိပါတယ်) ဒီခန္ဓာအဆုံးဆိုတော့ တလံမျှလောက်သော ခန္ဓာအဆုံးဘဲ....(မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ နိဗ္ဗာန်ရောက်ချင်လို့ရှိယင် ခင်ဗျားတို့ကနေပြီး သကာလ ဟိုသွား-ဒီသွားနဲ့ သွားပေမဲ့ လမ်းမမှန် နည်းမကျယင် မှ်ရနိုင်သေးဘူး၊ နိဗ္ဗာန်က ခန္ဓာအဆုံးမှာရှိနေတာ ဟုတ်လား....(မှန်ပါ!) ဒီခန္ဓာအဆုံးမှာရှိနေတော့ ခန္ဓာတော့ ဆုံးအောင် မလုပ်ရဘူးဆိုလို့ရှိယင် ဦးခင်မောင်-ဘယ်သွားသွား-ရမှာမဟုတ်သေးဘူး....(မှန်ပါ!)။

ဒါ-ဝတ္ထုသက်သေ ရောဟိတဿ နတ်သားတို့ဟာ ဒီအတိုင်းဘဲ လောကဆုံးရာဆိုတာကို ရှာဖွေခဲ့တယ်၊ ခြေလျင် ရှောက်ပြီး ရှာလို့ တွေ့ခဲ့တယ်လို့ ရှိခဲ့ရဲလား....(မရှိပါဘုရား) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ ဝေဒနာပေါ်တိုင်း-ပေါ်ကိုင်း ရှုတတ်ကြပလား....(ရှုတတ်ပါပြီဘုရား) ရှုတတ်တဲ့ ဉာဏ်က ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါ) ရှုလို့ ချုပ်သွားတာက (နိရောဓသစ္စာပါဘုရား)။

ဒါကြောင့် ဝေဒနာနိရောဓော နိဗ္ဗာနံ-(မှန်ပါ့) ဝေဒနာနံ ခယာ ဘိက္ခု၊ နိစ္ဆာတော ပရိနိဗ္ဗုတော့....တဲ့၊ ဝေဒနာနံ= ဝေဒနာတို့၏၊ ခယာ=ကုန်ခြင်းကြောင့်၊ ဘိက္ခု=ရဟန်းသည်၊ နိစ္ဆာတော=တဏှာမရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော = ကိလေသာ နိဗ္ဗာန်စံသည်၊ ဟောတိ=ဖြစ်၏တဲ့၊ ခန္ဓာရှိသေးတယ်၊ ကိလေသာတော့ ချုပ်ငြိမ်းသွားပြီ....(မှန်ပါ့)။

အဲဒါလဲ သံယုတ်ပါဠိတော်မှာ လာတာဘဲ၊ ကြော်....ဒို့-ဒီလို သုံးသပ်တဲ့နည်းဟာ သစ္စာသိတဲ့ သုံးသပ်နည်းပါကလား ဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

သစ္စာဘယ်နှစ်ပါးသိသတုံး .... (လေးပါးသိပါတယ်ဘုရား) အဲဒါ အနု မမှစာရီ....တဲ့ အခုဟာ အလုပ်-လုပ်နေတာဘဲ.... (မှန်ပါ့)။

တရားအတိုင်းကျင့်လို့ ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာ သိနေတာဘဲ....(မှန်ပါ့) ၎င်းဒုက္ခသစ္စာဆုံးသွားတော့ နိရောဓသစ္စာ သိနေတာဆိုတော့ ကိုင်း....တရားရှိလို့ တရားသိနေတာက ဦးခင်မောင်-တရားရှိတာက ဒုက္ခသစ္စာ၊ တရားသိနေတာက.... (မဂ္ဂသစ္စာပါ) အသိခံနေရတဲ့တရား ချုပ်သွားတာက .... (နိရောဓသစ္စာပါ) ချုပ်ကြောင်းကျင့်တာက....(မဂ္ဂသစ္စာပါဘုရား)။

ဒီအတိုင်း ခင်ဗျားတို့ နေလိုက်လို့ရှိယင် နိဗ္ဗာန်ဟာ ဦးဘုအုန်းတို့ နီးပါတယ်....(နီးပါတယ်ဘုရား) အခု ဝေဒနာချုပ်၊ အခု ဒီနေရာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့) ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒီလိုသုံးသပ်သွားရမှာ၊ ကဲ....ပဌမသုံးသပ်ကတည်းက သစ္စာလေးပါး ပေါ်လာတယ်၊ မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ကိုင်း....ရှေ့ကို ဆက်ကြည့်စို့ တကာတကာမတို့ ဒီခန္ဓာငါးပါးဟာ ဘယ်ကမျှား လာပါလိမ့်မတုံးလို့ မေးဘို့မလိုဘူးလား (လိုပါတယ်ဘုရား)။

တကာတကာမတို့ မနေ့က ဘယ်နှယ်ဖြေကြသလဲ (တဏှာက လာပါတယ်) ဒီကျတော့ သွားကြည့်စို့ ဦးခင်မောင်-တဏှာက သမုဒယသစ္စာ၊ ခန္ဓာငါးပါးက....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် သမုဒယသစ္စာကိုလဲသိပြီ၊ ဒုက္ခသစ္စာကိုလဲ သိပြီ၊ ရှုတဲ့ဉာဏ်လဲ မဂ္ဂသစ္စာဆိုသဖြင့် ဒီသမုဒယနဲ့ ဒုက္ခမျှား ချုပ်သွားယင် ဘာဖြစ်မယ်ထင်ကြသတုံး....(နိဗ္ဗာန သစ္စာပါဘုရား) ဒီလို သစ္စာကိုပြန်သိပါ....(မှန်ပါ့)။

ကိုင်း .... ပြောကြစမ်းပါဦး၊ ဘုရားပဋ္ဌေဝမှာ ပေါ်တဲ့တရားမျိုးဆိုတာ ဒီတရားတွေဘဲ....(မှန်ပါ့) ဘုရားဟာ ရှေးဦးစွာ တရားဦးဟောနိုင်တယ်ဆိုတဲ့ဥစ္စာ တကာတကာမတို့ သစ္စာဟောတာ... (မှန်ပါ့ဘုရား)။

ဘယ်ဘုရားပဋ္ဌေလာလာ ဘာကိုဟောလိမ့်မတုံးလို့ ခင်ဗျားတို့စဉ်းစားမနေကြပါနဲ့ ဒီသစ္စာဘဲ ဟောမှာပါဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ တဏှာကဘာသစ္စာတုံး .... (သမုဒယသစ္စာပါ) ဖြစ်ပေါ်လာတဲ့ အကျိုးခန္ဓာငါးပါးက.... (ဒုက္ခသစ္စာပါ) သိဘာကလေးက....(မဂ္ဂသစ္စာပါ) သူတို့နှစ်ခုချုပ်သွားအောင် ကျင့်မယ်ဆိုယင် ချုပ်သွားတာကလေးက ဘာသစ္စာတုံး....(နိဗ္ဗာန်သစ္စာပါဘုရား)။

သြော်....ဒီလို- ဒီလိုခင်ဗျားတို့ အကြောင်းကို သိသိသာသာကြ စမ်းပါဆိုတာကော တကာတကာမတို့ ဒီနေ့ရေလည်ပလား ... (ရေလည်ပါပြီဘုရား) ရှင်းသာပြီ ဦးခင်မောင် .... (မှန်ပါ့ဘုရား)။

ကိုင်း .... တကာတကာမတို့ ကျင့်ရမှာကတော့ဖြင့် ခုနင်က နှစ်ခုကျင့်လဲ နိဗ္ဗာန်ရောက်တာဘဲ၊ ယခုနောက်ပြောတဲ့ နှစ်ခုကျင့်နိုင်ယင်ကော.... (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်တာချည့်ပါတဲ့၊ ဒီအထဲကတော့ နိဗ္ဗာန်မရောက်တဲ့တရား မရှိပါဘူး (မှန်ပါ့ဘုရား)။

ပြန်ပြောပါဦး တကာတကာမတို့ ခန္ဓာငါးပါးကဘာသစ္စာ (ဒုက္ခသစ္စာပါ) သူ့အကြောင်းက.... (သမုဒယသစ္စာပါဘုရား) ဒါကြောင့် အကြောင်း သမုဒယကြောင့် အကျိုး ဒုက္ခသစ္စာပေါ်တယ်၊ ဒီလိုသိနေတဲ့ ဉာဏ်ကလေးက .... (မဂ္ဂသစ္စာပါဘုရား)။

သူတို့နှစ်ခု ချုပ်အောင် ကျင့်လိုက်လို့ ချုပ်များသွားယင် ဘာသစ္စာတုံး.... (နိရောဓသစ္စာပါ) အဲဒီကျတော့လဲ တဏှာနိရောဓော နိဗ္ဗာနံဖြစ်သွားတာဘဲ .... (မှန်ပါ့) တဏှာချုပ်သွားယင် ခန္ဓာချုပ်သွားတာ့ဘဲ၊ ခန္ဓာနိရောဓော နိဗ္ဗာနံ ဖြစ်တာဘဲ....(မှန်ပါ့ဘုရား)။

တဏှာချုပ်သွားယင် ခန္ဓာချုပ်သွားတာဘဲ....(မှန်ပါ့)နိရောဓော နိဗ္ဗာနံဖြစ်သွားတာဘဲ ... (မှန်ပါ့) ခုနင်ကဟာကတော့ ခန္ဓာနိရောဓော နိဗ္ဗာနံ၊ အခုဟာကတော့.... (တဏှာနိရောဓော

နိဗ္ဗာနံပါ) ဟော.... နိဗ္ဗာန်ဟာ ဒီနှစ်မျိုးထက် ပိုပြီးမရှိဘူး.... (မှန်ပါ!) တဏှာချုပ်အောင်ရှုလဲ နိဗ္ဗာန်ရောက်တာဘဲ၊ ခန္ဓာချုပ်အောင်ရှုလဲ....(နိဗ္ဗာန်ရောက်တာပါဘဲဘုရား)။

ဩော်....ခင်ဗျားတို့ နိဗ္ဗာန်ရောက်တရား ဘယ်မှာမျှားရှိပါလိမ့်မတုံးလို့ ဆိုတော့ ကိုယ့်ခန္ဓာထဲမှာဘဲ ရှိနေတယ်....(မှန်ပါ!) နိဗ္ဗာန်ကလဲ ဒီခန္ဓာအဆုံးမှာဘဲ....(မှန်ပါ!) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ တလှမ်းတက်ကြပါဦးစို့၊ သစ္စာလေးပါး နှစ်ခါတွေ့သွားကြပြီနော်.... (မှန်ပါ!) တဏှာဘယ်ကလာပါလိမ့်မတုံး....(အာယတန ၁၂-ပါးကလာပါတယ်ဘုရား) အေး....အာယတန ၁၂-ပါးကလာတယ်၊အာယတန ၁၂-ပါးကို မြန်မာလို အဓိပ္ပါယ်ရှင်းအောင် သုံးလိုက်တော့ ခင်ရာမင်ရာ ပစ္စည်းဖြစ်သွားတယ်....(မှန်ပါ!) ခင်စရာမင်စရာဆိုယင်လဲ မှန်တာဘဲနော်....(မှန်ပါဘုရား)။

ဒါဖြင့်ခင်စရာမင်စရာကဘာသစ္စာတုံး.... (သမုဒယသစ္စာပါ) တဏှာက....(ဒုက္ခသစ္စာပါ) ဒီလိုသွားရမှာ၊ ဒါကသူတ္တန်နည်း၊ ခင်ဗျားတို့က သမုဒယသစ္စာကို တဏှာကိုသာယူထားတယ် .... (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခင်ရာမင်ရာမရှိဘဲနဲ့ တဏှာပေါ်ပါ့မလား .... (မပေါ်ပါဘုရား)ဒါဖြင့် ခင်ရာမင်ရာက....(သမုဒယသစ္စာပါ) တဏှာက.... (ဒုက္ခသစ္စာပါ) သိတဲ့ဉာဏ်ကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ခင်ရာမင်ရာ ဆုံးအောင်လိုက်မယ်ဆိုယင် ဘာဖြစ်သွားမယ် ထင်သတုံး....(နိရောဓသစ္စာပါ) အကုန်နိဗ္ဗာန်ရောက်တဲ့တရား ချည့်ဘဲ....(မှန်ပါ!) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်ရောက်တဲ့ တရားတွေဟာ ဒီဟာရှုလဲနိဗ္ဗာန်ရောက်မှာဘဲ....(မှန်ပါ့) ဒါကိုရှုလဲ....(ရောက်ပါတယ်) ဒီကဟာရှုကော (ရောက်ပါတယ်) သြော် .... နိဗ္ဗာန်ရောက်တရားတွေ ပုံနေပါလျက်သားနဲ့ ဒီထဲမှာ ဘယ်ဟာများလုပ်ရပါ့မတုံး၊ ကျုပ်ဖြင့် နိဗ္ဗာန်ရောက်တရားမတွေ့သေးပါဘူးဆိုယင်ဖြင့် ပုတီးကိုလည်ပင်းစွပ်ပြီးရှာတာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

ပုတီးလည်ပင်းစွပ်ပြီး သကာလ ဘေးမှာ ရှောက်ရှာတယ်၊ ဘေးမှာရှောက်ရှာတော့ရှာလေဝေးလေဘဲ ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီ နိဗ္ဗာန်ရောက် တရားဟာ ဘယ်များရှိပါလိမ့်မတုံး ....၊ ကျုပ်ဖြင့် အခုရောက်ယင် အခုလိုချင်တယ်တဲ့၊ နိဗ္ဗာန်ရောက် တရားတွေက ခန္ဓာယင်လဲ ပြုံးပါလိမ့်မယ်၊ တဏှာယင်လဲ.... (ပြုံးပါလိမ့်မယ်) ဘာဖြစ်လို့ပြုံးတာတုံးဆိုတော့ မသိတဲ့ အတွက် ဟိုကနေပြီးသကာလ ပြုံးမှာဘဲ....(မှန်ပါ့)။

နိဗ္ဗာန်ရောက်တရားက ပြုံးတတ်မယ်ဆိုယင် ပြုံးမှာဘဲ .... (မှန်ပါ့) နိဗ္ဗာန်ရောက်တရားဆိုတာက တဏှာကုန်ဖြစ်ပျက်ရှုလဲ နိဗ္ဗာန်ရောက်တာဘဲ....(မှန်ပါ့) ခန္ဓာဖြစ်ပျက်ရှုကော....(နိဗ္ဗာန်ရောက်မှာပါ) အာယတနသီ ဖြစ်ပျက်ရှုကော....(နိဗ္ဗာန်ရောက်မှာပါဘုရား) ဆုံးအောင်ရှုယင် အကုန်ရောက်မှာ ချည့်ဘဲ .... (မှန်ပါ့) ဦးခင်မောင် မရောက်တာပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ကျုပ်ဖြင့် အသက်လဲကြီးပြီ ဝေဒနာကလဲထူ နိဗ္ဗာန်မှရောက်ပါ့မလား....(မှန်ပါ့) သြော်....

နိဗ္ဗာန်ရောက်တဲ့တရားတွေဘဲ အသက်ကလေကြီးလာတော့ ဇရာရှလိုက်ယင် နိဗ္ဗာန်ရောက်တော့မယ်....(မှန်ပါ့) ဝေဒနာကများတယ်ဆို ဝေဒနာရှလိုက်ယင် နိဗ္ဗာန်ရောက်မှာဘဲ၊ အဲဒါကို သူကညည်းလုံးများ ထုတ်နေသေးတယ်....(မှန်ပါ့ဘုရား)။

အသက်ကလေကြီးပြန်၊ ဝေဒနာကလဲ ထူပြန်၊ ဒီဘဝ ဒီမျှထင်ပါရဲ့....တဲ့၊ လျှော့များပစ်လိုက်တယ်....(မှန်ပါ့) ဖြစ်မှဖြစ်ရလေဗျာ... တရားတွေ့ပြီးတော့ ဘာဖြစ်နေတာတုံး .... (တွန့်နေပါတယ်ဘုရား)။

တွေ့နေတယ်လို့ သူက စိတ်ထဲမှာထင်ရဲလား .... (မထင်ပါဘုရား) သူညည်းပုံကြည့်လေ.... အသက်ကလဲ ကြီးပြန်ဆိုတော့ အသက်ကြီးလို့ရှိယင် ဝမ်းထဲက တေဇောရှလိုက်လို့ရှိယင် မရဘူးလား၊ ရမလား....(ရမှာပါဘုရား)။

အဲဒီတော့ သူ-စိတ်ကူးတာကို အသက်သာ ကြီးတယ်ဆိုတယ်၊ ကြီးနေတယ်လို့သာ သိတယ်၊ ဘယ်သူ့ကြောင့် ကြီးတယ်လို့ မသိတော့ မရှုတတ်ဘူးပေါ့ဗျာ....(မှန်ပါ့)။

အခုတော့ တေဇောကြောင့်ရင့်ကျက်ရတယ်ဆိုတာသိတော့ ခန္ဓာကိုယ်ထဲက တေဇောခတ် ရှုနေလိုက်လို့ရှိယင်ဖြင့် ဦးဘအုန်း- နိဗ္ဗာန်မရောက်ဘူးလား၊ ရောက်မလား....(ရောက်ပါမယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား) တေဇောသိမ်းယင် ကမ္ဘာကြီးပါ သိမ်းတာဗျ... (မှန်ပါ့)။

ဝေဒနာကလဲ ထူနေတယ်၊ ဒါကြောင့် ဒီဘဝ ဒီမျှ-ထင်ပါရဲ့လို့ ဦးခင်မောင်-ခင်ဗျားတို့ ညည်းချင် ညည်းမယ်....(မှန်ပါ့) သစ္စာမသိယင် ညည်းကြမယ်....(ညည်းပါမယ်ဘုရား)။

အသက်ကလဲ ကြီးပြန်၊ ဝေဒနာကလဲ ပေါ်ပြန်၊ အခုမှလဲ တရားတွေ့တော့ မရပါဘူး ကျုပ်တို့တော့....(မှန်ပါ့) တချို့ တကာတကာမတွေ့ တခါတဲ့ည်း ဗိုင်းဗိုင်းလဲ နောက်ထိုင်လိုက်တယ်၊ အတော်ရှောင်နေတယ်၊ မရှောင်ဘူးလား....(ရှောင်ပါတယ် ဘုရား)။

သူပြောတာက သူ့ထဲမှာ အသက်ကလဲ ကြီးပြန် ဆိုတော့ ဇရာကို သူသိနေတာဘဲ၊ ဇရာကို သူသိနေတော့ ဇရာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်နိုင်ပါလျက်သားနဲ့ တကာတကာမတွေက ဒါက မဂ္ဂသစ္စာလို့လဲ မသိလိုက်ဘူး၊ မဂ္ဂသစ္စာသဘောရောက်အောင်လဲ မရှုဘူး....(မှန်ပါ့)။

အဲဒါကြောင့် ဦးခင်မောင်- သူ့ညည်းလုံးသည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် ရနိုင်တဲ့ပစ္စည်း မြင်ပြီးသကာလ မလိုချင် ညည်းလုံးဖြစ်နေတယ်....(မှန်ပါ့) ဘယ်လောက် ဆိုးဝါးသွားသတုံး....(ဆိုးဝါးပါတယ်ဘုရား)။

သူညည်းပုံကလေး ဦးခင်မောင်တို့ ခင်ဗျားတို့လဲ ညည်းတာ်မှာဘဲ၊ ဘယ့်နယ်ညည်းကြသတုံး....အသက်ကလဲကြီးပြန်၊ ဝေဒနာကလဲ ထူဘယ်၊ ကျုပ်တော့ဖြင့် ရမယ်မထင်ပါဘူး၊ ဂွကျလိုက်တာ၊ တကာ တကာမတွေ့.... အခု ဂွကျလိုက်တာဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အသက်ကြီးယင် အသက်ကြီးတဲ့ဇရာကို ဖြစ်ပျက်ရှု၊ ဒါ.နိဗ္ဗာန်ရသွားတာဘဲ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အနာက များပြန်ယင်ကော.... (အနာကို ဖြစ်ပျက်ရှုပါ) အနာကို ဖြစ်ပျက်ရှုလိုက်လို့ ရှိယင်လဲ ဦးခင်မောင်- ဘာဖြစ်မယ်ထင်သတုံး....(နိဗ္ဗာန်ရပါမယ်) နိဗ္ဗာန်ရနိုင်တဲ့တရား ပေါ်နေတယ် သူ့သန္တာန်မှာ....(မှန်ပါ့) အဲဒါ သူ့-ရနိုင်မှာ မဟုတ်ပါဘူးတဲ့....(မှန်ပါ့) ဂွကျလိုက်တာ-ထီပေါက်နေတာ နံပါတ်မမှတ်မိဘာနဲ့ကို မသိတော့ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း....ဒါဖြင့် နောက်ညည်းတဲ့အထဲမှာ နိဗ္ဗာန်ရောက်တရားပါဝင်နေသေးတယ်လို့ မှတ်ကြ....(မှန်ပါ့) ခင်ဗျားတို့ ဘယ့်နှယ်များ ညည်းကြသတုံး.... အသက်ကလဲကြီးလာပြီ၊ ဝေဒနာကလဲ ထူပြန်ဆိုတော့ ဒါဟာ ရှုစရာတွေပေါ်နေတာ....(မှန်ပါ့ဘုရား)။

အသက်ကြီးတော့ ဇရာကိုရှုဗျ....(မှန်ပါ့) ဇရာဆိုတော့အခုဆရာဘုန်းကြီးကလဲ ဖေါ်ပြောတယ်၊ တဇော်ဆိုတဲ့ ဒီအပူရှိပ်ကလေးတွေ နည်းနည်းပူလိုက်၊ များများပူလိုက်နဲ့ ခဏခဏဖြစ်ပျက်တော့ မတွေ့ရဘူးလားဗျာ....(တွေ့ရပါတယ်ဘုရား)။

သူက နှိပ်စက်နေတဲ့ ပိဋ္ဌနဒ္ဓသဘောကို မရှိဘူးလား....(ရှိပါတယ်ဘုရား) အဲဒီ ပိဋ္ဌနဒ္ဓသဘောကို နှိပ်စက်ပြန်ပြီ၊ နှိပ်စက်ပြန်ပြီလို့သာ ရှုနေပါ၊ ဦးခင်မောင်- မရဘူးလား၊ ရဿလား.... (ရပါတယ်ဘုရား)။

နှိပ်စက်ပြန်ပြီလို့သိတော့ ဒီနှိပ်စက်တာနဲ့ မလိုချင်ဘူးဆိုတဲ့ဉာဏ်မလာဘူးလား....(လာပါတယ်ဘုရား) လာလို့ရှိယင်လဲ နှိပ်စက်တာတွေ အကုန်ချုပ်သွားလို့ရှိယင်လဲ ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား)။

ဒါနဲ့ ကျုပ်က အသက်ကလဲ ကြီးပြန် ဆိုတော့ ခက်ပေါ့၊ မခက်ဘူးလား....(ခက်ပါတယ်ဘုရား) ဒီအထဲမှာ အသက်ကြီးတွေ့ မျှားနေလို့ စောင်းပြောနေတယ်လို့ အောက်မေ့မနေကြပါနဲ့ဦး၊ ဦးဝက ဒီအထဲမှာ အသက်အကြီးဆုံးဖြစ်နေတယ်-(မှန်ပါ့) ဘယ်လိုမှမထင်နဲ့ အသက်ကြီးလေ သူ့ဟာက သစ္စာပေါ်လေ....(မှန်ပါ့) ဝေဒနာထူလေလေ သစ္စာဖေါ်လေလေဘဲ....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒီတော့ ဒီသစ္စာသည် ဝေဒနာကလဲ ဒုက္ခသစ္စာဘဲ-(မှန်ပါ့) အိုတတ်တဲ့ဇရာကလဲ....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဆိုလို့ ရှိယင် ဒုက္ခသစ္စာကို ပရိညေယျနဲ့ ကျုပ်တို့က ပိုင်းခြားနိုင်အောင် မဂ်နဲ့ပိုင်းခြားပါလား၊ မရမည့်တရားလို့ ဆိုလို့ရပါဦးမလား....(ဆိုလို့မရပါဘုရား)။

ဒုက္ခမပိုင်းခြားဘဲနဲ့ နိဗ္ဗာန်ရောက်တဲ့တရားမျှား တွေ့ဘူးရဲ့လား....(မတွေ့ဘူးပါဘုရား) နိဗ္ဗာန်ရောက်တဲ့ ရဟန္တာငံကော....(မတွေ့ဘူးပါဘုရား) ဘာဖြစ်လို့ ညည်းလုံးထုတ်နေဦးမလဲ၊ ဒုက္ခရောက်တဲ့တရားကို ပိုင်ပိုင်နိုင်နိုင်သိအောင် လုပ်နေယင် မပြီးဘူးလား....(ပြီးပါတယ်ဘုရား)။

အခုတော့ ဒုက္ခရောက်တာနဲ့ ကျုပ်တော့ မရတော့ပါဘူးတဲ့ ဂွကျလိုက်တာ၊ ရ-ရမည့်ဥစ္စာ ဘယ်နှယ်ဖြစ်သွားသတုံး၊ ရှောင်တဲ့အဓိပ္ပါယ် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဦးခင်မောင်-မသိတဲ့လူဟာ တော်တော်ခက်ပါလား(ခက်ပါတယ်ဘုရား)။

ခလေးကလေး ရှေကောက်ရသလို ဖြစ်နေတယ်၊ ခလေးကလေးက ရှေကောက်ရတော့ ဦးခင်မောင်- သုံးတတ်ကဲ့လား.... (မသုံးတတ်ပါဘုရား)။

ဒီမှာ တကာတကာမတွေ့ ဘယ်နှယ်ဖြစ်နေသတုံး .... (ရှေကောက်ရသလိုဖြစ်နေပါတယ်) ရှေကောက်ရသလိုဖြစ်နေတော့ သုံးတတ်ကြရဲလား... (မသုံးတတ်ပါဘုရား) သုံးနိုင်မယ်ဆိုယင် ဖြင့် ဒါဟာ အင်မတန် အဘိုးတန်တဲ့ဉာဏ်ဘဲလို့ ဆိုယင်လဲ မလဲဘူးပေါ့....(မလဲပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် အသက်ကြီးလာယင် ဘာလုပ်မလဲ....(ဖြစ်ပျက်ရှုပါမယ်) ကြီးရင့်အောင်လုပ်နေတဲ့ တဇော်ကို ဖြစ်ပျက်ရှုပါ-(မှန်ပါ့) ဝေဒနာထူလာယင်....(ဝေဒနာကို ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အဲဒီဖြစ်ပျက်ဆုံးယင် ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား) ရှုတဲ့ဉာဏ်က....(မဂ်ဉာဏ်ပါ) အဲ....မဂ်ဉာဏ်နဲ့ နိဗ္ဗာန်ပေါ်ဘို့ရာ ခင်ဗျားတို့ကို တရားက ငါ့ကိုရှုပါလို့ ဟေ ပဿီကော၊ ဟေ= လာခဲ့၊ ပဿ=ရှုပါ၊ ကဲ....ပါဠိတော်နဲ့ မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

ဟေကဘာတုံး....(လာလှည့်) ပဿက....(ရှုပါ) လာလှည့်မဆိုနဲ့ ဦးခင်မောင်- ပေါ်လွင်အောင် လာခဲ့ပါလို့ ဆိုပါ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဟေကဘာတုံး....(လာခဲ့ပါ) လာခဲ့...တဲ့၊ ဝေဒနာက လာခဲ့-လာခဲ့လို့ ခေါ်နေတယ်- ခင်ဗျားတို့က ဘာလုပ်ရမလဲ....

(ရှုရပါမယ်) ပဿက ဘာဝံုး....(ရှုရပါမယ်) အဲ....လာခဲ့-ရှုပါလို့ ခေါ်နေတယ်၊ ဒီနေရာရှု, ဒီနေရာရှုလို့ ခေါ်နေတာ၊ မရှုနိုင်ဘူး မင်းနဲ့ငါနဲ့ ရန်ဖြစ်ရလိမ့်မယ်ဆိုယင်တော့ မတတ်နိုင်ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က ရန်ဖြစ်နေတာက များပါတယ်.... (မှန်ပါ့) ဝေဒနာပေါ်ယင် ဘာလုပ်နေကြသတုံး ... (ရန်ဖြစ်နေကြပါတယ်ဘုရား) ရန်ဖြစ်နေကြတယ်၊ ဖြစ်ပျက်ကို မရှုဘူး.... (မှန်ပါ့ဘုရား)။

ဖြစ်မှ ဖြစ်ရပလေတယ်၊ ကြည့်စမ်းပါဦး .... ခြေထောက်ကလေး အနာပေါက် လူလာတိုင်း ထိုးပြနေတာဘဲ....(မှန်ပါ့) အတော်မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ရောက်မည့် တရားကိုပင်လျှင် နိဗ္ဗာန်ရောက်မည့်တရားက ဟေ ပဿီကော= လာခဲ့ရှုပါလို့ ပြောလျက်သားနဲ့ ခင်ဗျားတို့က မရှုချင်ဘူး၊ ဒီဟာကို ကြက်သရေမရှိဘူး၊ ဒီလိုတောင် လုံ့ပ်တတ်ကြတယ်....(မှန်ပါ့)။

ဒီအနာဟာ ကြက်သရေမရှိဘူး....တဲ့၊ နိဗ္ဗာန်ရောက်မည့် တရားက ခေါ်နေတာကိုမသိတော့ ကြက်သရေမရှိဘူးချည့် ထင်နေတယ်....(မှန်ပါ့) ဒါလောက်တောင် အသိခေါင်းပါးနေယင် ဖြင့် နိဗ္ဗာန် ရမှုရပါ့မလား တကာတကာမတို့....(မရပါဘုရား) ဒီကရှေ့ကို ပြောင်းလဲတတ်ပလား .... (ပြောင်းလဲတတ်ပါပြီဘုရား)။

အသက်ကြီးယင်လဲ ဘာရှုကြမယ်....(တေဇောဓာတ်ကို ရှုရပါမယ်) ဝေဒနာများယင်လဲ .... (အနာကို ရှုရပါမယ်ဘုရား)

အဲဒီတော့ ခင်ဗျားတို့ပါးစပ်က ထွက်လာတာဟာ သူတို့က ခေါ်လို့ထွက်တာ....(မှန်ပါ့) အနာကခေါ်လို့ အနာရှိမှန်း သိတာမဟုတ်လား....(မှန်ပါ့)

အိုတာက ခေါ်လို့အိုတာ သိတဲ့ဉာဏ် မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား) အဲဒီတော့ ငါ့ကိုရှုပါ။ ငါ့ကိုရှုပါဆိုလျက်သားနဲ့ ခင်ဗျားတို့က သူနဲ့သွား-သွားပြီးရန်ဖြစ်တာက သစ္စာမသိလို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သစ္စာသိတော့ နိဗ္ဗာန်ရတယ်....(မှန်ပါ့) သစ္စာမသိတော့ ရန်ဖြစ်တော့ ဒေါသ, သောက, ပရိဒေဝ, စသည်ဖြစ်ပြီး အပါယ်ရောက်သွားနိုင်တယ်....(မှန်ပါ့) မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် ဦးခင်မောင်-ဒီကရှေ့ကို မှုပြောင်းတတ်ပလား.... (ပြောင်းတတ်ပါပြီဘုရား) ဘယ်လိုပြောင်းမလဲ.... (မာလဲရှု, မှမာလဲရှုရပါမယ်) သဘောကျပလား....(ကျပါပြီဘုရား)။

တကာတကာမတို့ အို,နာ,သေကို ခင်ဗျားတို့ အဖေါ်မလုပ်ရအောင်လို့ ဒီဥစ္စာ အိုရမှာမျှား ကြောက်လိုက်တာ၊ ကြောက်သာကြောက်နေတယ်၊ အတွင်းရောက်နေပြီ.... (မှန်ပါ့ဘုရား) ကြောက်တော့ ကြောက်နေတာဘဲ၊ အတွင်းရောက်ပလား.... (ရောက်ပါပြီဘုရား)။

နာရမှာလဲ ကြောက်တယ်....တဲ့၊ နာရမှာကြောက်လို့ရှိယင်လဲ ခင်ဗျားတို့ နိဗ္ဗာန်ရောက်အောင် လုပ်ရမှာဘဲ၊ ခင်ဗျားတို့ ဒီခန္ဓာရှိနေယင်တော့ နာမှာဘဲ....(မှန်ပါ့) သေရမှာ ကြောက်

ဟယ်ဆိုယင်ကော....(သေမှာပါဘဲ) သေတတ်တဲ့တရားဟာ ဝမ်းထဲမှာရှိနေတာဘဲ၊ သေတတ်တဲ့တရားတွေက ခန္ဓာကိုယ်ထဲမှာ ရှိနေတာ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တွေက သူသတ်ယောကျ်ားတွေလို. ဘုရားက မဟောဘူးလား....(ဟောပါတယ်ဘုရား)။

အဲဒီတော့ သေတတ်တဲ့တရားတွေ ရှိနေတော့ သေရမှာ ကြောက်နေပေမဲ့ သူတို့သတ်တာနဲ့ သေရမှာဘဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ နောက်ဆုတ် တွေးကြဦးစို့၊ ဇရာ မရဏ ဘယ်ကလာသတုံး .... (ခန္ဓာငါးပါးက လာပါတယ်) ဒီခန္ဓာငါးပါးက ဘယ်ကလာသတုံး....(တဏှာက လာပါတယ်) တဏှာက ဘယ်ကလာသတုံး....(အာယတန ၁၂-ပါးက လာပါတယ်) မြန်မာလို ရှင်းအောင်ပြောလိုက်တော့.... (ခင်ရာ မင်ရာက လာပါတယ်) ခင်စရာ မင်စရာက လာတာသဘော့ကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့က ခင်စရာ မင်စရာမရှိယင် ဒီအရပ် မပျော်ကြဘူးပြောတယ်....(မှန်ပါ့) အယင်တုန်းက ဒီနေရာကွာ .... သားနဲ့သမီးနဲ့ နေခဲ့တာ အခုတော့ ချောက်တောက်ကြီး ပျင်းစရာကြီးတဲ့၊ သားသမီးတွေက ခဲကုန်လို. ရှိယင်....(မှန်ပါ့)။

ဘာဖြစ်လို. တုံး....(ခင်စရာ မင်စရာ မရှိလို့ပါဘုရား) ဒါဖြင့် တဏှာမဖြစ်ရလို. ပေါ့ဗျာ....(မှန်ပါ့) တဏှာဖြစ်ရယင်လဲ ခန္ဓာဖြစ်ဦးမှာဘဲ၊ ခန္ဓာဖြစ်ယင်လဲ အို,နာ,သေ,ကိုယ်ပိုင်ရဦးမှာဘဲ.... (မှန်ပါ့)။

ကဲ.... ဒီတော့ ခင်ဗျားတို့ကလဲ ခင်စရာ မင်စရာမရှိယင် ခင်ဗျားတို့က နေလို့ဖြစ်ကြရဲ့လား....(မဖြစ်ပါဘုရား) မဖြစ်ဘူး....တဲ့၊ ခင်စရာ မင်စရာ မရှိလို့ ရှိယင်ဖြင့် ကျုပ်စိတ်ထဲ ဘယ့်နှယ်ဖြစ်နေတယ် မပြောတတ်ပါဘူး....တဲ့၊ ဘာဖြစ်နေတာတုံး....(ခင်စရာ မင်စရာ မရှိလို့ပါဘုရား) ခင်စရာ မင်စရာ မရှိတော့ ခင်တဲ့တဏှာက ရှိသေးရဲ့လား....(မရှိပါဘုရား)။

ခင်တဲ့တဏှာမဖြစ်ရတော့ သူ့မှာ ဘာဝင်လာသတုံးဆိုတော့ ပျင်းတတ်တဲ့ ကောသဇ္ဇဆိုတဲ့ ဒေါမနဿ အနုစားဝင်လာတယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒေါမနဿ ဝင်လာတဲ့အခါကျလို့ ရှိယင်ဖြင့် တကာတကာမတို့ ဒီဒေါမနဿက ပဋိစ္စသမုပ္ပါဒ် မစ့သေးဘူးလား....(စ့ပါတယ်ဘုရား) ဒါဖြင့် ပျင်းတဲ့ပုဂ္ဂိုလ်ဟာ ပျင်းခြင်းကြောင့် ဦးဘတင်-အပါယ်သွားရတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း-ဒါဖြင့် တကာတကာမတို့ အလုပ်ကို စ့ကြစို့ဆိုတော့-(မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အခုလေးမျိုး ပြထားတာ တကာတကာမတို့ ရှင်းကြပလား....(ရှင်းပါပြီဘုရား) ဒီလေးမျိုးဟာ သူ့အကြောင်း အကျိုး ဆက်တက်ကြပလား....(ဆက်တက်ပါပြီဘုရား)။

ဇရာ, ဗျာဓိ, မရဏ ဘယ်ကလာသတုံး.... (ခန္ဓာငါးပါးကလာပါတယ်) ခန္ဓာငါးပါး ဘယ်ကလာသတုံး....(တဏှာကလာပါတယ်) တဏှာ ဘယ်ကလာသတုံး....(ခင်ရာ မင်ရာက လာပါတယ်ဘုရား) ခင်ရာ မင်ရာ အာယတနကလာတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ကျုပ်တို့ ဒီအို့, နာ, သေကြီးဟာ တဘဝမှာလဲ ကျုပ်တို့ ဒါနဲ့တွေ့ကြရတယ်၊ နောက် ဘဝကျတော့ကော....(ဒါနဲ့တွေ့ကြရပါတယ်) ဘဝတိုင်း ကျုပ်တို့သည် ဒါနဲ့အသက်ထွက်ခဲ့ရတယ်....(မှန်ပါ့) မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဩော် .... ဘယ်နှယ်ကြောင့် ဘဝများစုဘာ သံသရာမှာ အို့, နာ, သေတွေနဲ့ချည့် ဇာတ်သိမ်းခဲ့ရပါလိမ့်မလဲ....လို့ မေးတော့ ခင်ရာမင်ရာကို ကျုပ်တို့ ဘယ်အခါကာလမှ ခင်စရာ မင်စရာ မဟုတ်လို့ မတွေ့ခဲ့ကြဘူးလို့ ဒီကျုအောင် လမ်းဆုံး-ဆုံးသွားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ-ကြပ်ကြပ်စည်းစားပါ၊ တရားသားကို ဟောတော့မလို့....(မှန်ပါ့) တရားသား ဟောတော့မလို့ တကာတကာမတွေ ကြပ်ကြပ်စည်းစားပါ၊ ဘဝများစုဘာ သံသရာက လွှန်ခဲ့တဲ့ ဘဝကလဲ ကျုပ်တို့ အို့,နာ,သေမှာ ဇာတ်သိမ်းခဲ့တယ်၊ ဒီဘဝမှာလဲ ဘယ်မှာဇာတ်သိမ်းမယ်ထင်သတုံး....(အို့,နာ,သေမှာ ဇာတ်သိမ်းပါမယ်ဘုရား) နောက်ဘဝမှာလဲ သစ္စာမမြင်သေးယင်....(အို့, နာ,သေမှာဘဲ ဇာတ်သိမ်းမှာပါ) သုံးချက် ဘုရားကဟောတယ် (မှန်ပါ့)။

သတ္တဝါတွေ အို့,နာ,သေချည့် အဖေါ်လုပ်ပြီးသကာလနေ တာဟာ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးလို့ မေးတဲ့အခါ ဘယ်လို စဉ်းစားဆင်ခြင်သလဲဆိုတော့ စဉ်းစားပုံတော့ဖြင့် ဦးဘအုန်း-ပေါ်ပြီဗျ....(ပေါ်ပါပြီဘုရား)။

အို့,နာ,သေ ဘယ်ကလာ....(ခန္ဓာက လာပါတယ်ဘုရား) ခန္ဓာငါးပါး ဘယ်ကလာ.... (တဏှာက လာပါတယ်ဘုရား) တဏှာ ဘယ်ကလာပါလိမ့် .... (ခင်ရာ မင်ရာက လာပါတယ် ဘုရား)။

ဩော်....ဒါဖြင့် ခင်ရာ မင်ရာဆိုတဲ့ဥစ္စာ ခင်ဗျားတို့၏ခန္ဓာဆို ဟုတ်တာဘဲ၊ သား:သမီးခန္ဓာဆိုယင်လဲ....(ဟုတ်ပါတယ်ဘုရား) ဟုတ်တာဘဲဆိုတော့ တကာတကာမတို့ ဘုရားပဋ္ဌာန်လာတာသည် ဘယ်အကျိုးဌာ ပဋ္ဌာန်လာသတုံးဆိုတော့ သတ္တဝါတွေ ကြည့်ရတဲ့ အခါမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားဖြစ်တဲ့အခါ မှာ တယောက်ကြည့်လိုက်ပြန်လဲ အို့, နာ, သေက ပါနေလို့ အန္တရာယ်ကင်းလို့ ဘေးရှင်းတာမပါ....(မှန်ပါ့)။

ဟိုဘက်တယောက် ကြည့်လိုက်ပြန်လဲ အို့,နာ,သေကြီးအပြည့် အစုံက ပါလာတယ်....(မှန်ပါ့) အန္တရာယ်ကင်းလို့ ဘေးရှင်း တာ မြင်ရဲလား....(မမြင်ပါဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ကို ကြည့်ရတာ ဘုရားမှာ သိပ်ပင်ပမ်း သနားတော်မူတာဘဲ....(မှန်ပါ့) ခင်ဗျားတို့ကတော့ ဖီးလိမ်း ကြွားဝါနေလို့ ကိုယ့်ကိုယ်တော့ ဟုတ်နေတာပေါ့ဗျာ....(မှန်ပါ့ ဘုရား)။

ဘုရားညာဏ်တော်ကြီးနဲ့ အမြင်ကျယ်ကျယ်နဲ့ကြည့်လိုက်တော့ ဒီအခုဟာက အရှုးပြုံး-ပြုံးနေတာကိုး....(မှန်ပါ့) အို့, နာ, သေ တွေက ဆိုက်နေတာ....(မှန်ပါ့) အို့,နာ,သေတွေက ခန္ဓာကြီးက ဆိုက်မနေဘူးလား....(ဆိုက်နေပါတယ်ဘုရား)။

အဲဒီတော့ ဘုရားကတော့ဖြင့် သနားတော်မူလိုက်တာ၊ ခင်ဗျားတို့ကတော့ ပြုံးများနေလိုက်သေးတယ်၊ အို့, နာ, သေ လက်ရှိနဲ့....(မှန်ပါ့)။

ဦးခင်မောင်တို့က ဘယ်လိုများ နေသတုံး.... (ပြုံးများ နေ လိုက်ပါသေးတယ်) အို့, နာ, သေလက်ရှိနဲ့ ပြုံးများနေလိုက် သေးတယ်.... (မှန်ပါ့) သူများသာဖြစ်တယ်၊ ငါမဖြစ်ဘူး၊ သဘောကျပလား....(ကျပါပြီဘုရား)။

သူများမသာပို့ပြီး ပြုံးပြီးတော့ ကိုယ်ကပြန်လာသေးတယ်၊ ဒို့ကတော့ နေနိုင်ပါသေးတယ်၊ မလာဘူးလား....(လာပါတယ် ဘုရား)။

ကဲ....တကာတကာမတို့ ဘုရားက ဒီလိုပြုံးနေတဲ့ ပုဂ္ဂိုလ်များ သြော်.... အရူးပြုံးဘဲ၊ ဦးခင်မောင်-လွဲမလား၊ မလွဲဘူးလား.... (လွဲပါတယ်ဘုရား)။

သူ့မှာ အို့,နာ,သေ ပါမပါ....(ပါ-ပါတယ်ဘုရား) ပါနေ လျက်နဲ့ သူကပြုံးနေတာ ဘာဖြစ်နေတာတုံး .... (အရူးပြုံးပါ ဘုရား)။

အရူးပြုံးက အန္တရာယ်ကင်းလို့ ဘေးကင်းလို့ ပြုံးတာလား (မဟုတ်ပါဘုရား) ရူးလို့ပြုံးတာ....(မှန်ပါ့) ဘယ်လို ရူးတာ တုံးဆိုတော့ မောဟမှတ်ကာ....တဲ့၊ အဝိဇ္ဇာရူး-ရူးနေတာ (မှန်ပါ့ ဘုရား)။

ဘာရူးတဲ့တုံး.... (မောဟမှတ်ကပါ) မောဟမှတ်ကဆိုတာ အဝိဇ္ဇာရူး၊ မသိရူး-ရူးနေတာ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) မသိရူးက ဘာမသိတာတုံးဆိုတော့ သစ္စာလေးပါးမသိတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မသိတာက ဘာမသိတာတုံး....(သစ္စာလေးပါးမသိတာပါ) ဩော်....သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ သားကလေး လူလား မြောက်လာလို့. သမီးကလေး လူလားမြောက်လာလို့. ဒိုးတူ ဘောင်ဖက်ကလေးရှိလာလို့. ကူညီဖေါ်ကလေးရလာလို့. အား ထားဘို့ရာကလေး အကြောင်းကလေး ပေါ်လာလို့. ပြုံးများ နေလိုက်သေးတယ် အမေမိဘတွေက ဟင်....(မှန်ပါ့ဘုရား)။

အို့,နာ့,သေတော့ လှည့်မကြည့်ဘူး.... (မှန်ပါ့) ဘုရားဉာဏ် တော်ကြီးနဲ့ ကြည့်တော့ တော်တော်ရှုးသေးတယ်ဟေ့....၊ မဆို ထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဘာဖြစ်လို့. ပြုံးနေသတုံးဆိုတော့ မသိပြုံး-ပြုံးတာ .... (မှန်ပါ့) မသိတာက ဘာမသိတာတုံး .... (သစ္စာလေးပါးမသိ တာပါ) သစ္စာလေးပါးမှသိယင် အဝိဇ္ဇာမဟုတ်လား....(မှန်ပါ့ ဘုရား)။

ဒါဖြင့် ဦးဘအုန်း ဒီအပြုံး သည်ကားလို့. ဆိုလို့.ရှိယင် အကောင်းပြုံးလို့. ဘယ်နည်းနဲ့မှ ဆိုလို့.မရဘူး.... (မရပါ) ရနိုင်ကြပါ့မလား....(မရနိုင်ပါဘုရား)။

တကာတကာမတို့ ဘာအပြုံးတုံး....(အရှုးပြုံးပါဘုရား) အဲဒီတော့ ခင်ဗျားတို့ကလဲ ခက်လိုက်တဲ့ဖြစ်ခြင်း လက်တို့ပြီး တယောက်နဲ့တယောက်များ ပြုံးများနေလိုက်တဲ့အခါ ကြည့် လိုက်တော့ ဘုရားက သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တော့ ဩော် .... ရှုးတာ အဖေါ်ညီများ ပြုံးနေလိုက်သေးတယ် .... (မှန်ပါ့) ဆိုနိုင်-မဆိုနိုင်....(ဆိုနိုင်ပါတယ်ဘုရား) ခင်ဗျားတို့ လက်တို့ပြီး ပြုံးများမနေကြနဲ့ဦး၊ ကိုယ်သဘောကျတာကလေး တွေ့ တွေ့တွေ့နေလို့....(မှန်ပါ့ဘုရား)။

သားကလေး လူလားမြောက်လို့ သမီးကလေး အကြောင်းညီညွတ်လို့ ရောဂါဝေဒနာ တအိမ်လုံးကင်းပြီး စီးပွားရေးကလေးက ဖြောင့်နေလို့ ပြုံးများမနေနဲ့ အို့နာ့သေကို ပွေ့ထားရတာ....(မှန်ပါ့ဘုရား)။

အို့နာ့သေက ဘချက်ဖေါက်ယင် ဘယ့်နှယ်နေသတုံး ....(သေမှာပါ) တချက်ဖေါက်ယင် ဗိုင်းဗိုင်းလဲတာပေါ့ တကာတကာမတို့....(မှန်ပါ့) ဘာမသိလို့ ဒါလောက်ပြုံးနေတာတုံး(သစ္စာမသိလို့ပါဘုရား)။

သစ္စာမသိတာက ဘယ်သူတုံး....(အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာရူးရူးတယ်ဆိုတော့ မောဟမူတ္တကဆိုတာ မကိုက်သေးဘူးလား....(ကိုက်ပါတယ်) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့်တကဲတကာမတို့ပြုံးချိန်မရောက်သေးပါဘူး၊ ယခုအချိန်မှာ မျက်နှာမှန်မှန်ထားပြီးသကာလ လှတ်ရေး ကျွတ်ရေးကြိုးစားတဲ့စိတ်ထား လှတ်ရေး ကျွတ်ရေးကြိုးစားတဲ့ မျက်နှာနဲ့နေကြပါ၊ ပြုံးချိန်မရောက်သေးဘူး....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဘယ့်နှယ် မှာသတုံး ဆရာဘုန်းကြီးက.... (ပြုံးချိန်မရောက်သေးပါဘုရား) မျက်နှာတင်းတင်းထားပြီး လှတ်အောင်လုပ်မဟဲ့ဆိုတဲ့စိတ်နဲ့ လုပ်ကြစမ်းပါခင်ဗျားတို့ အရှုးပြုံးတော့မပြုံးပါနဲ့ ရှက်စရာကောင်းလို့.... (မှန်ပါ့) မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား)။

ဦးခင်မောင် ပေါ်ပလားရှုးပုံ....(ပေါ်ပါပြီဘုရား)ပြုံးတိုင်းပြုံးတိုင်းဟာ ကိုယ့်ခန္ဓာကြည့်ပြီးကျန်းမာလို့ပြုံးတာကတမျိုး

ကိုယ့်သား၊သမီးကလေး အကြောင်းညီညွတ်လို့ ပြုံးတာကတမျိုး စီးပွားရေးအကြောင်းညီညွတ်လို့ ပြုံးတာကတမျိုး၊ ပြုံးတာဟူသ၍ဟာ ကိုယ့်သန္တာန်ထဲမှာရှိတဲ့ အို, နာ, သေဆိုတဲ့ ဒုက္ခသစ္စာကြီး ပေ့ါပိုက်ပြီးသကာလ ပြုံးနေတော့ တကာတကာမတို့ ခွေးနာကိုလောက်ကိုက်ရင်း ပြုံးနေတာနဲ့တူနေတယ်- (မှန်ပါ့) နာတော့မနာကြနဲ့ တူတော့တူတယ်....(မှန်ပါ့ဘုရား)။

နာတော့ မနာကြနဲ့လို့ ဖုံးရသေးတယ်၊ တူတာတော့ကန်ဘဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ခွေးနာလောက်ကိုက်ပြုံးဆိုတော့ တကာတကာမတွေဘယ်မှာကောင်းတော့မတုံးဗျ (မှန်ပါ့ဘုရား)။

ကိုင်း....တကာတကာမတို့ ခင်ဗျားတို့ ပြုံးတာဟူသ၍သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် သေသေချာချာလဲ့တယ် .... (လဲ့ပါတယ်ဘုရား) အို,နာ, သေကို တခါတည်းခန္ဓာထဲကြည့်လိုက်ပါ ခန္ဓာပါပျောက်ပြီးသကာလ အို,နာ,သေကိုရှာမတွေ့ဘူး၊ဟာ.... နေရာကျပြီ ဒုက္ခသစ္စာကြီးနဲ့ အိုးစားကဲ့ပြီ....(မှန်ပါ့)။

အဲဒီလို မြင်ပြီးယင်တော့ ဦးခင်မောင် ပြုံးတော့၊ ကွာ.... မင်းနှိပ်နိုင်လှ ဘဝအနည်းငယ်ပေါ့ကွာ.... မင်းကိုနိုင်ပါပြီ၊ ခန္ဓာမာရ်ကို အောင်တော့မည်....(မှန်ပါ့)။

အဲဒီတော့ ပြုံးချိန်ရောက်လို့ ပြုံးတာကတော့ဖြင့် တကာတကာမတို့ နေရာကျတာပေါ့နော်(မှန်ပါ့)ပြုံးချိန်မရောက်ဘဲနဲ့ ပြုံးနေတာကတော့ဖြင့် မသိပြုံးသော်၎င်း ဖြစ်ပါလိမ့်မယ်၊ မသိပြုံးမှတပါးလဲဘာမှမပါပါဘူး....(မပါ-ပါဘုရား)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တယောက်နဲ့တယောက် ပြုံးမယ်ကြံယင် လက်တို့ကြဦး၊ မပြုံးနဲ့ ဆရာဘုန်းကြီး ပြောထားတာ မကြားဘူးလား....လက်တို့ကြဦး....(မှန်ပါ့) ဒီခန္ဓာကိုယ်ကြီးထဲမှာ ဘာရှိသတဲ့တုံး....(အို့နာ့သေရှိပါတယ်ဘုရား)။

အို့နာ့သေရှိတဲ့ ပုဂ္ဂိုလ်ဟာ အို့ နာ့ သေ ပျောက်စဲ့ဆေးကိုသာ ကြိုးစား-စားနေရမှာပြုံးချိန်မဟုတ်သေးဘူး၊ ကိုယ့်ဟာကိုယ်ဆုံးမပါ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူတပါးကိုလဲ လက်တို့ပြီးသကာလ ဉာဏ်ချင်းသဘောချင်းတိုက်ဆိုင်ကြယင် ဆုံးမပေးကြပါ.... (မှန်ပါ့) ဦးခင်မောင်နေတတ်ကြပလား....(နေတတ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ အလုပ်သွားကြစို့ဆိုတော့၊ ဘုရားကကြည့်လိုက်တယ်နော်၊ လူတွေကြည့်လိုတဲ့ပြန်လဲ အို့နာ့သေတွေနဲ့ဘယ်ကမျှား လာပါလိမ့်မတုံး၊ ခင်ရာမင်ရာက လာတာဘဲ၊ ဒါကြောင့် ကိုယ်ပိုင်ရနေကြတာ၊ ဘယ်သူ့ကြည့်လိုက်ကြည့်လိုက် ဒီလိုချည့်ဘဲ....(မှန်ပါ့) သဘောကျပလား ....(ကျပါပြီဘုရား)။

ဘယ်သူ့ကြည့်လိုက် ကြည့်လိုက် ဘာတွေမြင်သတုံး.... (အို့နာ့သေတွေမြင်ပါတယ်) အို့နာ့သေဟာ ဘယ်ကမျှား လာပါလိမ့်မတုံးလို့ ကြည့်လိုက်ပြန်တော့လဲ....(ခင်ရာ မင်ရာက လာပါတယ်ဘုရား)။

သြော်....ဒါဖြင့် ခင်ရာ မင်ရာကိုဖြင့် မသိခင်- ခင်နေတဲ့ဥစ္စာကို သိပ်မုန်းအောင် ကြိုးစားရတော့မယ်ဆိုတာ ပေါ်လာတယ်- (မှန်ပါ့) အဲဒီမှာ တရားဟောချင်တဲ့စိတ် ပေါ်လာတယ်....(မှန်ပါ့)။

မသိလို့ ခင်နေတဲ့ဥစ္စာကို တကာတကာမတို့ ခင်ရာ မင်ရာဆိုတာ မသိလို့ခင်တာ....(မှန်ပါ့) ဒီကတဏှာက ဘာတုံး.... (မသိလို့ခင်တာပါဘုရား) မသိလို့ ခင်တာပေါ့ ဦးခင်မောင်၊ တဏှာဆိုတာ အဝိဇ္ဇာက တဲ့လျက်ကြီး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဝိဇ္ဇာနဲ့ တဏှာ ခဲ့လို့ရရဲ့လား....(မရပါဘုရား) မရတော့ မသိလို့ ခင်တဲ့ဥစ္စာကို ခင်ခြင်းကြောင့် တကာ တကာမတို့ ဒီတဏှာရတယ်၊ ဒီတဏှာရလို့ ဒီခန္ဓာရတယ်....(မှန်ပါ့) ဒီခန္ဓာရလို့ အို,နာ,သေကြီးနဲ့ အိုးစားမကဲ့ဘဲ အတူတက္ခ နေကြရတယ် ဆိုတဲ့ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ကိုင်း....တကာတကာမတို့ ဘုရားမြင်တော်မူပုံ ဘယ်လောက် ရှင်းတယ်ဆိုဘာ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား) ဒါဖြင့် အို,နာ,သေ၏ လက်သည်အစ ခင်ရာ- မင်ရာကသာ မှတ်လိုက်ပါတော့....(မှန်ပါ့) ဦးခင်မောင်- တရားကွက်တော့ ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

ဒါ-သမ္မသနသုတ်....တဲ့၊အကြောင်း ပြန်သုံးသပ်လိုက်တော့မှ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ယနေ့တော့ဖြင့် မင်းတို့ကို အကြောင်းဖြတ်ပေးမယ်ဆိုတဲ့အဓိပ္ပါယ်ဟာဖြင့် ရှင်းပြီ တကာတကာမတို့... (မှန်ပါ့)။

ဟောဒီအကြောင်းသာ တကာတကာမတို့ ခင်ရာ မင်ရာကို မုန်းရာသာ ဖြစ်လိုက်မယ်ဆိုလို့ရှိယင် ဦးဘတင်- ကျေနပ်စရာကောင်းပြီ... (မှန်ပါ့)။

ခင်ရာ- မင်ရာကို မုန်းတတ်တဲ့ဉာဏ်သာ လာပေစေဗျ....။ သဘောကျပလား....(ကျပါပြီဘုရား) ခင်ရာ မင်ရာကို မုန်းစရာဖြစ်သွားတဲ့အခါကျတော့ မုန်းတဲ့ဉာဏ် ဒီမှာ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဉာဏ်လာသောကြောင့် တကာတကာမတို့ တဏှာနေရာမှာ ဉာဏ်လာသောကြောင့် ဉာဏ်က တဏှာကိုသတ်ပစ်လိုက်တယ်.... (မှန်ပါ့) တဏှာသတ်ပစ်လိုက်တော့ ဒီခန္ဓာလာဦးမလား.... (မလာပါဘုရား) ဒီခန္ဓာမှ မလာဘဲနဲ့ အို,နာ,သေ လာဦးမလား (မလာပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီနှစ်ခု ကြောက်ဘို့အရေးကြီးတယ်....(မှန်ပါ့) ခင်ရာ မင်ရာကလဲ မုန်းစရာဖြစ်ဘို့....(မှန်ပါ့) ခင်တာ မင်တာကလဲ တကာတကာမတို့ ခင်စရာမင်စရာ မဟုတ်ဘူးလို့ အမှန်သိဘို့ အရေးမကြီးဘူးလား .... (ကြီးပါတယ်ဘုရား)။

ဒါက မုန်းစရာဖြစ်ဘို့၊ ဒါက အမှန်သိဘို့ ...(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါက ဘာတုံး....(မုန်းစရာဖြစ်ဘို့ပါ) မုန်းစရာ မလို့ချင်စရာဖြစ်ဘို့၊ ဒါက ဘာတုံး... (အမှန်သိဘို့ပါ) မုန်းစရာ မလို့ချင်စရာကို အမှန်သိဘို့....(မှန်ပါ့) ဒီနှစ်ခုကို ပြင်လိုက်လို့ရှိယင် ဒီဘက်ကပြီးတယ်....(မှန်ပါ့) မပြီးသေးဘူးလား....ပြီးပါတယ်ဘုရား)။

လေးခုရှိတဲ့အနက်က ကျုပ်တို့ ဘာပြင်ရမလဲ....(နှစ်ခု ပြင်ရပါမယ်) အဲ....၁-နံပါတ်နဲ့ ၂-နံပါတ်ကို ပြင်လိုက်လို့ရှိယင်ဖြင့် ၃- ၄- အလိုလိုပြုတ်တယ်....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘာပြင်ရမှာပါလိမ့်.... (၁-နဲ့ ၂-ကို ပြင်ရမှာပါ) ၁-နဲ့ ၂-ကို ပြင်လိုက်လို့ရှိယင်ဖြင့် ၃-နဲ့ ၄-ဟာ ပြင်စရာလိုသေးသလား....(မလိုပါဘုရား)။

ဒါဖြင့် အိုရမှာလဲ မကြောက်ပါနဲ့၊ နာရမှာလဲ မကြောက်ပါနဲ့၊ သေရမှာလဲ မကြောက်ပါနဲ့၊ ခင်တာ မင်တာကိုကြောက်ပါ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

သြော် .... ဒီဆေးဟာ အသောက်အခက်ဆုံးဘဲလို့ တော့ မပြောနဲ့နော်.... (မှန်ပါ့) ဒီဆေးအသောက်အခက်ဆုံးဘဲလို့ ဦးခင်မောင်တို့က ထင်ချင်ထင်ကြမယ်....(မှန်ပါ့) ဘာဖြစ်လို့တုံး-ဆိုတော့ ကိုယ်က တသံသရာလုံး လာခဲ့ဘာက ဟိုဘဝမှာလဲ သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့ နေခဲ့တယ်၊ ခင်တဲ့ဥစ္စာ ဝ,ပြီး ကျေနပ်ပြီး သေခဲ့ရတဲ့မသာဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)

အဲဒီလို ဝ,ပြီး သေခဲ့ရတဲ့မသာကို မဖြစ်ဘူး၊ ခင်လျက်တန်းလန်း၊ မင်လျက်တန်းလန်းနဲ့ဘဲ ခေါင်းထဲဝင်ခဲ့ကြရတယ်.... (မှန်ပါ့)။

အဲဒီတော့ ဒီမသာတွေကို တကာတကာမတွေက စဉ်းစားကြည့်ပါ၊ ဘဝများစွာက သား-နဲ့၊သမီး-နဲ့၊ဆွေ-နဲ့၊မျိုး-နဲ့၊ နောက်ဘဝက ခင်လုံးမင်လုံးတွေ အကုန်-ကုန်ပြီးသကာလ သေလာတဲ့မသာများ ဖြစ်နိုင်ကြပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်ဟာ ခင်လျက်တန်းလန်း မင်လျက်တန်းလန်းနဲ့ သေသွားတယ်လို့ ဆိုယင်ကော....(မလွဲပါဘုရား)။

ဒီတော့ ဒီဘဝမှာ ဒါမျိုးတွေမယ်ဆိုတော့ သူဟာ နဂိုရှိ

ကလဲ ငတ်လာခဲ့ပြန်တယ်၊ ဒီဘဝတွေ့ပြန်တော့လဲ ဒီအာရုံတွေကို သူသည် ခင်မိမယ်, မင်မိမယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဩော်....ခက်ပြီ-ခက်ပြီ- တကာတကာမတို့ ဒါဖြင့် နောက်ကလဲ ငတ်လာခဲ့ပြန်တယ်၊ ဒီဘဝ တွေ့ပြန်တော့လဲ အငတ်သဘောအတိုင်းဘဲ တွေ့ရာကို ခင်ချင် မင်ချင်တဲ့စိတ်က လာပြန်တော့ တသံသရာလုံးဟာက အငတ်ကလဲ မပြေခဲ့၊ တွေ့ရာမှာလဲ ဇွတ်အတင်းစွဲပြီးခင်၊ ခင်တာကိုလဲ မဝ,ဘဲနဲ့ သေပွဲဝင်ပြန်တော့ အငတ်ဘေးချည့် သေလာခဲ့တော့ တကာတကာမတို့ ရောက်ရာမှာ တခါတည်း အဆိပ်ချည့် သောက်တော့တာဘဲ .... (မှန်ပါဘုရား)။

ရောက်ရာမှာ ဘာဖြစ်သတုံး .... (အဆိပ် သောက်ပါတယ်ဘုရား) အဆိပ်သောက်တော့ တကာတကာမတို့ ဒီဒုက္ခတွေ့မလာပါနဲ့ဆိုလို.... (မရပါဘုရား) သဘောပါပလား .... (ပါ-ပါပြီဘုရား)။

ဩော်....ဘကာတကာမတို့ နောက်ဘဝ ဘယ်လိုမျှားသွေခဲ့ကြသတုံးလို. ဖြေတတ်ကြပလား....(ဖြေတတ်ပါပြီ) တပည့်တော်တို့ ရှင်မဝ၊ သေမဝ၊ အငတ်ဘဝနဲ့ သေခဲ့ရပါတယ်ဘုရား၊ သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ဘဝက ဘယ်လိုနေခဲ့သတုံး .... (အငတ်ဘဝနဲ့ နေခဲ့ရပါတယ်) ခင်လို.လဲ မဝ,ဘူး၊ ကြင်နာလို.ကော.... (မဝ,ပါဘုရား)။

ဆြော်....မဝ,ဘဲနဲ့သေခဲ့ရတယ်....(မှန်ပါ့) ဒီဘဝလဲ တွေ့တဲ့အာရုံတွေနဲ့ကျတော့ ဘယ်လိုမျှားဖြစ်မယ်ထင်ကြသတုံး၊ တခါတည်း နှားငတ် ရေထဲချဖြစ်မယ်....(မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ....(နှားငတ်ရေချဖြစ်ပါမယ်) နှားငတ်ရေချဖြစ်ပြီးသကာလ တွေ့ရာကို ဇွတ်ခင်ချတာဘဲ....(မှန်ပါ့) ဘာဖြစ်လို့တုန်း နောက်က ငတ်ခဲ့လို့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

သူတို့က ဇွတ်ခင်တော့ ဦးခင်မောင်- ဝ,ပြီးသေမှာလား၊ မဝ,ဘဲနဲ့ သေမှာလား.... (မဝ,ဘဲနဲ့ သေမှာပါဘုရား) နောက် ဘဝ တွေ့ပြန်တော့ကော....(မဝ,ဘဲနဲ့သေမှာပါဘုရား)။

ဒါဖြင့် ခင်စရာ မင်စရာ တကာတကာမတို့ ခင်တတ်တာနဲ့ သေသွားမှာဘဲ၊ သေယင် ခန္ဓာဘဲရမယ်....(မှန်ပါ့) ခန္ဓာရယင် အို,နာ,သေနဲ့ လမ်းဆုံးမယ်....(မှန်ပါ့)။

နောက်တခါ အို, နာ, သေနဲ့ လမ်းဆုံးပြီး ဘဝတခု ရပြန်တော့ အငတ်သေ, သေသွားတဲ့အတွက် ခင်ရာမင်ရာနဲ့ တွေ့ပြန်တော့ ဘာတွေ့ပြန်သတုံး.... (အို, နာ, သေနဲ့ တွေ့ပြန်ပါတယ်ဘုရား)။

ခင်ပြန်လို့ရှိယင် ခင်ခြင်းကြောင့် ခန္ဓာငါးပါး မရဘူးလား (ရပါတယ်ဘုရား) ခန္ဓာငါးပါးရတော့....(အို,နာသေရပါမယ်ဘုရား)။

အို,နာ,သေရတော့ ဒီဘဝလဲ ကကာတကာမတို့ ဝ,ပြီးသေတာလား၊ အငတ်နဲ့သေတာလား.... (အငတ်နဲ့ သေသွားတာပါဘုရား) ဒါဖြင့် ဒုတိယဘဝရောက်ပြန်ပြီ ဦးခင်မောင်....(မှန်ပါ့ဘုရား)။

တွေ့ရာကို ဘာလုပ်ပြန်တယ်.... (ခင်ပါတယ်) ခင်ပြန်ယင် ဘာလာဦးမယ်....(ခန္ဓာငါးပါးလာပါမယ်) ခန္ဓာငါးပါး လာယင် ဘာဖြစ်မယ်....(အို, နာ, သေ လာပါမယ်) ဒါက သံသရာလည်ပုံနည်းတမျိုး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဒီပဋိစ္စသမုပ္ပါဒ်လေးမျိုးနဲ့ လှည့်တယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားသာ မပွင့်တော့ဘူးဆိုယင်ဖြင့် ခင်ဗျားတို့ အငတ်ပြဿနာကို ဖြေရှင်းပေးမည့်ပုဂ္ဂိုလ်တော့ မရှိတော့ပါဘူး....(မရှိပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်စရာ၊ မင်စရာ၊ မုန်းစရာ၊ ရှဲစရာ ဖြစ်မှသာလျှင် နေရာကျတော့မယ်....(မှန်ပါ့) ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာဆိုတာက ဘယ်ကပေါ်တာတုံး ဆိုတာဦးခင်မောင်- လက်သည် အခုမှတွေ့တာ၊ ဩော်.... ဒို့-တသံသရာလုံးက ငတ်ပြီး ရမ်းခင်လာတာတွေ့ဟာ ဘာမှမဟုတ်တာတွေ့ကို ဒို့သည်ကား....လို့ ဆိုယင် အကောင်အထည်လုပ်ပြီးသကာလ ခင်လာခဲ့တဲ့အတွက် တသံသရာလုံးမှာ အို, နာ, သေနဲ့ချည့် ဇာတ်သိမ်းခဲ့ရတာ ဒို့သည်ကား....လို့ဆိုယင်ဖြင့် ခင်စရာ မင်စရာကို မုန်းစရာမလုပ်တဲ့အတွက်ဘဲ....(မှန်ပါ့) စင်စစ်ကတော့ မုန်းစရာ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ခင်စရာ မုန်းစရာဟာ စင်စစ်ကတော့ ဘာတုံး.... (မုန်းစရာ

ပါဘုရား) ကြည့်ပါ၊ အာယတန ၁၂-ပါးသည် သဗ္ဗေ သခ်ါရာ အနိစ္စာထဲက မထွက်ဘူး....(မှန်ပါ့) သဗ္ဗေ သခ်ါရာ ဒုက္ခထဲက ကော....(မထွက်ပါဘုရား)။

အားလုံး သစ္စာဖွဲ့ယင် ဘာသစ္စာဖွဲ့မလဲ-(ဒုက္ခသစ္စာ ဖွဲ့ပါမယ် ဘုရား) ဘယ့်မှာတုံး- ကျုပ်တို့ ခင်စရာ မင်စရာ ဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား)။

အဲဒီ ခင်စရာ မင်စရာ မဟုတ်တာကို ကျုပ်တို့က တဲခါတည်း ခင်စရာ မင်စရာ လုပ်ပြီးသကာလ သမုဒယသစ္စာလာ၊ သမုဒယ သစ္စာလာသောကြောင့် ခန္ဓာငါးပါး၊ ခန္ဓာငါးပါးရလို့ အို, နာ, သေနဲ့ တွေ့ရ၊ သေသွားပြန်တော့လဲ ခင်လျက် မင်လျက် တန်းလန်းနဲ့ အငတ်ကမပြေ၊ မပြေလို့ ရောက်ရာမှာ အာယတန တွေနဲ့ တွေ့ပြန်တော့လဲ ဘာဖြစ်ပြန်သတုံး....(ခင်ပါတယ်) ခင်ပြန်တော့ ဘာရပြန်သလဲ....(ခန္ဓာငါးပါး ရပ့ါတယ်) ခန္ဓာငါးပါး ရပြန်တော့လဲ ဘာဖြစ်ပြန်သလဲ....(အို, နာ, သေ တွေ့ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့သံသရာ၊ ကျုပ်တို့သံသရာ ဘယ် တော့များ ဆုံးစရာမြင်သေးသတုံး....(မမြင်ပါဘုရား) အားကြီး နစ်နာပြီဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်စရာ မင်စရာဟာ မူလအကြောင်းဘဲဆိုတာ ပေါ်လာကြပလား....(ပေါ်လာပါပြီ) ဒါကို ဝိပဿနာရှုမှဘဲ ကိစ္စပြီးတော့တယ်ဆိုတာကော သဘောကျပလား .... (ကျပါပြီဘုရား)။

အဲ .... ဝိပဿနာအစ ခင်စရာ မင်စရာက စ,ပြီး ရှုရမယ်.... (မှန်ပါ့) ခင်ရာ မင်ရာကို ဝိပဿနာ စ,ရလိမ့်မယ်....(မှန်ပါ့) **အဲဒီ**တော့ ခင်စရာ မင်စရာက ဝိပဿနာ စ,ရမယ် ဆိုတော့ **တီ**ကောင်ကို ဆားနဲ့တို့သလိုလဲ ဖြစ်နေမှာ စိုးရသေးတယ်.... (မှန်ပါ့)။

ကိုင်း....တကာတကာမတို့ ဝိပဿနာအစ, ခင်စရာ မင်စရာက (မှန်ပါ့) ခင်စရာ မင်စရာကို စပြီးရှုရမယ်....(မှန်ပါ့) သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ကဲ....နက်ဖြန်မှ စ,ကြစို့။

သာဓု....သာဓု....သာဓု....

ဤတွင် အမှတ်စဉ် (၃၀) ပြီးပါပြီ။

ရန်ဒိုင်သောဌာနများ

★

ဤအဖွဲ့မှ ရိုက်ခိုပ်သော နောက် ထုတ် ၀ေ လတွင် သော စာအုပ်များကို အောက်ဖေါ်ပြပါဌာနများတွင်ရရှိနိုင်ပါသည်။ အဖွဲ့မှ လက်လီ ဗီဗီပီဖြင့် ရပ်၀ေးသို့တင်ပို့ခြင်းမပြုပါ။

ရန်ကုန်မြို့။

(၁) ပညာအလင်းပြစာအုပ်တိုက်၊ ၁၃၀-ဗိုလ်ချုပ်လမ်း။
(၂) ရွှေတိဂုံဘုရား-တောင်ဘက်စောင်းတန်း၊ ဦးချစ်တင် ဆိုင်နှင့် အခြား စာအုပ်ဆိုင်များ။

မန္တလေးမြို့နှင့် အခြားမြို့များ။

(၃) သစ်ဘရားသား၊ အယ်(လ်)ရုံ၊ စျေးချို့တော်။
(၄) အောင်မြန်မာစက္ကူဆိုင်၊ အောက်လိုင်း-စျေးချို့။
(၅) ဦးဘထွေး၊ ဂျစ်ကားတံဆိပ် အထည်တိုက်-မုံရွာမြို့။
(၆) ဦးဘအုန်း-ဒေါ်ကျင်လှမ် (အုန်းဘရားသား) ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၇) အောင်နိုင်းစာပေတိုက်၊ နဝရတ်သိဂိတိုက်၊ ၁၁၅ အခန်းအမှတ် ဘီ-စီ၊ လမ်းမတော်-ပြည်မြို့။
(၈) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း- ဟသ်္သတမြို့။
(၉) ဦးမောင်ရှန်၊ ၁-စကား၀ါလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။
(၁၀) ဦးတင်အောင်-ဒေါ်ခင်ကြည်၊ စျေးအနီး၊ ဆင်ဖြူကျွန်း။

သတိပြုရန်။ အဖွဲ့တည်ရာဌာနဌိလက်လီလက်ကားရနိုင်ပါသည်။